ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌။ အာရဒ္ဓဝီရိယဿ၊ ဖြစ်စေအပ်သော လုံ့လရှိသော။ ဘိက္ခုနော၊ ရဟန်း၏သန္တာန်၌။ နိရာမိသာ၊ သော။ ပီတိ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဘိက္ခုနော၊ ရဟန်းသည်။ ဝါ၊ ၏။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ အာရဒ္ဓေါ၊ ဖြစ်စေအပ်သည်။ ဝါ၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ သည်။ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘိက္ခုနော၊ ရဟန်း၏သန္တာန်၌။ ဘာဝနာပါရိပူရိံ၊ သို့။ ဂစ္ဆတိ၊ ၏။ ပီတိမနဿ၊ နှစ်သက်သောစိတ်ရှိသူ၏။ ဝါ၊ ပီတိနှင့် ယှဉ်သောစိတ်ရှိသူ၏။ ကာယောပိ၊ ကိုယ်သည်လည်း။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌။ ပီတိမနဿ၊ နှစ်သက်သော စိတ်ရှိသော။ ဝါ၊ ပီတိနှင့်ယှဉ်သော စိတ်ရှိသော။ ဘိက္ခုနော၊ ၏။ ကာယောပိ၊ သည်လည်း။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ တသ္မိံ သမယေ၊ ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘိက္ခုနော၊ သည်။ ဝါ၊ ၏။ အာရဒ္ဓေါ၊ ဖြစ်စေအပ်သည်။ ဝါ၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ သည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘိက္ခုနော၊ ရဟန်း၏သန္တာန်၌။ ဘာဝနာပါရိပူရိံ၊ သို့။ ဂစ္ဆတိ၊ ၏။ ပဿဒ္ဓကာယဿ၊ ငြိမ်းအေးစေအပ်ပြီးသော ကိုယ်ရှိသည်ဖြစ်၍။ သုခိနော၊ ချမ်းသာခြင်းရှိသော သူ၏။ စိတ္တံ၊ စိတ်ကို။ သမာဓိယတိ၊ အာရုံ၌ ကောင်းစွာ ထားအပ်၏။ (စိတ်တည်ကြည်၏ ဟူလို။)

ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌။ ပဿဒ္ဓကာယဿ၊ ငြိမ်းအေးစေအပ်ပြီးသော ကိုယ်ရှိသည်ဖြစ်၍။ သုခိနော၊ ချမ်းသာခြင်းရှိသောသူ၏။ စိတ္တံ၊ စိတ်ကို။ သမာဓိယတိ၊ အာရုံ၌ကောင်းစွာ ထားအပ်၏။ (စိတ်တည်ကြည်၏ ဟူလို။) တသ္မိံ သမယေ၊ ၌။ ဘိက္ခုနော၊ သည်။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ အာရဒ္ဓေါ၊ ဖြစ်စေအပ်သည်။ ဝါ၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၌။ ဘိက္ခု၊ သည်။ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘိက္ခုနော၊ ရဟန်း၏သန္တာန်၌။ ဘာဝနာပါရိပူရိံ၊ သို့။ ဂစ္ဆတိ၊ ၏။ သော၊ ထိုရဟန်းသည်။ တထာသမာဟိတံ၊ ထိုအခြင်းအရာအားဖြင့် အာရုံ၌ ကောင်းစွာ ထားအပ်သော။ စိတ္တံ၊ စိတ်ကို။ သာဓုကံ၊ ကောင်းမွန်စွာ။ အဇ္ဈုပေက္ခိတာ၊ လျစ်လျူရှုတတ်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ ရဟန်းသည်။ တထာသမာဟိတံ၊ ထိုအခြင်းအရာအားဖြင့် အာရုံ၌ကောင်းစွာထားအပ်သော။ စိတ္တံ၊ စိတ်ကို။ သာဓုကံ၊ ကောင်းမွန်စွာ။ အဇ္ဈုပေက္ခိတာ၊ လျစ်လျူရှုတတ်သည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဘိက္ခုနော၊ သည်။ ဝါ၊ ၏။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ အာရဒ္ဓေါ၊ ဖြစ်စေအပ်သည်။ ဝါ၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ သည်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘိက္ခုနော၊ ရဟန်း၏သန္တာန်၌။ ဘာဝနာပါရိပူရိံ၊ သို့။ ဂစ္ဆတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သတ္တသု၊ ၇-ပါးကုန်သော။ သမ္ဗောဇ္ဈင်္ဂေသု၊ သမ္ဗောဇ္ဈင်တို့ကို။ ဝေ၊ ဤသို့။ ဘာဝိတေသု ခေါ၊ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဝေ၊ ဤသို့။ ဗဟုလီကတေသု၊ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ သတ္တ၊ ၇-ပါးကုန်သော။ ဖလာ၊ အကျိုးတို့ကို။ သတ္တ၊ ၇-ပါးကုန်သော။ အာနိသံသာ၊ အာနိသင်တို့ကို [၁]။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ကတမေ သတ္တ ဖလာ၊ အဘယ် ၇-ပါးသော အကျိုးတို့နည်း။ ကတမေ သတ္တ အာနိသံသာ၊ အဘယ် ၇-ပါးသော အာနိသင်တို့နည်း။ ဒိဋ္ဌေ၊ မျက်မှောက်တွေ့မြင်အပ်သော။ ဓမ္မေဝ၊ ဥပါဒါနက္ခန္ဓာတရား၌သာလျှင်။ (ဒိဋ္ဌေ ဓမ္မေဝ၊ ဤကိုယ်အဖြစ်၌သာလျှင်—ဟု သော်လည်း အဓိပ္ပါယ်ထွက်ပေး [၂]။) ပဋိကစ္စ၊ ကြိုတင်ပြုလုပ်၍။ (သေခါနီးမရောက်မီ ဟူလို။ ပဋိကစ္စာတိ ပဂေဝ။ ဋီ။) အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ပြီးမြောက်စေ၏။

ဒိဋ္ဌေ၊ မျက်မှောက်တွေ့မြင်အပ်သော။ ဓမ္မေဝ၊ ရုပ်နာမ်တရား၌သာလျှင်။ (ဤဘဝ၌သာလျှင်။) ပဋိကစ္စ၊ ကြိုတင်ပြုလုပ်၍။ အညံ၊ အရဟတ္တဖိုလ်ကို။ နော စေ အာရာဓေတိ၊ အကယ်၍ မပြီးမြောက်စေအံ့။ အထ၊ ထိုသို့မပြီးမြောက်စေသည်ရှိသော်။ မရဏကာလေ၊ သေခါနီးသော အခါ၌။ (မရဏကာလေတိ မရဏကာလသမီပေ။ ဋီ။) အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ၏။

ဒိဋ္ဌေ၊ သော။ ဓမ္မေဝ၊ ၌သာလျှင်။ ပဋိကစ္စ၊ ၍။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ မရဏကာလေ၊ သေခါနီးသောအခါ၌။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ အထ၊ ထိုသို့ မပြီးမြောက်စေသည်ရှိသော်။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက်အဖို့ (ကာမဘုံ)၏ အစီးအပွါးဖြစ်ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခန်းခြင်းကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ (သုဒ္ဓါဝါသဘုံ၌) အသက်တမ်းအလယ် ကြား၌သာလျှင် ကိလေသပရိနိဗ္ဗာန် စံလေ့ရှိသည်။ ဟောတိ၊ ၏။

ဒိဋ္ဌေ၊ သော။ ဓမ္မေဝ၊ ၌သာလျှင်။ ပဋိကစ္စ၊ ၍။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ မရဏကာလေ၊ ၌။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ ပဉ္စန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကုန်းခန်းခြင်းကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အကယ်၍မဖြစ်အံ့။ အထ၊ ထိုသို့မဖြစ်သည်ရှိသော်။ ပဉ္စန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ဥပဟစ္စပရိနိဗ္ဗာယီ၊ သုဒ္ဓါဝါသဘုံ၌ အသက်တမ်းအလယ်ကြားကို ကျော်လွန်၍ ကိလေသပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဝါ၊ (သုဒ္ဓါဝါသဘုံ၌) သေချိန်နီးသို့ ကပ်ရောက်၍ ကိလေသပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ၏။

ဒိဋ္ဌေ၊ သော။ ဓမ္မေဝ၊ ၌သာလျှင်။ ပဋိကစ္စ၊ ၍။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ မရဏကာလေ၊ ၌။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ ပဉ္စန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အံ့။ ပဉ္စန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ဥပဟစ္စပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အံ့။ အထ၊ ထိုသို့မဖြစ်သည်ရှိသော်။

၁။ ဥဘယံပေ့တံ အတ္ထတော ဧကံ။ ဋ္ဌ။ ဥဘယမ္ပေတန္တိ ဖလာနိသံသာတိ ဝုတ္တဒွယံ။ ဋီ။

၂။ ဒိဋ္ဌေဝ ဓမ္မေတိ ဣမသ္မိံယေဝ အတ္တဘာဝေ။ သံ-ဋ္ဌ ၃-၃၆။ ဒိဋ္ဌေတိ ပစ္စက္ခဘူတော၊ ဓမ္မောတိ ဥပါဒါနက္ခန္ဓ-ဓမ္မော။ တတ္ထ ဟိ အတ္တဘာဝတိ ဘာဝတိ-သညာ ဒိဋ္ဌ စာတိ အတ္တဘာဝသညာ။ တေနာဟ "ဒိဋ္ဌေဝ ဓမ္မေတိ ဣမသ္မိံ-ယေဝ အတ္တဘာဝေ"တိ။ သံ-ဋီ ၂-၁၀၁။ ဤ ဋ္ဌ-ဋီနှင့်အညီ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထပေးသည်။

ပဋ္ဌန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အသင်္ခါရပရိနိဗ္ဗာယီ၊ (ဝိပဿနာကို)လွန်မင်းစွာအားထုတ်ခြင်းမရှိသည်ဖြစ်၍ (အထက်မဂ်ကိုရ၍) ကိလေသပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ၏။

ဒိဋ္ဌေဝ၊ သော။ ဓမ္မေ၀၊ ၌သာလျှင်။ ပဋိကစ္စ၊ ၍။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ မရဏကာလေ၊ ၌။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ ပဋ္ဌန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အံ့။ ပဋ္ဌန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ဥပဟစ္စပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အံ့။ ပဋ္ဌန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အသင်္ခါရပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အကယ်၍ မဖြစ်အံ့။ အထ၊ ထိုသို့မဖြစ်သည်ရှိသော်။ ပဋ္ဌန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ သသင်္ခါရပရိနိဗ္ဗာယီ၊ (ဝိပဿနာကို) လွန်မင်းစွာအားထုတ်ခြင်းရှိသည်ဖြစ်၍ (အထက်မဂ်ကိုရ၍) ကိလေသ ပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ၏။

ဒိဋ္ဌေဝ၊ သော။ ဓမ္မေ၀၊ ၌သာလျှင်။ပ။သသင်္ခါရပရိနိဗ္ဗာယီ၊ သည်။ နော စေ ဟောတိ၊ အကယ်၍ မဖြစ်အံ့။ အထ၊ ထိုသို့မဖြစ်သည်ရှိသော်။ ပဋ္ဌန္နံ၊ ကုန်သော။ ဩရမ္ဘာဂိယာနံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ဥဒ္ဓံသောတော၊ အထက် (သုဒ္ဓါဝါသဘုံ) ၌သာလျှင် မဂ်ရေအယဉ်ရှိသည်ဖြစ်၍။ အကနိဋ္ဌဂါမီ၊ (ပဋိသန္ဓေအားဖြင့်) အကနိဋ္ဌဘုံသို့ ရောက်လေ့ရှိသူသည်[၁]။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သတ္တသု၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ တို့ကို။ ဧဝံ၊

၁။ အနာဂါမ် ၅-မျိုး ဝိဂ္ဂဟ။

အန္တရာပရိနိဗ္ဗာယီ=အန္တရာ+သဒ္ဓ ပရိနိဗ္ဗာယတီတိ အန္တရာပရိနိဗ္ဗာယီ။ အန္တရာယေဝ၊ (သုဒ္ဓါဝါသဘုံ၌ဖြစ်၍ ၎င်းသုဒ္ဓါဝါသဘုံ၏ သက်တမ်းအလယ်၏) အကြား၌သာလျှင်။ ပရိနိဗ္ဗာယတိ၊ ကိလေသာငြိမ်းအေး၏။ ဣတိ၊ ကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ မည်၏။

ဥပဟစ္စပရိနိဗ္ဗာယီ=ဥပဟစ္စ (အတိက္ကမိတွာ ဥပဂန္တွာ ဝါ) ပရိနိဗ္ဗာယတီတိ ဥပဟစ္စပရိနိဗ္ဗာယီ။ ဥပဟစ္စ၊ (သုဒ္ဓါဝါသဘုံ၌ဖြစ်၍ ၎င်းဘုံ၏ သက်တမ်းအလယ်ကို) ကျော်လွန်၍။ ဝါ၊ (သုဒ္ဓါဝါသဘုံ၌ဖြစ်၍ ၎င်းဘုံ၌ သေခါနီးသော အချိန်သို့) ကပ်ရောက်၍။ ပရိနိဗ္ဗာယတိ၊ ၏။ ဣတိ၊ ကြောင့်။ ဥပဟစ္စပရိနိဗ္ဗာယီ၊ မည်၏။

အသင်္ခါရပရိနိဗ္ဗာယီ=နတ္ထိ သင်္ခါရော (အဓိမတ္တပယောဂေါ ဝိပဿနာဉာဏာသင်္ခါရသင်္ခါတော ပယောဂေါ) အဿာတိ အသင်္ခါရော၊ အသင်္ခါရော ဟုတွာ ပရိနိဗ္ဗာယတီတိ အသင်္ခါရပရိနိဗ္ဗာယီ။ အဿ၊ ထိုအနာဂါမ်၏။ သင်္ခါရော၊ (သုဒ္ဓါဝါသဘုံ၌ ဖြစ်၍ ၎င်းဘုံ၌) ဝိပဿနာကို လွန်လွန်ကဲကဲ အားထုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ အသင်္ခါရော၊ မည်၏။ အသင်္ခါရော၊ ဝိပဿနာကို လွန်ကဲစွာ အားထုတ်ခြင်းမရှိသူသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယတိ၊ ၏။ ဣတိ၊ ကြောင့်။ အသင်္ခါရပရိနိဗ္ဗာယီ၊ မည်၏။

သသင်္ခါရပရိနိဗ္ဗာယီ=သင်္ခါရေန သဟ ယော ဝတ္တတီတိ သသင်္ခါရော၊ သသင်္ခါရော ဟုတွာ ပရိနိဗ္ဗာယတီတိ သသင်္ခါရပရိနိဗ္ဗာယီ။ ယော၊ အကြင်အနာဂါမ်သည်။ သင်္ခါရေန၊ (သုဒ္ဓါဝါသဘုံ၌ဖြစ်၍ ၎င်းဘုံ၌) ဝိပဿနာကို လွန်ကဲစွာအားထုတ်ခြင်းနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ သော၊ ထိုအနာဂါမ်သည်။ သသင်္ခါရော၊ မည်၏။ သသင်္ခါရော၊ ဝိပဿနာကို လွန်ကဲစွာအားထုတ်ခြင်းနှင့်တကွဖြစ်သူသည်။ ဟုတွာ၊ ၍။ ပရိနိဗ္ဗာယတိ၊ ၏။ ဣတိ၊ ကြောင့်။ သသင်္ခါရပရိနိဗ္ဗာယီ၊ မည်၏။

ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ=ဥဒ္ဓံသောတော (မဂ္ဂသောတော) အဿာတိ ဥဒ္ဓံသောတော။ အဿ၊ ထိုအနာဂါမ်၏။ ဥဒ္ဓံ၊ အထက်သုဒ္ဓါဝါသဘုံ၌သာလျှင်။ သောတော၊ အထက်မဂ်တည်းဟူသော ရေအယဉ်သည်။

သို့။ ဘာဝိတေသု၊ ကုန်သည်ရှိသော်။ ဝေါ၊ သို့။ ဗဟုလီကတေသု၊ ကုန်သည်ရှိသော်။ သတ္တ၊ ၇-ပါးကုန်သော။ ဖလာနိ၊ ဖိုလ်တို့ကို၊ ဖလာနိသံသာ၊ ဤ အာနိသင်တို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ဝတ္ထသုတ်

၁၈၅။ ဧကံ သမယံ၊ တပါးသောအခါ၌။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတြာသည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ အရံဥယျာဉ် ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထို ဇေတဝန်ကျောင်းတော်၌။ ဝါ၊ ထိုအခါ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ "အာဝုသော ဘိက္ခဝေါတိ၊ ငါ့ရှင်ရဟန်းတို့"ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အာယသ္မတော သာရိပုတ္တဿ၊ အရှင်သာရိပုတြာ၏ (စကားကို)။ "အာဝုသောတိ၊ ငါ့ရှင်"ဟူ၍။ ပစ္စဿောသုံ၊ ရှေးရှုနားထောင်ကုန်ပြီ။ အာယသ္မာ သာရိပုတ္တော၊ သည်—

အာဝုသော၊ ငါ့ရှင်တို့။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ ဣမေ သတ္တ၊ ဤ ၇-ပါးတို့တည်း။ ကတမေ သတ္တ၊ အဘယ် ၇-ပါးတို့နည်း။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်ရင်း။ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရင်း။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်ရင်း။ ပီတိ-သမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်ရင်း။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရင်း။ သမာဓိ-သမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်ရင်း။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ရင်းတည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ ဣမေ ခေါ သတ္တ၊ ဤ ၇-ပါးတို့တည်း။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ သတ္တန္နံ၊ ၇-ပါးကုန်သော။ ဣမေသံ ခေါ ဗောဇ္ဈင်္ဂါနံ၊ ဤဗောဇ္ဈင်တို့တွင်။ ယေန ယေန ဗောဇ္ဈင်္ဂေန၊ အကြင် အကြင် ဗောဇ္ဈင်ဖြင့်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ဝိဟရိတုံ၊ နေခြင်းငှါ။ အာကင်္ခါမိ၊ အလိုရှိ၏။ တေန တေန ဗောဇ္ဈင်္ဂေန၊ ထို ထို ဗောဇ္ဈင်ဖြင့်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ဝိဟရာမိ၊ နေ၏။ပ။ မဇ္ဈန္ဟိကံ သမယံ၊ နေ့လယ်အခါ၌။ ဝိဟရာမိ၊ နေ၏။ပ။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ဝိဟရာမိ၊ နေ၏။ အာဝုသော၊ တို့။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ (သစေ္စ၊ မြတ်၏။) ဣတိ၊ ဤသို့။ မေ၊ ငါ၏ (စိတ်အကြံသည်)။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ (သတိသမ္ဗောဇ္ဈင်ကို အဦးထား၍ ဖလသမာပတ်ကို ဝင်စား၍ နေအံ့ ဟု ငါ့စိတ်အကြံ အကယ်၍ဖြစ်ငြားအံ့ ဟူလို။) (အယံ၊ ဤသတိသမ္ဗောဇ္ဈင်သည်။) အပ္ပမာဏောတိ၊ အတိုင်းအရှည်ကို ပြုတတ်သော ကိလေသာမရှိ။ ဝါ၊ အတိုင်းအရှည်မရှိသော တရားလျှင် အာရုံရှိ၏။ (အာရမ္မဏ အကြောင်း။) ဣတိ၊ ဤသို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ (မယှံ အနေ္တသမာပတ္တိယံ အသမ္မောဟဝသေန၊ ငှါ။) ဟောတိ၊ ဖြစ်၏။

(သောတော၊ မျှောပစ်အပ်သော တဏှာတည်းဟူသော ရေအယဉ်၊ ဝဋ်တည်းဟူသော ရေအယဉ်သည်-ဟု ဝိသုဒ္ဓိ-ဋီ ၂-၅၃၂-၃၌ တနည်းကြံ၏။) အဏ္ဏ၀၊ ၏။ ဣတိ၊ ကြောင့်။ ဥဒ္ဓံသောတော၊ မည်၏။

အကနိဋ္ဌ (အကနိဋ္ဌဘုံ) ဂစ္ဆတိ (ပဋိသန္ဓေသော) တိ အာကနိဋ္ဌဂါမီ။ ယော၊ အကြင်အနာဂါမ်သည်။ အကနိဋ္ဌံ၊ အကနိဋ္ဌဘုံသို့။ ဂစ္ဆတိ၊ ပဋိသန္ဓေအားဖြင့် ရောက်ဘိ၏ ဣတိ၊ ကြောင့်။ အကနိဋ္ဌဂါမီ၊ မည်၏။

ဤအနာဂါမ် ၅-မျိုး ဝိဂ္ဂဟကို ဝိသုဒ္ဓိ-၄ ၂-၃၅၂၊ ဝိသုဒ္ဓိ-ဋီ ၂-၅၃၂ တို့နှင့် ဂုဏ် ၄-ဋီတို့ကိုရှု၍ ပြုလိုက်သည်။ ဤဋ္ဌ-၌ အနာဂါမ် ၄၈-မျိုးပွါးပုံကို အကျယ်ပြ-ား၏၊ ရှုလေဦး။

(အယံ၊ ဤသတိသမ္ဗောဇ္ဈင်ကို။) သုသမာရဒ္ဓေါ၊ ကောင်းစွာဖြစ်စေအပ်ပြီ။ (ဤသတိသမ္ဗောဇ္ဈင်သည် ကောင်းကောင်းပြည့်ပြီ ဟူလို။) ဣတိ၊ ဤသို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ ဟောတိ၊ ၏။ တိဋ္ဌန္တံ စ၊ တည်နေသည်လည်းဖြစ်သော။ နံ၊ ထိုသတိသမ္ဗောဇ္ဈင်ကို။ တိဋ္ဌတီတိ၊ တည်၏ဟူ၍။ ပဇာနာမိ၊ သိ၏။ မေ၊ ငါ၏ (သတိသမ္ဗောဇ္ဈင်သည်)။ သစေပိ စဝတိ၊ အကယ်၍ရွေ့လျော (မတည်နေ) အံ့။ ဣဒပ္ပစ္စယာ၊ ဤအကြောင်းကြောင့်။ မေ၊ ငါ၏သတိသမ္ဗောဇ္ဈင်သည်။ စဝတီတိ၊ ရွေ့လျော၏ ဟူ၍[၁]။ ပဇာနာမိ၊ သိ၏။ပ။ အာဝုသော၊ တို့။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည်။ (သေဋ္ဌော၊ မြတ်၏။) ဣတိ၊ ဤသို့။ မေ၊ ငါ၏ (စိတ်အကြံသည်)။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ (အယံ၊ ဤဥပေက္ခာသမ္ဗောဇ္ဈင်သည်။) အပ္ပမာဏောတိ၊ အတိုင်းအရှည်ကို ပြုတတ်သော ကိလေသာ မရှိ။ ဝါ၊ အတိုင်းအရှည်မရှိသော တရားလျှင် အာရုံ ရှိ၏။ (အာရမ္မဏ အကြံ။) ဣတိ၊ ဤသို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ ဟောတိ၊ ဖြစ်၏။ (အယံ၊ ဤဥပေက္ခာသမ္ဗောဇ္ဈင်ကို။) သုသမာရဒ္ဓေါ၊ ကောင်းစွာဖြစ်စေအပ်ပြီ။ ဣတိ၊ ဤသို့။ မေ၊ ငါ၏(ဉာဏ်အမြင်သည်)။ ဟောတိ၊ ၏။ တိဋ္ဌန္တံ စ၊ တည်နေသည်လည်းဖြစ်သော။ နံ၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင်ကို။ တိဋ္ဌတီတိ၊ တည်၏ဟူ၍။ ပဇာနာမိ၊ သိ၏။ မေ၊ ငါ၏ (ဥပေက္ခာသမ္ဗောဇ္ဈင်သည်)။ သစေပိ စဝတိ၊ အကယ်၍ ရွေ့လျော (မတည်နေ)အံ့။ ဣဒပ္ပစ္စယာ၊ ဤအကြောင်းကြောင့်။ မေ၊ ငါ၏ (ဥပေက္ခာသမ္ဗောဇ္ဈင်သည်)။ စဝတီတိ၊ ရွေ့လျော၏ ဟူ၍။ ပဇာနာမိ၊ သိ၏။

အာဝုသော၊ တို့။ သေယျထာပိ၊ ဖြစ်သင့် ဖြစ်ရာ ဥပမာကို ဆိုပါအံ့။ ရညော ဝါ၊ မင်း၏ သော်၎င်း။ ရာဇမဟာမတ္တဿ ဝါ၊ မင်းအမတ်ကြီး၏ သော်၎င်း။ နာနာရတ္တာနံ၊ အမျိုးမျိုးသော ဆိုးရေတို့ဖြင့် ဆိုးအပ်ကုန်သော။ (အဆင်းအမျိုးမျိုးဖြစ်ကုန်သော။) ဒုဿာနံ၊ အဝတ်အထည် တို့ဖြင့်။ ပူရော၊ ပြည့်သော။ ဒုဿကရဏ္ဍကော၊ အထည်သေတ္တာသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုမင်းသည်။ ဝါ၊ ထိုမင်းအမတ်သည်။ ယညဒေဝ ဒုဿယုဂံ၊ အကြင် အကြင် ဝတ်စုံကို။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ပါရုပိတုံ၊ ဝတ်ရုံခြင်းငှါ။ အာကင်္ခေယျ၊ အလိုရှိရာ၏။ တံ တဒေဝ ဒုဿယုဂံ၊ ထိုထိုဝတ်စုံကို။ ပုဗ္ဗဏှသမယံ၊ ၌။ ပါရုပေယျ၊ ဝတ်ရုံရာ၏။ ယညဒေဝ ဒုဿယုဂံ၊ ကို။ မဇ္ဈန္ဟိကံ သမယံ၊ ၌။ ပါရုပိတုံ၊ ငှါ။ အာကင်္ခေယျ၊ ရာ၏။ တံ တဒေဝ ဒုဿယုဂံ၊ ကို။ မဇ္ဈန္ဟိကံ သမယံ၊ နေ့လယ်အခါ၌။ ပါရုပေယျ၊ ဝတ်ရုံရာ၏။ ယညဒေဝ ဒုဿယုဂံ၊ ကို။ သာယန္ဟသမယံ၊ ၌။ ပါရုပိတုံ၊ ငှါ။ အာကင်္ခေယျ၊ ရာ၏။ တံ တဒေဝ ဒုဿယုဂံ၊ ကို။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ပါရုပေယျ၊ ဝတ်ရုံရာ၏။ အာဝုသော၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ သတ္တန္နံ၊ ကုန်သော။ ဣမေသံ ဗောဇ္ဈင်္ဂါနံ၊ တို့တွင်။ ယေန ယေန ဗောဇ္ဈင်္ဂေန၊ အကြင်အကြင်ဗောဇ္ဈင်ဖြင့်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ဝိဟရိတုံ၊ နေခြင်းငှါ။ အာကင်္ခါမိ၊ အလိုရှိ၏။ တေန တေန ဗောဇ္ဈင်္ဂေန၊ ဖြင့်။ ပုဗ္ဗဏှသမယံ၊ ၌။ ဝိဟရာမိ၊ နေ၏။ ယေန ယေန ဗောဇ္ဈင်္ဂေန၊ ဖြင့်။ မဇ္ဈန္ဟိကံ သမယံ၊ နေ့လယ်အခါ၌။ ဝိဟရိတုံ၊ ငှါ။ အာကင်္ခါမိ၊ ၏။ တေန တေန ဗောဇ္ဈင်္ဂေန၊ ဖြင့်။ မဇ္ဈန္ဟိကံ သမယံ၊ ၌။ ဝိဟရာမိ၊ ၏။ ယေန ယေန ဗောဇ္ဈင်္ဂေန၊ ဖြင့်။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ဝိဟရိတုံ၊ ငှါ။ အာကင်္ခါမိ၊ ၏။ တေန တေန ဗောဇ္ဈင်္ဂေန၊ ဖြင့်။ သာယန္ဟသမယံ၊ ၌။ ဝိဟရာမိ၊ ၏။ အာဝုသော၊ တို့။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ (သေဋ္ဌော၊ မြတ်၏။)

၁။ အဋ္ဌကထာ၌ သတိသမ္ဗောဇ္ဈင်တည်ခြင်း အကြောင်းအရာ ၈-ပါးကို အကျယ်သရုပ် ထုတ်ပြ၏။ သတိသမ္ဗောဇ္ဈင် ရွေ့လျောခြင်း အကြောင်းအရာ ၈-ပါးကိုကား ထိုမှပြန်သောအားဖြင့် သိအပ်၏။

ဣတိ၊ ဤသို့။ မေ၊ ငါ၏ (စိတ်အကြံသည်)။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ (အယံ၊ ဤသတိသမ္ဗောဇ္ဈင်သည်။) အပ္ပမာဏောတိ၊ အတိုင်းအရှည်ကိုပြုတတ်သော ကိလေသာ မရှိ။ ဝါ၊ အတိုင်းအရှည်မရှိသောတရားလျှင် အာရုံရှိ၏။ ဣတိ၊ ဤသို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ ဟောတိ၊ ဖြစ်၏။ (အယံ၊ ဤသတိသမ္ဗောဇ္ဈင်ကို။) သုဘာဝိတော၊ ကောင်းစွာပွါးစေအပ်၏။ ဣတိ၊ ဤသို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ ဟောတိ၊ ၏။ တိဋ္ဌန္တံ စ၊ တည်နေသည်လည်း ဖြစ်သော။ နံ၊ ထိုသတိသမ္ဗောဇ္ဈင်ကို။ တိဋ္ဌတီတိ၊ တည်၏ဟူ၍။ ပဇာနာမိ၊ သိ၏။ မေ၊ ငါ၏ (သတိသမ္ဗောဇ္ဈင်သည်)။ သစေပိ စဝတိ၊ အကယ်၍ ရွေ့လျော (မတည်နေ) အံ့။ ဣဒပ္ပစ္စယာ၊ ဤအကြောင်းကြောင့်။ မေ၊ ငါ၏ (သတိသမ္ဗောဇ္ဈင်သည်)။ စဝတီတိ၊ ရွေ့လျော၏ဟူ၍။ ပဇာနာမိ၊ သိ၏။ပ။ အာဝုသော၊ တို့။ ဥပေက္ခာသမ္ဗောဇ္ဈင်ဂေ်၊ သည်။ (သေဋ္ဌော၊ ၏။) ဣတိ၊ ဤသို့။ မေ၊ ငါ၏ (စိတ်အကြံသည်)။ စေ ဟောတိ၊ အံ့။ (အယံ၊ ဤဥပေက္ခာသမ္ဗောဇ္ဈင်သည်။) အပ္ပမာဏောတိ၊ အတိုင်းအရှည်ကိုပြုတတ်သော ကိလေသာ မရှိ။ ဝါ၊ အတိုင်းအရှည်မရှိသောတရားလျှင် အာရုံရှိ၏။ ဣတိ၊ သို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ ဟောတိ၊ ၏။ (အယံ၊ ဤဥပေက္ခာသမ္ဗောဇ္ဈင်ကို။) သုဘာဝိတော၊ ကောင်းစွာဖြစ်စေအပ်ပြီ။ ဣတိ၊ သို့။ မေ၊ ငါ၏ (ဉာဏ်အမြင်သည်)။ဟောတိ၊ ၏။ တိဋ္ဌန္တံ စ၊ တည်နေသည်လည်းဖြစ်သော။ နံ၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင်ကို။ တိဋ္ဌတီတိ၊ ဟူ၍။ ပဇာနာမိ၊ ၏။ မေ၊ ငါ၏ (ဥပေက္ခာသမ္ဗောဇ္ဈင်သည်)။ သစေပိ စဝတိ၊ အံ့။ ဣဒပ္ပစ္စယာ၊ ဤအကြောင်းကြောင့်။ မေ၊ ငါ၏ (ဥပေက္ခာသမ္ဗောဇ္ဈင်သည်)။ စဝတီတိ၊ ဟူ၍။ ပဇာနာမိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

စတုတ္ထ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဘိက္ခုသုတ်

၁၈၆။ သာဝတ္ထိနိဒါနံ၊ တည်း။ အထ ခေါ၊ ထိုအခါ၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်၏။ပ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ သော ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ မြတ်စွာဘုရား။ ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ၊ ဗောဇ္ဈင် ဗောဇ္ဈင်တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့်။ ဗောဇ္ဈင်္ဂါတိ၊ ဗောဇ္ဈင်တို့ဟူ၍။ ဝုစ္စန္တိ နု ခေါတိ၊ ဆိုအပ်ပါကုန်သနည်း" ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ ဘိက္ခု၊ ရဟန်း။ ဗောဓာယ၊ နိဗ္ဗာန်ကို သိခြင်းငှါ။ ဝါ၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားခြင်းငှါ[၁]။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ

---

၁။ ဗောဓာယ သံဝတ္တန္တီတိ ဗုဇ္ဈနတ္ထာယ သံဝတ္တန္တိ။ ကိံ ဗုဇ္ဈနတ္ထာယ? မဂ္ဂေန အသင်္ခတံ နိဗ္ဗာနံ, ပစ္စဝေက္ခဏာယ ကတကိစ္စတံ၊ မဂ္ဂေန ဝါ ကိလေသနိဒ္ဒါယ ပဗုဇ္ဈနတ္ထာယ, ဖလေန ပဗုဒ္ဓဘာဝတ္ထာယာတိပိ ဝုတ္တံ ဟောတိ။ ဋ္ဌ။

ပဋ္ဌမဝိကပ္ပေ သစ္စိကဋ္ဌိယာဘိသမယော ဧဝ ဒဿိတော။ တေန အတ္တနော မဂ္ဂေန ဝါတိ ဒုတိယဝိကပ္ပမာဟ။ ဋီ။

မဂ်ဖြင့် နိဗ္ဗာန်ကိုသိခြင်းအကျိုးငှါ, ပစ္စဝေက္ခဏာဖြင့် ပြုအပ်ပြီးသောကိစ္စရှိသည်၏အဖြစ်ကို သိခြင်းအကျိုးငှါ ဖြစ်ကုန်၏။ ၎င်းဝိကပ်ဖြင့် သစ္စိကဋ္ဌိယာဘိသမယကိုသာ ပြအပ်၏။

ထိုပဌမဝိကပ်ဖြင့် မနှစ်သက်သေးသည့်အတွက် ဒုတိယဝိကပ်ကို မိန့်ရပြန်၏၊ ၎င်း ဒုဝိကပ်ကား- "မဂ်ဖြင့် ကိလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးကြားခြင်းငှါ ဖိုလ်ဖြင့် နိုးကြားသည်၏အဖြစ် (နိုးကြားပြီးဖြစ်ခြင်း) အကျိုးငှါ ဖြစ်ကုန်၏" ဟူသည်တည်း။

တသ္မာ၊ ထို့ကြောင့်။ ဗောဇ္ဈင်္ဂါတိ၊ ဗောဇ္ဈင်တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ဝိဝေက (မဂ်ဖိုလ်) ကို မှီသော။ ဝိရာဂနိဿိတံ၊ ဝိရာဂ (မဂ်ဖိုလ်) ကိုမှီသော။ နိရောဓနိဿိတံ၊ နိရောဓ (နိဗ္ဗာန်) ကို မှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်ပယ်၍ နိဗ္ဗာန်သို့ ကိုင်းညွတ်သော။ ဝါ၊ ကိလေသာတို့ကိုစွန့်ခြင်း နိဗ္ဗာန်သို့ ပြေးဝင်ခြင်းငှါ ရင့်ကျက်ဆဲ ရင့်ကျက်ပြီးဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ သတ္တ၊ ခုနစ်ပါးကုန်သော။ဣမေ ဗောဇ္ဈင်္ဂေ၊ ဤဗောဇ္ဈင်တို့ကို။ ဘာဝယတော၊ ဖြစ်စေသော။ တဿ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်သည်။ ကာမာသဝါပိ၊ ကာမာသဝမှလည်း။ဝိမုစ္စတိ၊လွတ်မြောက်၏။စိတ္တံ၊ သည်။ ဘဝါသဝါပိ၊ မှလည်း။ဝိမုစ္စတိ၊ ၏။ စိတ္တံ၊ သည်။ အဝိဇ္ဇာသဝါပိ၊ မှလည်း။ ဝိမုစ္စတိ၊ ၏။ ဝိမုတ္တသ္မိံ၊ အာသဝတို့မှ လွတ်မြောက်သည်ရှိသော်။ ဝိမုတ္တံ ဣတိ၊ အာသဝတို့မှ လွတ်မြောက်ပြီဟူ၍။ ဉာဏံ၊ ဆင်ခြင်သောဉာဏ်သည်။ ဟောတိ၊ ၏။ "ဇာတိ၊ ဖြစ်ခြင်း (ပဋိသန္ဓေနေခြင်း) သည်။ ခီဏာ၊ ကုန်ခန်းပြီ။ ဗြဟ္မစရိယံ၊ မဂ်ဟူသော အကျင့်မြတ်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ပြုကျင့်ဘွယ်မဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ဤမဂ်ကိစ္စအလို့ငှါ။ အပရံ၊ တပါးသော ပြုဘွယ်ကိစ္စသည်။ န၊ မရှိ။ (တနည်း—ဣတ္ထတ္တာယ၊ ဤဘဝမှ။ အပရံ၊ တပါးသောဘဝသည်။ န၊ မရှိ။) ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ဘိက္ခု၊ ရဟန်း။ ဗောဓာယ၊ ငှါ။ ဝါ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဗောဇ္ဈင်္ဂါတိ၊ တို့ ဟူ၍။ ဝုစ္စန္တိ၊ အပ်ကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဌမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ကုဏ္ဍလိယသုတ်

၁၀၇။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာကေတေ၊ သာကေတမြို့၌။ မိဂဒါယေ၊ သားကောင်တို့အား ဘေးမဲ့ ပေးရာ ဖြစ်သော။ အဉ္ဇနဝနေ၊ မျက်စဉ်းရောင်လို စိမ်းညိုသော တော၌။ ဝိဟရတိ၊ နေတော်မူ၏။ အထ ခေါ၊ ထိုအခါ၌။ ကုဏ္ဍလိယော၊ ကုဏ္ဍလိယမည်သော။ ပရိဗ္ဗာဇကော၊ ပရိဗိုဇ်သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ (အတ္ထိ၊ ရှိ၏။) တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိ၊ ကျွန်းမာ၏လော စသည်ပြောလျက်

---

၁။ တေနေဝေတ္ထ နိဗ္ဗာနသစ္ဆိကိရိယာ ကိလေသပ္ပဟာနပစ္စဝေက္ခဏာတိ သဗ္ဗံ ဒဿိတံ။ ဋ္ဌ။

ဝိဝေကနိဿိတံ ဝိရာဂနိဿိတန္တိ ပဒေဟိ သဗ္ဗံ မဂ္ဂကိစ္စံ တဿ ဖလဉ္စ ဒဿိတံ၊ နိရောဓနိဿိတန္တိ ဣမိနာ နိဗ္ဗာနသစ္ဆိကိရိယာ၊ ကာမာသဝါပိ စိတ္တံ ဝိမုစ္စတီတိအာဒိနာ ကိလေသပ္ပဟာနံ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတီတိအာဒိနာ ပစ္စဝေက္ခဏာ ဒဿိတာ။ ဋီ။

ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ ပုဒ်တို့၌ ဝိဝေက ဝိရာဂသဒ္ဒါတို့အရ ကိလေသေဟိ ဝိဝိစ္စတိ ဝိဝိစ္စိတ္တာတိ ဝိဝေကော, ကိလေသေ ဝိရဇ္ဇတိ ဝိရဇ္ဇိတ္တာတိ ဝိရာဂေါ-ဟု ဝစနတ္ထပြုကာ မဂ်, ဖိုလ်ကို အရကောက်၍ မဂ်ကိစ္စ, (မဂ်၏အကျိုး) ဖိုလ်တို့ကို ၎င်းပုဒ်တို့ဖြင့် ပြအပ်ကုန်၏။

နိရောဓနိဿိတံ ပုဒ်၌ နိရောဓေ-နိရုဇ္ဈန္တိ ကိလေသာ ဧတ္ထာတိ နိရောဓော ဟု ဝစနတ္ထပြုကာ နိဗ္ဗာန်ကို အရကောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို နိရောဓနိဿိတံ ပုဒ်ဖြင့် ပြအပ်၏။

ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ စသော ပုဒ်တို့ဖြင့် ကိလေသာတို့ကို ပယ်ခြင်းကို ပြအပ်၏။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ စသော ပုဒ်တို့ဖြင့် ပစ္စဝေက္ခဏာ ဉာဏ်တို့ကို ပြအပ်ကုန်၏။

နှီးနှောမိပြီ။ သမ္မောဒနီယံ၊ ဝမ်းမြောက်ဖွယ်သော။ သာရဏီယံ၊ အောက်မေ့ဖွယ်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးဆုံးစေပြီး၍။ ကေမန္တံ၊ တခုသော အရပ်အဖို့၌။ နိသီဒိ၊ ထိုင်နေပြီ။ ကေမန္တံ၊ တခုသော အရပ်အဖို့၌။ နိသိန္နော ခေါ၊ ထိုင်နေသော။ ကုဏ္ဍလိယော၊ သော။ ပရိဗ္ဗာဇကော၊ သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘော ဂေါတမ၊ အရှင် ဂေါတမ။ အဟံ၊ အကျွန်ုပ်သည်။ အာရာမနိဿယီ၊ အရံကို မှီနေလေ့ ရှိသူသည်။ ပရိသာဝစရော၊ ပရိသတ်ထဲ၌ ကျက်စားသူသည်[၁]။ အသ္မိ၊ ဖြစ်၏။ ဘော ဂေါတမ၊ မ။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည်မှနောက်၌။ ဘုတ္တာပါတရာသဿ၊ စားပြီးသော နံနက်စာ ရှိသော။ တဿ မယှံ၊ ထို အကျွန်ုပ်၏။ 'အာရာမေန၊ အရံဖြင့်သာလျှင်။ အာရာမံ၊ အရံသို့။ ဥယျာနေန၊ ဥယျာဉ်ဖြင့် သာလျှင်။ ဥယျာနံ၊ ဥယျာဉ်သို့။ အနုစင်္ကမာမိ၊ အဖန်ဖန် စင်္ကြံသွား၏။ အနုဝိစရာမိ၊ အဖန်ဖန် လှည့်လည်၏။ (နှ ဗာဟိရေနာတိ, အဋ္ဌကထာ။ ၄။ လုတ္တနိဒ္ဒိဋ္ဌ ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထကို ၄-ဆရာက ဖော်သည်။)တနည်း— အာရာမေန၊ အရံတခုမှ။ အာရာမံ၊ အရံတခုသို့။ ဥယျာနေန၊ ဥယျာဉ်တခုမှ။ ဥယျာနံ၊ ဥယျာဉ်တခုသို့။ အနုစင်္ကမာမိ၊ ၏။ အနုဝိစရာမိတိ၊ အဖန်ဖန်လှည့်လည်၏'ဟူသော။ အယံ အာစာရော၊ ဤအကျင့်သည်။ ဟောတိ၊ ၏။ သော (အဟံ)၊ ထို အကျွန်ုပ်သည်။ တတ္ထ၊ ထို လှည့်လည်ခြင်းကို ပြုကျင့်ရာ၌။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏေ၊ ရဟန်းပုဏ္ဏားတို့ကို။ ဣတိဝါဒပ္ပမောက္ခာနိသံသဉ္စေဝ၊ ဤသို့ အပြစ်တင်ခြင်း, ဤသို့ အပြစ်တင်ခြင်းမှ လွတ်စေခြင်းလျှင် အကျိုးရှိသည်လည်းဖြစ်သော။ ဥပါရမ္ဘာနိသံသဉ္စ၊ ချုတ်ချယ်ခြင်းလျှင် အကျိုးရှိသည်လည်းဖြစ်သော[၂]။ ကထံ၊ စကားကို။ ကထေန္တေ၊ ပြောဆိုနေသည်တို့ကို။ ပဿာမိ၊ တွေ့မြင်ရ၏။ ဘဝံ ပန ဂေါတမော၊ အရှင်ဂေါတမသည်ကား။ ကိမာနိသံသော၊ အဘယ်အကျိုးရှိသည် ဖြစ်၍။ ဝိဟရတီတိ၊ နေသနည်း"ဟူသော။ တော၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ ကုဏ္ဍလိယ၊ ကုဏ္ဍလိယ။ တထာဂတော၊ မြတ်စွာဘုရားသည်။ ဝိဇ္ဇာဝိမုတ္တိဖလာနိသံသော ခေါ၊ (မဂ်ဖိုလ်တို့၏ အကျိုး ဖြစ်သော) နိဗ္ဗာန်ဟူသော အကျိုးရှိသည်ဖြစ်၍[၃]။ ဝိဟရတိ၊ နေတော်မူ၏။ ဣတိ၊ ဤသို့

၁။ အာရာမံ နိဿယတိ (နိဿာယ ဝသတိ) သီလေနာတိ အာရာမနိဿယီ-ဟု ပြု။ အာရာမံ နိဿာယ ဝသနဘာဝေန အာရာမနိဿယီ။ ၄။ ဋီ-၌ကား နိဗဒ္ဓဝါသဝသေန အာရာမေ နိသီဒနသီလောတိ အာရာမနိသာဒီ-ဟု ပါဌ္ကရဖြင့် ဖွင့်ပြ၏။ ပရိသာယ အဝစရော ပရိသာဝစရော၊ ပရိသံ ဝါ ဩဂါဟေတွာ စရတီတိ ပရိသာဝစရော-ဟု ပြု။ "ပရိသတ်ထဲဝင်၍ (သူတပါး အယူကို ပယ်ပြီး, မိမိအယူကို ပြလျက်) လှည့်လည်နိုင်သောသူ"ဟု ဆိုလိုသည်။ ၄-ဋီ ရှု။

၂။ ဥပါရမ္ဘာဓိပ္ပါယော ဝဒတိ ဧတေနာတိ ဝါဒေါ၊ ဒေါသော။ ဝါဒါရောပနံ ဝါဒေါ၊ ဣတိ (ဣမိနာ နယေန) ဝါဒေါ ဣတိဝါဒေါ၊ ဣတိဝါဒတော ပမောက္ခော ဣတိဝါဒပ္ပမောက္ခော၊ ဣတိဝါဒေါ စ ဣတိဝါဒပ္ပမောက္ခော စ ဣတိဝါဒပ္ပမောက္ခော၊ ဣတိဝါဒသဒ္ဒါ တစိပ်ခြေ၊ ဣတိဝါဒပ္ပမောက္ခော အာနိသံသော ယဿာတိ ဣတိဝါဒပ္ပမောက္ခာနိသံသာ၊ ကထာ-ဟု ပြု။ ဤ၄-ဋီ-ရှု။ မ-နိ ၁-၁၄၈-၌ ဣတိဝါဒပ္ပမောက္ခာနိသံသာ၊ ဤသင်္ဃုအပ်သော ပါဠိဖြင့် သူတပါးတင်အပ်သော အယူဝါဒ (အပြစ်)မှ လွတ်ကင်းလျှင် အကျိုးရှိကုန်သည်ဖြစ်၍ ဟု ပုဂ္ဂိုလ်ကို အရကောက်သောအရာ၌ သမ္ဗန်သည်။ ၎င်းဋီကာ၌ ဖွင့်သည့်အတိုင်း သမ္ဗန်ခြင်းဖြစ်သည်။

ဣတိဝါဒပ္ပမောက္ခာနိသံသကား သူတပါးတို့တင်အပ်သော အပြစ်ကို ဖြေရှင်းခြင်းအကျိုးရှိသော စကား တည်း။

ဥပါရမ္ဘာနိသံသကား အမှားရှင်း အမြေ၌ရှင်း အပြစ်ကို ပြောကြားခြင်း(ချုတ်ချယ်ခြင်း)တည်း။

၃။ လောကိယာ သတိပဋ္ဌာနာ လောကုတ္တရေ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ လောကုတ္တရာ ဗောဇ္ဈင်္ဂါ ဝိဇ္ဇာဝိမုတ္တိဖလနိဗ္ဗာနံ ပရိပူရေန္တိ။ ဝိဇ္ဇာဝိမုတ္တိပဒေန ဟိ ဝိဇ္ဇာဝိမုတ္တိဖလနိဗ္ဗာနံ အဓိပ္ပေတံ။ မ-ဋ္ဌ ၄-၁၁၂

မိန့်တော်မူ၏။ ဘော ဝေါတမ၊ မ။ ကတမေ ပန ဓမ္မာ၊ အဘယ်တရားတို့သည်။ ဘာဝိတာ၊ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပွားအပ်ကုန်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ နိဗ္ဗာန်ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။ ဣတိ၊ ဤသို့ မေးလျှောက်၏။ ကုဏ္ဍလိယ၊ ကုဏ္ဍလိယ။ သတ္တ ခေါ၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ ဝိဇ္ဇာဝိမုတ္တိံ၊ ကို။ ပရိပူရေန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘော ဝေါတမ၊ မ။ ကတမေ ပန ဓမ္မာ၊ အဘယ်တရားတို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ သတ္တ၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။ ဣတိ၊ ဤသို့ မေးလျှောက်၏။ ကုဏ္ဍလိယ၊ ကုဏ္ဍလိယ။ စတ္တာရော ခေါ၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘော ဂေါတမ၊ မ။ ကတမေ ပန ဓမ္မာ၊ တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်သနည်း။ ဣတိ၊ ၏။ ကုဏ္ဍလိယ၊ ယ။ တီဏိ ခေါ၊ ၃-ပါး ကုန်သော။ သုစရိတာနိ၊ သုစရိုက်တို့သည်။ ဘာဝိတာနိ၊ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာနိ၊ အကြိမ်များစွာ ပွားအပ်ကုန်သည်ရှိသော်။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ ဣတိ၊ ၏။ ဘော ဂေါတမ၊ မ။ ကတမေ ပန ဓမ္မာ၊ တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ တီဏိ၊ ၃-ပါးကုန်သော။ သုစရိတာနိ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်သနည်း။ ဣတိ၊ ၏။ ကုဏ္ဍလိယ၊ ယ။ ဣန္ဒြိယသံဝရော ခေါ၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်းသည်။ ဘာဝိတော၊ သော်။ ဗဟုလီကတော၊ သော်။ တီဏိ၊ ကုန်သော။ သုစရိတာနိ၊ တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ဣတိ၊ ၏။

ကုဏ္ဍလိယ၊ ယ။ ကထံ၊ အဘယ်သို့။ ဣန္ဒြိယသံဝရော၊ ဣန္ဒြေတို့ကိုစောင့်စည်းခြင်းသည်။ ဘာဝိတော၊ ဖြစ်စေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ ပွားအပ်သည်ရှိသော်။ တီဏိ၊ ကုန်သော။ သုစရိတာနိ၊ တို့ကို။ ပရိပူရေတိ၊ ပြည့်စေသနည်း။ ဣတိ၊ ၏။ (ကုဏ္ဍလိယ၊ က ရှေ့ဆက် မမေးစွမ်းနိုင်၍ ဘုရားရှင်က ဒေသနာ၏အနုသန္ဓေပြီးဆုံးအောင် ကိုယ်တိုင်အမေးထုတ်တော်

ဝိဇ္ဇာဝိမုတ္တိဖလနိဗ္ဗာနန္တိ ဝိဇ္ဇာဝိမုတ္တိနံ ဖလဘူတံ တေဟိယေဝ ဝေဒိတဗ္ဗံ ကိလေသနိဗ္ဗာနံ၊ အမတမဟာနိဗ္ဗာနမေဝ ဝိဇ္ဇာဝိမုတ္တိနံ အဓိဂမေန အဓိဂန္တဗ္ဗတာယ တဘာ ဝုတ္တံ။ ပရိပူရဏဋ္ဌော အာရမ္မဏံ ကတွာ အဓိ-တဿာနုဘာဝနမေဝ။ မ-ဋီ ၃-၃၁၄။

ဝိဇ္ဇာ စ ဝိမုတ္တိ စ ဝိဇ္ဇာဝိမုတ္တိ၊ (ဝိဇ္ဇာအရ မဂ်၊ ဝိမုတ္တိအရ ဖိုလ်ကောက်။) ဝိဇ္ဇာဝိမုတ္တိနံ ဖလံ ဝိဇ္ဇာဝိမုတ္တိဖလံ၊ နိဗ္ဗာန်ကောက်။ ဝိဇ္ဇာဝိမုတ္တိဖလံ အာနိသံသော ဧဿာတိ ဝိဇ္ဇာဝိမုတ္တိဖလာနိသံသော၊ တထာဂတ ကောက်။

၁။ ဝိဇ္ဇာဝိမုတ္တိ အရလည်း နိဗ္ဗာန်ကိုပင်ကောက်။ ဖလအကြောင်း နိဗ္ဗာန်ကို ပြည့်စေခြင်းဟူသည် အာရုံပြု၍ နိဗ္ဗာန်ကို ခံစားနေခြင်းပင်။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယပဋိပန္နာ ဝိဇ္ဇာအရ=မဂ်ဉာဏ်၊ ဝိမုတ္တိအရ=တံ-သမ္ပယုတ္တသေသဓမ္မာ၊ ဖလအရ=အရဟတ္တဖိုလ်ကောက်ရသည်လည်း ရှိ၏။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယာတိ ဝိဇ္ဇာဝိမုတ္တီနံ ဖလဿ ပစ္စက္ခကရဏတ္ထာယ၊ ဧတ္ထ စ ဝိဇ္ဇာတိ မဂ္ဂပညာ၊ ဝိမုတ္တီတိ တံသမ္ပယုတ္တာ သေသဓမ္မာ၊ တေသံ ဖလံ နာမ အရဟတ္တဖလံ၊ တဿ သစ္ဆိကိရိယာယာတိ အတ္ထော။ အံ-ဋ္ဌ ၁-၄၁၀။

ယင်းမှတ်ချက် ဝိဇ္ဇာအရ=ဝိဇ္ဇာ ၃-ပါး၊ ဝိမုတ္တိအရ=စိတ္တဝိမုတ္တိနိဗ္ဗာန်၊ ဖလအရ=ဖိုလ် ၄-ပါး ကောက်သည် လည်း ရှိ၏။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယာတိ တိဿော ဝိဇ္ဇာ စိတ္တဿ အဓိမုတ္တိ နိဗ္ဗာနံ စတ္တာရိ သာမည-ဖလာနီတိ ဧတေသံ ပစ္စက္ခကရဏာယ။ ဇံ-ဋ္ဌ-၁-၂၇၃။

မူ၏။) ကုက္ကုလိယ၊ ယ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ စက္ခုနာ၊ မျက်စိဖြင့်။ မနာပံ၊ စိတ်နှလုံးကိုတိုးပွါးစေတတ်သော။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နာဘိဇ္ဈတိ၊ (နာဘိဇ္ဈာယတိ၊ ဋ္ဌ။) ရှေးရှုမကြံစည်။ နာဘိဟံသတိ၊ မနှစ်သက်။ (နာဘိဟံသတီတိ န အဘိ-တုဿတီ။ဋီ။) ရာဂံ၊ တပ်စွန်းမှုကို။ န ဇနေတိ၊ မဖြစ်စေ။ တဿ၊ ထိုရဟန်း၏။ ကာယော၊ နာမကာယသည်။ (အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌[1]။) ဌိတော စ၊ တည်သည်လည်း။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။ ဌိတံ စ၊ တည်ငြိမ်သည်လည်း။ သုသဏ္ဌိတံ စ၊ ကောင်းစွာ တည်ငြိမ်သည်လည်း။ သုဝိမုတ္တံ စ၊ (ဆန့်ကျင်ဘက် နီဝရဏတို့မှ) ကောင်းစွာလွတ်မြောက်သည်လည်း။ ဟောတိ၊ ၏။ စက္ခုနာ ခေါ ပနေဝ၊ မျက်စိဖြင့်ပင်လျှင်။ အမနာပံ၊ စိတ်နှလုံးကို မတိုးပွါးစေတတ်သော။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်ပြန်သည်ရှိသော်။ မင်္ကု၊ မျက်နှာမသာယာသည်။ န ဟောတိ၊ မဖြစ်။ အပ္ပတိဋ္ဌိတစိတ္တော၊ မကြမ်းတမ်းသော စိတ်ရှိသည်[2]။ အဒီနမာနသော၊ မဆင်းရဲသောစိတ်ရှိသည်။ အဗျာပန္နစေတသော၊ ဗျာပါဒ (ဒေါသ) မရှိသော စိတ်ရှိသည်။ ဝါ၊ အေးငြိမ်းသော စိတ်ရှိသည်။ (သိတိဘူတစိတ္တော။ ဋီ။) ဟောတိ၊ ၏။ တဿ၊ ထိုရဟန်း၏။ ကာယော၊ နာမကာယသည်။ (အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။) ဌိတော စ၊ တည်ငြိမ်သည်လည်း။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။ ဌိတံ စ၊ တည်ငြိမ်သည်လည်း။ သုသဏ္ဌိတံ စ၊ ကောင်းစွာ တည်ငြိမ်သည်လည်း။ သုဝိမုတ္တံ စ၊ (ဆန့်ကျင်ဘက် နီဝရဏတို့မှ) ကောင်းစွာ လွတ်မြောက်သည်လည်း။ ဟောတိ၊ ၏။

ကုက္ကုလိယ၊ ယ။ ပုန စပရံ၊ တဖန်သို့ပြင်လည်း။ ဘိက္ခု၊ ရဟန်းသည်။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြားသည်ရှိသော်။ပ။ ဃာနေန၊ နှာခေါင်းဖြင့်။ ဂန္ဓံ၊ အနံ့ကို။ ဃာယိတွာ၊ ရှူသည်ရှိသော်။ပ။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ၊ အရသာကို။ သာယိတွာ၊ လျက်သည်ရှိသော်။ပ။ ကာယေန၊ ကိုယ်ဖြင့်။ ဖောဋ္ဌဗ္ဗံ၊ အတွေ့ကို။ ဖုသိတွာ၊ ထိသည်ရှိသော်။ပ။ မနသာ၊ စိတ်ဖြင့်။ မနာပံ၊ စိတ်ကိုပွါးစေတတ်သော။ ဓမ္မံ၊ ဓမ္မာရုံကို။ ဝိညာယ၊ သိသည်ရှိသော်။ နာဘိဇ္ဈတိ၊ ရှေးရှုမကြံစည်။ နာဘိဟံသတိ၊ မနှစ်သက်။ ရာဂံ၊ တပ်စွန်းမှုကို။ န ဇနေတိ၊ မဖြစ်စေ။ တဿ၊ ထိုရဟန်း၏။ ကာယော၊ နာမကာယသည်။ (အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။) ဌိတော စ၊ တည်သည်လည်း။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။ ဌိတံ စ၊ တည်သည်လည်း။ သုသဏ္ဌိတံ စ၊ ကောင်းစွာတည်သည်လည်း။ သုဝိမုတ္တံ စ၊ (ဆန့်ကျင်ဘက် နီဝရဏတို့မှ) ကောင်းစွာ လွတ်မြောက်သည်လည်း။ ဟောတိ၊ ၏။ မနသာ ခေါ ပနေဝ၊ စိတ်ဖြင့်ပင်လျှင်။ အမနာပံ၊ စိတ်ကိုမပွါးစေတတ်သော။ ဓမ္မံ၊ ဓမ္မာရုံကို။ ဝိညာယ၊ သိသည်ရှိသော်။ မင်္ကု၊ မျက်နှာမသာယာသည်။ န ဟောတိ၊ မဖြစ်။ အပ္ပတိဋ္ဌိတစိတ္တော၊ မကြမ်းတမ်းသော စိတ်ရှိသည်။ အဒီနမာနသော၊ မဆင်းရဲသော စိတ်ရှိသည်။ အဗျာပန္နစေတသော၊ ဗျာပါဒ (ဒေါသ) မရှိသော စိတ်ရှိသည်။ (ဖောက်ပြန်ခြင်းသို့ မရောက်သော စိတ်ရှိသည်။) ဟောတိ၊ ၏။ တဿ၊ ထိုရဟန်း၏။ ကာယော၊ နာမကာယသည်။ (အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။) ဌိတော စ၊ တည်သည်လည်း။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။ ဌိတံ စ၊ တည်သည်လည်း။ သုသဏ္ဌိတံ စ၊ ကောင်းစွာတည်သည်လည်း။ သုဝိမုတ္တံ စ၊ (ဆန့်ကျင်ဘက်နီဝရဏတို့မှ) ကောင်းစွာ လွတ်မြောက်သည်လည်း။ ဟောတိ၊ ၏။

---

၁။ အဇ္ဈတ္တန္တိ ဂေါစရဇ္ဈတ္တေ။ ဋ္ဌ။ ဂေါစရဇ္ဈတ္တေတိ ကမ္မဋ္ဌာနာရမ္မဏေ။ ဋီ။

၂။ အပ္ပတိဋ္ဌိတစိတ္တောတိ အဋ္ဌိတစိတ္တော။ ဋ္ဌ။ အဋ္ဌိတစိတ္တော အထဒ္ဓစိတ္တော။ ဋီ။

ကုဏ္ဍလိယ၊ ကုဏ္ဍလိယ။ ယတော ခေါ၊ ယင်းသို့လျှင်။ ဘိက္ခုနော၊ ရဟန်း၏။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်သည်ရှိသော်။ မနာပါမနာပေသု၊ စိတ်ကိုပွါးစေတတ်၊ စိတ်ကိုမပွါးစေတတ်ကုန်သော။ ရူပေသု၊ အဆင်းတို့၌။ ကာဇယာ၊ နာမကာယသည်။ (အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။) ဌိတော စ၊ တည်သည်သည်။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။ ဌိတံ စ၊ တည်သည်လည်း။ သုသဏ္ဌိတံ စ၊ ကောင်းစွာတည်သည်လည်း။ သုဝိမုတ္တံ စ၊ (ဆန့်ကျင်ဘက်နီဝရဏတို့မှ) ကောင်းစွာလွတ်မြောက်သည်လည်း။ ဟောတိ၊ ၏။ပ။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ၊ ဓမ္မာရုံကို။ ဝိညာယ၊ သိသည်ရှိသော်။ မနာပါမနာပေသု၊ စိတ်ကိုပွါးစေတတ်၊ စိတ်ကိုမပွါးစေတတ်ကုန်သော။ ဓမ္မေသု၊ ဓမ္မာရုံတို့၌။ ကာယော၊ နာမကာယသည်။ (အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။) ဌိတော စ၊ တည်သည်လည်း။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌။ ဌိတံ စ၊ တည်သည်လည်း။ သုသဏ္ဌိတံ စ၊ ကောင်းစွာတည်သည်လည်း။ သုဝိမုတ္တံ စ၊ (ဆန့်ကျင်ဘက် နီဝရဏတို့မှ)ကောင်းစွာလွတ်မြောက်သည်လည်း။ ဟောတိ၊ ၏။ ကုဏ္ဍလိယ၊ ယ။ ဧဝံ၊ ဤသို့။ ဘာဝိတော ခေါ၊ ဖြစ်စေအပ်သော။ ဧဝံ၊ ဤသို့။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သော။ ဣန္ဒြိယသံဝရော၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်းသည်။ တီဏိ၊ ၃-ပါးကုန်သော။ သုစရိတာနိ၊ သုစရိုက်တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။

ကုဏ္ဍလိယ၊ ယ။ ကထံ၊ အဘယ်သို့။ ဘာဝိတာနိ စ၊ ဖြစ်စေအပ်ကုန်သော။ ကထံ၊ အဘယ်သို့။ ဗဟုလီကတာနိ၊ အကြိမ်များစွာ ပြုအပ်ကုန်သော။ တီဏိ၊ ၃-ပါးကုန်သော။ သုစရိတာနိ၊ သုစရိုက်တို့သည်။ စတ္တာရော၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။ ကုဏ္ဍလိယ၊ ယ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့် မကောင်းသောအကျင့် 'ကာယဒုစ္စရိုက်'ကို။ ပဟာယ၊ ပယ်၍။ ကာယသုစရိတံ၊ ကိုယ်ဖြင့် ကောင်းသောအကျင့် 'ကာယသုစရိုက်'ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့် မကောင်းသောအကျင့် 'ဝစီဒုစ္စရိုက်'ကို။ ပဟာယ၊ ပယ်၍။ ဝစီသုစရိတံ၊ နှုတ်ဖြင့် ကောင်းသောအကျင့် 'ဝစီသုစရိုက်'ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ မနောဒုစ္စရိတံ၊ စိတ်ဖြင့် မကောင်းသောအကျင့် 'မနောဒုစ္စရိုက်'ကို။ ပဟာယ၊ ပယ်၍။ မနောသုစရိတံ၊ စိတ်ဖြင့် ကောင်းသောအကျင့် 'မနောသုစရိုက်'ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ ကုဏ္ဍလိယ၊ ယ။ ဧဝံ၊ သို့။ ဘာဝိတာနိ ခေါ၊ ကုန်သော။ ဧဝံ၊ သို့။ ဗဟုလီကတာနိ၊ ကုန်သော။ တီဏိ၊ ကုန်သော။ သုစရိတာနိ၊ တို့သည်။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။

ကုဏ္ဍလိယ၊ ယ။ ကထံ၊ အဘယ်သို့။ ဘာဝိတာ စ၊ ဖြစ်စေအပ်ကုန်သော။ ကထံ၊ အဘယ်သို့။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သော။ စတ္တာရော၊ ၄ ပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ သတ္တ၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။ ကုဏ္ဍလိယ၊ ယ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ဆင်ခြင်တတ်သော ပညာရှိသည်ဖြစ်၍။ သတိမာ၊ သိမ်းဆည်းတတ်သော သတိရှိသည်ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓ လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ သူများစည်းစိမ်ကို ကြံစည်ခြင်း နှလုံးမသာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ပ။ ဝေဒနာသု၊ လောကီဝေဒနာတို့၌။ပ။ စိတ္တေ၊ လောကီစိတ်၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ဥပါဒါနက္ခန္ဓလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။

ဝိနေယျ၊ ၍။ ဓမ္မေသု၊ လောကီတရားတို့၌။ ဓမ္မာနုပဿီ၊ လောကီတရားဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကုဏ္ဍလိယ၊ ယ။ ဧဝံ၊ သို့။ ဘာဝိတာ ခေါ၊ ကုန်သော။ ဧဝံ၊ သို့။ ဗဟုလီကတာ၊ ကုန်သော။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနာ၊ တို့သည်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။

ကုဏ္ဍလိယ၊ ယ။ ကထံ၊ သို့။ ဘာဝိတာ စ၊ ကုန်သော။ ကထံ၊ သို့။ ဗဟုလီကတာ၊ ကုန်သော။ သတ္တ၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ ဝိဇ္ဇာဝိမုတ္တိံ၊ နိဗ္ဗာန်ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။ ကုဏ္ဍလိယ၊ ယ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ဝိဝေကကိုမှီသော။ ဝိရာဂနိဿိတံ၊ ဝိရာဂကိုမှီသော။ နိရောဓနိဿိတံ၊ နိရောဓကိုမှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကိုစွန့်ခြင်း နိဗ္ဗာန်သို့ ပြေးဝင်ခြင်းငှါ ရင့်ကျက်ဆဲ ရင့်ကျက်ပြီး ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ ကုဏ္ဍလိယ၊ ယ။ ဧဝံ၊ သို့။ ဘာဝိတာ ခေါ၊ ကုန်သော။ ဧဝံ၊ သို့။ ဗဟုလီကတာ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဝိဇ္ဇာဝိမုတ္တိံ၊ နိဗ္ဗာန်ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မိန့်တော်မူအပ်သည်ရှိသော်။ ကုဏ္ဍလိယော၊ ကုဏ္ဍလိယအမည်ရှိသော။ ပရိဗ္ဗာဇကော၊ ပရိဗိုဇ်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်သက်အပ်ပေစွ။ ဘော ဂေါတမ၊ မ။ အဘိက္ကန္တံ၊ စွ။ ဘော ဂေါတမ၊ မ။ နိက္ကုဇ္ဇိတံ၊ မှောက်ထားအပ်သော ဝတ္ထုကို။ ဥက္ကုဇ္ဇေယျ သေယျထာပိ ဝါ၊ လှန်ထားရာသကဲ့သို့၎င်း။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်သော ဝတ္ထုကို။ ဝိဝရေယျ သေယျထာပိ ဝါ၊ ဖွင့်ပြရာသကဲ့သို့၎င်း။ မူဠှဿ၊ ခရီး၌ တွေဝေသောသူအား။ မဂ္ဂံ၊ လမ်းခရီးကို။ အာစိက္ခေယျ သေယျထာပိ ဝါ၊ ပြောကြားရာသကဲ့သို့၎င်း။ အန္ဓကာရေ၊ အမိုက်မှောင်၌။ တေလပဇ္ဇောတံ၊ ဆီမီးရောင်ကို။ 'စက္ခုမန္တော၊ မျက်စိအမြင်ရှိသူတို့သည်။ ရူပါနိ၊ အဆင်းတို့ကို။ ဒက္ခန္တိ၊ မြင်နိုင်ကုန်၏' ဟု နှလုံးပြု၍။ ဓာရေယျ သေယျထာပိ ဝါ၊ ညှိထွန်းရာသကဲ့သို့၎င်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘောတာ ဂေါတမေန၊ အရှင်ဂေါတမသည်။ အနေကပရိယာယေန၊ များစွာသော အကြောင်းအားဖြင့်။ ဓမ္မော၊ တရားကို။ ပကာသိတော၊ ပြတော်မူအပ်ပြီ။ သောဟံ၊ ထိုတပည့်တော်သည်။ ဘဂဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကို၎င်း။ ဓမ္မဉ္စ၊ တရားတော်ကို၎င်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်ကို၎င်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ မံ၊ တပည့်တော်ကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ (ဓာရေတု၌ စပ်။) ပါဏုပေတံ၊ အသက်တို့ဖြင့် ဆည်းကပ်သည်ဖြစ်၍။ ဝါ၊ အသက်ရှည်သမျှကာလပတ်လုံး ဆည်းကပ်သည်ဖြစ်၍။ သရဏဂတံ၊ ကိုးကွယ်ရာဟု အသိအမှတ်ပြုသော။ (ပါဏုပေတံ သရဏံ ဂတံ အဆုံးအဖြတ်ကို မ-နိ ၃-၆၃ ရှုပါ။) ဥပါသကံ၊ ဥပါသကာဟူ၍။ ဓာရေတု ဣတိ၊ မှတ်တော်မူပါဘုရား" ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ ဣတိ၊ ဤသို့။ သုတံ၊ ကြားအပ်ပြီ။ ပါ၊ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ကုဋာဂါရသုတ်

၁၈၈။ ဘိက္ခဝေ၊ တို့၊ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာသော်ကား။ ကူဋာဂါရဿ၊ အထွဋ်တပ်သောအိမ်၏။ ယာ ကာစိ ဂေါပါနသိယော၊ အကြင် အခြင်ယနယ်တို့သည်။ (သန္တိ၊ ရှိကုန်၏။) သဗ္ဗာ၊ အလုံးစုံကုန်သော။ တာ၊ ထိုအခြင်ယနယ်တို့သည်။ ကူဋနိန္နာ၊ အထွဋ်သို့ညွတ်ကုန်သည်။ ကူဋပေါဏာ၊ အထွဋ်သို့ကိုင်းကုန်သည်။ ကူဋပဗ္ဘာရာ၊ အထွဋ်သို့ ရှိုင်းကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ သတ္တ၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ ဘာဝေန္တော၊ ဖြစ်စေသည်ရှိသော်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဗဟုလီကရောန္တော၊ အကြိမ်များစွာပြုသည်ရှိသော်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ညွတ်သည်။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ရှိုင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ သည်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဘာဝေန္တော၊ ဖြစ်စေသည်ရှိသော်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဗဟုလီကရောန္တော၊ အကြိမ်များစွာပြုသည်ရှိသော်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာနပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့၊ ဣဓ၊ ဤသာသနာတော်၌သာလျှင်။ ဘိက္ခု၊ သည်။ ဝိဝေကနိဿိတံ၊ သော။ ဝိရာဂနိဿိတံ၊ သော။ နိရောဓနိဿိတံ၊ သော။ ဝေါဿဂ္ဂပရိဏာမိံ၊ သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ပ။ ဝိဝေကနိဿိတံ၊ သော။ ဝိရာဂနိဿိတံ၊ သော။ နိရောဓနိဿိတံ၊ သော။ ဝေါဿဂ္ဂပရိဏာမိံ၊ သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ သည်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဘာဝေန္တော၊ သော်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဗဟုလီကရောန္တော၊ သော်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာနပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဥပဝါနသုတ်

၁၈၉။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌၊ အာယသ္မာ စ ဥပဝါနော၊ အရှင်ဥပဝါနသည်၎င်း။ အာယသ္မာ စ သာရိပုတ္တော၊ အရှင်သာရိပုတြာသည်၎င်း။ ကောသမ္ဗိယံ၊ ကောသမ္ဗီမြို့၌။ ဃောသိတာရာမေ၊ ဃောသိတာရုံကျောင်း၌။ ဝိဟရန္တိ၊ သီတင်းသုံးနေထိုင်ကြကုန်၏။ အထ ခေါ၊ ထို အခါ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ သာယနှသမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ တပါးတည်း ကိန်းအောင်းရာမှ။ ဝုဋ္ဌိတော၊ ထတော်မူသည်ရှိသော်။ ယေန၊ အကြင်အရပ်၌။ အာယသ္မာ ဥပဝါနော၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ အာယသ္မတာ ဥပဝါနေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ သမ္မောဒိ၊ ပြီ။ သမ္မောဒနီယံ၊ သော။ သာရဏီယံ၊ သော။ ကထံ၊ ကို။ ဝီတိသာရေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတြာသည်။ အာယသ္မန္တံ ဥပဝါနံ၊ ကို။ "အာဝုသော ဥပဝါန၊ ငါ့ရှင်ဥပဝါန။ ဘိက္ခု၊ ရဟန်းသည်။ ပစ္စတ္တံ၊ ကိုယ်တိုင်သာလျှင်။ (ပစ္စတ္တန္တိ အတ္တနာဝ။ ၌။ ပစ္စတ္တန္တိ ကရဏနိဒ္ဒေသော အယံ။ ဋီ။) ယောနိသောမနသိကာရာ၊ အကြောင်းအားဖြင့် နှလုံးသွင်းခြင်းကြောင့်။ 'မေ၊ ငါသည်။ ဧဝံ၊ ဤသို့။ သုသမာရဒ္ဓါ၊ ကောင်းစွာဖြစ်စေအပ်သော။ သတ္တ၊ ၇-ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေရခြင်း

အကျိုးငှါ။ သံဝတ္တန္တီတိ၊ ဖြစ်ကုန်၏ဟု။ ဧဝနေယျ နု ခေါ်တိ၊ သိနိုင်သလော” ဟူသော။ ဇော၊ ဤစကားကို။ အဝေါစ၊ ပြောဆိုပြီ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတြာ။ ဘိက္ခု၊ သည်။ ပစ္စတ္တံ၊ ကိုယ်တိုင်သာလျှင်။ ယောနိသောမနသိကာရာ၊ ကြောင့်။ ‘မေ၊ ငါသည်။ ဇော၊ ဤသို့။ သုသမာရဒ္ဓါ၊ သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဖာသုဝိဟာရာယ၊ ငှါ။ သံဝတ္တန္တီတိ၊ ဖြစ်ကုန်၏ဟု။ ဧဝနေယျ ခေါ်၊ သိနိုင်သည်သာတည်း။

အာဝုသော၊ ငါ့ရှင် (သာရိပုတြာ)။ ဘိက္ခု၊ ရဟန်းသည်။ သတိသမ္ဗောဇ္ဈင်္ဂ ခေါ်၊ ကို။ အာရဒ္ဓမာနော၊ဖြစ်စေသည်ရှိသော်[1]။ “မေ၊ ငါ၏။ စိတ္တဉ္စ၊ စိတ်သည်လည်း။ သုဝိမုတ္တံ၊(ကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် နီဝရဏတို့မှ) ကောင်းစွာ လွတ်မြောက်ပြီ။ မေ၊ ငါသည်။ ထိနမိဒ္ဓဉ္စ၊ ထိနမိဒ္ဓကိုလည်း။ သုသမူဟတံ၊ ကောင်းစွာပယ်နုတ်အပ်ပြီ။ မေ၊ ငါသည်။ ဥဒ္ဓစ္စကုက္ကုစ္စဉ္စ၊ ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း။ သုပ္ပဋိဝိနီတံ၊ ကောင်းစွာပယ်ဖျောက်အပ်ပြီ။ မေ၊ ငါသည်။ ဝီရိယံ စ၊ ဝီရိယကိုလည်း။ အာရဒ္ဓံ၊ ဖြစ်စေအပ်ပြီ။ အဋ္ဌိံကတွာ၊ ဘာဝနာမနသိကာရကို အမြတ်ပြု၍[2]။ မနသိကရောမိ၊ နှလုံးသွင်း၏။ လီနံ၊ တွန့်ဆုတ်သည်ကို။(ကတွာ၊ ပြု၍။)နော စ မနသိကရောမီတိ၊ နှလုံးမသွင်း” ဟူ၍။ ပဇာနာတိ၊ ပိုင်ပိုင်နိုင်နိုင်သိ၏။ ပ။ အာဝုသော၊ ငါ့ရှင် (သာရိပုတြာ)။ ဘိက္ခု၊ သည်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂ၊ ကို။ အာရဒ္ဓမာနော၊ သော်။ “မေ၊ ငါ၏။ စိတ္တဉ္စ၊ စိတ်သည်လည်း။ သုဝိမုတ္တံ၊ (ကမ္မဋ္ဌာန်းကိုနှလုံးသွင်းသဖြင့် နီဝရဏတို့မှ)ကောင်းစွာလွတ်မြောက်ပြီ။ မေ၊ ငါသည်။ ထိနမိဒ္ဓဉ္စ၊ ထိနမိဒ္ဓကိုလည်း။ သုသမူဟတံ၊ ကောင်းစွာပယ်နုတ်အပ်ပြီ။ မေ၊ ငါသည်။ ဥဒ္ဓစ္စကုက္ကုစ္စဉ္စ၊ ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း။ သုပ္ပဋိဝိနီတံ၊ ကောင်းစွာပယ်ဖျောက်အပ်ပြီ။ မေ၊ ငါသည်။ ဝီရိယံ စ၊ ဝီရိယကိုလည်း။ အာရဒ္ဓံ၊ ဖြစ်စေအပ်ပြီ။ အဋ္ဌိံကတွာ၊ ဘာဝနာမနသိကာရကို အမြတ်ပြု၍။ မနသိကရောမိ၊ နှလုံးသွင်း၏။ လီနံ၊ တွန့်ဆုတ်သည်ကို။ (ကတွာ၊ ပြု၍။) နော စ မနသိကရောမီတိ၊ နှလုံးမသွင်း” ဟူ၍။ ပဇာနာတိ၊ ပိုင်ပိုင်နိုင်နိုင်သိ၏။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတြာ။ ဘိက္ခု၊ သည်။ ပစ္စတ္တံ၊ ကိုယ်တိုင်သာလျှင်။ ယောနိသောမနသိကာရာ၊ ကြောင့်။ ‘မေ၊ ငါသည်။ ဇော၊ ဤသို့။ သုသမာရဒ္ဓါ၊ သော။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဖာသုဝိဟာရာယ၊ ငှါ။ သံဝတ္တန္တီတိ၊ ဖြစ်ကုန်၏ဟု။ ဧဝနေယျ ခေါ်၊ သိနိုင်သည်သာတည်း။ ဣတိ၊ ဤသို့ ပြောဆို၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ပဌမဥပ္ပန္နသုတ်

၁၉၀။ ဘိက္ခဝေ၊ တို့။ ဘာဝိတာ၊ ဖြစ်စေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သော။ အနုပ္ပန္နာ၊ ရှေး၌မဖြစ်ဘူးကုန်သော။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အရဟတော၊ ကိလေသာတို့မှ ကင်းဝေးတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပါတုဘာဝါ၊ ထင်ရှားစွာဖြစ်ပေါ်တော်မူခြင်းမှ။ အညတြ၊ ကြဉ်၍။ ဝါ၊ တပါးသောအခါ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်နိုင်ကုန်[3]။ ကတမေ-သတ္တ၊ အဘယ် ခုနစ်ပါးတို့နည်း။

၁။ အာရဒ္ဓမာနောတိ ကုရုမာနော-ယေဝ ၊ ဋ္ဌ။ ကုရုမာနော-ယေဝါတိ ဥပ္ပါဒယမာနော ဧဝ ။ ဋီ။
၂။ အဋ္ဌိံကတွာတိ အတ္ထံ ကရိတွာ။ ဋ္ဌ။ အတ္ထံ ကရိတွာတိ ဘာဝနာမနသိကာရံ ဥတ္တမံ ကတွာ။ ဋီ။
၃။ တထာဂတဿ ပါတုဘာဝါတိအာဒီနာ ဗုဒ္ဓုပ္ပါဒကာလေ ဧဝ ဗောဇ္ဈင်္ဂရတနပဋိလာဘောတိ ဒဿေတိ။ ဋီ။

သတိသမ္ဗောဇ္ဈင်္ဂေါ၊ ၎င်း။ ပ ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ၎င်းတည်း။ ဘိက္ခဝေ၊ တို့။ ဘာဝိတာ၊ ပွားစေအပ်ကုန်သော။ ဗဟုလီကတာ၊ ကုန်သော။ အနုပ္ပန္နာ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေ ခေါ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အရဟတော၊ သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သော။ တထာဂတဿ၊ ၏။ ပါတုဘာဝါ၊ မှ။ အညတြ၊ ၍။ ဝါ၊ ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဒုတိယဥပ္ပန္နသုတ်

၁၉၁။ (သုဂတဝိနယာ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မှ။ အညတြ၊ တပါးသော အခါ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်နိုင်ကုန်။ ဤမျှသာ ထူး၏။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ပဌမော၊ ရှေးဦးစွာသော။ ပဗ္ဗတဝဂ္ဂေါ၊ ပဗ္ဗတဝဂ်တည်း။

တဿ၊ ထိုပဗ္ဗတဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ဟိမဝန္တံ၊ ဟိမဝန္တသုတ်၎င်း။ ကာယံ၊ ကာယသုတ်၎င်း။ သီလံ၊ သီလသုတ်၎င်း။ ဝတ္တံ၊ ဝတ္တသုတ်၎င်း။ ဘိက္ခု စ၊ ဘိက္ခုသုတ်၎င်း။ ကုဏ္ဍလိ၊ ကုဏ္ဍလိယသုတ်၎င်း။ ကူဋဉ္စ၊ ကူဋာဂါရသုတ်၎င်း။ ဥပဝါနဉ္စ၊ ဥပဝါနသုတ်၎င်း။ အပရေ၊ တပါးကုန်သော။ ဒွေ၊ နှစ်သုတ်ကုန်သော။ ဥပ္ပန္နာ၊ ပဌမ ဥပ္ပန္နသုတ်, ဒုတိယ ဥပ္ပန္နသုတ်တို့ ၎င်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၂-ဂိလာနဝဂ်

### ၁-ပါဏသုတ်

၁၉၂။ ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာကား။ ယေ ကေစိ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣရိယာပထေ၊ ဣရိယာပုထ်တို့ကို။ ကပ္ပေန္တိ၊ ပြုကြကုန်၏။ ကာလေန၊ သွားသင့်သောအခါ၌။ ဂမနံ၊ သွားခြင်းကို။ (ကပ္ပေန္တိ၊ ပြုကြကုန်၏။) ကာလေန၊ ရပ်သင့်သောအခါ၌။ ဌာနံ၊ ရပ်ခြင်းကို။ ကာလေန၊ ထိုင်သင့်သော အခါ၌။ နိသဇ္ဇံ၊ ထိုင်ခြင်းကို။ ကာလေန၊ အိပ်သင့်သောအခါ၌။ သေယ္ယံ၊ အိပ်ခြင်းကို။ (ကပ္ပေန္တိ၊ ပြုကြကုန်၏။) သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုသတ္တဝါတို့သည်။ ပထဝိံ၊ မြေကို။ နိဿာယ၊ အမှီပြု၍။ ပထဝိယံ၊ မြေပေါ်၌။ ပတိဋ္ဌာယ၊ တည်၍။ (ကပ္ပေန္တိ၊ ပြုကြရကုန်၏။) ဧဝံ၊ ဤသို့။ ဧဝ၊ ဤသတ္တဝါတို့သည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣရိယာပထေ၊ ဣရိယာပုထ်တို့ကို။ ကပ္ပေန္တိ၊ ပြုကြကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ သီလံ၊ စတုပါရိသုဒ္ဓိသီလကို။ နိဿာယ၊ အမှီပြု၍။ သီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ တည်၍။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဗဟုလီကရောတိ၊ အကြိမ်များစွာပြု၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊

သို့လျှင်။ ဘိက္ခု၊ သည်။ သီလံ၊ စတုပါရိသုဒ္ဓိသီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ တည်၍။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဘာဝေတိ၊ နည်း။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဗဟုလီကရောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌ သာလျှင်။ ဘိက္ခု၊ သည်။ ဝိဝေကနိဿိတံ၊ သော။ ဝိရာဂနိဿိတံ၊ သော။ နိရောဓနိဿိတံ၊ သော။ ဝေါဿဂ္ဂပရိဏာမိံ၊ သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ပ။ ဝိဝေကနိဿိတံ၊ သော။ ဝိရာဂနိဿိတံ၊ သော။ နိရောဓနိဿိတံ၊ သော။ ဝေါဿဂ္ဂပရိဏာမိံ၊ သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ ဘိက္ခု၊ သည်။ သီလံ၊ ကို။ နိဿာယ၊ ၍။ သီလေ၊ ၌။ ပတိဋ္ဌာယ၊ ၍။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဘာဝေတိ၊ ၏။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဗဟုလီကရောတိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂ - ၃ - ပဌမသူရိယူပမသုတ် ဒုတိယသူရိယူပမသုတ်

၁၉၃ - ၁၉၄။ ( ဤသုတ်တို့၌ မဂ္ဂသံယုတ် ၆-သူရိယပေယျာလဝဂ်, ၁-ကလျာဏမိတ္တသုတ်နှင့် ၇-ယောနိသောမနသိကာရ သမ္ပဒါသုတ်တို့နှင့် တူ၏။ မဂ္ဂနှင့် ဗောဇ္ဈင် ပြောင်းလွှဲသည်သာ ထူး၏။)

ဂတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ပဌမဂိလာနသုတ်

၁၉၅။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်မြို့၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အာယသ္မာ မဟာကဿပေါ၊ အရှင်မဟာကဿပသည်။ ပိပ္ပလိဂုဟာယံ၊ ပိပ္ပလိဂူ၌။ အာဗာဓိကော၊ (အအေးအနည်းငယ်ပတ်သော) ဖျားနာရှိသည်ဖြစ်၍[၁]။ ဒုက္ခိတော၊ ဖြစ်သောဆင်းရဲရှိသည်ဖြစ်၍။ ဗာဠ္ဟဂိလာနော၊ ပြင်းစွာသော ဖျားနာရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ တပါးတည်း ကိန်းအောင်းရာမှ။ ဝုဋ္ဌိတော၊ ထတော်မူသည်ရှိသော်။ ယေန၊ အကြင်အရပ်၌။ အာယသ္မာ မဟာကဿပေါ၊ အရှင်မဟာကဿပသည်။ (အတ္ထိ၊ ရှိ၏။) တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းထားအပ်ပြီးသော။ အာသနေ၊

၁။ ဣမေသံ ပန တိဏ္ဏန္နမ္ပိ ဇနာနံ ပဗ္ဗတပါဒေ ပုပ္ဖိတဝိသရုက္ခဝါတသမ္ဖဿေန ဥပ္ပန္နော မန္ဒသီတဇရော အာဗာဓောတိ ဝေဒိတဗ္ဗော။ ဋ္ဌ၊

ဝိသရုက္ခဝါတသမ္ဖဿေန [illegible] သီတဇရော။ ဋီ။

အာဗာဓိကော၌ [illegible] ခြေဖြဲ့အပွင့်ပွင့်သော [illegible] ကြောင့်ဖြစ်သည့် နုံးညံ့သော အနည်းငယ်မျှဖြစ်သော [illegible] ကို ယူ၍ အရှင်မဟာကဿပနှင့် [illegible] ဖြစ်သက်ဲ့သို့ ဆိုလတ္တံ့။ သုတ် ၂-သုတ်အရ အရှင်မောဂ္ဂလ္လာန်, ဘုရားရှင်တို့၌လည်း ဖြစ်[illegible]။

နေရာ၌ [၁]။ နိသီဒိ၊ ထိုင်နေတော်မူပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နိသဇ္ဇ ခေါ၊ ထိုင်နေတော်မူပြီး၍။ အာယသ္မန္တံ မဟာကဿပံ၊ ကို။ "ကဿပ၊ ကဿပ။ တေ၊ သင်သည်။ ခမနီယံ ကစ္စိ၊ ဆင်းရဲကို သည်းခံနိုင်၏လော။ ယာပနီယံ ကစ္စိ၊ ဣရိယာပုထ်ကို ဖြစ်စေနိုင်၏လော။ (ခမနီယံ ယာပနီယန္တိ ကစ္စိ ဒုက္ခံ ခမိတုံ ဣရိယာပထံ ဝါ ယာပေတုံ သက္ကာတိ ပုစ္ဆတိ။ သံ-ဋ္ဌ ၂-၂၇၈။) ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာ အနာရောဂါ တို့သည်။ ပဋိက္ကမန္တိ ကစ္စိ၊ နောက်သို့ ဆုတ်ကုန်၏လော။ နော အဘိက္ကမန္တိ ကစ္စိ၊ ရှေ့သို့ မတိုးကုန်၏လော။ အာသာနံ၊ ထိုဝေဒနာတို့၏။ (သဒ္ဒနီတိ၌ သာနံ ဟု ပုဒ်စီရင်၏။ ၎င်းဝိနိစ္ဆယကို ခန္ဓသံ-နိဿယစာပိုဒ် ၇၇-၌။) ပဋိက္ကမော၊ နောက်သို့ဆုတ်ခြင်းကို။ (ပဋိက္ကမောသာနန္တိ ပဋိက္ကမော တေသံ။ သံ-ဋ္ဌ ၂-၂၇၈။) ပညာယတိ ကစ္စိ၊ သိအပ်၏လော။ နော အဘိက္ကမော၊ ရှေ့သို့မတိုးခြင်းကို။ ပညာယတိ ကစ္စိတိ၊ သိအပ်၏လော" ဟူသော။ တေ၊ ကို။ အဝေါစ၊ ပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ မေ၊ တပည့်တော်သည်။ န ခမနီယံ၊ ဆင်းရဲကို သည်းမခံနိုင်ပါ။ န ယာပနီယံ၊ ဣရိယာပုထ်တို့ကို မဖြစ်စေနိုင်ပါ။ မေ၊ တပည့်တော်၏။ ဗာဠှာ၊ ကြီးမားကုန်သော။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာ အနာရောဂါတို့သည်။ အဘိက္ကမန္တိ၊ ရှေ့သို့ တိုးကုန်၏။ နော ပဋိက္ကမန္တိ၊ နောက်သို့ မဆုတ်ကုန်။ အာသာနံ၊ ထို ဝေဒနာတို့၏။ အဘိက္ကမော၊ ရှေ့သို့တိုးခြင်းကို။ ပညာယတိ၊ သိအပ်၏။ နော ပဋိက္ကမော၊ နောက်သို့ မဆုတ်ခြင်းကို။ ပညာယတိ၊ သိအပ်၏။ ဣတိ၊ ဤသို့ လျှောက်၏။

ကဿပ၊ ကဿပ။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ်ကုန်သော။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တို့သည်။ ဘာဝိတာ၊ ဖြစ်စေအပ်ကုန်သည် ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ ခန္ဓာဇာတ်သိမ်း အေးငြိမ်းခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ သတ္တ၊ အဘယ် ၇-ပါးတို့နည်း။ ကဿပ၊ ကဿပ။ မယာ၊ သည်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်သော။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ၊ သတိသမ္ဗောဇ္ဈင်သည်မူ။ ဘာဝိတော၊ ဖြစ်စေအပ်သည် ရှိသော်။ ဗဟုလီကတော၊ အကြိမ် များစွာပြုအပ်သည် ရှိသော်။ အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ကဿပ၊ ကဿပ။ မယာ၊ သည်။ သမ္မဒက္ခာတော၊ သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘာဝိတော၊ သော်။ ဗဟုလီကတော၊ သော်။ အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တတိ၊ ၏။ ကဿပ၊ ကဿပ။ မယာ၊ သည်။ သမ္မဒက္ခာတာ၊ ကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဘာဝိတာ၊ ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကုန်သည်ရှိသော်။ အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရား။ တဂ္ဃ၊ စင်စစ်အားဖြင့်။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ (အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။) သုဂတ၊ မြတ်စွာဘုရား။ တဂ္ဃ၊ အားဖြင့်။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ (အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။) ဣတိ၊ ဤသို့ လျှောက်၏။

---

၁။ ဗုဒ္ဓကာလသို့" ဟိ ဇေဿပိ ဘိက္ခုနော ဝသနဋ္ဌာနေ "သစေ သတ္ထာ အာဂစ္ဆိဿတိ၊ ဣဓ နိသီဒိဿတီ"တိ အာသနံ ပညတ္တမေဝ ဟောတိ အန္တမသော ဖလကမတ္တမ္ပိ ပဏ္ဏသန္ထာရမတ္တမ္ပိ။ သံ-ဋ္ဌ ၂-၂၇၈။ ဘုရားလက်ထက်က ရဟန်းများ၏ နေထိုင်ရာအရပ်၌ ဘုရားကြွလာလျှင် ထိုင်ဘို့ရာ အယုတ်သဖြင့် ပျဉ်ချပ် ဖြစ်စေ သစ်ရွက်ခင်း ဖြစ်စေ ခင်းထားအပ်လေသည်။ သို့ဖြစ်၍ "ပညတ္တေ အာသနေ" ဟု မိန့်သည်။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤတရားစကားကို။ အဝေါစ၊ ဟောတော်မူပြီ။ အာယသ္မာ မဟာကဿပေါ၊ အရှင်မဟာကဿပသည်။ အတ္တမနော၊ ပီတိသုခတို့ဖြင့် ယူအပ်သော စိတ်ရှိသည်ဖြစ်၍။ (ဝမ်းမြောက်သည်ဖြစ်၍ ဟူလို။) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ တရားစကားကို။ အဘိနန္ဒိ၊ နှစ်သက်ကြည်ဖြူ ခံယူတော်မူပြီ။ အာယသ္မာ မဟာကဿပေါ၊ သည်။ တမှာ အာဗာဓာ၊ ထို(အအေးအနည်းငယ်ပတ်သော) ဖျားနာမှု။ ဝုဋ္ဌာဟိ စ၊ ထလည်း ထတော်မူပြီ။ အာယသ္မတော မဟာကဿပဿ၊ အရှင်မဟာကဿပ၏။ သော အာဗာဓော၊ ထို (အအေးအနည်းငယ်ပတ်သော) ဖျားနာသည်။ တထာပဟီနော စ၊ ထိုဗောဇ္ဈင် ၇-ပါး မြတ်တရားကို နာကြားခြင်းဖြင့် ကင်းပျောက်သည်လည်း။ အဟောသိ၊ ဖြစ်ပြီ ႋ။ ဂူတိ၊ သို့။ သုတံ၊ ပြီ။

စတုတ္ထံ၊ လေးခုမြောက်သော သုတ်တည်း။

## ၅-ဒုတိယဂိလာနသုတ်

၁၉၆။ (ဤသုတ်၌ မထူးပြီ။ ပဌမဂိလာနသုတ်နှင့် တူ၏။ အရှင်မဟာကဿပနှင့် အရှင်မဟာ မောဂ္ဂလ္လာန် ပြောင်းလွှဲရုံမျှသာ ထူး၏။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-တတိယဂိလာနသုတ်

၁၉၇။ (ဤသုတ်၌လည်း နိဒါန်းနှင့် နိဂုံး အနည်းငယ်စီမျှထူး၍ အရှင်စုန္ဒက ဘုရားရှင်အား ဗောဇ္ဈင်တရားကို ရွတ်ပြသည်သာ ထူး၏။ နိဒါန်း၌—ဧကံ သမယံ၊ ထိုအခါ၌။ပ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာယသ္မန္တံ စုန္ဒံ၊ အရှင်စုန္ဒကို။ "စုန္ဒ၊ စုန္ဒ။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ တံ၊ သင့်ကို။ ပဋိဘန္တု၊ စွဲ၍။ ဘဏ္ဍတိ၊ ထင်ရှားစေကုန်လော" ဟူသော။ ဇေ၊ ကို။ အဝေါစ၊ မိန့်တော်မူပြီဟု ပေး။ ၎င်း ပဋိဘန္တုစသော ဝါကျအနက်ပေး ဝိနိစ္ဆယကို မ-နိ ၁-၁၅၊၃၁၊၃၁၉-ရှု။ နိဂုံး၌ သတ္ထာ၊ မြတ်စွာဘုရားသည်။ သမနုညော၊ ကောင်းစွာ ခွင့်ပြု(ကျေနပ် နှစ်သက်)တော်မူသည်[၂]။ အဟောသိ၊ ပြီ။ ဟုပေး။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

---

၁။ အရှင်မဟာကဿပမထေရ်သည် ဗောဇ္ဈင်တရားကို နာကြားနေစဉ် "ရဟန်းပြု၍ ၇-ရက်မြောက်လျှင် သစ္စာ ၄-ပါးကို သိမြင်သော (ရဟန္တာဖြစ်သော)ငါ့မှာ ဤဗောဇ္ဈင် ၇-ပါးတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်သည်"ဟု ကြံပြီးနောက် "ဘုရားရှင်၏သာသနာသည် ဝဋ်မှ ထွက်မြောက်ရာ ဖြစ်ပေစွ"ဟု အကြံဖြစ်သဖြင့် သွေးသားများ ကြည်လင်, ဥပါဒါရုပ်များ အထူးစင်ကြယ်လျက် ပိန်းကြာဖက်တွင် ရေပေါက်မတင်သကဲ့သို့ ခန္ဓာကိုယ်မှ အနာရောဂါ ကင်းစင်ကွာကျလေသည်။ ထို့ကြောင့် တထာပဟီနော စ စသည်ကို မိန့်တော်မူ၏ ဟူလို။

၂။ သမနုညော သတ္ထာ အဟောသီတိ တဿာ ဒေဝတာယ ဝစနံ စိတ္တေနေဝ သမနုမောဒိ၊ ကေဋ္ဌာသယော အဟောသိ။ သံ-ဋ္ဌ ၁-၁၉။ သမနုညောတိ သမ္မဒေဝ ကတာနုညော၊ တေနာဟ "ကေဋ္ဌာသယော အဟောသီ"တိ။ သံ-ဋီ ၁-၅၀။

သမနုညောဌ္ဌ သံ+အနု+ဉာ+ဏ္ဍိတည်း၊ သမ္မာ အနုဇာနာတီတိ သမနုညောဟု ပြု၊ ကောင်းစွာ ... ခံဘာ်မူသည်။ တူသော အလိုဆန္ဒရှိတော်မူသည် ဟူလို။

## ၇-ပါရင်္ဂမသုတ်

၁၉၈။ ဘိက္ခဝေ၊ တို့။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တို့သည်။ ဘာဝိတာ၊ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပွားအပ်ကုန်သည်ရှိသော်။ အပါရာ၊ ဤဘက်ကမ်း(ဝဋ္ဋ=သံသရာ)မှ။ ပါရံ၊ ဟိုဘက်ကမ်း(နိဗ္ဗာန်)သို့[၁]။ ဂမနာယ၊ ရောက်စေခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ သတ္တ၊ အဘယ် ၇-ပါးတို့နည်း။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ ၎င်း။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ၎င်းတည်း။ ဘိက္ခဝေ၊ တို့။ သတ္တ၊ ကုန်သော။ ဣမေ ခေါ ဗောဇ္ဈင်္ဂါ၊ တို့ကို။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ အပါရာ၊ ဤဘက်ကမ်း(ဝဋ္ဋ=သံသရာ)မှ။ ပါရံ၊ ဟိုဘက်ကမ်း(နိဗ္ဗာန်)သို့။ ဂမနာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။

"မနုဿေသု၊ လူတို့တွင်။ ယေ ဇနာ၊ အကြင်သူတို့သည်။ ပါရဂါမိနော၊ ဟိုဘက်ကမ်း(နိဗ္ဗာန်)သို့ရောက်ပြီး(အသေက္ခ)၊ရောက်ဆဲ(သေက္ခ)၊ရောက်လတ္တံ့(ကလျာဏပုထုဇဉ်)ဖြစ်ကုန်၏။ (ပါရဂါမိနောတိ ဧတ္ထ ကိတသဒ္ဒေါ တိကာလဝါစီ။ ဋီ။) တေ၊ ထိုရောက်ပြီး၊ရောက်ဆဲ၊ရောက်လတ္တံ့သူတို့သည်။ အပ္ပကာ၊ နည်းပါးကုန်၏။ အထ၊ ထို့ပြင်။ ဣတရာ၊ ဤမှတပါးသော။ အယံ ပဇာ၊ ဤသတ္တဝါ(အန္ဓပုထုဇဉ်)သည်။ တီရမေဝ၊ ဤဘက်ကမ်း(ဝဋ္ဋ=သံသရာ)သို့သာလျှင်။ အနုဓာဝတိ၊ အဖန်ဖန်ပြေးဝင်ကူးသွား၏။

ယေ စ ခေါ၊ အကြင်သူတို့သည်ကား။ သမ္မဒက္ခာတေ၊ ကောင်းစွာဟောကြားအပ်သော။ ဓမ္မေ၊ တရား၌။ ဓမ္မာနုဝတ္တိနော၊ တရားသို့ အစဉ်လိုက်၍ ကျင့်ကြကုန်၏။ တေ ဇနာ၊ ထိုသူတို့သည်။ သုဒုတ္တရံ၊ အလွန်ကူးမြောက်နိုင်ခဲသော။ မစ္စုဓေယျံ၊ သေမင်း၏ အာဏာထားအပ်ရာ (အာဏာပျံ့နှံ့ရာ) တေဘူမကဝဋ္ဋကို။ တရိတွာ၊ ကူးမြောက်ပြီး၍။ (မစ္စုဓေယျံ သုဒုတ္တရန္တိ မစ္စုနော ဌာနဘူတံ တေဘူမကဝဋ္ဋံ သုဒုတ္တရံ တရိတွာ။ အံ-ဋ္ဌ ၃-၃၃၇။) ပါရံ၊ ဟိုမှာဘက်ကမ်း(နိဗ္ဗာန်)သို့။ ဧဿန္တိ၊ ရောက်ကြကုန်လတ္တံ့။

ပဏ္ဍိတော၊ ပညာရှိသည်။ ကဏှံ ဓမ္မံ၊ စင်စစ်မည်းညစ်သော မကောင်းမှု 'အကုသိုလ်' တရားကို။ ဝိပ္ပဟာယ၊ ပယ်၍။ သုက္ကံ ဓမ္မံ၊ စင်စစ်ဖြူစင်သော ကောင်းမှု 'ကုသိုလ်' တရားကို။ ဘာဝေ၊ ဖြစ်စေရာ၏။ ဩကာ၊ မာရ် ၃-ပါးတို့၏ ဖြစ်ရာဝဋ္ဋမှ(လွတ်ရာဖြစ်သော)။ အနောကံ၊ မာရ် ၃-ပါးတို့၏ ဖြစ်ရာမဟုတ်သည့် နိဗ္ဗာန်ကို။ အာဂမ္မ၊ ရည်ရော်မှန်းထား၍။ ယတ္ထ ဝိဝေကေ၊ အကြင်ဆိတ်ငြိမ်ရာ 'ဝိဝေက'၌။ ဒူရမံ၊ မွေ့လျော်နိုင်ခဲ၏။ တတြ၊ ထိုဆိတ်ငြိမ်ရာ 'ဝိဝေက'၌။ အဘိရတိံ၊ အလွန်မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ ကာမေ၊ ကာမတို့ကို။ ဟိတွာ၊ စွန့်လွှတ်၍။ အကိဉ္စနော၊ ကြောင့်ကြမရှိပဲ။ စိတ္တက္လေသေဟိ၊ စိတ်ကိုညစ်ညူးစေတတ်ကုန်သော ဒုပိတ်အပင် 'နီဝရဏ'တို့မှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိယောဒပေယျ၊ ဖြူစင်စေရာ၏။

---

၁။ ပါရေတိ ဂမေတီတိ ပါရံ၊ နိဗ္ဗာနံ။ ပါရံ ဂစ္ဆတိ ဂမေတိ၊ ဗောဇ္ဈင်တရားရသူကို ရောက်စေတတ်၏။ ဣတိ၊ ကြောင့်။ ပါရံ၊ မည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

နတ္ထိ ပါရံ ဧတ္ထာတိ အပါရံ၊ သံသာရော။ ဧတ္ထ၊ ဤသံသရာ၌။ ပါရံ၊ ရောက်စေတတ်သောအဘောသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ အပါရံ၊ မည်၏။ သံသာရော၊ ... ... ဤနိဿယ ၃၄-စာမျက်နှာ ၄-ရှိ သာဓကကို ပြခဲ့ပြီ။

ယေသံ၊ အကြင်သူတို့သည်။ သမ္ဗောဓိယင်္ဂေသု၊ သမ္ဗောဓိ၏အကြောင်းဖြစ်ကုန်သော ဗောဇ္ဈင် ၇-ပါး မြတ်တရားတို့၌။ စိတ္တံ၊ စိတ်ကို။ သမ္မာ၊ ကောင်းစွာ။ သုဘာဝိတံ၊ ဖြစ်စေအပ်ပြီ။ ယေ၊ အကြင်သူတို့သည်။ အနုပါဒါယ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ အာဒါနပဋိနိဿဂ္ဂေ၊ အစွဲအလမ်းတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်၌။ ရတာ၊ မွေ့လျော်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ လောကေ၊ လောက၌။ ခီဏာသဝါ၊ ကုန်ပြီးသော ယိုစီးမှု 'အာသဝ' ရှိကြကုန်လျက်။ ဇုတိမန္တော၊ တန်ခိုးရှိကြကုန်ပြီးလျှင်။ ပရိနိဗ္ဗုတာတိ၊ နိဗ္ဗာန်ယူသိမ်း အေးငြိမ်းကြကုန်ပြီ"ဟူသော။ တော်၊ ကို။ အဝေါစ၊ ပြီ။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ဂ-ဝိရဒ္ဓသုတ်

ဘိက္ခဝေ၊ တို့။ နိရောဓသညာယ၊ ကို။ ဘာဝိတာယ၊ သော်။ ဗဟုလီကတာယ၊ သော်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သိမြင်အပ်သော ခန္ဓာတရား၌သာလျှင်။ (မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ သာလျှင်။) အညာ၊ အရဟတ္တဖိုလ်အကျိုးငှာ။ ဥပါဒိသေသေ၊ ဥပါဒါန်တစိတ်အကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ (အနာဂါမ်ပုဂ္ဂိုလ်အဖြစ်) အနာဂါမိဖိုလ်အကျိုးငှာ။ ဒွိန္နံ၊ ၂-မျိုးကုန်သော။ ဖလာနံ၊ အကျိုးတို့တွင်။ အညတရံ၊ တမျိုးမျိုးသော။ ဖလံ၊ အကျိုးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ (ကထံ ဘာဝိတာယ ဘိက္ခဝေ-မှ အနာဂါမိတာတိ-အထိ ပေးမြဲ။)

ဘိက္ခဝေ၊ တို့။ နိရောဓသညာ၊ သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ မဟတော၊ များစွာသော။ အတ္ထာယ၊ အကျိုးစီးပွါး၏ အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။ပ။ မဟတော၊ သော။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာ နေရခြင်း၏ အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

အဋ္ဌမော၊ သော။ နိရောဓဝဂ္ဂေါ၊ နိရောဓဝဂ်တည်း။

တဿ၊ ထိုနိရောဓဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

အသုဘ၊ အသုဘသုတ်။ မရဏ၊ မရဏသုတ်။ အာဟာရေပဋိကူလ၊ အာဟာရေပဋိ-
ကူလသုတ်။ အနဘိရတေန၊ အနဘိရတိသုတ်နှင့်။ အနိစ္စ၊ အနိစ္စသုတ်။ ဒုက္ခ၊ ဒုက္ခသုတ်။

---

၁။ ပဟာနသညာ ဝိရာဂသညာ ၂-ပါးသည် ပုဗ္ဗဘာဂဝိပဿနာတည်း။ နိရောဓသညာသည် မဂ္ဂနှင့် ပုဗ္ဗဘာဂဝိပဿနာတည်း။ ထို့ကြောင့် နိဗ္ဗာန်၌ဖြစ်သော နိဗ္ဗာန်၌ညွတ်သော ဟု ပေးခဲ့သည်။ ညွတ်သည်ကား ဥပသမာနုဿတိဘာဝနာနှင့် ယှဉ်၏။

၂၄၈-မှ ၂၅၆-ထိ ဤသုတ် ၂၂-၌ ပြအပ်သောကမ္မဋ္ဌာန်း ၂၀-တို့အနက် အဋ္ဌိကအစ အသုဘအထိ ၁၁-ပါး သည် အပ္ပနာ၊ ကျန် ၉-ပါး ဥပစာရဟု ဋီ-၌ ဆို၏၊ ၎င်းဥပစာရ, အပ္ပနာတို့မှ အရဟတ္တဖိုလ်သို့တက်သူ၏ ပုဗ္ဗဘာဂ ဝိပဿနာ ပင် ဗောဇ္ဈင်တို့ကို ဟောတော်မူ၏ဟူလို။

အနတ္တ၊ အနတ္တသုတ်။ ဝိရာဂနိရောဓေန၊ ဝိရာဂသုတ် နိရောဓသုတ်နှင့်။ ပဟာနံ၊ ပဟာန သုတ်ရှင်း။ တေ၊ ထိုသုတ်တို့သည်။ ဒသ၊ ၁၀-သုတ်တို့တည်း။ ဣတိ၊ ဤသည်တည်း။

### ၉-၁၈-ဂင်္ဂါပေယျာလဝဂ် ပုနဩဃဝဂ်

၂၅၈-၃၆၆။ (ဂင်္ဂါပေယျာလဝဂ် အစ ပုနဩဃဝဂ် အဆုံးရှိသော ၁၀-ဝဂ်တို့၌ ၁၀၈-သုတ်တို့၏ အနက်များကို မဂ္ဂသံယုတ်အတိုင်း သမ္ဗန်၊ မဂ္ဂင်ပါဠိနေရာ၌ ဗောဇ္ဈင်ပါဠိ လွှဲပြောင်းသည်သာ ထူး၏။)

# ဒုတိယံ၊ ၂-သံယုတ်မြောက်ဖြစ်သော။ ဗောဇ္ဈင်္ဂသံယုတ္တံ၊ ဗောဇ္ဈင်္ဂသံယုတ်တည်း။

# ၃-သတိပဋ္ဌာနသံယုတ်

## ၁-အမ္ဗပါလိဝဂ်

### ၁-အမ္ဗပါလိသုတ်

၃၆၇။ (ဣဒံ သုတ္တံ၊ ဤအမ္ဗပါလိသုတ်ကို။) မေ၊ တပည့်တော်အာနန္ဒာသည်။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရပါသည်။ ဧကံ သမယံ၊ တပါးသော အခါ၌။ ဘဂဝါ၊ သည်။ ဝေသာလိယံ၊ ဝေသာလီမြို့၌။ အမ္ဗပါလိဝနေ၊ အမ္ဗပါလိသရက်ဥယျာဉ်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ အိုရဟန်းတို့ဟု။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဒန္တေတိ၊ အရှင်ဘုရားဟု။ ဘဂဝတော၊ ဘုရားရှင်၏(စကားကို)။ ပစ္စဿောသုံ၊ တုံ့လှည့်နာခံကုန်ပြီ။ (ထူးကုန်ပြီဟူလို။)ဘဂဝါ၊ သည်—

ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ အကြင် ၄-ပါးကုန်သော သတိပဋ္ဌာန်တို့သည်။ (သန္တိ၊ ရှိကုန်၏။) အယံ၊ ဤ ၄-ပါးသော သတိပဋ္ဌာန်သည်။ (မဂ္ဂေါဟူသော နောက်ပုဒ်ကိုငဲ့၍ ကေဝုစ်ထားသည်။) သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းခြင်းငှါ။ ဉာယဿ၊ အရိယမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ဧကာယနော၊ တလမ်းတည်းသာဖြစ်သော(န ဒွေဓာပထဘူတော၊ ၂-ကိုထောက်၍ အဝဓာရဏ ဧဝ အကျေကြံသည်။) မဂ္ဂေါ၊ လမ်းတည်း။

စတ္တာရော၊ ၄-ပါးတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် ရှုဆင်ခြင်သည်ဖြစ်၍။ သတိမာ၊ သိမ်းဆည်းတတ်သော သတိရှိသည်ဖြစ်၍။ လောကေ၊ ရုပ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ သူ့များစည်းစိမ်ကို ကြံဖန်ခြင်း နှလုံးမသာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ (ကာယာနုပဿနာ သတိပဋ္ဌာန်။)

အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ဝေဒနာလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဝေဒနာသု၊ လောကီဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ လောကီဝေဒနာဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ (ဝေဒနာနုပဿနာ သတိပဋ္ဌာန်။)

အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ စိတ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ စိတ္တေ၊ လောကီစိတ်၌။ စိတ္တာနုပဿီ၊ လောကီစိတ်ဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ (စိတ္တာနုပဿနာ သတိပဋ္ဌာန်။)

အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ဓမ္မလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ လောကီတရားတို့၌။ ဓမ္မာနုပဿီ၊ လောကီတရားဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်။)

ဘိက္ခဝေ၊ တို့။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) အယံ၊ ဤ ၄-ပါးသော သတိပဋ္ဌာန်သည်။ သတ္တာနံ၊ တို့၏။ ဝိသုဒ္ဓိယာ၊ ငှါ။ သောကပရိဒေဝါနံ၊ တို့ကို။ သမတိက္ကမာယ၊ ငှါ။ ဒုက္ခဒေါမနဿာနံ၊ တို့၏။ အတ္ထင်္ဂမာယ၊ ငှါ။ ဉာယဿ၊ ကို။ အဓိဂမာယ၊ ငှါ။ နိဗ္ဗာနဿ၊ ကို။ သစ္ဆိကိရိယာယ၊ ငှါ။ ဧကာယနော၊ တလမ်းတည်းသာဖြစ်သော။ မဂ္ဂေါ၊ လမ်းတည်း။

ဘဂဝါ၊ သည်။ ဣဒံ၊ ဤတရားဒေသနာကို။ အဝေါစ၊ ဟောတော်မူပြီ။ တေ ဘိက္ခူ၊ ထို တရားနာရဟန်းတို့သည်။ အတ္တမနာ၊ ပီတိသုခတို့သည် ယူအပ်သောစိတ်ရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ တရားစကားကို။ အဘိနန္ဒုံ၊ လက်ခံကုန်ပြီ။ ဣတိ၊ ဤသို့။ သုတံ၊ ကြားလိုက်ရပါသည်။ ဝါ၊ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ပဌမံ၊ ရှေးဦးစွာသော သုတ်တည်း။

## ၂-သတိသုတ်

၃၆၈။ (ဧကံ သမယံမှ ပစ္စသောသုံတိုင် ပေးမြဲ။) ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ ရဟန်းသည်။ သတော၊ ကာယာနုပဿနာသတိစသည်ဖြင့် အောက်မေ့ရှုမှတ်သည်ဖြစ်၍။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် ရှုဆင်ခြင်သည်ဖြစ်၍။ ဝိဟရေယျ၊ နေရာ၏။ အယံ၊ ဤသည်ကား။ အမှာကံ၊ ငါဘုရားတို့၏။ ဝေါ၊ သင်တို့ကို။ အနုသာသနီ၊ ဆုံးမကြောင်း စကားတည်း။ (သင်တို့ကိုဆုံးမသော ငါဘုရားတို့၏ အဆုံးအမ ဩဝါဒဟူလို။) ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့။ ဘိက္ခု၊ သည်။ သတော၊ ကာယာနုပဿနာသတိစသည်ဖြင့် အောက်မေ့ရှုမှတ်သည်။ ဟောတိ၊ ဖြစ်သနည်း။ (ဣဓ ဘိက္ခဝေ စသည်ကို အဆိုပါ အမ္ဗပါလိသုတ်အတိုင်း ပေး။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့။ ဘိက္ခု၊ သည်။ သတော၊ သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ သို့။ ဘိက္ခု၊ သည်။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာ သိမြင် ရှုဆင်ခြင်သည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အဘိက္ကန္တေ၊ ရှေ့သို့တိုးလတ်သော်။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်လတ်သော်။ သမ္ပဇာနကာရီ၊ အသိဉာဏ် (သမ္ပဇဉ်) ဖြင့် (ကိစ္စအားလုံးကို) ပြုလေ့ရှိသည်။ (သမ္ပဇာနကာရီ၊ အသိဉာဏ်ကိုသာ အသုံးပြုလေ့ရှိသည်။ ၄-နည်း, သမ္ပဇာနကာရီ၊ အသိဉာဏ်ကိုသာ အသုံးပြုခြင်းရှိသည်။ ဤနည်းလည်း ပေးလေဦး။) ဟောတိ၊ ၏။ အာလောကိတေ၊ တည့်တည့်ကြည့်လတ်သော်။ ဝိလောကိတေ၊ စောင်းငဲ့ကြည့်လည်သော်။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ သမိဉ္ဇိတေ၊ ကွေးလတ်သော်။ ပသာရိတေ၊ ဆန့်လတ်သော်။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ သံဃာဋိပတ္တစီဝရဓာရဏေ၊ ဒုကုဋ် သပိတ် သင်္ကန်းတို့ကို သုံးဆောင်လတ်သော်။ (ပရိဘောဂေါ ဓာရဏံ နာမ။ ဋ္ဌ။) သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ အသိတေ၊ စားသော်ငင်း။ ပီတေ၊ သောက်သော်ငင်း။ ခါယိတေ၊ ခဲသော်ငင်း။ သာယိတေ၊ လျက်သော်ငင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီး ကျင်ငယ်စွန့်သော်။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဂတေ၊ သွားသော်ငင်း။ ဌိတေ၊ ရပ်သော်ငင်း။ နိသိန္နေ၊ ထိုင်သော်ငင်း။ သုတ္တေ၊ အိပ်သော်ငင်း။ (လှဲသော်ငင်း ဟူလို။) ဇာဂရိတေ၊ နိုးသော်ငင်း။ ဘာသိတေ၊ ပြောဆိုသော်ငင်း။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသော်ငင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့။ ဘိက္ခု၊ သည်။ သမ္ပဇာနော၊ သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ သတော၊ ၍။ သမ္ပဇာနော၊ ၍။ ဝိဟရေယျ။ နေရာ၏။ အယံ၊ ဤသည်ကား။ အမှာကံ၊ ငါဘုရားတို့၏။ ဝေါ၊ သင်တို့ကို။ အနုသာသနီ၊ ဆုံးမကြောင်းစကားတည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ဘိက္ခုသုတ်

၃၆၉။ ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ သည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့တော်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ အာရာမ်ဥယျာဉ်ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။ အထ ခေါ၊ ၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။)တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ သော ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ တောင်းပန်ပါ၏။ (ယမဟံဝါကျ သွား။) အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယံ ဓမ္မံ၊ အကြင်တရားကို။ သုတွာ၊ နာပြီး၍။ ဧကော၊ တပါးတည်းတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက်။ အပ္ပမတ္တော၊ မမေ့မလျော့သဲ။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေနိုင်သော လုံ့လရှိသည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ နေလို၏။ တံ ဓမ္မံ၊ ထိုတရားကို။ မေ၊ တပည့်တော်အား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဒေသေတု ဣတိ၊ ဟောတော်မူပါ"ဟူသော။ ဧဝံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားတောင်းပန်ပြီ။ ဝေမေဝ ပန၊ ဤသို့ချည်းသာလျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ၊ အချို့ကုန်သော။ မောဃပုရိသာ၊ အချည်းနှီး အသုံးမကျသော ယောကျ်ားတို့သည်။ မဉ္စေဝ၊ ငါဘုရားကိုသာလျှင်။ အဇ္ဈေသန္တိ၊ တောင်းပန်ရှိသာ တောင်းပန်ကုန်၏။ (အားမထုတ်ကုန် ဟူလို။) ဓမ္မေ စ၊ တရားကိုကား။ ဘာသိတေ၊ ဟောပြအပ်ပြီးသည်ရှိသော်။ မမေဝ၊ ငါဘုရားနောက်သို့သာလျှင်။ အနုဗန္ဓိတဗ္ဗံ၊ တကောက်ကောက်လိုက်နေထိုက်၏ဟု။ မညန္တိ၊ မှတ်ထင်ကြကုန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ ရား။ ဘဂဝါ၊ သည်။ မေ၊ အား။ ဓမ္မံ၊ ကို။ သံခိတ္တေန၊ အားဖြင့်။ ဒေသေတု၊ ပါ။ သုဂတော၊ မြတ်စွာဘုရားသည်။ ဓမ္မံ၊ ကို။ သံခိတ္တေန၊ အားဖြင့်။ ဒေသေတု၊ ပါ။ အဟံ၊ သည်။ ဘဂဝတော၊ ၏။ ဘာသိတဿ၊ တရားစကား၏။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ အပ္ပေဝနာမ ဇာနေယျံ၊ သိသော် သိရာ၏။ အဟံ၊ သည်။ ဘဂဝတော၊ ၏။ ဘာသိတဿ၊ ၏။ ဒါယာဒေါ၊ အမွေခံသည်။ (မင်္ဂဖိုလ်ရသူသည် ဟူလို။) အပ္ပေဝနာမ အဿံ၊ ဖြစ်သော် ဖြစ်ရာ၏။ ဣတိ၊ ဤသို့ လျှောက်ပြန်၏။ ဘိက္ခု၊ ရဟန်း။ တသ္မာ၊ ထိုသို့အကျဉ်းချုပ်တရားဟောရန် တောင်းပန်သောကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တွံ၊ သင်သည်။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အာဒိမေဝ၊ အစဆုံး တရားကိုသာလျှင်။ ဝိသောဓေဟိ၊ သုတ်သင်လော့။ (စင်ကြယ်စေလော့။) ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊ အစဆုံးတရားသည်။ ကော စ၊ အဘယ်နည်းဟူမူ။ သုဝိသုဒ္ဓံ၊ အလွန်အလွန် စင်ကြယ်သော။ သီလဉ္စ၊ သီလသည်ရှင်း။ ဥဇုကာ၊ ဖြောင့်မှန်သော။ ဒိဋ္ဌိ စ၊ ကမ္မဿကတာဒိဋ္ဌိသည်ရှင်းတည်း။ ဘိက္ခု၊ ရဟန်း။ ယတော ခေါ၊ အကြင်အခါ၌။ တေ၊ သင်၏။ သီလဉ္စ၊ သီလသည်လည်း။ သုဝိသုဒ္ဓံ၊ အလွန်အလွန် စင်ကြယ်သည်။ ဘဝိဿတိ၊ ဖြစ်လတ်အံ့။ ဒိဋ္ဌိ စ၊ ကမ္မဿကတာဒိဋ္ဌိသည်လည်း။ ဥဇုကာ၊

ဖြောင့်မှန်သည်။ ဘာဝိဿတိ၊ ဖြစ်လတ်အံ့။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တွံ၊ သည်။ သီလံ၊ သီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ စတ္တာရော၊ ၄-ပါး ကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တို့ကို။ တိဝိဓေန၊ ၃-ပါး အပြားရှိသော နည်းဖြင့်။ ဘာဝေယျာသိ၊ ဖြစ်စေဦးလော။ (ပွါးဦးလော။)

ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်းဟူမူ။ ဘိက္ခု၊ ရဟန်း။ ဣဓ၊ ဤသာသနာတော်၌။ တွံ၊ သင်သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာ-ဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ အဇ္ဈတ္တံ ဝါ၊ မိမိကိုယ်ကိုစွဲ၍လည်း ဖြစ်သော။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်ဖန်ရှုသည် ဖြစ်၍။ ဝိဟရာဟိ၊ နေလော့။ (ဗဟိဒ္ဓါ ဝါ၊ အပလည်းဖြစ်သော။ ကာယေ၊ ၌။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ၊ အတွင်းအပလည်း ဖြစ်သော။ ကာယေ၊ ၌-ဟု သမ္ဗန်။ ဤသို့ ကာယာနုပဿနာ၌ ၃-နည်းပွါး။)

(ဤနည်းတူ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာတို့၌ ၃-နည်းစီ ပွါး။ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ၃-ပုဒ်တို့၌လည်း ဝိသေသျ ရှု၍ ကေဝုစ် ဗဟုဝုစ် သမ္ဗန်ရုံသာ ထူး၏။ ယင်းပုဒ်တို့သည် နိပါတ်ပုဒ်များတည်း။)

ဘိက္ခု၊ ရဟန်း။ ယတော ခေါ၊ အကြင်အခါ၌။ တွံ၊ သည်။ သီလံ၊ ကို။ နိဿာယ၊ ၍။ သီလေ၊ ၌။ ပတိဋ္ဌာယ၊ ၍။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန် ၄-ပါးတို့ကို။ ဧဝံ၊ ဤသို့။ တိဝိဓေန၊ ၃-ပါး အပြားရှိသော နည်းဖြင့်။ ဘာဝေဿသိ၊ ဖြစ်စေလတ္တံ့။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တုယှံ၊ သင်၏။ (ဝုဍ္ဍိယေဝ၌ စပ်။) ယာ ရတ္တိ ဝါ၊ အကြင် ညသည်ရင်း။ ယော ဒိဝသော ဝါ၊ အကြင် နေ့သည်ရင်း။ အာဂမိဿတိ၊ ရောက်လာလတ္တံ့။ (တံ ရတ္တိန္ဒိဝံ၊ ထို ညနေ့ပတ်လုံး။) ကုသလေသု ဓမ္မေသု၊ တို့၌။ ဝုဍ္ဍိယေဝ၊ တိုးပွါးခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အထ ခေါ၊ ထိုအခါ၌။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဘဂဝတော၊ ၏။ ဘာသိတံ၊ တရား စကားကို။ အဘိနန္ဒိတွာ၊ အသွန်နှစ်သက် (လက်ခံ) ၍။ အနုမောဒိတွာ၊ အလွန်ဝမ်းမြောက်၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရှိသေစွာရှိခိုး ပြီး၍။ ပဒက္ခိဏံ၊ အရိုအသေကို။ ကတွာ၊ ပြု၍။ ပက္ကာမိ၊ ဖဲခဲ့ပြီ။ အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ ဧကော၊ တည်း။ ဝူပကဋ္ဌော၊ လျက်။ အပ္ပမတ္တော၊ ပဲ။ အာတာပီ၊ ၍။ ပဟိတတ္တော၊ ဖြစ်၍။ ဝိဟရန္တော၊ နေသည်ရှိသော်။ နစိရဿေဝ၊ မကြာမြင့်မီသာလျှင်။ (ဝိဟရတိ၌ စပ်။) ယဿ၊ အကြင်အရဟတ္တဖိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ သမ္မဒေဝ၊ လျှင်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူ့ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ၊ ဝင်ရောက်ကုန်၏။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ဗြဟ္မစရိယ-ပရိယောသာနံ၊ အရဟတ္တမဂ္ဂဗြဟ္မစရိယ၏ အဆုံးဖြစ်သော။ တံ၊ ထို အရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်တွေ့မြင်အပ်သော ခန္ဓာတရား၌သာလျှင်။ (မျက်မှောက်ဘဝ၌ သာလျှင်။) သယံ၊ ကိုယ်တိုင်။ အဘိညာ၊ အထူးသိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ (ပြည့်စုံစေ၍။) ဝိဟရတိ၊ နေ၏။ "ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ္ဂဗြဟ္မစရိယကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ၁၆-ချက် မင်္ဂကိစ္စကို။ ကတံ၊

ပြုအပ်ပြီ။ ရူတ္တတ္တာယ၊ ဤမက်ကိစ္စအလို့ငှါ။ အပရံ၊ တပါးသောပြုဖွယ်ကိစ္စသည်။ နာတ္ထိ၊ မရှိ" ဟူ၍။ (ရူတ္တတ္တာယ၊ ဤဘဝမှ။ အပရံ၊ တပါးသော ဘဝသည်။ န၊ မရှိ။ ဟူ၍သော်လည်း ပေး။) အဗ္ဘညာသိ၊ အထူးသိပြီ။ (ဆင်ခြင်ပြီ ဟူလို။) သော ဘိက္ခု၊ သည်။ အရဟတံ၊ ရဟန္တာပုဂ္ဂိုလ်တို့တွင်။ အညတရော စ ပန၊ တပါးအပါအဝင်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-သာလသုတ်

၃၇၀။ ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကောသလေသု၊ ကောသလတိုင်း၌။ သာလာယ ဗြာဟ္မဏဂါမေ၊ သာလာယ ပုဏ္ဏားရွာ၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ မိန့်တော်မူပြီ ။ ပ ။ ဘဂဝါ၊ သည်—ဘိက္ခဝေ၊ တို့။ ယေ တေ ဘိက္ခူ၊ အကြင် ရဟန်းတို့သည်။ နဝါ၊ ငယ်ကုန်၏။ အစိရပဗ္ဗဇိတာ၊ မကြာသေးသော ရဟန်းပြုခြင်း ရှိကုန်၏။ (ရဟန်းပြု၍ မကြာသေးကုန် ဟူလို။) ဣမံ ဓမ္မဝိနယံ၊ ဤသာသနာသို့[၁]။ အဓုနာ၊ ယခုအခါ၌။ အာဂတာ၊ ရောက်လာကုန်၏။ ဘိက္ခဝေ၊ တို့။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ကို။ (ဝေါ=နိပါတ်မျှ။) စတုန္နံ သတိပဋ္ဌာနာနံ၊ ၄-ပါးတုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝနာယ၊ ဖြစ်စေခြင်း ပွါးခြင်းငှါ။ သမာဒပေတဗ္ဗာ၊ ယူစေအပ် တိုက်တွန်းအပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ သွတ်သွင်းအပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာ၊ တည်စေအပ်ကုန်၏။ ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့ကိုနည်း။ အာဂုသော၊ ငါ့ရှင်တို့။ ထေ၊ လာကြကုန်။ တုမှေ၊ သင်တို့သည်။ အာတာပိနော၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လရှိကုန်သည်ဖြစ်၍။ သမ္ပဇာနာ၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် မှုဆင်ခြင်ကုန်သည် ဖြစ်၍။ ဧကောဒိဘူတာ၊ ဖြစ်သော (ဥပစာရဇ္ဈာနာဝဟ ပုဗ္ဗဘာဂ ခဏိက) သမာဓိရှိကုန်သည် ဖြစ်၍။ (ဘူတော ဧကောဒိ ယေသံဟု ပြု။) ဝိပ္ပသန္နစိတ္တာ၊ အထူးကြည်သင်သော စိတ်ရှိကုန်သည်ဖြစ်၍။ သမာဟိတာ၊ (ဥပစာရအပ္ပနာသမာဓိဖြင့် သတိပဋ္ဌာန်အာရုံ၌ စိတ်ကို) ကောင်းစွာ ထားကုန်သည် ဖြစ်၍။ ဧကဂ္ဂစိတ္တာ၊ (အပ္ပနာသမာဓိဖြင့်)တခုတည်းသော သတိပဋ္ဌာန်အာရုံရှိသော စိတ်ရှိကုန်သည်ဖြစ်၍။ ကာယဿ၊ ရူပကာယကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဉာဏာယ၊ သိခြင်းငှါ။ (ဝိပဿနာဉာဏ် မဂ်ဉာဏ်အကျိုးငှါ ဟူလို။) ကာယေ၊ ရုပ်ကာယ၌။ ကာယာနုပဿိနော၊ ရုပ်ကာယဟု အဖန်ဖန် ရှုကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော။ (ဝေဒနာ၊ စိတ်၊ ဓမ္မတို့၌လည်း ဤနည်း ပေး။)

ဘိက္ခဝေ၊ တို့။ သေခါ၊ သေခဖြစ်ကုန်သော။ အပ္ပတ္တမာနသာ၊ မရောက်အပ်သေးသော အရဟတ္တဖိုလ်ရှိကုန်သော။ ယေပိ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ယောဂက္ခေမံ၊ ယောဂ ၄-ပါးတို့မှ ကုန်ရာ အရဟတ္တဖိုလ်ကို။ ပတ္ထယမာနာ၊ တောင့်တကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ တေပိ၊ ထိုရဟန်းတို့သည်လည်း။ အာတာပိနော၊ ဖြစ်၍။ပ။ ကာယဿ၊ ရူပကာယကို။ ပရိညာယ၊ ပိုင်းခြား၍ သိခြင်းငှါ။ (အရဟတ္တဖိုလ်အကျိုးငှါ ဟူလို။) ကာယေ၊ ၌။ ကာယာနုပဿိနော၊ ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ (ကျန် ၃-ပါးလည်း ဤနည်း ပေး။)

---

၁။ ယထာနုသိဋ္ဌ ပဋိပဇ္ဇမာနေ အပါယဒုက္ခေ အပါတနဝသေန ဓာရေတီတိ ဓမ္မော၊ သာသနဗြဟ္မစရိယ ကောက်။ တဒင်္ဂါဒိဝသေန ကိလေသေ ဝိနေတီတိ ဝိနယော။ ယင်း သာသနဗြဟ္မစရိယကိုပင် ကောက်၊ ဓမ္မော ယေဝ ဝိနယော ဓမ္မဝိနယော-ဟု ပြု။ သာသနာကိုပင် ကောက်လေ။ ဤ၌-ဋီ ၃။

ဘိက္ခဝေ၊ တို့။ အရဟန္တော၊ ကိလေသာတို့မှ ဝေးကုန်သော။ ခီဏာသဝါ၊ ကုန်ခန်းပြီးသော အာသဝရှိကုန်သော။ ဝုသိတဝန္တော၊ ကျင့်သုံးအပ်ပြီးသော အရဟတ္တမဂ္ဂဗြဟ္မစရိယရှိကုန်သော။ ကတကရဏီယာ၊ ပြုအပ်ပြီးသော မဂ်ကိစ္စရှိကုန်သော။ ဩဟိတဘာရာ၊ ချထားအပ်ပြီးသော(ခန္ဓာ ကိလေသာ)ဝန်ရှိကုန်သော။ အနုပ္ပတ္တသဒတ္ထာ၊ ရောက်အပ်ပြီးသော မိမိအကျိုး(အရဟတ္တဖိုလ်) ရှိကုန်သော။ ပရိက္ခီဏဘဝသံယောဇနာ၊ ကုန်ခန်းပြီးသော ဘဝသံယောဇဉ်ရှိကုန်သော။ သမ္မာ၊ ကောင်းစွာ၊ အညာယ၊ သိ၍။ ဝိမုတ္တာ၊ ကိလေသာတို့မှ လွတ်မြောက်ပြီးကုန်သော။ ယေပိ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ (သန္တိ၊ ရှိကုန်၏။) တေပိ၊ ထိုရဟန်းတို့သည်လည်း။ပ။ ကာယေန၊ ရူပကာယနှင့်။ ဝိသံယုတ္တာ၊ မယှဉ်ကုန်သည်ဖြစ်၍[၁]။ (နိဗ္ဗာန်အကျိုးငှါ ဟူလို။) ကာယေ၊ ၌။ ကာယာနုပဿိနော၊ ဖြစ်၍။ ဝိဟရန္တိ၊ ကုန်၏။(ကျန် ၃-ပါးလည်း ဤနည်း သမ္မန်။) ဘိက္ခဝေ၊ တို့။ ယေပိ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ နဝါ၊ ငယ်ကုန်၏။ အစိရပဗ္ဗဇိတာ၊ မကြာသေးသော ရဟန်းပြုခြင်းရှိကုန်၏။ ဣမံ ဓမ္မဝိနယံ၊ ဤသာသနာတော်သို့။ အဓုနာ၊ ယခု အခါ၌။ အာဂတာ၊ ရောက်လာကုန်၏။ ဘိက္ခဝေ၊ တို့။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ကို။ (ဝေါကား= နိပါတ်မျှ။) စတုန္နံ သတိပဋ္ဌာနာနံ၊ လေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝနာယ၊ ဖြစ်စေခြင်း, ပွါးခြင်းငှါ။ သမာဒပေတဗ္ဗာ၊ ယူစေအပ် တိုက်တွန်းအပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ သွတ်သွင်းအပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာတိ၊ တည်စေအပ်ကုန်၏ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။

စတုတ္ထ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-အကုသလရာသိသုတ်

၁၇၁။ သာဝတ္ထိနိဒါနံ၊ တည်း။ တတြ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ဘိက္ခဝေ၊ တို့။ အကုသလရာသီတိ၊ အကုသိုလ် အစုအပုံဟူ။ ဝဒမာနော၊ ဆိုသူသည်။ သမ္မာ၊ ကောင်းစွာ။ (ရိုးသားစွာ ဟူလို။) ဝဒမာနော၊ ဆိုလတ်သော်။ ပဉ္စ နီဝရဏေ၊ ၅-ပါးကုန်သော နီဝရဏတို့ကို။ ဝဒေယျ၊ ဆိုရာ၏။ ဘိက္ခဝေ၊ တို့။ ဟိ၊ အကြောင်းကား။ ယဒိဒံ ပဉ္စ နီဝရဏာ၊ အကြင် ၅-ပါးကုန်သော နီဝရဏတို့သည်။ (သန္တိ၊ ကုန်၏။) အယံ၊ ဤနီဝရဏ ၅-ပါးသည်။ (ကေဝလောဟူသော နောက် ပုဒ်၌ ကေဝုစ်ထားသည်။) ကေဝလော၊ ကုသိုလ်တို့နှင့် မရောမယှက်။ အကုသလရာသိ၊ အကုသိုလ် အစုအပုံတည်း။ ကတမေ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ ကာမစ္ဆန္ဒနီဝရဏံ၊ ၎င်း။ ဗျာပါဒနီဝရဏံ၊ ၎င်း။ ထိနမိဒ္ဓနီဝရဏံ၊ ၎င်း။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ၊ ၎င်း။ ဝိစိကိစ္ဆာနီဝရဏံ၊ ၎င်းတည်း။ပ။ ဘိက္ခဝေ၊ တို့။ ဟိ၊ အကြောင်းကား။ ယဒိဒံ ပဉ္စ နီဝရဏာ၊ အကြင် ၅-ပါးကုန်သောနီဝရဏတို့သည်။ (သန္တိ၊ ရှိကုန်၏။) အယံ၊ ဤနီဝရဏ ၅-ပါးသည်။ ကေဝလော၊ ကုသိုလ်တို့နှင့် မရောမယှက်။ အကုသလရာသိ၊ အကုသိုလ် အစုအပုံတည်း။

---

၁။ "ရူပကာယနှင့်မယှဉ်" ဟူသည်မှာ ရှုပ် ဘိက္ခဝေ ပဇဟထ=ရှပ်ကိုပယ်ကြ ဟူရာ၌ ရှပ်၌ တပ်မက်သော တဏှာကို ပယ်ကြဟု ဆိုရသကဲ့သို့ ရူပကာယ၌ တပ်မက်သော တဏှာနှင့်မယှဉ်ကုန်သည်ဖြစ်၍ နေကုန်၏ဟု ဆိုလို၏။ ဝေဒနာဟိ ဝိသံယုတ္တာ, စိတ္တေန ဝိသံယုတ္တာ, ဓမ္မေဟိ ဝိသံယုတ္တာတို့၌လည်း ဝေဒနာတို့၌ စွဲလမ်းသော တဏှာနှင့်, စိတ်၌ စွဲလမ်းသောတဏှာနှင့်, တရားတို့၌ စွဲလမ်းသော တဏှာနှင့် မယှဉ်ကုန်သည်ဖြစ်၍ နေကုန်၏ဟု မှတ်ပါလေ။

ဘိက္ခဝေ၊ တို့။ ကုသလရာသီတိ၊ ကုသိုလ်အစုအပုံဟူ။ ဝဒမာနော၊ သည်။ သမ္မာ၊ စွာ။ ဝဒမာနော၊ သော်။ စတ္တာရော သတိပဋ္ဌာနေ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဝဒေယျ၊ ရာ၏။ ဘိက္ခဝေ၊ တို့။ ဟိ၊ ကား။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) အယံ၊ ဤသတိပဋ္ဌာန် ၄-ပါးသည်။ ကေဝလော၊ အကုသိုလ်တို့နှင့် မရောမယှက်။ ကုသလရာသိ၊ ကုသိုလ် အစုအပုံတည်း။ ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ ႇကို။ ဝိနေယျ၊ ၍။ ကာယေ၊ ရုပကာယ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ပ။ ဘိက္ခဝေ၊ တို့။ ဟိ၊ ကား။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) အယံ၊ ဤသတိပဋ္ဌာန် ၄-ပါးသည်။ ကေဝလော၊ အကုသိုလ်တို့နှင့် မရောမယှက်။ ကုသလရာသိ၊ ကုသိုလ်အစုအပုံတည်း။ ဣတိ၊ ၏။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-သကုဏဂ္ဃိသုတ်

၁၇၂။ ဘိက္ခဝေ၊ တို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူးသည်ကား။ သကုဏဂ္ဃိ၊ သိမ်းငှက်သည်[၁]။ လာပံ သကုဏံ၊ ဗီလုံးငှက်ကို။ သဟသာ၊ အဆောတလျင်။ ဝါ၊ လောဘအဟုန်ဖြင့်။ အဇ္ဈပတ္တာ၊ အစာအလို့ငှါ ဆိုက်ရောက်လာလျက်။ အဂ္ဂဟေသိ၊ ဖမ်းသုတ်ပြီ။ ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ၌။ လာပေါ သကုဏော၊ ဗီလုံးငှက်သည်။ သကုဏဂ္ဃိယာ၊ သိမ်းငှက်သည်။ ဟရိယမာနော၊ ဆောင်ယူအပ်သည်ရှိသော်။ "ယေ မယံ၊ အကြင်ငါတို့သည်။ အဂေါစရေ၊ မိမိ စားကျက်မဟုတ်သော။ ပရဝိသယေ၊ သူတပါးနေရာ၌။ စရိမှ၊ လှည့်လည်မိကုန်ပြီ။ တေ မယမေဝ၊ ထိုငါတို့သည်သာလျှင်။ အလက္ခိကာ၊ အသရေမရှိသူတို့သည်။ အမှ၊ ဖြစ်ကုန်၏။ တေ မယံ ဧဝ၊ ထိုငါတို့သည်သာလျှင်။ အပ္ပပုညာ၊ ဘုန်းနည်းသူတို့သည်။ အမှ၊ ဖြစ်ကုန်၏။ မယံ၊ ငါတို့သည်။ အဇ္ဇ၊ ယနေ့။ ဂေါစရေ၊ မိမိစားကျက်ဖြစ်သော။ ပေတ္တိကေ၊ အဘမှလာသော။ သကေ ဝိသယေ၊ မိမိနေရာ၌။ သစေ စရေယျာမ၊ အကယ်၍ ကျက်စားကုန်ငြားအံ့။ အယံ သကုဏဂ္ဃိ၊ ဤသိမ်းငှက်သည်။ မေ၊ ငါ့အား။ ယဒိဒံ ယုဒ္ဓါယ၊ စစ်ထိုးခြင်းငှါ။ (ယဒိဒံ အနက်မဲ့။) အလံ၊ စွမ်းနိုင်သည်။ န အဘဝိဿတိ၊ မဖြစ်ရာ" ဟူ၍။ ဧဝံ၊ ဤသို့။ ပရိဒေဝသိ၊ ငိုကြွေး၏။ လာပ၊ ဟဲ့-ဗီလုံးငှက်။ တေ၊ သင်၏။ ဂေါစရော၊ စားကျက်ဖြစ်သော။ ပေတ္တိကော၊ အဘမှလာသော။ သကော ဝိသယော၊ မိမိနေရာသည်။ ကော ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့ သိမ်းငှက်က မေး၏။ ယဒိဒံ နင်္ဂလကဋ္ဌကရဏံ၊ ထွန်တုံးဖြင့် ထွန်ခြင်းကို ပြုအပ်ရာဖြစ်သော။ (ထွန်ပြီးစဖြစ်သော ဟူလို။) လေဍ္ဍုဋ္ဌာနံ၊ ထွန်ချေးခဲတို့ စုပုံတည်ရာအရပ် (ထွန်ချေးခဲကြား) တည်း။ ဣတိ၊ ဤသို့ ဗီလုံးငှက်က ဖြေ၏။ ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ၌။ သကုဏဂ္ဃိ၊ သိမ်းငှက်သည်။ သကေ ဗလေ၊ မိမိအားကြောင့်။ အပတ္တဒ္ဓါ၊ သက်ဝင်ယုံကြည်အပ်သော တောင့်တင်းမှုရှိသည်ဖြစ်၍။ သကေ ဗလေ၊ မိမိအားကြောင့်။ အသံဝဒမာနာ၊ (ဗီလုံးငှက်၏) ကဲ့ရဲ့အပ်သော (အရာမရောက်သော) ပြောဆိုခြင်းဟု မှတ်ထင်သည်ဖြစ်၍[၂] လာပံ သကုဏံ၊ ဗီလုံးငှက်ကို။ "လာပ၊ ဟဲ့-ဗီလုံးငှက်။ ဂစ္ဆ၊ သွားချေ။

၁။ သကုဏံ ဟနတီတိ သကုဏဂ္ဃိ၊ သေနသောတံ အဓိပ္ပေတံ။ ဋ္ဌ။ ဤ ဋ္ဌ-၌ 'သေန'သာမန်ဆိုသော်လည်း။ ဋီ-၌ "သေနဝိသေသော ပန သော ဝေဒိတဗ္ဗော" ဟုဆိုသောကြောင့် ဤ၌ 'ရှန်အထူး=သိမ်း' ဟုသမ္ဗန်လိုက်သည်။

၂။ သကေ ဗလေတိ အတ္တနော ဗလဟေတု။ အပတ္ထဒ္ဓါတိ အဝဂါဠ္ဍထမ္ဘာ။ သဉ္ဇာတထမ္ဘာ။ ဒီ-ဋီ ၃၊၂၅။ အသံဝဒမာနာ-ဝယ် ဋ္ဌ-၌ သံဝဒမာနာ၊ ဋီ-၌ အဝဒမာနာ-ဟု ရှိ၏။ သံဝဒမာနာတိ သုဋ္ဌုဝဒမာနာ၊ အတ္တနော

(ခေါ=အနုဋ္ဌ။) တွံ၊ သင်သည်။ တတြာပိ၊ ထိုထွန်ချေးခဲကြားသို့လည်း။ ဂန္တွာ၊ သွား၍။ မေ၊ ငါ၏လက်မှ။ န မောက္ခသိတိ၊ မလွတ်နိုင်လတ္တံ့"ဟု ဆို၍။ ပမုဉ္စိ၊ လွှတ်လိုက်ပြီ။

ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ၌။ လာပေါ သကုဏော၊ ငုံးလုံးငှက်သည်။ နင်္ဂလကဋ္ဌကရဏံ၊ ထွန်တုံးဖြင့် ထွန်ခြင်းကို ပြုအပ်ရာဖြစ်သော။ ဝါ၊ ထွန်ပြီးစဖြစ်သော။ လေဍ္ဍုဋ္ဌာနံ၊ ထွန်ချေးခဲတို့ စုပုံတည်ရာအရပ် (ထွန်ချေးခဲကြား)သို့။ ဂန္တွာ၊ သွား၍။ မဟန္တံ၊ ကြီးသော။ လေဍ္ဍုံ၊ ထွန်ချေးခဲပေါ်သို့။ အဘိရုဟိတွာ၊ တက်၍။ သကုဏဂ္ဃိံ၊ သိန်းငှက်ကို။ "သကုဏဂ္ဃိ၊ ဟဲ့-သိန်းငှက်။ ဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏ထံသို့။ ဧဟိ၊ လာခဲ့၊ သကုဏဂ္ဃိ၊ ဟဲ့-သိန်းငှက်။ ဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏ထံသို့။ ဧဟိ ခေါတိ၊လာခဲ့"ဟု။ ဝဒမာနော။ ချုတ်ချယ်ပြောဆိုလျက်။(စိန်ခေါ် လျက် ဟူလို။) အဋ္ဌာသိ၊ တည်ပြီ။ ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ၌။ သာ သကုဏဂ္ဃိ၊ ထိုသိန်းငှက်သည်။ သကေ ဗလေ၊ မိမိအားကြောင့်။ အပတ္ထဒ္ဓါ၊ သက်ဝင်ယုံကြည်အပ်သော တောင့်တင်းမှုရှိသည်ဖြစ်၍။ သကေ ဗလေ၊ မိမိအားကြောင့်။ အသံဝဒမာနာ၊ (ငုံးလုံးငှက်၏) ကဲ့ရဲ့အပ်သော (အရာမရောက်သော) ပြောဆိုခြင်း ဟု မှတ်ထင်သည်ဖြစ်၍။ ဥဘော ပက္ခေ၊ အတောင် ၂-ဖက်တို့ကို။ သန္နယှ၊ မြားလက်နက်အသွင် ဖွဲ့ဖြန့်ဆင်၍။ လာပံ သကုဏံ၊ ငုံးလုံးငှက်ကို။ သဟသာ၊ အဆောတလျင် မဆင်ချင်ပဲ။ ဝါ၊ဒေါသအဟုန်ဖြင့်။အဇ္ဈပတ္တာ၊(အုပ်ဖမ်းခြင်းငှါ)ဆိုက်ရောက်လာလေ၏။ ဘိက္ခဝေ၊ တို့။ ယဒါ ခေါ၊ အကြင်အခါ၌။ လာပေါ သကုဏော၊ ငုံးလုံးငှက်သည်။ "အယံ သကုဏဂ္ဃိ၊ ဤ သိန်းငှက်သည်။ မေ၊ ငါ၏ထံသို့။ ဗဟုအာဂတောတိ၊ အရှိန်မသတ်နိုင်အောင် အများအားဖြင့် ဆိုက်ရောက်၏ (ရောက်ခါနီးပြီ)" ဟု။ အညာသိ၊ သိပြီ။ အထ ခေါ၊ ထိုအခါ၌။ တဿေဝ လေဍ္ဍုဿ၊ ထိုထွန်ချေးခဲကြီး၏သာလျှင်။ အန္တရံ၊ အကြားထဲသို့။ ပစ္စုပါဒိ၊ လှိမ့်ဝင် (ရှံဝပ်) နေလိုက်ပြီ။ ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ၌။ သကုဏဂ္ဃိ၊ သိန်းငှက်သည်။ တတ္ထေဝ၊ ထိုထွန်ချေးခဲကြီး၌သာလျှင်။ ဥရံ၊ ရင်ဘတ်ကို။ ပစ္စတာဠေသိ၊ အပြင်းအထန်တိုက်မိ (၍ နှလုံးကွဲသေ) လေပြီ။ (ပွဲချင်းပြီးသေသည် ဟူလို။ ထိုအခါ ငုံးလုံးငှက်က "ရန်သူ၏ကျောကို မြင်ရပြီတကား" ဟု နှစ်သက်အားရ၍ ရန်သူ၏နှလုံးပေါ်၌ စင်္ကြံလျှောက်နေလေသည် ဟု ဋ္ဌ-၌ မိန့်ဆို၏။) ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သူသည်။ အဂေါစရေ၊ မိမိကျက်စားရာ (စားကျက်) မဟုတ်သော။ ပရဝိသယေ၊ သူတပါးနေရာ၌။ စရတိ၊ (အနိုင်ကျင့်၍) ကျက်စား၏။ တံ သော၊ ထိုသူသည်။ ဧဝံ ဟိ၊ ဤ သိန်းငှက်အတူသာလျှင်။ ဟောတိ၊ ဖြစ်တတ်၏။

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထိုကြောင့်။ ဣဓ၊ ဤသာသနာတော်၌။ အဂေါစရေ၊ မိမိ၏ ကျက်စားရာမဟုတ်သော။ ပရဝိသယေ၊ သူတပါးနေရာ၌။ မာ စရိတ္ထ၊ မကျက်စားကြကုန်လင့်။ ဘိက္ခဝေ၊ တို့။ အဂေါစရေ၊ သော။ ပရဝိသယေ၊ ၌။ စရတံ၊ ကျက်စားသူတို့၏အပေါ်၌။ မာရော၊ မာရ်သည်။ ဩတာရံ၊ အခွင့်အလမ်းကို။ လစ္ဆတိ၊ ရလတ္တံ့။ မာရော၊ မာရ်သည်။ အာရမ္မဏံ၊

ဗလသာ ဝဏ္ဏံ ဝဒမာနာတိ အတ္တော။ ဋ္ဌ။ ဤ ဋ္ဌ-အလို သကေ ဗဒ်လေ၊ မိမိအား၌။ (သိန်း၏အား၌။) သံဝဒမာနာ၊ ချီးကျူးပြောဆိုလျက်-ဟု သမ္ဗန်။ ဝဋ္ဋတိတိ ဝဒံ၊ ဝဒနံ။ ကုစ္ဆိတံ ဝဒံ အဝဒံ။ ဂရဟနေ ဟိ အယံ အ-ကာရော ယထာ "အပုတ္တော အဘာရိယာ"တိ၊ အဝဒံ မာနေတိတိ အဝဒမာနာ၊ အတ္တနော ဗလမဒေန လာပံ အတိမညိတွာ ဝဒန္တီတိ အတ္တော။ ဋီ။ အဝဒမာနာ၊ ကဲ့ရဲ့အပ်သော (အရာမရောက်သော) ပြောဆိုသည် ဟု မှတ်ထင်သည်ဖြစ်၍။ ဟု ပေး။ ဤနိဿယ၌ ဋီအတိုင်း အနက်ပေးခဲ့သည်။ "အတ္တနော ဗလသာ သဒ္ဒုဝဏ္ဏံ ဝဒမာနာ" ဟူသော ဋ္ဌ-ဖွင့်ကို အတ္ထသနအားဖြင့်ယူ၍ ဆိုအပ်ကြောင်း ဋီ-၌ဆက်၍ မိန့်ဆို၏။ ဒီ-ဋီ ၃-၂၅-၌ အသံဝဒမာနဝယ် အသာရ-မာန-ဟု ရှိ၏။ အသာရမာနာတိ အဂါယန္တီ-ဟု ဖွင့်၏။ အသာရမာနာ၊ စိန်ခေါ် လျက်-ဟု သမ္ဗန်။

အကြောင်းကို။ လဗ္ဘတိ၊ ရှလတ္တံ့။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၊ ရဟန်း၏။ အဂေါစရော၊ မကျက်စားသင့်သော။ ပရဝိသယော၊ သူတပါးနေရာဟူသည်။ ကော စ၊ အဘယ်နည်း။ ယဒိဒံ ပဉ္စကာမဂုဏာ၊ ၅-ဖြာအာရုံ ကာမဂုဏ်တို့ပင်တည်း။ ကတမေ ပဉ္စ၊ အဘယ် ၅ ပါးတို့နည်း။ ဣဋ္ဌာ၊ ရှာမှီးအပ် အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို တိုးပွါးရွှင်ပြုံးစေနိုင်ကုန်သော။ ပိယရူပါ၊ ချစ်အပ်သောသဘောရှိကုန်သော။ ကာမူပသံဟိတာ၊ ကာမရာဂဖြင့် ကပ်၍ထားအပ်ကုန်သော။ ဝါ၊ ကာမရာဂနှင့်စပ်ယှဉ်ပတ်သက်ကုန်သော။ ရဇနိယာ၊ တပ်စွန်းစေနိုင်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဒွါရိကဝိညာဉ် တဒနုဝတ္တက မနောဒွါရိကဝိညာဉ်တို့သည် သိအပ်ကုန်သော။ (မျက်စိဖြင့် သိမြင်အပ်ကုန်သော ဟူလို။) ရူပါ၊ ရူပါရုံတို့ရင်း။ ပ။ သဒ္ဒါ၊ သဒ္ဒါရုံတို့ရင်း။ ပ။ ဂန္ဓာ၊ ဂန္ဓာရုံတို့ရင်း။ ပ။ ရသာ၊ ရသာရုံတို့ရင်း။ ပ။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံတို့ရင်းတည်း။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၏။ အဂေါစရော၊ သော။ ပရဝိသယော၊ သည်။ အယံ၊ ဤသည်ပင်တည်း။

ဘိက္ခဝေ၊ တို့။ ဂေါစရေ၊ ကျက်စားရာဖြစ်သော။ ပေတ္တိကေ၊ အဘ၏ဥစ္စာ (နေရာဌာန)ဖြစ်သော။ သကေ ဝိသယေ၊ မိမိ၏နေရာ၌။ စရထ၊ ကျက်စားကြကုန်လော့။ ဘိက္ခဝေ၊ တို့။ ဂေါစရေ၊ သော။ ပေတ္တိကေ၊ သော။ သကေ ဝိသယေ၊ ၌။ စရတံ၊ ကျက်စားသူတို့၏အပေါ်၌။ မာရော၊ သည်။ ဩတာရံ၊ ကို။ န လစ္ဆတိ၊ မရလတ္တံ့။ မာရော၊ သည်။ အာရမ္မဏံ၊ ကို။ န လစ္ဆတိ၊ မရလတ္တံ့။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၊ ၏။ ဂေါစရော၊ သော။ ပေတ္တိကော၊ သော။ သကော ဝိသယော၊ မိမိနေရာသည်။ ကော စ၊ အဘယ်နည်း။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့တည်း။ (ဤမှ ဘိက္ခဝေ စသည် ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ဂေါစရော၊ သော။ ပေတ္တိကော၊ သော။ သကော ဝိသယော၊ မိမိနေရာသည်။ အယံ၊ ဤသည်ပင်တည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဆဋ္ဌ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-မက္ကဋသုတ်

၃၇၃။ ဘိက္ခဝေ၊ တို့။ ယတ္ထ၊ အကြင်အရပ်တို့၌။ မက္ကဋာနံ၊ မျောက်တို့၏။ စာရီ၊ ကျက်စားခြင်းသည်။ (စာရီတိ သဉ္စာရော။ ဋ္ဌ။ သဉ္စာရောတိ သဉ္စရဏံ။ ဋီ။)နေဝ အတ္ထိ၊ မရှိ။ မနုဿာနံ၊ လူတို့၏။ စာရီ၊ ကျက်စားခြင်းသည်။ န အတ္ထိ၊ မရှိ။ ဟိမဝတော ပဗ္ဗတရာဇဿ၊ ဟိမဝန္တာတောင်မင်း၏။ ဒုဂ္ဂါ၊ ခဲယဉ်းသဖြင့် သွားအပ်ကုန်သော။ (အသွားခက်ကုန်သော ဟူလို။) ဝိသမာ၊ မညီမညွတ်ကုန်သော။ တေ ဒေသာ၊ ထိုအရပ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။

ဘိက္ခဝေ၊ တို့။ ယတ္ထ၊ အကြင်အရပ်တို့၌။ မက္ကဋာနံ ဟိ၊ မျောက်တို့၏သာလျှင်။ စာရီ၊ ကျက်စားခြင်းသည်။ (အတ္ထိ၊ ရှိ၏။) မနုဿာနံ၊ လူတို့၏။ စာရီ၊ သည်။ န အတ္ထိ၊ မရှိ။ ဟိမဝတော ပဗ္ဗတရာဇဿ၊ ၏။ ဒုဂ္ဂါ၊ ကုန်သော။ ဝိသမာ၊ ကုန်သော။ တေ ဒေသာ၊ တို့သည်။ အတ္ထိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ယတ္ထ၊ အကြင်မြေအဖို့တို့၌။ မက္ကဋာနဉ္စေဝ၊ မျောက်တို့၏လည်း။ စာရီ၊ သည်။ (အတ္ထိ၊ ၏။) မနုဿာနဉ္စ၊ လူတို့၏လည်း။ စာရီ၊ သည်။ (အတ္ထိ၊ ၏။) ဟိမဝတော ပဗ္ဗတရာဇဿ၊ ၏။ သမာ၊ ညီညွတ်ကုန်သော။ ရမဏီယာ၊ မွေ့လျော်ဖွယ်ကောင်းကုန်သော။ တေ ဘူမိဘာဂါ၊

ထိုမြေအဖို့တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုမြေအဖို့တို့၌။ လုဒ္ဒါ၊ မုဆိုးတို့သည်။ မက္ကဋစရိယာသု၊ မျောက်တို့သွားလာရာလမ်းတို့၌။ မက္ကဋဗာဓနံ၊ မျောက်တို့ကို။ ဗာဓနာယ၊ သတ်ခြင်းငှါ။ လေပံ၊ မျောက်နှဲစေးကို။ ဩဍ္ဍေန္တိ၊ ထောင်ကုန်၏[၁]။

ဘိက္ခဝေ၊ တို့။ တတြ၊ ထိုသို့ထောင်ကုန်ရာ၌။ ယေ တေ မက္ကဋာ၊ အကြင်မျောက်တို့သည်။ အဗာလဇာတိကာ၊ မိုက်သောသဘောမရှိကုန်။ အလောလဇာတိကာ၊ လျှပ်ပေါ်သော သဘောမရှိကုန်။ တေ၊ ထိုမျောက်တို့သည်။ တံ လေပံ၊ ထိုမျောက်နှဲစေးကို။ ဒိသွာ၊ မြင်ကုန်၍။ အာရကာ၊ အဝေးမှ။ ပရိဝဇ္ဇန္တိ၊ ရှောင်ကုန်၏။ ယော ပန သော မက္ကဋော၊ အကြင်မျောက်သည်ကား။ ဗာလဇာတိကော၊ မိုက်သောသဘောရှိသည်။ လောလဇာတိကော၊ လျှပ်ပေါ်သော သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမျောက်သည်။ တံ လေပံ၊ ထိုမျောက်နှဲစေးသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဟတ္ထေန၊ လက်ဖြင့်။ ဂဏှာတိ၊ ကိုင်စမ်း၏။ သော၊ ထိုလက်သည်။ တတ္ထ၊ ထိုမျောက်နှဲစေး၌။ ဗဇ္ဈတိ၊ (ဆွဲမရအောင်) ဖွဲ့စပ် ကပ်နေ၏။ "ဟတ္ထံ၊ လက်ကို။ မောစေဿာမီတိ၊ လွတ်စေအံ့(ခွါအံ့)"ဟု။ 'ဒုတိယေန ဟတ္ထေန၊ ဒုတိယလက်ဖြင့်။ ဂဏှာတိ၊ ကိုင်ပြန်၏။ သော၊ ထိုဒုတိယလက်သည်။ တတ္ထ၊ ၌။ ဗဇ္ဈတိ၊ (ဆွဲမရအောင်)ဖွဲ့စပ် ကပ်နေပြန်၏။ "ဥဘော ဟတ္ထေ၊ လက် ၂-ဖက်တို့ကို။ မောစေဿာမီတိ၊ အံ့"ဟု။ ပါဒေန၊ ခြေဖြင့်။ ဂဏှာတိ၊ ထိကိုင်၏။ သော၊ ထိုခြေသည်။ တတ္ထ၊ ၌။ ဗဇ္ဈတိ၊ ၏။ "ဥဘော ဟတ္ထေ၊ လက် ၂-ဖက်တို့ကိုငင်း။ ပါဒဉ္စ၊ ခြေကိုငင်း။ မောစေဿာမီတိ၊ အံ့"ဟု။ ဒုတိယေန ပါဒေန၊ ဒုတိယခြေဖြင့်။ ဂဏှာတိ၊ ၏။ သော၊ ထိုဒုတိယခြေသည်။ တတ္ထ၊ ၌။ ဗဇ္ဈတိ၊ ၏။ ဥဘော ဟတ္ထေ စ၊ လက် ၂-ဖက်တို့ကိုငင်း။ (ဥဘော)ပါဒေ စ၊ ခြေ ၂-ဖက်တို့ကိုငင်း။ မောစေဿာမီတိ၊ အံ့"ဟု။ တုဏ္ဍေန၊ နှုတ်သီးဖြင့်။ ဂဏှာတိ၊ ထိကိုင်၏။ သော၊ ထိုနှုတ်သီးသည်။ တတ္ထ၊ ၌။ ဗဇ္ဈတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဧဝံ ဟိ၊ ဤသို့လျှင်။ သော မက္ကဋော၊ ထိုမျောက်သည်။ ပဉ္စောဍ္ဍိတော၊ ၅-ဌာနတို့၌ ထောင်အပ် ဖမ်းအပ်(တွဲလွဲဆွဲအပ်)သည်ဖြစ်၍။ အနယံ၊ မချမ်းသာသည်၏အဖြစ်သို့။ အာပန္နော၊ ရောက်သည်ဖြစ်၍။ ဗျသနံ၊ ပျက်စီးသည်၏အဖြစ်သို့။ အာပန္နော၊ ရောက်သည်ဖြစ်၍။ လုဒ္ဒဿ၊ မုဆိုး၏။ ဝါ၊ သည်။ ယထာ ကာမကရဏီယော၊ အလိုရှိသည့်အတိုင်း ပြုခံအပ်သည်ဖြစ်၍။ ထုနံ၊ ညည်းတွားလျက်။ သေတိ၊ အိပ်နေရ၏။ ဘိက္ခဝေ၊ တို့။ တမေနံ၊ ထိုမျောက်ကို။ လုဒ္ဒေါ၊ မုဆိုးသည်။ ဝိဇ္ဈိတွာ၊ မြားဖြင့်ပစ်၍။ တသ္မိံယေဝ ကဋ္ဌကတင်္ဂါရေ၊ ထို

---

၁။ လေပံ ဩဍ္ဍေန္တီတိ ဝေရမဏဓီရာဒီဟိ ယောဇေတွာ လေပံ ကရောန္တိ၊ တံ "မက္ကဋာနံ ဓုဝဂမနဋ္ဌာန"န္တိ သလ္လက္ခေတွာ ရုက္ခသာခါဒီသု ဌပေန္တိ။ ဋ္ဌ။

လေပန္တိ သိလေသသဒိသံ အာလေပနံ။ ဋီ။

ပညောင်စေးစသည်တို့ဖြင့် ရောစပ်ရုပ်ပြုအပ်သော အစေး, ပကတိအစေးနှင့်တူသော အလွန်ကပ်အောင်ပြုပြင်စီမံအပ်သော အစေးကို မျောက်နှဲစေးဟုခေါ်သည်။

ဩဍ္ဍေန္တီ၌ ကရောန္တိ ဌပေန္တိဟု ဤ ဋ္ဌ-၌ ဖွင့်သည်။ ဤ ဋီ-၌ လာလတ္တံ့. ပဉ္စောဍ္ဍိတော ဤပါဠိတော်၏ ဋ္ဌ-ဖွင့် ဩဍ္ဍိတောကို ဩဍ္ဍိတောတိ ဩလမ္ဗိတောဟု ဖွင့်၏။

ဆေပ္ပန္တိ နင်္ဂုဋ္ဌံ၊ ဩဍ္ဍိတီ အဘိမုခံ ဌပေသိ။ ဝိ-ဋ္ဌ ၁-၁၉၂ ဖွင့်၏။ လေသံ ဩဍ္ဍေသန္တိတိ လေသံ သမုဋ္ဌာပေန္တိ။ ပရိကပ္ပေန္တီတိ အတ္ထော။ သာရတ္ထဋီ-၂ ၉၂-ဖွင့်၏။ ဤသို့ အရာအားလျော်စွာ ဖွင့်ကြ၏။ ဤ၌ ဥ+ဍီ= ဥဍ္ဍနတ္ထ(ထောင်ထားခြင်း အနက်ဟော)ကြံ။

ထင်းဖြင့်ပြုအပ်ပြီးသော မီးကျီးခဲ့သာလျှင်။ အဝဿဥ္စေတွာ၊ စွန့်ပစ်၍။ ယေန ကာမံ၊ အလိုရှိရာ အရပ်သို့။ ပက္ကမတိ၊ ဖဲသွား၏။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သူသည်။ အဂေါစရေ၊ မကျက်စားသင့်သော။ ပရဝိသယေ၊ သူတပါးနေရာ၌။ စရတိ၊ ကျက်စား၏။ သော၊ ထိုသူသည်။ ဧဝံ၊ ဤမျှောက်အတူ။ (တံ=နိပါတမတ္တ။) ဟောတိ၊ ဖြစ်တတ်၏။

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထိုကြောင့်။ ဣဓ၊ ဤသာသနာတော်၌။ အဂေါစရေ၊ မိမိ၏ကျက်စားရာမဟုတ်သော။ ပရဝိသယေ၊ သူတပါးနေရာ၌။ မာ စရိတ္ထ၊ မကျက်စားကြကုန်လင့်။ ဘိက္ခဝေ၊ တို့။ အဂေါစရေ၊ သော။ ပရဝိသယေ၊ ၌။ စရတံ၊ ကျက်စားသူတို့၏ အပေါ်၌။ မာရော၊ မာရ်သည်။ ဩတာရံ၊ အခွင့်အလမ်းကို။ လစ္ဆတိ၊ ရလတ္တံ့။ မာရော၊ မာရ်သည်။ အာရမ္မဏံ၊ အကြောင်းကို။ လစ္ဆတိ၊ ရလတ္တံ့။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၊ ၏။ အဂေါစရော၊ မကျက်စားသင့်သော။ ပရဝိသယော၊ သူတပါးနေရာဟူသည်။ ကော စ၊ အဘယ်နည်း။ ယဒိဒံ ပဉ္စ ကာမဂုဏာ၊ ၅-ဖြာအာရုံ ကာမဂုဏ်တို့ပင်တည်း။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်း။ ဣဋ္ဌာ၊ ရှာမှီးအပ် အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို တိုးပွါးရွှင်ပြုံးစေနိုင်ကုန်သော။ ပိယရူပါ၊ ချစ်အပ်သော သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ ကာမရာဂဖြင့် ကပ်၍ထားအပ်ကုန်သော။ ဝါ၊ ကာမရာဂနှင့်စပ်ယှဉ်ပတ်သက်ကုန်သော။ ရဇနီယာ၊ တပ်စွမ်းစေနိုင်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဒွါရိကဝိညာဉ် တဒနုဝတ္တကမနောဒွါရိက ဝိညာဉ်တို့သည် သိအပ်ကုန်သော။ (မျက်စိဖြင့် သိမြင်အပ်ကုန်သော ဟူလို။) ရူပါ၊ ရူပါရုံတို့ပေတည်း။ ပ။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၊ ၏။ အဂေါစရော၊ သော။ ပရဝိသယော၊ သည်။ အယံ၊ ဤသည်ပင်တည်း။

ဘိက္ခဝေ၊ တို့။ ဂေါစရေ၊ ကျက်စားရာဖြစ်သော။ ပေတ္တိကေဝိသယေ၊ အဘ၏ ဥစ္စာ (နေရာဌာန) ဖြစ်သော။ သကေ ဝိသယေ၊ မိမိနေရာ၌။ စရထ၊ ကျက်စားကြကုန်လော့။ ဘိက္ခဝေ၊ တို့။ ဂေါစရေ၊ သော။ ပေတ္တိကေ၊ သော။ သကေ ဝိသယေ၊ ၌။ စရတံ၊ ကျက်စားသူတို့အပေါ်၌။ မာရော၊ သည်။ ဩတာရံ၊ ကို။ န လစ္ဆတိ၊ မရလတ္တံ့။ မာရော၊ သည်။ အာရမ္မဏံ၊ ကို။ န လစ္ဆတိ၊ လတ္တံ့။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၊ ၏။ ဂေါစရော၊ သော။ ပေတ္တိကော၊ သော။ သကော ဝိသယော၊ သည်။ ကော စ၊ နည်း။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့တည်း။ ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ရုပ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ သူများစည်းစိမ်ကို ကြံဖန်ခြင်း နှလုံးမသာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟရတိ၊ နေ၏။ ပ။ ဓမ္မေသု၊ လောကီတရားတို့၌။ ဓမ္မာနုပဿီ၊ လောကီတရားဟု အဖန်ဖန်ရှုသည် ဖြစ်၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဂေါစရော၊ သော။ ပေတ္တိကော၊ သော။ သကော ဝိသယော၊ မိမိနေရာသည်။ အယံ၊ ဤသည်ပင်တည်း။ ဣတိ၊ ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-သူဒသုတ်

၃၇၄။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာသော်ကား။ ဗာလော၊ မိုက်သော။ အဗျတ္တော၊ မလိမ္မာသော။ အကုသလော၊ မကျွမ်းကျင်သော။ သူဒေါ၊ စားဖိုသည်သည်။ (သူဒေတိ ပက္ခရေတီတိ သူဒေါဟု ပြု။) ရာဇာနံ ဝါ၊ မင်းကိုသော်ရင်း။ ရာဇမဟာမတ္တံ ဝါ၊ မင်း၏အမတ်ကြီး

ကိုသော်၎င်း။ နာနတ္တယေဟိ၊ အထူးထူးသောအစုရှိကုန်သော။ ဝါ၊ အထူးထူးသောအရသာ ရှိကုန်သော[1]။ သူပေဟိ၊ ဟင်းလျာတို့ဖြင့်။ အမ္ဗိလဂ္ဂေဟိပိ၊ အချဉ်အစုရှိသော ဟင်းလျာတို့ဖြင့်၎င်း။ (အဂ္ဂသဒ္ဒါ ကော်ဋ္ဌာသတ္ထ။) တိတ္တကဂ္ဂေဟိပိ၊ ခါးသောအစုရှိသော ဟင်းလျာတို့ဖြင့် ၎င်း။ ကဋုကဂ္ဂေဟိပိ၊ စပ်သောအစုရှိသော ဟင်းလျာတို့ဖြင့်၎င်း။ မဓုရဂ္ဂေဟိပိ၊ ချိုသောအစု ရှိသော ဟင်းလျာတို့ဖြင့်၎င်း။ ခါရိကေဟိပိ၊ ဖန်သော ဟင်းလျာတို့ဖြင့်၎င်း။ အခါရိကေဟိပိ၊ မဖန်သော ဟင်းလျာတို့ဖြင့်၎င်း။ လောဏိကေဟိပိ၊ ငန်သော ဟင်းလျာတို့ဖြင့်၎င်း။ အလောဏိ-ကေဟိပိ၊ မငန်သောဟင်းလျာတို့ဖြင့်၎င်း။ ပစ္စုပဋ္ဌိတော၊ ရှေးရှုတည်သည်။ (ပွဲတော်တယ်သည် ဟူလို။) အဿ၊ ဖြစ်ရာ၏။

ဘိက္ခဝေ၊ တို့။ ဗာလော၊ သော။ အဗျတ္တော၊ သော။ အကုသလော၊ သော။ သ ခေါ သော သူဒေါ၊ ထိုစားဖိုသည်သည်။ သကဿ ဘတ္တုဿ၊ မိမိထမင်းဟင်း၏။ နိမိတ္တံ၊ အရိပ် နိမိတ်ကို။ "အဇ္ဇ၊ ယနေ့။ မေ၊ ငါ၏။ ဘတ္တု၊ သခင်အား။ ဣဒံ ဝါ သူပေယျံ၊ ဤဟင်းလျာ သည်လည်း။ ရုစ္စတိ၊ နှစ်သက်၏။ (မြိန်၏ ဟူလို။) ဣမဿ ဝါ၊ ဤဟင်းလျာ၏ဘက်သို့လည်း။ အဘိဟရတိ၊ ရှေးရှုဆောင်၏။ (လက်ကိုဆန့်၏။) ဣမဿ ဝါ၊ ဤဟင်းလျာ၏လည်း။ ဗဟုံ၊ များစွာကို။ ဂဏှာတိ၊ ယူ၏။ (လက်ဖြင့်နှိုက်၏။) ဣမဿ ဝါ၊ ဤဟင်းလျာ၏လည်း။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ပြောဆို၏။ အဇ္ဇ၊ ယနေ့။ မေ၊ ၏။ ဘတ္တု၊ အား။ အမ္ဗိလဂ္ဂံ ဝါ သူပေယျံ၊ အချဉ်အစုရှိသောဟင်းလျာသည်လည်း။ ရုစ္စတိ၊ နှစ်သက်၏။ (မြိန်၏။) အမ္ဗိလဂ္ဂဿ ဝါ၊ အချဉ်အစုရှိသောဟင်းလျာဘက်သို့လည်း။ အဘိဟရတိ၊ ရှေးရှုဆောင်၏။ အမ္ဗိလဂ္ဂဿ ဝါ၊ အချဉ်အစုရှိသောဟင်းလျာ၏လည်း။ ဗဟုံ၊ များစွာကို။ ဂဏှာတိ၊ ယူ၏။ အမ္ဗိလဂ္ဂဿ ဝါ၊ အချဉ် အစုရှိသောဟင်းလျာ၏လည်း။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ (ကျန် ရသာ ၅-ပါးကိုလည်း ဤနည်း ပေး။) ဘာသတီတိ၊ ဆို၏" ဟူ၍။ န ဥဂ္ဂဏှာတိ၊ မသင်ယူ။

ဘိက္ခဝေ၊ တို့။ ဗာလော၊ သော။ အဗျတ္တော၊ သော။ အကုသလော၊ သော။ သ ခေါ သော သူဒေါ၊ ထိုစားဖိုသည်သည်။ အစ္ဆာဒနဿ၊ အဝတ်အရုံကို။ လာဘီ၊ ရလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ဝေတနဿ၊ အခရိက္ခာကို။ လာဘီ၊ သည်။ န ဟောတိ၊ မဖြစ်။ အဘိဟာရာနံ၊ ရှေးရှု ဆောင်အပ်ကုန်သော အမွေလက်ဆောင်တို့ကို။ လာဘီ၊ သည်။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုသို့ မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ တို့။ (ယသ္မာ၊ အကြင်ကြောင့်။) ဗာလော၊ သော။ အဗျတ္တော၊ သော။ အကုသလော၊ သော။ သော သူဒေါ၊ ထိုစားဖိုသည်သည်။ သကဿ ဘတ္တုဿ၊ ၏။ နိမိတ္တံ၊ ကို။ န ဥဂ္ဂဏှာတိ၊ မသင်။ တသ္မာ ဟိ၊ ထိုကြောင့်တည်း။

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့ သော။ ဗာလော၊ မိုက်သော။ အဗျတ္တော၊ မသိမ်မွေ့သော။ အကုသလော၊ မကျွမ်းကျင်သော။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ဖြစ်၍။ပ။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ၌။ ကာယာ-နုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ ၏။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿိနော၊ ရူပကာယဟုအဖန်ဖန် ရှုသည် ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်သည်။ န သမာဓိယတိ၊

---

၁။ နာနတ္တယေဟိတိ နာနာစယေဟိ။ ဋ္ဌ။ ဋီ-၌ နာနာ အစ္စယေဟိ၊ ကြံ၍ အစွယအရ ရသဝိသေသ ကောက်သည်။

မတည်ကြည်။ ဥပက္ကိလေသာ၊ ညစ်ညူးကြောင်း နီဝရဏ ၅-ပါးတို့သည်။ န ပဟီယန္တိ၊ မကင်း ပျောက်ကုန်။ သော၊ ထိုရဟန်းသည်။ တံ နိမိတ္တံ၊ ထို ကာယာနုပဿနာ၏ အာရုံနိမိတ်ကို။ န ဥဂ္ဂဏှာတိ၊ မသင် မယူနိုင်။ (မသိ ဟူလို။) (ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ တို့၌လည်း ပေး။)

ဘိက္ခဝေ၊ တို့။ ဗာလော၊ ငေသာ။ အဗျတ္တော၊ သော။ အကုသလော၊ သော။ သခေါ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဒိဋ္ဌေဝ၊ မျက်မှောက်တွေ့မြင်အပ်သော။ ဓမ္မေ၊ ဥပါဒါနက္ခန္ဓာ တရား၌သာလျှင်။ (ဤဘဝ၌ပင်။) သုခဝိဟာရာနံ၊ ချမ်းသာစွာနေကြောင်းဖြစ်သော သမာပတ် တို့ကို။ လာဘီ၊ ရလေ့ရှိသည်။ န စေဝ ဟောတိ၊ မဖြစ်။ သတိသမ္ပဇညဿ၊ သတိ သမ္ပဇဉ်ကို။ လာဘီ၊ သည်။ န စ ဟောတိ၊ မဖြစ်။ တံ၊ ထိုသို့မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ (ယသ္မာ၊ အကြင်ကြောင့်။) ဗာလော၊ သော။ အဗျတ္တော၊ သော။ အကုသလော၊ သော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သကဿ၊ မိမိ၏။ စိတ္တဿ၊ စိတ်၏။ နိမိတ္တံ၊ အာရုံနိမိတ်ကို။ န ဥဂ္ဂဏှာတိ၊ မသင် မယူနိုင်။ (မသိ ဟူလို။) တဿ ဟိ၊ ထိုကြောင့်တည်း။

(အနွယ ဥပမာန ဥပမေယျဝါကျတို့ကိုလည်း ပဋိသေဓဖြုတ်၍ သမ္ဗန်ရှုံသာ ထူး၏။) ဣတိ ဤသို့ မိန့်တော်မူ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဂိလာနသုတ်

၃၇၅။ (ဧဝံ မေ သုတံ၊ ပေးမြဲ။) ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝေသာလိယံ၊ ဝေသာလီမြို့တော်၌။ ဝေဠုဝဂါမကေ၊ ဝေဠုဝရွာငယ်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်။ တုမ္ဟေ၊ သင်တို့သည်။ ဝေသာလိယာ၊ ဝေသာလီမြို့တော်၏။ သမန္တာ၊ ထက်ဝန်း ကျင်မှ။ ယထာမိတ္တံ၊ အကြင် အကြင် မိတ်ဆွေရှိရာအရပ်၌။ ယထာသန္ဒိဋ္ဌံ၊ အကြင် အကြင် မြင် ဘူးကာမျှ မိတ်ဆွေရှိရာအရပ်၌။ ယထာသမ္ဘတ္တံ၊ အကြင် အကြင် အတူစားဖော်စားဖက်မိတ်ဆွေ ရှိရာအရပ်၌။ ဝဿံ၊ မိုးခိုဝါဆိုခြင်းသို့။ ဥပေထ၊ ကပ်ကြကုန်လော။ အဟံ၊ ငါဘုရားသည်။ ဣဓေဝ ဝေဠုဝဂါမကေ၊ ဤဝေဠုဝရွာငယ်၌သာလျှင်။ ဝဿံ၊ မိုးခိုဝါဆိုခြင်းသို့။ ဥပဂစ္ဆာမိ၊ ကပ် တော်မူအံ့"ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ "ဧဝံ ဘန္တေတိ ခေါ၊ ကောင်းပါပြီအရှင်ဘုရား"ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏ (စကားကို။) ပဋိဿုတွာ၊ ဝန်ခံ၍။ (ဝန်ခံ၍ ထူး၍။) ဝေသာလိယာ၊ ၏။ သမန္တာ၊ မှ။ ယထာမိတ္တံ၊ ၌။ ယထာ- သန္ဒိဋ္ဌံ၊ ၌။ ယထာသမ္ဘတ္တံ၊ ၌။ ဝဿံ၊ သို့။ ဥပဂစ္ဆုံ၊ ကပ်ကုန်ပြီ။ ဘဂဝါ ပန၊ မြတ်စွာဘုရား သည်ကား။ တတ္ထေဝ ဝေဠုဝဂါမကေ၊ ထိုဝေဠုဝရွာငယ်၌သာလျှင်။ ဝဿံ၊ သို့။ ဥပဂစ္ဆိ၊ ကပ်တော်မူပြီ။

အထ ခေါ၊ ထိုအခါ၌။ ဝဿူပဂတဿ၊ ဝါကပ်ပြီးသော။ ဘဂဝတော၊ မြတ်စွာဘုရား၏ (သန္တာန်တော်၌။) ခရော၊ ကြမ်းတမ်းသော။ အာဗာဓော၊ အနာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။ ဗာဠှာ၊ ပြင်းထန်ကုန်သော။ မာရဏန္တိကာ၊ သေခြင်းအနီးသို့ ရောက်စေနိုင်ကုန်သော။ (သေလု နီးပါး ဖြစ်ကုန်သော ဟူလို။) ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တတြ၊ ထို

ရောဂါဝေဒနာဖြစ်ပေါ် ရာ၌။ သတော၊ သတိဖြင့်အောက်မေ့သည်ဖြစ်၍။ သမ္ပဇာနော၊ ပညာဖြင့် ကောင်းစွာသိမြင် ရှုဆင်ခြင်သည်ဖြစ်၍။ အဝိဟညမာနော၊ မပင်ပန်းသည်ဖြစ်၍[၁]။ အဓိဝါ-သေသိ၊ သည်းခံနိုင်ပြီ။ အထ ခေါ၊ ဤ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ "ယောဟံ၊ အကြင် ငါသည်။ ဥပဋ္ဌာကေ၊ အလုပ်အကျွေးတို့ကို။ အနာမန္တေတွာ၊ မသိစေမူ၍။ ဘိက္ခုသံဃံ၊ ရဟန်း သံဃာကို။ အနပလောကေတွာ၊ မပန်ကြားမူ၍။ (ဩဝါဒမပေးမူ၍။ ဩဝါဒမဒေ ဘိက္ခုသံဃာသ အနပလောကနံ။ ဋီ။) ပရိနိဗ္ဗာယေယျံ၊ ပရိနိဗ္ဗာန်ပြုရာ၏။ တံ၊ ထို (အလုပ်အကျွေးတို့ကို မသိ စေပဲ ဘိက္ခုသံဃာကို မပန်ကြားမူ၍) ပရိနိဗ္ဗာန်ပြုခြင်းသည်။ တဿ မေ၊ ထိုငါဘုရားအား။ န ခေါ ပတိရူပံ၊ မလျောက်ပတ်။ အဟံ၊ ငါဘုရားသည်။ ဣမံ အာဗာဓံ၊ ဤအနာကို။ ဝီရိယေန၊ ပုဗ္ဗဘာဂ ဖလသမာပတ် ဝီရိယဖြင့်။ ပဋိပဏာမေတွာ၊ တွန်းလှန်၍။ ဇီဝိတသင်္ခါရံ၊ အသက်ကို ပြုပြင်အပ်ကြောင်းဖြစ်သော ဖလသမာပတ်ကို[၂]။ အဓိဋ္ဌာယ၊ အဓိဋ္ဌာန်၍။ (ဖြစ်စေ၍။) ဝိဟ-ရေယျံ၊ နေရမူကား။ ယံ နူနာတိ၊ ကောင်းစွ" ဟူသော။ စေတ်၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ အထ ခေါ၊ ဤ၌။ ဘဂဝါ၊ သည်။ တံ အာဗာဓံ၊ ထိုအနာကို။ ဝီရိယေန၊ ပုဗ္ဗဘာဂ ဖလသမာပတ် ဝီရိယဖြင့်။ ပဋိပဏာမေတွာ၊ တွန်းလှန်၍။ ဇီဝိတသင်္ခါရံ၊ အသက်ကိုပြုပြင်အပ် ကြောင်းဖြစ်သော ဖလသမာပတ်ကို။ အဓိဋ္ဌာယ၊ ဓိဋ္ဌာန်၍။ ဝိဟာသိ၊ နေတော်မူပြီ။ အထ ခေါ၊ ဤ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏ (သန္တာန်တော်၌။) သော အာဗာဓော၊ ထိုအနာသည်။ ပဋိပ္ပဿမ္ဘိ၊ ငြိမ်းပျောက်ပြီ။

အထ ခေါ၊ ဤ၌။ ဘဂဝါ၊ သည်။ ဂိလာနာ၊ သူနာ၏အဖြစ်မှ။ ဝုဋ္ဌိတော၊ ထသည်ရှိသော်။ ဂေလညာ၊ အနာမှ။ အစိရဝုဋ္ဌိတော၊ ထ၍မကြာမီ။ (မကြာသေးသော ထခြင်းရှိသည်ဖြစ်၍။ သော်လည်း သဒ္ဒတ္ထပေး။) ဝိဟာရာ၊ ကျောင်းမှ။ နိက္ခမိတွာ၊ ထွက်၍။ ဝိဟာရပစ္ဆာယာယံ၊ ကျောင်းစွန်ရိပ်၌။ (ဝိဟာရပစ္ဆာယာယန္တိ ဝိဟာရပစ္စန္တေ ဆာယာယံ။ ဝိ-ဋ္ဌ ၃-၃၆၄။) ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်တော်မူပြီ။ အထ ခေါ၊ ဤ၌။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ ယေန၊ ဤ။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ မြတ်စွာဘုရား။ မေ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဖာသု၊ ချမ်းသာခြင်းကို။ ဒိဋ္ဌော၊ မြင်အပ်ပြီ။ ဘန္တေ၊ ရား။ ဘဂဝတော၊ ၏။ ခမနီယံ၊ ဆင်းရဲတို့ကို သည်းခံနိုင်ခြင်းကို။ ဒိဋ္ဌံ၊ မြင်အပ်ပြီ။ ဘန္တေ၊ ရား။ ဘဂဝတော၊ ၏။ ယာပနီယံ၊ ဣရိယာပုထ်တို့ကို ဖြစ်စေနိုင်ခြင်းကို။ ဒိဋ္ဌံ၊ ပြီ။ ဘန္တေ၊ ရား။ အပိ စ၊ ထိုသို့မြင်အပ်ပါသော်လည်း။ ဘဂဝတော၊ ၏။ ဂေလညေန၊ မကျန်းမာခြင်းကြောင့်။ မေ၊ တပည့်တော်၏။ ကာယော၊ ကိုယ်သည်။ မဓုရကဇာ-

---

၁။ အဝိဟညမာနောတိ ဝေဒနာနုဝတ္တနဝသေန အပရာပရံ ပရိဝတ္တနံ အကရောန္တော အပီဠိယမာနော အဒုက္ခိယမာနော စ။ ဋီ။ ဝေဒနာ။ ပ ။ အကရောန္တော ဥက္ကံသဂတဘာဝိတကာယ ဘာဝိတာယ။ အပီဠိယမာ-နောတိ အပီဠိယမာနော ဝိယ။ ဋီ။ အလွန်အမင်း သတိပဋ္ဌာန်ဘာဝနာကို ပွါးတော်မူသည့်အတွက် ဒုက္ခဝေဒနာ နောက်သို့လိုက်၍ လူးလိမ့်ခြင်းကိုမပြုပဲ နေတော်မူသည်ကို မပင်ပေန်း သည်းခံတော်မူ၏ဟု ဆိုလို၏။

၂။ သခံရဏံ သင်္ခါရော၊ ဇီဝိတမေဝ သင်္ခါရော ဇီဝိတသင်္ခါရော။ ဤဝိကပ်အရ ဇီဝိတကိုကောက်။

သင်္ခရိယတိ ယေနာတိ သင်္ခါရော။ ဇီဝိတဿ သင်္ခါရော ဇီဝိတသင်္ခါရော။ ဤဝိကပ်အရ ဖလသမာပတ်ကို ကောက်။ ဤ၌ ဖလသမာပတ် ဇီဝိတသင်္ခါရကို ယူရသည်။

တော၊ ဖြစ်သော လေးလံတောင့်တင်းခြင်း ရှိသကဲ့သို့ပါတည်း။ မေ၊ ၏။ ဒိသာပိ၊ အရပ်မျက်နှာ တို့သည်လည်း။ န ပက္ခာယန္တိ၊ မထင်ပေါ် မသဲကွဲပါကုန်။ ဓမ္မာပိ၊ သတိပဋ္ဌာန်တရားတို့သည်လည်း။ မံ၊ တပည့်တော်အား။ နပ္ပဋိဘန္တိ၊ မထင်ရှားကုန်။ ဘန္တေ၊ ရား။ အပိ စ၊ ထိုသို့ဖြစ်သော်လည်း။ ယာဝ၊ အကြင်မျှလောက်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကိဉ္စိဒေဝ၊ တစုံတခုသော နောက်ဆုံးဩဝါဒစကားကို။ န ဥဒါဟရတိ၊ မြွက်ဆို တော်မမူသေး။ တာဝ၊ ထိုမျှလောက်။ ဘဂဝါ၊ သည်။ န ပရိနိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန်စံတော်မမူ သေးဟု။ မေ၊ ၏။ ကာစိဒေဝ အဿာသမတ္တာ၊ အနည်းငယ်သာ ဖြစ်သော သက်သာရာမျှသည်။ အဟောသိတိ၊ ဖြစ်ပြီ”ဟူသော။ တော်၊ ၏စကားကို။ အဝေါစ၊ လျှောက်ပြီ။

အာနန္ဒ၊ အာနန္ဒာ။ ဒါနိ၊ ယခုအခါ၌။ ဘိက္ခုသံဃော၊ ရဟန်းအပေါင်းသည်။ မယိ၊ ငါ ဘုရား၌။ ပစ္စာသီသတိ ကိံ ပန၊ ဩဝါဒကိုတောင့်တသေးသလော။ အာနန္ဒ၊ န္ဒာ။ မယာ၊ ငါ ဘုရားသည်။ ဓမ္မော၊ တရားကို။ အနန္တရံ အဗာဟိရံ ကရိတွာ၊ (ပုဂ္ဂိုလ်,ဓမ္မအားဖြင့်)အတွင်း အပြင်မထားမူ၍[1]။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ အာနန္ဒ၊ န္ဒာ။ တထာဂတဿ၊ မြတ်စွာ ဘုရား၏။ ဓမ္မေသု၊ တရားတို့၌။ အာစရိယမုဋ္ဌိ၊ လက်ဆုပ်သဖွယ် ဝှက်ချန်ထားအပ်သော ဆရာ စားသည်[2]။ နတ္ထိ၊ မရှိ။ အာနန္ဒ၊ န္ဒာ။ ယဿ၊ အကြင်ဆရာ၏။ “အဟံ၊ ငါသည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပရိဟရိဿာမီတိ ဝါ၊ ဆောင်ရွက်အံ့”ဟုငြင်း။ “ဘိက္ခုသံဃော၊ သည်။ မမုဒ္ဒေသိကောတိ ဝါ၊ ငါသာလျှင် ညွှန်ပြအပ်သူရှိသည်”ဟုငြင်း။ ဧဝံ၊ ဤအကြံအစည်ရှိသည်။ နူန၊ စင်စစ်။ အဿ၊ ဖြစ်ရာ၏။ အာနန္ဒ၊ န္ဒာ။ သော၊ ထိုဆရာသည်။ ဘိက္ခုသံဃံ၊ ကို။ အာရဗ္ဘ၊ ၍။ ကိဉ္စိဒေဝ၊ တစုံတခုသောနောက်ဆုံးဩဝါဒကိုသာလျှင်။ နူန၊ စင်စစ်။ ဥဒါဟရေယျ၊ မြွက်ဆိုရာ၏။ အာနန္ဒ၊ န္ဒာ။ တထာဂတဿ ခေါ၊ ငါဘုရား၏ကား။ “အဟံ၊ သည်။ ဘိက္ခုသံဃံ၊ ကို။ ပရိဟရိဿာမီတိ ဝါ၊ အံ့”ဟုငြင်း။ “ဘိက္ခုသံဃော၊ သည်။ မမုဒ္ဒေသိကောတိ ဝါ၊ ရှိသည်”ဟုငြင်း။ ဧဝံ၊ ဤအကြံသည်။ န ဟောတိ၊ မဖြစ်။ အာနန္ဒ၊ န္ဒာ။ သော တထာဂတော၊ ထိုငါဘုရားသည်။ ဘိက္ခုသံဃံ၊ ကို။ အာရဗ္ဘ၊ ၍။ ကိဉ္စိဒေဝ၊ ကိုသာလျှင်။ ကိံ ဥဒါဟရိဿတိ၊ အဘယ်မှာမြွက်ဆိုပါအံ့နည်း။ (မြွက်ဆိုစရာ ဘာစကားမျှ မရှိဟူလို။) အာနန္ဒ၊ န္ဒာ။ အဟံ၊ ငါဘုရားသည်။ ဧတရဟိ ခေါ ပန၊ ယခုအခါ၌ကား။ ဇိဏ္ဏော၊ အိုမင်းပြီ။ ဝုဒ္ဓေါ၊ ကြီးရင့်ပြီ။ မဟလ္လကော၊ ကြီးသူ၏အဖြစ်ကိုယူပြီ။ အဒ္ဓဂတော၊ ကြာမြင့်သော အခွန့်ကာလသို့ရောက်ခဲ့ပြီ။ ဝယော အနုပ္ပတ္တော၊ နောက်ဆုံးအရွယ်သို့ ရောက်တော်မူပြီ။ မေ၊ ငါဘုရား၏။ အာသီတိကော၊ အနှစ်ရှစ်ဆယ်ရှိသော။ ဝယော၊ အရွယ်သည်။ ဝတ္တတိ၊ ဖြစ်၏။ အာနန္ဒ၊ န္ဒာ။ ဇေဇ္ဇရသကဋံ၊ လှည်းအိုသည်။ ဝေဠမိဿကေန၊ အဖွဲ့အစပ်နှင့် ရောယှက်သဖြင့်။ ယာပေတိ သေယျထာပိ၊ (ဝန်တင်ခြင်းကို)ဖြစ်စေနိုင်သကဲ့သို့။ အာနန္ဒ၊ န္ဒာ။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ တထာ-ဂတဿ၊ မြတ်စွာဘုရား၏။ ကာယော၊ ကိုယ်သည်။ ဝေဠမိဿကေန၊ အရဟတ္တဖလသမာပတ်

---

၁။ အနန္တရံ အဗာဟိရံ ကရိတွာ၌—အနန္တရံ ကရိတွာ၊ အတွင်းမထားမူ၍။ အဗာဟိရံ ကရိတွာ၊ အပြင် မထားမူ၍။ ဟု အသီးသီးလည်း ခွဲပေးနိုင်၏။ သို့မှ န ပဋိသေဓ ၂-ချက် အနက်ပြည့်စုံသည်၊ အဓိပ္ပါယ်ပေါ် စေလို၍ ပေါင်းပေးလိုက်သည်၊ န ပဋိသေဓ ၂-ချက်၏သည်း ကတွာဟူသော ကြိယာနှင့်စပ်၍ ပေးရသည်၏ အဖြစ်ကြောင့် အယုတ္တတ္တသမာသ်တည်း။

၂။ မုဋ္ဌိကတော အာစရိယဘာဝေါ အာစရိယမုဋ္ဌိ၊ ကတ္တ,ဘာဝ ၂-၇ အကျေကြံ၊ ဋ္ဌ-၌ အာစရိယမုဋ္ဌိဟိ ပန္န ကတွာ ပရိဟရိတွာ ဌပိတံ ကိဉ္စိ နတ္ထိ-ဟု အဓိပ္ပါယ်ဟု ဖွင့်ပြ၏။

တည်းဟူသော ကိုယ်အဖွဲ့နှင့်ရောယှက်သဖြင့်။ ယာပေတိ မညေ၊ (ဣရိယာပုထ်တို့ကို) ဖြစ်စေနိုင်ယောင်တကား။

အာနန္ဒ၊ နွာ။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ သဗ္ဗနိမိတ္တာနံ၊ အလုံးစုံသော အာရုံနိမိတ်တို့ကို။ (ရူပနိမိတ္တာဒိ-ကိုယူ။) အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဧကစ္စာနံ၊ အချို့ကုန်သော။ ဝေဒနာနံ၊ လောကီဝေဒနာတို့၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ အနိမိတ္တံ၊ ရူပစသော အာရုံမရှိသော။ စေတောသမာဓိံ၊ အရဟတ္တဖလသမာဓိကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ အာနန္ဒ၊ နွာ။ တသ္မိံ သမယေ၊ ထိုအခါ၌။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ကာယော၊ ကိုယ်သည်။ ဖာသုတရော၊ အလွန်ချမ်းသာသည်။ ဟောတိ၊ ၏။ အာနန္ဒ၊ နွာ။ တသ္မာ၊ ထိုကြောင့်။ (တုမှေ၊ သင်တို့သည်။) ဣဓ၊ ဤသာသနာ၌။ အတ္တဒီပါ၊ ၄-ပါးသော လောကုတ္တရာတရားတည်းဟူသော ကျွန်းကြီးပမာ ထောက်တည်ရာရှိကုန်သည်ဖြစ်၍[၁]။ အတ္တသရဏာ၊ ၄-ပါးသော လောကုတ္တရာတရားတည်းဟူသော ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍။ အနညသရဏာ၊ လောကုတ္တရာတရားမှ တပါးသော ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍။ ဓမ္မဒီပါ၊ ၄-ပါးသော လောကုတ္တရာတရား တည်းဟူသော ကျွန်းကြီးပမာ ထောက်တည်ရာ ရှိကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ ဖြစ်၍။ အနညသရဏာ၊ ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

အာနန္ဒ၊ နွာ။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ အတ္တဒီပေါ၊ ၄-ပါးသော လောကုတ္တရာတရားတည်းဟူသော ကျွန်းကြီးပမာ ထောက်တည်ရာရှိသည်ဖြစ်၍။ အတ္တသရဏော၊ ၄-ပါးသော လောကုတ္တရာတရားတည်းဟူသော ကိုးကွယ်ရာရှိသည်ဖြစ်၍။ အနညသရဏော၊ ဖြစ်၍။ ဓမ္မဒီပေါ၊ ဖြစ်၍။ ဓမ္မသရဏော၊ ၍။ အနညသရဏော၊ ၍။ ဝိဟရတိ၊ နေသနည်း။ အာနန္ဒ၊ နွာ။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ဖြစ်၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရုပ်ကာယ၌။ ကာယာနုပဿီ၊ ရုပ်ကာယဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ပ။ ဝေဒနာသု၊ ဝေဒနာတို့၌။ပ။ စိတ္တေ၊ စိတ်၌။ပ။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရတိ၊ နေ၏။

အာနန္ဒ၊ နွာ။ ဧဝံ ခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ အတ္တဒီပေါ၊ ၍။ အတ္တသရဏော၊ ၍။ အနညသရဏော၊ ၍။ ဓမ္မဒီပေါ၊ ၍။ ဓမ္မသရဏော၊ ၍။ အနညသရဏော၊ ၍။ ဝိဟရတိ၊ နေ၏။ အာနန္ဒ၊ နွာ။ ယေ ဟိ ကေစိ၊ အကြင်ရဟန်းတို့သည်။ ဧတရဟိ ဝါ၊ ငါဘုရားထင်ရှားရှိရာ ဤအခါ၌၎င်း။ မမ၊ ငါဘုရား၏။ အစ္စယေ ဝါ၊ လွန်ရာအခါ၌၎င်း။ အတ္တဒီပါ၊ ၄-ပါးသော လောကုတ္တရာတရားတည်းဟူသော ကျွန်းကြီးပမာ ထောက်တည်ရာ ရှိကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ ၍။ အနညသရဏာ၊ ၍။ ဓမ္မဒီပါ၊ ၍။ ဓမ္မသရဏာ၊ ၍။ အနညသရဏာ၊ ဖြစ်၍။ ဝိဟရိဿန္တိ၊ နေကုန်လတ္တံ့။ အာနန္ဒ၊ နွာ။ မေ၊ ငါဘုရား၏။ တေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ (ဘဝိဿန္တိ စပ်) ယေ ကေစိ သိက္ခာကာမာ၊ အကြင်သိက္ခာကို လိုလားသောရဟန်းတို့သည်။ (သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုရဟန်းတို့ထက်။) တမတဂ္ဂေ၊ အလွန်မြတ်သည်၏အဖြစ်၌။ ဝါ၊

[၁]။ အတ္တသဒ္ဒေန ဓမ္မော ဧဝ ဝုတ္တော။ ဋီ။ ခန္ဓသံယုတ် စာပိုဒ် ၄၃၊ အတ္တဒီပသုတ် ဋီကာ၌လည်း ဤနည်းဖွင့်၍ အဆုံးအဖြတ် မှာခဲ့၏။

(အဂ္ဂတမာ)၊ သာလွန်မြတ်ကုန်သည်[၁]။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ (သိက္ခာကာမရဟန်းတို့ ထက်ပင် သတိပဋ္ဌာန်ပွားသောရဟန်းတို့က သာလွန်ကုန်၏ ဟုလိုသည်။)

နဝမ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဘိက္ခုနုပဿယသုတ်

၃၇၆။ အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ အာနန္ဒော၊ သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ယေန၊ ၌။ အညတရော၊ သော။ ဘိက္ခုနုပဿယော၊ ဘိက္ခုနီမတို့၏ကျောင်းသည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်တော်မူပြီ။ အထ ခေါ၊ ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ ဘိက္ခုနိယော၊ ဘိက္ခုနီမတို့သည်။ ယေန၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ကုန်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိံသု၊ ကုန်ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နာ ခေါ၊ ကုန်သော။ တာ ဘိက္ခုနိယော၊ တို့သည်။ အာယသ္မန္တံ အာနန္ဒံ၊ ကို—

"ဘန္တေ အာနန္ဒ၊ အရှင်ဘုရားအာနန္ဒာ။ ဣဓ၊ ဤသာသနာ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခုနိယော၊ တို့သည်။ စတူသု၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တို့၌။ သုပ္ပတိ-ဋ္ဌိတစိတ္တာ၊ ကောင်းစွာတည်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဝိဟရန္တိယော၊ နေကုန်သည်ရှိသော်။ ပုဗ္ဗေန၊ ရှေးတရားထူးထက်။ ဥဠာရံ၊ မွန်မြတ်သော။ အပရံ ဝိသေသံ၊ နောက်တရားထူးကို။ သဉ္ဇာနန္တီတိ၊ ကောင်းစွာသိကုန်၏" ဟူသော။ ဧတံ၊ ကို။ အဝေါစုံ၊ လျှောက်ကုန်ပြီ။ ဘဂိနိယော၊ နှမတို့။ ဧတံ၊ ဤစကားသည်။ ဧဝံ၊ မှန်၏။ ဘဂိနိယော၊ နှမတို့။ ဧတံ၊ ဤစကားသည်။ ဧဝံ၊ မှန်၏။ ဘဂိနိယော၊ တို့။ ယော ဟိ ကောစိ ဘိက္ခု ဝါ၊ အကြင်ရဟန်းသည်ရင်း။ ယာ ဟိ ကာစိ ဘိက္ခုနီ ဝါ၊ အကြင်ဘိက္ခုနီမသည်ရင်း။ စတူသု၊ ကုန်သော။ သတိပဋ္ဌာနေသု၊ တို့၌။ သုပ္ပတိဋ္ဌိတ-စိတ္တော၊ ကောင်းစွာတည်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ တဿ၊ ထိုရဟန်း ရဟန်းမသည်။ "ပုဗ္ဗေန၊ ထက်။ ဥဠာရံ၊ သော။ အပရံ ဝိသေသံ၊ ကို။ သဉ္ဇာနိဿတီတိ၊ ကောင်းစွာသိလတ္တံ့" ဟူသော။ ဧတံ၊ ဤသဘောကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

အထ ခေါ၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ တာ ဘိက္ခုနိယော၊ ထိုဘိက္ခုနီမတို့ကို။ ဓမ္မိယာ၊ တရားနှင့်ယှဉ်သော။ ကထာယ၊ စကားဖြင့်။ သန္ဒဿေတွာ၊ ကောင်းစွာပြပြီး၍။ သမာဒပေတွာ၊ ကောင်းစွာယူစေပြီး၍။ သမုတ္တေဇေတွာ၊ ကောင်းစွာ ထက်သန်စေပြီး၍။ သမ္ပဟံသေတွာ၊ ကောင်းစွာရွှင်လန်းစေပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကာမိ၊ ဖဲတော်မူပြီ။ (အထ ခေါမှစ၍ သဉ္ဇာနိဿတီတိ အထိ ရှင်အာနန္ဒာက မြတ်စွာဘုရားအား ပြန်လျှောက်ကြားသည်သာ ဖြစ်၏၊ အနက်မထုတ်ပြီ။)

---

၁။ တမတဂ္ဂေတိ တမဂ္ဂေ၊ မဇ္ဈေ တကာရော ပဒသန္ဓိဝသေန ဝုတ္တော၊ ဣဒံ ဝုတ္တံ ဟောတိ—ဣမေ အဂ္ဂတမာတိ တမတဂ္ဂါတိ။ ဋီ။

တမဂ္ဂေ၊ အဇ္ဇတဂ္ဂေတို့၌ အဂ္ဂေသဒ္ဒါ၊ ယဒဂ္ဂေနနှင့် အဂ္ဂေနသဒ္ဒါ၊ ဘာဒဂ္ဂံ၊ အဂ္ဂမက္ခာသတိတို့၌ အဂ္ဂံသဒ္ဒါ စသည်တို့သည် နိပါတ်ပုဒ်များဟု ကြံသင့်၏။

အာနန္ဒ၊ န္ဒာ။ တော၊ ဤစကားသည်။ ဝေ၊ မှန်၏။ပ။ သဋ္ဌာနိယာတိ၊ ကောင်းစွာ သိနိုင်လတ္တံ့။ ကထမေသု စတူသု၊ အဘယ် ၄-ပါးတို့၌နည်းဟူမူ။ အာနန္ဒ၊ န္ဒာ။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ဖြစ်၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာ-ဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယေ၊ ရုပ်ကာယ၌။ ကာယာနုပဿီနော၊ ရုပ်ကာယဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုရဟန်း၏။ ကာယာရမ္မဏော၊ ရုပ်ကာယလျှင် အာရုံရှိသော။ ကာယသ္မိံ၊ ရုပ်ကာယ၌။ ပရိဠာဟော ဝါ၊ ကိလေသာပူသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတသော၊ စိတ်၏။ လီနတ္တံ ဝါ၊ တွန့်သည်၏ အဖြစ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဗဟိဒ္ဓါ ဝါ၊ အပဖြစ်သော အာရုံတို့၌လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခိပတိ၊ ပျံ့လွင့်၏။ အာနန္ဒ၊ န္ဒာ။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ကိသ္မိဉ္စိဒေဝ၊ တစုံတခုသောလျှင်ဖြစ်သော။ ပသာဒနီယေ၊ ကြည်လင်ဖွယ်ဖြစ်သော။ နိမိတ္တေ၊ ဘုရားအစရှိသော အာရုံ၌။ စိတ္တံ၊ စိတ်ကို။ ပဏိဒဟိတဗ္ဗံ၊ ထားအပ်၏။ ကိသ္မိဉ္စိဒေဝ၊ သော။ ပသာဒနီယေ၊ သော။ နိမိတ္တေ၊ ၌။ စိတ္တံ၊ ကို။ ပဏိဒဟတော၊ ထားသော။ တဿ၊ ထိုရဟန်း၏။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပမုဒိတဿ၊ ဝမ်းမြောက်သော ရဟန်း၏။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဇာယတိ၊ ၏။ ပီတိမနဿ၊ နှစ်သက်သော စိတ်ရှိသော ရဟန်း၏။ ကာယော၊ ရုပ်ကာယသည်။ ပဿမ္ဘတိ၊ ငြိမ်းချမ်း၏။ ပဿဒ္ဓကာယော၊ ငြိမ်းချမ်းသော ရုပ်ကာယရှိသော ရဟန်းသည်။ သုခံ၊ ချမ်းသာကို။ ဝေဒယတိ၊ ခံစားရ၏။ သုခိနော၊ ချမ်းသာခြင်းရှိသော ရဟန်း၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ သော၊ ထိုရဟန်းသည်။ "ယဿ ခေါ အဟံ အတ္ထာယ၊ အကြင် အကျိုးငှါ။ အဟံ၊ ငါသည်။ စိတ္တံ၊ စိတ်ကို။ ပဏိဒဟိံ၊ ထားပြီ။ ဖေ၊ ငါ၏။ သော အတ္ထော၊ ထိုအကျိုးသည်။ အဘိနိပ္ဖန္နော၊ ပြီးပြီ။ ဒါနိ၊ ယခုအခါ၌။ ဟန္ဒ ပဋိသံဟရာမိတိ၊ တဖန် သတိပဋ္ဌာန်သို့ ဆောင်ဦးအံ့။ ဝါ၊ ပြန်ဦးအံ့" ဟူ၍။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ သော၊ ထိုရဟန်းသည်။ ပဋိသံဟရတိ စေဝ၊ တဖန်သတိပဋ္ဌာန်သို့လည်း ပြန်၏။ န စ ဝိတက္ကေတိ၊ ဗဟိဒ္ဓအာရုံကိုလည်း မကြံ။ န စ ဝိစာရေတိ၊ ဗဟိဒ္ဓအာရုံကိုလည်းမသုံးသပ်။ "(အဟံ၊ ငါသည်။) အဝိတက္ကော၊ ဗဟိဒ္ဓအာရုံကို မကြံသူသည်။ အသ္မိ၊ ဖြစ်၏။ အဝိစာရော၊ ဗဟိဒ္ဓအာရုံကို မသုံးသပ်သူသည်။ အသ္မိ၊ ၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တအာရုံ၌။ သတိမာ၊ သတိရှိသူသည်။ သုခံ၊ (သုခိတော) ချမ်းသာခြင်းရှိသူသည်။ အသ္မီတိ၊ ဖြစ်၏"ဟု။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။(ကျန်သတိပဋ္ဌာန် ၃-ပါးတို့၌လည်း ဤနည်းသာမှန်။)အာနန္ဒ၊ န္ဒာ။ ဧဝံ ခေါ၊ ဤသို့လျှင်။ ပဏိဓာယ၊ မူလအတိပဋ္ဌာန်ကမ္မဋ္ဌာန်းကိုရပ်ထား၍။ ဘာဝနာ၊ (ဘုရားဂုဏ်စသည်ကို အောက်မေ့ခြင်းဖြင့် စိတ်ကိုကြည်လင်စေ၍) တဖန် သတိပဋ္ဌာန်ကို ပွါးခြင်းသည်။ ဟောတိ၊ ၏။

အာနန္ဒ၊ န္ဒာ။ ကထဉ္စ၊ အဘယ်သို့လျှင်။ အပ္ပဏိဓာယ၊ မူလသတိပဋ္ဌာန်ကမ္မဋ္ဌာန်းမရပ်ထားမူ၍။ ဘာဝနာ၊ ဆက်လက်၍ပွါးခြင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ အာနန္ဒ၊ န္ဒာ။ ဘိက္ခု၊ ရဟန်းသည်။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓအာရုံ၌။ စိတ္တံ၊ စိတ်ကို။ အပ္ပဏိဓာယ၊ မထားမူ၍။ "မေ၊ ငါသည်။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓအာရုံ၌။ စိတ္တံ၊ စိတ်ကို။ အပ္ပဏိဟိတန္တိ၊ မထားအပ်"ဟု။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ အထ၊ ထိုမှနောက်၌။ "(မေ၊ ၏။ စိတ္တံ၊ သည်။ ဝါ၊ ကို။) ပစ္ဆာ၊ နောက်၌ရင်း။ ပုရေ၊ ရှေ့၌ရင်း။ အသံခိတ္တံ၊ မပျံ့လွင့်။ ဝိမုတ္တံ၊ ကိလေသာတို့မှ လွတ်မြောက်ပြီ။ အပ္ပဏိဟိတန္တိ၊ ဗဟိဒ္ဓ အာရုံ၌ မထားအပ်"ဟု။ ပဇာနာတိ၊ ၏။ အထ စ ပန၊ ထိုမှ နောက်၌လည်း။ "ကာယေ၊ ၌။ ကာယာနုပဿီ၊ ဖြစ်၍။ ဝိဟရာမိ၊ နေ၏။ အာတာပီ၊ သူသည်။ သမ္ပဇာနော၊ သူသည်။ သတိမာ၊

သူသည်။ သုခံ၊ ချမ်းသာခြင်းရှိသူသည်။ အသ္မိတိ၊ ဖြစ်၏"ဟု။ ပဇာနာတိ၊ ၏။ (ကျန်သတိပဋ္ဌာန် ၃-ပါး၌လည်း ဤနည်းသမွှန်။) အာနန္ဒ၊ နွာ။ ဧဝံ ခေါ၊ လျှင်။ အပ္ပဏိဓာယ၊ မူလသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို မရပ်ထားမူ၍။ ဘာဝနာ၊ ပွါးခြင်းသည်။ ဟောတိ၊ ၏။

အာနန္ဒ၊ နွာ။ ဣတိ ခေါ၊ ဤသို့လျှင်။ မယာ၊ ငါဘုရားသည်။ ပဏိဓာယ၊ ၍။ ဘာဝနာ၊ ပွါးနည်းကို။ ဒေသိတာ၊ ဟောတော်မူအပ်ပြီ။ အပ္ပဏိဓာယ၊ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို မရပ်ထား မူ၍။ ဘာဝနာ၊ ကို။ ဒေသိတာ၊ အပ်ပြီ။ အာနန္ဒ၊ နွာ။ သတ္ထာရာ၊ ဆရာဖြစ်သောသူသည်။ ဟိတေသိနာ၊ အကျိုးစီးပွါးကို အလိုရှိသည်ဖြစ်၍။ အနုကမ္ပကေန၊ အစဉ်သနားတော်မူသည် ဖြစ်၍။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အစွဲပြု၍။ သာဝကာနံ၊ တပည့်သားတို့၏ အတွက်။ ယံ၊ အကြင်အမှုကို။ ကရဏီယံ၊ ပြုထိုက်၏။ တံ၊ ထိုအမှုကို။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့၏အတွက်။ ကတံ၊ ပြုအပ်ပြီ။ အာနန္ဒ၊ နွာ။ ဧတာနိ၊ ဤအရာတို့သည်ကား။ ရုက္ခမူလာနိ၊ (တရားအားထုတ်ရန်ကောင်းသော) သစ်ပင်ရင်းတို့တည်း။ ဧတာနိ၊ တို့သည်ကား။ သုညာဂါရာနိ၊ (တရားအားထုတ်ရန်ကောင်းသော) ဆိတ်ငြိမ်ရာကျောင်းတို့တည်း။ အာနန္ဒ၊ နွာ။ (တုမှေ၊ သင်တို့သည်။) ဈာယထ၊ ကိလေသာတို့ကို ရှို့မြိုက်ကြလော့။ ဝါ၊ သမထဝိပဿနာ ရှုကြလော့။ မာ ပမာဒတ္ထ၊ မမေ့လျော့ကြလင့်။ ပစ္ဆာ၊ သေခါနီးရောက်လာ နောက်အခါ၌။ ဝိပ္ပဋိသာရိနော၊ အားမထုတ်လိုက်ရဟု နှလုံးမသာယာမှုရှိကြသည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြလင့်။ အယံ၊ ဤသည်ကား။ ဝေါ၊ သင်တို့၏အတွက်။ အမှာကံ၊ ငါတို့၏။ အနုသာသနီ၊ အဆုံးအမတည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘဂဝါ၊ သည်။ ဣဒံ၊ ဤတရားစကားကို။ အဝေါစ၊ ဟောတော်မူပြီ။ အာယသ္မာ အာနန္ဒော၊ သည်။ အတ္တမနော၊ ပီတိသုခတို့ဖြင့် ယူအပ်သောစိတ်ရှိသည်ဖြစ်၍။ ဘဂဝတော၊ ၏။ ဘာသိတံ၊ တရားစကားကို။ အဘိနန္ဒိ၊ ကျေနပ်စွာလက်ခံတော်မူပြီ။ ဣတိ၊ သို့။ သုတံ၊ ကြားလိုက်ရပါသည်။ ဝါ၊ နာခံမှတ်သား ဆောင်ထားအပ်ပြီ။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ပဉ္စမော၊ သော။ အမ္ဗပါလိဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုအမ္ဗပါလိဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

အမ္ဗပါလိ၊ အမ္ဗပါလိသုတ်ရင်း။ သတော၊ သတိသုတ်ရင်း။ ဘိက္ခု၊ ဘိက္ခုသုတ်ရင်း။ သာလာ၊ သာလသုတ်ရင်း။ အကုသလရာသိ စ၊ အကုသလရာသိသုတ်ရင်း။ သကုဏဂ္ဃိ၊ သကုဏဂ္ဃိသုတ်ရင်း။ မက္ကဋော၊ မက္ကဋသုတ်ရင်း။ သူဒေါ၊ သူဒသုတ်ရင်း။ ဂိလာနော၊ ဂိလာနသုတ်ရင်း။ ဘိက္ခုနုပဿယော၊ ဘိက္ခုနုပဿယသုတ်ရင်းတည်း။ ဣတိ၊ ဤသည် တည်း။

## ၂-နာဠန္ဒဝဂ်

### ၁-မဟာပုရိသသုတ်

၃၇၇။ သာဝတ္ထိနိဒါနံ၊ တည်း။ အထ ခေါ၊ ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။

ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ မြတ်စွာဘုရား။ မဟာပုရိသော မဟာပုရိသောတိ၊ မြတ်သောယောကျ်ား မြတ်သော ယောကျ်ား ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ ဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ မဟာပုရိသော၊ မြတ်သော ယောကျ်ားသည်။ ဟောတိ နု ခေါ၊ ဖြစ်ပါသနည်း"ဟူသော။ တေ၊ ကို။ ဒဝေါစ၊ ပြီ။ သာရိပုတ္တ၊ သာရိပုတြာ။ ဝိမုတ္တစိတ္တတ္တာ၊ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်။ မဟာပုရိသောတိ၊ မြတ်သော ယောကျ်ားဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အဝိမုတ္တစိတ္တတ္တာ၊ ကိလေသာတို့မှ မလွတ်မြောက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်။ မဟာပုရိသောတိ၊ မြတ်သော ယောကျ်ား ဟူ၍။ နော ဝဒါမိ၊ ဟောတော်မမူ။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ သည်။ သတော၊ ကာယာနုပဿနာသတိ စသည်ဖြင့် အောက်မေ့မှတ်ရှသည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ။ ဘိက္ခု၊ သည်။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် ရှုဆင်ခြင်သည်ဖြစ်၍။ သတိမာ၊ သိမ်းဆည်းတတ်သော သတိရှိသည်ဖြစ်၍။ လောကေ၊ ရုပ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ သူများစည်းစိမ်ကို ကြံဖန်ခြင်း နှလုံးမသာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ဝေဒနာတို့၌။ပ။ စိတ္တေ၊ စိတ်၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ လောကီတရားတို့၌။ ဓမ္မာနုပဿီ၊ လောကီတရားဟု အဖန်ဖန် ရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သတော၊ ကာယာနုပဿနာသတိစသည်ဖြင့် အောက်မေ့ရှုမှတ်သည်။ ဟောတိ၊ ဖြစ်၏။

, ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ သမ္ပဇာနော။ ကောင်းစွာသိမြင် ဉာဏ်ဆင်ခြင်သည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခုနော၊ (ရဟန္တာ) ရဟန်း၏။ ဝိဒိတာ၊ သိအပ်ပြီးကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဝိဒိတာ၊ ကုန်သော။ ဝေဒနာ၊ တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ကုန်သော။ ဝေဒနာ၊ တို့သည်။ အဗ္ဘတ္ထံ ဂစ္ဆန္တိ၊ ချုပ်ခြင်းသို့ရောက်ကုန်၏။ ဝိဒိတာ၊ သိအပ်ကုန်ပြီးသော။ ဝိတက္ကာ၊ ဝိတက်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဝိဒိတာ၊ ကုန်သော။ ဝိတက္ကာ၊ တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ကုန်သော။ ဝိတက္ကာ၊ တို့သည်။ အဗ္ဘတ္ထံ ဂစ္ဆန္တိ၊ ချုပ်ခြင်းသို့ရောက်ကုန်၏။ ဝိဒိတာ၊ သိအပ်ကုန်သော။ သညာ၊ သညာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဝိဒိတာ၊ ကုန်သော။ သညာ၊ တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ကုန်သော။ သညာ၊ တို့သည်။ အဗ္ဘတ္ထံ ဂစ္ဆန္တိ၊ ချုပ်ခြင်းသို့ ရောက်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ ဘိက္ခု၊ သည်။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် ဉာဏ်ဖြင့်ဆင်ခြင်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ သတော၊ ကာယာနုပဿနာသတိစသည်ဖြင့် အောက်မေ့ရှုမှတ်သည် ဖြစ်၍။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် ရှုဆင်ခြင်သည်ဖြစ်၍။ ဝိဟရေယျ၊ နေရာ၏။ အယံ၊ ဤသည်ကား။ အမှာကံ၊ ငါဘုရားတို့၏။ ဝေါ၊ သင်တို့ကို။ အနုသာသနီ၊ ဆုံးမကြောင်း စကားတည်း။ (သင်တို့ကို ဆုံးမသော ငါဘုရားတို့၏ အဆုံးအမ ဩဝါဒ ဟူလို။) ဣတိ၊ ၏။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-အညသုတ်

၄၀၂။ ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာနာ၊ တို့သည်။ ဣမေ စတ္တာရော၊ ဤ ၄-ပါးတို့တည်း။ ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ဝေဒနာတို့၌။ပ။ စိတ္တေ၊ ၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ လောကီတရား တို့၌။ ဓမ္မာနုပဿီ၊ လောကီတရားဟု အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။

သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ ဣမေ ခေါ စတ္တာရော၊ ဤ ၄-ပါးတို့တည်း။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ကုန်သော။ ဣမေသံ ခေါ သတိပဋ္ဌာနာနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်။ ဗဟုလီကတတ္တာ၊ အကြိမ်များစွာ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် သိမြင်အပ်သော ခန္ဓာတရား၌သာလျှင်။ (မျက်မှောက် ပစ္စုပ္ပန်ဘဝ၌သာလျှင်။) အညာ၊ အရဟတ္တဖိုလ်အကျိုးရင်း။ ဥပါဒိသေသေ၊ ဥပါဒါန်တစိတ်အကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ (အနာဂါမ်ပုဂ္ဂိုလ်အဖြစ်) အနာဂါမိဖိုလ်အကျိုးရင်း။ ဒွိန္နံ၊ ၂-မျိုးကုန်သော။ ဖလာနံ၊ အကျိုးတို့တွင်။ အညတရံ၊ တမျိုးမျိုးသော။ ဖလံ၊ အကျိုးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဣတိ၊ ၏။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဆန္ဒသုတ်

၄၀၃။ (စတ္တာရောမေ အစ အဘိဇ္ဈာဒေါမနဿံ အဆုံး ပေးမြဲ။) ကာယေ၊ ရုပ်ကာယ၌။ ကာယာနုပဿီနော၊ ရုပ်ကာယဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုရဟန်းသည်။ (ပဟီယတိ၊ သစ္စိကတံတို့၌ စပ်။) ကာယသ္မိံ၊ ရုပ်ကာယ၌။ ယော ဆန္ဒော၊ အကြင် လိုချင်သော တဏှာဆန္ဒသည်။ (အတ္ထိ၊ ၏။) သော၊ ထိုလိုချင်သော တဏှာဆန္ဒကို။ ပဟီယတိ၊ ပယ်အပ်၏။ ဆန္ဒဿ၊ တဏှာဆန္ဒကို။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်ကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သည်။ ဟောတိ၊ ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ ဓမ္မေသု၊ တို့၌။ပ။ ဆန္ဒဿ၊ တဏှာဆန္ဒကို။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်ကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သည်။ ဟောတိ၊ ၏။ (ဝေဒနာ, စိတ္တ, ဓမ္မတို့၌လည်း ကာယဝါကျအတိုင်း ဖော်ပေးလေ။) ဣတိ၊ ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ပရိညာတသုတ်

၄၀၄။ (ထူးရာကိုသာ ပေးအံ့။) ကာယေ၊ ၌။ ကာယာနုပဿီနော၊ ဖြစ်၍။ ဝိဟရတော၊ သော။ တဿ၊ သည်။ ကာယော၊ ကို။ ပရိညာတော၊ ပိုင်းခြားရှုသိအပ်သည်။ ဟောတိ၊ ၏။ ကာယဿ၊ ကို။ ပရိညာတတ္တာ၊ ပိုင်းခြားရှုသိအပ်သည်၏ အဖြစ်ကြောင့်။ အမတံ၊ ကို။ သစ္ဆိကတံ၊ သည်။ ဟောတိ၊ ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ ဓမ္မေသု၊ တို့၌။ပ။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီနော၊ ဓမ္မဟု အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုရဟန်းသည်။ ဓမ္မာ၊ တို့ကို။ ပရိညာတာ၊ ပိုင်းခြား၍ သိအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဓမ္မာနံ၊ တို့ကို။ ပရိညာတတ္တာ၊ ပိုင်းခြား၍ သိအပ်သည်၏အဖြစ်ကြောင့်။ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်ကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဘာဝနာသုတ်

၄၀၅။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝနံ၊ ပွါးခြင်းကို။ ဒေသေဿာမိ၊ ဟောတော်မူအံ့။ တံ၊ ထိုတရားဒေသနာကို။ သုဏာထ၊ နာကြကုန်။

ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ကုန်သော။ သတိပဋ္ဌာနာနံ၊ တို့ကို။ ဘာဝနာ၊ သည်။ ကတမာ စ၊ နည်း။ (ဤ၌ စသော် သတိပဋ္ဌာန် ၄-ပါး ပေးမြဲ။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤကား။ စတုန္နံ၊ ကုန်သော။ သတိပဋ္ဌာနာနံ၊ တို့ကို။ ဘာဝနာ၊ တည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဝိဘင်္ဂသုတ်

၄၀၆။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့အား။ သတိပဋ္ဌာနဥ္စ၊ သတိပဋ္ဌာန်ကိုင်း။ သတိပဋ္ဌာနဘာဝနဉ္စ၊ သတိပဋ္ဌာန်တို့ကို ပွါးခြင်းကိုင်း။ သတိပဋ္ဌာနဘာဝနာဂါမိနိဥ္စ ပဋိပဒံ၊ သတိပဋ္ဌာန်တို့ကို ပွါးခြင်းဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကိုင်း။ ဒေသေဿာမိ၊ အံ့။ တံ၊ ကို။ သုဏာထ၊ ကုန်လော။ ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန်သည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ကာယေ၊ ၌။ပ။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ရှု၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤရှုခြင်းကို။ သတိပဋ္ဌာနံ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာနဘာဝနာ၊ သည်။ ကတမာ စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာသိမြင် ဉာဏ်ဖြင့်ဆင်ခြင်သည်ဖြစ်၍။ သတိမာ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ရုပ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာဒေါမနဿကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယသ္မိံ၊ ရုပ်ကာယ၌။ သမုဒယဓမ္မာနုပဿီ၊ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ၌။ ဝယဓမ္မာနုပဿီ၊ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ကာယသ္မိံ၊ ၌။ သမုဒယဝယဓမ္မာနုပဿီ၊ ဖြစ်ပျက်ခြင်း သဘောကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဝေဒနာသု၊ တို့၌။ သမုဒယဓမ္မာနုပဿီ၊ ရှု၍။ ဝိဟရတိ၊ ၏။ပ။ စိတ္တေ၊ ၌။ သမုဒယဓမ္မာနုပဿီ၊ ရှု၍။ ဝိဟရတိ၊ ၏။ပ။ ဓမ္မေသု၊ တို့၌။ သမုဒယဓမ္မာနုပဿီ၊ ရှု၍။ ဝိဟရတိ၊ ၏။ ဓမ္မေသု၊ တို့၌။ ဝယဓမ္မာနုပဿီ၊ ရှု၍။ ဝိဟရတိ၊ ၏။ ဓမ္မေသု၊ တို့၌။ သမုဒယဝယဓမ္မာနုပဿီ၊ ရှု၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤပွါးခြင်းကို။ သတိပဋ္ဌာနဘာဝနာ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာနဘာဝနာဂါမိနီပဋိပဒါ၊ သည်။ ကတမာ စ၊ နည်း။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ၈-ပါး ရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သာလျှင်တည်း။ သေယျထိဒံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ မဖောက်မပြန်မှန်ကန်လှစွာ(ကိလေသာတို့မှ ထွက်မြောက်တတ်)သောအမြင်ရင်း။ပ။ သမ္မာသမာဓိ၊ မဖောက်မပြန် မှန်ကန်လှစွာ(ကိလေသာတို့မှ ထွက်မြောက်တတ်)သော တည်ကြည်ခြင်းရင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤအကျင့်ကို။ သတိပဋ္ဌာနဘာဝနာဂါမိနီ ပဋိပဒါ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ ဣတိ၊ ၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

စတုတ္ထော၊ ၄-ဝဂ်မြောက်ဖြစ်သော။ အနနုသုတဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုအနုနုဿုတဝဂ်၏။ ဥဒ္ဒါန်၊ ကား—

အနနုဿုတံ၊ အနနုဿုတသုတ်ငှင်း။ ဝိရာဂေါ၊ ဝိရာဂသုတ်ငှင်း။ ဝိရဒ္ဓေါ၊ ဝိရဒ္ဓသုတ်ငှင်း။ ဘာဝနာ၊ ဘာဝိတသုတ်ငှင်း။ သတိ၊ သတိသုတ်ငှင်း။ အညာ၊ အညာသုတ်ငှင်း။ ဆန္ဒံ၊ ဆန္ဒသုတ်ငှင်း။ ပရိညာယ၊ ပရိညာတသုတ်ငှင်း။ ဘာဝနာ၊ ဘာဝနာသုတ်ငှင်း။ ဝိဘင်္ဂေန စ၊ ဝိဘင်္ဂသုတ်ငှင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၅-အမတဝဂ်

### ၁-အမတသုတ်

၄၀၇။ သာဝတ္ထိနိဒါနံ၊ သာဝတ္ထိနိဒါန်းတည်း။ ဘိက္ခဝေ၊ တို့။ စတူသု၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တို့၌။ သုပ္ပတိဋ္ဌိတစိတ္တာ၊ ကောင်းစွာတည်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။ ဝေါ၊ သင်တို့၏။ အမတံ၊ နိဗ္ဗာန်သည်။ မာ ပနဿ၊ (ပနဿတု) မပျက်စီးစေသတည်း။ ဝါ၊ မပျက်စီးစေလို။ ကတမေသု စတူသု၊ အဘယ် ၄-ပါးတို့၌နည်းဟူမူ။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ ဣမေသု စတူသု သတိပဋ္ဌာနေသု၊ ဤလေးပါးကုန်သော သတိပဋ္ဌာန်တို့၌။ သုပ္ပတိဋ္ဌိတစိတ္တာ၊ ဖြစ်၍။ ဝိဟရထ၊ ကုန်လော့။ ဝေါ၊ သင်တို့၏။ အမတံ၊ နိဗ္ဗာန်သည်။ မာ ပနဿ၊ မပျက်စီးစေသတည်း။ ဝါ၊ မပျက်စီးစေလို။ ဣတိ၊ ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

### ၂-သမုဒယသုတ်

၄၀၈။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ လေးပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့၏။ သမုဒယဉ္စ၊ ဖြစ်ကြောင်းကိုငှင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ကြောင်းကိုငှင်း။ ဒေသေဿာမိ၊ ဟောတော်မူအံ့။ တံ၊ ထိုတရားဒေသနာကို။ သုဏာထ၊ နာကြကုန်။ ဘိက္ခဝေ၊ တို့။ ကာယဿ၊ ရူပကာယ၏။ သမုဒယော၊ ဖြစ်ကြောင်းသည်။ ကော စ၊ အဘယ်နည်း။ အာဟာရသမုဒယာ၊ အာဟာရတို့၏ ဖြစ်ခြင်းကြောင့်။ ကာယဿ၊ ရူပကာယ၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။) အာဟာရနိရောဓာ၊ အာဟာရတို့၏ချုပ်ခြင်းကြောင့်။ ကာယဿ၊ ၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ (ဟောတိ၊ ၏။) ဖဿသမုဒယာ၊ ဖဿ၏ဖြစ်ခြင်းကြောင့်။ ဝေဒနာနံ၊ ဝေဒနာတို့၏။ သမုဒယော၊ သည်။ (ဟောတိ၊ ၏။) ဖဿနိရောဓာ၊ ကြောင့်။ ဝေဒနာနံ၊ တို့၏။ အတ္ထင်္ဂမော၊ သည်။ (ဟောတိ၊ ၏။) နာမရူပသမုဒယာ၊ နာမ်ရုပ်၏ဖြစ်ခြင်းကြောင့်။ စိတ္တဿ၊ စိတ်၏။ သမုဒယော၊ သည်။ (ဟောတိ၊ ၏။) နာမရူပနိရောဓာ၊ ကြောင့်။ စိတ္တဿ၊ ၏။ အတ္ထင်္ဂမော၊ သည်။ (ဟောတိ၊ ၏။) မနသိကာရသမုဒယာ၊ နှလုံးသွင်းမှု'မနသိကာရ'၏ဖြစ်ခြင်းကြောင့်။ ဓမ္မာနံ၊ တရားတို့၏။ သမုဒယော၊ သည်။ (ဟောတိ၊ ၏။) မနသိကာရနိရောဓာ၊ ကြောင့်။ ဓမ္မာနံ၊ တို့၏။ အတ္ထင်္ဂမော၊ သည်။ (ဟောတိ၊ ၏။) ဣတိ၊ ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-မဂ္ဂသုတ်

၄၀၉။ သာဝတ္ထိနိဒါန်၊ တည်း။ တပြံ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ဘိက္ခဝေ၊ တို့။ ဧကံ သမယံ၊ ၌။ အဟံ၊ ငါဘုရားသည်။ ဥရုဝေလာယံ၊ ဥရုဝေလတော၌။ နေရဉ္ဇရာယ၊ နေရဉ္ဇရာမည်သော။ နဒ္ဒိ၊ မြစ်၏။ တီရေ၊ ကမ်းနား၌။ အဇပါလနိဂြောဓေ၊ အဇပါလညောင်ပင်ရင်း၌။ ပဌမံ၊ ရှေးဦးစွာ။ အဘိသမ္ဗုဒ္ဓေါ၊ သစ္စာ ၄-ပါးကို ထင်ရှားသိမြင်ဘုရားရှင်သည်။ (ဟုတွာ၊ ၍။) ဝိဟရာမိ၊ နေတော်မူ၏။ (အထ ခေါ၊ ၌။) ဘိက္ခဝေ၊ တို့။ တဿ မယှံ၊ ထိုငါဘုရား၏။ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက်။ ပဋိသလ္လီနဿ၊ တပါးတည်းတည်း ကိန်းအောင်းစဉ် (ဖလသမာပတ်ဝင်စားတော်မူစဉ် ဟူလို။) "ဧကာယနွာယံ ဘိက္ခဝေ။ပ။ ကာတမေ စတ္တာရော။ပ။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ၊ သတိပဋ္ဌာနာ"ဟူ၍။ ဧဝံ၊ ဤသို့။ စေတသော၊ စိတ်တော်၏။ ပရိဝိတက္ကော၊ အကြံသည်။ ဥဒပါဒိ၊ ဖြစ်ပြီ။ (ဘိက္ခဝေ၊ တို့။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ရှိကုန်၏။) အယံ၊ ဤ ၄-ပါးသော သတိပဋ္ဌာန်သည်။ သတ္တာနံ၊ တို့၏။ ဝိသုဒ္ဓိယာ၊ ငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း တို့ကို။ သမတိက္ကမာယ၊ ငှါ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ငှါ။ ဉာယဿ၊ ကို။ အဓိဂမာယ၊ ငှါ။ နိဗ္ဗာနဿ၊ ကို။ သစ္ဆိကိရိယာယ၊ ငှါ။ ဧကာယနော၊ သော။ မဂ္ဂေါ၊ မဂ်တည်း-ဟု အာကာရကို ပေး။)

ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ ဝါ၊ ရူပကာယ၌မူလည်း။ ကာယာနုပဿီ၊ ၍။ ဝိဟရေယျ၊ ရာ၏။ ဝေဒနာသု ဝါ၊ တို့၌မူလည်း။ပ။ စိတ္တေ ဝါ၊ ၌မူလည်း။ပ။ ဓမ္မေသု ဝါ၊ တို့၌မူလည်း။ ဝိဟရေယျ၊ နေရာ၏။ပ။ ဧကာယနော၊ သော။ မဂ္ဂေါ၊ မဂ်တည်း။

ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ၌။ သဟမ္ပတိ၊ မည်သော။ ဗြဟ္မာ၊ သည်။ စေတသာ၊ မိမိစိတ်ဖြင့်။ မမ၊ ငါဘုရား၏။ စေတောပရိဝိတက္ကံ၊ စိတ်အကြံကို။ အညာယ၊ သိ၍။ ဗလဝါ၊ ခွန်အားကောင်းသော။ ပုရိသော၊ သည်။ သမိဉ္ဇိတံ၊ ကွေးထားအပ်သော။ ဗာဟံ၊ လက်မောင်းကို။ ပသာရေယျ ဝါ သေယျထာပိ နာမ၊ ဆန့်လိုက်ရာဘိသကဲ့သို့သော်၎င်း။ ပသာရိတံ၊ ဆန့်ထားအပ်သော။ ဗာဟံ၊ ကို။ သမိဉ္ဇေယျ ဝါ သေယျထာပိ နာမ၊ ကွေးလိုက်ရာဘိသကဲ့သို့သော်၎င်း။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ အန္တရဟိတော၊ ကွယ်ပျောက်ခဲ့သည်ဖြစ်၍။ မမ၊ ၏။ ပုရတော၊ ၌။ ပါတုရဟောသိ၊ ထင်ရှားပေါ်လာပြီ။ အထ ခေါ၊ ၌။ သဟမ္ပတိ၊ သော။ ဗြဟ္မာ၊ သည်။ ဧကံသံ၊ လက်ဝဲပခုံးတဖက်၌။ ဥတ္တရာသင်္ဂံ၊ အပေါ်တင် အဝတ်ကို။ ကရိတွာ၊ ပြု၍။ ယေန၊ ၌။ အဟံ၊ ငါဘုရားသည်။ (အတ္ထိ၊ ရှိ၏။) တေန၊ သို့။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဏာမေတွာ၊ ညွှတ်စေ၍။ မံ၊ ငါဘုရားကို။ ဘဂဝါ၊ မြတ်စွာဘုရား။ ဧတံ၊ ဤတရားဒေသနာသည်။ ဧဝံ၊ မှန်လှပါ၏။ သုဂတ၊ ဘုရား။ ဧတံ၊ သည်။ ဧဝံ၊ ပါ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) အယံ၊ ဤ ၄-ပါးသော သတိပဋ္ဌာန်သည်။ပ။ ဧကာယနော၊ သော။ မဂ္ဂေါ၊ လမ်းတည်းဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။

ကတမေ စတ္တာရော၊ တို့နည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ

ဝါ၊ ၌မှုလည်း။ ကာယာနုပဿီ၊ ၍။ ဝိဟရေယျ၊ ရာ၏။ ဝေဒနာသု ဝါ၊ တို့၌မှုလည်း။ပ။ စိတ္တေ ဝါ၊ စိတ်၌မှုလည်း။ပ။ ဓမ္မေသု ဝါ၊ တို့၌မှုလည်း။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရေယျ၊ ၏။ ဘန္တေ၊ ဘုရား၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ၏။) အယံ၊ သည်။ပ။ ကောယနော၊ သော၊ မဂ္ဂေါ၊ တည်းဟူသော၊ တော်၊ ကို။ အဝေါစ၊ ပြီ။

ဘိက္ခဝေ၊ တို့။ သဟမ္ပတိ၊ သော။ ဗြဟ္မာ၊ သည်။ ဣဒံ၊ ဤတရားစကားကို။ အဝေါစ၊ ပြီ။ ဣဒံ၊ ကို။ ဝတွာ၊ လျှောက်ပြီး၍။ အထာပရံ၊ ထိုမှတပါးသော။ "ကောယနံ။ပ။ ဩတရန္တိ၊ ဩဃံ"ဟူသော။ တော်၊ ကို။ အဝေါစ၊ လျှောက်ပြီ။

ဇာတိခယန္တဒဿီ၊ ဇာတိ၏ကုန်ရာ ဝဋ်ဆင်းရဲ၏အဆုံး နိဗ္ဗာန်ကို မြင်တော်မူလေ့ ရှိသော။ ဟိတာနုကမ္ပီ၊ အစီးအပွါးဖြင့် သတ္တဝါတို့ကို စောင့်ရှောက်တော်မူသော မြတ်စွာဘုရားသည်။ ကောယနံ၊ နိဗ္ဗာန်သွားရာတကြောင်းတည်းသော လမ်းကြောင်း သာဖြစ်သော။ မဂ္ဂံ၊ သတိပဋ္ဌာန်ဟူသောလမ်းကို။ ပဇာနာတိ၊ သိတော်မူ၏။ ဧတေန မဂ္ဂေန၊ ဤသတိပဋ္ဌာန်ဟူသောလမ်းဖြင့်။ ယေ၊ (ယေ ကေစိ၊) မည်သူမဆို ထိုထိုပုဂ္ဂိုလ် တို့သည်။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ ပုဗ္ဗေ၊ ရှေး၌။ တရိံသု စ၊ ကူးလည်း ကူးကြကုန်ပြီ။ တရိဿန္တိ စ၊ ကူးလည်းကူးကြကုန်လတ္တံ့။ တရန္တိ စ၊ ကူးလည်း ကူးနေကြဆဲဖြစ်ကုန်၏။

(ဤသုတ်သည် စာပိုဒ် ၃၇၄ ဗြဟ္မသုတ်နှင့် တူ၏။ ပုရိသ်မျှသာ ထူး၏။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-သတိသုတ်

၄၁၀။ (ဤသုတ်လည်း စာပိုဒ် ၄၀၁-သတိသုတ်နှင့် တူ၏။ သမ္ပဇာနော-ပုဒ် မပါသည်သာ ထူး၏)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ကုသလရာသိသုတ်

၄၁၁။ ဘိက္ခဝေ၊ တို့။ ကုသလရာသီတိ၊ ကုသိုလ်အစုအပုံဟူ၍။ ဝဒမာနော၊ ဆိုသောသူသည်။ သမ္မာ၊ ကောင်းစွာ။ ဝဒမာနော၊ ဆိုလသော်။ စတ္တာရော သတိပဋ္ဌာနေ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဝဒေယျ၊ ဆိုရာ၏။ ဘိက္ခဝေ၊ တို့။ ဟိ၊ အကြောင်းကား။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ အကြင် ၄-ပါးကုန်သော သတိပဋ္ဌာန်တို့သည်။ (သန္တိ၊ ရှိကုန်၏။) အယံ၊ ဤ သတိပဋ္ဌာန် ၄-ပါးသည်။ ကေဝလော၊ အကုသိုလ်တို့နှင့် မရောမယှက်။ ကုသလရာသိ၊ ကုသိုလ် အစုအပုံတည်း။

ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ သမ္ပဇညပညာဖြင့် ကောင်းစွာသိမြင် ရှုဆင်ခြင်သည်ဖြစ်၍။ သတိမာ၊ သိမ်းဆည်း တတ်သော သတိရှိသည်ဖြစ်၍။ လောကေ၊ ရုပ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ သူများစည်းစိမ်ကို

ကြံဖန်ခြင်း နှလုံးမသာယာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယ ဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ဓမ္မလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ လောကီတရားတို့၌။ ဓမ္မာနုပဿီ၊ လောကီတရား ဟု အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကုသလဓာသိတိ၊ ဟု။ ဝဒမာနော၊ သည်။ သမ္မာ၊ စွာ။ ဝဒမာနော၊ သော်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ တို့ကို။ ဝဒေယျ၊ ရာ၏။ ဘိက္ခဝေ၊ တို့။ ဟိ၊ ကား။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) အယံ၊ ဤသတိပဋ္ဌာန် ၄-ပါးသည်။ ကေဝလော၊ အကုသိုလ်တို့နှင့်မရောမယှက်။ ကုသလရာသိ၊ ကုသိုလ် အစုအပုံတည်း။ ဣတိ၊ ၏။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ပါတိမောက္ခသံဝရသုတ်

၄၁၂။ အထ ခေါ၊ ၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ပ။ ဧကမန္တံ၊ တခုသောအရပ်အဘို့၌။ နိသိန္နော ခေါ၊ သော။ သော ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ တောင်းပန်ပါ၏။ (ယမဟံ ဝါကျသွား။) အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယံ ဓမ္မံ၊ အကြင်တရားကို။ သုတွာ၊ နာပြီး၍။ ဧကော၊ တပါးထီးတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက်။ အပ္ပမတ္တော၊ မမေ့မလျော့ပဲ။ အာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေနိုင်သော လုံ့လရှိသည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ နေလို၏။ တံ ဓမ္မံ၊ ထိုတရားကို။ မေ၊ တပည့်တော်အား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဒေသေတုတိ၊ ဟောတော်မူပါ"ဟူသော။ ဣဒံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားတောင်းပန်ပြီ။ ဘိက္ခု၊ ရဟန်း။ တသ္မာ၊ ထိုသို့ အကျဉ်းချုပ်တရားဟောရန် တောင်းပန်သောကြောင့်။ ဣဓ၊ ဤသာသနာတော်၌။ တွံ၊ သင်သည်။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အာဒိမေဝ၊ အစဆုံးတရားကိုသာလျှင်။ ဝိသောဓေဟိ၊ သုတ်သင်လော။ (စင်ကြယ်စေလော။) ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊ အစဆုံးတရားသည်။ ကော စ၊ အဘယ်နည်း။ ဘိက္ခု၊ ရဟန်း။ ဣဓ၊ ၌။ တွံ၊ သည်။ ပါတိမောက္ခသံဝရသံဝုတော၊ စောင့်ရှောက်အပ်သော ပါတိမောက္ခသံဝရသီလရှိသည်ဖြစ်၍ [၁]။ အာစာရဂေါစရသမ္ပန္နော၊ အာစာရ, ဂေါစရတို့နှင့် ပြည့်စုံသည်ဖြစ်၍။ ဝါ၊ ပြည့်စုံသော အာစာရ, ဂေါစရရှိသည်ဖြစ်၍။ အဏုမတ္တေသု၊ အနည်းငယ် အတိုင်းအရှည်ရှိကုန်သော။ ဝဇ္ဇေသု၊ အပြစ် (အကုသိုလ်တရား) တို့၌။ ဘယဒဿာဝီ၊ ဘေးဟူ၍ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရာဟိ၊ နေလော့။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့တွင်။ (တံ တံ သိက္ခာပဒံ၊ ထိုထိုသိက္ခာပုဒ်ကို။ အစိတ်အစိတ်သိက္ခာပုဒ်ငှ၊ ငှ-ငှို။) ဝါ၊ သိက္ခာအစုတို့၌။ (ငှ-ငှိ-နောက်နည်း။) သမာဒါယ၊ စွဲမြဲ၍။ သိက္ခဿု၊ ကျင့်လော့။ ဘိက္ခု၊ ရဟန်း။ ယတော ခေါ၊ အကြင်ကြောင့်။ တွံ၊ သည်။ ပါတိမောက္ခသံဝရသံဝုတော၊ ၍။

၁။ ပါတိမောက္ခသံဝရသီလသည် ပဓာန၊ ကြွင်းသီလ ၃-ပါးသည် အပဓာန-ဟူမှတ်၊ ကြွင်းသီလ ၃-ပါးသည် ပါတိမောက္ခသံဝရသီလ၌ တစိတ်အားဖြင့် ပါဝင်နိုင်၏၊ ကျန်သီလ ၃-ပါးသည် ပါတိမောက္ခသံဝရသီလ လုံခြုံလျှင် လုံခြုံအောင် စောင့်ရှောက်နိုင်သောကြောင့် ဤသုတ်၌ ပါတိမောက္ခသံဝရသီလကိုသာ ဟောတော်မူ၏ ဟူလို။

အာစရိယမုဋ္ဌိ ရဿ ဓမ္မေသု၊ ၌။ အဏုမတ္တေသု၊ ကုန်သော။ ဝဇ္ဇေသု၊ တို့၌။ ဘယဒဿာဝီ၊ ၍။ ဝိဟရိဿသိ၊ နေအံ့။ သိက္ခာပဒေသု၊ တို့၌။ သမာဒါယ၊ ၍။ သိက္ခိဿသိ၊ ကျင့်အံ့[1]။ ဘိက္ခု၊ ရဟန်း။ ယတော၊ ထိုအခါ၌။ တွံ၊ သည်။ သီလံ၊ စတုပါရိသုဒ္ဓိသီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ ၌။ ပတိဋ္ဌာယ၊ တည်၍။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝေယျာသိ၊ ဖြစ်စေလော့။

ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခု၊ ရဟန်း။ ဣဓ၊ ၌။ တွံ၊ သင်သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရာဟိ၊ နေလော။ ဝေဒနာသု၊ ဝေဒနာ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာ-ဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရာဟိ၊ နေလော။ ဘိက္ခု၊ ရဟန်း၊ ယတော ခေါ၊ အကြင်အခါ၌။ တွံ သည်။ သီလံ၊ ကို။ နိဿာယ၊ ၍။ သီလေ၊ ၌။ ပတိဋ္ဌာယ၊ ၍။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ တို့ကို။ ဘာဝေဿသိ၊ ဖြစ်စေလတ္တံ့။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တုယှံ၊ သင်၏။ (ဝုဒ္ဓိယေဝ၌ စပ်။) ယာ ရတ္တိ ဝါ၊ အကြင်ညသည် ရှင်း။ ယော ဒိဝသော ဝါ၊ အကြင်နေ့သည်ရှင်း။ အာဂမိဿတိ၊ ရောက်လာလတ္တံ့။ (တံ ရတ္တိံ ဒိဝံ၊ ထိုနေ့ညပတ်လုံး။) ကုသလေသု ဓမ္မေသု၊ တို့၌။ ဝုဒ္ဓိယေဝ၊ တိုးပွါးခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ အထ ခေါ၊ ထိုအခါ၌။ သော ဘိက္ခု၊ သည်။ ဘဂဝတော၊ ၏။ ဘာသိတံ၊ တရားစကားကို။ အဘိနန္ဒိတွာ၊ အလွန်နှစ်သက် (လက်ခံ) ၍။ အနုမောဒိတွာ၊ အလွန်ဝမ်းမြောက်၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရှိခိုးစွာ ရှိခိုးပြီး၍။ ပဒက္ခိဏံ၊ အရိုအသေကို။ ကတွာ၊ ပြု၍။ ပက္ကာမိ၊ ဖဲခဲ့ပြီ။

အထ ခေါ၊ ထိုအခါ၌။ သော ဘိက္ခု၊ သည်။ ဧကော၊ တည်း။ ဝူပကဋ္ဌော၊ လျက်။ အပ္ပမတ္တော၊ ပ။-အာတာပီ၊ ၍။ ပဟိတတ္တော၊ ၍။ ဝိဟရန္တော၊ နေသည်ရှိသော်။ နစိရဿေဝ၊ မကြာမြင့်မီသာလျှင် (ဝိဟရတိ-၌ စပ်။) ယဿ၊ အကြင် အရဟတ္တဖိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အဂါရသ္မာ၊ အိမ်ရာ တည်ထောင် လူ့ဘောင်မှ၊ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ၊ ဝင်ရောက်ကြကုန်၏။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ဗြဟ္မစရိယပရိယောသာနံ၊ အရဟတ္တမဂ် ဗြဟ္မစရိယ၏ အဆုံးဖြစ်သော။ တံ၊ ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်တွေ့မြင်အပ်သော ခန္ဓာတရား၌သာလျှင်။ (မျက်မှောက်ဘဝ၌သာလျှင်။) သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ (ပြည့်စုံစေ၍။) ဝိဟရတိ၊ နေ၏။ "ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ္ဂဗြဟ္မစရိယကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ၁၆-ချက် မဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ဤမဂ်ကိစ္စအလို့ငှါ။ အပရံ၊ တပါးသော ပြုဖွယ်ကိစ္စသည်။ နာတိ၊ မရှိ" ဟူ၍။ (ဣတ္ထတ္တာယ၊ ဤဘဝမှ။ အပရံ၊ တပါးသော ဘဝသည်။ နာ၊ မရှိ။ ဟူ၍သော်လည်း ပေး။) အဗ္ဘညာသိ၊ အထူးသိပြီ။ (ဆင်ခြင်ပြီဟူလို။)

---

၁။ ပါဠိ၌ သိက္ခသု-ဟု ရှိ၏။ တွဲနှင့် ညီညွတ်ရန် အထက်၌လာသော ဝိဟရိဿသိ-ကို ထောက်ထား၍ သိက္ခိဿသိ-ဟု ပြင်ပေးလိုက်၏။

သော ဘိက္ခု၊ ထိုရဟန်းသည်။ အရဟတ်၊ ရဟန္တာပုဂ္ဂိုလ်တို့တွင်။ အညတရော ၈ ပန်း၊ တပါး အပါဝင်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဆဋ္ဌ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဒုစ္စရိတသုတ်

၄၁၃။ (ဤသုတ်၌ အထ ခေါ-မှ ကုသလာနံ ဓမ္မာနံ-အထိ အထက်သုတ်နှင့် တူ၏၊ ထူးရာကိုသာ သမ္ဗန်ပေးအံ့။) ဘိက္ခု၊ ရဟန်း။ ဣဓ၊ ဤသာသနာ၌။ တွံ၊ သင်သည်။ ကာယဒုစ္စရိတံ၊ ကာယ-ဒုစရိုက်ကို။ ပဟာယ၊ ပယ်၍။ ကာယသုစရိတံ၊ ကို။ ဘာဝေဿသိ၊ ဖြစ်စေအံ့။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို။ ပဟာယ၊ ၍။ ဝစီသုစရိတံ၊ ကို။ ဘာဝေဿသိ၊ အံ့။ မနောဒုစ္စရိတံ၊ ကို။ ပဟာယ၊ ၍။ မနောသုစရိတံ၊ ကို။ ဘာဝေဿသိ၊ အံ့။ ဘိက္ခု၊ ရဟန်း။ ယတော ခေါ၊ အကြင်ကြောင့်။ တွံ၊ သည်။ ကာယဒုစ္စရိတံ၊ ကို။ ပဟာယ၊ ၍။ ကာယသုစရိတံ၊ ကို။ ဘာဝေဿသိ၊ အံ့။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို။ ပဟာယ၊ ၍။ ဝစီသုစရိတံ၊ ကို။ ဘာဝေဿသိ၊ အံ့။ မနောဒုစ္စရိတံ၊ ကို။ ပဟာယ၊ ၍။ မနောသုစရိတံ၊ ကို[1]။ ဘာဝေဿသိ၊ အံ့[2]။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုကြောင့်။ တွံ၊ သင်သည်။ သီလံ၊ စတုပါရိသုဒ္ဓိသီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ စတုပါရိ-သုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ တည်၍။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝေယျာသိ၊ ဖြစ်စေလော။ (ကတမေ စတ္တာရော-မှ နေ ပရိဟာနိတိ-အထိ အထက်သုတ်အတိုင်း ပေး။)သော ဘိက္ခု၊ ထိုရဟန်းသည်။ အရဟတံ၊ ရဟန္တာပုဂ္ဂိုလ်တို့တွင်။ အညတရော ၈ ပန်း၊ တပါး အပါဝင်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ဂ-မိတ္တသုတ်

၄၁၄။ ဘိက္ခဝေ၊ ရဟန်းတို့။ မိတ္တာ ဝါ၊ မိတ်ဆွေသည်းဖြစ်ကုန်သော။ အမစ္စာ ဝါ၊ အတူ ဖြစ်သူ (အကျွမ်းဝင်သူ)လည်းဖြစ်ကုန်သော။ ဉာတီ ဝါ၊ ဆွေမျိုးလည်းဖြစ်ကုန်သော။ သာလော-ဟိတာ ဝါ၊ သွေးစပ်သူ သားချင်းလည်းဖြစ်ကုန်သော။ ယေ၊ အကြင်သူတို့ကို။ အနုကမ္ပေယျာထ၊ အစဉ်သနားစောင့်ရှောက်ကြကုန်ရာ၏။ ယေ စ၊ အကြင်သူတို့သည်သည်း။ သောတဗ္ဗံ၊ နားထောင် ထိုက်၏ဟူ၍။ မညေယျုံ၊ မှတ်ထင်ကုန်ရာ၏။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့သည်။ တေ၊ ထိုသူ တို့ကို။ စတုန္နံ၊ လေးပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝနာယ၊ ဖြစ်စေ ခြင်းငှါ။ သမာဒပေတဗ္ဗာ၊ ကောင်းစွာယူစေအပ် (တိုက်တွန်းအပ်) ကုန်၏။ နိဝေသေတဗ္ဗာ၊ သွတ်သွင်းအပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာ၊ တည်စေအပ်ကုန်၏။

ကတမေသံ စတုန္နံ၊ အဘယ်လေးပါးတို့ကိုနည်းဟူမူ။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဝေဒနာသု၊ ဝေဒနာတို့၌ ။ပ။ စိတ္တေ၊

၁။ ကာယသုစရိုက်, ဝစီသုစရိုက် ၂-ပါးသည် ပါတိမောက္ခသံဝရသီလမည်၏။ မနောသုစရိုက်သည် ကျန် သီလ ၃-ပါးမည်၏။ သို့ဖြစ်၍ ဤသုတ်၌ စတုပါရိသုဒ္ဓိသီလကို ဟောတော်မူ၏။

၂။ ဤ၌ နောက်သုတ်ဝယ် ဝိဟရာဟိ ရှိသကဲ့သို့ ဘာဝေဟိ ဟုရှိက သင့်လျော်ဆုံ၏၊

စိတ်၌ ။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ မိတ္တာ ဝါ၊ ကုန်သော။ အမစ္စာ ဝါ၊ ကုန်သော။ ဉာတီ ဝါ၊ ကုန်သော။ သာလောဟိတာ ဝါ၊ ကုန်သော။ ယေ၊ အကြင်သူတို့ကို။ အနုကမ္ပေယျာထ၊ အစဉ်သနားစောင့်ရှောက်ကြကုန်ရာ၏။ ယေ စ၊ အကြင်သူတို့သည်လည်း။ သောတဗ္ဗံ၊ နားထောင်ထိုက်၏ဟူ၍။ မညေယျုံ၊ မှတ်ထင်ကုန်ရာ၏။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့သည်။ တေ၊ ထိုသူတို့ကို။ စတုန္နံ၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝနာယ၊ ဖြစ်စေခြင်းငှါ။ သမာဒပေတဗ္ဗာ၊ ကောင်းစွာယူစေအပ် (တိုက်တွန်းအပ်) ကုန်၏။ နိဝေသေတဗ္ဗာ၊ သွတ်သွင်းအပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာ၊ တည်စေအပ်ကုန်၏။ ဣတိ၊ ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဝေဒနာသုတ်

၄၁၅။ ဘိက္ခဝေ၊ တို့။ ဝေဒနာ၊ ခံစားမှု 'ဝေဒနာ' တို့သည်။ ဣမာ တိဿော၊ ဤသုံးမျိုးတို့တည်း။ ကတမာ တိဿော၊ တို့နည်း။ သုခါ ဝေဒနာ၊ ချမ်းသာခံစားမှု 'သုခဝေဒနာ' ၎င်း။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' ၎င်း။ အဒုက္ခမသုခါ ဝေဒနာ၊ ဆင်းရဲလည်းမဟုတ်, ချမ်းသာလည်းမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ' ၎င်းတည်း။ ဘိက္ခဝေ၊ တို့။ ဝေဒနာ၊ ခံစားမှု 'ဝေဒနာ' တို့သည်။ ဣမာ ခေါ တိဿော၊ ဤ ၃-မျိုးတို့တည်း။ ဘိက္ခဝေ၊ တို့။ တိဿန္နံ၊ ကုန်သော။ ဣမာသံ ခေါ ဝေဒနာနံ၊ ဤဝေဒနာတို့ကို။ ပရိညာယ၊ ပိုင်းခြား၍သိခြင်းငှါ။ စတ္တာရော သတိပဋ္ဌာနာ၊ တို့ကို။ ဘာဝေတဗ္ဗာ၊ ကုန်၏။

ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တိဿန္နံ၊ ကုန်သော။ ဣမာသံ ခေါ ဝေဒနာနံ၊ တို့ကို။ ပရိညာယ၊ ငှါ။ ဣမေ စတ္တာရော သတိပဋ္ဌာနာ၊ တို့ကို။ ဘာဝေတဗ္ဗာ၊ ကုန်၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-အာသဝသုတ်

၄၁၆။ ဘိက္ခဝေ၊ တို့။ အာသဝါ၊ ယိုစီးမှု 'အာသဝ' တို့သည်။ ဣမေ တယော၊ ဤ ၃-မျိုးတို့တည်း။ ကတမေ တယော၊ တို့နည်း။ ကာမာသဝေါ၊ ကာမာသဝ၎င်း။ ဘဝါသဝေါ၊ ဘဝါသဝ၎င်း။ အဝိဇ္ဇာသဝေါ၊ အဝိဇ္ဇာသဝ၎င်းတည်း။ ဘိက္ခဝေ၊ တို့။ အာသဝါ၊ ယိုစီးမှု 'အာသဝ' တို့သည်။ ဣမေ ခေါ တယော၊ ဤ ၃-မျိုးတို့တည်း။ ဘိက္ခဝေ၊ တို့။ တိဏ္ဏန္နံ၊ ကုန်သော။ ဣမေသံ ခေါ အာသဝါနံ၊ ဤယိုစီးမှု 'အာသဝ' တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ စတ္တာရော သတိပဋ္ဌာနာ၊ တို့ကို။ ဘာဝေတဗ္ဗာ၊ ကုန်၏။

ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တိဏ္ဏန္နံ၊ ကုန်သော။ ဣမေသံ ခေါ အာသဝါနံ၊ တို့ကို။ ပဟာနာယ၊ ငှါ။ ဣမေ စတ္တာရော သတိပဋ္ဌာနာ၊ တို့ကို။ ဘာဝေတဗ္ဗာ၊ ကုန်၏။ ဣတိ၊ ၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

**ပဉ္စမော၊ ငါးဝဂ်မြောက်ဖြစ်သော။ အမတဝဂ္ဂေါ၊ အမတဝဂ်တည်း။**

တဿ၊ ထိုအမတဝဂ်၏။ ဥဒ္ဒါနံ၊ ကား——

အမတံ၊ အမတသုတ်ရှင်း။ သမုဒယော၊ သမုဒယသုတ်ရှင်း။ မဂ္ဂေါ၊ မဂ္ဂသုတ်ရှင်း။ သတိ၊ သတိသုတ်ရှင်း။ ကုသလရာသိ စ၊ ကုသလရာသိသုတ်ရှင်း။ ပါတိမောက္ခံ၊ ပါတိမောက္ခသံဝရသုတ်ရှင်း။ ဒုစ္စရိတံ၊ ဒုစ္စရိတသုတ်ရှင်း။ မိတ္တာ၊ မိတ္တသုတ်ရှင်း။ ဝေဒနာ၊ ဝေဒနာသုတ်ရှင်း။ အာသဝေန စ၊ အာသဝသုတ်ရှင်းတည်း။ ဣတိ၊ ဤသည်ပင်တည်း။

(ဤမှ နောက် ဂင်္ဂါပေယျာလဝဂ်၊ အပ္ပမာဒဝဂ်၊ ဗလကရဏီယဝဂ်၊ ဧသနာဝဂ်၊ ဩဃဝဂ် အားလုံးသည် မဂ္ဂသံယုတ်နှင့် အားလုံး တူ၏၊ မဂ္ဂနှင့် သတိပဋ္ဌာနသာ ထူး၏။)

# တတိယံ၊ သုံးခုမြောက်ဖြစ်သော။ သတိပဋ္ဌာနသံယုတ္တံ၊ သတိပဋ္ဌာနသံယုတ်တည်း။

# ၄-ဣန္ဒြိယသံယုတ်

## ၁-သုဒ္ဓိကဝဂ်

### ၁-သုဒ္ဓိကသုတ်

၄၇၁။ သာဝတ္ထိနိဒါနံ၊ သာဝတ္ထိနိဒါန်းတည်း။ တတြ ခေါ၊ ထိုသို့နေတော်မူရာအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေငှင်း။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေငှင်း။ သတိန္ဒြိယံ၊ သတိန္ဒြေငှင်း။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေငှင်း။ ပညိန္ဒြိယံ၊ ပညိန္ဒြေငှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဣမာနိ ခေါ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ဣတိ၊ ဤသို့။ ဓော၊ ကို။ အဝေါစ၊ ပြီ။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

### ၂-ပဌမသောတာပန္နသုတ်

၄၇၂။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ ငှင်း။ ဝီရိယိန္ဒြိယံ၊ ငှင်း။ သတိန္ဒြိယံ၊ ငှင်း။ သမာဓိန္ဒြိယံ၊ ငှင်း။ ပညိန္ဒြိယံ၊ ငှင်းတည်း။ ဘိက္ခဝေ၊ တို့။ ယတော ခေါ အရိယသာဝကော၊ အကြင်ဘုရားရှင့်တပည့်သည်။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဣမေသံ ဣန္ဒြိယာနံ၊ ဤဣန္ဒြေတို့၏။ အဿာဒဉ္စ၊ သာယာဖွယ်ကိုငှင်း။ အာဒီနဝဉ္စ၊ အပြစ်ကိုငှင်း။ နိဿရဏဉ္စ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုငှင်း။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ဘိက္ခဝေ၊ တို့။ အယံ အရိယသာဝကော၊ ဤဘုရားရှင့်တပည့်ကို။ အဝိနိပါတဓမ္မော၊ အပါယ်သို့ကျခြင်းသဘောမရှိသော။ နိယတော၊ မဂ်နိယာမအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော။ သောတာပန္နော၊ သောတာပန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

### ၃-ဒုတိယသောတာပန္နသုတ်

၄၇၃။ (ဤသုတ်၌ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ၂-ပုဒ်တို့သည်သာ ထူး၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုငှင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ခြင်းကိုငှင်းဟု ပေး။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

### ၄-ပဌမအရဟန္တသုတ်

၄၇၄။ (ပဉ္စိမာနိ။ပ။ ပညိန္ဒြိယံ ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ယတော ခေါ အရိယသာဝကော၊ သည်။ ပဉ္စန္နံ၊ ကုန်သော။ ဣမေသံ ဣန္ဒြိယာနံ၊ တို့၏။ အဿာဒဉ္စ၊ ကိုငှင်း။ အာဒီနဝဉ္စ၊ ကိုငှင်း။ နိဿရဏဉ္စ၊ ကိုငှင်း။ ယထာဘူတံ၊ အတိုင်း။ ဝိဒိတွာ၊ သိ၍။ အနုပါဒါဝိမုတ္တော၊ ဥပါဒါန်၌

တို့ဖြင့် မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်သည်။ ယောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤဘုရားရှင်တပည့်ကို။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝရှိသော။ ဝုသိတဝါ၊ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးပြီးသော။ ကတကရဏီယော၊ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော။ ဩဟိတဘာရော၊ ချအပ်ပြီးသော ခန္ဓာစသော ဝန်ရှိသော။ အနုပ္ပတ္တသဒတ္ထော၊ အစဉ်သဖြင့် ရောက်အပ်ပြီးသော(အရဟတ္တဖိုလ်ဟူသော)ကိုယ်ကျိုးရှိသော။ ပရိက္ခီဏဘဝသံယောဇနော၊ ကုန်ခန်းပြီးသော ဘဝသံယောဇဉ်ရှိသော။ သမ္မဒညာဝိမုတ္တော၊ ကောင်းစွာသိ၍ ဘဝမှလွတ်မြောက်ပြီးသော။ ဘိက္ခု၊ ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ၏။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဒုတိယအရဟန္တသုတ်

၄၇၅။ (ဤသုတ်၌ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ ၂ ပုဒ်တိုးသည်သာ ထူး၏။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ပဌမသမဏဗြာဟ္မဏသုတ်

၄၇၆။ (ပဥ္စိန္ဒြိယာနိ။ ပ။ ပညိန္ဒြိယံ ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ယေ ကေစိ သမဏာ ဝါ၊ အကြင် (အမှတ်မရှိ) ရဟန်းတို့သည်ငင်း။ ယေ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင် (အမှတ်မရှိ) ပုဏ္ဏားတို့သည်ငင်း။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဣမေသံ ဣန္ဒြိယာနံ၊ ဤဣန္ဒြေတို့၏။ အဿာဒဉ္စ၊ သာယာဖွယ်ကိုငင်း။ အာဒီနဝဉ္စ၊ အပြစ်ကိုငင်း။ နိဿရဏဉ္စ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုငင်း။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ နပ္ပဇာနန္တိ၊ အပြားအားဖြင့် မသိကြကုန်။ ဘိက္ခဝေ၊ တို့။ တေ သမဏာ ဝါ၊ ထိုရဟန်းတို့သည်ငင်း။ တေ ဗြာဟ္မဏာ ဝါ၊ ထိုပုဏ္ဏားတို့သည်ငင်း။ မေ၊ ငါဘုရားသည်။ သမဏေသု ဝါ၊ ကိလေသာငြိမ်းအေးကုန်သော ရဟန်းတို့၌လည်း။ သမဏသမ္မတာ၊ ကိလေသာငြိမ်းအေးကုန်သော ရဟန်း ဟု သမုတ်အပ်ကုန်သည်။ န (ဟောန္တိ၊) မဖြစ်ကုန်။ ဗြာဟ္မဏေသု ဝါ၊ မကောင်းမှုကိုအပပြုပြီးသောသူတို့၌လည်း။ ဗြာဟ္မဏသမ္မတာ၊ မကောင်းမှုကို အပပြုပြီးသောသူ ဟု သမုတ်အပ်ကုန်သည်။ န (ဟောန္တိ၊) မဖြစ်ကုန်။ တေ အာယသ္မန္တော၊ ဤအရှင်ရဟန်းပုဏ္ဏားတို့သည်။ သာမညတ္ထံ ဝါ၊ ရဟန်း၏ဖြစ်ကြောင်းမဂ်, ထိုမဂ်၏အကျိုး ဖိုလ်ကိုငင်း။ ဗြဟ္မညတ္ထံ ဝါ၊ ဗြာဟ္မဏ၏ဖြစ်ကြောင်းမဂ်, ထိုမဂ်၏အကျိုး ဖိုလ်ကိုငင်း။ ဒိဋ္ဌေဝ၊ တွေ့မြင်အပ်သော။ ဓမ္မေ၊ ခန္ဓာ ၅-ပါး တရား၌ပင်လျှင်။ (ပစ္စက္ခအတ္တဘော၌ပင်။) သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ န စ ပန ဝိဟရန္တိ၊ နေလည်းမနေရကုန်။

ဘိက္ခဝေ၊ တို့။ ယေ ကေစိ သမဏာ ဝါ၊ အကြင် (အမှတ်မရှိ) ရဟန်းတို့သည်ငင်း။ ယေ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင် (အမှတ်မရှိ) ပုဏ္ဏားတို့သည်ငင်း။ ပဉ္စန္နံ၊ ကုန်သော။ ဣမေသံ ဣန္ဒြိယာနံ၊ တို့၏။ သမုဒယဉ္စ၊ ကိုငင်း။ အတ္ထင်္ဂမဉ္စ၊ ကိုငင်း။ အဿာဒဉ္စ၊ ကိုငင်း။ အာဒီနဝဉ္စ၊ ကိုငင်း။ နိဿရဏဉ္စ၊ ကိုငင်း။ ယထာဘူတံ၊ အတိုင်း။ ပဇာနန္တိ၊ အပြားအားဖြင့် သိကုန်၏။ ဘိက္ခဝေ၊ တို့။ တေ သမဏာ ဝါ၊ တို့သည်ငင်း။ တေ ဗြာဟ္မဏာ ဝါ၊ တို့သည်ငင်း။ မေ၊ ငါဘုရားသည်။ သမဏေသု စေဝ၊ တို့၌လည်း။ သမဏသမ္မတာ၊ ကိလေသာငြိမ်းအေးကုန်သော ရဟန်းဟု

သမုတ်အပ်ကုန်သည်။ (ဟောန္တိ၊ ကုန်၏။) ဗြာဟ္မဏာသု စ၊ တို့၌လည်း။ ဗြာဟ္မဏသမ္မတာ၊ မကောင်းမှုကို အပပြုပြီးသောသူဟု သမုတ်အပ်ကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) တေ စ ပန အာယသ္မန္တော၊ ထိုအရှင် ရဟန်းပုဏ္ဏားတို့သည်။ သာမညတ္ထဥ္စ၊ ကိုရင်း။ ဗြဟ္မညတ္ထဥ္စ၊ ကိုရင်း။ ဒိဋ္ဌေ၊ တွေ့မြင်အပ်သော။ ဓမ္မေဝ၊ ခန္ဓာ ၅-ပါး တရား၌ပင်လျှင်။ (ပစ္စက္ခအတ္တဘော၌ပင်။)သယံ။ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရန္တိ၊ နေကုန်၏။ ဣတိ၊ ၏။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဒုတိယသမဏ ဗြာဟ္မဏသုတ်

၄၇၇။ ဘိက္ခဝေ၊ တို့။ ယေ ကေစိ သမဏာ ဝါ၊ အကြင် ရဟန်းတို့သည်ရင်း။ ယေ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်ရင်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ နပ္ပဇာနန္တိ၊ မသိကုန်။ သဒ္ဓိန္ဒြိယသမုဒယံ၊ သဒ္ဓိန္ဒြေ၏ဖြစ်ကြောင်းကို။ နပ္ပဇာနန္တိ၊ ကုန်။ သဒ္ဓိန္ဒြိယနိရောဓံ၊ သဒ္ဓိန္ဒြေ၏ ချုပ်ရာကို။ နပ္ပဇာနန္တိ၊ ကုန်။ သဒ္ဓိန္ဒြိယနိရောဓဂါမိနိံ ပဋိပဒံ၊ သဒ္ဓိန္ဒြေ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို။ နပ္ပဇာနန္တိ၊ ကုန်။ ဝီရိယိန္ဒြိယံ၊ ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ပ။ သတိန္ဒြိယံ၊ ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ပ။ သမာဓိန္ဒြိယံ၊ ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ ပညိန္ဒြိယံ၊ ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ ပညိန္ဒြိယသမုဒယံ၊ ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ ပညိန္ဒြိယနိရောဓံ၊ ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ ပညိန္ဒြိယနိရောဓဂါမိနိံ ပဋိပဒံ၊ ကို။ နပ္ပဇာနန္တိ၊ ကုန်။ ဘိက္ခဝေ၊ တို့။ တေ သမဏာ ဝါ၊ တို့သည်ရင်း။ တေ ဗြာဟ္မဏာ ဝါ၊ တို့သည်ရင်း။ မေ၊ ငါဘုရားသည်။ ပ။ ဗြာဟ္မဏသမ္မတာ၊ ကုန်သည်။ န (ဟောန္တိ၊)မဖြစ်ကုန်။ပ။ န စ ပန ဝိဟရန္တိ၊ ကုန်။

(ဤ ဗျာတိရေက န မေ တေ ဝါကျနှင့် အန္ဝယ တေ ခေါ မေ ဝါကျများကို ပဌမသမဏဗြာဟ္မဏ သုတ်အတိုင်း ပေး။ နပ္ပဇာနန္တိ စသည်၌လည်း န-ပဋိသေဓဖြုတ်၍ ပဇာနန္တိ၊ သိကုန်၏ဟု သမ္ဗန်ရှိသာ ထူး၏။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဒဋ္ဌဗ္ဗသုတ်

၄၇၈။ (ပဌမာနိ စသည် ပေးမြဲ။)ဘိက္ခဝေ၊ တို့။ ကတ္ထ စ၊ အဘယ်၌။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်း။ စတူသု၊ ၄-ပါးကုန်သော။ သောတာပတ္တိယင်္ဂေသု၊ သောတာပတ္တိမဂ် အယဉ်သို့ ရှေးဦးစွာရောက်သူ သောတာပန်၏ သိကြောင်း အင်္ဂါတို့၌[၁]။ (ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။) ဧတ္ထ၊ ဤသောတာပန်ပုဂ္ဂိုလ်၏ သိကြောင်းအင်္ဂါတို့၌။ သဒ္ဓိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ အပ်၏။

၁။ သောတံ (အရိယမဂ္ဂံ) အာဒိတော ပန္နတိ (အဓိဂစ္ဆတိ)တိ သောတာပန္နော၊ ပဌမကပုဂ္ဂလော။ သောတာပတ္တိယာ အင်္ဂါနိ သောတာပတ္တိယင်္ဂါနိ၊ တေသု-ဟု ပြု။ အရိယမဂ်အယဉ်သို့ ရှေးဦးစွာရောက်သော သောတာပန်ပုဂ္ဂိုလ်၏ သိကြောင်းအင်္ဂါများ၊ သောတာပန်ဟု သိကြောင်းအင်္ဂါများ ဟူလို။ ရတနာ ၃-ပါး၌ သက်ဝင်ယုံကြည်မှု ၃-ပါးနှင့် အရိယကန္တသီလ ၁-ပါး ပေါင်း ၄-ပါးယူ။ သမ္ပုရိသသံသေဝ စသော ၄-ပါးကို သောတာပတ္တိယင်္ဂါ ခေါ်ရာ၌ သောတဿ(အရိယမဂ္ဂဿ) အာဒိတော ပဇ္ဇနံ (ပဋိလာဘော) သောတာပတ္တိ၊ သောတာပတ္တိယာ အင်္ဂါနိ (သမ္ဘာရာနိ) သောတာပတ္တိယင်္ဂါနိဟု ပြု၊ အရိယမဂ်အယဉ်သို့ ရှေးဦးစွာရောက်ခြင်း ရခြင်း၏ အကြောင်းဖြစ်သော အင်္ဂါများဟု ဆိုလိုသည်။ (သံ-ဋ ၂-မျက်နှာ ၆၇၊ စာပိုဒ် ၄၁။ ရင်းနှီး စာပိုဒ် ၄၁။)

ဘိက္ခဝေ၊ တို့။ ကတ္တ စ၊ အဘယ်၌။ ဝီရိယိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ နည်း။ စတူသု၊ ကုန်သော။ သမ္မပ္ပဓာနေသု၊ သမ္မပ္ပဓာန်တို့၌။ (ဒဋ္ဌဗ္ဗံ၊ အပ်၏။) ဧတ္ထ၊ ဤသောတာပန်ပုဂ္ဂိုလ်၏သိကြောင်းအင်္ဂါတို့၌။ ဝီရိယိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘိက္ခဝေ၊ တို့။ ကတ္တ စ၊ ၌။ သတိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ နည်း။ စတူသု၊ ကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တို့၌။ (ဒဋ္ဌဗ္ဗံ၊ အပ်၏။) ဧတ္ထ၊ ဤသောတာပန်ပုဂ္ဂိုလ်၏ သိကြောင်းအင်္ဂါတို့၌။ သတိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘိက္ခဝေ၊ တို့။ ကတ္တ စ၊ ၌။ သမာဓိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ နည်း။ စတူသု၊ ကုန်သော။ ဈာနေသု၊ ဈာန်တို့၌။ ဒဋ္ဌဗ္ဗံ၊ အပ်၏။ ဧတ္ထ၊ ဤသောတာပန်ပုဂ္ဂိုလ်၏ သိကြောင်းအင်္ဂါတို့၌။ သမာဓိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘိက္ခဝေ၊ တို့၊ ကတ္တ စ၊ ၌။ ပညိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ နည်း။ စတူသု၊ ကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာတို့၌[၁]။ (ဒဋ္ဌဗ္ဗံ၊ အပ်၏။) ဧတ္ထ၊ ဤသောတာပန်ပုဂ္ဂိုလ်၏ သိကြောင်းအင်္ဂါတို့၌။ ပညိန္ဒြိယံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ တို့သည်။ ဣမာနိ ခေါ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။

အဋ္ဌမ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ပဌမဝိဘင်္ဂသုတ်

၄၇၉။ (ပဥ္စမာနိ စသည့် ပေးမြဲ။) ဘိက္ခဝေ၊ တို့။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ ကတမဥ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ ဘုရားရှင်၏ တပည့်သည်။ "သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ အလုံးစုံသော တရားတို့ကို အမှန်ကိုယ်တိုင် သိတော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဝိဇ္ဇာ ၃-ပါး, ဝိဇ္ဇာ ၈-ပါး, စရဏ ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ကောင်းသောစကားကို ဆိုတော်မူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သတ္တောကာသ သင်္ခါရဟူသော လောက ၃-ပါးကို သိတော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ မိမိထက်မြတ်သူမရှိ အမြတ်ဆုံးဖြစ်၍ ဆုံးမထိုက်သူ ယောကျ်ားဟူသမျှတို့ကို ဆုံးမတော်မူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သစ္စာ ၄-ပါးကို သိတော်မူသော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဘုန်းတော် ၆-ပါးနှင့်ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါဣတိ၊ ဘဂဝါမည်တော်မူ၏" ဟူ၍။ သဒ္ဓေါ၊ ယုံကြည်သူသည်။ ဝါ၊ ယုံကြည်ခြင်းရှိသူသည်။ ဟောတိ၊ ၏။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤယုံကြည်မှုကို။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဝီရိယိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။

---

၁။ ပါဠိတော်၌ စတူသု သောတာပတ္တိယင်္ဂေသု၊ စတူသု သမ္မပ္ပဓာနေသု၊ စတူသု သတိပဋ္ဌာနေသု၊ စတူသု ဈာနေသု၊ စတူသု အရိယသစ္စေသု-ဟု တချောင်းပိုဒ်ရှိရမည်။

ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှါ။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍။ ထာမဝါ၊ ခွန်အားအစွမ်းရှိသည်ဖြစ်၍။ ဒဠှပရက္ကမော၊ မြဲမြံသော အားအဆင့်ရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အနိက္ခိတ္တဓုရော၊ မချအပ်သောဝန်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤအားထုတ်မှုကို။ ဝီရိယိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။

ဘိက္ခဝေ၊ တို့။ သတိန္ဒြိယံ၊ သည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ သတိမာ၊ သတိရှိသည်ဖြစ်၍။ ပရမေန၊ လွန်ကဲသော။ သတိနေပက္ကေန၊ သတိပညာနှင့်။ (ဉာဏသမ္ပယုတ်စိတ်၌ယှဉ်သော သတိနှင့် ဟူလို။) ဝါ၊ သတိ၏ရင့်ကျက်သည်၏ အဖြစ်နှင့်[၁]။ (ရင့်ကျက်သော သတိနှင့် ဟူလို။) သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ စိရကတမ္ပိ၊ ကြာမြင့်သောအခါက ပြုအပ်ခဲ့ပြီးသော အမှုကိုရင်း။ စိရဘာသိတမ္ပိ၊ ကြာမြင့်သော အခါက ပြောဆိုအပ်ခဲ့ပြီးသော စကားကိုရင်း။ သရိတာ၊ အောက်မေ့နိုင်သည်။ အနုဿရိတာ၊ အဖန်ဖန်အောက်မေ့နိုင်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤအောက်မေ့မှုကို။ သတိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။

ဘိက္ခဝေ၊ တို့။ သမာဓိန္ဒြိယံ၊ သည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ ဝေါဿဂ္ဂံ၊ သင်္ခါရအစုကို စွန့်လွှတ်ရာသော နိဗ္ဗာန်ကို[၂]။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍။ သမာဓိံ၊ တည်ကြည်မှုကို။ လဘတိ၊ ရ၏။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏အဖြစ်ကို။ လဘတိ၊ ရ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤတည်ကြည်မှုကို။ သမာဓိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။

ဘိက္ခဝေ၊ တို့။ ပညိန္ဒြိယံ၊ သည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ ပညဝါ၊ ပညာရှိသည်။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ်အပျက်ကိုသိသော။ (ဂမ္ဘာတ် ဗုဒ္ဓျတ္ထ ကြံ။) အရိယာယ၊ မြတ်သော။ နိဗ္ဗေဓိကာယ၊ လောဘ ဒေါသ မောဟ အစုအခဲကို ဖောက်ခွဲနိုင်သော။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်စေတတ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသိမှုကို။ ပညိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ၊ ဤသည်တို့ကား။ ပဉ္စ၊ ၅-ပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့တည်း။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

---

၁။ နိပက္ကတိတိ နိပကော၊ နိပကဿ ဘာဝေါ နေပက္ကံ၊ ပညာ။ သတိ စ နေပက္ကံ စ သတိနေပက္ကံ၊ တေန ဟုပြု။ အဋ္ဌကထာနည်း။ နိပါယတိ သံကိလေသဓမ္မေ ဝိသောသေတိ နိက္ခာမေတီတိ နိပကော၊ ထိရတိက္ခသတိပက္ကလော၊ နိပကဿ ဘာဝေါ နေပက္ကံ၊ သတိယာ နေပက္ကံ သတိနေပက္ကံ၊ တေန-ဟု ပြု၊ ဤနည်းကား ဋီကာနည်းတည်း။

၂။ ဝေါဿဂ္ဂါယတိ သင်္ခါရဂတံ တေသွိ အဓိဂတေတိ ဝေါဿဂ္ဂေါ၊ နိဗ္ဗာနံ။ တံ အာရမ္မဏံ ကရိတွာ။ ဋီ။

တေသွိ ၊ ထိုနိဗ္ဗာန်ကို။ အဓိဂတေ၊ ရအပ်သည်ရှိသော်။ သင်္ခါရဂတံ၊ တေဘူမက သင်္ခါရဖြစ်နှာမ်ကို။ ဝေါဿဇ္ဇီ-ယတိ၊ စွန့်လွှတ်အပ်၏။ ဣတိ၊ ကြောင့်။ ဝေါဿဂ္ဂေါ၊ မည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ တံ၊ ထိုနိဗ္ဗာန်ကို။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍-ဟု သမ္ဗန်။

## ၁၀-ဒုတိယဝိဘင်္ဂသုတ်

၄၈၀။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေရင်း။ပ။ ပညိန္ဒြိယံ၊ ပညိန္ဒြေရင်းတည်း။ ဘိက္ခဝေ၊ တို့။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ။ အရိယသာဝကော၊ ဘုရားရှင်၏ တပည့်သည်။ "သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ အလုံးစုံသော တရားတို့ကို အမှန်ကိုယ်တိုင် သိတော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဝိဇ္ဇာ ၃-ပါး, ဝိဇ္ဇာ ၈-ပါး, စရဏ ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နော၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ကောင်းသောစကားကို ဆိုတော်မူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သတ္တဝါ ဩကာသ သင်္ခါရဟူသော လောက ၃-ပါးကို သိတော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ မိမိထက်မြတ်သူမရှိ အမြတ်ဆုံးဖြစ်၍ ဆုံးမထိုက်သူ ယောကျ်ားဟူသမျှတို့ကို ဆုံးမတော်မူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော-ပုရိသဒမ္မသာရထိ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သစ္စာ ၄-ပါးကို သိတော်မူသော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါတိ၊ ဘဂဝါမည်တော်မူ၏"ဟူ၍။ သဒ္ဓေါ၊ ယုံကြည်သူသည်။ ဝါ၊ ယုံကြည်ခြင်းရှိသူသည်။ ဟောတိ၊ ၏။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤယုံကြည်မှုကို။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ။ အရိယသာဝကော၊ သည်။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှါ။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍။ ထာမဝါ၊ အင်အားအစွမ်းရှိသည်ဖြစ်၍။ ဒဠှပရက္ကမော၊ မြဲမြံသော အားအဆင့်ရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အနိက္ခိတ္တဓုရော၊ မချအပ်သော ဝန်ရှိသည်ဖြစ်၍။ (ဝိဟရတိ၊ နေ၏။) သော၊ ထိုအရိယသာဝကသည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ လုံ့လ'ဝီရိယ'ကို ဖြစ်စေတတ်သော ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ ဖြစ်စေ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ပျင်းခွင့်မရ ထောက်ပင့်မ၏။ ပဒဟတိ၊ အရိုးကြေကြေ အရေခန်းခန်း မဆုတ်တန်း အားထုတ်၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးကုန်သော။ (ဖြစ်ပြီးသော အကုသိုလ်နှင့်တူကုန်သော) ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ လုံ့လ'ဝီရိယ'ကို ဖြစ်စေတတ်သော ဆန္ဒကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ ၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ အနုပ္ပန္နာနံ၊ ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ ကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ ၏။

ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ ဘိယျောဘာဝါယ၊ လွန်စွာဖြစ်စေခြင်း တိုးပွါးခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောစည်ကားခြင်းငှါ။ ဘာဝနာယ၊ ဘာဝနာ၏။ ပါရိပူရိယာ၊ ပြည့်ခြင်းငှါ။ (ပါရိပူရိယာတိ ဘာဝနာယ ပရိပူရဏတ္ထံ။ ဋ္ဌ။) ဆန္ဒံ၊ လုံ့လ'ဝီရိယ'ကို ဖြစ်စေတတ်သော ဆန္ဒကို။ ဝါ၊ လုံ့လ'ဝီရိယ' တည်းဟူသော ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ ဖြစ်စေ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ပျင်းခွင့်မရ ထောက်ပင့်မ၏။ ပဒဟတိ၊ အရိုးကြေကြေ အရေခန်းခန်း မဆုတ်တမ်း အားထုတ်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤ ၄-ဌာနနှင့် အားထုတ်ခြင်းကို။ ဝီရိယိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ သတိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယ-သာဝကော၊ သည်။ သတိမာ၊ သတိရှိသည်ဖြစ်၍။ ပရမေန၊ လွန်ကဲသော။ သတိနေပက္ကေန၊ သတိပညာနှင့်။ ဝါ၊ သတိ၏ ရင့်ကျက်သည်၏ အဖြစ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ စိရကတမ္ပိ၊ ကြာမြင့်သော အခါက ပြုအပ်ခဲ့ပြီးသော အမှုကိုလည်း။ စိရဘာသိတမ္ပိ၊ ကြာမြင့်သောအခါက ပြောဆိုအပ်ခဲ့ပြီးသော စကားကိုလည်း။ သရိတာ၊ အောက်မေ့နိုင်သည်။ အနု-ဿရိတာ၊ အဖန်ဖန် အောက်မေ့နိုင်သည်။ ဟောတိ၊ ၏။ သော၊ ထိုအရိယသာဝကသည်။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဝေဒနာသု၊ တို့၌။ပ။ စိတ္တေ၊ ၌။ပ။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ ၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။ ဣဒံ၊ ဤ အောက်မေ့မှုကို။ သတိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ သမာဓိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယ-သာဝကော၊ သည်။ ဝေါဿဂ္ဂံ၊ သင်္ခါရအစုကို စွန့်လွှတ်ရာသော နိဗ္ဗာန်ကို။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍။ သမာဓိံ၊ တည်ကြည်မှုကို။ လဘတိ၊ ရ၏။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို။ လဘတိ၊ ရ၏။ သော၊ ထိုအရိယသာဝကသည်။ ကာမေဟိ၊ (ဝတ္ထုကာမ ကိလေသာ)ကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကု-သိုလ်တရားတို့မှ။ ဝိဝိစ္စ ဧဝ၊ သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့် တကွဖြစ်သော။ သဝိစာရံ၊ ဝိစာရနှင့်တကွဖြစ်သော။ ဝိဝေကဇံ၊ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ ဖရဏာပီတိ စေတသိကသုခရှိသော။ ပဌမံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဝိတက္ကဝိစာရာနံ၊ ဝိတက်,ဝိစာရတို့၏။ ဝူပသမာ၊ ကြောင့်။ အဇ္ဈတ္တံ၊ ၌။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်လင်စေတတ်သော။ စေတသော၊ ၏။ ဧကောဒိဘာဝံ၊ မြတ်လည်းမြတ်, တိုးပွါးလည်း တိုးပွါးစေတတ်သော သမာဓိကို ဖြစ်စေတတ်သော။ အဝိတက္ကံ၊ သော။ အဝိစာရံ၊ သော။ သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့် ဖြစ်ပေါ်သော။ ပီတိသုခံ၊ သော။ ဒုတိယံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ပီတိယာ၊ ကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့်လည်း။ ဥပေက္ခကော စ၊ ၎င်း။ သတော စ၊ ၎င်း။ သမ္ပဇာနော စ၊ ၎င်း။ ဝိဟရတိ၊ ၏။ သုခဉ္စ၊ ကိုလည်း။ ကာယေန၊ ဖြင့်။ ပဋိသံဝေဒေတိ၊ ၏။ ယံ၊ အကြင် (တတိယဈာန်ဟူသော)အကြောင်းကြောင့်။ တံ၊ ထို (တတိယဈာန်ရ) ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သည်။ "ဥပေက္ခကော၊

(တတိယစျာန် ချမ်းသာကိုပင်) လျစ်လျူရှုနိုင်ပေသောသူ။ သတိမာ၊ သတိရှိပေသောသူ။ သုခဝိဟာရီတိ၊ ချမ်းသာစွာ နေလေ့ရှိပေသောသူ”ဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းအံ့သြ ပြောတော်မူကြကုန်၏။ (တံ)တတိယစျာန်၊ ထိုတတိယစျာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ သုခဿ စ၊ ကိုလည်း။ ပဟာနာ၊ ကြောင့်။ ဒုက္ခဿ စ၊ ကိုလည်း။ ပဟာနာ၊ ကြောင့်။ ပုဗ္ဗေဝ၊ ဦးစွာပင်လျှင်။ သောမနဿဒေါမနဿာနံ၊ တို့၏။ အတ္ထင်္ဂမာ၊ ကြောင့်။ အဒုက္ခမသုခံ၊ သော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ သော။ စတုတ္ထံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသို့နေခြင်းကို။ သမာဓိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤသမာဓိန္ဒြေ၏ အနက်နှင့် အဆုံးအဖြတ်တို့ကို မဂ္ဂသံယုတ် စာပိုဒ် ၈-ဝိဘင်္ဂသုတ်၌ ရှု။)

ဘိက္ခဝေ၊ တို့။ ပညိန္ဒြိယံ၊ သည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ ပညဝါ၊ ပညာရှိသည်။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ်အပျက်ကို သိသော။ အရိယာယ၊ မြတ်သော။ နိဗ္ဗေဓိကာယ၊ လောဘ ဒေါသ မောဟအစုအခဲကို ဖောက်ခွဲနိုင်သော။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်စေတတ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ သော၊ ထိုအရိယသာဝကသည်။ “ဣဒံ၊ ဤတေဘူမက ရုပ်နာမ်သည်။ ဒုက္ခန္တိ၊ ဆင်းရဲတည်း”ဟု။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ “အယံ၊ ဤတဏှာလောဘသည်။ ဒုက္ခသမုဒယောတိ၊ ဆင်းရဲ၏ ဖြစ်ကြောင်းတည်း” ဟု။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ “အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်တည်း”ဟု။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ “အယံ၊ ဤမဂ္ဂင် ၈-ပါးသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တည်း”ဟု။ ယထာဘူတံ၊ အတိုင်း။ ပဇာနာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသစ္စာ ၄-ပါးကို သိမှုကို။ ပညိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ၊ တို့ကား။ ပဉ္စ၊ ၅-ပါး ကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့တည်း။ ဣတိ၊ ၏။

ဒသမံ၊ ဆယ်နမြောက်သောသုတ်တည်း။

ပဌမော၊ သော။ သုဒ္ဓိကဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုသုဒ္ဓိကဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

သုဒ္ဓိကဉ္စ၊ သုဒ္ဓိကသုတ်၎င်း။ ဒွေ သောတာ၊ ပဌမ သောတာပန္နသုတ်, ဒုတိယ သောတာပန္န သုတ်တို့၎င်း။ အပရေ၊ တပါးကုန်သော။ ဒုဝေ အရဟန္တာ၊ ပဌမ အရဟန္တသုတ်, ဒုတိယ အရဟန္တ သုတ်တို့၎င်း။ အပရေ၊ ကုန်သော။ ဒုဝေ သမဏဗြာဟ္မဏာ၊ ပဌမ သမဏဗြာဟ္မဏသုတ်, ဒုတိယ သမဏဗြာဟ္မဏသုတ်တို့၎င်း။ ဒဋ္ဌဗ္ဗံ၊ ဒဋ္ဌဗ္ဗသုတ်၎င်း။ အပရေ၊ ကုန်သော။ ဒုဝေ ဝိဘင်္ဂါ၊ ပဌမ ဝိဘင်္ဂသုတ်, ဒုတိယဝိဘင်္ဂသုတ်တို့၎င်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၂-မုဒုတရဝဂ်

### ၁-ပဋိလာဘသုတ်

၄၇၁။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေ၎င်း။ပ။ ပညိန္ဒြိယံ၊ ပညိန္ဒြေ၎င်းတည်း။

ဘိက္ခဝေ၊ တို့။ သဒ္ဓိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ ဘုရားရှင်၏တပည့်သည်။ "သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ အလုံးစုံသောတရားတို့ကို အမှန်ကိုယ်တိုင် သိတော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဝိဇ္ဇာ ၃-ပါး, ဝိဇ္ဇာ ၈-ပါး, စရဏ ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ကောင်းသောစကားကို ဆိုတော်မူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သတ္တောကာသ သင်္ခါရဟူသော လောက ၃-ပါးကို သိတော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ မိမိထက် မြတ်သူ မရှိ အမြတ်ဆုံးဖြစ်၍ ဆုံးမထိုက်သူ ယောကျ်ားဟူသမျှတို့ကို ဆုံးမတော်မူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သစ္စာ ၄ ပါးကို သိတော်မူသော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါတိ၊ ဘဂဝါ မည်တော်မူ၏" ဟူ၍။ သဒ္ဓေါ၊ ယုံကြည်သူသည်။ ဝါ၊ ယုံကြည်ခြင်း ရှိသူသည်။ ဟောတိ၊ ဖြစ်၏။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤယုံကြည်မှုကို။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဝီရိယိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ၄-ပါးကုန်သော။ သမ္မပ္ပဓာနေ၊ သမ္မပ္ပဓာန်တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍[၁]။ ယံ ဝီရိယံ၊ အကြင် လုံ့လကို။ ပဋိလဘတိ၊ ရ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤလုံ့လကို။ ဝီရိယိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သတိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ အာရဗ္ဘ၊ ၍။ ယံ သတိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသတိကို။ သတိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သမာဓိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ ဝေါဿဂ္ဂံ၊ သင်္ခါရအစုကို စွန့်လွှတ်ရာသော နိဗ္ဗာန်ကို။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍။ သမာဓိံ၊ တည်ကြည်မှုကို။ လဘတိ၊ ရ၏။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏အဖြစ်ကို။ လဘတိ၊ ရ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤတည်ကြည်မှုကို။ သမာဓိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပညိန္ဒြိယံ၊ သည်။ ကတမဥ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ ပညဝါ၊ ပညာရှိသည်။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ် အပျက်ကိုသိသော။ အရိယာယ၊ မြတ်သော။ နိဗ္ဗေဓိကာယ၊ လောဘ ဒေါသ မောဟ အစုအခဲကို ဖောက်ခွဲနိုင်သော။ သမ္မာ၊

၁။ သမ္မပ္ပဓာနေ အာရဗ္ဘာတိ သမ္မပ္ပဓာနေ ပဋိစ္စ၊ သမ္မပ္ပဓာနေ ဘာဝေန္တောတိ အတ္ထော။ ဋီ။

ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသိမှုကို။ ပညိန္ဒြိယံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ၊ ဤသည်တို့ကား။ ပဉ္စ၊ ၅-ပါးကုန်သော။ ဣန္ဒြိယာနိ၊ တို့တည်း။ ဣတိ၊ ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ပဌမသံခိတ္တသုတ်

၄၇၂။ (ပဉ္စိမာနိ စသည် ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ဣမေသံ ခေါ ပဉ္စန္နံ ဣန္ဒြိယာနံ၊ ဤ ၅-ပါးကုန်သော ဣန္ဒြေတို့၏။ သမတ္တာ၊ ပြီးစီးသည်၏ အဖြစ်ကြောင့်။ ပရိပူရတ္တာ၊ ပြည့်စုံပြီးသည်၏အဖြစ်ကြောင့်။ အရဟံ၊ ရဟန္တာသည်။ ဟောတိ၊ ၏။ တတော၊ ထိုရဟန္တာ ပုဂ္ဂိုလ်၏ ဝိပဿနာ, မဂ်,ဖိုလ်တို့၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်[၁]။ မုဒုတရေဟိ၊ နုသော ဣန္ဒြေတို့ကြောင့်။ အနာဂါမီ၊ အနာဂါမ်သည်။ ဟောတိ၊ ၏။ တတော၊ ထိုအနာဂါမ်၏ ဝိပဿနာမဂ်ဖိုလ်တို့၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်။ မုဒုတရေဟိ၊ နုသော ဣန္ဒြေတို့ကြောင့်။ သကဒါဂါမီ၊ သကဒါဂါမ်သည်။ ဟောတိ၊ ၏။ တတော၊ ထိုသကဒါဂါမ်၏ ဝိပဿနာ မဂ်ဖိုလ်တို့၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်။ မုဒုတရေဟိ၊ တို့ကြောင့်။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ၊ ၏။ တတော၊ ထိုသောတာပန်၏ ဝိပဿနာ မဂ်ဖိုလ်တို့၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်။ မုဒုတရေဟိ၊ တို့ကြောင့်။ ဓမ္မာနုသာရီ၊ ပညာတရားဖြင့် မဂ္ဂသောတကို အစဉ်အောက်မေ့လေ့ရှိသူ (သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်) သည်။ ဟောတိ၊ ၏။ တတော၊ ထိုပညာဖြင့် မဂ္ဂသောတကို အစဉ်အောက်မေ့လေ့ရှိသူ၏ ဝိပဿနာမဂ်ဖိုလ်တို့၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်။ မုဒုတရေဟိ၊ တို့ကြောင့်။ သဒ္ဓါနုသာရီ၊ သဒ္ဓါဖြင့် မဂ္ဂသောတကို အစဉ်အောက်မေ့လေ့ရှိသူ (သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်) သည်[၂]။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ဒုတိယသံခိတ္တသုတ်

၄၇၃။ (ဤသုတ်၌—တတော၊ ထိုရဟန္တာ၏ ဖိုလ်၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်။ စသည်ဖြင့် ဖိုလ်ကိုသာ စွဲပါ၊ တတောတိ ဖလဝသေန နိဿက္ကံ ဝေဒိတဗ္ဗံ။ ဋ္ဌ။) ဘိက္ခဝေ၊ တို့။ ဣတိ ခေါ၊ ဤသို့။ ဣန္ဒြိယဝေမတ္တတာ၊ ဣန္ဒြေတို့၏မတူ ထူးခြားသည်၏ အဖြစ်ကြောင့်။ ဖလဝေမတ္တတာ၊

---

၁။ တတောတိ ဝိပဿနာမဂ္ဂဖလဝသေန နိဿက္ကံ ဝေဒိတဗ္ဗံ။ ဋ္ဌ။ ဣန္ဒြိယာနံ ထိက္ခာဒိဘာဝေါ ဝိပဿနာဝသေန ဝါ မဂ္ဂဝသေန ဝါ ဖလဝသေန ဝါ ဂဟေတဗ္ဗောတိ ဝုတ္တံ "တတော။ပ။ ဝေဒိတဗ္ဗ"န္တိ။ ဋီ။ အရဟတ္တမဂ္ဂိန္ဒြိယာနိ ဟု ဖွင့်သော ဋ္ဌ-ပါဠ်ကို "သမ္မာဒေယာဂတော သဘာဝတော စ အရဟတ္တမဂ္ဂပရိယာပန္နာနိ အရဟတ္တမဂ္ဂိန္ဒြိယာနိ" ဟု ဋီ ဖွင့်၏။ ထို အဖွင့်ကို နည်းယူ၍-တတော၊ ထိုရဟန္တာ၏ ဝိပဿနာမဂ်ဖိုလ်၌ အကျုံးဝင်သော ဣန္ဒြေတို့အောက်။ ဟု သမ္မန်လိုက်သည်။

၂။ ဓမ္မေန ပညာယ မဂ္ဂသောတံ အနုဿရတီတိ ဓမ္မာနုသာရီ၊ ပညုတ္တရော အရိယော။ သဒ္ဓါယ မဂ္ဂသောတံ အနုဿရတီတိ သဒ္ဓါနုသာရီ၊ သဒ္ဓုတ္တရော အရိယော။ ဋီ။

ဓမ္မာနုသာရိသဒ္ဓါနုသာရိနော ပန ဒွေပိ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂလာ။ ဋ္ဌ။ ထိုပုဂ္ဂိုလ် ၂-မျိုးတို့အနက် ဓမ္မာနုသာရီ၏ သဒ္ဓါနုသာရီထက် အာဂမန,မဂ် ၂-ပါးအားဖြင့် သာလွန်ပုံကို ဋ္ဌ-၌ ရှု။

ဖိုလ်တို့၏မတူ ထူးခြားသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဖလဝေမတ္တတာ၊ ဖိုလ်တို့၏ မတူ ထူးခြားသည်၏ အဖြစ်ကြောင့်။ ပုဂ္ဂလဝေမတ္တတာ၊ ပုဂ္ဂိုလ်တို့၏ မတူ ထူးခြားသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။ (အကြွင်း ပဌမသံခိတ္တသုတ်နှင့် တူ၏။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-တတိယသံခိတ္တသုတ်

၄၇၄။ (ဤသုတ်၌- ဇဝေါအရ ဝိပဿနာ မဂ် ဖိုလ် အကုန်စွဲပါ၊ တတိယသုတ်၌လည်း ဝိပဿနာ မဂ်ဖိုလ် အကုန်စွဲလျှင်လည်း သင့်ကြောင်း ဤသုတ် ဋီကာ၌ ဆို၏။) ဘိက္ခဝေ၊ တို့။ ဣတိ ခေါ၊ ဤသို့။ ပရိပူရကာရီ၊ (သီလ စသည် သဒ္ဓိန္ဒြေ စသည်တို့ဖြင့်) ထက်ဝန်းကျင်မှ ပြည့်စုံသော အရဟတ္တမဂ်ကို ဖြည့်ကျင့်လေ့ ရှိသူသည်။ ပရိပူရံ၊ ပြည့်စုံသော အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ဖြစ်စေ၏။ (အာရာဓေတိ နိပ္ဖါဒေတိ။ ဋီ။) ပဒေသကာရီ၊ တစိတ်တဒေသ ဖြစ်သော အောက်မဂ် ၃-ပါးကို ဖြည့်ကျင့်လေ့ရှိသူသည်။ ပဒေသံ၊ အောက်ဖိုလ်(၃) ပါးကို။ အာရာဓေတိ၊ ဖြစ်စေ၏။ ဘိက္ခဝေ၊ တို့။ ပဉ္စိန္ဒြိယာနိ၊ ၅-ပါးကုန်သော ဣန္ဒြေတို့ကို။ အဝဉ္ဈာနိ တွေဝ၊ မမြုံကုန်ဟူ၍ သာလျှင်[၁]။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဣတိ၊ ၏။ (အကြွင်း ပဌမသံခိတ္တသုတ်နှင့် တူ၏။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပဌမဝိတ္ထာရသုတ်

ပတိဿီယတိ ပတိဿယော၊ ယ ခြေလျှင် ပတိဿော၊ သဟ ပတိဿေန ယောတိ သပ္ပတိဿော-ဟုပင်ပြု။ မှီခိုအပ်သူ ဆရာနှင့်တကွဖြစ်သူ (ဤဋ္ဌ ရဟန္တာ) ကောက်။ ပဋိ-သံ-ဋ္ဌ ၂-၁၄၁။ မ-ဋီ ၃-၈၂-တို့ကို မှီ၍ ရေးသည်။ ဤ၌ သဒ္ဓိန္ဒြေစသော ဣန္ဒြေ ၅-ပါးတို့၏ ပွါးခြင်းကိစ္စကို ပြုကျင့်ခြင်းသည်ပင် အဆုံးအမကို နာခံခြင်း မှီခိုအပ်သူနှင့် နေခြင်းတို့နှင့် တူသည်ဖြစ်၍ သပ္ပတိဿော၊ အဆုံးအမကို နာခံခြင်းရှိသူ။ ဝါ၊ မှီခိုအပ်သူ ဆရာ ရှိသူ-ဟု ဆိုရလေသည်။ ထို့ကြောင့် ဋီ၌ "ကိစ္စပဋိပတ္တိ တေသံ သက်ာသနဋ္ဌေန သပ္ပတိဿဝေါ၊ သပ္ပတိဿဝေါ ဧဝ သပ္ပတိဿော"ဟု မိန့်သည်။ တေသံ၊ ထိုဣန္ဒြေ ၅-ပါးတို့၏။ ကိစ္စပဋိပတ္တိ၊ ပွါးခြင်းကိစ္စကို ပြုခြင်းသည်။ သက်ာသနဋ္ဌေန၊ အဆုံးမကို နာခံ၍နေခြင်းနှင့် တူသောကြောင့်။ သပ္ပတိဿဝေါ၊ မည်၏။ ပတိဿဝေါ ဟု 'သ' မပါပဲ ဆိုလိုလျက် အပေါင်းပြု၍ ချထား၏။ သပ္ပတိဿဝေါ ဧဝ၊ သည်သာလျှင်။ သပ္ပတိဿော၊ မည်၏။ ဝ ကို ခြေထား၏-ဟူလို။ ဋီ၌ သံယုတ်မှ ဝအက္ခရာမပါပဲ 'သပတိဿော'ဟု ပါဌ်ပျက်လျက်ရှိသည်။

## ၉-ပဌမဥပ္ပါဒသုတ်

၅၂၉။ သာဝတ္ထိနိဒါန်း တည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ပဉ္စ ဣန္ဒြိယာနိ၊ ဤ ၅-ပါးကုန်သော ဣန္ဒြေတို့သည်။ ဘာဝိတာနိ၊ ပွားများအပ်ကုန်သည် ရှိသော်။ ဗဟုလီကတာနိ၊ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ အနုပ္ပန္နာနိ၊ ရှေး၌ မဖြစ်ကုန်သော်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို အမှန် ကိုယ်တိုင်သိတော်မူသော။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပါတုဘာဝါ၊ ထင်ရှားဖြစ်သည်မှ။ အညတြ၊ ကြဉ်၍။ ဝါ၊ တပါးသောအခါ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်နိုင်ကုန်။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေရင်း။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေရင်း။ သတိန္ဒြိယံ၊ သတိန္ဒြေရင်း။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေရင်း။ ပညိန္ဒြိယံ၊ ပညိန္ဒြေရင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ ပဉ္စ ဣန္ဒြိယာနိ၊ ဤ ၅-ပါးကုန်သော ဣန္ဒြေတို့သည်။ ဘာဝိတာနိ၊ ပွါးများအပ်ကုန်သည် ရှိသော်။ ဗဟုလီကတာနိ၊ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ အနုပ္ပန္နာနိ၊ ရှေး၌ မဖြစ်ကုန်သော်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို အမှန်ကိုယ်တိုင် သိတော်မူသော။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပါတုဘာဝါ၊ ထင်ရှားဖြစ်သည်မှ။ အညတြ၊ ကြဉ်၍။ ဝါ၊ တပါးသောအခါ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်နိုင်ကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဒုတိယဥပ္ပါဒသုတ်

၅၃၀။ ဘိက္ခဝေ၊ တို့။ ဣမာနိ ပဉ္စ ဣန္ဒြိယာနိ၊ ဤ ၅-ပါးကုန်သော ဣန္ဒြေတို့သည်။ ဘာဝိတာနိ၊ ပွါးများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာနိ၊ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ အနုပ္ပန္နာနိ၊ ရှေး၌ မဖြစ်ကုန်သော်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကုန်၏။ သုဂတဝိနယာ၊ ဘုရားရှင်၏ သာသနာမှ။ အညတြ၊ ကြဉ်၍။ ဝါ၊ တပါးသောအခါ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်နိုင်ကုန်။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေရင်း။ ဝီရိယိန္ဒြိယံ၊ ရင်း။ သတိန္ဒြိယံ၊ ရင်း။ သမာဓိန္ဒြိယံ၊ ရင်း။ ပညိန္ဒြိယံ၊ ပညိန္ဒြေရင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ ကုန်သည်ရှိသော်။ ဗဟုလီကတာနိ၊ ကုန်သည်ရှိသော်။ အနုပ္ပန္နာနိ၊ ရှေး၌ မဖြစ်ကုန်သော်လည်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ သုဂတဝိနယာ၊ ဘုရားရှင်၏ သာသနာမှ။ အညတြ၊ ကြဉ်၍။ ဝါ၊ တပါးသောအခါ၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်လာနိုင်ကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ဆဋ္ဌော၊ သော။ သူကရခတဝဂ္ဂေါ၊ တည်း။

တဿ၊ ထို သူကရခတဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

သာလံ၊ သာလသုတ်ရင်း။ မလ္လိကံ၊ မလ္လိကသုတ်ရင်း။ သေခေါ စ၊ သေခသုတ်ရင်း။ ပဒံ၊ ပဒသုတ်ရင်း။ သာရံ၊ သာရသုတ်ရင်း။ ပတိဋ္ဌိတံ၊ ပတိဋ္ဌိတသုတ်ရင်း။ ဗြဟ္မသူကရခတာယော၊ သဟမ္ပတိဗြဟ္မသုတ်, သူကရခတသုတ်ရင်း။ ဒွေ ဥပ္ပါဒါ၊ ပဌမဥပ္ပါဒသုတ်, ဒုတိယဥပ္ပါဒသုတ် ၂-သုတ်တို့ရင်းတည်း။ ဣတိ၊ တည်း။

## ၇-ဇောဒိပဏ္ဏိယဝဂ်

### ၁-သံယောဇနသုတ်

၅၃၁။ သာဝတ္ထိနိဒါနံ၊ တည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ပဉ္စ ဣန္ဒြိယာနိ၊ ဤ ၅-ပါးကုန်သော ဣန္ဒြေတို့သည်။ ဘာဝိတာနိ၊ ပွါးများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာနိ၊ အကြိမ်များစွာပြုအပ်ကုန်သည်ရှိသော်။ သံယောဇနပ္ပဟာနာယ၊ သံယောဇဉ်တို့ကို ပယ်ခြင်းအကျိုးငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေရှင်း။ပ။ ပညိန္ဒြိယံ၊ ပညိန္ဒြေရှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ ကုန်သည်ရှိသော်။ ဗဟုလီကတာနိ၊ ကုန်သည်ရှိသော်။ သံယောဇနပ္ပဟာနာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

### ၂-အနုသယသုတ်

၅၃၂။ ဘိက္ခဝေ၊ တို့။ ဣမာနိ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ သော်။ ဗဟုလီကတာနိ၊ သော်။ အနုသယသမုဂ္ဃါတာယ၊ အနုသယတို့ကို နုတ်ပယ်ခြင်းအကျိုးငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ကတမာနိ ပဉ္စ၊ တို့နည်း။ သဒ္ဓိန္ဒြိယံ၊ ရှင်း။ပ။ ပညိန္ဒြိယံ၊ ရှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ သော်။ ဗဟုလီကတာနိ၊ သော်။ အနုသယသမုဂ္ဃါတာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

### ၃-ပရိညာသုတ်

၅၃၃။ ဘိက္ခဝေ၊ တို့။ ဣမာနိ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ သော်။ ဗဟုလီကတာနိ၊ သော်။ အဒ္ဓါနပရိညာယ၊ သံသရာတည်းဟူသော အဓွန့်ကို ပိုင်းခြား၍သိခြင်း(နိဗ္ဗာန်) အကျိုးငှါ [၁]။ သံဝတ္တန္တိ၊ ၏။ ကတမာနိ ပဉ္စ၊ နည်း။ သဒ္ဓိန္ဒြိယံ၊ ရှင်း။ပ။ ပညိန္ဒြိယံ၊ ရှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ သော်။ ဗဟုလီကတာနိ၊ သော်၊ အဒ္ဓါနပရိညာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

### ၄-အာသဝက္ခယသုတ်

၅၃၄။ ဘိက္ခဝေ၊ တို့။ ဣမာနိ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ ကုန်သည်ရှိသော်။ ဗဟုလီကတာနိ၊ ကုန်သည်ရှိသော်။ အာသဝါနံ ခယာယ၊ အာသဝတို့၏ကုန်ရာနိဗ္ဗာန်အကျိုးငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ကတမာနိ ပဉ္စ၊ နည်း။ သဒ္ဓိန္ဒြိယံ ရှင်း။ပ။ ပညိန္ဒြိယံ၊ ရှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣမာနိ ခေါ ပဉ္စ ဣန္ဒြိယာနိ၊ တို့သည်။ ဘာဝိတာနိ၊ သော်။ ဗဟုလီကတာနိ၊ သော်။

---

၁။ အဒ္ဓါနပရိညာယ၏ အဆုံးအဖြတ်ကို ဤနိဿယ စာပိုဒ် ၃၄-၌ ရှု။

အာနာပါနံ ခယာသုံ၊ ၎င်း။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ၏။ (ပဋ္ဌမာနိ ဘိက္ခဝေ ဣန္ဒြိယာနိ စသော ပါဠိကျကို အံထက်အတိုင်း ပေးလေ။ ၎င်း ၄-မျိုးကို ပေါင်း၍ ဟောခြင်းမျှသာ ဖြစ်၏။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပဌမဖလသုတ်

၅၃၅။ (ပဋ္ဌမာနိ စသည် ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ဣမေသံ ခေါ ပဉ္စန္နံ ဣန္ဒြိယာနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုပစ္စုပ္ပန်အတ္တဘောဌ်ပင်လျှင်။ အညာ၊ အရဟတ္တဖိုလ် (ကိုရခြင်း) ၎င်း။ ဉပါဒိသေသေ၊ ဉပါဒါန်ဟူသော အကြွင်းသည်။ ဝါ၊ ကြွင်းသော ဉပါဒါန်ခန္ဓာသည်။ သတိ၊ ရှိသော်။ (ရဟန္တာ မဖြစ်ခဲ့သော် ဟူလို။) အနာဂါမိတာ ဝါ၊ အနာဂါမ်၏အဖြစ် အနာဂါမိဖိုလ် (ကိုရခြင်း) ၎င်း။ ဒွိန္နံ၊ ၂-ပါးကုန်သော။ ဖလာနံ၊ အကျိုး တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ၊ အကျိုးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဣတိ၊ ၏။ (၂၃၈-စာပိုဒ် အညတရဖလသုတ်၌လည်း ပါ၏။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ဒုတိယဖလသုတ်

၅၃၆။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ကတမာနိ ပဉ္စ၊ အဘယ် ၅-ပါးတို့နည်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေ၎င်း။ပ။ ပညိန္ဒြိယံ၊ ပညိန္ဒြေ၎င်းတည်း။ ဘိက္ခဝေ၊ တို့။ ဣန္ဒြိယာနိ၊ တို့သည်။ ဣမာနိ ခေါ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ဘိက္ခဝေ၊ တို့။ ပဉ္စန္နံ၊ ၅-ပါး ကုန်သော။ ဣမေသံ ခေါ ဣန္ဒြိယာနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ပွါးအပ်သည်၏အဖြစ်ကြောင့်။ ဗဟုလီကတတ္တာ၊ အကြိမ်များစွာပွါးအပ်သည်၏အဖြစ်ကြောင့်။ သတ္တ၊ ၇-ပါးကုန်သော။ ဖလာ၊ အကျိုးတို့ကို။ သတ္တ၊ ၇-ပါးကုန်သော။ အာနိသံသာ၊ အာနိသင်တို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ် ကုန်၏။ ကတမေ သတ္တ ဖလာ၊ အဘယ် ၇-ပါးသော အကျိုးတို့နည်း။ ကတမေ သတ္တ အာနိသံသာ၊ အဘယ် ၇-ပါးသော အာနိသင်တို့နည်း။ ဒိဋ္ဌေ၊ မျက်မှောက်တွေ့မြင်အပ်သော။ ဓမ္မေဝ၊ ဉပါဒါ-နက္ခန္ဓာတရား၌သာလျှင်။ (ဒိဋ္ဌေ ဓမ္မေဝ၊ ဤကိုယ်အဖြစ်၌သာလျှင်-ဟု သော်လည်း အဓိပ္ပါယတ္တ ပေး။) ပဋိကစ္စ၊ ကြိုတင်ပြုလုပ်၍။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ပြီးမြောက်စေ၏။

ဒိဋ္ဌေ၊ မျက်မှောက်တွေ့မြင်အပ်သော။ ဓမ္မေ၊ ရုပ်နာမ်တရား၌သာလျှင်။ (ဤဘဝ၌သာ လျှင်။) ပဋိကစ္စ၊ ၍။ အညံ၊ အရဟတ္တဖိုလ်ကို။ နော စေ အာရာဓေတိ၊ အကယ်၍ မပြီးမြောက် စေသည်ဖြစ်အံ့။ အထ၊ ထိုသို့မပြီးမြောက်စေသည်ရှိသော်။ မရဏကာလေ၊ သေခါနီးသောအခါ၌။ အညံ၊ ကို။ အာရာဓေတိ၊ ၏။

ဒိဋ္ဌေ၊ သော။ ဓမ္မေဝ၊ ၌သာလျှင်။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ မရဏကာလေ၊ ၌။ အညံ၊ ကို။ နော စေ အာရာဓေတိ၊ အံ့။ အထ၊ ထိုသို့မပြီးမြောက်စေသည်ရှိသော်။ ပဉ္စန္နံ၊ ၅ ပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက်အဖို့ (ကာမဘုံ) ၏ အစီးအပွါးဖြစ်ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခန်းခြင်းကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ (သုဒ္ဓါဝါသဘုံ၌) အသက်တမ်းအလယ်ကြား၌သာလျှင် ကိလေသာပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဉပဟစ္စပရိနိဗ္ဗာယီ၊ သုဒ္ဓါဝါသဘုံ၌ အသက်တမ်းအလယ်အကြားကို ကျော်လွန်၍

(ကိလေသ) ပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဝါ၊ သုဒ္ဓါဝါသဘုံ၌ သေချိန်နီးသို့ကပ်ရောက်၍ ကိလေသ ပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ၏။ အသင်္ခါရပရိနိဗ္ဗာယီ၊ ဝိပဿနာကို လွန်စွာအားထုတ်ခြင်း မရှိသည်ဖြစ်၍ အထက်မဂ်ကိုရ၍ ကိလေသပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ၏။ သသင်္ခါရပရိ- နိဗ္ဗာယီ၊ ဝိပဿနာကို လွန်စွာအားထုတ်ခြင်းရှိသည်ဖြစ်၍ ကိလေသ ပရိနိဗ္ဗာန်စံလေ့ရှိသည်။ ဟောတိ၊ ၏။ ဥဒ္ဓံသောတော၊ အထက် (သုဒ္ဓါဝါသဘုံ) ၌သာလျှင် မင်္ဂရေအယဉ်ရှိသည်ဖြစ်၍။ အကနိဋ္ဌဂါမီ၊ (ပဋိသန္ဓေအားဖြင့်) အကနိဋ္ဌဘုံသို့ရောက်လေ့ရှိသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဣမေသံ ခေါ ဣန္ဒြိယာနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီ- ကတတ္တာ၊ ကြောင့်။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ ဖလာ၊ တို့ကို။ သတ္တ၊ ကုန်သော။ ဣမေ အာနိသံသာ၊ တို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ဣတိ၊ ၏။

ဆဋ္ဌ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ပဌမရုက္ခသုတ်

၅၃၇။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ သော်ကား။ ဇမ္ဗုဒီပကာ၊ ဇမ္ဗူကျွန်း၌ ဖြစ်ကုန်သော။ ယေ ကေစိ ရုက္ခာ၊ အကြင်သစ်ပင်တို့သည်။ (သန္တိ၊ ကုန်၏။) တေသံ၊ ထိုဇမ္ဗူကျွန်းရှိ သစ်ပင်တို့ တွင်။ ဇမ္ဗူ၊ သပြေပင်ကို။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယမည်ကုန်သော။ ယေ ကေစိ ဓမ္မာ၊ အကြင်တရားတို့သည်။ (သန္တိ၊ ရှိကုန်၏။) တေသံ၊ ထိုတရားတို့တွင်။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ဗောဓာယ၊ သစ္စာ ၄-ပါးကိုသိခြင်းငှါ။ (ယဒိဒံ အနက်မဲ့။) အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဗောဓိပက္ခိယာ၊ မည်ကုန်သော။ ဓမ္မာ၊ တို့သည်။ ကတမေ စ၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ သဒ္ဓိန္ဒြိယံ၊ သည်။ ဗောဓိပက္ခိယော၊ သော။ ဓမ္မော၊ တရားမည်၏။ တံ၊ ထိုဗောဓိပက္ခိယမည်သော သဒ္ဓိန္ဒြေသည်။ ဗောဓာယ၊ ငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဝီရိယိန္ဒြိယံ၊ သည်။ပ။ သတိန္ဒြိယံ၊ သည်။ သမာဓိန္ဒြိယံ၊ သည်။ ပညိန္ဒြိယံ၊ ပညိန္ဒြေသည်။ ဗောဓိပက္ခိယော၊ သော။ ဓမ္မော၊ မည်၏။ တံ၊ ထိုဗောဓိပက္ခိယမည်သော ပညိန္ဒြေသည်။ ဗောဓာယ၊ ငှါ။ သံဝတ္တတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ဇမ္ဗုဒီပကာ၊ ကုန်သော။ ယေ ကေစိ ရုက္ခာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) တေသံ၊ တို့တွင်။ ဇမ္ဗူ၊ ကို။ အဂ္ဂံ၊ ဟူ၍။ အက္ခာယတိ၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ဗောဓိပက္ခိယာ၊ မည်ကုန်သော။ ယေ ကေစိ ဓမ္မာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) တေသံ၊ တို့တွင်။ ပညိန္ဒြိယံ၊ ကို။ (ယဒိဒံ အနက်မဲ့။) ဗောဓာယ၊ ငှါ။ အဂ္ဂံ၊ ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ (နောက်လာလတ္တံ့ ၃-သုတ်တို့၌လည်း ဤအတိုင်း ပေး။) ဣတိ၊ ၏။

သတ္တမ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဒုတိယရုက္ခသုတ်

၅၃၈။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား— တာဝတိံသာနံ၊ တာဝတိံသာနတ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ ယေ ကေစိ ရုက္ခာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) တေသံ၊ ထို

တာဝတိံသာနတ်ဘုံရှိ သစ်ပင်တို့တွင်။ ပါရိဆတ္တကော၊ ပင်လယ်ကသစ်ပင်ကို။ အဂ္ဂံ၊ ဟူ၍။ အက္ခာယတိ၊ အပ်၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-တတိယရုက္ခသုတ်

၃၃၉။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား— အသုရာနံ၊ အသုရာနတ်တို့၏။ ယေ ကေစိ ရုက္ခာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) တေသံ၊ ထိုအသုရာနတ်တို့၏ သစ်ပင်တို့တွင်။ စိတ္တပါဋလိ၊ သခွပ်ပင်ကို။ အဂ္ဂံ၊ ဟူ၍။ အက္ခာယတိ၊ အပ်၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-စတုတ္ထရုက္ခသုတ်

၃၄၀။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား— သုပဏ္ဏာနံ၊ ဂဠုန်တို့၏။ ယေ ကေစိ ရုက္ခာ၊ တို့သည်။ (သန္တိ၊ ကုန်၏။) တေသံ၊ ထိုဂဠုန်တို့၏ သစ်ပင်တို့တွင်။ ကူဋသိမ္ဗလိ၊ လက်ပံပင်ကို။ အဂ္ဂံ၊ ဟူ၍။ အက္ခာယတိ၊ အပ်၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

သတ္တမော၊ သော။ ဗောဓိပက္ခိယဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုဗောဓိပက္ခိယဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

သံယောဇနာ၊ သံယောဇနသုတ်ရင်း။ အနုသယာ၊ အနုသယသုတ်ရင်း။ ပရိညာ၊ ပရိညာသုတ်ရင်း။ အာသဝက္ခယာ၊ အာသဝက္ခယသုတ်ရင်း။ ဒွေ ဖလာ၊ ပဌမဖလသုတ်, ဒုတိယဖလသုတ် ၂-သုတ်တို့ရင်း။ စတုရော ရုက္ခာ၊ ပဌမရုက္ခ, ဒုတိယရုက္ခ, တတိယရုက္ခ, စတုတ္ထရုက္ခသုတ် ၄-သုတ်တို့ရင်း။ တေန၊ ထို့ကြောင့်။ ဝဂ္ဂေါ၊ ဝဂ်ဟူ၍။ ပဝုစ္စတိ၊ အပ်၏။ ဣတိ၊ တည်း။

---

၈-ဂင်္ဂါပေယျာလဝဂ်,ဗလကရဏီယဝဂ်,ဧသနာဝဂ်,ဩဃဝဂ်,

ဂင်္ဂါပေယျာလဝဂ်,အပ္ပမာဒဝဂ်,ဗလကရဏီယဝဂ်,ဧသနာဝဂ်,ဩဃဝဂ်

၃၄၁-၆၂၀။ (ဤဝဂ်တို့၌ မတွေးပြီ။ မဂ္ဂသံယုတ် စာပိုဒ် ၉၁-မှစ၍ ရှုလေ။)

# စတုတ္ထံ၊ သော။ ဣန္ဒြိယသံယုတ္တံ၊ တည်း။

# ၅-သမ္မပ္ပဓာနသံယုတ်

## ၁-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ပါစီနာဒိသုတ်

၆၅၁-၆၆၂။ သာဝတ္ထိနိဒါနံ၊ တည်း။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်— ဘိက္ခဝေ၊ တို့။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့သည်။ ဣမေ စတ္တာရော၊ ဤလေးပါးတို့တည်း။ ကတမေ စတ္တာရော၊ အဘယ်လေးပါးတို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာနံ၊ မဖြစ်ဘူးသေးကုန်သော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ ဝီရိယနှင့်ယှဉ်သော ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ ပြုလုပ်အားထုတ်၏။ စိတ္တံ၊ ဝီရိယနှင့်ယှဉ်သောစိတ်ကို။ ပဂ္ဂဏှာတိ၊ ပျင်းခြင်းမရှိ ယောက်ပင့်မ၏။ ပဒဟတိ၊ အရိုးကြေကြေ အရေခန်းခန်း မဆုတ်တမ်း အားထုတ်၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးသည်နှင့်တူကုန်သော။ ပါပကာနံ၊ ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ ကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ ၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ အနုပ္ပန္နာနံ၊ ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ ကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ ၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ ဥပ္ပန္နာနံ၊ ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ တို့၏။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျောက်ခြင်းငှါ။ ဘိယျောဘာဝါယ၊ လွန်စွာဖြစ်ခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှါ။ ဘာဝနာယ ပါရိပူရိယာ၊ ပွါးခြင်း၏ပြည့်ခြင်းငှါ။ ဆန္ဒံ၊ ကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ ၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သမ္မပ္ပဓာနာ၊ တို့သည်။ ဣမေ ခေါ စတ္တာရော၊ ဤလေးပါးတို့တည်း။ ဣတိ၊ ဤသို့။ တော၊ ကို။ အဝေါစ၊ ပြီ။

ဘိက္ခဝေ၊ တို့။ ဂင်္ဂါနဒီ၊ ဂင်္ဂါမြစ်သည်။ ပါစီနနိန္နာ၊ အရှေ့ဘက်သို့ညွတ်သည်။ ပါစီနပေါဏာ၊ အရှေ့ဘက်သို့ကိုင်းသည်။ ပါစီနပဗ္ဘာရာ၊ အရှေ့ဘက်သို့ရှိုင်းသည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ စတ္တာရော၊ ၄-ပါးကုန်သော။ သမ္မပ္ပဓာနေ၊ သမ္မပ္ပဓာန်တို့ကို။ ဘာဝေန္တော၊ ဖြစ်စေသော။ စတ္တာရော၊ ကုန်သော။ သမ္မပ္ပဓာနေ၊ တို့ကို။ ဗဟုလီကရောန္တော၊ အကြိမ်များစွာပြုသော။ ဘိက္ခု၊ သည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ ညွတ်သည်။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ရှိုင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ သို့လျှင်။ စတ္တာရော၊ ကုန်သော။ သမ္မပ္ပဓာနေ၊ တို့ကို။ ဘာဝေန္တော၊ သော။ စတ္တာရော၊ ကုန်သော။ သမ္မပ္ပဓာနေ၊ တို့ကို။ ဗဟုလီကရောန္တော၊ သော။ ဘိက္ခု၊ သည်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာနပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ အနုပ္ပန္နာနံ၊ ကုန်သော။ ပါပကာနံ၊ ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ တို့ကို။ အနုပ္ပါဒါယ၊ ငှါ။ ဆန္ဒံ၊ ဝီရိယနှင့်ယှဉ်သော ဆန္ဒကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ပြုလုပ်အားထုတ်၏။ စိတ္တံ၊ ဝီရိယနှင့်ယှဉ်သောစိတ်ကို။ ပဂ္ဂဏှာတိ၊ ပျင်းခြင်းမရှိ ယောက်ပင့်မ၏။ ပဒဟတိ၊ အရိုးကြေကြေ

အရေခန်းခန်း မဆုတ်တမ်းအားထုတ်၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးသည်နှင့်တူကုန်သော။ ပါပကာနံ၊ ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ တို့ကို။ ပဟာနာယ၊ ငှါ။ ဆန္ဒံ၊ ကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ ၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ အနုပ္ပန္နာနံ၊ ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ တို့ကို။ ဥပ္ပါဒါယ၊ ငှါ၊ ဆန္ဒံ၊ ကို။ ဇနေတိ၊ ၏။ ဝါယမတိ၊ ၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ ၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ ဥပ္ပန္နာနံ၊ ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ တို့ကို။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ ငှါ။ ဘိယျောဘာဝါယ၊ ငှါ။ ဝေပုလ္လာယ၊ ငှါ။ ဘာဝနာယ ပါရိပူရိယာ၊ ငှါ။ ဆန္ဒံ၊ ကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ ဝီရိယနှင့်ယှဉ်သော စိတ်ကို။ ပဂ္ဂဏှာတိ၊ ၏။ ပဒဟတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ သို့လျှင်။ စတ္တာရော၊ ကုန်သော။ သမ္မပ္ပဓာနေ၊ တို့ကို။ ဘာဝေန္တော၊ သော။ စတ္တာရော၊ ကုန်သော။ သမ္မပ္ပဓာနေ၊ တို့ကို။ ဗဟုလီကရောန္တော၊ သော။ ဘိက္ခု၊ သည်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာနပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။

ဒွါဒသမံ၊ တဆယ့်နှစ်ခုမြောက်သောသုတ်တည်း။

၆၆၃-၇၀၄။ (ဤမှနောက် အပ္ပမာဒဝဂ်, ဗလကရဏီယဝဂ်, ဧသနာဝဂ်, ဩဃဝဂ်, ဂင်္ဂါပေယျာလဝဂ်, ဧသနာဝဂ်, ဩဃဝဂ်အားလုံးသည် မဂ္ဂသံယုတ်နှင့် တူသတည်း။)

## ပဌမံ၊ သော။ သမ္မပ္ပဓာနသံယုတ္တံ၊ တည်း။

# ၆-ဗလသံယုတ်

## ၁-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ဗလာဒိသုတ်

၇၀၅-၇၁၆။ ဘိက္ခဝေ၊ တို့။ ဗလာနိ၊ ဗိုလ်တို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ကတမာနိ ပဉ္စ၊ တို့နည်း။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်ရင်း။ ဝီရိယဗလံ၊ ဝီရိယဗိုလ်ရင်း။ သတိဗလံ၊ သတိဗိုလ်ရင်း။ သမာဓိဗလံ၊ သမာဓိဗိုလ်ရင်း။ ပညာဗလံ၊ ရင်းတည်း။ ဘိက္ခဝေ၊ တို့။ ဗလာနိ၊ တို့သည်။ ဣမာနိ ခေါ ပဉ္စ၊ တို့တည်း။ ဘိက္ခဝေ၊ တို့။ ဂင်္ဂါနဒီ၊ ဂင်္ဂါမြစ်သည်။ ပါစီနနိန္နာ၊ အရှေ့ဘက်သို့ညွတ်သည်။ ပါစီနပေါဏာ၊ အရှေ့ဘက်သို့ကိုင်းသည်။ ပါစီနပဗ္ဘာရာ၊ အရှေ့ဘက်သို့ ရှိုင်းသည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူ သာလျှင်။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ်ကို။ ဘာဝေန္တော၊ ဖြစ်စေသော။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ်ကို။ ဗဟုလီကရောန္တော၊ အကြိမ်များစွာပွားသော။ ဘိက္ခု၊ ရဟန်းသည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ညွတ်သည်။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ရှိုင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ အရိယံ၊ သော။ အဋ္ဌင်္ဂိကံ၊ သော။ မဂ္ဂံ၊ ကို။ ဘာဝေန္တော၊ ဖြစ်စေသော။ အရိယံ၊ သော။ အဋ္ဌင်္ဂိကံ၊ သော။ မဂ္ဂံ၊ ကို။ ဗဟုလီကရောန္တော၊ အကြိမ်များစွာပွားသော။ ဘိက္ခု၊ သည်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာနပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ဝိဝေကနိဿိတံ၊ ဝိဝေကကိုမှီသော။ ဝါ၊ ဝိဝေက၌မှီသော။ ဝိရာဂနိဿိတံ၊ ဝိရာဂကိုမှီသော။ ဝါ၊ ဝိရာဂ၌မှီသော။ နိရောဓနိဿိတံ၊ နိရောဓကိုမှီသော။ ဝါ၊ နိရောဓ၌မှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်ပယ်၍ နိဗ္ဗာန်သို့ ကိုင်းညွတ်သော။ ဝါ၊ ကိလေသာတို့ကို စွန့်ခြင်း, နိဗ္ဗာန်သို့ ပြေးဝင်ခြင်းငှါ ရင့်ကျက်ဆဲ ရင့်ကျက်ပြီးဖြစ်သော။ သမ္မာဒိဋ္ဌိံ၊ မဖောက်မပြန် မှန်ကန်လှစွာ (ကိလေသာတို့မှ ထွက်မြောက်တတ်) သော အမြင်ကို။ ဘာဝေတိ၊ ဖြစ်စေ၏ ပွါး၏။ပ။ ဝိဝေကနိဿိတံ၊ သော။ ဝိရာဂနိဿိတံ၊ သော။ နိရောဓနိဿိတံ၊ သော။ ဝေါဿဂ္ဂပရိဏာမိံ၊ သော။ သမ္မာသမာဓိံ၊ မဖောက်မပြန် မှန်ကန်လှစွာ (ကိလေသာတို့မှ ထွက်မြောက်တတ်) သော တည်ကြည်ခြင်းကို။ ဘာဝေတိ၊ ဖြစ်စေ၏ ပွါး၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ အရိယံ၊ သော။ အဋ္ဌင်္ဂိကံ၊ သော။ မဂ္ဂံ၊ ကို။ ဘာဝေန္တော၊ သော။ အရိယံ၊ သော။ အဋ္ဌင်္ဂိကံ၊ သော။ မဂ္ဂံ၊ ကို။ ဗဟုလီကရောန္တော၊ သော။ ဘိက္ခု၊ သည်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာနပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ၏။

ဒွါဒသမံ၊ တဆယ့်နှစ်ခုမြောက်သောသုတ်တည်း။

ပဌမော၊ သော။ ဂင်္ဂါပေယျာလဝဂ္ဂေါ၊ တည်း။

၇၁၇-၈၁၂။ (ဤမှနောက် အပ္ပမာဒဝဂ်, ဗလကရဏီယဝဂ်, ဧသနာဝဂ်, ဩဃဝဂ်, ဂင်္ဂါပေယျာလဝဂ်, ဧသနာဝဂ်, ဩဃဝဂ်အားလုံးသည်လည်း မဂ္ဂသံယုတ်အတိုင်းတည်း။)

ဆဋ္ဌော၊ သော။ ဗလသံယုတ္တံ၊ တည်း။

# ၇—ဣဒ္ဓိပါဒသံယုတ်

## ၁-စာပါလဝဂ်

### ၁-အပါရသုတ်

၈၁၃။ ဘိက္ခဝေ၊ ဘိက္ခုတို့။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣမေ ဣဒ္ဓိပါဒါ၊ ဤဣဒ္ဓိပါဒ်တို့သည်။ ဘာဝိတာ၊ ပွါးများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သည်ရှိသော်။ အပါရာ၊ သံသရာဝဋ်ဟူသော ဤဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်ဟူသော ထိုဘက်ကမ်းသို့။ ဂမနာယ၊ ရောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ၊ ဘိက္ခုတို့။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ သည်။ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ ဆန္ဒကိုအကြီးအမှူးပြု၍ ရအပ်သော သမာဓိ, သမ္မပ္ပဓာန်ဝီရိယသင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ဣဒ္ဓိပါဒ်ကို[၁]။ ဘာဝေတိ၊ ပွါးများ၏။ ဝီရိယသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ ဝီရိယကို အကြီးအမှူးပြု၍ ရအပ်

---

၁။ ဆန္ဒာဓိပတိ သမာဓိ ဆန္ဒသမာဓိ၊ (အဓိပတိသဒ္ဒါ အကျေကြဲ) ဣဒ္ဓိကတ္တုကမျတာဆန္ဒကို အကြီးအမှူးပြု၍ ရအပ်သော ဧကဂ္ဂတာကိုကောက်။ ဆန္ဒဟေတုကော ဆန္ဒာဓိကော ဝါ သမာဓိ-ဟု သော်လည်းပြု။

ပဒဟတီတိ ပဓာနံ၊ သမ္မပ္ပဓာန် ဝီရိယကိုကောက်၊ တံ တံ ဝိသေသံ သင်္ခရောတီတိ သင်္ခါရော၊ ယင်းဝီရိယပင်။ ပဓာနံ ဧဝ သင်္ခါရော ပဓာနသင်္ခါရော၊ ပြုပြင်တတ်သော သမ္မပ္ပဓာန်ဝီရိယကို ကောက်။

ဆန္ဒသမာဓိ စ ပဓာနသင်္ခါရော စ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရာ၊ ဆန္ဒကိုအကြီးအမှူးပြု၍ရအပ်သော ဧကဂ္ဂတာနှင့် ပြုပြင်တတ်သော သမ္မပ္ပဓာန်ဝီရိယတို့ကို ကောက်လေ။

တေဟိ သမန္နာဂတော ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတော၊ တံ။ ယင်း ဧကဂ္ဂတာ ဝီရိယတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကောက်၊ ဣဒ္ဓိပါဒ=ဣဇ္ဈနံ ဣဒ္ဓိ၊ ပြီးစီးခြင်းဟု သမ္ဗန်၊ ဣဒ္ဓိသဒ္ဒါ-နိပ္ဖတ္တိ အနက်ဟောတည်း။ တနည်း—ဣဇ္ဈန္တိ ဝါ တာယာတိ ဣဒ္ဓိ၊ (ဣဇ္ဈန္တိ၊ ကြီးပွါးကုန်၏-ဟု သမ္ဗန်) ဥပစာရဈာန်စသော ကုသိုလ်စိတ်နှင့်ယှဉ်ကုန်သော ယင်းဆန္ဒ သမာဓိ ဝီရိယတို့ကို ကောက်။ ဣဒ္ဓိယာ ပါဒေါ (အဓိဋ္ဌာနံ) ဣဒ္ဓိပါဒေါ၊ ယင်း ဆန္ဒသမာဓိဝီရိယတို့၏တည်ရာ ယင်း ၃-ပါးတို့မှ ကြွင်းသည့် စိတ်စေတသိက် နာမက္ခန္ဓာ ၄-ပါး ကောက်။ တနည်း—ဣဒ္ဓိ ဧဝ ပါဒေါ ဣဒ္ဓိပါဒေါ၊ (ဣဒ္ဓိ ဧဝ၊ ပြီးစီးခြင်း, ကြီးပွါးကြောင်းဖြစ်သော ဆန္ဒသမာဓိဝီရိယ ၃-ပါးသည်ပင်လျှင်။ ပါဒေါ၊ အောက်အောက် ဣဒ္ဓိသည် အထက်အထက်ဣဒ္ဓိ၏ တည်ရာတည်းဟု သမ္ဗန်။) ယင်းဆန္ဒသမာဓိဝီရိယ ၃-ပါးကိုကောက်သည်။ ဤ၌ ပါဒကို ဝိသုဒ္ဓိ-ဋ္ဌ ၂-၁၄ ၌ "ပဇ္ဇတိ အနေနာတိ ပါဒေါ၊ ပါပုဏီယ-တီတိ အတ္ထော" ဟု ပြု၏၊ ဣဒ္ဓိယာ၊ တန်ခိုးသို့။ ပါဒေါ၊ ရောက်ကြောင်း,ရောက်စေအပ်သည်တည်း-ဟု သမ္ဗန်။

ပဌမနည်း၌ ဣဒ္ဓိပါဒအရ ဆန္ဒသမာဓိဝီရိယတို့မှ ကြွင်းသော စိတ်စေတသိက်နာမက္ခန္ဓာ ၄-ပါးရသည်၊ ဒုတိယနည်း၌ ဆန္ဒ,သမာဓိ,ဝီရိယ ၃-ပါးကို ရသည်။

ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ-၌ ဆန္ဒအားကြီးသော သမာဓိ,သင်္ခါရဖြစ်သော ဝီရိယတို့နှင့် ပြည့်စုံသည့် ၎င်း ၃-ပါးမှ ကြွင်းသော ဥပစာရဈာနာဒိ ကုသလစိတ္တသမ္ပယုတ် စိတ်စေတသိက် နာမက္ခန္ဓာ ၄-ပါးကို ပွါး၏ဟု ဆိုလို၏။ တနည်း—ထိုဆန္ဒသမာဓိဝီရိယတရားတို့နှင့် ပြည့်စုံသည့် ယင်းတရား ၃-ပါးကိုပင် ပွါး၏ဟု ဆိုလို၏။ အောက်အောက် ဆန္ဒသမာဓိဝီရိယကို အခြေခံ၍ အထက်အထက် ဆန္ဒသမာဓိဝီရိယကို ပွါးသည်ဟု အဓိပ္ပါယ်ရလေသည်။ ၎င်းပုဒ်၏ အဓိပ္ပါယ်အကျယ်ကို ဤနေရာ-ဋ္ဌ-ဋီနှင့် စာပိုဒ် ၈၂၅-ဆန္ဒသမာဓိသုတ်ဖွင့် ဤ ဋ္ဌ-ဋီ, ဝိသုဒ္ဓိ ဋ္ဌ ၂-၁၄-တို့ကို ရှုလေ။

သော သမာဓိ, သမ္ပဓာနဝီရိယသင်္ခါရတို့နှင့်ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို ^[၁]^။ ဘာဝေတိ၊ ၏။ စိတ္တသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ စိတ်ကို အကြီးအမှူးပြု၍ ရအပ်သော သမာဓိ, သမ္ပဓာနဝီရိယသင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဝီမံသာသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ ပညာကိုအကြီးအမှူးပြု၍ရအပ်သော သမာဓိ, သမ္ပဓာနဝီရိယသင်္ခါရတို့နှင့်ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ကုန်သော။ ဣမေ ခေါ ဣဒ္ဓိပါဒါ၊ ဤဣဒ္ဓိပါဒ်တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ အပါရာ၊ မှ။ ပါရံ၊ သို့။ ဂမနာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဝိရဒ္ဓသုတ်

၈၁၄။ ဘိက္ခဝေ၊ တို့။ ယေသံ ကေသဉ္စိ၊ အကြင်သူတို့၏ (သန္တာန်၌)။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ ဝိရဒ္ဓါ၊ ချွတ်ချော်ကုန်၏။ တေသံ၊ ထိုသူတို့၏ (သန္တာန်၌)။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမီ၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်စေတတ်သော။ အရိယော၊ မြတ်သော။ ဝါ၊ ဖြူစင်သော။ မဂ္ဂေါ၊ မဂ်သည်။ ဝိရဒ္ဓေါ၊ ချွတ်ချော်၏။ ဘိက္ခဝေ၊ တို့။ ယေသံ ကေသဉ္စိ၊ ၌။ စတ္တာရော၊ ကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ အာရဒ္ဓါ၊ ပြည့်စုံကုန်၏။ တေသံ၊ ၌။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမီ၊ သော။ အရိယော၊ သော။ မဂ္ဂေါ၊ သည်။ အာရဒ္ဓေါ၊ ပြည့်စုံ၏။ ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ ဆန္ဒကို အကြီးအမှူးပြု၍ ရအပ်သော သမာဓိ, သမ္ပဓာနဝီရိယ သင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ပွါးများ၏။ပ။ ဝီမံသာသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ ပညာကိုအကြီးအမှူးပြု၍ ရအပ်သော သမာဓိ, သမ္ပဓာန ဝီရိယသင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ယေသံ ကေသဉ္စိ၊ ၌။ စတ္တာရော၊ ကုန်သော။ ဣမေ ဣဒ္ဓိပါဒါ၊ ၊တို့သည်။ ဝိရဒ္ဓါ၊ ချွတ်ချော်ကုန်၏။ တေသံ၊ ၌။ သမ္မာ၊ စွာ။ ဒုက္ခက္ခယဂါမီ၊ သော။ အရိယော၊ သော။ မဂ္ဂေါ၊ သည်။ ဝိရဒ္ဓေါ၊ ချွတ်ချော်၏။ ဘိက္ခဝေ၊ တို့။ ယေသံ ကေသဉ္စိ၊ ၌။ စတ္တာရော၊ ကုန်သော။ ဣမေ ဣဒ္ဓိပါဒါ၊ တို့သည်။ အာရဒ္ဓါ၊ ပြည့်စုံကုန်၏။ တေသံ၊ ၌။ သမ္မာ၊ စွာ။ ဒုက္ခက္ခယဂါမီ၊ သော။ အရိယော၊ သော။ မဂ္ဂေါ၊ မဂ်သည်။ အာရဒ္ဓေါ၊ ပြည့်စုံ၏။ ဣတိ၊ ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-အရိယသုတ်

၈၁၅။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣမေ ဣဒ္ဓိပါဒါ၊ ဤဣဒ္ဓိပါဒ်တို့သည်။ ဘာဝိတာ၊ ပွါးအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ သမ္မာ၊ ကောင်းစွာ။ တက္ကရဿ. ထိုကျင့်စဉ်အတိုင်း ပြုကျင့်သူ၏။ ဒုက္ခက္ခယာယ၊ ဝဋ်ဆင်းရဲ၏

၁။ ဤဝီရိယသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ၌ ဝီရိယသမာဓိ၌ ဝီရိယ၊ ပဓာနသင်္ခါရ၌ ဝီရိယ ၂-မျိုးထပ်နေသည်ဟု မမှတ်သင့်၊ ဝီရိယသမာဓိ၌ ဝီရိယကား သမာဓိကို အသူးပြုသောဝီရိယ၊ ပဓာနသင်္ခါရ၌ ပဓာနခေါ် ဝီရိယကား သမန္နာဂတကို အသူးပြုသော ဝီရိယကောက်ရသည်ဖြစ်၍ မထပ်ဟု မှတ်ပါ။ ဤ သံ-ဋ္ဌ-၂-၅၁၁-ကို ရှုလေ။

ကုန်ခြင်းငှါ။ အရိယာ၊ မြတ်ကုန်သည်။ နိယျာနိကာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်ကုန်သည်။ နိယျန္တိ၊ ဖြစ်ကုန်၏။ ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ။ ဘိက္ခု၊ သည်။ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ပ။ ဝီမံသာသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ကုန်သော။ ဣမေ ခေါ ဣဒ္ဓိပါဒါ၊ တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်၊ သမ္မာ၊ စွာ။ တက္ကရသာ၊ ၏။ ဒုက္ခက္ခယာယ၊ ငှါ။ အရိယာ၊ မြတ်ကုန်သည်။ နိယျာနိကာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်ကုန်သည်။ နိယျန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-နိဗ္ဗိဒါသုတ်

၈၁၆။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ကုန်သော။ ဣမေ ဣဒ္ဓိပါဒါ၊ တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ်ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ တပ်မက်ခြင်း ကင်းခြင်းငှါ။ နိရောဓာယ၊ ဆင်းရဲချုပ်ခြင်းငှါ။ ဥပသမာယ၊ ငြိမ်းအေးခြင်းငှါ။ အဘိညာယ၊ အထူးသိခြင်းငှါ။ သမ္ဗောဓာယ၊ ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှါ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ စတ္တာရော၊ တို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ။ ဘိက္ခု၊ သည်။ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ပ။ ဝီမံသာသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ကုန်သော။ ဣမေ ခေါ ဣဒ္ဓိပါဒါ၊ တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ ဧကန္တနိဗ္ဗိဒါယ၊ ငှါ။ ဝိရာဂါယ၊ ငှါ။ နိရောဓာယ၊ ငှါ။ ဥပသမာယ၊ ငှါ။ အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ၏။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဣဒ္ဓိပဒေသသုတ်

၈၁၇။ ဘိက္ခဝေ၊ တို့။ အတီတံ အဒ္ဓါနံ၊ အတိတ်အခါ၌။ ယေ ဟိ ကေစိ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်၎င်း။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်၎င်း။ ဣဒ္ဓိပဒေသံ၊ ဣဒ္ဓိ၏တစိတ်ကို။ ဝါ၊ တစိတ်ဖြစ်သောဣဒ္ဓိကို။ (မဂ် ၃-ပါး ဖိုလ် ၄-ပါးတည်း။) အဘိနိပ္ဖါဒေသုံ၊ ဖြစ်စေ ပြီးစေကုန်ပြီ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ စတုန္နံ၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒါနံ၊ ဣဒ္ဓိပါဒ်တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (အဘိနိပ္ဖါဒေသုံ၊ ကုန်ပြီ။) ဘိက္ခဝေ၊ တို့။ အနာဂတံ အဒ္ဓါနံ၊ အနာဂတ်အခါ၌။ ယေ ဟိ ကေစိ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်၎င်း။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်၎င်း။ ဣဒ္ဓိပဒေသံ၊ ကို။ အဘိနိပ္ဖါဒေဿန္တိ၊ ဖြစ်စေ ပြီးစေကုန်လတ္တံ့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ စတုန္နံ၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒါနံ၊ ဣဒ္ဓိပါဒ်တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (အဘိနိပ္ဖါဒေဿန္တိ၊ ကုန်လတ္တံ့။) ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ယခုပစ္စုပ္ပန်အခါ၌။ ယေ ဟိ ကေစိ သမဏာ ဝါ၊ တို့သည်၎င်း။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ တို့သည်၎င်း။ ဣဒ္ဓိပဒေသံ၊ ကို။ အဘိနိပ္ဖါဒေန္တိ၊ ဖြစ်စေ ပြီးစေကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ၊

ထိုရဟန်း ပုဂ္ဂိုလ်တို့သည်။ စတုန္နံ၊ ကုန်သော။ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (အဘိနိပ္ဖါဒေန္တိ၊ ဖြစ်စေ ပြီးစေကုန်၏။)

ကတမေသံ စတုန္နံ၊ အဘယ်လေးပါးသော ဣဒ္ဓိပါဒ်တို့ကိုနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ပ။ ဝီမံသာသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အတီတမဒ္ဓါနံ၊ ၌။ ယေ ဟိ ကေစိ သမဏာ ဝါ၊ ၎င်း။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ ၎င်း။ ဣဒ္ဓိပဒေသံ၊ ကို။ အဘိနိပ္ဖါဒေသုံ၊ ကုန်ပြီ။ သဗ္ဗေ၊ ကုန်သော။ တေ၊ တို့သည်။ စတုန္နံ၊ ကုန်သော။ ဣမေသံယေဝ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (အဘိနိပ္ဖါဒေသုံ၊ ကုန်ပြီ။) ဘိက္ခဝေ၊ တို့။ အနာဂတံ အဒ္ဓါနံ၊ ၌။ ယေ ဟိ ကေစိ သမဏာ ဝါ၊ ၎င်း။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ ၎င်း။ ဣဒ္ဓိပဒေသံ၊ ကို။ အဘိနိပ္ဖါဒေဿန္တိ၊ လတ္တံ့။ သဗ္ဗေ၊ ကုန်သော။ တေ၊ တို့သည်။ စတုန္နံ၊ ကုန်သော။ ဣမေသံယေဝ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (အဘိနိပ္ဖါဒေဿန္တိ၊ လတ္တံ့။) ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ၌။ ယေ ဟိ ကေစိ သမဏာ ဝါ၊ ၎င်း။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ ၎င်း။ ဣဒ္ဓိပဒေသံ၊ ကို။ အဘိနိပ္ဖါဒေန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော၊ တေ။ တို့သည်။ စတုန္နံ၊ ကုန်သော။ ဣမေသံယေဝ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (အဘိနိပ္ဖါဒေန္တိ၊ ကုန်၏။) ဣတိ၊ ၏။

ပဌမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-သမတ္တသုတ်

၈၁၈။ [ဤသုတ်၌ သမတ္တံ၊ အညီယူသော။ ဝါ၊ ပြည့်သော။ (သာမညာသာ သမံ အတ္တနံ ဣဇ္ဈန် သမတ္တံ ပရိပုဏ္ဏံ။ ဋီ။) ဣဒ္ဓိံ၊ ဣဒ္ဓိကို။ (သမတ္တံ ဣဒ္ဓိံ အရ အရဟတ္တဖိုလ်ကိုယူ။ ဋ။) ဤမျှသာ ထူး၏။]

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဘိက္ခုသုတ်

၈၁၉။ ဘိက္ခဝေ၊ တို့။ အတီတံ အဒ္ဓါနံ၊ ၌။ ယေ ဟိ ကေစိ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အာသဝါနံ၊ အာသဝတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝမရှိသော။ စေတောဝိမုတ္တိံ၊ ကိလေသာတို့မှလွတ်ရာ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော သမာဓိကို။ ပညာဝိမုတ္တိံ၊ ကိလေသာတို့မှလွတ်ရာ အရဟတ္တဖိုလ်ပညာကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုတွေ့မြင်အပ်သော အတ္တဘောဝ၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိံသု၊ နေကုန်ပြီ။ သဗ္ဗေ၊ ကုန်သော။ တေ၊ ထိုရဟန်းတို့သည်။ စတုန္နံ၊ ကုန်သော။ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (ဝိဟရိံသု၊ ကုန်ပြီ။) ဘိက္ခဝေ၊ တို့။ အနာဂတံ အဒ္ဓါနံ၊ ၌။ ယေ ဟိ ကေစိ ဘိက္ခူ၊ တို့သည်။ အာသဝါနံ၊ တို့၏။ ခယာ၊ ကြောင့်။ အနာသဝံ၊ သော။ စေတောဝိမုတ္တိံ၊ ကို။ ပညာဝိမုတ္တိံ၊ ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ဖြင့်။ သစ္ဆိကတွာ၊ ၍။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိဿန္တိ၊

နေကုန်လတ္တံ့။ သမ္ဘေ၊ ကုန်သော။ တေ၊ ထိုရဟန်းတို့သည်။ စတုန္နံ၊ ကုန်သော။ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (ဝိဟရိဿန္တိ၊ နေကုန်လတ္တံ့။) ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ၌။ ယေ ဟိ ကေစိ ဘိက္ခူ၊ တို့သည်။ အာသဝါနံ၊ တို့၏။ ခယာ၊ ကြောင့်။ အနာသဝံ၊ သော။ စေတောဝိမုတ္တိံ၊ ကို။ ပညာဝိမုတ္တိံ၊ ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ဖြင့်။ သစ္ဆိကတွာ၊ ၍။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရန္တိ၊ နေကုန်၏။ သမ္ဘေ၊ ကုန်သော။ တေ၊ ထိုရဟန်းတို့သည်။ စတုန္နံ၊ ကုန်သော။ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ (ဝိဟရန္တိ၊ ကုန်၏။) (ကာတမေသံ စတုန္နံ စသည် ပေးမြဲ။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဗုဒ္ဓသုတ်

၇၂၀။ ဘိက္ခဝေ၊ တို့။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ ဣမေ စတ္တာရော၊ ဤ ၄-ပါးတို့တည်း။ ကတမေ စတ္တာရော၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ ဆန္ဒ-သမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ပ။ ဝီမံသာ-သမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ သော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒ္ဓိပါဒါ၊ တို့သည်။ ဣမေ ခေါ စတ္တာရော၊ ဤ ၄-ပါးတို့တည်း။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ သော။ ဣမေသံ ခေါ ဣဒ္ဓိပါဒါနံ၊ တို့ကို။ ဘာဝိတတ္တာ၊ ကြောင့်။ ဗဟုလီကတတ္တာ၊ ကြောင့်။ အရဟံ၊ သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သော။ တထာဂတောတိ၊ မြတ်စွာဘုရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဉာဏသုတ်

၇၂၁။ ဘိက္ခဝေ၊ တို့။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု၊ မကြားနာအပ်ဘူးကုန်သော။ ဓမ္မေသု၊ တရားတို့၌။ "အယံ၊ ဤသည်ကား။ ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာ-ဂတော၊ ဆန္ဒကိုအကြီးအမှူးပြု၍ ရအပ်သော သမာဓိ သမ္မပ္ပဓာန် ဝီရိယ သင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒေါတိ၊ ဣဒ္ဓိပါဒ်တည်း" ဟူ၍။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်ပြီ။ ဉာဏံ၊ ဉာဏ်သည်။ ဥဒပါဒိ၊ ပြီ။ ပညာ၊ ပညာသည်။ ဥဒပါဒိ၊ ပြီ။ ဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ပြီ။ အာလောကော၊ ပညာရောင်သည်။ ဥဒပါဒိ၊ ပြီ။ (ဤမှနောက်၌ အာကာရမျှသာ ထူး၏။ ယင်း၏ အနက်ကား—ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတော၊ သော။ သော ခေါ ပန အယံ ဣဒ္ဓိပါဒေါ၊ ထိုဣဒ္ဓိပါဒ်ကို။ ဘာဝေတဗ္ဗော၊ ပွါးထိုက်၏။ပ။ ဘာဝိတော၊ ပွါးအပ်ပြီ။ ဟုပေး။ ဝီရိယ, စိတ္တ, ဝီမံသာ အစပုဒ်မျှသာထူးသော ဝါကျတို့ကိုလည်း ရှေးနည်းအတိုင်း ပေးလေ။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-စေတိယသုတ်

၇၂၂။ (ဣဒံ သုတ္တံ၊ ဤစေတိယသုတ်ကို။) မေ၊ တပည့်တော်အာနန္ဒာသည်။ ဧဝံ၊ ဤသို့၊ သုတံ၊ ကြားလိုက်ရပါသည်။ ဧကံ သမယံ၊ ၌။ ဘဂဝါ၊ သည်။ ဝေသာလိယံ၊ ၌။ မဟာဝနေ၊ မဟာဝုန် (ကြီးသောတော) ၌။ ကူဋာဂါရသာလာယံ၊ အထွဋ်နှစ်ခုတပ်သော ကျောင်း၌။

ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ဝေသာလိံ၊ ဝေသာလီပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ဝင်ပြီ။ ဝေသာလိယံ၊ ၌။ ပိဏ္ဍာယ၊ ငှါ။ စရိတွာ၊ လှည့်လည်၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည်မှ နောက်၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံရာမှ ဖဲသည်ရှိသော်။ အာယသ္မန္တံ အာနန္ဒံ၊ အရှင်အာနန္ဒာကို။ "အာနန္ဒ၊ အာနန္ဒာ။ နိသီဒနံ၊ နိသီဒိုင်စမွခဏ်ကို။ ဂဏှာဟိ၊ ယူခဲ့လော့။ ယေန၊ အကြင်အရပ်၌။ စာပါလံ၊ စာပါလမည်သော။ စေတိယံ၊ စေတီသည်[၁]။ (အတ္ထိ၊ ၏။) တေန၊ ထိုအရပ်သို့။ ဒိဝါဝိဟာရာယ၊ နေ့သန့်ခြင်းငှါ။ ဥပသင်္ကမိဿာမာတိ၊ ချဉ်းကပ်ကုန်အံ့" ဟူ၍။ အာမန္တေသိ၊ ပြီ။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ ဧဝံ ဘန္တေတိ ခေါ၊ ကောင်းပါပြီအရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏ (စကားကို။) ပဋိဿုတွာ၊ နာခံ၍။ နိသီဒနံ၊ ကို။ အာဒါယ၊ ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသို့။ (အနုဗန္ဓိ၌ စပ်။)ဝါ၊ မြတ်စွာဘုရား၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ။ အနုဗန္ဓိ၊ အစဉ်လိုက်ပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ယေန၊ ၌။ စာပါလံ၊ စာပါလမည်သော။ စေတိယံ၊ စေတီသည်။ (အတ္ထိ၊ ၏။)တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ ၌။ နိသီဒိ၊ ထိုင်တော်မူပြီ။ အာယသ္မာပိ အာနန္ဒော၊ သည်လည်း။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ တခုသောအရပ်အဖို့၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နံ ခေါ၊ သော။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ ဘဂဝါ၊ သည်—

အာနန္ဒ၊ နွာ။ ဝေသာလီ၊ ဝေသာလီပြည်သည်။ ရမဏီယာ၊ မွေ့လျော်ဘွယ် ကောင်း၏။ ဥဒေနံ၊ ဥဒေနမည်သော။ စေတိယံ၊ စေတီသည်။ ရမဏီယံ၊ ၏။ ဂေါတမကံ၊ ဂေါတမကမည်သော။ စေတိယံ၊ စေတီသည်။ ရမဏီယံ၊ မွေ့လျော်ဘွယ်ကောင်း၏။ သတ္တမ္ဗံ၊ သတ္တမ္ဗမည်သော။ စေတိယံ၊ သည်။ ရမဏီယံ၊ ၏။ ဗဟုပုတ္တံ၊ ဗဟုပုတ္တမည်သော။ စေတိယံ၊ စေတီသည်။ ရမဏီယံ၊ ၏။ သာရန္ဒဒံ၊ သာရန္ဒဒမည်သော။ စေတိယံ၊ စေတီသည်။ ရမဏီယံ၊ ၏။ စာပါလံ၊ သော။ စေတိယံ၊ သည်။ ရမဏီယံ၊ ၏။ အာနန္ဒ၊ နွာ။ ယဿ ကဿစိ၊ အကြင်သူသည်။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့ကို။ ဘာဝိတာ၊ ပွါးအပ်ကုန်၏။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်၏။ ယာနီကတာ၊ သိမ္မွေ့ခြင်းကအပ်သော ယာဉ်ရထားကဲ့သို့ ပြုအပ်ကုန်၏။ ဝတ္ထုကတာ၊ ရှင်းလင်းအပ်ပြီးသော တည်ရာဌာနကဲ့သို့ ပြုအပ်ကုန်၏။ အနုဋ္ဌိတာ၊ စွဲမြဲစွာ ထားအပ်ကုန်၏။ ပရိစိတာ၊ ထက်ဝန်းကျင်မှ ဆည်းပူးအပ်ကုန်၏။ သုသမာရဒ္ဓါ၊ ကောင်းစွာ အားထုတ်အပ်ကုန်၏။ သော၊ ထိုသူသည်။ အာကင်္ခမာနော၊ အလိုရှိသည် ရှိသော်။ ကပ္ပံ ဝါ၊ ဘဒ္ဒကပ်-ဝါ၊ အာယုကပ် (အနှစ်တရာပြည့်)ပတ်လုံးသော်ငှင်း။ ကပ္ပါဝသေသံ ဝါ၊ ဘဒ္ဒကပ်-ဝါ၊ အာယုကပ်ထက်ကျော်လွန်ကြွင်းကျန်သောကာလ (အနှစ်တရာကျော်) ပတ်လုံးသော်ငှင်း[၂]။ တိဋ္ဌေယျ၊ တည်နေနိုင်ရာ၏။

---

၁။ စာပါလံ စေတိယံ=စာပါလတိလူးအား ပ-သ-ရာအရပ်ကို စာပါလ စေတီဟု ခေါ်သည်၊ ဤနေရာ၌ ယင်း အရပ်ဝယ် ဘုရားရှင်အတွက် ဆောက်လုပ်ထားသော ကျောင်းကိုပင် စာပါလ စေတီဟု မှတ်။ ဥဒေနံ စေတိယံ၏ အဖွင့် ၌ ဋီကို ရှု၍ ရေးလိုက်သည်။ ဥဒေန စေတီ စသည်၌လည်း ဤနည်းသာ။

၂။ ဤအနက်တွင် အာယုကပ်ပတ်လုံးဟူသည် အဋ္ဌကထာဝါဒတည်း။ မဟာသိဝတ္ထေရဝါဒ အလိုအားဖြင့် ကပ္ပံ ဝါ၊ ဘဒ္ဒကပ်ပတ်လုံးသော်ငှင်း။ ကပ္ပါဝသေသံ ဝါ၊ ဘဒ္ဒကပ်ထက် ကျော်လွန်ကြွင်းကျန်သော ကာလ ပတ်လုံးသော်ငှင်း-ဟု ပေးလေ။

ယင်းမဟာသိဝမထေရ်သည် ဘုရားလောင်းတို့၏ နောက်ဆုံးဘဝ ပဋိသန္ဓေကိုပေးသော ကံက အသက်ချုပ်အထိ အသက်ရှည်စေနိုင်သည်ကို ဂုဏ်လုံးသွင်း၍ငြင်း၊ သတိပဋ္ဌာနသံယုတ် စာပိုဒ် ၃၇၅ ဂိလာနသုတ်၌ ၁၀-လ်ပတ်လုံး

အာနန္ဒ၊ နန္ဒ။ တထာဂတဿ ခေါ်၊ မြတ်စွာဘုရားသည်။ စတ္တာရော၊ ကုန်သော။ ဣဒ္ဓိပါဒါ၊ တို့ကို။ ဘာဝိတာ၊ အပ်ကုန်၏။ ဗဟုလီကတာ၊ အပ်ကုန်၏။ ယာနီကတာ၊ အပ်ကုန်၏။ ဝတ္ထုကတာ၊ အပ်ကုန်၏။ အနုဋ္ဌိတာ၊ အပ်ကုန်၏။ ပရိစိတာ၊ အပ်ကုန်၏။ သုသမာရဒ္ဓါ၊ အပ်ကုန်၏။ အာနန္ဒ၊ နန္ဒ။ တထာဂတော၊ သည်။ အာကင်္ခမာနော၊ သော်။ ကပ္ပံ၊ ဝါ၊ သော်ရင်း။ ကပ္ပါဝသေသံ ဝါ၊ သော်ရင်း။ တိဋ္ဌေယျ၊ ရာ၏။

အာယသ္မာ အာနန္ဒော၊ သည်။ ဧဝမ္ပိ ခေါ်၊ ဤသို့လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဩဠာရိကေ၊ သိသာထင်ရှားသော။ နိမိတ္တေ၊ အမှတ်နိမိတ်ကို။ ကယိရမာနေ၊ ပြုအပ်သည်ရှိသော်။ ဩဠာရိကေ၊ သော။ ဩဘာသေ၊ ထင်လင်းမှုကို[၁]။ ကယိရမာနေ၊ သော်။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်းသိခြင်းငှါ။ နာသက္ခိ၊ မစွမ်းနိုင်။ "ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗဟုဇနဟိတာယ၊ များစွာသောလူအပေါင်း၏ အစီးအပွါးအကျိုးငှါ။ ဗဟုဇနသုခါယ၊ များစွာသောလူအပေါင်း၏ ချမ်းသာအကျိုးငှါ။ လောကာနုကမ္ပာယ၊ လူအပေါင်းကို အစဉ်သနားခြင်းငှါ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ အကျိုးငှါ။ ဟိတာယ၊ အစီးအပွါးအလို့ငှါ။ သုခါယ၊ ချမ်းသာအလို့ငှါ။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ (ဤရိုး၌ "သကလကပ္ပံ"ဟု ဆို၏။) တိဋ္ဌတု၊ တည်နေတော်မူပါ။ ဘန္တေ၊ ရား။ သုဂတော၊ သည်။ ကပ္ပံ၊ ပတ်လုံး။ တိဋ္ဌတုတိ၊ မူပါ"ဟူ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ န ယာစိ၊ တောင်းပန်တော်မမူ။ မာရေန၊ မာရ်နတ်သည်။ ပရိယုဋ္ဌိတစိတ္တော၊ လွှမ်းမိုးနှိပ်စက်ခံအပ်သော စိတ်ရှိသောပုထုဇဉ်သည့်။ (ပဋိဝိဇ္ဈိတုံငှါ။ နသက္ကုဏေယျ ယထာ၊ မစွမ်းနိုင်ရာသကဲ့သို့တည်း[၂]။)

အထ ခေါ်၊ ဦ။ ဘဂဝါ၊ သည်။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ "အာနန္ဒ၊ နန္ဒ။ တွံ၊ သင်သည်။ ဂစ္ဆ ခေါ်၊ သွားလော့။ ဣဒါနိ၊ ယခုအခါ၌။ ယဿ၊ ယင်းသွားခြင်း၏။ ကာလံ၊ အခါကို။ မညသိတိ၊ သိလော့"ဟူ၍။ အာမန္တေသိ၊ ပြီ။ အာယသ္မာ အာနန္ဒော၊ သည်။ "ဧဝံ ဘန္တေတိ ခေါ်၊ မှန်ပါ အရှင်ဘုရား"ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏(စကားကို။) ပဋိဿုတွာ၊ ၍။ အာသနာ၊ မှ။

မာရဏန္တိကဝေဒနာမဖြစ်အောင် တားဆီးနိုင်သည်ကို ထောက်ထား၍ရင်း "မြတ်စွာဘုရားသည် ဘဒ္ဒကပ်ပတ်လုံး ဣဒ္ဓိပါဒ်အစွမ်းအားဖြင့် နေနိုင်တော်မူသည်"ဟု ယူတော်မူ၏။ ဣဒ္ဓိပါဒ်အစွမ်းကိုပြသည်ဖြစ်၍ အာယုကပ်ပတ်လုံး ဖြစ်စေ ဘဒ္ဒကပ်ပတ်လုံးဖြစ်စေ ထိုထက်အလွန်ဖြစ်စေ နေတော်မူနိုင်ပါသည်။ သို့သော် ဥပါဒိန္နကသင်္ခါရမည် သည် လုံးလုံး မအို မနာ, မသေအောင် မတားဆီးနိုင်ကြောင်း၊ ဤရိုကာ၌ "ယထာ ဣဒ္ဓိဗလေန ဇရာယ န ပဋိဃာတော၊ ဧဝံ တေန မရဏဿာပိ န ပဋိဃာတော"ဟု မိန့်သည်၊ သို့ဖြစ်၍ အာယုကပ်, ဘဒ္ဒကပ်ပတ်လုံး နေတော်မမူ။ ဤ ၄-ဦးလည်း ဘုရားရှင်တို့သည် မဇ္ဈိမ အသက်တမ်း ၅-ပုံ ၁-ပုံ လူအပေါင်း ပူးမျှော်လိုကောင်း တုန်း ပရိနိဗ္ဗာန် စံရိုးရှိကုန်၏။ သာဝကတို့ ပရိနိဗ္ဗာန်စံပြီးနောက် တပါးတည်းသော်ရင်း ရဟန်းငယ် ရှင်ငယ်တို့ ခြံရံ၍သော်ရင်း သီတင်းသုံးရ၍ လတ်ကွဲ၍ဘွယ် ဖြစ်ကုန်လတ္တံ့။ သို့ဖြစ်သောကြောင့် အာယုကပ် (အနှစ်တရာ) ဘဒ္ဒကပ်ပတ်လုံး နေတော်မမူဟု မိန့်၏။

၁။ "ယဿ ကဿစိ"စသည်ဖြင့် သူတပါးကိုညွှန်း၍အမှတ်ပြုခြင်းသည် ဩဠာရိကနိမိတ်၊ "တထာဂတဿ" စသည်ဖြင့် မိမိကိုတိုက်ရိုက်ဖော်ပြ၍ ထင်လင်းအောင်ပြုခြင်းသည် ဩဠာရိက ဩဘာသ-ဟု မှတ်၊ ဤရိ ၅၀၅-၅။

၂။ ဤယထာ တံ စသော ဝါကျသည် ဤနှင့်အလားတူသော ဒီ ၂-၉၇ ၌ မပါ။ ဤ၌ တနည်းပေးသော်— ကသ္မာ၊ အဘယ်ကြောင့် (အရှင်အာနန္ဒာသည် ထိုးထွင်းလည်းမသိ, တောင်းပန်လည်း မတောင်းပန်သ)နည်း။ ယထာ (ယသ္မာ)၊ အကြင်ကြောင့်။ မာရေန၊ မာရ်နတ်သည်။ ပရိယုဋ္ဌိတစိတ္တော၊ လွှမ်းမိုးနှိပ်စက်အပ်သောစိတ် ရှိ၏။ တထာ=တသ္မာ၊ ထိုကြောင့်တည်းဟု ဖော၍ ကြံ၍ ပေးနိုင်၏။ သို့မှ ပဋိဝိဇ္ဈိတုံ နာသက္ခိ, န ဘဂဝန္တံ ယာစိ ၂-မျိုးလုံးနှင့် သက်ဆိုင်မည်ဖြစ်သည်။

ဥဋ္ဌာယ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ပဒက္ခိဏံ၊ အရိုအသေကို။ ကတွာ၊ ၍။ အဝိဒူရေ၊ မဝေးသော။ အညတရသ္မိံ ရုက္ခမူလေ၊ တခုသောသစ်ပင်ရင်း၌။ နိသီဒိ၊ ထိုင်နေပြီ။ အထ ခေါ၊ ၌။ ပါပိမာ၊ မကောင်းမှုနှင့် ပြည့်စုံသော။ မာရော၊ မာရ်နတ်သည်[၁]။ အာယသ္မန္တေ အာနန္ဒေ၊ သည်။ အစိရပက္ကန္တေ။ ဖဲ၍မကြာမီ။ ယေန၊ ၌။ ဘဂဝါ၊ သည်။(အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ သည်။ ဣဒါနိ၊ ယခုအခါ၌။ ပရိနိဗ္ဗာတု၊ ပရိနိဗ္ဗာန်စံတော်မူပါ။ သုဂတော၊ သည်။ ဣဒါနိ၊ ၌။ ပရိနိဗ္ဗာတု၊ ပါ။ ဘန္တေ၊ ရား။ ဘဂဝတာ၊ သည်။ "ပါပိမ၊ မာရ်နတ်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ မေ၊ ငါ၏။ သာဝကာ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိယတ္တာ၊ သစ္စာ ၄-ပါးကို သိခြင်း၌ လိမ်မာကုန်သည်။ ဝိနီတာ၊ မဂ်ဖြင့် ကိလေသာတို့ကို ပယ်ဖျောက်ပြီးကုန်သည်။ ဝိသာရဒါ၊ အရိယမဂ်ကိုရ၍ ဘုရားသာသနာ၌ ရဲရင့်ကုန်သည်။ ဗဟုဿုတာ၊ များသော အာဂမ အဓိဂမ သုတရှိကုန်သည်။ ဓမ္မဓရာ၊ အာဂမ အဓိဂမတရားကို ဆောင်ကုန်သည်။ ဓမ္မာနု-ဓမ္မပ္ပဋိပန္နာ၊ မဂ်ဖိုလ်တရားအားလျော်သော ဝိပဿနာအကျင့်တရားကို ကျင့်ကုန်သည်။ သာမီ-စိပ္ပဋိပန္နာ၊ လောကုတ္တရာတရားအားလျော်သော ဝိသုဒ္ဓိ ၆-ပါး အကျင့်တရားကို ကျင့်ကုန်သည်။ အနုဓမ္မစာရိနော၊ နိဗ္ဗာန်တရားအားလျော်သော အပ္ပိစ္ဆတာစသော အကျင့်ကို ကျင့်ကုန်သည်။ န ဘဝိဿန္တိ၊ မဖြစ်ကုန်သေး။ သကံ အာစရိယကံ၊ မိမိဆရာ့ဝါဒကို။ (စတုသစ္စဒေသနာဟူသော ဘုရားရှင့်ဝါဒကို ဟူလိုသည်။) ဥဂ္ဂဟေတွာ၊ သင်ယူ၍။ န အာစိက္ခိဿန္တိ၊ မပြောကြားနိုင်ကုန်သေး။ န ဒေသေဿန္တိ၊ မဟောနိုင်ကုန်သေး။ န ပညပေဿန္တိ၊ မသိစေနိုင်ကုန်သေး။ န ပဋ္ဌပေဿန္တိ၊ အပြားတို့ဖြင့် မထားနိုင်ကုန်သေး။ န ဝိဝရိဿန္တိ၊ မဖွင့်နိုင်ကုန်သေး။ န ဝိဘဇိဿန္တိ၊ မဝေဖန်နိုင်ကုန်သေး။ န ဥတ္တာနီကရိဿန္တိ၊ ပေါ်လွင်ထင်ရှားအောင် မပြုနိုင်ကုန်သေး။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ပရပ္ပဝါဒံ၊ သူတပါးတို့၏ အယူဝါဒကို။ သဟဓမ္မေန၊ အကြောင်းနှင့်တကွ။ သုနိဂ္ဂဟိတံ၊ ကောင်းစွာနှိပ်အပ်သည်ကို။ နိဂ္ဂဟေတွာ၊ နှိပ်နင်း၍။ သပ္ပါဋိဟာရိယံ၊ ရာဂစသည်တို့ကို ပယ်ရှားကြောင်း ပယ်ရှားရာ(မဂ် ဖိုလ် နိဗ္ဗာန် သီလ သမာဓိ ပညာ အကျင့်)နှင့်တကွ ဖြစ်သော[၂]။ ဓမ္မံ၊ သစ္စာ ၄-ပါးတရားကို။ န ဒေသေဿန္တိ၊ မဟောနိုင်ကုန်သေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ န ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်စံတော်မမူသေး" ဟူသော။ သော ဝါစာ၊ ထိုစကားကို။ ဘာသိတာ ခေါ ပန၊ မိန့်တော်မူအပ်ဘူးသည်သာတည်း။

၁။ သတ္တေ အနတ္ထေ နိယောဇေန္တော မာရေတီတိ မာရော။ ပါပဓမ္မသမန္နာဂတတ္တာ ပါပိမာတိ ဝုစ္စတိ။ ၌။ မာရေတိ၊ ဂုဏ်တို့ကို သတ်ခြင်းဖြင့် သတ်တတ်၏။ ဣတိ၊ ကြောင့်။ မာရော၊ မည်၏-ဟုပေး။ ပါပ အဘာတ္တိတိ ပါပိမာ၊ ပါပယုဒ် ဣမန္တုပစ္စည်း။

၂။ သပ္ပါဋိဟာရိယန္တိ သကာရဏံ။ မ-ဋ္ဌ ၂-၁၆၇။ ရာဂါဒိနံ ဝါ ပဋိဟာရဏံ ပဋိဟာရိယံ၊ တဒေဝ ပါဋိဟာရိယံ၊ သဟ ပါဋိဟာရိယေနာတိ သပ္ပါဋိဟာရိယံ။ မ-ဋီ ၂-၁၁၄။ သပ္ပါဋိဟာရိယန္တိ သနိဿရဏံ။ ဤဋီ။

ရာဂါဒိပဋိပက္ခဟရဏံ, ယထာနုသိဋ္ဌံ ဝါ ပဋိပဇ္ဇမာနာနံ ဝဋ္ဋဒုက္ခတော ပဋိဟရဏံ နိဗ္ဗာနုပါပနံ ပဋိဟာရော၊ ဒီ-ဋီ ၃-၉၀။

ပဋိပက္ခေ ဟရတီ တေနာ တေ့ ဝါတိ ပဋိဟာရိယံ၊ ပဋိ=ပဋိပက္ခတ္ထ+ဟရ=အပနယတ္ထ+ဏျ။ ဆန့်ကျင်ဖက် ရာဂစသည်တို့ကို ပယ်ကြောင်း ပယ်ရာဖြစ်သော (မဂ် ဖိုလ် နိဗ္ဗာန် သီလ သမာဓိ ပညာ အကျင့်)ကောက်။

ပဋိဟရဏံ ပဋိဟာရိယံ၊ ဝဋ်ဆင်းရဲမှထုတ်ဆောင်ခြင်းကိုကောက်။ နိဗ္ဗာန်သို့ရောက်စေခြင်းဟု ဆိုလိုသည်။

ပဋိဟာရိယမေဝ ပါဋိဟာရိယံ။ သဟ ပါဋိဟာရိယေန ယောတိ သပ္ပါဋိဟာရိယော။ စတုသစ္စဓမ္မော။ တံ-ဟု ပြုလေ။ ပါဋိဟာရိယ၏ ဝစနတ္ထ အဘိဓေယျတ္ထ အကျယ်ကို ဒီ-ဋီ ၁-၃၆-ရှု။

ဘန္တေ၊ ရုး။ တေရဟိ၊ ယခုအခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကာ၊ ကုန်သော။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ဝိယတ္တာ၊ သစ္စာ ၄-ပါးကို သိခြင်း၌ လိမ်မာကုန်၏။ ဝိနီတာ၊ မဂ်ဖြင့် ကိလေသာတို့ကို ပယ်ဖျောက်ပြီးကုန်၏။ ဝိသာရဒါ၊ အရိယမဂ်ကိုရ၍ ဘုရားသာသနာ၌ ရဲရင့်ကုန်၏။ ဗဟုဿုတာ၊ များသော အာဂမ အဓိဂမ သုတရှိကုန်၏။ ဓမ္မဓရာ၊ အာဂမ အဓိဂမတရားကို ဆောင်ကုန်၏။ ဓမ္မာနုဓမ္မပ္ပဋိပန္နာ၊ မဂ်ဖိုလ်တရားအားလျော်သော ဝိပဿနာအကျင့်တရားကို ကျင့်ကုန်၏။ သာမီစိပ္ပဋိပန္နာ၊ လောကုတ္တရာတရားအားလျော်သော ဝိသုဒ္ဓိ ၆-ပါး အကျင့်တရားကို ကျင့်ကုန်၏။ အနုဓမ္မစာရိနော၊ နိဗ္ဗာန်တရားအားလျော်သော အပ္ပိစ္ဆတာစသော အကျင့်ကိုကျင့်ကုန်၏။ သကံအာစရိယကံ၊ မိမိဆရာ့ဝါဒကို။ ဥဂ္ဂဟေတွာ၊ သင်ယူ၍။ အာစိက္ခန္တိ၊ ပြောကြားနိုင်ကုန်၏။ ဒေသေန္တိ၊ ဟောနိုင်ကုန်၏။ ပညပေန္တိ၊ သိစေနိုင်ကုန်၏။ ပဋ္ဌပေန္တိ၊ အပြားအားဖြင့်ထားနိုင်ကုန်၏။ ဝိဝရန္တိ၊ ဖွင့်နိုင်ကုန်၏။ ဝိဘဇန္တိ၊ ဝေဖန်နိုင်ကုန်၏။ ဥတ္တာနီကရောန္တိ၊ ပေါ်လွင်ထင်ရှားအောင်ပြုနိုင်ကုန်၏။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ပရပ္ပဝါဒံ၊ ကို။ သဟဓမ္မေန၊ အကြောင်းနှင့်တကွ။ သုနိဂ္ဂဟိတံ၊ ကောင်းစွာ နှိပ်အပ်သည်ကို။ နိဂ္ဂဟေတွာ၊ နှိပ်နင်း၍။ သပ္ပါဋိဟာရိယံ၊ ရာဂစသည်တို့ကို ပယ်ရှားကြောင်း ပယ်ရှားရာ (မဂ်ဖိုလ်နိဗ္ဗာန် သီလသမာဓိ ပညာ အကျင့်) နှင့်တကွဖြစ်သော။ ဓမ္မံ၊ သစ္စာ ၄-ပါး တရားကို။ ဒေသေန္တိ၊ ဟောနိုင်ကုန်၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ သန္တိ ခေါ ပန၊ ရှိကုန်သည်သာတည်း။ ဘန္တေ၊ ရုး။ ဘဂဝါ၊ သည်။ ဣဒါနိ၊ ၌။ ပရိနိဗ္ဗာတု၊ ပါ။ သုဂတော၊ သည်။ ဣဒါနိ၊ ၌။ ပရိနိဗ္ဗာတု၊ ပါ။ ဘန္တေ၊ ရုး။ ဣဒါနိ၊ ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနကာလော၊ ပရိနိဗ္ဗာန်စံရာအခါပါတည်း။

(ဤအတူ ဘိက္ခုနီဝါကျ, ဥပါသကာဝါကျ, ဥပါသိကာဝါကျတို့ကိုလည်း ပေးပါ။)

ဘန္တေ၊ ရုး။ ဘဂဝတာ၊ သည်။ "ပါပိမ၊ မာရ်နတ်။ ယာဝ၊ အကြင်မျှလောက်သော်ကာလပတ်လုံး။ မေ၊ ငါဘုရား၏။ ဣဒံ ဗြဟ္မစရိယံ၊ ဤသာသနာတော်သည်။ (သိက္ခတ္တယသင်္ဂဟိတံ သကလံ သာသနဗြဟ္မစရိယံ။ ဋ္ဌ။) ဣဒ္ဓဉ္စေဝ၊ (ဈာန်ချမ်းသာကိုရသောအားဖြင့်)ပြည့်စုံသည်ရှင်း။ ဖီတဉ္စ၊ (အဘိညာဉ်နှင့်ပြည့်စုံသောအားဖြင့်) စည်ပင်ကြီးပွါးသည်ရှင်း။ ဝိတ္ထာရိတံ၊ (ထိုထိုအရပ်၌တည်သောအားဖြင့်) ကျယ်ပြန့်သည်ရှင်း။ ဗာဟုဇညံ၊ (သစ္စာလေးပါး သိသူ များသောအားဖြင့်) များစွာသောလူအပေါင်း၏ အစီးအပွါးသည်ရှင်း။ ( ဗဟုဇနေသ ဟိတံ-ဟု ပြု။ ) ပုထုဘူတံ၊ ကြီးကျယ် ပြန့်ပြောသည်၏အဖြစ်သို့ ရောက်သည်ရှင်း။ ယာဝ ဒေဝမနုဿေဟိ၊ ရှိရှိသမျှသော ပညာရှိ နတ်လူတို့တိုင်အောင်။ သုပ္ပကာသိတံ၊ ကောင်းစွာပြအပ်သည်ရှင်း။ န ဘဝိဿတိ၊ မဖြစ်သေး။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ န ပရိနိဗ္ဗာယိဿာမိတိ၊ ပရိနိဗ္ဗာန်မစံနိုင်သေး"ဟူသော။ သော ဝါစာ၊ ဤစကားကို။ ဘာသိတာ ခေါ ပန၊ မိန့်တော်မူအပ်ဘူးသည်သာတည်း။ ဘန္တေ၊ ရုး။ ဘဂဝတော၊ ၏။ တယိဒံ ဗြဟ္မစရိယံ၊ ထိုသာသနာတော်သည်။ ဣဒ္ဓဉ္စေဝ၊ သည်ရှင်း။ ဖီတဉ္စ၊ သည်ရှင်း။ ဝိတ္ထာရိတံ၊ သည်ရှင်း။ ဗာဟုဇညံ၊ သည်ရှင်း။ ပုထုဘူတံ၊ သည်ရှင်း။ ယာဝ ဒေဝမနုဿေဟိ၊ တိုင်အောင်။ သုပ္ပကာသိတံ၊ သည်ရှင်း။(အဟောသိ၊ ဖြစ်ပါပြီ။) ဘန္တေ၊ ရုး။ ဘဂဝါ၊ သည်။ ဣဒါနိ၊ ၌။ ပရိနိဗ္ဗာတု၊ ပါ။ သုဂတော၊ သည်။ ဣဒါနိ၊ ၌။ ပရိနိဗ္ဗာတု၊ ပါ။ ဘန္တေ၊ ရုး။ ဣဒါနိ၊ ၌။ ဘဂဝတော၊ ၏။ ပရိနိဗ္ဗာနကာလောတိ၊ ပရိနိဗ္ဗာန်စံရာအခါပါတည်း-ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ (တေဒဝေါစ ပြန်သတ်။)

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ လျှောက်အပ်သည်ရှိသော်။ ဘဂဝါ၊ သည်။ ပါပိမန္တံ၊ မကောင်းမှုနှင့်ပြည့်စုံသော။ မာရံ၊ ကို။ "ပါပိမ၊ မာရ်နတ်။ တွံ၊ သင်သည်။ အပ္ပေါဿုက္ကော၊ ကြောင့်ကြမဲ့။

ပဟာပဟိ၊ ဖြစ်လေ၃။ န စိရံ၊ မကြာမီ။ တထာဂတဿ၊ ငါဘုရား၏။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်စံခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတော၊ ဤလမှ။ တိဏ္ဏံ မာသာနံ၊ သုံးလတို့၏။ အစ္စယေန၊ လွန်မြောက်သောအခါ၌။ တထာဂတော၊ ငါဘုရားသည်။ ပရိနိဗ္ဗာယိဿတိတိ၊ ပရိနိဗ္ဗာန်စံတော့လတ္တံ့ "ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ မိန့်တော်မူပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ စာပါလေ၊ သော။ စေတိယေ၊ ၌။ သတော၊ လေးပါးသောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ (ကာယစသော အာရုံ ၄-ပါးကို အောက်မေ့တော်မူသည်ဖြစ်၍။ ဟု သဒ္ဒတ္ထသော်လည်း ပေး။ သရတိတိ သတော-ဟူပြု။) သမ္ပဇာနော၊ ဗုဒ္ဓဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသည်ဖြစ်၍။ အာယုသင်္ခါရံ၊ အသက်ကို တည်တံ့အောင် ပြုပြင်ကြောင်းဖြစ်သော ဖလသမာပတ်ကို။ ဝါ၊ တည်တံ့အောင် ပြုပြင်အပ်သော အသက်ကို။ ဩဿဇိ၊ (မဝင်စား မဖြစ်စေပဲ) လွှတ်တော်မူပြီ[1]။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အာယုသင်္ခါရေ၊ ကို။ ဩဿဋ္ဌေ၊ လွှတ်အပ်သည်ရှိသော်။ ဘိံသနကော၊ ကြောက်မက်ထိတ်လန့်စေတတ်သော။ (ဘိံသေတိတိ ဘိံသနော၊ သော ဧဝ တထာ။ ဋီ။) လောမဟံသော၊ မွေးညင်း ရှင်ပျံ ကြက်သီးထစေတတ်သော။ မဟာဘူမိစာလော၊ ကြီးစွာသော မြေလှုပ်ခြင်းသည်။ အဟောသိ၊ ဖြစ်ပြီ။ ဒေဝဒုန္ဒုဘိယော စ၊ နတ်စည်ကြီးတို့သည်လည်း။ ဖလိံသု၊ ကွဲကုန်ပြီ။ တနည်း— ဒေဝဒုန္ဒုဘိယော စ၊ နတ်စည်အဟုန် မိုးချုန်းသံတို့သည်လည်း။ ဖလိံသု၊ ကွဲအက်သည်သို့ မြည်ဟိန်းကုန်ပြီ။ (ရှေးနည်း မုချတ္ထ၊ နောက်နည်း ဥပစာရတ္ထ။ ဋီ ရှု။) အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ဤအကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံ ဝေလာယံ၊ ထိုအခါ၌—

"မုနိ၊ မြတ်စွာဘုရားသည်။ သမ္ဘဝံ၊ အမှန်အစဖြစ်ရာအကြောင်းဖြစ်သော။ (သမ္ဘဝသဒ္ဒါ အပါဒါနသာဓန။ ဋီ။) ဘဝသင်္ခါရံ၊ ဘဝသစ်ကို ပြုလုပ်တတ်သော[2]။ တုလဉ္စ၊ နှိုင်းယှဉ်အပ်သော ကာမာဝစရကံကိုရင်း။ အတုလဉ္စ၊ မနှိုင်းယှဉ်အပ်သော မဟဂ္ဂုတ်ကံကိုရင်း[3]။ အဝဿဇိ၊ စွန့်တော်မူပြီ။ ကဝစမိဝ၊ မိမိ၌ ဝတ်ဆင်အပ်သော စစ်ဝတ်တန်ဆာကိုကဲ့သို့။ အတ္တသမ္ဘဝံ၊ မိမိ၌ဖြစ်သော ကိလေသာအပေါင်းကို။ အဇ္ဈတ္တရတော၊ မိမိ၌ဖြစ်သော တရားအပေါင်း၌ (ဝိပဿနာ, ဂေါစရသေဝနာအားဖြင့်) မွေ့လျော်သည် ဖြစ်၍။ သမာဟိတော၊ တည်ကြည်တော်မူသည်ဖြစ်၍။ အဘိန္ဒိ၊ ဖျက်ဆီးတော်မူပြီ။

တနည်း—မုနိ၊ သည်။ အတုလဉ္စ၊ မနှိုင်းယှဉ်ရာ နိဗ္ဗာန်ကိုရင်း။ သမ္ဘဝဉ္စ၊ ဘဝကိုရင်း။ တုလံ၊ (ဖြစ်ခြင်းကား ဘေး, မဖြစ်ခြင်းကား အေးဟု ဝါ-ပဉ္စက္ခန္ဓ-အနိစ္စံ တံ နိရောဓ-နိစ္စံ ဟု) စူးစမ်းဆင်ခြင်တော်မူလျက်။ ဘဝသင်္ခါရံ၊ ဘဝကိုပြုတတ်သော ကံကို။ အဝဿဇိ၊ စွန့်တော်မူပြီ။ အဇ္ဈတ္တရတော၊ မိမိ၌ ဝိပဿနာအားဖြင့် မွေ့လျော်သည်ဖြစ်၍။ သမာဟိတော၊ သမထအားဖြင့် တည်ကြည်တော်မူသည်ဖြစ်၍။ အတ္တသမ္ဘဝံ၊ မိမိ၌

၁။ ဤ၌ အာယုသင်္ခါရံ အရ ဇီဝိတ, ဖလသမာပတ် ၂-မျိုးလုံးရသည်၊ ဋီဖွင့် ရှု။ အောက်စာပိုဒ် ၃၇၅-၌ ဖလသမာပတ်နှင့်သာ ဆိုင်ကြောင်း ယင်း၌ ဖွင့်၏။

၂။ သမ္ဘဝသက်သက်မှာ ပဝတ္တိကျိုးကို ပေးသောကံနှင့်သာ သက်ဆိုင်၍ ပဋိသန္ဓေကျိုးကိုပေးသော ကံနှင့် သက်ဆိုင်စေလိုသဖြင့် "ဘဝသင်္ခါရံ"ကို မိန့်ရသည်။ ဋီ။

၃။ တုလံ-အရ ကာမာဝစရကုသိုလ်စေတနာ၊ အတုလံ-အရ အကုသိုလ်စေတနာကိုယူ၍တနည်း၊ တုလံ-အရ အပ္ပဝိပါကကံ၊ အတုလံ-အရ ဗဟုဝိပါက ကံယူ၍တနည်း ၄-ဆို၏။

ဖြစ်သော ကိဍလသာအပေါင်းကို။ ကဝစမိဝ၊ ကိုယ်ဝယ်ဝတ်ထား စစ်ဝတ်စားကိုကဲ့သို့။ အဘိန္ဒိတိ၊ ဖျက်ဆီးတော်မူပြီ³"ဟူသော။ ဣမံ ဥဒါနံ၊ ဤဥဒါန်းကို။ ဥဒါနေသိ၊ ကျူးရင့်တော်မူပြီ။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ပဌမော၊ ပဌမ ဖြစ်သော။ ဝဂ္ဂေါ၊ စာပါလဝဂ်ပေါ၊ တည်း။

တဿ၊ ထိုစာပါလဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

အပါလာပိ၊ အပါလသုတ်ရင်း။ ဝိရဒ္ဓေါ စ၊ ဝိရဒ္ဓသုတ်ရင်း။ အရိယာ၊ အရိယသုတ်ရင်း။ နိဗ္ဗိဒါပိ စ၊ နိဗ္ဗိဒါသုတ်ရင်း။ ပဒေသာ၊ ဣဒ္ဓိပဒေသသုတ်ရင်း။ သမတ္တံ၊ သမတ္တသုတ်ရင်း။ ဘိက္ခု၊ ဘိက္ခုသုတ်ရင်း။ ဗုဒ္ဓံ၊ ဗုဒ္ဓသုတ်ရင်း။ ဉာဏဉ္စ၊ ဉာဏသုတ်ရင်း။ စေတိယံ၊ စေတိယသုတ်ရင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၂-ပါသာဒကမ္မနဝင်

### ၁-ပုဗ္ဗသုတ်

၈၂၃။ သာဝတ္ထိနိဒါနံ၊ တည်း။ ဘိက္ခဝေ၊ တို့။ မေ၊ ငါဘုရားသည်။ သမ္ဗောဓာ၊ သစ္စာ ၄-ပါးကို သိတော်မူသည်မှ။ ပုဗ္ဗေဝ၊ ရှေး၌သာလျှင်။ အနဘိသမ္ဗုဒ္ဓဿ၊ သစ္စာ ၄-ပါးကို သိတော်မမူသေးသော။ ဗောဓိသတ္တဿေဝ၊ ဘုရားလောင်းသည်သာလျှင်။ သတော၊ ဖြစ်တော်မူစဉ်။ "ကော္ဍိပါဒ-ဘာဝနာယ၊ ဣဒ္ဓိပါဒ်တို့ကို ပွါးခြင်း၏။ ဟေတု၊ အကြောင်းသည်။ ကော နု ခေါ၊ အဘယ်နည်း။ ပစ္စယော၊ အထောက်အပံ့သည်။ ကောတိ၊ အဘယ်နည်း"ဟူသော။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ဘိက္ခဝေ၊ တို့။ တဿ မယှံ၊ ထိုငါဘုရား၏။ ဧဝံ၊ ဤသို့သနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဆန္ဒသမာဓိပဓာနသင်္ခါရသမန္နာဂတံ၊ ဆန္ဒကိုအကြီးအမှူးပြု၍ ရအပ်သောသမာဓိ သမ္မပ္ပဓာန်ဝီရိယသင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို။ ဘာဝေတိ၊ ၏။ ဣတိ၊ ဤသို့။ မေ၊ ငါ၏။ ဆန္ဒော၊ ဆန္ဒသည်။ အတိလီနော၊ အလွန်တွန့်ဆုတ်သည်။ န စ ဘဝိဿတိ၊ ဖြစ်လည်း မဖြစ်လတ္တံ့။ အတိပ္ပဂ္ဂဟိတော၊ အလွန်တက်ကြွမြောက်ပင့်အပ်သည်။ န စ ဘဝိဿတိ၊ လတ္တံ့။ အဇ္ဈတ္တံ၊ ကိုယ်ကျင်း၌။ သံခိတ္တော၊ တွန့်တိုသည်²။ န စ ဘဝိဿတိ၊ လတ္တံ့။ ဗဟိဒ္ဓါ၊ ကိုယ်ပြင်ပ၌။ ဝိက္ခိတ္တော၊ ပျံ့လွင့်သည်။ န စ ဘဝိဿတိ၊ လတ္တံ့။ ပစ္ဆာပုရေသညီ စ၊ နောက်ရှေ့ဟု အမှတ်ရှိသည်ဖြစ်၍သည်း။ ဝိဟရတိ၊ နေ၏။ ပုရေ၊ ရှေ့၌။ ဝိဟရတိ ယထာ၊ နေသကဲ့သို့။ တထာ၊ ထို့အတူ။ ပစ္ဆာ၊ နောက်၌။ ဝိဟရတိ၊ နေ၏။ ပစ္ဆာ၊ ၌။ ဝိဟရတိ ယထာ၊ သို့။ တထာ၊ တူ။ ပုရေ၊ ၌။ ဝိဟရတိ၊ ၏။ (ကမ္မဋ္ဌာန်းအားဖြင့်သော်၎င်း ဒေသနာအားဖြင့်သော်၎င်း ရှေ့နောက်ခွဲ။ ဋ္ဌ-၂၉၀ ရှု။) အဓော၊ အောက်၌။ ဝိဟရတိ ယထာ၊ သို့။ တထာ၊ တူ။ ဥဒ္ဓံ၊ အထက်၌။ ဝိဟရတိ၊ ၏။

---

၁။ ပဌမနည်းကား အဝသာဇ္ဈနသာဖြစ်၍ အဝသာဇ္ဈနာကာရကို ပြလိုသောကြောင့် ဒုတိယနည်းကို ပြဆိုသည်။ ဋီ။

၂။ ဘာဝနာသို့မသက်ဝင်မူ၍ တွန့်ဆုတ်မူသည် အဘိလီန၊ ဘာဝနာသို့သက်ဝင်၍ ကိုယ်တွင်း၌ တွန့်ဆုတ်မူသည် သံခိတ္တမည်၏ဟု ခွဲ။ ဋီ-၅၁၄။

ဥဒ္ဓံ၊ ၌။ ဝိဟရတိ ယထာ၊ သို့။ တထာ၊ ထို့။ ဝိဟရတိ၊ ၏။ (ကိုယ်ခန္ဓာ ဒွတ္တိံသကောဋ္ဌာသအားဖြင့် အောက်အထက်ခွဲ။ ၄-၂၉၀ ရှု။) ဒိဝါ၊ နေ့အခါ၌။ ဝိဟရတိ ယထာ၊ သို့။ တထာ၊ ထို့။ ရတ္တိံ၊ ညဉ့်အခါ၌၊ ဝိဟရတိ၊ ၏။ ရတ္တိံ၊ ၌။ ဝိဟရတိ ယထာ၊ သို့။ တထာ၊ ထို့။ ဒိဝါ၊ ၌။ ဝိဟရတိ၊ ၏။ ဣတိ၊ ဤသို့။ ဝိဝဋေန၊ ဖွင့်အပ်သော။ အပရိယောနဒ္ဓေန၊ မပိတ်ဖုံးအပ်သော။ စေတသာ၊ စိတ်ဖြင့်။ သပ္ပဘာသံ၊ အရောင်အလင်းရှိသော။ စိတ္တံ၊ စိတ်ကို။ ဘာဝေတိ၊ ပွါးများ၏။

(ဝီရိယ, စိတ္တ, ဝိမံသာတို့၌လည်း ဤနည်း မှီး၍ပေး။)

ဘိက္ခု၊ ရဟန်းသည်။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒေ၊ ဣဒ္ဓိပါဒ်တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝိတေသု ခေါ၊ ပွါးများအပ်ကုန်သည်ရှိသော်။ ဧဝံ၊ ဤသို့။ ဗဟုလီကတေသု၊ အကြိမ်များစွာပြုအပ်ကုန်သည်ရှိသော်။ အနေကဝိဟိတံ၊ များသောအပြားရှိသော။ ဝါ၊ များသောအပြားတို့ဖြင့် စီရင်အပ်သော။ ဣဒ္ဓိဝိဓံ၊ ဣဒ္ဓိဝိဓအဘိညာဉ်ကို။ ပစ္စနုဘောတိ၊ ခံစား၏။ ဧကောပိ၊ တယောက်သည်လည်း။ ဟုတွာ၊ ဖြစ်လျက်။ ဗဟုဓာ၊ များသောအပြားရှိသည်။ ဟောတိ၊ ၏။ ဗဟုဓာပိ၊ များသောအပြားရှိသည်လည်း။ ဟုတွာ၊ လျက်။ ဧကော၊ တယောက်တည်းသည်။ ဟောတိ၊ ၏။ အာဝိဘာဝံ၊ မျက်မှောက်ကိုလည်း။ (ကရောတိ၊ ပြုနိုင်၏။) တိရောဘာဝံ၊ မျက်ကွယ်ကိုလည်း။ (ကရောတိ၊ ၏။) တိရောကုဋ္ဋံ၊ နံရံ၏တဘက်၌ရှင်း။ တိရောပါကာရံ၊ တံတိုင်း၏တဘက်၌ရှင်း။ တိရောပဗ္ဗတံ၊ တောင်၏တဘက်၌ရှင်း။ အာကာသေ သေယျထာပိ၊ ကောင်းကင်၌ကဲ့သို့။ အသဇ္ဇမာနော၊ မကပ်ငြိမူ၍။ ဂစ္ဆတိ၊ သွားနိုင်၏။ ပထဝိယာပိ၊ မြေ၌လည်း။ ဥဒကေ သေယျထာပိ၊ ရေ၌ကဲ့သို့။ ဥမ္မုဇ္ဇနိမုဇ္ဇံ၊ ပေါ်ခြင်းငုပ်ခြင်းကို။ ကရောတိ၊ ပြုနိုင်၏။ အဘိဇ္ဇမာနေ[၁]၊ မကွဲ မပျက် မကျွံနစ်သော။ ဥဒကေပိ၊ ရေ၌လည်း။ ပထဝိယံ သေယျထာပိ၊ မြေ၌ကဲ့သို့။ ဂစ္ဆတိ၊ သွားနိုင်၏။ အာကာသေပိ၊ ကောင်းကင်၌လည်း။ ပက္ခီ၊ အတောင်ရှိသော။ သကုဏော သေယျထာပိ၊ ငှက်ကဲ့သို့။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခြင်းဖြင့်။ ကမတိ၊ သွားနိုင်၏။ ဧဝံမဟိဒ္ဓိကေ၊ ဤသို့ ကြီးသော တန်ခိုးရှိကုန်သော။ ဧဝံမဟာနုဘာဝေ၊ ဤသို့ ကြီးသောအာနုဘော်ရှိကုန်သော။ ဣမေပိ စန္ဒိမသူရိယေ၊ ဤလနေတို့ကိုလည်း။ ပါဏိနာ၊ လက်ဖြင့်။ ပရိမသတိ၊ သုံးသပ်ကိုင်တွယ်နိုင်၏။ ပရိမဇ္ဇတိ၊ ဆုပ်နယ်နိုင်၏။ ယာဝဗြဟ္မလောကာပိ၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း။ ကာယေန၊ ကိုယ်ဖြင့်။ ဝသံ၊ အလိုအတိုင်း။ ဝတ္တေတိ၊ ဖြစ်စေနိုင်၏။

ဘိက္ခု၊ သည်။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒေ၊ ဣဒ္ဓိပါဒ်တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝိတေသု ခေါ၊ သော်။ ဧဝံ၊ ဤသို့။ ဗဟုလီကတေသု၊ သော်။ အတိက္ကန္တမာနုသိကာယ၊ လူတို့၏သောတပသာဒကိုလွန်သော။ (ပကတိလူတို့နားထက် ပိုကြားနိုင်သော ဟူလို။) ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ သောတဓာတုယာ၊ သောတဓာတ်ဖြင့်။ (ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ဟူလို။) ဒိဗ္ဗေ စ၊ နတ်၌လည်းဖြစ်ကုန်သော။ မာနုသေ စ၊ လူ၌လည်းဖြစ်ကုန်သော။ သဒ္ဒေ၊ အသံတို့ကို။ သုဏာတိ၊ ကြားနိုင်၏။ ဒူရေ စ၊ ဝေးသည်လည်းဖြစ်ကုန်သော။ သန္တိကေ စ၊ နီးသည်လည်းဖြစ်ကုန်သော။ ဥဘော၊ ၂-ပါးကုန်သော။ သဒ္ဒေ၊ အသံတို့ကို။ သုဏာတိ၊ ၏။ (မ ၁-၉၉ ၌ 'ယေ'သဒ္ဒါ ပါ၏။)

---

၁။ အဘိဇ္ဇမာနေ၁ရှိမူ-ဥဒကေပိ၊ ၌လည်း။ ပထဝိယံ သေယျထာပိ၊ သို့။ အဘိဇ္ဇမာနော၊ မကွဲမပျက် မကျွံနစ်သည်ဖြစ်၍။ ဂစ္ဆတိ၊ ၏-ဟု ပေး။

ဘိက္ခု၊ သည်။ စတ္တုသု၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒေသု၊ ဣဒ္ဓိပါဒ်တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝိ-တေသု ခေါ၊ သော်။ ဧဝံ၊ ဤသို့။ ဗဟုလီကတေသု၊ သော်။ စေတသာ၊ မိမိစိတ်ဖြင့်။ ပရသတ္တာနံ၊ တပါးသော သတ္တဝါတို့၏။ ပရပုဂ္ဂလာနံ၊ တပါးသောပုဂ္ဂိုလ်တို့၏။ စေတောဖိတ်ကို။ ပရိစ္စ၊ ပိုင်းခြား၍။ ပဇာနာတိ၊ သိနိုင်၏။ သရာဂံ ဝါ၊ တပ်စွန်းခြင်းရှိသည်လည်းဖြစ်သော။ စိတ္တံ၊ လောဘမူစိတ်ကို။ "သရာဂံ၊ သော။ စိတ္တန္တိ၊ စိတ်"ဟူ၍။ ပဇာနာတိ၊ ၏။ ဝီတရာဂံ ဝါ၊ တပ်စွန်းခြင်းကင်းသည်လည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ "ဝီတရာဂံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ သိ၏၊ သဒေါသံ ဝါ၊ အမျက်ထွက်ခြင်းရှိသည်လည်းဖြစ်သော။ စိတ္တံ၊ ဒေါသမူစိတ်ကို။ "သဒေါသံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ ဝီတဒေါသံ ဝါ၊ အမျက်ထွက်ခြင်းကင်းသည်လည်းဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ "ဝီတ-ဒေါသံ၊ သော။ စိတ္တန္တိ၊ စိတ်"ဟူ၍။ ပဇာနာတိ၊ ၏။ သမောဟံ ဝါ၊ တွေဝေခြင်းရှိသည်လည်း ဖြစ်သော။ စိတ္တံ၊ မောဟမူစိတ်ကို။ "သမောဟံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ ဝီတမောဟံ ဝါ၊ တွေဝေခြင်းကင်းသည်လည်းဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ "ဝီတမောဟံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ သံခိတ္တံ၊ တွန့်တိုခြင်းရှိသည်လည်း ဖြစ်သော။ စိတ္တံ၊ ထိနမိဒ္ဓနှင့်ယှဉ်သောစိတ်ကို။ "သံခိတ္တံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ ဝိက္ခိတ္တံ ဝါ၊ ပျံ့လွင့်သည်လည်းဖြစ်သော။ စိတ္တံ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို။ "ဝိက္ခိတ္တံ၊ သော။ စိတ္တန္တိ၊ စိတ်"ဟူ၍။ ပဇာနာတိ၊ ၏။ မဟဂ္ဂတံ ဝါ၊ မြတ်သည်၏ အဖြစ်သို့ ရောက်သည်လည်းဖြစ်သော။ စိတ္တံ၊ ရူပအရူပစိတ်ကို။ "မဟဂ္ဂတံ၊ သော။ စိတ္တန္တိ၊ စိတ်"ဟူ၍။ ပဇာနာတိ၊ ၏။ အမဟဂ္ဂတံ ဝါ၊ မြတ်သည်၏အဖြစ်သို့ မရောက်သည်လည်းဖြစ်သော။ စိတ္တံ၊ ကာမစိတ်ကို။ "အမဟဂ္ဂတံ၊ သော။ စိတ္တန္တိ၊ စိတ်"ဟူ၍။ ပဇာနာတိ၊ ၏။ သဥတ္တရံ ဝါ၊ မိမိထက်လွန်မြတ်သော တရားရှိသည်လည်းဖြစ်သော။ စိတ္တံ၊ ကာမစိတ်ကို။ "သဥတ္တရံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ အနုတ္တရံ ဝါ၊ မိမိထက်လွန်မြတ်သော တရားမရှိသည်လည်းဖြစ်သော။ စိတ္တံ၊ ရူပ အရူပစိတ်ကို။ "အနုတ္တရံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ သမာဟိတံ ဝါ၊ တည်ကြည်သည်လည်းဖြစ်သော။ စိတ္တံ၊ ဥပစာ အပ္ပနာအဖြစ်သို့ ရောက်သောစိတ်ကို။ "သမာဟိတံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ အသမာဟိတံ ဝါ၊ တည်ကြည်ခြင်းမရှိသည်လည်းဖြစ်သော။ စိတ္တံ၊ ဥပစာ အပ္ပနာအဖြစ်သို့ မရောက်သောစိတ်ကို။ အသမာဟိတံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ ဝိမုတ္တံ ဝါ၊ ကိလေသာတို့မှလွတ်သည်လည်းဖြစ်သော။ စိတ္တံ၊ တဒင်္ဂဝိက္ခမ္ဘန အားဖြင့် ကိလေသာတို့မှလွတ်သော ကုသိုလ်စိတ်ကို။ "ဝိမုတ္တံ၊ သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏။ အဝိမုတ္တံ ဝါ၊ ကိလေသာတို့မှ မလွတ်သည်လည်းဖြစ်သော။ စိတ္တံ၊ ယင်းစိတ် ၂-မျိုးတို့မှကြွင်းသော စိတ်ကို။ "အဝိမုတ္တံ၊ ကိလေသာတို့မှမလွတ်သော။ စိတ္တန္တိ၊ စိတ်" ဟူ၍။ ပဇာနာတိ၊ ၏[၁]။

ဘိက္ခု၊ သည်။ စတ္တုသု၊ ကုန်သော။ ဣဒ္ဓိပါဒေသု၊ တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝိတေသု၊ သော်။ ဧဝံ၊ ဤသို့၊ ဗဟုလီကတေသု၊ သော်။ အနေကဝိဟိတံ၊ သော။ ပုဗ္ဗေနိဝါသံ၊ ရှေး၌ နေဘူးသောခန္ဓာအစဉ်ကို။ အနုဿရတိ၊ အစဉ်လျှောက်၍ အောက်မေ့နိုင်၏။ သေယျထိဒံ၊ အဘယ်မျှလောက်သော ခန္ဓာအစဉ်ကို။ (အနုဿရတိ၊ နည်း။) ဧကမ္ပိ ဇာတိံ၊ တဘဝကိုရင်း။ ဒွေပိ ဇာတိယော၊ ၂-ဘဝတို့ကိုရင်း။ တိဿောပိ ဇာတိယော၊ ၃-ဘဝတို့ကိုရင်း။ စတဿောပိ

---

၁။ မ-ဋ္ဌ ၁-၂၇၄ နှာ၊ မ-ဋီ ၁-၃၇၂-နှာတို့၌ ဖွင့်ဆိုသည့်အတိုင်း စိတ္တ ပုဒ်၏ အရကောက် အနက်ပေးသည်။

၉၉၂။ အထ ခေါ၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ရှိ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ချဉ်းကပ်ကုန်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။

အဘိဝါဒေတွာ၊ ရှိ။ ကေမန္တံ၊ တခုသောအရပ်အဖို့၌။ နိသီဒိ၊ သူ၊ ထိုင်နေကုန်ပြီ။ ကေမန္တံ၊ ၌။ နိသိန္နေ ခေါ၊ ကုန်သော။ တေ ဘိက္ခူ၊ တို့ကို။ ဘဂဝါ သည်။ "ဘိက္ခဝေ၊ တို့။ ဘာဝိတော၊ ဖြစ်စေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာပြုအပ်သော။ ယော ကေစမ္မော၊ အကြင်တပါးသော တရားသည်။ စတ္တာရော၊ ၄-ပါးကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ဘာဝိတာ၊ ကုန်သော။ ဗဟုလီကတာ၊ ကုန်သော။ စတ္တာရော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သတ္တ၊ ကုန်သော။ ဓမ္မေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ ဘာဝိတာ၊ ကုန်သော။ ဗဟုလီကတာ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဒွေ၊ ကုန်သော။ ဓမ္မေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ သော ကေစမ္မော၊ သည်။ အတ္ထိ နု ခေါတိ၊ ရှိပါ၏လော"ဟူသော။ တော်၊ ဤစကားကို။ အဝေါစ၊ ပြီ။

ဘန္တေ၊ မြတ်စွာဘုရား။ နော၊ တပည့်တော်တို့၏။ ဓမ္မာ၊ တရားတို့သည်။ ဘဂဝံမူလကာ၊ မြတ်စွာဘုရားသာလျှင် အရင်းမူလရှိပါကုန်၏။ပ။ ဘဂဝတော၊ မြတ်စွာဘုရား၏ (တရားဒေသနာတော်ကို။) သုတွာ၊ ကြားနာရကုန်သည်ရှိသော်။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓာရေဿန္တိ၊ ဆောင်ထားနိုင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့လျှောက်ထားကုန်၏။ ဘိက္ခဝေ၊ တို့၊ ဘာဝိတော၊ သော။ ဗဟုလီကတော၊ သော။ ယော ကေစမ္မော၊ သည်။ စတ္တာရော၊ ကုန်သော။ ဓမ္မေ၊ တို့ကို။ ပရိပူရေတိ၊ ၏။ ဘာဝိတာ၊ ကုန်သော။ ဗဟုလီကတာ၊ ကုန်သော။ စတ္တာရော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သတ္တ၊ ကုန်သော။ ဓမ္မေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ ဘာဝိတာ၊ ကုန်သော။ ဗဟုလီကတာ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဒွေ၊ ကုန်သော။ ဓမ္မေ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ သော ကေစမ္မော၊ သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့မိန့်တော်မူ၏။ (ဤသုတ်၌လည်း မြတ်စွာဘုရားက ရဟန်းများအား မေး၍ မြတ်စွာဘုရားပင် ဖြေရှင်း ဟောတော်မူသည်သာ ထူး၏။ ကတမော စ ဘိက္ခဝေ မှ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တီတိ၊ အဆုံးအထိ ဝါကျများသည် စာပိုဒ် ၉၈၉-ပဌမအာနန္ဒသုတ်နှင့် အားလုံးတူ၏။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-သံယောဇနပ္ပဟာနသုတ်

၉၉၃။ ဘိက္ခဝေ၊ တို့။ ဘာဝိတော၊ သော။ ဗဟုလီကတော၊ သော။ အာနာပါနဿတိ-သမာဓိ၊ သည်။ သံယောဇနပ္ပဟာနာယ၊ သံယောဇဉ်တို့ကို ပယ်ခြင်းအကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။ပ။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-အနုသယသမုဂ္ဃါတသုတ်

၉၉၄။ အနုသယသမုဂ္ဃါတာယ၊ အနုသယတို့ကို ပယ်သတ်ခြင်းအကျိုးငှါ။ သံဝတ္တတိ၊ ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

### ၉-အဒ္ဓါနပရိညာသုတ်

၉၉၅။ အဒ္ဓါနပရိညာသယ၊ သံသရာတည်းဟူသော ရှည်လျားသော ခရီးအဓွန့်ကို ပိုင်းခြား၍ သိခြင်းငှါ[၁]။ သံဝတ္တတိ၊ ၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

### ၁၀-အာသဝက္ခယသုတ်

၉၉၆။ အာသဝါနံ ခယာယ၊ အာသဝတို့၏ ကုန်ခြင်းငှါ။ သံဝတ္တတိ၊ ၏။ (အကြွင်း အထက်သုတ်များ မှီးပေး၊ လွယ်ပြီ။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ဒုတိယော၊ သော။ ဝဂ္ဂေါ၊ ဝဂ်တည်း။

တဿ၊ ထိုဒုတိယဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

ဂူန္တာနုဂ်လံ၊ ဂူန္တာနုဂ်လသုတ်ရှင်း။ ကခေ်ယျံ၊ ကခေ်ယျသုတ်ရှင်း။ အပရေ၊ တပါး ကုန်သော။ ဒုဝေ အာနန္ဒာ၊ ပဌမအာနန္ဒသုတ်, ဒုတိယအာနန္ဒသုတ် ၂-သုတ်တို့ရှင်း။ ဒုဝေ ဘိက္ခူ၊ ပဌမဘိက္ခုသုတ်, ဒုတိယဘိက္ခုသုတ် ၂-သုတ်တို့ရှင်း။ သံယောဇနာနုသယာ၊ သံယောဇနပ္ပဟာနသုတ်, အနုသယသမုဂ္ဃါတသုတ်တို့ရှင်း။ အဒ္ဓါနံ၊ အဒ္ဓါနပရိညာသုတ် ရှင်း။ အာသဝက္ခယံ၊ အာသဝက္ခယ သုတ်ရှင်းတည်း။ ဣတိ၊ ဤသည်တည်း။

## ဒသမံ၊ ဆယ်ခုမြောက်ဖြစ်သော။
## အာနာပါနသံယုတ္တံ၊ အာနာပါနသံယုတ်တည်း။

---

၁။ အဒ္ဓါနပရိညာတ္တန္တိ သံသာရဒ္ဓါနံ နိဗ္ဗာနံ ပတ္တာ ပရိညာဘိ[illegible] [illegible]ဇာနာတိ၊ တသ္မာ နိဗ္ဗာနံ အဒ္ဓါနပရိညာတိ ဝုစ္စတိ၊ တဒတ္ထန္တိ အဓိပ္ပါယော။ သံ-ဋ္ဌ ၃-၁၆၅။

# ၁၁-သောတာပတ္တိသံယုတ်

## ၁-ဝေဠုဒွါရဝဂ်

### ၁-စက္ကဝတ္တိရာဇသုတ်

၉၉၇။ သာဝတ္ထိနိဒါနံ၊ တည်း။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပ ။ "ဘိက္ခဝေ၊ ရဟန်းတို့။ စက္ကဝတ္တိ၊ စကြာရတနာကို လည်စေနိုင်သော။ ရာဇာ၊ စကြာမင်းသည်။ စတုန္နံ ဒီပါနံ၊ (ကျွန်းငယ် ၂-ထောင်ရံအပ်သော) ကျွန်းကြီး ၄-ကျွန်းတို့၏။ ဣဿရိယာဓိပစ္စံ၊ အစိုးရသည်၏ အဖြစ်, (ပဘုတာ) မယ်သူတို့၏ အရှင်၏ အဖြစ် (သာမိဘာဝ) ရှိသော။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတွာ၊ (တိုင်းသူပြည်သားတို့က) ပြုလုပ်စေ၍။ ဝါ၊ ပြုလုပ်၍။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဝါ၊ ပျက်ခြင်းတည်းဟူသော၊ မရဏာ၊ သေလွန်သည်မှ။ ပရံ၊ အထက်၌။ သုဂတိံ၊ သုဂတိဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသာနတ်တို့၏။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်၏။ သော၊ ထိုစကြာမင်းသည်။ တတ္ထ၊ ထိုတာဝတိံသာနတ်ပြည်၌။ နန္ဒနေ ဝနေ၊ နန္ဒဝန်ဥယျာဉ်၌။ အစ္ဆရာသံဃပရိဝုတော၊ နတ်သမီးအပေါင်းသည်ခြံရံအပ်သည်ဖြစ်၍။ ဝါ၊ ခြံရံအပ်သော နတ်သမီးအပေါင်းရှိသည်ဖြစ်၍။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ကာမဂုဏေဟိ စ၊ ကာမဂုဏ်တို့ဖြင့်လည်း။ သမပ္ပိတော၊ အားရရောင့်ရဲသည်ဖြစ်၍။ သမင်္ဂီဘူတော၊ ပြည့်စုံလုံလောက်သည်ဖြစ်၍။ (ဤ ၂-ပုဒ် ပရိယာယ်တူ။) ကိဉ္စာပိ ပရိစာရေတိ၊ အကယ်၍ ခံစား၏။ (ဘာဝတ္ထ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ကို ဖြစ်စေ၏။ သဒ္ဒတ္ထ။ ကြည့်ရှု, နားထောင်, နမ်းရှူ, လျက်စုတ်ယူ, တွေ့ထိ သုံးသပ်၏ ဟူလို။) သော၊ ထိုစကြာမင်းသည်။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ အသမန္နာဂတော၊ မပြည့်စုံ။ အထ ခေါ၊ ထိုသို့ခံစားသော်လည်း ၄-ပါးသောတရားတို့နှင့် မပြည့်စုံသည်ရှိသော်။ သော၊ ထိုစကြာမင်းသည်။ နိရယာ၊ ငရဲမှ။ အပရိမုတ္တောဝ၊ မလွတ်သေးသည်သာတည်း။ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်အုပ်စုမှ။ အပရိမုတ္တော ဧဝ၊ တည်း။ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏နေရာဌာနမှ။ အပရိမုတ္တော ဧဝ၊ တည်း။ အပါယဒုဂ္ဂတိဝိနိပါတာ၊ ဒုဂ္ဂတိဝိနိပါတဖြစ်သော အပါယ်ဘေးမှ။ အပရိမုတ္တော ဧဝ၊ တည်း။ ဘိက္ခဝေ၊ တို့။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ ပိဏ္ဍိယာလောပေန၊ တအိမ်တလုပ်စာ ဆွမ်းရှာခံစားခြင်းဖြင့်။ ကိဉ္စာပိ ယာပေတိ၊ အကယ်၍ မျှတကျင့်သုံး၏။ နန္တကာနိ စ၊ အနားအမြိတ်မပါသော အဝတ်သက်န်းတို့ကိုလည်း။ ကိဉ္စာပိ ဓာရေတိ၊ အကယ်၍ ဝတ်, ရုံ သုံးဆောင်၏။ သော၊ ထိုအရိယာတပည့်သည်။ စတူဟိ၊ ကုန်သော။ ဓမ္မေဟိ၊ တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ အထ ခေါ၊ ထိုသို့ ဆွမ်းခံစား အနားမရှိသော အဝတ်ကို ဝတ်သော်လည်း ၄-ပါးသော တရားတို့နှင့် ပြည့်စုံသည်ရှိသော်။ သော၊ ထိုအရိယာတပည့်သည်။ နိရယာ၊ မှ။ ပရိမုတ္တော၊ လွတ်မြောက်ပြီ။ တိရစ္ဆာနယောနိယာ၊ မှ။ ပရိမုတ္တော၊ လွတ်မြောက်ပြီ။ ပေတ္တိဝိသယာ၊ မှ။ ပရိမုတ္တော၊ လွတ်မြောက်ပြီ။ အပါယဒုဂ္ဂတိဝိနိပါတာ၊ မှ။ ပရိမုတ္တော၊ လွတ်မြောက်ပြီ။

ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးတို့နှင့်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာ၌။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ "သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။

ဣတိပိ၊ ဤသို့ ကိလေသာတို့မှ ဝေးကွာတော်မူသော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ ခပ်သိမ်းသော တရားတို့ကို အမှန်ကိုယ်တိုင် သိတော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာ ၃-ပါး, ဝိဇ္ဇာ ၈-ပါး, စရဏ ၁၅-ပါး ဟူသော ထူးသော ဉာဏ် အကျင့်တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ ကောင်းသောစကားကို ဆိုတော်မူသော အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ သင်္ခါရလောက သတ္တလောက ဩကာသလောက ဟူသော လောက ၃-ပါးကို သိတော်မူသော အကြောင်းကြောင့် လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ မိမိထက် မြတ်သူမရှိ အမြတ်ဆုံးဖြစ်၍ မယဉ်ကျေးသေးသော ယောကျ်ားတို့ကို မြင်းဆရာအတူ ဆုံးမတော် မူသော အကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ သစ္စာ ၄-ပါး တရားတို့ကို သိတော်မူ, သိစေတော်မူသော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဤသို့ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါတိ၊ ဘဂဝါမည်တော် မူ၏”ဟူ၍။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်း (မည်သည့်အကြောင်း ကြောင့်မျှ လှုပ်ရှားခြင်းမရှိသော ကြည်ညိုခြင်း)နှင့်[၁]။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။

“ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟော ကြား အပ်ပါပေ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မော၊ တရားတော်သည်။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင် သိမြင်ခြင်းငှါ ထိုက်ပါပေ၏။ ဘဂဝတော၊ ၏။ ဓမ္မော၊ သည်။ အကာလိကော၊ အခါမလင့် အကျိုးပေးတတ်ပါပေ၏။ ဘဂဝတော၊ ၏။ ဓမ္မော၊ သည်။ ဧဟိပဿိကော၊ လာလှည့် ရှုလှည့်ဟု ပြထိုက်ပါပေ၏။ ဘဂဝတော၊ ၏။ ဓမ္မော၊ သည်။ ဩပနေယျိကော၊ (မိမိ၏စိတ်ထဲ၌) ဆောင်ယူ ထားထိုက်ပါပေ၏။ ဘဂဝတော၊ ၏။ ဓမ္မော၊ တရားတော်ကို။ ဝိညူဟိ၊ အရိယာပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးအသီး။ ဝေဒိတဗ္ဗောတိ၊ သိအပ်ခံစားအပ်ပါပေ၏”ဟူ၍။ ဓမ္မေ၊ တရားတော်၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။

“ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသံဃာတော်သည်။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်တော်မူပါပေ၏။ ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်စွာကျင့်တော်မူပါပေ၏။ ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်နှင့်လျော်ကန်စွာ ကျင့်တော်မူပါပေ၏။ ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ သာမီစိပ္ပဋိပန္နော၊ ရိုသေစွာကျင့်တော်မူပါပေ၏။ စတ္တာရိ၊ အစုံအားဖြင့် လေးစုံကုန်သော။ ယဒိဒံ ပုရိသယုဂါနိ၊ အကြင်ပုဂ္ဂိုလ်အစုံတို့သည်။ အဋ္ဌ၊ အရေအတွက်အားဖြင့် ရှစ်ပါးကုန်သော။ ယဒိဒံ

၁။ အဝေစ္စပ္ပသာဒေနာတိ အစလပ္ပသာဒေန။ ဋ္ဌ။

အဝေစ္စပ္ပသာဒေနာတိ ဝတ္ထုတ္တယဿ ဂုဏေ ယာထာဝတော အဝေစ္စ ဇာနိတွာ ပသာဒေါ။ သော · · ဂေနစိ စလနရဟိတောတိ အာဟ “အစလပ္ပသာဒေနာ”တိ။ ဋီ။

ပုရိသပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ (သန္တိ၊ ရှိကုန်၏။) ဘဂဝတော၊ ၏။ ဧသော သာဝက-သံဃော၊ လေးစုံရှစ်ယောက်သော ဤတပည့်သားသံဃာတော်သည်။ အာဟုနေယျော၊ အရပ်ဝေးမှ ဆောင်၍သော်လည်း ပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။ ပါဟုနေယျော၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်ပါပေ၏။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်ပါပေ၏။ လောကဿ၊ သတ္တဝါအပေါင်း၏။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးစေ့စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏” ဟူ၍။ သံဃေ၊ သံဃာတော်၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။

အရိယကန္တေဟိ၊ အရိယပုဂ္ဂိုလ်တို့သည် နှစ်သက်အပ်ကုန်သော။ အခဏ္ဍေဟိ၊ အစအဆုံး မပျက်လျှင်း ကျိုးခြင်းမရှိကုန်သော။ အစ္ဆိဒ္ဒေဟိ၊ အလယ်ပျက်ကင်း ပေါက်ထွင်းခြင်းမရှိကုန်သော။ အသဗလေဟိ၊ နှစ်သုံးစဉ်ပျက်ပြား ကွက်ကျားခြင်း မရှိကုန်သော။ အကမ္မာသေဟိ၊ အကြား ကြားပျက်ကင်း ပြောက်ထင်ခြင်းမရှိကုန်သော။ ဘုဇိဿေဟိ၊ အလိုရှိအပ်သော သုံးစွဲနိုင်ခြင်း ရှိကုန်သော[၁] (တဏှာသခင်၏ ကျွန်အဖြစ်မှ လွတ်ကုန်သောဟူလို။) ဝိညူပ္ပသတ္ထေဟိ၊ ဘုရားအစ ရှိသော ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ တဏှာဒိဋ္ဌိတို့သည် မှားသော အားဖြင့် မသုံးသပ်အပ်ကုန်သော။ ဝါ၊ “ဤအမှုကို လွန်ကျူး၏” ဟု မည်သူကမျှ မငြှပ်စွဲမသုံး သပ်ကုန်သော။ သမာဓိသံဝတ္တနိကေဟိ၊ ဥပစာရအပ္ပနာသမာဓိ ၂-ပါးကိုဖြစ်စေနိုင်ကုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ စတူဟိ၊ ၄-ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ စတုန္နံ ဒီပါနံ၊ (ကျွန်းငယ် ၂-ထောင်ခြံရံအပ်သော) ကျွန်းကြီး ၄-ကျွန်းတို့ကို။ ယော စ ပဋိလာ-ဘော၊ အကြင်ရခြင်းသည်ရင်း။ စတုန္နံ ဓမ္မာနံ၊ ရတနာ ၃-ပါး၌ သက်ဝင်၍ ကြည်ညိုခြင်း စင်ကြယ်သောသီလတရား ၄-ပါးတို့ကို။ ယော ပဋိလာဘော၊ အကြင်ရခြင်းသည်ရင်း။ (အတ္ထိ၊ ၏။) စတုန္နံ ဒီပါနံ၊ တို့ကို။ သော ပဋိလာဘော၊ ထိုရခြင်းသည်။ စတုန္နံ ဓမ္မာနံ၊ တို့ကို။ တဿ ပဋိလာဘဿ၊ ထိုရခြင်း၏။ သောဠသိံ ကလံ၊ ၁၆-စိတ်မြောက် တစိတ်မျှကို။ နာဂ္ဃတိ၊ အဘိုး မရ။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဗြဟ္မစရိယောဂဓသုတ်

၉၉၈။ ဘိက္ခဝေ၊ တို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာတပည့်သည်။ အဝိနိပါတဓမ္မော၊ အပါယ်၌ကျခြင်း သဘောမရှိသော။ နိယတော၊ မဂ္ဂနိယာမအားဖြင့်မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် ၃-ပါးလျှင် လည်းလျှောင်းရာရှိသော။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ၊ ၏။ (ကတမေဟိမှ-စ၍ သမာဓိသံဝတ္တနိကေဟိ အထိ စာပိုဒ် ၉၉၇-စက္ကဝတ္တိသုတ်အတိုင်း ပေး။)

---

၁။ ဣဿော (ဣစ္ဆိတဗ္ဗော) ဘုဇော (သတ္တာနော ယထာသုခဝိနိယောဂေါ) ဧတေသန္တိ ဘုဇိဿာ ဟူပြီး သီလတို့ကို ကောက်။

ဘိက္ခဝေ၊ တို့။ စတူဟိ၊ ကုန်သော။ ဓမ္မေဟိ ခေါ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ သော။ အရိယသာဝကော၊ သည်။ အဝိနိပါတဓမ္မော၊ သော။ နိယတော၊ သော။ သမ္ဗောဓိပရာယဏော၊ သော။ သောတာပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိ။ ဤသို့ မိန့်တော်မူ၏။

ဘဂဝါ၊ သည်။ ဣဒံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ သုဂတော၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤစကားကို။ ဝတွာန၊ မိန့်တော်မူပြီး၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အထာပရံ၊ ထိုမှတပါးသော—

"ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့၏ (သန္တာန်၌)။ သဒ္ဓါ စ၊ ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းသည်၎င်း။ သီလဉ္စ၊ အရိယာတို့နှစ်သက်အပ်သော သီလသည်၎င်း။ ပသာဒေါ၊ သံဃာတော်၌ သက်ဝင်၍ ကြည်ညိုခြင်းသည်၎င်း။ ဓမ္မဒဿနံ၊ တရားတော်ကို ဉာဏ်ဖြင့် မြင်ခြင်းသည်၎င်း။ (အတ္ထိ၊ ၏။) တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝေ၊ စင်စစ်။ ဗြဟ္မစရိယောဂဓံ၊ မဂ္ဂဗြဟ္မစရိယ၌ သက်ဝင်သော။ သုခံ၊ အထက်မဂ် ၃-ပါးနှင့်ယှဉ်သော ချမ်းသာကို။ ပစ္စေန္တိ၊ ရကုန်ရောက်ကုန်၏"ဟူသော—

တော်၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ဒီဃာဝု ဥပါသကသုတ်

၉၉၉။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်မြို့၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရတိ၊ နေတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဒီဃာဝု၊ ဒီဃာဝုအမည်ရှိသော။ ဥပါသကော၊ ဥပါသကာသည်။ အာဗာဓိကော၊ အနာရှိသည်။ ဒုက္ခိတော။ ဖြစ်သော ဆင်းရဲဝေဒနာရှိသည်။ ဗာဠ္ဟဂိလာနော၊ ပြင်းထန်သောအနာရှိသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ထိုအခါ၌။ ဒီဃာဝု၊ သော။ ဥပါသကော၊ သည်။ ပိတရံ၊ အဖဖြစ်သော။ ဇောတိကံ၊ ဇောတိကအမည်ရှိသော။ ဂဟပတိံ၊ အိမ်ရှင်သူကြွယ်ကို။ "ဂဟပတိ၊ အိမ်ရှင်သူကြွယ်။ ဧဟိ၊ လာပါ။ တွံ၊ သင်ဖခင်သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမ၊ ချဉ်းကပ်ပါ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ 'ဘန္တေ၊ မြတ်စွာဘုရား။ ဒီဃာဝု၊ သော။ ဥပါသကော၊ သည်။ အာဗာဓိကော၊ သည်။ ဒုက္ခိတော၊ သည်။ ဗာဠ္ဟဂိလာနော၊ သည်။ ဟောတိ၊ ၏။ သော၊ ထို ဒီဃာဝုဥပါသကာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးဖြင့်။ ဝန္ဒတိ၊ ရှိခိုးပါ၏'ဟူ၍။ မမ၊ အကျွန်ုပ်၏။ ဝစနေန၊ စကားဖြင့်။ ဘဂဝတော၊ ၏။ ပါဒေ၊ တို့ကို။ သိရသာ၊ ဖြင့်။ ဝန္ဒ၊ ရှိခိုးပါ။ 'ဘန္တေ၊ .ရား။ သာဓု၊ တောင်းပန်ပါ၏။ ဘဂဝါ၊ သည်။ ယေန၊ ၌။ ဒီဃာဝုဿ၊ သော။ ဥပါသကဿ၊ ၏။ နိဝေသနံ၊ နေအိမ်သည်။ (အတ္ထိ၊ ၏။) တေန၊ ထိုအရပ်သို့။ အနုကမ္ပံ၊ အစဉ်သနားစောင့်ရှောက်ခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥပသင်္ကမတု ကိရ၊ ချဉ်းကပ်တော်မူစေလို ပါသတဲ့'ဟု။ ဝဒေဟိ၊ ဤသို့။ ဝဒေဟိတိ၊ လျှောက်ချေပါ"ဟူ၍။ အာမန္တေသိ၊ ပြောဆိုပြီ။ ဇောတိကော၊ သော။ ဂဟပတိ၊ အိမ်ရှင်သူကြွယ်သည်။ "ဧဝံ တာတာတိ ခေါ၊ ကောင်းပြီ ချစ်သား"ဟူ၍။ ဒီဃာဝုဿ၊ သော။ ဥပါသကဿ၊ ဥပါသကာ၏(စကားကို)။ ပဋိဿုတွာ၊ ဝန်ခံ၍။

ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ ဇောတိကော၊ သော။ ဂဟပတိ၊ သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ ရှား။ ဒီဃာဝု၊ သော။ ဥပါသကော၊ သည်။ အာဗာဓိကော၊ သည်။ ဒုက္ခိတော၊ သည်။ ဗာဠှဂိလာနော၊ သည်။ ဟောတိ၊ ၏။ သော၊ ထိုဒီဃာဝုဉပါသကာသည်။ ဘဂဝတော၊ ၏။ ပါဒေ၊ တို့ကို။ သိရသာ၊ ဦးဖြင့်။ ဝန္ဒတိ၊ ၏။ 'ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ယေန၊ ၌။ ဒီဃာဝုဿ၊ သော။ ဥပါသကဿ၊ ၏။ နိဝေသနံ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ အနုကမ္ပံ၊ ကို။ ဥပါဒါယ၊ ၍။ ဥပသင်္ကမတု ကိရ၊ ချဉ်းကပ်တော်မူစေလိုပါသတဲ့'ဟု။ ဝဒေတီတိ၊ လျှောက်ပါ၏"ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ ဘဂဝါ၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေခြင်းဖြင့်။ အဓိဝါသေသိ၊ လက်ခံပြီ။

အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ နိဝါသေတွာ၊ သင်းပိုင်ကိုပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ယေန၊ ၌။ ဒီဃာဝုဿ၊ သော။ ဥပါသကဿ၊ ၏။ နိဝေသနံ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်နေပြီ။ နိသဇ္ဇ ခေါ၊ ထိုင်ပြီး၍။ ဘဂဝါ၊ သည်။ ဒီဃာဝုံ၊ သော။ ဥပါသကံ၊ ကို။ "ဒီဃာဝု၊ ဒီဃာဝု။ တေ၊ သင်သည်။ ခမနီယံ ကစ္စိ၊ ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်၏လော။ ယာပနီယံ ကစ္စိ၊ ဣရိယာပုထ်တို့ကို ဖြစ်စေနိုင်၏လော။ ဒုက္ခာ ဝေဒနာ၊ ခင်းရဲဝေဒနာတို့သည်။ ပဋိက္ကမန္တိ ကစ္စိ၊ ဆုတ်ကုန်၏လော။ နော အဘိက္ကမန္တိ ကစ္စိ၊ မတိုးကုန်၏လော။ အာသာနံ၊ ထိုဆင်းရဲဝေဒနာတို့၏။ ပဋိက္ကမော၊ ဆုတ်ခြင်းကို။ ပညာယတိ ကစ္စိ၊ သိအပ်၏လော။ နော အဘိက္ကမော၊ မတိုးခြင်းကို။ ပညာယတိ ကစ္စိတိ၊ သိအပ်၏လော" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ (ကစ္စိ ခမနီယံ။ပ။ ပဋိက္ကမောသာနံ ပုဒ်တို့၏ အဆုံးအဖြတ်ကို ခန္ဓဝဂ္ဂသံယုတ် စာပိုဒ် ၈၇-ဝက္ကလိသုတ်၌ ရေးခဲ့ပြီ။) ဘန္တေ၊ ရှား။ မေ၊ တပည့်တော်သည်။ န ခမနီယံ၊ ဆင်းရဲဝေဒနာတို့ကို သည်းမခံနိုင်ပါ။ န ယာပနီယံ၊ ဣရိယာပုထ်တို့ကို မဖြစ်စေနိုင်ပါ။ မေ၊ တပည့်တော်၏။ ဗာဠှာ၊ ပြင်းထန်ကြီးမားကုန်သော။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ အဘိက္ကမန္တိ၊ တိုးကုန်၏။ နော ပဋိက္ကမန္တိ၊ မဆုတ်ကုန်။ အာသာနံ၊ ထိုဆင်းရဲဝေဒနာတို့၏။ အဘိက္ကမော၊ တိုးခြင်းကို။ ပညာယတိ၊ သိအပ်ပါ၏။ နော ပဋိက္ကမော၊ မဆုတ်ခြင်းကို။ ပညာယတိ၊ သိအပ်ပါ၏။ ဣတိ၊ ဤသို့ ဒီဃာဝုက လျှောက်၏။ ဒီဃာဝု၊ ဒီဃာဝု။ တသ္မာ၊ ထိုကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တေ၊ သင်သည်။ "သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ကြောင့်။ အရဟံ၊ ၏။ပ။ ဘဂဝါတိ၊ ၏"ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ပ။ သီလေဟိ၊ တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဘဝိဿာမီတိ၊ အံ့"ဟူ၍။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ (ဤပေယျာလကို ရှေး စက္ကဝတ္တိရာဇသုတ် စာပိုဒ် ၉၉၇-၌ ဖော်။) ဒီဃာဝု၊ ဝု။ တေ၊ သင်သည်။ ဧဝံ ဟိ၊ ဤသို့သာလျှင်။ သိက္ခိတဗ္ဗံ၊ အပ်၏။ ဣတိ၊ ဤသို့ ဘုရားက မိန့်တော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ စတ္တာရိ၊ ၄-ပါးကုန်သော။ ယာနိ ဣမာနိ သောတာပတ္တိယင်္ဂါနိ၊ အကြင်အရိယမဂ်အယဉ်သို့ ရှေးဦးစွာရောက်သူ၏ သိကြောင်းအင်္ဂါတို့သည်။ (ဤပုဒ် အဆုံးအဖြတ်ကို စာပိုဒ် ၄၇၈-ဒွေဠှသုတ်၌ ရှု။) ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်၏။ တေ ဓမ္မာ၊ ဤအရိယမဂ်အယဉ်သို့ ရှေးဦးစွာရောက်သူ၏ သိကြောင်းတရားတို့

သည်။ မယိ၊ တပည့်တော်၌။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ (သံဝိဇ္ဇန္တိကြိယာ အယှဉ် မယိဟု အာဓာရဖြင့် သုံးသည်ကို သတိရှိရန်။) အဟဉ္စ၊ တပည့်တော်ကိုလည်း။ တေသု ဓမ္မေသု၊ ထိုအရိယမဂ်အယဉ်သို့ ရှေးဦးစွာရောက်သူ၏ သိကြောင်းတရားတို့၌။ သန္ဒိဿာမိ၊ တွေ့မြင်အပ်၏။ ဘန္တေ၊ ရှား။ အဟံ ဟိ၊ တပည့်တော်သည်။ "သော ဘဂဝါ၊ သည်။ပ။ ဘဂဝါတိ၊ ၏"ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပ-သာဒေန၊ နှင့်။ သမန္နာဂတော၊ ပြည့်စုံပါ၏။ပ။ သီလေဟိ၊ တို့နှင့်။ သမန္နာဂတော၊ ၏။ ဣတိ၊ ဤသို့ ဒိဿဝုက လျှောက်၏။ ဒိဿဝု၊ ဝု။ တသ္မာ၊ ကြောင့်။ ဣဟ၊ ၌။ တွံ၊ သင်သည်။ စတူသု၊ ၄-ပါးကုန်သော။ ဣမေသု သောတာပတ္တိယင်္ဂေသု၊ ဤအရိယမဂ်အယဉ်သို့ ရှေးဦးစွာရောက်သူ၏ သိကြောင်းအင်္ဂါတို့၌။ ပတိဋ္ဌာယ၊ တည်၍။ "ဒိဿဝု၊ ဝု။ ဣမေ၊ ဤသာသနာ၌။ တွံ၊ သင်သည်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော လောကီ ရုပ်နာမ်သင်္ခါရတို့၌။ အနိစ္စာနုပဿီ၊ မမြဲဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရာဟိ၊ နေလော့။ အနိစ္စေ၊ မမြဲသောရုပ်နာမ်၌။ ဒုက္ခသညီ၊ ဆင်းရဲဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရာဟိ၊ လော့။ ဒုက္ခေ၊ ဆင်းရဲသော ရုပ်နာမ်၌။ အနတ္တသညီ၊ အတ္တမဟုတ်ဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရာဟိ၊ လော့။ ပဟာနသညီ၊ ရုပ်နာမ်၌ စွဲလမ်းသော တဏှာကို ပယ်ရခြင်းသဘောရှိ၏ဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိရာဂသညီ၊ ပျက်စီးခြင်းသဘောရှိ၏ဟူသော အမှတ်ရှိသည်ဖြစ်၍။ နိရောဓသညီ၊ ချုပ်ခြင်းသဘောရှိ၏ဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရာဟီတိ၊ နေလော့"ဟူ၍။ ဆ၊ ၆-ပါးကုန်သော။ ဝိဇ္ဇာ-ဘာဂိယေ၊ ဝိဇ္ဇာသို့ ချဉ်းကပ်တတ်သော အဖို့တို့၌ အကျုံးဝင်ကုန်သော[1]။ ဓမ္မေ၊ တရားတို့ကို။ ဥတ္တရိ၊ သောတာပတ္တိယင်္ဂထက်အလွန်။ ဘာဝေယျာသိ၊ ပွါးဦးလော့။ ဒိဿဝု၊ ဝု။ တေ၊ သည်။ ဧဝံ ဟိ၊ ဤသို့လျှင်။ သိက္ခိတဗ္ဗံ၊ အပ်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘန္တေ၊ ရှား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဆ၊ ၆-ပါးကုန်သော။ ဝိဇ္ဇာဘာဂိယာ၊ ဝိဇ္ဇာသို့ ချဉ်းကပ်တတ်သော အဖို့အစုတို့၌ အကျုံးဝင်ကုန်သော။ ယေ ဣမေ ဓမ္မာ၊ အကြင်တရားတို့ကို။ ဒေသိတာ၊ ဟောတော်မူအပ်ကုန်၏။ ဧတေ ဓမ္မာ၊ ဤ ၆-ပါးသော ဝိဇ္ဇာဘာဂိယ တရားတို့သည်။ မယိ၊ တပည့်တော်၌။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အဟဉ္စ၊ ကိုလည်း။ တေသု ဓမ္မေသု၊ ထို ၆-ပါးသော ဝိဇ္ဇာဘာဂိယတရားတို့၌။ သန္ဒိဿာမိ၊ တွေ့မြင်အပ်၏။ ဘန္တေ၊ ရှား။ အဟံ ဟိ၊ တပည့်တော်သည်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော လောကီရုပ်နာမ် သင်္ခါရတို့၌။ အနိစ္စာနုပဿီ၊ မမြဲဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရာမိ၊ နေပါ၏။ပ။ နိရောဓသညီ၊ ၍။ ဝိဟရာမိ၊ ၏။ ဘန္တေ၊ ရှား။ အပိ စ၊ ထိုသို့ နေသော်လည်း။ မေ၊ တပည့်တော်၏။ "ဇောတိကော၊ ဇောတိက အမည်ရှိသော။ အယံ ဂဟပတိ၊ ဤအိမ်ရှင် သူကြွယ်သည်။ မမ၊ တပည့်တော်၏။ အစ္စယေန၊ ကွယ်လွန်သောအခါ၌။ ဝိဃာတံ၊ ပင်ပန်းဆင်းရဲခြင်းသို့။ မာ ဧဟာဝ အာပဇ္ဇီတိ၊ မရောက်ပါမူ လင့်"ဟူသော။ ဧဝံ၊ ဤအကြံသည်။ ဟောတိ၊ ဖြစ်နေ၏။ တာတ ဒိဿဝု၊ ချစ်သားဒိဿဝု။ တွံ၊ သည်။ ဧဝံ၊ ဤသို့။ မာ မနသာကာသိ၊ နှလုံးမသွင်းလင့်။ တာတ ဒိဿဝု၊ ဝု။ ဣဓ၊ တိုက်တွန်း၏။ (တွံကား အနက်မဲ့။) တေ၊ သင်အား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ယံ ဒေဝ၊ အကြင်တရားကိုသာလျှင်။ အာဟ၊ ဟော၏။ တဒေဝ၊ ထိုတရားကိုသာလျှင်။ တွံ၊ သည်။

၁။ ဝိဇ္ဇာဘာဂိယေတိ ဝိဇ္ဇာကောဋ္ဌာသိကေ။ ဋ္ဌ။ ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိယာ။ တေသု ကောဋ္ဌာသေသု ပရိယာပန္နာတိ ဝုတ္တံ "ဝိဇ္ဇာဘာဂိယေတိ ဝိဇ္ဇာကောဋ္ဌာသိကေ"တိ။ ဋီ။

ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂါ၊ ဝိဇ္ဇာသို့ ချဉ်းကပ်တတ်သော ဓမ္မအစုများ ရှိ၏။ ဝိဇ္ဇာဘာဂေသု ပရိယာပန္နာ ဝိဇ္ဇာဘာဂိယာ၊ အနိစ္စာနုပဿီ စသော ၆-ပါးသော တရားများ ရှိ၏။ ဘေသု ဟု ဝါကျာဝတ္တိကန္တ ခံ။

သာရုက်၊ ကောင်းစွာ။ မနသိ ကရောဟိ၊ နှလုံးသွင်းလော့။ ဣတိ၊ ဤသို့ ဖခင် ဇောတိက သူကြွယ်က ပြော၏။

အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဒီဃာဝုံ၊ သော။ ဥပါသကံ၊ ကို။ ဣမိနာ ဩဝါဒေန၊ ဤအဆုံးအမဖြင့်။ ဩဝဒိတွာ၊ ဆုံးမပြီး၍။ အာသနာ၊ ထိုင်နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကာမိ၊ ဖဲတော်မူပြီ။ အထ ခေါ၊ ၌။ ဒီဃာဝု၊ သော။ ဥပါသကော၊ သည်။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ အစိရပက္ကန္တဿ၊ ဖဲတော်မူ၍ မကြာမီ။ ကာလမကာသိ၊ အတ္တဘောကို ပစ်ချခြင်းကိုပြုပြီ။ (ကွယ်လွန်ပြီ ဟူလို။) အထ ခေါ၊ ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ပ။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ မြတ်စွာဘုရား။ ဒီဃာဝု နာမ၊ ဒီဃာဝုမည်သော။ ယော သော ဥပါသကော၊ အကြင် ဥပါသကာကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံခိတ္တေန၊ အကျဉ်းဖြစ်သော။ ဩဝါဒေန၊ အဆုံးအမဖြင့်။ ဩဝဒိတော၊ ဆုံးမအပ်ပြီ။ သော၊ ထို ဥပါသကာသည်။ ကာလင်္ကတော၊ ပြုအပ်ပြီးသော အတ္တဘောကို ပစ်ချခြင်း ရှိ၏။ တဿ၊ ထို ဥပါသကာ၏။ ဂတိ၊ လားရာ ဂတိသည်။ ကာ၊ အဘယ်ပါနည်း။ အဘိသမ္ပရာယော၊ ရှေး၌ လားရောက်ရာ တမလွန်ဘဝသည်။ ကောတိ၊ အဘယ်ပါနည်း" ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစုံ၊ လျှောက်ကုန်ပြီ။ ဘိက္ခဝေ၊ တို့။ ဒီဃာဝု၊ သော။ ဥပါသကော၊ သည်။ ပဏ္ဍိတော၊ ပညာရှိ၏။ ဓမ္မဿ၊ အနုဓမ္မံ၊ အနုဓမ္မံ၊ လျော်သော အနုဓမ္မံ ပိုလ်တရားသို့။ ပစ္စပါဒိ၊ ဆိုက်ရောက်ပြီ။ မံ၊ ငါဘုရားကို။ ဓမ္မာဓိကရဏံ၊ တရားဟူသောအကြောင်းကြောင့်။ န စ ဝိဟေဌေသိ၊ မညှဉ်းဆဲတော့ပြီ။ မပင်ပန်းစေတော့ပြီ။ (တရားမဟောရတော့ပြီ ဟူလို။) ဘိက္ခဝေ၊ တို့။ ဒီဃာဝု၊ သော။ ဥပါသကော၊ သည်။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက် ကာမဘုံသို့ ချဉ်းကပ်ခြင်း အဖို့ရှိကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ တတ္ထ၊ ထိုသုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌။ ဩပပါတိကော၊ ဥပပါတ် ပဋိသန္ဓေ နေသည်ဖြစ်၍။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်စံလေ့ရှိသည်။ တသ္မာ လောကာ၊ ထိုသုဒ္ဓါဝါသဗြဟ္မာ့ ပြည်မှ။ အနာဝတ္တိဓမ္မော၊ ဆုတ်နစ်ခြင်းသဘောမရှိသည်။ (ဟောတိ၊ ၏။) ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ပဌမသာရိပုတ္တသုတ်

၁၀၀၀။ ဧကံ သမယံ၊ ၌။ အာယသ္မာ စ သာရိပုတ္တော၊ ရှင်သာရိပုတြာသည်၎င်း။ အာယသ္မာ စ အာနန္ဒော၊ ရှင်အာနန္ဒာသည်၎င်း။ သာဝတ္ထိယံ၊ ၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ အရံဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတိုက်၌။ ဝိဟရန္တိ၊ နေကုန်၏။ အထ ခေါ၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ သာယနှသမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ တပါးတည်းကိန်းအောင်းရာမှ။ ဝုဋ္ဌိတော၊ ထလျက်။ပ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ အာယသ္မာ အာနန္ဒော၊ သည်။ အာယသ္မန္တံ သာရိပုတ္တံ၊ ကို။ "အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတြာ။ ကတိနံ ဓမ္မာနံ၊ အဘယ်တရားတို့၏။ သမန္နာဂမနဟေတု၊ ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်။ အယံ ပဇာ၊ ဤပုဂ္ဂိုလ်အပေါင်းကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ 'အဝိနိပါတဓမ္မာ၊ အပါယ် ၄-ပါး၌ အလိုအာသာကင်းလျက် ကျခြင်းသဘောမရှိသော။ နိယတာ၊ မဂ္ဂနိယာမအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏာ၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာ

ရှိသော။ သောတာပန္နာတိ၊ သောတာပန်ဟူ၍။ ဝဒံ၊ ဤသို့။ ဗျာကတာ နု ခေါတိ၊ ပြောကြားတော်မူအပ်ပါသနည်း”ဟူသော။ တော်၊ ကို။ အဝေါစ၊ ပြီ။ အာဝုသော။ ငါ့ရှင်(အာနန္ဒာ။)စတုန္နံ ခေါ၊ ၄-ပါးကုန်သော။ ဓမ္မာနံ၊ တို့၏။ သမန္နာဂမနဟေတု၊ ကြောင့်။ အယံ ပဇာ၊ ကို။ ဘဂဝတာ၊ သည်။ “အဝိနိပါတဓမ္မာ၊ သော။ နိယတာ၊ သော။ သမ္ဗောဓိပရာယဏာ၊ သော။ သောတာပန္နာတိ” ဟူ၍။ ဝဒံ၊ ဤသို့။ ဗျာကတာ၊ ပြောကြားတော်မူအပ်၏။

ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့၏နည်း။ (ဤမှာဝုသော စသည်ကို စာပုဒ် ၉၉၇-စက္ကဝတ္တိရာဇသုတ်အတိုင်း သမွန်။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဒုတိယသာရိပုတ္တသုတ်

၁၀၀၁။ အထ ခေါ၊ ဦ။ အာယသ္မာ သာရိပုတ္တော၊ သည်။ ယေန၊ ဦ။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ဦ။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ဦ။ နိသိန္နံ ခေါ၊ သော။ အာယသ္မန္တံ သာရိပုတ္တံ၊ ကို။ ဘဂဝါ၊ သည်။ “သာရိပုတ္တ၊ သာရိပုတြာ။ သောတာပတ္တိယင်္ဂံ သောတာပတ္တိယင်္ဂန္တိ ဟိ ဣဒံ၊ သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်း သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်း ဟူသော ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သာရိပုတ္တ၊ ကြာ။ သောတာပတ္တိယင်္ဂံ၊ သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်းသည်။ ကတမံ နု ခေါတိ၊ အဘယ်နည်း”ဟူသော၊ တော်၊ ကို။ အဝေါစ၊ မိန့်တော်မူပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ သပ္ပုရိသသံသေဝေါ ဟိ၊ သူတော်ကောင်းကို မှီဝဲခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ သောတာပတ္တိမဂ်ကို ရခြင်း၏ အကြောင်းတည်း။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို နာခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ တည်း။ ယောနိသောမနသိကာရော၊ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ တည်း။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ၊ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်ခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ တည်း[၁]။ ဣတိ၊ ဤသို့လျှောက်၏။ သာရိပုတ္တ၊ ကြာ။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ (အကြွင်း ပေးလေ အတူတူပင်။)

သာရိပုတ္တ၊ ကြာ။ သောတော သောတောတိ ဟိ ဣဒံ၊ ရေအယဉ် ရေအယဉ်ဟူသော ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သာရိပုတ္တ၊ ကြာ။ သောတော၊ ရေအယဉ်သည်။ ကတမော နု ခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ ဘုရားရှင်ကမိန့်တော်မူ၏။ ဘန္တေ၊ ရှား။ အရိယော၊

၁။ သောတာပတ္တိယင်္ဂန္တိ သောတာပတ္တိယာ ပုဗ္ဗဘာဂပဋိလာဘင်္ဂံ။ ဋ္ဌ။ သောတာပတ္တိတိ ပဌမမဂ္ဂေါ အဓိပ္ပေတော၊ တဿ အဓိဂမူပါယော သောတာပတ္တိယင်္ဂံ၊ တေနာဟ “သောတာပတ္တိယာ ပုဗ္ဗဘာဂပဋိလာဘင်္ဂ”န္တိ။ ဋီ။

သောတာပတ္တိအတ္ထာယ အင်္ဂန္တိ သောတာပတ္တိယင်္ဂံ။ ဋ္ဌ။ သပ္ပုရိသသံသေဝ- စသော ၄-ပါးကောက်။ သောတာပတ္တိအတ္ထာယာတိ သောတာပတ္တိမဂ္ဂတ္ထာယ၊ အင်္ဂန္တိ ကာရဏံ။ ဋီ။

ပဌမမဂ္ဂသင်္ခါတာယ သောတာပတ္တိယာ အင်္ဂန္တိပိ သောတာပတ္တိယင်္ဂံ၊ ပဋိဝိဒ္ဓသောတာပတ္တိမဂ္ဂဿ သောတာပန္နဿ အင်္ဂန္တိပိ သောတာပတ္တိယင်္ဂံ။ ဋ္ဌ။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒ-စသော ၄-ပါးကို ကောက်။ ဋီ-၌ ကား ပုဗ္ဗဘာဂိယာယ သောတာပတ္တိယာ အင်္ဂံ ကာရဏန္တိ ဟု ဖွင့်၏။

မြတ်သော။ အင္ဂ်ီကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ ဟိ မဂ္ဂေါ၊ ဤမဂ်သည်သာလျှင်။ သောတော၊ ရေအယဉ်မည်၏။ ဣဒံ၊ ဤအင်္ဂါရှစ်ပါးရှိသောမဂ်သည်။ သေယျထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ မဖောက်မပြန် မှန်ကန်လှစွာ (ကိလေသာတို့မှ ထွက်မြောက်တတ်) သော အမြင် 'သမ္မာဒိဋ္ဌိ'ရင်း။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပရင်း။ သမ္မာဝါစာ၊ သမ္မာဝါစာရင်း။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တရင်း။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝရင်း။ သမ္မာဝါယာမော၊ သမ္မာဝါယာမရင်း။ သမ္မာသတိ၊ သမ္မာသတိရင်း။ သမ္မာသမာဓိ၊ မဖောက်မပြန် မှန်ကန်လှစွာ (ကိလေသာတို့မှ ထွက်မြောက်တတ်)သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'ရင်းတည်း။ ဣတိ၊ ဤသို့လျှောက်၏။ သာရိပုတ္တ၊ ဤ။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ သာရိပုတ္တ၊ ဤ။ အရိယော၊ မြတ်သော။ အင္ဂ်ီကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤ အင်္ဂါရှစ်ပါး သော မဂ်သည်သာလျှင်။ သောတော၊ ရေအယဉ်မည်၏။ ဣဒံ၊ သည်။ သေယျထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ရင်း။ပ။ သမ္မာသမာဓိ၊ ရင်းတည်း။

သာရိပုတ္တ၊ ဤ။ သောတာပန္နော သောတာပန္နောတိ ဟိ ဣဒံ၊ သောတာပန် သောတာပန် ဟူသော ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သာရိပုတ္တ၊ ဤ။ သောတာပန္နော၊ သောတာပန်သည်။ ကတမော နု ခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ ဘုရားက မေးတော်မူ၏။ ဘန္တေ၊ ရား။ ယော ဟိ၊ အကြင်ပုဂ္ဂိုလ်သည်။ အရိယေန၊ မြတ်သော။ အင္ဂ်ီကေန၊ အင်္ဂါရှစ်ပါးရှိသော။ ဣမိနာ မဂ္ဂေန၊ ဤမဂ်နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ သောတာပန္နော၊ သောတာပန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သော အယံ အာယသ္မာ၊ ထိုအရှင်သည်။ ဧဝံနာမော၊ ဤသို့သောအမည်ရှိ၏။ ဧဝံဂေါတ္တော၊ ဤသို့သော အနွယ်ရှိ၏။ ဣတိ၊ ဤသို့ လျှောက်၏။ သာရိပုတ္တ၊ ဤ။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ သာရိပုတ္တ၊ ဤ။ ယော ဟိ၊ သည်။ အရိယေန၊ သော။ အင္ဂ်ီကေန၊ သော။ ဣမိနာ မဂ္ဂေန၊ နှင့်။ သမန္နာဂတော၊ ၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ သောတာပန္နော၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သော အယံ အာယသ္မာ၊ သည်။ ဧဝံနာမော၊ ၏။ ဧဝံဂေါတ္တော၊ ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ထပတိသုတ်

၁၀၀၂။ သာဝတ္ထိနိဒါနံ၊ တည်း။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ "နိဋ္ဌိတစီဝရော၊ ပြီးပြီးသောသင်္ကန်းရှိတော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေမာသစ္စယေန၊ သုံးလလွန်သောအခါ၌။ စာရိကံ၊ လှည့်လည် အပ်သော ခရီးသို့။ ပက္កမိဿတိ၊ ဖဲသွားတော်မူလတ္တံ့။ တနည်း— စာရိကံ ပက္ကမိဿတီတိ၊ ဒေသစာရီ ကြွချီတော်မူလတ္တံ့"ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ စီဝရကမ္မံ၊ သင်္ကန်းတော်ကို ချုပ်ခြင်းအမှုကို။ ကရောန္တိ၊ ပြုကြကုန်၏။ တေန ခေါ ပန သမယေန၊ ၌။ ဣသိဒတ္တပုရာဏာ၊ ဣသိဒတ္တ (သကဒါဂါမ်) ပုရာဏ (သောတာပန်) အမည်ရှိကုန်သော။ ထပတယော၊ လက်သမား တို့သည်[၁]။ ကေနစိဒေဝ ကရဏီယေန၊ တစုံတခုသော ပြုဘွယ်ကိစ္စဖြင့်။ သာဓုကေ၊ သာဓုက

---

၁။ ထပ္သာဒိဝတ္ထုနှံ ထပယ္ဂေန ထပတိ။ မ-ဋီ ၃-၂၀။ ဝတ္ထုဝိဇ္ဇာယ ဝုတ္တဝိဓိနာ ကတ္တဗ္ဗန္တိဿဟနှိ ၠပေတီတိ ထပတိ။ သံ-ဋီ ၂-၃၅၉။

မည်သော မိမိပိုင်စားရာ ရွာသယ်၌။ ပဋိဝသန္တိ၊ နေကုန်၏။ ဣသိဒတ္တပုရာဏာ၊ ကုန်သော။ ထပတယော၊ တို့သည်။ "နိဋ္ဌိတစီဝရော၊ သော။ ဘဂဝါ၊ သည်။ တေမာသစ္စယေန၊ ၌။ စာရိကံ၊ သို့။ ပက္ကမိဿတီတိ၊ ဖဲသွားတော်မူလတ္တံ့"ဟူ၍။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ ၏။ စီဝရကမ္မံ၊ ကို။ ကရောန္တိ ကိရာတိ၊ ပြုကြကုန်သတဲ့ ဟူ၍။ အဿောသုံ ခေါ၊ ကြားကြကုန်ပြီ။

အထ ခေါ၊ ထိုအခါ၌။ ဣသိဒတ္တပုရာဏာ၊ ကုန်သော။ ထပတယော၊ တို့သည်။ "အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ တွံ၊ သင်သည်။ ယဒါ၊ အကြင်အခါ၌။ အရဟန္တံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓံ၊ ခပ်သိမ်းသောတရားတို့ကို အမှန်ကိုယ်တိုင်သိတော်မူသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အာဂစ္ဆန္တံ၊ ကြွလာတော်မူသည်ကို။ ပဿေယျာသိ၊ မြင်ရာ၏။ အထ၊ ထိုအခါ၌။ အမှာကံ၊ ငါတို့အား။ အာရောစေယျာသိတိ၊ ပြောကြားပါ"ဟု ဆို၍။ မဂ္ဂေ၊ လမ်း(အလယ်)၌။ ပုရိသံ၊ ယောကျ်ားကို။ ဌပေသုံ၊ အစောင့်ထားကြကုန်ပြီ။ ဒွိဟတီယံ၊ ၂-ရက် ၃-ရက်မျှ။ ဌိတော ခေါ၊ တည်သော။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဒူရတောဝ။ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ ကြွလာတော်မူသည်ကို။ အဒ္ဒသ၊ မြင်ပြီ။ ဒိသွာန၊ မြင်ပြီး၍။ ယေန၊ အကြင်အရပ်၌။ ဣသိဒတ္တပုရာဏာ၊ တို့သည်။ (သန္တိ၊ ရှိကုန်၏။) တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဣသိဒတ္တပုရာဏေ၊ ကုန်သော။ ထပတယော၊ တို့ကို။ "ဘန္တေ၊ အရှင်တို့။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသောတရားတို့ကို အမှန် ကိုယ်တိုင်သိတော်မူသော။ အယံ သော ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ အာဂစ္ဆတိ၊ ကြွလာတော်မူ၏။ ယဿဒါနိ၊ ယခုအခါ၌။ ယဿ၊ ယင်းနောက်တော်မှ လိုက်ခြင်း၏။ ကာလံ၊ အခါကို။ မညထာတိ၊ သိကြကုန်"ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြောဆိုပြီ။

အထ ခေါ၊ ၌။ ဣသိဒတ္တပုရာဏာ၊ ကုန်သော။ ထပတယော၊ တို့သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ကုန်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ရှိခိုးဦး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသို့။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ၊ အနုဗန္ဓိံသု၊ အစဉ်လိုက်ကုန်ပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ မဂ္ဂါ၊ လမ်းမှ။ ဩက္ကမ္မ၊ ဖယ်ဆင်း၍။ ယေန၊ ၌။ အညတရံ၊ တခုသော။ ရုက္ခမူလံ၊ သစ်ပင်ရင်းသည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ (ဣသိဒတ္တ ပုရာဏတို့)ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်နေပြီ။ ဣသိဒတ္တပုရာဏာ၊ ကုန်သော။ ထပတယော၊ တို့သည်။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ တခုသောအရပ်အဖို့၌။ နိသီဒိံသု၊ ထိုင်ကုန်ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နာ ခေါ၊ ကုန်သော။ ဣသိဒတ္တပုရာဏာ၊ ကုန်သော။ တေ ထပတယော၊ ထိုလက်သမားတို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို—

ဘန္တေ၊ မြတ်စွာဘုရား။ မယံ၊ တပည့်တော်တို့သည်။ ယဒါ၊ အကြင်အခါ၌။ ဘဂဝန္တံ၊ ကို။ "သာဝတ္ထိယာ၊ သာဝတ္ထိမြို့မှ။ ကောသလေသု၊ ကောသလတိုင်းတို့၌။ စာရိကံ ပက္ကမိဿတီတိ၊

လမ္ဘာဘိဝဍ္ဎနံ၊ ဘိုင်အဝမ္ဘိုသော အဆောက်အဦတို့ကို။ သပနုဋ္ဌေ၊ ဘည်ပ်တော် ဆာ ပတ်သော ဘန့်က် သဘောကြောင့်။ လဟာ၊ မည်၏။

ဝဍ္ဍကိ ... ပစ္စနိကကျွန်းပြု၍ ပုတ္တပိဒိန္နား ဆိုအပ်သော အိမ်အုပ်ကြင်း၊ ကင်္ဂါးမွန်သာ ယာနီး ပြုဘွယ် ဖြစ်သော ပုံရှာတို့ကို၊ ဌပေသီ၊ တည်စေတတ် ထားတတ်၏၊ ဣတိ၊ ကြောင့်။ ထပတိ၊ မည်၏၊ ဟုသမွန်။

ဒေသစာရီ ကြွချီတော်မူလတ္တံ့”ဟူ၍။ သုဏာမ၊ ကြားကုန်၏[1]။ တသ္မိံ သမယေ၊ ထိုအခါ၌။ နော၊ တပည့်တော်တို့၏။ “ဘဂဝါ၊ မြတ်စွာဘုရားသည်။ နော၊ ငါတို့မှ(ငါတို့၏မြို့မှသော်လည်း ပေး။) ဒူရေ၊ ဝေးသည်။ ဘဝိဿတိတိ၊ ဖြစ်လတ္တံ့”ဟူ၍။ အနတ္တမနတာ၊ မနှစ်သက်ခြင်းသည် (ပီတိသုခတို့ယှဉ်အပ်သော စိတ်မရှိကုန်သည်၏ အဖြစ်သည်)။ဒေါမနဿံ၊ နှလုံးမသာယာကုန်သည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဘန္တေ၊ ရား။ မယံ၊ တို့သည်။ ယဒါပန၊ အကြင်အခါ၌။ ဘဂဝန္တံ၊ ကို။ “သာဝတ္ထိယာ၊ မှ။ ကောသလေသု၊ တို့၌။ ပက္ကန္တောတိ၊ ဖဲသွားနေ၏”ဟူ၍။ သုဏာမ၊ ကုန်၏။ တသ္မိံ သမယေ၊ ၌။ နော၊ တို့၏။ “ဘဂဝါ၊ သည်။ နော၊ ငါတို့မှ။ ဒူရေတိ၊ ဝေး၏” ဟူ၍။ အနတ္တမနတာ၊ သည်။ ဒေါမနဿံ၊ သည်။ ဟောတိ၊ ၏။

(ကြွင်းဝါကျတို့၌ ထူးရာကိုသာ ပေးအံ့။)

ကောသလေဟိ၊ ကောသလတိုင်းတို့မှ။ မလ္လေသု၊ မလ္လတိုင်းတို့၌။ (ဟုပေး။ အနာဂတ်, ပစ္စုပ္ပန် ၂-ဝါကျ အကျယ်ချဲ့၍ ပေးလေ။ နောက်ဝါကျတို့၌လည်း ဤနည်းချဲ့လေ။)

မလ္လေဟိ၊ မလ္လတိုင်းတို့မှ။ ဝဇ္ဇီသု၊ ဝဇ္ဇီတိုင်းတို့၌။

ဝဇ္ဇီဟိ၊ ဝဇ္ဇီတိုင်းတို့မှ၊ ကာသီသု၊ ကာသိတိုင်းတို့၌။

ကာသီဟိ၊ ကာသိတိုင်းတို့မှ။ မာဂဓေသု၊ မာဂဓတိုင်းတို့၌။

(နောက်ဝါကျ မာဂဓေဟိဟူသော ပါဠ်ကိုထောက်၍ “ပုံဗဟုတ္တေ ကုရူ သက္ကာ”စသော မာဂဓ အဘိဓာန်နှင့်အညီ မာဂဓေသု ဟု ပြင်၍ ပေးလိုက်သည်။ ပစ္စုပ္ပန်ဝါကျ၌ အနပ္ပကာ, အနပ္ပကာ ၂-ပုဒ် ပို၏။)အနပ္ပကာ၊ မနည်းသော။ ဝါ၊ များသော။ အနတ္တမနတာ၊ သည်။ အနပ္ပကံ၊ သော။ ဒေါမနဿံ၊ သည်။ ဟောတိ၊ ၏။ ဟု သမ္ဗန်။

ဘန္တေ၊ ရား။ မယံ၊ တို့သည်။ ယဒါပန၊ အကြင်အခါ၌ကား။ ဘဂဝန္တံ၊ ကို။ “မာဂဓေဟိ၊ မာဂဓတိုင်းတို့မှ။ ကာသီသု၊ ကာသိတိုင်းတို့၌။ စာရိကံ ပက္ကမိဿတိတိ၊ ဒေသစာရီ ကြွချီတော်မူလတ္တံ့”ဟူ၍။ သုဏာမ၊ ကုန်၏။ တသ္မိံ သမယေ၊ ၌။ နော၊ တပည့်တော်တို့၏။ “ဘဂဝါ၊ သည်။ နော၊ ငါတို့မှ။ ဝါ၊ တို့နှင့်။ အာသန္နေ၊ နီးသည်။ (နိဒ္ဒေသ ၄-၅။) ဘဝိဿတိတိ၊ ဖြစ်လတ္တံ့” ဟူ၍။ အတ္တမနတာ၊ နှစ်သက်ခြင်းသည် (ပီတိသုခတို့ဖြင့် ယှဉ်အပ်သော စိတ်ရှိကုန်သည်၏ အဖြစ်သည်။) သောမနဿံ၊ ဝမ်းမြောက်ကုန်သည်၏အဖြစ်သည်။ ဟောတိ၊ ၏။ ဘန္တေ၊ ရား။ မယံ၊ တို့သည်။ ယဒါပန၊ ၌။ ဘဂဝန္တံ၊ ကို။ “မာဂဓေဟိ၊ တို့မှ။ ကာသီသု၊ တို့၌။ စာရိကံ ပက္ကန္တောတိ၊ ဒေသစာရီ ကြွချီတော်မူနေ၏”ဟူ၍။ သုဏာမ၊ ကုန်၏။ တသ္မိံ သမယေ၊ ၌။ နော၊ တို့၏။ “ဘဂဝါ၊ သည်။ နော၊ တို့မှ။ ဝါ၊ တို့နှင့်။ အာသန္နေတိ၊ နီး၏”ဟူ၍။ အတ္တမနတာ၊ သည်။ သောမနဿံ၊ သည်။ ဟောတိ၊ ၏။

(ကြွင်းသော် ဝါကျတို့၌ ထူးရာကိုသာ ရေးပေအံ့။)

ကာသီဟိ၊ တို့မှ။ ဝဇ္ဇီသု၊ တို့၌။

ဝဇ္ဇီဟိ၊ တို့မှ။ မလ္လေသု၊ တို့၌။

---

[1]။ ဤ‘ဘဂဝန္တံ သုဏာမ’၌ ‘ဘဂဝန္တံ ဧတဒဝေါစုံ’ကဲ့သို့ရင်း၊ ‘အဒ္ဒသ ဘဂဝန္တံ ဒူရတောဝ အာဂစ္ဆန္တံ’ ကဲ့သို့ရင်း “မြတ်စွာဘုရားကို ရည်းကြွတော်မူအံ့ဟူသော စကားကို ကြားကုန်၏”ဟု ကံ ၂-ခုအနေဖြင့် မှတ်ယူ ရ၏။

မလ္လေယျာ၊ တို့မှ။ ကောသလေသု၊ တို့၌။ (ဤ၌လည်း နောက်ဝါကျ ကောသလေဟိကို ယောက်၍ ကောသလေသု ဟု ပြင်၍ ပေးလိုက်သည်။)

ကောသလေဟိ၊ တို့မှ။ သာဝတ္ထိံ၊ သို့။ (ဤအနုပွကာ,အနုပ္ပတ္တံ ၂-ပုဒ်တို့၏ ရှေးနည်းအတိုင်း ပေးလေ။)

ထပတယော၊ လက်သမားတို့။ တသ္မာ၊ ထိုကြောင့်။ (ဣဟ နိပါတ်မျှ။) ဃရာဝါသော၊ အိမ်၌ နေခြင်းသည်။ သမ္ဗာဓော၊ ကျဉ်းမြောင်း၏။ ရဇာပထော၊ ကိလေသာမြူ လာရာလမ်းတည်း။ (ရဇာပထောတိ ရာဂဒေါသမောဟရဇာနံ အာပထော၊ အာဂမနဋ္ဌာနန္တိ အတ္တော။ဋ္ဌ။) ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ အဗ္ဘောကာသော၊ လွင်တီးခေါင်နှင့် တူ၏။ ထပတယော၊ တို့။ ဝေါ၊ သင်တို့သည်။ အပ္ပမာဒါယ၊ မမေ့လျော့ခြင်းငှါ။ အလဉ္စ ပန၊ ထိုက်သည်သာတည်း။ ဣတိ၊ ဤသို့ ဘုရားရှင်က မိန့်တော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ နော၊ တပည့်တော်တို့၏ အဖို့၌။ တေမှာ သမ္ဗာဓော၊ ဤအိမ်၌ နေခြင်းဟူသောကျဉ်းမြောင်းခြင်းထက်။ သမ္ဗာဓတရော စေဝ၊ အလွန်ကျဉ်း မြောင်းသည်လည်းဖြစ်သော။ သမ္ဗာဓသင်္ခါတတရော စ၊ အလွန်ကျဉ်းမြောင်းသည်ဟု ဆိုအပ်သည် လည်းဖြစ်သော။ အညော၊ တပါးသော။ သမ္ဗာဓော၊ ကျဉ်းမြောင်းခြင်းသည်။ အတ္ထိ ခေါ၊ ရှိသည်သာတည်း။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ထပတယော၊ တို့။ ဝေါ၊ သင်တို့၏အဖို့၌။ တေမှာ သမ္ဗာဓာ၊ ထက်။ သမ္ဗာဓတရော စေဝ၊ သော။ သမ္ဗာဓသင်္ခါတတရော စ၊ သော။ အညော၊ သော။ သမ္ဗာဓော၊ သည်။ ကတမော ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဘန္တေ၊ ရား။ မယံ၊ တပည့်တော်တို့သည်။ (ကပ္ပေတွာ, နိသီဒါပေမ-တို့၌ စပ်။) ဣဓ၊ ဤ သာဝတ္ထိမြို့တော်၌။ ယဒါ၊ အကြင်အခါ၌။ (ကာယသမ္ပဿော ဟောတိအထိ စပ်။) ပသေနဒိ ၊ မျိုးသော စစ်သည်ဗိုလ်ပါရှိသော။ ကောသလော ရာဇာ၊ ကောသလမင်းသည်။ ဥယျာနဘူမိံ၊ ဥယျာဉ်တော်သို့။ နိယျာတုကာမော၊ ထွက်တော်မူလိုသည်။ ဟောတိ၊ ၏။ ပသေနဒိဿ၊ သော။ ကောသလဿ ရညော၊ ကောသလမင်း၏။ ဩပဝယှာ၊ စီးတော်ဆင်ဖြစ်ကုန်သော။ ယေ တေ နာဂါ၊ အကြင်ဆင်တော်တို့သည်။ (သန္တိ၊ ရှိကုန်၏။) တေ၊ ထိုဆင်တော်တို့ကို။ ကပ္ပေတွာ၊ ပြင်ဆင်၍။ ပသေနဒိဿ၊ သော။ ကောသလဿ ရညော၊ ၏။ ပိယာ၊ ချစ်ခင် နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို ပွါးစေတတ်ကုန်သော။ ယာ တာ ပဇာပတိ-ယော၊ အကြင် မိဖုရား မောင်းမတို့သည်။ (သန္တိ၊ ရှိကုန်၏။) တာ၊ ထိုမိဖုရားမောင်းမတို့ကို။ ဧကံ၊ ဆင်တကောင်ကို။ ပုရတော၊ ရှေ့မှ။ ဧကံ၊ ဆင်တကောင်ကို။ ပစ္ဆတော၊ နောက်မှ။ (ကတွာ၊ ပြု၍။) နိသီဒါပေမ၊ ဆင် ၂-ကောင်ပေါ်၌ ထိုင်နေစေကြကုန်၏။(ရှေ့ဘက်မှ မောင်းမတို့ စီးသော ဆင်တစီး, အလယ်မှ မင်းစီးသော ဆင်တစီး, နောဖက်မှ မောင်းမတို့စီးသော ဆင်တစီး ထား၍ ဘေး ၂-ဖက်မှ တပည့်တော်တို့က တယောက်စီ ညပ်ကာ လိုက်ပါကြရကုန်၏ဟူလို။)

ဘန္တေ၊ ရား။ တာသဝေ၊ ထိုဓားတို့သာလျှင်။ ဝိဝရိယမာနဿ၊ ဖွင့်အပ်သော။ ဂန္ဓ-ကရဏ္ဍကဿ၊ နံ့သာကြုပ်၏။ (ဂန္ဓော သေယျထာပိ နာမ၊ အနံ့ကဲ့သို့။) ဂန္ဓေန၊ နံ့သာဖြင့်။ ဝိဘူသိတာနံ၊ လိမ်းခြယ်နံ့သအပ်ကုန်သော၊ရာဇကညာနံ ယထာ၊မင်းသမီးတို့၏ကဲ့သို့။ (ဤဥပမာ ၂-ခုအနက် ရှေ့ဥပမာက ဂန္ဓော, နောက်ဥပမာက ဘဂိနီနံနှင့် ပမာပြုသည်။) ဝေဒ္ဓပေါ၊ ဤအတူ သဘောရှိသော။ တာသံ ခေါ ပန ဘဂိနီနံ၊ ထို(မင်း၏ မိဖုရား မောင်းမ) နှမတို့၏။ ဂန္ဓော၊ အနံ့သည်။ ဟောတိ၊ ၏။ ဘန္တေ၊ ရား။ တူလပိစုနော ဝါ၊ လဲဂွမ်း၏ရင်း။ ကပ္ပါသပိစုနော ဝါ၊

ဝါဂ္ဂမ်းဓါရင်း။ (သမ္ဗာဓော ဃရာဝါသော ရဇာပထော ... ) သုခေမိတာနံ၊ ချမ်းသာစွာ ကြီးပွါးကုန်သော။ ရာဇကညာနံ ယသာ၊ မင်းသမီးတို့၏ကဲ့သို့။ (ဤ၌လည်း ရှေးဥပမာအတိုင်း ၂-မျိုးခွဲ။) ဇေဝ္ဂုပေါ၊ ဤအတူသဘောရှိသော။ တာသံ ခေါ ပန ဘဂိနီနံ၊ ထိုနှမတို့၏။ ကာယ-သမ္ဗာဓော၊ ကိုယ်အစေ့သည်။ ဟောတိ၊ ၏။ ဘန္တေ၊ ရား။ တသ္မိံ ခေါ ပန သမယေ၊ ထိုအခါ ၌။ နာဂေါဟံ၊ ဆင်အပေါင်းကိုလည်း။ ရက္ခိတဗ္ဗာ၊ (မှန်မရစ်အောင်) စောင့်ရှောက်အပ်သည်။ ဟောတိ၊ ၏။ တာပိ ဘဂိနိယော၊ ထိုနှမတို့ကို။ ရက္ခိတဗ္ဗာ၊ (မမေ့မလျော့အောင် ပြင်စိတ် မကျူးအောင်) စောင့်ရှောက်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အတ္တာပိ၊ မိမိကိုလည်း။ ရက္ခိ-တဗ္ဗော၊ (ပြုံးခြင်းစသည် မပြုမိအောင်) စောင့်ရှောက်အပ်သည်။ ဟောတိ၊ ၏။ ဘန္တေ၊ ရား။ မယံ၊ တပည့်တော်တို့သည်။ တာသု ဘဂိနီသု၊ ထိုနှမတို့၌။ ပါပကံ၊ ယုတ်မာသော။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေတာရော၊ ဖြစ်စေမိကုန်သည်ဟူ၍။ (ဥပ္ပါဒေတာ ရှိသော်လည်း မယံ ဟူသော ကတ္တား ပုဒ်နှင့် ညီအောင် ဥပ္ပါဒေတာရောဟု ပြင်၍ သမ္ဗန်သည်။) န ခေါ ပန အဘိဇာနာမ၊ မသိမမှတ် မိပါကုန်။ ဘန္တေ၊ ရား။ နော၊ တပည့်တော်တို့၏ အဖို့၌။ တေမှာ သမ္မာခ၊ ထက်။ သမ္မာခ-တရော စေဝ၊ သော။ သမ္မာခသင်္ကတတရော စ၊ သော။ အညော၊ သော။ သမ္မာခော၊ သည်။ အယံ ခေါ၊ ဤသည်ပင်တည်း။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။

ထပတယော၊ တို့။ တသ္မာ၊ ကြောင့်။ပ။ အပ္ပမာဒါယ၊ ငှါ။ အလဉ္စ ပန၊ တည်း။ ထပတယော၊ တို့။ စတူဟိ ခေါ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာတပည့်သည်။ အဝိနိပါတဓမ္မော၊ အပါယ်ကျခြင်း သဘောမရှိသော။ နိယတော၊ မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ၊ ၏။

(ကတမေဟိ စတူဟိ မှစ၍ သံဃေ။ပ။အာထိ ပေးမြဲ)

ဝိဂတမလမစ္ဆေရေန၊ ကင်းသော မစ္ဆေရ အညစ်အကြေးရှိသော။ စေတသာ၊ စိတ်ဖြင့်။ မုတ္တစာဂေါ၊ မငဲ့မကွက် လွှတ်လွှတ် စွန့်ကြဲခြင်းရှိသူဖြစ်၍။ ပယတပါဏိ၊ (ပေးလှူခြင်းငှါ အမြဲ) ဆေးကြောထားအပ်သော လက်ရှိသူဖြစ်၍။ ဝေါဿဂ္ဂရတော၊ စွန့်လွှတ်ခြင်း၌မွေ့လျော်သူဖြစ်၍။ ယာစယောဂေါ၊ သူတပါးတို့တောင်းခြင်းငှါ လျောက်ပတ်သူဖြစ်၍။ ဒါနသံဝိဘာဂရတော၊ ပေး ကမ်းခြင်း ခွဲဝေခြင်း၌ မွေ့လျော်သူဖြစ်၍။ အဂါရံ၊ အိမ်၌။ အဇ္ဈာဝသတိ၊ နေ၏။ (ဤ၌ အဇ္ဈာ-ဂါရံ ဝသတိဟု ပါဠိပျက်သည်။ အဂါရံ အဇ္ဈာဝသတိ-ရှိသင့်၏။ ဤနှင့်အလားတူ သံ ၁-၂၃၀ ၌ အဂါရံ အဇ္ဈာဝသေယျံကို ထောက်။) ထပတယော၊ တို့။ စတူဟိ၊ ကုန်သော။ ဣမေဟိ ခေါ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ သော။ အရိယသာဝကော၊ သည်။ အဝိနိပါတဓမ္မော၊ သော။ နိယတော၊ သော။ သမ္ဗောဓိပရာယဏော၊ သော။ သောတာပန္နော၊ သည်။ ဟောတိ၊ ၏။

ထပတယော၊ တို့။ တုမှေ ခေါ၊ သင်တို့သည်။ပ။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာ-ဂတာ၊ ပြည့်စုံကုန်၏။ပ။ ဓမ္မေ၊ ၌။ပ။ သံဃေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတာ၊ ကုန်၏။ ကုလေ၊ အိမ်၌။ (ကုလသဒ္ဒါ အမျိုးဟောသော်လည်း ဤ၌ တင်စား၍ 'အိမ်၌'ဟု သမ္ဗန်လိုက် သည်။) ယံ ခေါ ပန ကိဉ္စိ ဒေယျဓမ္မံ၊ အကြင်တစုံတရာသော ပေးလှူဖွယ်သည်။ (အတ္ထိ၊ ၏။) သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုပေးလှူဖွယ်ကို။ သီလဝန္တေဟိ၊ သီလရှိကုန်သော။ ကလျာဏဓမ္မေဟိ၊

ကောင်းသောသဘောရှိကုန်သောပုဂ္ဂိုလ်တို့နှင့်။(တုမှေဟိ၊သင်တို့သည်။)အပ္ပဋိဝိဘတ္တံ၊(ဤဟာကငါတို့ဘို့၊ ဤဟာက ရဟန်းတို့ဘို့ ဟု) မခွဲခြမ်းအပ်။ ထပတယော၊ တို့။ တံ၊ ထို ငါဘုရားမေးမည့်စကားကို။ ကိံ မညထ၊ အဘယ်သို့ မှတ်ထင် ဖြေဆိုကြမည်နည်း။ ယေ၊ အကြင်လူတို့သည်။ ဒါနသံဝိဘာဂေ၊ ပေးကမ်းခြင်း ခွဲခြမ်းဝေဘန်ခြင်း၌။ (ယဒိဒံ အနက်မဲ့။) တုမှာကံ၊ သင်တို့နှင့်။ သမသမာ၊ ညီတူညီမျှဖြစ်ကုန်၏။ ကောသလေသု၊ ကောသလတိုင်းတို့၌။ တေ မနုဿာ၊ ထိုလူတို့သည်။ ကတိဝိဓေ၊ အဘယ်မျှလောက် အပြားရှိကုန်သနည်း။ (ဘယ်လောက် များကုန်သနည်းဟူလို။)ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရား။ ယေသံ နော၊ အကြင်တပည့်တော်တို့၏(လှူဒါန်းပေးကမ်း ခွဲဝေခြမ်းမှု များသည်ကို)။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိတော်မူ၏။ တေသံ နော၊ ထိုတပည့်တော်တို့၏။ လာဘာ၊ (အရတော်သော) လာဘ်တို့တည်း။ (လာဘ်ပဲဟေ့ ဟူလို။) ဘန္တေ၊ ရား။ တေသံ နော၊ တို့၏။ သုလဒ္ဓံ၊ ကောင်းစွာရအပ်သော လာဘ်တည်း။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဝေဠုဒွါရေယျသုတ်

၁၀၀၃။ (ဝေံ မေ သုတံ ပေးမြဲ။) ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကောသလေသု၊ ကောသလတိုင်း၌။ စာရိကံ စရမာနော၊ ဒေသစာရီ လှည့်လည်သည်မှုသော်။ မဟတာ၊ မြတ်လည်းမြတ် များလည်းများသော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ယေန၊ အကြင်အရပ်၌။ ဝေဠုဒွါရံ နာမ၊ ရွာတံခါးဝ၌ ဝါးခြုံရှိသောကြောင့် ဝေဠုဒွါရမည်သော။ ကောသလာနံ၊ ကောသလတိုင်း၏။ ဗြာဟ္မဏဂါမော၊ ပုဏ္ဏားရွာသည်။ (အတ္ထိ၊ ၏။) တံ၊ ထိုဝေဠုဒွါရပုဏ္ဏားရွာသို့။ အဝသရိ၊ ဆိုက်ရောက်တော်မူပြီ။ ဝေဠုဒွါရေယျကာ၊ ဝေဠုဒွါရရွာသားဖြစ်ကုန်သော။ တေ ဗြာဟ္မဏဂဟပတိကာ၊ ထိုပုဏ္ဏားသူကြွယ်တို့သည်။ "ဘော၊ အချင်းတို့။ သကျပုတ္တော၊ သာကီဝင်မင်းသားဖြစ်သော။ သကျကုလာ၊ သာကီဝင်မျိုးမှ။ ပဗ္ဗဇိတော၊ ရဟန်းပြုသော။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ ကောသလေသု၊ ကောသလတိုင်း၌။ မဟတာ၊ သော။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ စာရိကံ စရမာနော၊ သော်။ ဝေဠုဒွါရံ၊ သို့။ အနုပ္ပတ္တော ခလု၊ ရောက်တော်မူသတတ်။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ အဘိ၊ ထိုအရှင်ဂေါတမ၏။ 'ဣတိပိ သော ဘဂဝါ။ပ။ ဗုဒ္ဓေါ ဘဂဝါတိ၊ ဘဂဝါ'ဟူ၍။ ဧဝံ၊ ဤသို့။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောခြင်းသည်။ ဝါ၊ ချီးကျူးသံသည်။ ဥဂ္ဂတော၊ တက်၏။ (ဂုဏ်တော်နက်များကို ဝေဠုဒွါရဝဂ် စာပိုဒ် ၉၉၇ ဓက္ကဝတ္တိရာဇသုတ်၌ ရေးခဲ့ပြီ။) သော၊ ထိုအရှင်ဂေါတမသည်။ သဒေဝကံ၊ နတ်ပြည် ၅-ထပ်နှင့် တကွဖြစ်သော။ သမာရကံ၊ ဝသဝတ္တီ မာရ်မင်းပြည်နှင့် တကွဖြစ်သော။ သဗြဟ္မကံ၊ ဗြဟ္မာပြည် ၂၀-နှင့်တကွဖြစ်သော။ ဣမံ လောကံ၊ ဤသြကာသ လောကကို။ သဿမဏဗြာဟ္မဏိံ၊ သာသနာ တွင်း ပရဟန်းပုဏ္ဏားနှင့် တကွဖြစ်သော။ သဒေဝမနုဿံ၊ သမုတိနတ်ဟူသောလူမင်း ကြွင်းသောလူအပေါင်းနှင့် တကွဖြစ်သော။ ပဇံ၊ ဤသတ္တလောကကို။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။(ဖွဲ့သိဒါ ယေ ဘနိသော ဉ္ဈကဲ့သို့ ယကျေ။)သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒေတိ၊ သိစေတော်မူ၏။ သော၊ ထိုအရှင်ဂေါတမသည်။ အာဒိကလျာဏံ၊ အစ၌ကောင်းခြင်းရှိသော။ မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းခြင်းရှိသော။ ပရိယောသာနကလျာဏံ၊ အဆုံး၌

ကောင်းခြင်းရှိသော။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသော။ ကေဝလ-ပရိပုဏ္ဏံ၊ (ဖြည့်စွက်ဖွယ်မလို) အလုံးစုံပြည့်စုံသော။ ပရိသုဒ္ဓံ၊ (ပယ်နုတ်ဖွယ် မလို) ထက်ဝန်းကျင် စင်ကြယ်သော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။ တထာရူပါနံ၊ ထိုသို့သဘောရှိကုန်သော။ အရဟတံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့ကို။ ဒဿနံ/ ဖူးမြင်ရခြင်းသည်။ သာဓု ခေါ် ပန၊ ကောင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏” ဟူ၍ ဆန္ဒပြု၍။ အဿောသုံ ခေါ်၊ ကြားကုန်သည်သာတည်း။

အထ ခေါ်၊ ၌။ ဝေဠုဒွါရေယျကာ၊ ကုန်သော။ တေ ဗြာဟ္မဏဂဟပတိကာ၊ တို့သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ကုန်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ အပ္ပေကစ္စေ၊ အချို့သောသူတို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တခုသောအရပ်အဖို့၌။ နိသီဒိံသု၊ ထိုင်နေကုန်ပြီ။ အပ္ပေကစ္စေ၊ တို့သည်။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိံသု၊ နှုတ်ဆက်ခေါ် ပြော ရောနှောမိကုန်ပြီ။ သမ္မောဒနီယံ၊ ဝမ်းမြောက်ဖွယ်ဖြစ်သော။ သာရဏီယံ၊ တသက်လုံး မှတ်သားဖွယ် အောက်မေ့ဖွယ် ဖြစ်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြောဆိုပြီးဆုံးစေ၍။ ဧကမန္တံ၊ ၌။ နိသီဒိံသု၊ ကုန်ပြီ။ အပ္ပေကစ္စေ၊ တို့သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဏာမေတွာ၊ ညွတ်စေ၍ (ချီ၍)။ ဧကမန္တံ၊ ၌။ နိသီဒိံသု၊ ကုန်ပြီ။ အပ္ပေကစ္စေ၊ တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ နာမဂေါတ္တံ၊ အမည်အနွယ်ကို။ သာဝေတွာ၊ နားကြားစေ၍။ (လျှောက်၍ ဟူလို။) ဧကမန္တံ၊ ၌။ နိသီဒိံသု၊ ကုန်ပြီ။ အပ္ပေကစ္စေ၊ တို့သည်။ တုဏှီဘူတာ၊ တိတ်ဆိတ်စွာနေကုန်လျက်။ ဧကမန္တံ၊ ၌။ နိသီဒိံသု၊ ကုန်ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နာ ခေါ်၊ ထိုင်နေကုန်သော။ ဝေဠုဒွါရေယျကာ၊ ကုန်သော။ တေ ဗြာဟ္မဏဂဟပတိကာ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ “ဘော ဂေါတမ၊ အရှင်ဂေါတမ။ မယံ၊ အကျွန်ုပ်တို့သည်။ ဧဝံ-ကာမာ၊ ဤလိုသော အလိုရှိကုန်၏။ ဧဝံဆန္ဒာ၊ ဤသို့သော ဆန္ဒရှိကုန်၏။ ဧဝံအဓိပ္ပါယာ၊ ဤသို့သော တောင့်တခြင်းရှိကုန်၏။ ပုတ္တသမ္ဗာဓသယနံ အဓိ၊ သားသမီးဖြင့်ကျဉ်းကြပ်သော အိပ်ရာ၌။ အာဝသေယျာမ၊ နေထိုင်လိုကုန်၏။ (လူ့ဘောင်၌ နေလိုကုန်၏။) ကာသိကစန္ဒနံ၊ ကာသိတိုင်း၌ ဖြစ်ထွန်းသော စန္ဒကူးနံ့သာကို။ ပစ္စနုဘဝေယျာမ၊ ခံစား လိမ်းကျံလိုကုန်၏။ မာလာဂန္ဓဝိလေပနံ၊ ပန်း၊ နံ့သာ လိမ်းကျံစရာ နံ့သာပျောင်းကို။ ဓာရေယျာမ၊ ပန်ဆင် ဆွတ်ဖျန်း လိမ်းကျံလိုကုန်၏။ ဇာတရူပရဇတံ၊ ရွှေငွေကို။ သာဒိယေယျာမ၊ သာယာလိုကုန်၏။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ မရဏာ၊ သေခြင်းမှ။ အပရံ၊ နောက်၌။ သုဂတိံ၊ ကောင်းသောဂတိဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇေယျာမ၊ ရောက်လိုကုန်၏။ ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ ဧဝံကာမာနံ၊ ဤသို့သော အလိုရှိကုန်သော။ ဧဝံဆန္ဒာနံ၊ ဤသို့သော ဆန္ဒရှိကုန်သော။ ဧဝံအဓိပ္ပါယာနံ၊ ဤသို့သော တောင့်တခြင်း ရှိကုန်သော။ တေသံ နော၊ ထိုတပည့်တော်တို့အား။ ယထာ၊ အကြင် အခြင်းအရာအားဖြင့်။ (ဒေသိယမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။) မယံ၊ တို့သည်။ ပုတ္တသမ္ဗာဓသယနံ အဓိ၊ ၌။ အာဝသေယျာမ၊ ကုန်၏။ပ။ သဂ္ဂံ လောကံ၊ သို့။ ဥပပဇ္ဇေယျာမ၊ ကုန်၏။ တထာ၊ ထို အခြင်းအရာအားဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူပါ” ဟူသော။ ဧတံ၊ ဤ စကားကို။ အဝေါစုံ၊ လျှောက်ကုန်ပြီ။

ဂဟပတယော၊ အိမ်ရှင်သူကြွယ်တို့။ ဝေါ၊ သင်တို့အား။ အတ္တူပနာယိကံ၊ မိမိ၌ ကပ်ဆောင်ထိုက်သော [၁]။ ဓမ္မပရိယာယံ၊ တရားဒေသနာတော်ကို။ ဒေသေဿာမိ၊ ဟောတော်မူအံ့။ တံ၊ ထိုတရားဒေသနာကို။ သုဏာထ၊ နာကြကုန်။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်။ ဘာသိဿာမိ၊ ဟောတော်မူအံ့။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဝေဠုဒွါရေယျကာ၊ ကုန်သော။ တေ ဗြာဟ္မဏဂဟပတိကာ၊ တို့သည်။ "ဧဝံ ဘောတိ၊ ကောင်းပြီအရှင်" ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏(စကားတော်ကို)။ ပစ္စဿောသုံ၊ ရှေးရှုနာခံကုန်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်—

ဂဟပတယော၊ တို့။ အတ္တူပနာယိကော၊ မိမိ၌ကပ်ဆောင်ထိုက်သော။ ဓမ္မပရိယာယော၊ တရားဒေသနာတော်သည်။ ကတမော စ၊ အဘယ်နည်း။ ဂဟပတယော၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာတပည့်သည်။ "အဟံ ခေါ၊ ငါသည်။ ဇီဝိတုကာမော၊ အသက်ရှင်ခြင်းငှါ အလိုရှိသည်။ အမရိတုကာမော၊ မသေခြင်းငှါအလိုရှိသည်။ သုခကာမော၊ ချမ်းသာကိုအလိုရှိသည်။ ဒုက္ခပ္ပဋိကူလော၊ ဆင်းရဲကိုစက်ဆုပ်သည်။ အသို့ ဖြစ်၏။ ယော ခေါ၊ အကြင်သူသည်။ ဇီဝိတုကာမံ၊ အသက်ရှင်ခြင်းငှါ အလိုရှိသော။ အမရိတုကာမံ၊ မသေခြင်းငှါ အလိုရှိသော။ သုခကာမံ၊ ချမ်းသာကို အလိုရှိသော။ ဒုက္ခပ္ပဋိကူလံ၊ ဆင်းရဲကို စက်ဆုပ်သော။ မံ၊ ငါ့ကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေယျ၊ ခွဲခြားအံ့။ မေ၊ ငါသည်။ တေ၊ ဤသူ၏ အသက်မှခွဲခြင်းသည်။ ဝါ၊ ကို။ ပိယံ၊ ချစ်အပ်သည်။ (မေ၊ ၏။) မနာပံ၊ စိတ်နှလုံးကိုပွါးစေတတ်သည်။ န အဿ၊ မဖြစ်ရာ။ (ဤ၌ ယော အနိယမနှင့် တံ နိယမ အစွဲအကုန်မတူ သတိပြုရန်။) အဟဉ္စေ ခေါ ပန၊ ငါသည်လည်း။ ဇီဝိတုကာမံ၊ သော။ အမရိတုကာမံ၊ သော။ သုခကာမံ၊ သော။ ဒုက္ခပ္ပဋိကူလံ၊ သော။ ပရံ၊ သူတပါးကို။ ဇီဝိတာ၊ မှ။ ဝေါရောပေယျံ၊ အံ့။ ပရဿပိ၊ သူတပါးသည်လည်း။ တံ၊ ထိုသူ၏အသက်မှ ခွဲခြင်းသည်။ ဝါ၊ ကို။ အပ္ပိယံ၊ သည်။ (ပရဿပိ၊ ၏လည်း။) အမနာပံ၊ သည်။ အဿ၊ ရာ၏။ မေ၊ ငါသည်။ ယော အယံ ဓမ္မော၊ အကြင်သဘောတရားကို။ ဝါ၊ သည်။ အပ္ပိယော၊ မချစ်အပ်သည်။ အမနာပေါ၊ စိတ်နှလုံးကို မပွါးစေတတ်သည်။ အဿ၊ ဖြစ်ရာ၏။ ပရဿပိ၊ သူတပါးသည်လည်း။ သော ဓမ္မော၊ ဤသဘောတရားကို။ ဝါ၊ သည်။ အပ္ပိယော၊ သည်။ အမနာပေါ၊ သည်။ (အဿ၊ ရာ၏။) မေ၊ ငါသည်။ ယော ခေါ အယံ ဓမ္မော၊ ကို။ ဝါ၊ သည်။ အပ္ပိယော၊ သည်။ အမနာပေါ၊ သည်။ (အဿ၊ ရာ၏။) တေန၊ ထိုသဘောတရားနှင့်။ ပရံ၊ သူတပါးကို။ အဟံ၊ ငါသည်။ ကထံ သံယောဇေယျန္တိ၊ အဘယ်ကြောင့် ယှဉ်စေရာအံ့နည်း" ဟူ၍။ ဣတိ၊ ဤသို့။ ပဋိသင်္ခါယ၊ ဆင်ခြင်၏။ သော၊ ထိုအရိယာ တပည့်သည်။ ဣတိ၊ ဤသို့။ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ အတ္တနာ စ၊ ကိုယ်တိုင်လည်း။ ပါဏာတိပါတာ၊ သူ့အသက်ကို (သေချိန်မကျခင်) လျင်စွာချခြင်း သတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ပါဏာတိပါတာ၊ မှ။ ဝေရမဏိယာ၊ ရှောင်ကြဉ်ခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။

---

၁။ အတ္တူပနာယိကန္တိ အတ္တနိ ဥပနေတဗ္ဗံ။ ၌။ အတ္တနိ ဥပနေတဗ္ဗန္တိ အတ္တနိ နေတွာ ပရသ္မိံ ဥပနေတဗ္ဗံ တေနာဟ "ယော ခေါ မျာယံ ဓမ္မော အပ္ပိယော အမနာပေါ ပရဿ ပေသော ဓမ္မော အပ္ပိယော အမနာပေါ"တိအာဒိ။ ဌီ။ အတ္တူပနာယိကံ၊ မိမိ၌ ကပ်ဆောင်ပြီးသော် သူတပါး၌ ကပ်ဆောင်ထိုက်သော ဟု-သမ္ဗန်။ အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ-ဟူသော ဓမ္မပဒနှင့်အညီ အတ္တူပနာယိကံ၊ မိမိ၌ ဥပမာဆောင်ထိုက်သော-ဟူသော်လည်း ပေးနိုင်၏။

ပါဏာတိပါတာ၊ မှ။ ဝေရမဏိယာ စ၊ ၏လည်း။ ဝဏ္ဏံ၊ ကျေးဇူးစကားကို။ ဝါ၊ ချီးမွမ်းခြင်းကို။ ဘာသတိ၊ ပြော၏။ ဝေံ၊ ဤသို့ သူ့အသက်မသတ်ခြင်း၌ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်းသည် ရှိသော်။ အဿ၊ ထိုအရိယာသာဝက၏ တိကောဋိပရိသုဒ္ဓေါ၊ ၃-ပါးသော အစွန်းမှ စင်ကြယ်သော။ အယံ ကာယသမာစာရော၊ ဤကိုယ်အကျင့်သည်။ ဟောတိ၊ ၏။

ဂဟပတယော၊ တို့။ ပုန စပရံ၊ တဖန်ထို့ပြင်လည်း။ အရိယသာဝကော၊ သည်။ "ယော ခေါ၊ အကြင်သူသည်။ မေ၊ ငါ၏။ အဒိန္နံ၊ မပေးအပ်သော ဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးယူလိုမှု စိတ်အစုဖြင့်။ အာဒိယေယျ၊ ခိုးယူငြားအံ့။ မေ၊ ငါသည်။ တံ၊ ဤသူ၏ ခိုးယူခြင်းကို။ ဝါ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ န အဿ၊ မဖြစ်ရာ။ အဟဉ္စေဝ ခေါ ပန၊ ငါသည်လည်း။ ပရဿ၊ သူတပါး၏။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယေယျံ၊ အံ့။ ပရဿပိ၊ သည်လည်း။ တံ၊ ထို ငါ၏ ခိုးယူခြင်းကို။ ဝါ၊ သည်။ အပ္ပိယံ၊ သည်။ အမနာပံ၊ သည်။ အဿ၊ ရာ၏။ပ။ ကထံ သံယောဇေယျန္တိ၊ အံ့နည်း"ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္ခါယ၊ ၍။ သော၊ ထိုအရိယာ သာဝကသည်။ ပဋိသင်္ခါယ၊ ၍။ အတ္တနာ စ၊ ကိုယ်တိုင်လည်း။ အဒိန္နာဒါနာ၊ အရှင် မပေးအပ်သော ဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ပ။ ဝေံ၊ ဤသို့ သူ့ဥစ္စာကို မခိုးခြင်း၌ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်းသည် ရှိသော်။ အဿ၊ ၏။ တိကောဋိပရိသုဒ္ဓေါ၊ သော။ အယံ ကာယသမာစာရော၊ သည်။ ဟောတိ၊ ၏။

ဂဟပတယော၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ "ယော ခေါ၊ သည်။ မေ၊ ငါ၏။ ဒါရေသု၊ မယားတို့၌။ (သဒ္ဒါဗဟုဝုစ်ဖြစ်သော်လည်း အနက်ကေဝုစ်သာ။) စာရိတ္တံ၊ ပြုကျင့်သည်၏အဖြစ်သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ မေ၊ သည်။ တံ၊ ဤသူ၏ ငါ့မယား၌ပြုကျင့်ခြင်းသို့ ရောက်ခြင်းကို။ ဝါ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ န အဿ၊ မဖြစ်ရာ။ အဟဉ္စေဝ ခေါ ပန၊ ငါသည်လည်း။ ပရဿ၊ သူတပါး၏။ ဒါရေသု၊ မယား၌။ စာရိတ္တံ၊ သို့။ အာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ပရဿပိ၊ သည်လည်း။ တံ၊ ထိုငါ၏ သူ့မယား၌ ပြုကျင့်ခြင်းသို့ ရောက်ခြင်းကို။ ဝါ၊ သည်။ အပ္ပိယံ၊ သည်။ အမနာပံ၊ သည်။ အဿ၊ ရာ၏။ပ။ ကထံ သံယောဇေယျန္တိ၊ အံ့နည်း" ဟူ၍။ ဣတိ၊ ဤသို့။ ပဋိသဉ္ခါယ၊ ၍။ သော၊ ထို အရိယာသာဝကသည်။ ဣတိ၊ သို့။ ပဋိသင်္ခါယ၊ ၍။ အတ္တနာ စ၊ လည်း။ ကာမေသုမိစ္ဆာစာရာ၊ ဝတ္ထုကာမတို့၌ ယုတ်မာသော အကျင့်မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ပ။ ဝေံ၊ ဤသို့ သူ့မယားကို မသွားလာခြင်း၌ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်းသည် ရှိသော်။ အဿ၊ ၏။ တိကောဋိပရိသုဒ္ဓေါ၊ သော။ အယံ ကာယသမာစာရော၊ သည်။ ဟောတိ၊ ၏။

ဂဟပတယော၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ "ယော ခေါ၊ သည်။ မုသာဝါဒေန၊ မဟုတ်မမှန် ပြောဆိုခြင်းဖြင့်။ မေ၊ ငါ၏။ အတ္ထံ၊ အကျိုးကို။ ဘဉ္ဇေယျ၊ ဖျက်ဆီးငြားအံ့။ မေ၊ ငါသည်။ တံ၊ ဤသူ၏ (မဟုတ်မမှန် ပြောခြင်းဖြင့် အကျိုးကို) ဖျက်ဆီးခြင်းကို။ ဝါ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ န အဿ၊ ရာ။ အဟဉ္စေဝ ခေါ ပန၊ ငါသည်လည်း။ မုသာဝါဒေန၊ ဖြင့်။ ပရဿပိ၊ သူတပါး၏လည်း။ အတ္ထံ၊ ကို။ ဘဉ္ဇေယျံ၊ အံ့။ ပရဿပိ၊ သူတပါးသည်လည်း။ တံ၊ ထို ငါ၏ (မဟုတ်မမှန် ပြောခြင်းဖြင့် သူ့အကျိုးကို) ဖျက်ဆီးခြင်းကို။ ဝါ၊ သည်။ အပ္ပိယံ၊ သည်။ အမနာပံ၊ သည်။ အဿ၊ ဖြစ်ရာ၏။ပ။ ကထံ သံယောဇေယျန္တိ၊ အံ့နည်း"ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္ခါယ၊ ၍။ သော၊ ထိုအရိယာ

သာဝကသည်။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ၍။ အတ္တနာ ၈၊ လည်း။ မုသာဝါဒါ၊ မဟုတ်မမှန် ပြောခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ပ။ ဧဝံ၊ ဤသို့။ မဟုတ်မမှန် မပြောခြင်း၌ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်းသည်ရှိသော်။ အဿ၊ ၏။ တိကောဋိပရိသုဒ္ဓေါ၊ သော။ အယံ ဝစီ-သမာစာရော၊ ဤနှုတ်အကျင့်သည်။ ဟောတိ၊ ၏။

ဂဟပတယော၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ "ယော ခေါ၊ သည်။ မံ၊ ငါ့ကို။ ပိသုဏာယ ဝါစာယ၊ ချောပစ်ကုန်းတိုက်သော စကားဖြင့်။ မိတ္တေ၊ မိတ်ဆွေတို့ကို။ ဘိန္ဒေယျ၊ ဖျက်ဆီးငြားအံ့။ (သျှာ-ကံ-ဋ္ဌ-က-မူအလို-မိတ္တေဟိ၊ မိတ်ဆွေတို့နှင့်။ ဘေဒေယျ၊ ကွဲပြားစေငြားအံ့-ဟု သမ္ဗန်။ "ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ" ဟူသော ဝိ-၃-နှင့် ညီ၏။) မေ၊ ငါသည်။ တော၊ ဤသူ၏မိတ်ဖျက်ခြင်းကို။ ဝါ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ န အဿ၊ ရာ။ အဟံ စေဝ ခေါ ပန၊ ငါသည်လည်း။ ပရံ၊ သူတပါးကို။ ပိသုဏာယ ဝါစာယ၊ ဖြင့်။ မိတ္တေ၊ တို့ကို။ ဘိန္ဒေယျံ၊ အံ့။ ပရဿပိ၊ သည်လည်း။ တံ၊ ထိုငါ၏ မိတ်ဖျက်ခြင်းကို။ ဝါ၊ သည်။ အပ္ပိယံ၊ သည်။ အမနာပံ၊ သည်။ န အဿ၊ ရာ။ပ။ ကထံ သံယောဇေယျန္တိ၊ အံ့နည်း" ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ၏။ပ။ ဧဝံ၊ ဤသို့ ကုန်းမတိုက်ခြင်း၌ ကိုယ်တိုင်,တိုက်တွန်း,ချီးမွမ်းသည်ရှိသော်။ အဿ၊ ၏။ တိကောဋိ-ပရိသုဒ္ဓေါ၊ သော။ အယံ ဝစီသမာစာရော၊ သည်။ ဟောတိ၊ ၏။

ဂဟပတယော၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ "ယော ခေါ၊ သည်။ မံ၊ ငါ့ကို။ ဖရုသာယ ဝါစာယ၊ ကြမ်းတမ်းသောစကားဖြင့်။ သမုဒါစရေယျ၊ ပြောဆိုငြားအံ့။ မေ၊ ငါသည်။ တော၊ ဤသူ၏ ဆဲရေးပြောဆိုခြင်းကို။ ဝါ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ န အဿ၊ ရာ။ အဟံ စေဝ ခေါ ပန၊ ငါသည်လည်း။ ပရံ၊ သူတပါးကို။ ဖရုသာယ ဝါစာယ၊ ဖြင့်။ သမုဒါစ-ရေယျံ၊ အံ့။ ပရဿပိ၊ သည်လည်း။ တံ၊ ထိုငါ၏ ဆဲရေးပြောဆိုခြင်းကို။ ဝါ၊ သည်။ အပ္ပိယံ၊ သည်။ အမနာပံ၊ သည်။ အဿ၊ ရာ၏။ပ။ ကထံ သံယောဇေယျန္တိ၊ အံ့နည်း" ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခ-တိ၊ ၏။ပ။ ဧဝံ၊ ဤသို့ မဆဲရေးခြင်း၌ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်းသည်ရှိသော်။ အဿ၊ ၏။ တိကောဋိပရိသုဒ္ဓေါ၊ သော။ အယံ ဝစီသမာစာရော၊ သည်။ ဟောတိ၊ ၏။

ဂဟပတယော၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ "ယော ခေါ၊ သည်။ မံ၊ ငါ့ကို။ သမ္ဖဘာသေန၊ ချမ်းသာစီးပွားကို ဖျက်ဆီးတတ်သော စကားကို ဆိုခြင်းဖြင့်။ ဝါ၊ ပညာကင်းသော ပြောဆိုခြင်းဖြင့်။ သမ္ဖပ္ပလာပဘာသေန၊ ချမ်းသာစီးပွားကို ဖျက်ဆီးတတ်၍ အကျိုးမရှိသော စကားကို ဆိုခြင်းဖြင့်[၁]။ သမုဒါစရေယျ၊ ပြောဆိုငြားအံ့။ မေ၊ ငါသည်။ တော၊ ဤသူ၏

---

၁။ သမ္ဖဘာသေနာတိ အမန္တဘာသေန။ ဋ္ဌ။

အမန္တဘာသေနာတိ သမ္ဖသာ သမ္ဖပ္ပလာပဿ အမန္တာယ မန္တာရဟိတဘာသနေန။ ဋီ။ ဤ ဋ္ဌ-ဋီ နှင့်အညီ သမ္ဖဘာသေန၊ ပညာကင်းသော ပြောဆိုခြင်းဖြင့် ဟု ပေးသည်။

သန္တိ ဝုတ္တံ သုခံ, ဟိတဉ္စ ဖလတိ ပဿရတိ ဝိနာသေတီတိ အတ္ထေန သမ္ဖန္တိ လဒ္ဒနာမံ အတ္တနော ပရေသဉ္စ အနုပကာရကံ ယံ ကိဉ္စိ အဿံ၊ တေနာဟ "နိရတ္ထက"န္တိ။ သီ-ဋီ-သစ် ၁-၃၃၈-၈၈-သမ္ဖဘာသေန၊ ချမ်းသာ စီးပွားကို ဖျက်ဆီးတတ်သော စကားကို ဆိုခြင်းဖြင့် ဟု ပေးသည်။

သမ္ဖပ္ပလာပဘာသေနာတိ သမ္ဖပ္ပလာပဿ ဘာသေန၊ နိရတ္ထကေန အညာဏဝစနေနာတိ အတ္ထော။ ဋ္ဌ။

ယေနာတိ ပလာပသခ်ါတေန နိရတ္ထကဝစနေန။ သီ-ဋီ-သစ် ၁-၃၃၈။ ဤ ဋ္ဌ-ဋီ အရ သမ္ဖပ္ပလာပ-ဘာသေန၊ ချမ်းသာစီးပွားကို ဖျက်ဆီးတတ်၍ အကျိုးမရှိသော စကားကို ဆိုခြင်းဖြင့် ဟု ပေးသည်။ ဤသို့ အမျိုးမျိုးကြံသော်လည်း ဤ ၂-ပုဒ်ကား ပရိယာယ်ပုဒ်များ ဖြစ်ကုန်၏။

အကျိုးမရှိ ပြောဆိုခြင်းကို။ ဝါ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ န အဿ၊ ရာ။ အဟဉ္စေ- ခေါ ပန၊ ငါသည်လည်း။ ပရံ၊ သူတပါးကို။ သမ္ဖဘာသေန၊ ဖြင့်။ သမ္ဖပ္ပလာပဘာသေန၊ ဖြင့်။ သမုဒါစရေယျံ၊ အံ့။ ပရဿပိ၊ သည်လည်း။ တံ၊ ထိုငါ၏ အကျိုးမရှိ ပြောခြင်းကို။ ဝါ၊ သည်။ အပ္ပိယံ၊ သည်။ အမနာပံ၊ သည်။ အဿ၊ ဖြစ်ရာ၏။ပ။ ကထံ သံယောဇေယျန္တိ၊ အံ့နည်း”ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ၏။ သော၊ ထိုအရိယာသာဝကသည်။ ဣတိ၊ သို့။ ပဋိသင်္ခါယ၊ ၍။ အတ္တနာ စ၊ ကိုယ်တိုင်လည်း။ သမ္ဖပ္ပလာပါ၊ အကျိုးမရှိ ညာဏ်ကင်းသော ပြောခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ သမ္ဖပ္ပလာပါ၊ အကျိုးမရှိ ညာဏ်ကင်းသော ပြောဆိုခြင်းမှ။ ဝေရမဏိယာ၊ ရှောင်ကြဉ်ခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ ဝါ၊ တိုက်တွန်း၏။ သမ္ဖပ္ပလာပါ၊ မှ။ ဝေရမဏိယာ စ၊ ၏လည်း။ ဝဏ္ဏံ၊ ချီးမွမ်းစကားကို။ ဘာသတိ၊ ပြောဆို၏။ ဧဝံ၊ ဤသို့ အကျိုးမရှိ မပြောဆိုခြင်း၌ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်းသည် ရှိသော်။ အဿ၊ ထိုအရိယာသာဝက၏။ တိကောဋိပရိသုဒ္ဓေါ၊ အစွန်း ၃-ပါးမှ စင်ကြယ်သော။ အယံ ဝစီသမာစာရော၊ ဤနှုတ်အကျင့်သည်။ ဟောတိ၊ ၏။

သော၊ ထိုအရိယာတပည့်သည်။ပ။ ဗုဒ္ဓေ၊ ၌။ပ။ ဓမ္မေ၊ ၌။ပ။ သံဃေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ယုံကြည်ခြင်း ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ပ။ အရိယ- ကန္တေဟိ၊ အရိယာတို့သည် နှစ်သက်အပ်ကုန်သော။ သီလေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ (ဤပေယျာလနက်များကို စာပိုဒ် ၉၉၇-ဝေဠုဒွါရသုတ် ရှုလေ။) ဂဟပတယော၊ တို့။ ယတော ခေါ၊ အကြင်ကြောင့်။ အရိယသာဝကော၊ သည်။ သတ္တဟိ၊ ၇-ပါးကုန်သော။ ဣမေဟိ သဒ္ဓမ္မေဟိ၊ ဤကာယသုစရိုက်, ဝစီသုစရိုက်တရားတို့နှင့်။ စတူဟိ၊ လေးပါးကုန်သော။ အာကင်္ခိ- ယေဟိ၊ လိုလားတောင့်တအပ်ကုန်သော။ ဣမေဟိ ဌာနေဟိ၊ ဤဘုရား, တရား, သံဃာ, သိက္ခာ ဟူသောအကြောင်းတို့နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ (တတော၊ ထိုကြောင့်။) သော၊ ထိုအရိယာသာဝကသည်။ အာကင်္ခမာနော၊ အလိုရှိသည်ရှိသော်။ အတ္တနာဝ၊ ကိုယ်တိုင်သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ “(အဟံ၊ ငါသည်။) ခီဏနိရယော၊ ကုန်ပြီးသော ငရဲရှိသူသည်။ ခီဏ- တိရစ္ဆာနယောနိ၊ ကုန်ပြီးသော တိရစ္ဆာန်မျိုးရှိသူသည်။ ခီဏပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာတို့နေရာရှိသူသည်။ ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ ကုန်ပြီးသော ဆင်းရဲ၏ လည်းလျောင်းရာ အလိုအာသာ ကင်းလျက်ကျရာ အပါယ်ရှိသူသည်။ အမှိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ အပါယ်၌ ကျခြင်းသဘောမရှိသော။ နိယတော၊ မဂ်ဓမ္မနိယာမအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော။ သောတာပန္နော၊ သောတာပန်သည်။ အသ္မိ၊ ဖြစ်၏”ဟူ၍။ ဗျာကရေယျ၊ ပြောဆိုရာ၏။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မိန့်တော်မူအပ်သည်ရှိသော်။ ဝေဠုဒွါရေယျကာ၊ ကုန်သော။ ဗြာဟ္မဏ- ဂဟပတိကာ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ “ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန် နှစ်သက်ဖွယ်ကောင်းပေစွ။ ဘော ဂေါတမ၊ မ။ အဘိက္ကန္တံ၊ စွ။ ဘော ဂေါတမ၊ မ။ နိက္ကုဇ္ဇိတံ၊ မှောက်ထားအပ်သောအရာဝတ္ထုကို။ ဥက္ကုဇ္ဇေယျ ဝါ သေယျထာပိ၊ လှန်လှော်ပြရာဘိ သကဲ့သို့ရင်း။ ပဋိစ္ဆန္နံ၊ ဖုံးထားအပ်သောအရာဝတ္ထုကို။ ဝိဝရေယျ ဝါ သေယျထာပိ၊ ဖွင့်ဖော် ပြရာဘိသကဲ့သို့ရင်း။ မူဠှဿ၊ လမ်းမှားသောသူအား။ မဂ္ဂံ၊ လမ်းမှန်ကို။ အာစိက္ခေယျ သေယျ- ထာပိ၊ ပြောကြားရာဘိသကဲ့သို့ရင်း။ အန္ဓကာရေ၊ အမိုက်မှောင်၌။ တေလပဇ္ဇောတံ၊ ဆီမီး ရောင်ကို။ “စက္ခုမန္တော၊ မျက်စိအမြင်ရှိကုန်သောသူတို့သည်။ ရူပါနိ၊ အဆင်းတို့ကို။ ဒက္ခန္တိ၊

မြင်နိုင်ကုန်၏" ဟူ၍။ ခါရေယျ ဝါ သေယျထာပိ၊ တိုက်တွန်းရာဘိသကဲ့သို့ရင်း။ ဝေမေဝံ၊ ဤ အတူ။ ဘောဘာ ဂေါတမေန၊ အရှင်ဂေါတမသည်။ အနေကပရိယာယေန၊ များသော အကြောင်းဖြင့်။ ဓမ္မော၊ တရားကို။ ပကာသိတော၊ ထင်ရှားပြတော်မူအပ်ပြီ။ ဧတေ မယံ၊ ထို တပည့်တော်တို့သည်။ ဘဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကိုရင်း။ ဓမ္မဉ္စ၊ တရားတော်ကိုရင်း။ ဘိက္ခု-သံဃဉ္စ၊ ရဟန်းအပေါင်းကိုရင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်သိမှတ်ပါကုန်၏။ ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ နော၊ တပည့်တော်တို့ကို။ ပါဏုပေတေ၊ အသက်တို့ဖြင့် နှင်းအပ်ကုန်လျက်။ သရဏံ ဂတေ၊ သရဏဂုံတည်ကုန်သော။ ဥပါသကေ၊ ဥပါသကာတို့ဟူ၍။ အဇ္ဇတဂ္ဂေ၊ ယနေ့မှစ၍။ ဓာရေတူတိ၊ မှတ်တော်မူပါ" ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစုံ၊ လျှောက်ကုန်ပြီ။ (ဤအဘိက္ကန္တ-စသော စကားရပ်များသည် စာပိုဒ် ၁၈၇, ၈၂၇-တို့၌လည်း ပါ၏။ ယင်းတို့၌လည်း အနက်ရေးခဲ့ပြီ။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ဂ-ပဌမဂိဇ္ဈကာဝသထသုတ်

၁၀၀၄။ (ဧဝံ မေ သုတံ-ပေးမြဲ။) ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ သည်။ ဉာတိကေ၊ ဘထွေး, ဘကြီး ဆွေမျိုး ၂-ဦးတို့၏ ရွာ ၂-ရွာအနက် တခုသောရွာ၌။ ဂိဉ္ဇကာဝ-သထေ၊ အုတ်တိုက်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထ ခေါ၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝန္တံ၊ ကို—

ဘန္တေ၊ မြတ်စွာဘုရား။ သာဠှော နာမ၊ သာဠှမည်သော။ ဘိက္ခု၊ ရဟန်းသည်။ ကာလင်္က-တော၊ ပြုအပ်ပြီးသော အတ္တဘောကို ဖဲ့ချခြင်း ရှိ၏။ (ကွယ်လွန်ပြီ ဟူလို။) တဿ၊ ထိုသာဠှ မည်သော ရဟန်း၏။ ဂတိ၊ လားရာဂတိသည်။ ကာ၊ အဘယ်ပါနည်း။ အဘိသမ္ပရာယော၊ ရှေးရှု ရောက်ရာ တမလွန်ဘဝသည် [၁]။ ကော၊ အဘယ်ပါနည်း။ ဘန္တေ၊ ရား။ နန္ဒာ နာမ၊ နန္ဒာ မည်သော။ ဘိက္ခုနီ၊ ရဟန်းမသည်။ ကာလင်္ကတာ၊ ၏။ တဿာ၊ ထို နန္ဒာမည်သောရဟန်းမ၏။ ဂတိ၊ သည်။ ကာ၊ နည်း။ အဘိသမ္ပရာယော၊ သည်။ ကော၊ နည်း။ ဘန္တေ၊ ရား။ သုဒတ္တော နာမ၊ သုဒတ္တမည်သော။ ဥပါသကော၊ ဥပါသကာသည်။ ကာလင်္ကတော၊ ၏။ တဿ၊ ထိုသုဒတ္တ မည်သော ဥပါသကာ၏။ ဂတိ၊ သည်။ ကာ၊ နည်း။ အဘိသမ္ပရာယော၊ သည်။ ကော၊ နည်း။ ဘန္တေ၊ ရား။ သုဇာတာ နာမ၊ သုဇာတာမည်သော။ ဥပါသိကာ၊ ဥပါသိကာမသည်။ ကာလင်္ကတော၊ ၏။ တဿာ၊ ထို သုဇာတာမည်သော ဥပါသိကာမ၏။ ဂတိ၊ သည်။ ကာ၊ နည်း။

---

၁။ ကမ္မဝသေန အဘိမုခေါ သမ္ပရေတိ ဧတ္ထာတိ အဘိသမ္ပရာယော။ ပရလောကော။ သီ-ဋီ ၁၄၉။

ပရလောကော စ ကမ္မဝသေန အဘိမုခေါ သမ္ပရေတိ ဂန္တဗ္ဗော ပတ္တဗ္ဗောတိ ဧတ္ထာတိ အဘိသမ္ပရာယောတိ ဝုစ္စတိ၊ "ဣတိ ခေါ အာနန္ဒ ကုသလာနိ သီလာနိ အနုပုဗ္ဗေန အဂ္ဂါယ ပရေန္တီ"တိအာဒီသု ဝိယ ဟိ ဝုရာပိဂဏာဝသေန ပရသဒ္ဒေါ ဂတိယမ္ပိ ဝတ္တတိ။ သီ-ဋီ ၁-၄၀၅။ အဘိသမ္ပရာယော-၌ အဘိပုဗ္ဗ+ပရဓာတ်+စုရာဒိဂဏ အာယ ပစ္စည်းကြ။

အဘိသမ္ပရာယော၊ သည်။ ကေဝတိ၊ အဘယ်ပါနည်းဟူသော။ တော၊ ဤစကားကို။ အဲဝေါစ၊ လျှောက်ပြီ။

အာနန္ဒ၊ အာနန္ဒာ။ ကာလင်္ကတော၊ ပြုအပ်ပြီးသော အတ္တဘောကို ပစ်ချခြင်းရှိသော။ သာဠှော၊ သော။ ဘိက္ခု၊ သည်။ အာသဝါနံ၊ အာသဝတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝမရှိသော။ စေတောဝိမုတ္တိံ၊ ကိလေသာတို့မှ လွတ်မြောက်ရာ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော သမာဓိကို။ ပညာဝိမုတ္တိံ၊ ကိလေသာတို့မှ လွတ်မြောက်ရာ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော ပညာကို။ ဒိဋ္ဌေဝ ဓမ္မေ၊ တွေ့မြင်အပ်သော ရုပ်နာမ်တရားဟု ဆိုအပ်သော မျက်မှောက်ဘဝ၌သာလျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာသိ၊ နေပြီ။ အာနန္ဒ၊ နန္ဒာ။ ကာလင်္ကတာ၊ သော။ နန္ဒာ၊ သော။ ဘိက္ခုနီ၊ သည်။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက်ကာမဘုံသို့ ချဉ်းကပ်ကုန်သော။ ဝါ၊ အောက်မင်္ဂ ၃-ပါးတို့သည် ပယ်အပ်ကုန်သော [၁]။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ တတ္ထ၊ ထိုသုဒ္ဓါဝါသဘုံ၌။ ဩပပါတိကာ၊ ဥပပါတ်ပဋိသန္ဓေနေသည်ဖြစ်၍။ ပရိနိဗ္ဗာယိနီ၊ ပရိနိဗ္ဗာန်စံလေ့ရှိ၏။ တသ္မာ လောကာ၊ ထိုသုဒ္ဓါဝါသ ဗြဟ္မာ့လောကမှ။ အနာဝတ္တိဓမ္မာ၊ ပဋိသန္ဓေအားဖြင့် ပြန်နစ်ခြင်းသဘောမရှိ။ (ဘုရားဖူး တရားနာ ပဝတ္တိအားဖြင့် ပြန်လာသေး၏ ဟူလို။) အာနန္ဒ၊ နန္ဒာ။ ကာလင်္ကတော၊ သော။ သုဒတ္တော၊ သော။ ဥပါသကော၊ သည်။ တိဏ္ဏံ၊ ၃-ပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ ရာဂဒေါသမောဟာနံ၊ ရာဂ, ဒေါသ, မောဟတို့၏။ တနုတ္တာ၊ ပါးသည်၏အဖြစ်ကြောင့် [၂]။ သကဒါဂါမီ၊ သကဒါဂါမ်တည်း။ သကိဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤကာမဘုံသို့။ အာဂန္တွာ၊ ပဋိသန္ဓေအားဖြင့်ပြင်လာ၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးဖြစ်သော အပိုင်းအခြားကို။ ကရိဿတိ၊ ပြုလတ္တံ့။ အာနန္ဒ၊ နန္ဒာ။ ကာလင်္ကတာ၊ သော။ သုဇာတာ၊ သော။ ဥပါသိကာ၊ သည်။ တိဏ္ဏံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အဝိနိပါတဓမ္မာ၊ အပါယ် ၄-ပါးတို့၌ကျခြင်းသဘောမရှိသော။ နိယတာ၊ မဂ္ဂဓမ္မနိယာမအားဖြင့်မြဲသော။

---

၁။ ဩရမ္ဘာဂိယာနန္တိ ဟေဋ္ဌာဘာဂိယာနံ၊ ကာမဘဝေယေဝ ပဋိသန္ဓိဂ္ဂါဟာပကာနန္တိ အတ္ထော။ ဋ္ဌ။

ဩရံ ဝုစ္စတိ ကာမဓာတု၊ ပစ္စယဘာဝေန တံ ဩရံ ဘဇန္တီတိ ဩရမ္ဘာဂိယာနိ၊ ဩရမ္ဘာဂဿ ဝါ ဟိတာနိ ဩရမ္ဘာဂိယာနိ၊ တေနာဟ "ဟေဋ္ဌာဘာဂိယာန"န္တိ အာဒိ။ ဋီ။ ဤဋီ နောက်နည်းအလို-ဩရမ္ဘာဂိယာနံ၊ အောက်အဖို့ (ကာမဘုံ)၏ အစီးအပွါးဖြစ်ကုန်သော-ဟု သမ္ဗန်။

ဩရန္တိ လဗ္ဘနာမေတံ ဝါ တီဟိ မဂ္ဂေဟိ ပဟာတဗ္ဗာနိတိပိ ဩရမ္ဘာဂိယာနိ။ ဋ္ဌ။

တီဟိ မဂ္ဂေဟီတိ ဟေဋ္ဌိမေဟိ တီဟိ မဂ္ဂေဟိ၊ တေဟိ ပဟာတဗ္ဗတာယ ဟိ တေသံ သံယောဇနာနံ ဩရမ္ဘာ-ဂိယတာ၊ ဩရံ ဘဇိယာနိ ဝါ ဩရမ္ဘာဂိယာနိ ဝုတ္တာနိ-နိရုတ္တိနယေန။ ဋီ။

ဩရံ၊ အောက်မင် ၃-ပါးတို့သည်။ ဘဇိယာနိ၊ ချိုးဖျက် ပယ်သတ်အပ်ကုန်သော သံယောဇဉ်တို့တည်း။ ဩရမ္ဘဇိယာနိ၊ တို့။ (နိဂ္ဂဟိတ် ချေ, အာလာ, ဇ-ကို ဂ-ပြု,နာသ,ဝဏ္ဏာဂမ,ဝဏ္ဏဝိကာရနိရုတ္တိ။)

၂။ တရံတခါသာဖြစ်ခြင်း, ဖြစ်သောအခါလည်း ထကြွနည်းပါးခြင်း ဤအကြောင်း ၂-ပါးဖြင့် ရာဂစသည် နည်းပါးသည်ကို ယူ။ အကျယ် ဋ္ဌ-ရှုလေ။ သကဒါဂါမ် (သောတာပန်) ပုဂ္ဂိုလ်တို့သည် သားသမီးရှိခြင်း,မယားရှိခြင်းကြောင့် ကိလေသာထူကုန်၏ဟူအံ့၊ သားသမီးများမှာ အင်္ဂပစ္စင်္ဂပရာမသန (ကိုယ်လက်အင်္ဂါကို သုံးသပ်ခြင်း)အားဖြင့်လည်း ဖြစ်နိုင်ခြင်း မယားများမှာ ပါရိစရိယ (အလုပ်အကျွေး) အားဖြင့်လည်း ဖြစ်နိုင်ခြင်းကြောင့် ပုထုဇဉ်များလို ကိလေသာပထူကုန် ဟု မှတ်ပါ။ ဋီ ရှု။

သမ္ဗောဓိပရာယဏာ၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော ¹။ သောတာပန္နာ၊ သောတာပန်တည်း။

အာနန္ဒ၊ န္ခ၁။ မနုဿဘူတော၊ လူသားဖြစ်၍ဖြစ်သောသူသည်။ ကာလံ၊ အတ္တဘောကိုပစ်ချခြင်းကို။ ကရေယျ၊ ပြုရာ၏။ တသ္မိံ တသ္မိံ၊ ထိုထိုပုဂ္ဂိုလ်သည်။ ကာလကတေ၊ ပြုအပ်ပြီးသော အတ္တဘောကို ပစ်ချခြင်းရှိလတ်သော်။ မံ၊ ငါဘုရားသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဧတမတ္ထံ၊ ဤ (ဘဝကူးသော) အကြောင်းကို။ ပေ၊ အကယ်၍။ ယံ ပဋိပုစ္ဆထ၊ အကြင်မေးလျှောက်ကုန်၏။ တေ၊ ဤမေးလျှောက်ခြင်းသည်။ အနစ္ဆရိယံ ခေါ ပန၊ အဖန်ဖန် အံ့ဩဘွယ်ကောင်းသည်သာ တည်း။ အာနန္ဒ၊ န္ခ၁။ သော၊ ဤသို့ မေးလျှောက်ခြင်းသည်။ တထာဂတဿ၊ ငါဘုရား၏။ ဝိဟေသာပိ၊ ကိုယ်ပင်ပန်းခြင်းသည်လည်း။ အဿ၊ ဖြစ်ရာ၏။ အာနန္ဒ၊ န္ခ၁။ တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤသာသနာ၌။ ယေန၊ အကြင် ဓမ္မာဒါသမည်သော မင်္ဂတရားနှင့် ²။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ သည်။ အာကင်္ခမာနော၊ သော်။ အတ္တနာဝ၊ သာလျှင်။ အတ္တာနံ၊ ကို။ "ခီဏနိရယောမှိ။ပ။ သမ္ဗောဓိပရာယဏော"တိ၊ သမ္ဗောဓိပရာယဏော"ဟူ၍။ ဗျာကရေယျ၊ ပြောဆိုရာ၏။ (စာပိုဒ် ၁၀၀၃ ဝေဠုဒွါရေယျသုတ်ရှု၍ ပေယျာလနက် ဖော်ပါ။) ဓမ္မာဒါသံ နာမ၊ အရိယမဂ်တရားသဖွယ်ဖြစ်သော မှန်ကြေးမုံမည်သော။ ဓမ္မပရိယာယံ၊ တရားဒေသနာတော်ကို။ ဒေသေဿာမိ၊ ဟောပေအံ့။

အာနန္ဒ၊ န္ခ၁။ ယေန၊ အကြင်ဓမ္မာဒါသမည်သော မင်္ဂတရားနှင့်။ သမန္နာဂတော၊ သော။ အရိယသာဝကော၊ သည်။ပ။ ဗျာကရေယျ၊ ရာ၏။ ဓမ္မာဒါသော၊ သော။ သော ဓမ္မပရိယာယော၊ သည်။ ကတမော စ၊ အဘယ်နည်း။

အာနန္ဒ၊ န္ခ၁။ ဣဓ၊ ဤသာသနာ၌။ အရိယသာဝကော၊ သည်။ပ။ ဗုဒ္ဓေ၊ ၌။ပ။ ဓမ္မေ၌။ပ။ သံဃေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ပ။ အရိယကန္တေဟိ၊ ကုန်သော။ သီလေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ အာနန္ဒ၊ န္ခ၁။ ယေန၊ နှင့်။ သမန္နာဂတော၊ သော။ အရိယသာဝကော၊ သည်။ အတ္တနာဝ၊ ကိုယ်တိုင်သာလျှင်။ အတ္တာနံ၊

---

၁။ ဝိနိပါတနံ ဝိနိပါတော၊ နာဿ ဝိနိပါတော ဓမ္မောတိ အဝိနိပါတဓမ္မော၊ စတုသု အပါယေသု အဝိနိပါတနသဘာဝေါတိ အတ္ထော။ နိယတောတိ ဓမ္မနိယာမေန နိယတော၊ (ဓမ္မနိယာမေနာတိ မဂ္ဂဓမ္မနိယာမေန။ ဋီ။) သမ္ဗောဓိပရာယဏောတိ ဥပရိမဂ္ဂတ္တယသင်္ခါတော သမ္ဗောဓိ ပရံ အယနံ အဿ (ဂတိပဋိသရဏံ အဿာ ပတ္တဗ္ဗာ) တိ သမ္ဗောဓိပရာယဏော။ ဋ္ဌ။ ဤ-ဋ္ဌ-ပါဠိ၌ "ဝုမ် လောက်"ဟူသော သံဝဏ္ဏေတဗ္ဗနှင့် "ဝိဟေသာပေသာ"ဟူသော သံဝဏ္ဏေတဗ္ဗတို့၏ အလယ်၌ ဖွင့်သောကြောင့် ဤဋ္ဌိလိပ်ဖြင့်ပင် နာဿ, အဝိနိပါတဓမ္မော စသည် ရှိသင့်၏။

၂။ ဓမ္မာဒါသန္တိ ဓမ္မမယံ အာဒါသံ။ ယေနာတိ ယေန ဓမ္မာဒါသေန။ ဋ္ဌ။

အာဒိဿတိ အာလောကီယတိ အတ္တာ ဧတေနာတိ အာဒါသော၊ ဓမ္မဘူတော အာဒါသော ဓမ္မာဒါသော၊ အရိယမဂ္ဂဉာဏဿေတံ အဓိဝစနံ။ ဧတေန ဟိ အရိယသာဝကော စတူသု အရိယသစ္စေသု ဝိဒ္ဓဿသမ္မောဟတ္တာ အတ္တာနံ ယာထာဝတော ဥတွာ ယာထာဝတော ဗျာကရေယျ၊ တပ္ပကာသနတော ပန ဓမ္မပရိယာယဿ သုတ္တဿ ဓမ္မာဒါသတာ ဝေဒိတဗ္ဗာတိ။ ယေန ဓမ္မာဒါသေနာတိ ဣဓ ပန မဂ္ဂဓမ္မမေဝ ဝဒတိ။ ဋီ။

ဧတေန၊ ဤမှန်ဖြင့်။ အတ္တာ၊ ကိုယ်လုံးကို။ အာဒိဿတိ အာလောကီယတိ၊ ကြည့်အပ်၏။ ဣတိ၊ ကြောင့်။ အာဒါသံ၊ မည်၏၊ ဓမ္မဘူတံ၊ တရားသဖွယ်ဖြစ်သော။ အာဒါသံ၊ မှန်တည်း။ ဓမ္မာဒါသံ၊ တရားသဖွယ်ဖြစ်သော မှန်။ အရိယမဂ္ဂဉာဏ်ကို ကောက်၊ အရိယမဂ်ဉာဏ်တည်းဟူသော မှန်ကို ပြတတ်သည့်အတွက် ဓမ္မပရိယာယ ခေါ် သုတ်တော်သည် ဓမ္မာဒါသမည်၏ ဟူလို။

မိမိကိုယ်ကို။ "(အဟံ၊ ငါသည်။) ခီဏနိရယော၊ ကုန်ပြီးသောငရဲရှိသူသည်။ ခီဏတိရစ္ဆာန-ယောနိ၊ ကုန်ပြီးသော တိရစ္ဆာန်မျိုးရှိသူသည်။ ခီဏပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာတို့၏ နေရာရှိသူသည်။ ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ ကုန်ပြီးသော ဆင်းရဲတို့၏ လည်းလျောင်းရာ အလိုအာသာကင်းပြတ်လျက်ကျရာ အပါယ်ရှိသူသည်။ အမှိ၊ ၏။ အဝိနိပါတဓမ္မော၊ သော။ နိယတော၊ သော။ သမ္ဗောဓိပရာယဏော၊ သော။ သောတာပန္နော၊ သည်။ အသ္မိတိ၊ ဖြစ်၏" ဟူ၍။ ဗျာကရေယျ၊ ရာ၏။ ဓမ္မာဒါသော၊ သော။ သော ဓမ္မပရိယာယော၊ သည်။ အယံ ခေါ၊ ဤသည်ပင်တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

(တီဏိပိ သုတ္တန္တာနိ၊ ၃-သုတ်တို့သည်။ ဧကနိဒါနာနိ၊ တူသော နိဒါန်းရှိကုန်၏။)

## ၉-ဒုတိယဂိဉ္ဇကာဝသထသုတ်

၁၀၀၇။ (ဤသုတ်၌ အသောကရဟန်း, အသောကာရဟန်းမ, အသောကဥပါသကာ, အသောကာဥပါသိကာမတို့သာ ထူး၏။ ယင်းတို့သည် ရှေးသုတ်ပါ ပုဂ္ဂိုလ်များအတူ ရဟန္တာ, အနာဂါမ်, သကဒါဂါမ်, သောတာပန်များ ဖြစ်ကြသည်ဟု ဟောတော်မူ၏။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-တတိယဂိဉ္ဇကာဝသထသုတ်

၁၀၀၈။ (ဤသုတ်၌လည်း ဉာတိကရွာ၌ ကက္ကဋဥပါသကာ, ကဋိဿ, နိကတ, ကဋိဿဟ, တုဋ္ဌ, သန္တုဋ္ဌ, ဘဒ္ဒ, သုဘဒ္ဒ ဥပါသကာများသာ ထူး၏။ အားလုံးအနာဂါမ်ချည်းဟု ဟောတော်မူ၏။ ပရေပညာသ၊ ၅၀-ကျော်သော။ ဟုပေး၊ ၎င်းတို့ကား အနာဂါမ်။ သာဓိကနဝုတိ၊ ၉၀-ကျော်သော။ ဟုပေး၊ ၎င်းတို့ကား သကဒါဂါမ်။ ဆာတိရေကာနိ ခေါ ပဉ္စသတာနိ၊ ၅၀၆-ယောက်ကုန်သော။ ဟုပေး၊ သချာပဓာနဖြစ်၍ ဥပါသကာဟူသော ဝိသေသျလိင်မလိုက်၊ ၎င်းတို့ကား သောတာပန်ဟု ဟောတော်မူ၏။ အကြွင်း စာပိုဒ် ၁၀၀၄-သုတ်ရှု၍ ပေး။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ပဌမော၊ ရှေးဦးစွာဖြစ်သော။ ဝေဠုဒွါရဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုဝေဠုဒွါရဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ရာဇာ၊ စက္ကဝတ္တိရာဇသုတ်ရင်း။ ဩဂဓ၊ ဗြဟ္မစရိယောဂဓသုတ်ရင်း။ ဒီဃာဝု၊ ဒီဃာဝုဥပါသကသုတ်ရင်း။ အပရေ၊ တပါးကုန်သော။ ဒုဝေ သာရိပုတ္တာ၊ ပဌမသာရိပုတ္တသုတ်, ဒုတိယသာရိပုတ္တသုတ် ၂-သုတ်တို့ရင်း။ ထပတိ၊ ထပတိသုတ်ရင်း။ ဝေဠုဒွါရေယျာ၊ ဝေဠုဒွါရေယျသုတ်ရင်း။ တယော ဂိဉ္ဇကာဝသထော၊ ပဌမဂိဉ္ဇကာဝသထသုတ်, ဒုတိယ ဂိဉ္ဇကာဝသထသုတ်, တတိယ ဂိဉ္ဇကာဝသထသုတ် ၃-သုတ်တို့ရင်းတည်း။ ဣတိ၊ ဤသည် တည်း။

## ၂-ရာဇကာရာမဝဂ်

### ၁-သဟဿဘိက္ခုနီသံဃသုတ်

၁၀၀၇။ ကော်သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့၌။ ရာဇကာရာမေ၊ ကောသလမင်းကြီး ဆောက်လုပ်လှူဒါန်းအပ်သောကြောင့် ရာဇကာရုံမည်သော ကျောင်းတိုက်၌[၁]။ ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ သဟဿဘိက္ခုနိသံဃော၊ တထောင်သော ဘိက္ခုနီအပေါင်းသည်။ (ဤမျှသာ ထူး၏။ အကြွင်း ၉၉၈-ပိုဒ် ဗြဟ္မစရိယောဂဓ သုတ်နှင့် တူ၏။ "ဘိက္ခုနိယော"အာလုပ်ပုဒ် ပါသည်သာ ထူး၏။)

ပဌမ်၊ ရှေးဦးစွာသောသုတ်တည်း။

### ၂-ဗြာဟ္မဏသုတ်

၁၀၀၈။ သာဝတ္ထိနိဒါန်း၊ တည်း။ ဘိက္ခဝေ၊ တို့။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ဥဒယဂါမိနိံ နာမ၊ (မိမိအယူဝါဒ၌)ကြီးပွါးခြင်းသို့ ရောက်စေတတ်သော[၂]။ ပဋိပဒံ၊ အကျင့်ကို။ ပညပေန္တိ၊ ပညပ်ကြကုန်၏။ တေ၊ ထိုပုဏ္ဏားတို့သည်။ သာဝကံ၊ တပည့်ကို။ "အမ္ဘော ပုရိသ၊ အမောင် ယောကျ်ား။ တွံ၊ သင်သည်။ ဧဟိ၊ လာလော့။ ကာလဿေဝ၊ နံနက်စောစောကသာလျှင်။ ဥဋ္ဌာယ၊ ထ၍။ ပါစီနမုခေါ၊ အရှေ့အရပ်သို့ ရှေးရှုရှိသည်ဖြစ်၍။ ယာဟိ၊ သွားလော့။ သော တွံ၊ ထိုသင်သည်။ သောဗ္ဘံ၊ တုံးအိုင်ကို။ မာ ပရိဝဇ္ဇေဟိ၊ ရှောင်မသွားပါလင့်။ ပပါတံ၊ ကမ်းပါးကို။ မာ ပရိဝဇ္ဇေဟိ၊ လင့်။ ခါဏုံ၊ သစ်ငုတ်ကို။ မာ ပရိဝဇ္ဇေဟိ၊ လင့်။ ကဏ္ဋကဋ္ဌာနံ၊ ဆူးရှိရာ အရပ်ကို။ မာ ပရိဝဇ္ဇေဟိ၊ လင့်။ စန္ဒနိယံ၊ တံစီးတွင်း (တံစီးအိုင်) ကို။ မာ ပရိဝဇ္ဇေဟိ၊ လင့်။ ဩဠိဂလ္လံ၊ ရွံ့ညွန်တွင်း (ရွံ့ညွန်အိုင်) ကို[၃]။ မာ ပရိဝဇ္ဇေဟိ၊ လင့်။ ယတ္ထ၊ အကြင်အရပ်၌။ ပပတေယျာသိ၊ လဲကျရာ၏။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ မရဏံ၊ သေခြင်းကို။ အာဂမေယျာသိ၊ မြော်လင့်တောင့်တ အလိုရှိလော့[၄]။ အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ ဧဝံ၊ ဤသို့ကျင့်သည်

၁။ ရမ္မိကတ္တာ ဒေသဝါသီဟိ အနုကမ္ပိတော ရာဇာတိရာဇကော၊ တဿ အာရာမော ရာဇကာရာမော၊ တသ္မိံ။ ဋီ။

အနုကမ္ပိတော ရာဇာ ရာဇကော၊ ကသ္မါ အနုကမ္ပနတ္တ ကြံ၊ တရားစောင့်သည့်အတွက် တိုင်းသူပြည်သားတို့က အစဉ်ထာဝရစောင့်ရှောက်အပ်သော မင်းဟူလို၊ ရာဇကဿ အာရာမော ရာဇကာရာမောဟု ပြု၊ ယင်းရာဇကာရုံကျောင်း ဖြစ်ပေါ်လာပုံကို အဋ္ဌကထာမှာ ရှု။

၂။ ဥဒယဂါမိနိန္တိ အတ္တနော သမယေ ဝုဍ္ဎိဂါမိနိံ။ ဋ္ဌ။

ဥဒယဂါမိနိန္တိ အာရမ္မဏော ပဌမဿ သမ္ပတ္တိအာဝဟံ။ ဋီ။ ဋီအလို-ဥဒယဂါမိနိံ၊ အကျင့်ကိုအားထုတ်သည်မှ ရှေ့ စည်းစိမ်တိုးအောင် ဆောင်တတ်သောဟု ပေး။

၃။ စန္ဒနိကန္တိ ဥစ္စိဋ္ဌောဒကဂဗ္ဘမလာဒီနံ ဆဍ္ဍနဋ္ဌာနံ၊ ဩဠိဂလ္လန္တိ သကဒ္ဒမာဒီနံ သန္ဒနောကာသံ၊ တံ ဇဏ္ဏုမတ္တမ္ပိ အသုစိဘရိတံ ဟောတိ။ မ-ဋ္ဌ ၁-ဂ၃။

လုပ်ဆောင်ရေ့ ကိုယ်ဝန်အညစ်အကြေးစသည် သွန်ရာအရပ် တံစီးတွင်း တံစီးအိုင်သည် စန္ဒနိက မည်၏။ (ဤ၌ ကကို ယပြု၍ စန္ဒနိယံ ဟု ဆိုသည်။)

ရွံ့ညွန်နှင့် တကွဖြစ်သော အညစ်အကြေး အပြစ်အခဲတို့ကို စွန့်ထားရာအရပ် ရွံ့အိုင် ညွန်အိုင် ရွံ့တွင်း ညွန်တွင်းသည် ဩဠိဂလ္လမည်၏ဟု အဘူးခွဲ၊ အဘိဓာန်၌ ပရိယာယ်တူ ဆို၏။

၄။ မရဏံ အာဂမေယျာသိတိ မရဏံ ဂစ္ဆေယျာသိ၊ ပတ္တေယျာသိ ဝါ။ ဋ္ဌ။

ရှိသေ၁်။ တွံ၊ သင်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ဝါ၊ ပျက်စီးခြင်း တည်းဟူသော။ မရဏာ၊ သေလွန်သည်မှ၊ ပရံ၊ အထက်၌။ သုဂတိံ ၊ ကောင်းမှုပြုသူတို့၏လားရောက်ရာဖြစ်သော။ ဝါ၊ ချမ်းသာ၏ လည်းလျောင်းရာဖြစ်သော။ သဂ္ဂံ၊ ရူပါရုံစသည်တို့ဖြင့် သာလွန် ကောင်းမြတ်သော။ လောကံ၊ နတ်ပြည်လောကသို့။ ဥပပဇ္ဇိဿသိတိ၊ ကပ်ရောက်ရပေလတ္တံ့ ” ဟူ၍။ ဧဝံ၊ ဤသို့။ သမာဒပေန္တိ၊ ဆောက်တည်စေကြကုန်၏။ (တိုက်တွန်းကြကုန်၏ ဟူလို။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဖြာပဿဿာန်၊ ပုဏ္ဏားတို့၏။ တံ ခေါ ပနေတံ၊ ထိုဆောက်တည်စေခြင်းသည်။ ဗာလဂမနံ၊ သူမိုက်တို့၏သွားရာဖြစ်သော ဆောက်တည်စေခြင်းတည်း။ (တော် အနက်မှဲကြုံ၊ ဗာလဂမနမေဝ ဟုရှိလျှင် ပိုကောင်း၏။ ဗာလဂမနမေဝ၊ သူမိုက်တို့၏ သွားရာဖြစ်သော ဆောက်တည်စေခြင်းသာတည်းဟု သမ္ဗန်၊ နောက်ပုဒ်လည်း ဤနည်း။) မူဠ္ဌဂမနံ၊ တွေဝေသူတို့၏ သွားရာဖြစ်သော ဆောက်တည်စေခြင်းတည်း။ နိဗ္ဗိဒါယ၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ ဝိရာဂါယ၊ ဝဋ်ဆင်းရဲ၌ တပ်ခြင်း ကင်းခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ နိရောဓာယ၊ ဝဋ်ဆင်းရဲ၏ ချုပ်ခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးကို သိခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ နိဗ္ဗာနာယ၊ ခန္ဓာဇာတ်သိမ်း အေးငြိမ်းခြင်းငှါ။ န သံဝတ္တတိ၊ မဖြစ်။ ဘိက္ခဝေ၊ တို့။ အဟဉ္စ ခေါ၊ ငါဘုရားသည်ကား။ အရိယသာ၊ ငါဘုရား၏။ ဝိနယေ၊ ဆုံးမရာ သာသနာ၌။ ယာ၊ အကြင်အကျင့်သည်။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ငှါ။ နိရောဓာယ၊ ငှါ။ ဥပသမာယ၊ ငှါ။ အဘိညာယ၊ ငှါ။ သမ္ဗောဓာယ၊ ငှါ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တတိ၊ ၏။ ဥဒယဂါမိနီ ၊ ဉာဏ်တိုးပွါးခြင်းသို့ ရောက်စေတတ်သော။ တံ ပဋိပဒံ၊ ထိုအကျင့်ကို။ ပညပေမိ၊ ပညတ်တော်မူ၏။

ဘိက္ခဝေ၊ တို့။ ယာ၊ အကြင်အကျင့်သည်။ပ။ သံဝတ္တတိ၊ ၏။ ဥဒယဂါမိနီ၊ သော။ သာ ပဋိပဒါ၊ ထိုအကျင့်သည်။ ကတမာ စ၊ အဘယ်နည်း။ (ဣဓ ဘိက္ခဝေ စသည်ကား ပေးမြဲ ပေးလေ။) ဘိက္ခဝေ၊ တို့။ ယာ၊ အကြင်အကျင့်သည်။ ဧကန္တနိဗ္ဗိဒါယ၊ ငှါ။ပ။ နိဗ္ဗာနာယ၊ ငှါ။ သံဝတ္တတိ၊ ၏။ ဥဒယဂါမိနီ၊ သော။ သာ ပဋိပဒါ၊ ထိုအကျင့်သည်။ အယံ ခေါ၊ ဤသည်ပင်တည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-အာနန္ဒတ္ထေရသုတ်

၁၀၀၉။ ဧကံ သမယံ၊ တပါးသော အခါ၌။ အာယသ္မာ စ အာနန္ဒော၊ သည်၎င်း။ အာယသ္မာ စ သာရိပုတ္တော၊ သည်၎င်း။ သာဝတ္ထိယံ၊ ၌။ အနာထပိဏ္ဍိကဿ၊ ၏။ အာရာမေ၊ သော။ ဇေတဝနေ၊ ၌။ ဝိဟရန္တိ၊ ကုန်၏။ အထ ခေါ၊ ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ သာယန္ဟ-သမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ တပါးတည်း ကိန်းအောင်းရာမှ။ ဝုဋ္ဌိတော၊ လျက်။ ယေန၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီး။ ဥပသင်္က-မိတွာ၊ ၍။ အာယသ္မတာ အာနန္ဒေန၊ နှင့်။ သဒ္ဓိံ ၊ အတူတကွ။ သမ္မောဒိ၊ ပြီး။ သမ္မောဒနီယံ၊ သော။ သာရဏီယံ၊ သော။ ကထံ၊ ကို။ ဝီတိသာရေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီး။

ကေမန္တို၊ ဌ်။ နိသိန္နော ခေါ၊ သော။ အာယသ္မာ သာရိပုတ္တော၊ သည်။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ "အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ကတိနံ ခေါ၊ အဘယ်မျှလောက်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ကတိနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ သမန္နာဂမနဟေတု၊ ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်။ အယံ ပဇာ၊ ဤသတ္တဝါ အပေါင်းကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ 'အဝိနိပါတဓမ္မာ၊ အပါယ်၌ကျခြင်း သဘောမရှိ သော။ နိယတာ၊ မဂ္ဂဓမ္မနိယာမအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏာ၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော။ သောတာပန္နာတိ၊ သောတာပန်'ဟု။ ဧဝံ၊ ဤသို့။ ဗျာကတာတိ၊ မိန့်ဆိုတော်မူအပ်ပါသနည်း"ဟူသော။ ဇေဝံ၊ ဤစကားကို။ အဝေါစ၊ မေးမြန်းမိန့်ဆိုတော်မူပြီ။ အာဝုသော၊ ငါ့ရှင်(သာရိပုတြာ)။ စတုန္နံ ခေါ၊ ၄-ပါးကုန်သော။ ဓမ္မာနံ၊ တို့ကို။ ပဟာနာ၊ ကြောင့်။ စတုန္နံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ သမန္နာဂမနဟေတု၊ ကြောင့်။ အယံ ပဇာ၊ ကို။ ဘဂဝတာ၊ သည်။ "အဝိနိပါတဓမ္မာ၊ သော။ပ။ သောတာပန္နာတိ၊ သောတာပန်"ဟူ၍။ ဧဝံ၊ ဤသို့။ ဗျာကတာ၊ မိန့်ဆိုတော်မူအပ်ပါ၏။

ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့ကို(ပယ်ခြင်း) ကြောင့်နည်း။ အာဝုသော၊ ငါ့ရှင် (သာရိပုတြာ)။ ယထာရူပေန ခေါ၊ အကြင်သို့သဘောရှိသော။ ဗုဒ္ဓေ အပ္ပသာဒေန၊ ဘုရား၌ မကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အဿုတဝါ၊ (အာဂမ အဓိဂမ) သုတ မရှိ သော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှု ပြုသူတို့၏ လားရောက်ရာ ဖြစ်သော။ ဝါ၊ ဆင်းရဲ၏ လည်းလျောင်းရာဖြစ်သော။ ဝိနိပါတံ၊ အလိုအာသာကင်းလျက် ဖရိုဖရဲကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်ရ၏။ (တထာရူပသာ၌ တထာ-ရူပေါ+အဿ ဟု ဖြတ်။) အဿ၊ ထိုအရိယာသာဝက၏။ တထာရူပေါ၊ ထိုသို့သဘောရှိသော။ ဗုဒ္ဓေ အပ္ပသာဒေါ၊ ဘုရား၌ မကြည်ညိုခြင်းသည်။ န ဟောတိ၊ မဖြစ်။ အာဝုသော၊ ငါ့ရှင် (သာရိပုတြာ)။ ယထာရူပေန စ ခေါ၊ အကြင်သို့သဘောရှိသော။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန၊ ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သုတဝါ၊ (အာဂမ အဓိဂမ) သုတရှိသော။ အရိယသာဝကော၊ အရိယာတပည့်သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ သော။ သဂ္ဂံ၊ သော။ လောကံ၊ သို့။ ဥပပဇ္ဇတိ၊ ၏။ အဿ၊ ထိုအရိယာသာဝက၏။ တထာရူပေါ၊ သော။ "ဣတိပိ။ပ။ ဘဂဝါတိ၊ ဘဂဝါ"ဟူ၍။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေါ၊ သည်။ ဟောတိ၊ ၏။ (ဓမ္မေ, သံဃေ တို့၌လည်း ဤနည်းပေး။)

အာဝုသော၊ ငါ့ရှင်(သာရိပုတြာ)။ ယထာရူပေန စ ခေါ၊ သော။ ဒုဿီလျေန၊ သီလမရှိသူ၏ ဖြစ်ကြောင်း ဒုဿီလျ အကုသိုလ်စေတနာနှင့်။ သမန္နာဂတော၊ သော။ အဿုတဝါ၊ သော။ ပုထုဇ္ဇနော၊ သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ အပါယံ၊ သော။ ဒုဂ္ဂတိံ၊ သော။ ဝိနိပါတံ၊ သော။ နိရယံ၊ ၌။ ဥပပဇ္ဇတိ၊ ၏။ အဿ၊ ထိုအရိယာသာဝက၏။ တထာရူပံ၊ ထိုသို့သဘောရှိသော။ ဒုဿီလျံ၊ သီလမရှိသူ၏ဖြစ်ကြောင်း ဒုဿီလျ အကုသိုလ် စေတနာသည်။ န ဟောတိ၊ မဖြစ်။ အာဝုသော၊ ငါ့ရှင်(သာရိပုတြာ)။ ယထာရူပေဟိ စ ခေါ၊ အကြင်သို့ သဘောရှိကုန်သော။ အရိယကန္တေဟိ၊ အရိယာတို့သည် နှစ်သက်အပ်ကုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတော၊ သော။ သုတဝါ၊ သော။ အရိယသာဝကော၊ သည်။

ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ သော။ သဂ္ဂံ၊ သော။ လောကံ၊ သို့။ ဥပပဇ္ဇတိ၊ ၏။ တထာဂတပ္ပသန်၊ ထိုသို့သဘောရှိကုန်သော။ အခဏ္ဍာနိ၊ မကျိုးကုန်သော။ပ။ သမာဓိသံဝတ္တနိကာနိ၊ သမာဓိ ၂ပါးကို ဖြစ်စေတတ်ကုန်သော။ အရိယကန္တာနိ၊ အရိယာတို့သည် နှစ်သက်အပ်ကုန်သော။ သီလာနိ၊ မဂ်ဖိုလ်နှင့်ယှဉ်သည့် သီလတို့သည်[၁]။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာဝုသော၊ ငါ့ရှင်(သာရိပုတြာ)။ စတူသု၊ ၄-ပါးကုန်သော။ ဣမေသံ ခေါ မ္မာနံ၊ ဤတရားတို့ကို။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ စတူဟိ၊ ကုန်သော။ ဣမေသံ ဓမ္မာနံ၊ တို့၏။ သမန္နာဂမနဟေတု၊ ကြောင့်။ အယံ ပဇာ၊ ကို။ ဘဂဝတာ၊ သည်။ "အဝိနိပါတဓမ္မာ၊ သော။ နိယတာ၊ သော။ သမ္ဗောဓိပရာယဏာ၊ သော။ သောတာပန္နာတိ၊ သောတာပန်"ဟု။ ဗျာကတာ၊ မိန့်ဆိုတော်မူအပ်ပါ၏။ ဣတိ၊ ဤသို့ အရှင်အာနန္ဒာက ဖြေဆိုလျှောက်ထားပြီ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ဒုဂ္ဂတိဘယသုတ်

၁၀၁၀။ ဘိက္ခဝေ၊ တို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ သည်။ သဗ္ဗဒုဂ္ဂတိဘယံ၊ အလုံးစုံသော လူဆင်းရဲ, လူဒုက္ခိတ ဘေးကို[၂]။ သမတိက္ကန္တော၊ ကောင်းစွာ လွန်မြောက်သည်။ ဟောတိ၊ ၏။ (ကတမေဟိ စတူဟိ စသည် ပေးတတ်လောက်ပြီ။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဒုဂ္ဂတိဝိနိပါတဘယသုတ်

၁၀၁၁။ (ဤသုတ်၌ သဗ္ဗဒုဂ္ဂတိဝိနိပါတဘယံ၊ အလုံးစုံသော (လူဆင်းရဲ, လူဒုက္ခိတနှင့် တကွ) အပါယ် ၄-ပါး၌ ကျရောက်ခြင်းဘေးကို-ဟု ပေးရှိသာ ထူး၏။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ပဌမမိတ္တာမစ္စသုတ်

၁၀၁၂။ ဘိက္ခဝေ၊ တို့။ ယေ တေ၊ အကြင်သူတို့ကို။ အနုကမ္ပေယျာထ၊ အစဉ် သနား စောင့်ရှောက်လိုကုန်ငြားအံ့။ မိတ္တာ ဝါ၊ အာမိသသုံးရန် တဦးအိမ်၌ တဦးကို ခေါ်ဖိတ်သည့် မိတ်ဆွေလည်းဖြစ်ကုန်သော၊ အမစ္စာ ဝါ၊ ခေါ်ဝေါ် ပြောဆို နေထိုင် သွားလာ အရာရာကိစ္စ အတူတကွဖြစ်နေသည့် မိတ်ဆွေလည်းဖြစ်ကုန်သော။ ဉာတီ ဝါ၊ လက်ထပ် ထိမ်းမြား သွေးသား ရောယှက် ယောက္ခမဖက်တို့၏ ဆွေမျိုးသည်းဖြစ်ကုန်သော။ သာလောဟိတာ ဝါ၊ သွေးတူသားချင်း

---

၁။ အရိယကန္တာနိ သီလာနီတိ မဂ္ဂဖလသမ္ပယုတ္တာနိ သီလာနိ။ အံ-ဋ ၁-၁၇။

၂။ သဗ္ဗဒုဂ္ဂတိဘယံ သမတိက္ကန္တောတိ မနုဿဒေါဘဂ္ဂံ ပဋိက္ခိတ္တံ။ ဋ။

ဒုဋ္ဌာ ဂတိ နိပ္ပတ္တိ ဒုဂ္ဂတိ၊ ဒုဂ္ဂတဘာဝေါ ဒါလိဒ္ဒိယံ၊ တဒေဝ ဘယံ၊ တံ သဗ္ဗံ အနဝသေသံ ဝါ ဒုဂ္ဂတိဘယံ ဒလိဒ္ဒဘယံ။ သဗ္ဗဒေဝ အတိက္ကန္တောတိ သမတိက္ကန္တော။ ဋီ။

ဒုဋ္ဌာ ဂတိ ဒုဂ္ဂတိ၊ ဒုဂ္ဂတိ ဧဝ ဘယံ ဒုဂ္ဂတိဘယံ၊ သဗ္ဗံ ဒုဂ္ဂတိဘယံ သဗ္ဗဒုဂ္ဂတိဘယံ-ဟု ပြု၊ ပစ္စည်းမရှိ ခြေလက် အင်္ဂါမစုံ ရောဂါထူသော, ဝါ၊ ရင်း ၃-ပါးအနက် တခုခုချို့ယွင်းသော မနုဿ ဒေါဘဂ္ဂဘေး ဟူလို။

လည်းဖြစ်ကုန်သော။ ဝါ၊ ယောနိသောမနသိကာရ သွေးနွယ်မကင်း တအူတုံဆင်းလည်း ဖြစ်ကုန်သော ၊ ယေ ၈၊ အကြင်သူတို့သည်လည်း။ သောတဗ္ဗံ၊ နားထောင်ထိုက်၏ဟူ၍။ မညေယျုံ၊ မှတ်ထင်ကုန်ငြားအံ့။ ဘိက္ခဝေ၊ တို့။ တေ၊ ထိုသူတို့ကို။ စတူသု၊ ၄-ပါးကုန်သော။ သောတာ- ပတ္တိယင်္ဂေသု၊ သောတာပန်ပုဂ္ဂိုလ်၏(သိကြောင်း)အင်္ဂါတို့၌။ သမာဒပေတဗ္ဗာ၊ ဆောက်တည် စေအပ် တိုက်တွန်းအပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ သက်ဝင်၍နေစေအပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာ၊ တည်စေအပ်ကုန်၏။ ကတမေသု စတူသု၊ အဘယ် ၄-ပါးတို့၌နည်း။ "ဣတိပိ။ပ။ ဘဂဝါတိ၊ဘဂဝါ" ဟူ၍။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေ၊ ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်း၌၊ သမာဒပေတဗ္ဗာ၊ အပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ အပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာ၊ အပ်ကုန်၏။ (အကြွင်းပေးတတ်လောက်ပြီ။ နိဂုံး လည်း နိဒါန်းအတိုင်း ဣမေသု ပါသည်သာ ထူး၏။)

ဆဋ္ဌ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဒုတိယမိတ္တာမစ္စသုတ်

၁၀၁၇။ (ယေ တေ ဘိက္ခဝေ မှစ၍ ဘဂဝါတိ အထိ ရှေ့သုတ်အတိုင်း ပေး။)

ဘိက္ခဝေ၊ တို့။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏ရင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်၏ရင်း။ တေဇောဓာတုယာ၊ တေဇောဓာတ်၏ရင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်၏ရင်း။ စတုန္နံ၊ ၄-ပါး ကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့၏။ အညထတ္တံ၊ သဘောအားဖြင့် တပါးသောအခြင်းအရာ (ပြောင်းလဲသည်) ၏အဖြစ်သည်။ သိယာ၊ ဖြစ်သော်ဖြစ်ရာ၏။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာဖြစ်သော တပည့်၏။ အညထတ္တံ၊ ဂတိအားဖြင့် တပါးသော အခြင်းအရာ(ပြောင်းလဲသည်)၏အဖြစ်သည် [၂]။ နတ္တေဝ သိယာ၊ မဖြစ်သည်သာတည်း။ ဣဒံ၊ ဤသို့ မဖြစ်ခြင်းသည်ကား။ တတြ၊ ထိုအရိယာသာ ဝက၏။ အညထတ္တံ၊ ဂတိအားဖြင့် တပါးသောအခြင်းအရာ (ပြောင်းလဲသည်) ၏အဖြစ်တည်း။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော။ သော။ သော အရိယသာဝကော၊ ထိုအရိယာ

---

၁။ (က) မိတ္တာတိ အညမညာ ဂေဟေ အာမိသပရိဘောဂဝသေန ဝေါဟာရမိတ္တာ။ ဋ္ဌ။
ဝေါဟာရမိတ္တာတိ တံတံဒါနဂ္ဂဟဏဝသေန ဝေါဟာရဏမိတ္တာ။ ဋီ။

(ခ) အမစ္စာတိ အာမန္တနပဋိမန္တနဣရိယာပထာဒိသု ဧကတော ပဝတ္တကိစ္စာ။ ဋ္ဌ။
အာမန္တနပဋိမန္တနဣရိယာပထာဒီသူတိ အာလာပသလ္လာပဂမနနိသဇ္ဇာဒိအတ္တသံဝိဓာနာဒီသု၊ ဧကတော ပဝတ္တကိစ္စာတိ သဟ ပဝတ္တကတ္တဗ္ဗာ၊ အမာ သဟ ဘဝန္တီတိ အမစ္စာ။ ဋီ။(အမာ+အတဓာတ်+ဏျ-ပစ္စည်း ကြံ။)

(ဂ) ဉာတီတိ သဿုသသုရပက္ခိကာ။ ဋ္ဌ။ "အမှာကံ ဣမေ"တိ ဉာယန္တီတိ ဉာတီ၊ အာဝါဟဝိဝါဟသမ္ဗန္ဓ၊ တေနာဟ "သဿုသသုရပက္ခိကာ"တိ။ ဋီ။

(ဃ) သာလောဟိတာတိ သမာနလောဟိတာ ဘာတိဘဂိနိမာတုလာဒယော။ ဋ္ဌ။ (သာလောဟိတာ-၌ သမာနသဒ္ဒါ၏ကာရိယ 'သ'ဟု ကြံ။)

ယောနိသမ္ဗန္ဓာ ဝါ သာလောဟိတာ၊ တေနာဟ "ဘာတိဘဂိနိမာတုလာဒယော"တိ။ ဋီ။ (သမ္ဗန္ဓတ္ထ 'သ'သဒ္ဒါ ကြံ။ သမာနော လောဟိတော ယေသံ၊ သမ္ဗန္ဓော လောဟိတော ယေသံ-ဟု ဝါကျခွင်း။)

၂။ ဋ္ဌ-ဋီတို့၌ အညထတ္တ အမျိုးမျိုး အဓိပ္ပါယ်နှင့်တကွ ပြကြ၏၊ ဤ၌လိုသော အညထတ္တကိုလည်း ကောက်ပြ ကြသည်။ အရိယသာဝက၏ အညထတ္တ အရ ဂတိအညထတ္တ ကောက်သော်လည်း ရတနာသုံးပါးစသည်၌ ကြည်ညို မှု မပြောင်းလဲခြင်း ပသာဒညထတ္တနှင့်လည်း သက်ဆိုင်သေးကြောင်း ဋ္ဌ၌ ဖွင့်၏၊ ရှုလေ။

ဖြစ်သောတပည့်သည်။ ဝတ၊ စင်စစ်။ နိရယံ ဝါ၊ ငရဲသို့ငင်း။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်မျိုးသို့ငင်း။ ပေတ္တိဝိသယံ ဝါ၊ ပြိတ္တာ (အသုရကာယ်)တို့၏နေရာဘုံသို့ငင်း။ ဥပပဇ္ဇိဿတီတိ၊ ကပ်ရောက်လတ္တံ့ဟူသော။ ဇော့ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ (ကြွင်း ဓမ္မ, သံဃေ, သီလေသုတို့၌လည်း ဤနည်း၊ နိဂုံးလည်း နိဒါန်းနည်း ပေး။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ပဌမဒေဝစာရိကသုတ်

၁၀၁၄။ သာဝတ္ထိနိဒါနံ၊ တည်း။ အထ ခေါ၊ ၌။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ ဗလဝါ၊ အားကောင်းသော။ ပုရိသော၊ ယောကျ်ားသည်။ သမိဉ္ဇိတံ၊ ကွေးထားအပ်သော။ ဗာဟံ၊ လက်မောင်းကို။ ပသာရေယျ ဝါ သေယျထာပိ နာမ၊ ဆန့်လိုက်ရာဘိသကဲ့သို့ငင်း။ ပသာရိတံ၊ ဆန့်ထားအပ်သော။ ဗာဟံ၊ ကို။ သမိဉ္ဇေယျ ဝါ သေယျထာပိ နာမ၊ ကွေးလိုက်ရာဘိသကဲ့သို့ငင်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတိုက်၌။ အန္တရဟိတော၊ ကွယ်ပျောက်သည်ဖြစ်၍။ တာဝတိံသေသု၊ တာဝတိံသာဘုံ၌ဖြစ်ကုန်သော။ ဒေဝေသု၊ နတ်တို့၌။ ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။ အထ ခေါ၊ ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ တာဝတိံသကာယိကာ၊ တာဝတိံသာ နတ်အပေါင်း၌ ဖြစ်ကုန်သော။ ဒေဝတာယော၊ နတ်တို့သည်။ ယေန၊ ၌။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ အဋ္ဌံသု၊ တည်ကုန်ပြီ။ ဧကမန္တံ၊ ၌။ ဌိတာ ခေါ၊ ကုန်သော။ တာ ဒေဝတာယော၊ ထိုနတ်တို့ကို။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်—

အာဝုသော၊ ငါ့ရှင် (နတ်အပေါင်း)တို့။ သာဓု ခေါ၊ ကောင်းသည်သာတည်း။ "ဗုဒ္ဓံပိ။ပ။ ဘဂဝါတိ၊ ဘဂဝါ" ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂမနံ၊ ပြည့်စုံခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အာဝုသော၊ ငါ့ရှင် (နတ်အပေါင်း) တို့။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂမနဟေတု ခေါ၊ ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်။ ဧဝံ၊ ဤသို့။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ပရံ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ သော။ သဂ္ဂံ၊ သော။ လောကံ၊ သို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြကုန်၏။ (ဓမ္မေ,သံဃေ,သီလေဟိ တို့၌လည်း ဤနည်းသမွန်၊) ဥပပဇ္ဇန္တီတိ၊ ရောက်ကြကုန်၏ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။

မာရိသ မောဂ္ဂလ္လာန၊ ဆင်းရဲကင်းတော်မူသော အရှင်မောဂ္ဂလ္လာန်။ သာဓု ခေါ၊ ကောင်းသည်သာတည်း။ (အကြွင်းပေးမြဲ၊ နတ်များက လျှောက်ကြသည်သာ ထူး၏။)

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဒုတိယဒေဝစာရိကသုတ်

၁၀၁၅။ (ဤသုတ်၌ ဥပပဇ္ဇန္တိ နေရာ၌ ဥပပန္နာရှိသည်သာ ထူး၏။ အကြွင်း ပဌမဒေဝစာရိကသုတ်နှင့် တူ၏။ ဥပပန္နာ၊ ကပ်ရောက်ကြကုန်ပြီ- ဟု ပေး။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-တတိယဒေဝစာရိကသုတ်

၁၀၁၆။ (ဤသုတ်၌လည်း မြတ်စွာဘုရားက မိန့်တော်မူခြင်း, အဝိနိပါတဓမ္မာ၊ အပါယ်၌ ကျခြင်းသဘောမရှိကုန်သော။ နိယတာ၊ မဂ္ဂဓမ္မနိယာမအားဖြင့် မြဲကုန်သော။ သမ္ဗောဓိပရာယဏာ၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိကုန်သော။ သောတာပန္နာ၊ သောတာပန်တို့တည်း။ ဟု ပေးရသည်သာ ထူး၏၊ အကြွင်း ပဌမဒေဝစာရိကသုတ်နှင့် တူ၏။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ဒုတိယော၊ ၂-ဝဂ်မြောက်ဖြစ်သော။ ရာဇကာရာမဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုရာဇကာရာမဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

သဟဿ၊ သဟဿဘိက္ခုနိသံယသုတ်ရင်း။ ဗြာဟ္မဏ၊ ဗြာဟ္မဏသုတ်ရင်း။ အာနန္ဒ၊ အာနန္ဒတ္ထေရ သုတ်ရင်း။ အပရေ၊ တပါးကုန်သော။ ဒုဝေ ဒုဂ္ဂတိ၊ ဒုဂ္ဂတိဘယသုတ်, ဒုဂ္ဂတိဝိနိပါတဘယသုတ် ၂-သုတ်တို့ရင်း။ ဝုတ္တာ၊ ဟောအပ်ကုန်သော။ ဒုဝေ မိတ္တာမစ္စာ၊ ပဌမမိတ္တာမစ္စသုတ်, ဒုတိယမိတ္တာမစ္စသုတ် ၂-သုတ်တို့ရင်း။ တယော စ ဒေဝစာရိကာ၊ ပဌမဒေဝစာရိကသုတ်, ဒုတိယဒေဝစာရိကသုတ်, တတိယဒေဝစာရိကသုတ် ၃-သုတ်တို့ရင်း တည်း။ ဣတိ၊ ဤသည်တည်း။

---

## ၃-သရဏာနိဝဂ်

### ၁-ပဌမ မဟာနာမသုတ်

၁၀၁၇။ (ဇေ် မေ သုတံ ပေးမြဲ။) ဧကံ သမယံ၊ တပါးသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သက္ကေသု၊ သက္ကတိုင်း၌။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်မြို့၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရတိ၊ နေတော်မူ၏။ အထ ခေါ၊ ၌။ မဟာနာမော၊ မဟာနာမ် မည်သော။ သက္ကော၊ သာကီဝင်သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရှိသေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊ တခုသော အရပ်အဖို့၌။ နိသီဒိ၊ ထိုင်ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ ထိုင်နေသော၊ မဟာနာမော၊ သော။ သက္ကော၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ မြတ်စွာဘုရား။ ဣဒံ ကပိလဝတ္ထု၊ ဤကပိလဝတ်မြို့သည်။ ဣဒ္ဓဉ္စေဝ၊ (ဆီ, ပျား, ထောပတ်စသည်တို့ဖြင့်) ပြည့်စုံ၏။ ဖီတဉ္စ၊ (အဆင်တန်းဆာအားဖြင့်) ပွင့်သောပန်းနှင့်တူ၏[၁]။ ဗာဟုဇညံ၊ လူသိများ၏[၂]။ အာကိဏ္ဏမနုဿံ၊ အကြားမလပ် ရောပြွမ်း ဆက်စပ်သော လူရှိ၏။ သမ္ဗာဓဗျူဟံ၊ ကျဉ်းမြောင်းသော တိုးရိုမပေါက်သော လမ်းရှိ၏။ ဘန္တေ၊ ဘုရား။ သော ခေါ အဟံ၊ ထိုတပည့်တော်သည်။ ဘဂဝန္တံ ဝါ၊ မြတ်စွာဘုရားကိုရင်း။ မနောဘာဝနီယေ၊ (ဖူးတွေ့ရလျှင်) ကုသိုလ်စိတ်ကို တိုးပွါးစေကုန်သော။ (သံ-ဋ္ဌ ၂-၂၄၀-ရှု။) ဘိက္ခူ ဝါ၊ ရဟန်းတို့ကိုရင်း။ ပယိရုပါသိတွာ၊ ဆည်းကပ်ပြီး၍။

---

၁။ ဖီတန္တိ... သုပုပ္ဖိတံ။ ဋ္ဌ။ သုပုပ္ဖိတန္တိ ဥပသောဘိတတာယ သုပုပ္ဖိတသဒိသတ္တာ။ ဋီ။

၂။ ဗာဟုဇညန္တိ ဗာဟုဇညံ။ ဤ၌ ဋ္ဌ-နှ၁-၂၇၄။ အာကိဏ္ဏမနုဿံနှင့် ကွဲအောင် ကြံသည်။

သာယနှသမယံ၊ ညနေချမ်းအခါ၌။ ကပိလဝတ္ထုံ၊ ကပိလဝတ်မြို့သို့။ ပဝိသန္တော၊ ဝင်သည်ရှိသော်။ ဘန္တေန၊ တုံလှုပ်ရွေ့ရှား လှည့်လည်သွားလာသော။ ဟတ္ထိနာပိ၊ ဆင်နှင့်လည်း။ သမာဂစ္ဆာမိ၊ ဆုံမိ၏။ ဘန္တေန၊ သော။ အဿေနပိ၊ မြင်းနှင့်လည်း။ သမာဂစ္ဆာမိ၊ ၏။ ဘန္တေန၊ သော။ ရထေနပိ၊ နှင့်လည်း။ သမာဂစ္ဆာမိ၊ ၏။ ဘန္တေန၊ သော။ သကဋေနပိ၊ လှည်းနှင့်လည်း။ သမာဂစ္ဆာမိ၊ ၏။ ဘန္တေန၊ သော။ ပုရိသေနပိ၊ ယောကျာ်းနှင့်လည်း။ သမာဂစ္ဆာမိ၊ ၏။ ဘန္တေ၊ ရား။ တသ္မိံ သမယေ၊ ထိုအခါ၌။ တဿ မယှံ၊ ထိုတပည့်တော်၏။ ဗုဒ္ဓံ၊ ဘုရားကို။ အာရဗ္ဘ၊ အာရုံပြု၍ (ဖြစ်သော)။ သတိ၊ သည်။ မုဿတေဝ၊ ပျက်ကွက်(ချတ်ယွင်း လွတ်ကင်း)သည်သာတည်း။ (မုဿ-နာသေ။) ဓမ္မံ၊ တရားကို။ အာရဗ္ဘ၊ ၍ (ဖြစ်သော)။ သတိ၊ သည်။ မုဿတိ ဧဝ၊ တည်း။ သံဃံ၊ သံဃာကို။ အာရဗ္ဘ၊ ၍ (ဖြစ်သော)။ သတိ၊ သည်။ မုဿတိ ဧဝ၊ တည်း။ ဘန္တေ၊ ရား။ တဿ မယှံ၊ ၏။ 'ဣမမှိ သမယေ၊ ဤအခါ၌။ အဟံ၊ ငါသည်။ စေ ကာလံ ကရေယျံ၊ အကယ်၍ သေလွန်ငြားအံ့။ မယှံ၊ ငါ၏။ ဂတိ၊ ဂတိသည်။ ကာ၊ အဘယ်သို့ဖြစ်မည်နည်း။ အဘိသမ္ပရာယော၊ တမလွန်ဘဝသည်။ ကော၊ အဘယ်သို့ဖြစ်မည်နည်း'ဟူသော။ ဧဝံ၊ ဤအကြံသည်။ ဟောတိ၊ ဖြစ်၏"ဟူသော။ တေ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။

မဟာနာမ၊ မဟာနာမ်။ မာ ဘာယိ၊ မကြောက်ပါလင့်။ မဟာနာမ၊ နာမ်။ မာ ဘာယိ၊ လင့်။ တေ၊ သင်၏။ အပါပကံ၊ မယုတ်ညံ့(ကောင်းမြတ်)သော။ မရဏံ၊ သေလွန်ခြင်းသည်၊ အပါပိကာ၊ မယုတ်ညံ့(ကောင်းမြတ်)သော။ ကာလံကိရိယာ၊ အတ္တဘောစွန့်ချခြင်းကို ပြုခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ မဟာနာမ၊ နာမ်။ ယဿ ကဿစိ၊ အကြင်(တစုံတယောက်သော) သူ၏။ သဒ္ဓါပရိဘာဝိတံ၊ သဒ္ဓါဖြင့်ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ (အဿ၊ ရှိရာ၏။) သီလပရိဘာဝိတံ၊ သီလဖြင့်ထုံအပ်သော။ စိတ္တံ၊ သည်။ (အဿ၊ ရှိရာ၏။) သုတပရိဘာဝိတံ၊ သုတဖြင့်ထုံအပ်သော။ စိတ္တံ၊ သည်။ (အဿ၊ ရှိရာ၏။) စာဂပရိဘာဝိတံ၊ စာဂဖြင့်ထုံအပ်သော။ စိတ္တံ၊ သည်။ (အဿ၊ ရှိရာ၏။) ပညာပရိဘာဝိတံ၊ ပညာဖြင့်ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ (အဿ၊ ရှိရာ၏။) တဿ၊ ထိုသူ၏။ [တံ(ထိုကိုယ်ကို) ဥဒ္ဒိဿ၊] ရှုပ်၊ အဆေးအပူစသည်ကြောင့် ဖောက်ပြန်ခြင်းသဘော ရှိသော။ စာတုမဟာဘူတိကော၊ မဟာဘုတ် ၄-ပါးကြောင့်ဖြစ်သော။ မာတာပေတ္တိကသမ္ဘဝေါ၊ မိဘတို့၏သုက်သွေးကြောင့်ဖြစ်သော။ ဩဒနကုမ္မာသူပစယော၊ ထမင်း မုယောမုံ့တို့ကြောင့်ကြီးပွါးသော။ အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော၊ မမြဲခြင်း လိမ်းကျံခြင်း ဆုပ်နယ်ခြင်း ပျက်စီးခြင်း ဖရိုဖရဲ ကျဲခြင်းသဘောရှိသော။ ယော ဟိ ခေါ အယံ ကာယော၊ အကြင် ကိုယ်သည်။ (အတ္ထိ၊ ရှိ၏။) တံ၊ ထိုကိုယ်ကို။ ဣဓေဝ၊ ဤလူ့လောက၌သာလျှင်။ ကာကာ ဝါ၊ ကျီးတို့သည် မူလည်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။ ဂိဇ္ဈာ ဝါ၊ လင်းတတို့သည်မူလည်း။ ခါဒန္တိ၊ ကုန်၏။ ကုလလာ ဝါ၊ စွန်တို့သည်မူလည်း။ ခါဒန္တိ၊ ကုန်၏။ သုနခါ ဝါ၊ ခွေးတို့သည်မူလည်း။ ခါဒန္တိ၊ ကုန်၏။ သိင်္ဂါလာ ဝါ၊ မြေခွေးတို့သည်မူလည်း။ ခါဒန္တိ၊ ကုန်၏။ ဝိဝိဓာ၊ အထူးထူး အပြားပြားရှိကုန်သော။ ပါဏကဇာတာ ဝါ၊ ပိုးမျိုးတို့သည်မူလည်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။ ဘဿ၊ ထိုသူ၏။ ဒီဃရတ္တံ၊ ကြာရှည်စွာသော ကာလပတ်လုံး။ သဒ္ဓါပရိဘာဝိတံ၊ သဒ္ဓါဖြင့်ထုံအပ်သော။ပ။ ပညာပရိဘာဝိတံ၊ ပညာဖြင့်ထုံအပ်သော။ ယဉ္စ ခေါ စိတ္တံ၊ အကြင်စိတ်သည်။ (အတ္ထိ၊ ၏။) တံ၊ ထိုစိတ်သည်။ ဥဒ္ဓဂါမိ၊ အထက်ဘုံသို့သွားသည်။ ဝိသေသဂါမိ၊ ထူးမြတ်သော်နိဗ္ဗာန်သို့ သွားသည်။ ဟောတိ၊ ၏။

မဟာနာမ၊ နာမ်။ သေယျထာပိ၊ ဖြစ်သင့်တန်ရာ ဥပမာသော်ကား။ ပုရိသော၊ ယောကျာ်းသည်။ သပ္ပိကုမ္ဘံ ဝါ၊ ထောပတ်အိုးကိုရင်း။ တေလကုမ္ဘံ ဝါ၊ ဆီအိုးကိုရင်း။ ဂမ္ဘီရံ၊ နက်သော။

ဥဒကဒဟရံ၊ ရေအိုင်ထဲသို့။ ဩဂါဟိတွာ၊ သက်ဆင်း၍။ ဘိန္ဒေယျ၊ ခွဲပစ်ရာ၏။ တတြ၊ ဆို ထောပတ်အိုး၊ ဆီအိုး၌။ ယာ သက္ခရာ ဝါ၊ အကြင် ကျောက်စရစ်ခဲငယ်သည်၎င်း။ ယာ ကထလာ ဝါ၊ အကြင် အိုးခြမ်းကွဲသည်၎င်း။ အဿ၊ ရှိရာ၏။ သာ၊ ထို ကျောက်ခဲငယ် အိုးခြမ်းကွဲသည်။ အဓောဂါမီ၊ ရေအောက်သို့ နစ်မြုပ်သွားသည်။ အဿ၊ ဖြစ်ရာ၏။ တတြ၊ ထိုထောပတ်အိုး ဆီအိုး၌။ ယဉ္စ ခေါ သပ္ပိ ဝါ၊ အကြင် ထောပတ်သည်၎င်း။ ယဉ္စ ခေါ တေလံ ဝါ၊ အကြင်ဆီသည် ၎င်း။ အဿ၊ ရှိရာ၏။ တံ၊ ထိုထောပတ်,ဆီသည်။ ဥဒ္ဓဂါမီ၊ ရေထက်သို့ရောက်နေသည်။ ဝိသေသဂါမီ၊ အထူးထင်ရှား ရေပေါ်သွားနေသည်။ အဿ၊ ဖြစ်ရာ၏။ မဟာနာမ၊ နာမ်။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ပ။ ဝိသေသဂါမီ၊ သည်။ ဟောတိ၊ ၏။ မဟာနာမ၊ နာမ်။ တုယှံ ခေါ ပန၊ သင်၏။ ဒီဃရတ္တံ၊ ပတ်လုံး။ သဒ္ဓါပရိဘာဝိတံ၊ သော။ စိတ္တံ၊ သည်။ (ဟောတိ၊ ၏)။ပ။ ပညာပရိဘာဝိတံ၊ သော။ စိတ္တံ၊ သည်။ (ဟောတိ၊ ၏။) မဟာနာမ၊ နာမ်။ မာ ဘာယိ၊ မကြောက်လင့်။ မဟာနာမ၊ နာမ်။ မာ ဘာယိ၊ လင့်။ တေ၊ ၏။ အပါပကံ၊ သော။ မရဏံ၊ သည်။ အပါပိကာ၊ သော။ ကာလံကိရိယာ၊ သည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ (ဤပေယျာလများကို အထက် မာ ဘာယိ မဟာနာမ ဝါကျအတိုင်း ပေး။)

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဒုတိယမဟာနာမသုတ်

၁၀၁၈။ (ဧဝံ မေ သုတံ မှစ၍ ကော အဘိသမ္ပရာယောတိ-အထိ ရှေ့သုတ်အတိုင်း ပေး။)

မဟာနာမ၊ နာမ်။ မာ ဘာယိ၊ မကြောက်လင့်။ပ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မဟာနာမ၊ နာမ်။ စတူဟိ ခေါ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယ-သာဝကော၊ အရိယာတပည့်သည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ ညွတ်သည်။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ ရှိုင်းသည်။ ဟောတိ၊ ၏။ ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးတို့နှင့်နည်း။ (ဣဓ မဟာနာမ စသည် ပေးမြဲ။)

မဟာနာမ၊ နာမ်။ သေယျထာပိ၊ ဖြစ်သင့်တန်ရာ ဥပမာသော်ကား။ ပါစီနနိန္နော၊ အရှေ့ဘက်သို့ ညွတ်သော။ ပါစီနပေါဏော၊ အရှေ့ဘက်သို့ ကိုင်းသော။ ပါစီနပဗ္ဘာရော၊ အရှေ့ဘက်သို့ ရှိုင်းသော။ ရုက္ခော၊ သစ်ပင်သည်။ (အတ္ထိ၊ ၏။) သော၊ ထိုသစ်ပင်သည်။ မူလစ္ဆိန္နော၊ အမြစ်ရင်းမှ ဖြတ်လှည်းအပ်သည်ရှိသော်။ ကတမေန၊ အဘယ်ဘက်ဖြင့်။ ပပတေယျ၊ လဲရာသနည်း။ ဣတိ၊ ဤသို့ ဘုရားရှင်က မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ယေန၊ အကြင်အရပ်သို့။ နိန္နော၊ ညွတ်၏။ ယေန၊ သို့။ ပေါဏော၊ ကိုင်း၏။ ယေန၊ သို့။ ပဗ္ဘာရော၊ ရှိုင်း၏။ (တေန၊ ထိုဘက်ဖြင့်။) ပပတေယျ၊ လဲရာ၏။ ဣတိ၊ ဤသို့ မဟာနာမ်က ဖြေဆိုလျှောက်၏။ မဟာနာမ၊ နာမ်။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာတပည့်သည်။ နိဗ္ဗာနနိန္နော၊ သည်။ နိဗ္ဗာန-ပေါဏော၊ သည်။ နိဗ္ဗာနပဗ္ဘာရော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ဂေါဓသက္ကသုတ်

၁၀၁၉။ ကပိလဝတ္ထုနိဒါနံ၊ ကပိလဝတ် နိဒါန်းတည်း။ အထ ခေါ၊ ထိုအခါ၌။ မဟာနာမော၊ မဟာနာမ် အမည်ရှိသော။ သက္ကော၊ သာကီဝင်သည်။ ယေန၊ အကြင်အရပ်၌။ ဂေါဓာ၊ ဂေါဓာ မည်သော။ သက္ကော၊ သာကီဝင်သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ "ဂေါဓေ၊ ဂေါဓာ၊ တွံ၊ သင်သည်။ ကတိဟိ၊ အဘယ်မျှလောက် ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသောသူကို။ အဝိနိပါတဓမ္မံ၊ အပါယ်၌ ကျခြင်းသဘော မရှိသော။ နိယတံ၊ မဂ္ဂဓမ္မနိယာမအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏံ၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော။ သောတာပန္နပုဂ္ဂလံ၊ သောတာပန်ပုဂ္ဂိုလ်ဟူ၍။ အာဇာနာသိ၊ သိသလော"ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ ပြောဆိုပြီ။

မဟာနာမ၊ မဟာနာမ်။ အဟံ၊ ငါသည်။ တီဟိ ခေါ၊ ၃-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသောသူကို။ အဝိနိပါတဓမ္မံ၊ သော။ နိယတံ၊ သော။ သမ္ဗောဓိပရာယဏံ၊ သော။ သောတာပန္နပုဂ္ဂလံ၊ သောတာပန်ပုဂ္ဂိုလ်ဟူ၍။ အာဇာနာမိ၊ သိ၏။ ကတမေဟိ တီဟိ၊ အဘယ် ၃-ပါးတို့နှင့်နည်း။ (ဣဓ မဟာနာမ။ပ။ သမ္ဗောဓိပရာယဏာ ပေးလေ၊ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ဟု ဣမေဟိ နှင့် တွဲပေးရသည်သာ ထူး၏။)

မဟာနာမ၊ နာမ်။ တွံ ပန၊ သင်သည်ကား။ ကတိဟိ၊ ကုန်သော။ ဓမ္မေဟိ၊ တို့နှင့်။ သမန္နာဂတံ၊ ကို။ အဝိနိပါတဓမ္မံ၊ သော။ပ။ သောတာပန္နပုဂ္ဂလံ၊ ဟူ၍။ အာဇာနာသိ၊ သိသနည်း။ ဣတိ၊ ဤသို့ ဂေါဓာက မေးပြန်၏။ ဂေါဓေ၊ ဂေါဓာ။ အဟံ၊ ငါသည်။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တို့နှင့်။ သမန္နာဂတံ၊ ကို။ပ။ သောတာပန္နပုဂ္ဂလံ၊ ဟူ၍။ အာဇာနာမိ၊ သိ၏။ (ကတမေဟိ စတူဟိ မှစ၍ ပေးမြဲ။ ဂေါဓာက ရတနတ္တယပ္ပသာဒ ၃-ပါးနှင့် ပြည့်စုံလျှင် သောတာပန်၊ မဟာနာမ်က ရတနတ္တယပ္ပသာဒ ၃၊ သီလ ၁၊ ဤ ၄-ပါးနှင့် ပြည့်စုံလျှင် သောတာပန်ဟု ဝိဝါဒဖြစ်သည်။) ဣတိ၊ ဤသို့ မဟာနာမ်က ပြောဆို၏။

မဟာနာမ၊ နာမ်။ တွံ၊ သည်။ အာဂမေဟိ၊ ဆိုင်းဦး။ မဟာနာမ၊ နာမ်။ တွံ၊ သည်။ အာဂမေဟိ၊ ဆိုင်းဦး။ ဘဂဝါဝ၊ မြတ်စွာဘုရားသည်သာလျှင်။ ဧတေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတံ ဝါ၊ ပြည့်စုံသောသူ၏ သောတာပန်၏ အဖြစ်ကိုငှါ။ အသမန္နာဂတံ ဝါ၊ မပြည့်စုံသော သူ၏ သောတာပန်မဟုတ်သည်၏ အဖြစ်ကိုငှါ[၁]။ ဧတံ၊ ဤအကြောင်းကို။ ဇာနေယျ၊ သိတော်မူရာ၏။ ဣတိ၊ ဤသို့ ဂေါဓာက ပြောဆို၏။ ဂေါဓေ၊ ဂေါဓာ။ အာယာမ၊ လာ, သွားကြကုန်အံ့။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမေယျာမ၊ ချဉ်းကပ်ကုန်အံ့။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေဿာမ၊ လျှောက်ကြားကုန်အံ့။ ဣတိ၊ ဤသို့ မဟာနာမ်က ပြောဆို၏။ အထ ခေါ၊ ၌။ မဟာနာမော၊ သော။ သက္ကော၊ သာကီဝင်သည်၎င်း။ ဂေါဓာ၊ သော။ သက္ကော စ၊ သည်၎င်း။ပ။

---

၁။ သမန္နာဂတံ ဝါ အသမန္နာဂတံ ဝါတို့၌ ဓာတွတ္ထာတိသယနည်းကို မှီး၍ အဋ္ဌကထာဖွင့်ကိုရှုလျက် အဓိပ္ပါယ် ပေါ်လွင်စေခြင်း လိင်္ဂတ္ထာတိသယနည်းကြံကာ သမန္နာဂတံ ဝါ၊ ပြည့်စုံသောသူ၏ သောတာပန် အဖြစ်ကိုငှါ။ အသမန္နာဂတံ ဝါ၊ မပြည့်စုံသောသူ၏ သောတာပန်မဟုတ်သည်ကိုငှါ ဟု သမ္ဗန်သည်။ အဋ္ဌကထာ၌ ဆိုလိုရင်း ပြသည်မှာ ၃-ပါးသော တရားတို့နှင့် ပြည့်စုံသောသူ၏ သောတာပန်အဖြစ်, သို့မဟုတ် ၄-ပါးသော တရားတို့နှင့် ပြည့်စုံသောသူ၏ သောတာပန် အဖြစ်ကို မြတ်စွာဘုရားသာ သိနိုင်၏ဟူသည်တည်း။

နိသိဒိ သု၊ ထိုင်ကုန်ပြီ။ ကေမန္တံ၊ ၌။ နိသိန္နော ခေါ၊ ထိုင်သော။ မဟာနာမော၊ သော။ သက္ကော၊ သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို—

ဘန္တေ၊ မြတ်စွာဘုရား။ ဣဓ၊ ဤအရပ်၌။ အဟံ၊ တပည့်တော်သည်။ပ။ ဂေါဓံ၊ သော။ သက္ကံ၊ ကို။ "ကတိဟိ။ ပ ။ သမန္နာဂတံ ကတိဟိ။ ပ။ သမန္နာဂတံ ဟူသော။ ဝေါ၊ ... ဤစကားကို။ အဝေါစံ၊ ဆိုပြီ။ ဘန္တေ၊ ရား။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သော်။ ဂေါဓာ၊ သော။ သက္ကော၊ သည်။ မံ၊ တပည့်တော်ကို။ "တီဟိ။ ပ။ သမန္နာဂတန္တိ၊ တီဟိ။ ပ။ သမန္နာဂတံ" ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။

ဘန္တေ၊ ရား။ ဧဝံ၊ သို့။ ဝုတ္တေ၊ သော်။ အဟံ၊ သည်။ ဂေါဓံ၊ သော။ သက္ကံ၊ ကို။ "စတူဟိ။ပ။ သမန္နာဂတန္တိ၊ စတူဟိ။ပ။ သမန္နာဂတံ" ဟူသော။ ဝေါ၊ ကို။ အဝေါစံ၊ ပြီ။

ဘန္တေ၊ ရား။ ဧဝံ၊ သို့။ ဝုတ္တေ၊ သော်။ ဂေါဓာ၊ သော။ သက္ကော၊ သည်။ မံ၊ ကို။ "အာဂမေဟိ။ပ။ အသမန္နာဂတံ ဝါတိ၊ အာဂမေဟိ။ ပ ။ အသမန္နာဂတံ ဝါ" ဟူသော။ ဝေါ၊ ကို။ အဝေါစ၊ ပြီ။ (ဤ၌ သဒ္ဒါအားဖြင့် အာကာရင့်၍ ပေးသည်။ အနက်အားဖြင့် ငံ၍ ပေးဖို့ဖြစ်သောကြောင့်တည်း။) ဘန္တေ၊ မြတ်စွာဘုရား။ ဣဓ၊ ဤလောက၌။ ယသ္မိံ (ဓမ္မသမုပ္ပါဒေ)၊ အကြင်ဝိဝါဒဓမ္မ၏ ဖြစ်ပေါ်ကြောင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကေတော၊ တဖက်မှ။ အသာ၊ ဖြစ်ရာ၏။ ဘိက္ခုသံဃော စ၊ ရဟန်းသံဃာသည်လည်း။ ကေတော၊ တဖက်မှ။ အသား ဖြစ်ရာ၏။ ကောစိဒေဝ၊ တစုံတခုသောလျှင်ဖြစ်သော။ သော ဓမ္မသမုပ္ပါဒေါ၊ ထိုဝိဝါဒဓမ္မ၏ ဖြစ်ပေါ်ကြောင်းသည်[၁]။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ပေါ်လာငြားအံ့။ (ဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်။) ဘဂဝါ၊ မြတ်စွာဘုရားသည်။ ယေနေဝ၊ အကြင်ဘက်မှ သာလျှင်။ အသာ၊ ဖြစ်ရာ၏။ အဟံ၊ တပည့်တော်သည်။ တေနေဝ၊ ထိုဘက်မှ သာလျှင်။ အသာ၊ ဖြစ်ပါအံ့။ ဘန္တေ၊ ရား။ ဘဂဝါ၊ သည်။ မံ၊ တပည့်တော်ကို။ ဧဝံ ပသန္နံ၊ ဤသို့ (မြတ်စွာဘုရား၌) ကြည်ညိုသူဟူ၍။ ဓာရေတု၊ မှတ်တော်မူပါ။ (ကြွင်းဝါကျတို့၌လည်း ဤနည်းပေး။ မြတ်စွာဘုရားက တဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာတို့က တဖက် ဖြစ်သည်ကား တဋ္ဌာန။ မြတ်စွာဘုရားက တဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီ သံဃာနှင့် ဥပါသကာများက တဖက် ဖြစ်သည်ကား တဋ္ဌာန။ မြတ်စွာဘုရားက တဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဥပါသကာနှင့် ဥပါသိကာမများက တဖက် ဖြစ်သည်ကား တဋ္ဌာန။ မြတ်စွာဘုရားက တဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဥပါသကာ ဥပါသိကာများနှင့် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးက တဖက် ဖြစ်သည်ကား တဋ္ဌာန ခွဲသည်သာ ထူး၏။ သို့သော် နောက်ဆုံးဋ္ဌာန၌ သမ္ဗန်ဦးအံ့။) ဘန္တေ၊ ရား။ ဣဓ၊ ဤလောက၌။ (ယသ္မိံ (ဓမ္မသမုပ္ပါဒေ)၊ သည်။ ဥပ္ပန္နေ၊ သော်။) ဘဂဝါ၊ သည်။ ကေတော၊ မှ။ အသာ၊ ရာ၏။ ဘိက္ခုသံဃော၊ သည်ငှင်း။ ဘိက္ခုနီသံဃော၊ သည်ငှင်း။ ဥပါသကာ၊ ဥပါသကာတို့သည်ငှင်း။ ဥပါသိကာယော၊ ဥပါသိကာမတို့သည်ငှင်း။ သဒေဝကော၊ အရှင်ဗြဟ္မာတို့နှင့် တကွဖြစ်သော။ သမာရကော၊ ကာမာဝစရ နတ်တို့နှင့် တကွဖြစ်သော။

၁။ ဤပါဠိတော်၌ "ကောစိဒေဝ ဓမ္မော သမုပ္ပါဒေါ"ဟု (ဝါကျများ အနေအားဖြင့်) ရှိသော်လည်း "ကောစိဒေဝ ဓမ္မသမုပ္ပါဒေါ ဥပ္ပဇ္ဇေယျာတိ ကိဉ္စိဒေဝ ကာရဏံ ဥပ္ပဇ္ဇေယျ"။ ဋ္ဌ။ "ဓမ္မသမုပ္ပါဒေါတိ ဝိဝါဒဓမ္မ-ဥပ္ပတ္တိဟေတု" (တဒေဝ ဟိ သန္နာဃာဟ"ကိဉ္စိဒေဝ ကာရဏ"န္တိ၊ ကာရဏန္တိ နာနာကာရဏံ)။ ဋီ-တို့ကိုထောက်၍ ဓမ္မသမုပ္ပါဒေါ၊ ဝိဝါဒဓမ္မ၏ဖြစ်ပေါ်ကြောင်းသည်ဟု ပြင်၍ သမ္ဗန်လိုက်သည်။ ဋီ-၌လည်း သံဝဏ္ဏေတဗ္ဗပုဒ်"ဓမ္မော သမုပ္ပါဒေါတိ" ဟု မှားယွင်းနေသည်။ ဝါကျရှိလိုလျှင် ဓမ္မောဟု ဆင့်ကဲ့ကြသာ သင့်၏။

သဖြဟ္မကော၊ ရူပါဝစရ ဗြဟ္မာတို့နှင့် တကွဖြစ်သော။ လောကော စ၊ နတ်ဗြဟ္မာဟူသော သတ္တလောကသည်လည်း။ သဿမဏဗြာဟ္မဏိံ၊ ရဟန်း ပုဏ္ဏားတို့နှင့် တကွဖြစ်သော။ သဒေဝ-မနုဿာ၊ သမုတိနတ်ခေါ်သော မင်း, ကြွင်းသောလူတို့နှင့် တကွဖြစ်သော။ ပဇာ စ၊ လူဟူသော သတ္တလောကသည်လည်း။ ကေတော၊ တဖက်မှ။ အဿ၊ ရာ၏။ ဘဂဝါ၊ သည်။ ယေနေဝ၊ အကြင် ဘက်မှသာလျှင်။ အဿ၊ ရာ၏။ အဟံ၊ သည်။ တေနေဝ၊ ထို ဘက်မှသာလျှင်။ အဿံ၊ ဖြစ်ပါအံ့။ ဘန္တေ၊ ရား။ ဘဂဝါ၊ သည်။ မံ၊ ကို။ ဧဝံ ပဿန္တု၊ (မြတ်စွာဘုရား၌) ဤသို့ ကြည်ညိုသူဟူ၍။ ဓာရေတူတိ၊ မှတ်တော်မူပါ ဟူသော။ ဧတံ၊ ဤ စကားကို။ အဝေါစ၊ လျှောက်ထားပြီ။ ဂေါဓေ၊ ဂေါဓ။ တွံ၊ သင်သည်။ ဧဝံဝါဒီ ၊ ဤသို့သော အယူဝါဒရှိသော။ (ဘုရားဘက်၌ လိုက်ပါပြောဆိုလေ့ရှိသော ဟူလို။ ဧဝံဝါဒီ ဟု ရှိသည်ကား သင့်အံ့ မထင်။) မဟာနာမံ၊ သော။ သက္ကံ၊ ကို။ ကိံ ၊ အဘယ်သို့။ ဝဒေသိ၊ ဆိုမည်နည်း။ ဣတိ၊ ဤသို့ ဘုရားရှင်က မိန့်တော်မူ၏။ ဘန္တေ၊ ရား။ ဧဝံဝါဒီ ၊ သော။ မဟာနာမံ၊ သော။ သက္ကံ၊ ကို။ ကလျာဏာ၊ ကောင်းသော စကားမှ။ အညတြ၊ ကြဉ်၍။ ကုသလာ၊ အပြစ်မရှိသော စကားမှ။ အညတြ၊ ကြဉ်၍[၁]။ ကိဉ္စိ၊ တစုံတခုသော စကားကို။ နဝဒါမိ၊ မဆိုပါ။ (မဟာနာမ် အပြစ်မရှိ ဟူလို။) ဣတိ၊ ဤသို့ လျှောက်ထား၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

၄-ပဌမသရဏာနိသက္ကသုတ်

၁၀၂၀။ ကပိလဝတ္ထုနိဒါနံ၊ တည်း။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ သရဏာနိ၊ သရဏာနိ မည်သော။ သက္ကော၊ သာကီဝင်သည်။ ကာလင်္ကတော၊ ပြုအပ်သော အတ္တဘောကို ပစ်ချခြင်းရှိသည် (သေသည် ဟူလို)။ ဟောတိ၊ ၏။ သော၊ ထိုသရဏာနိ သာကီဝင်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ "အဝိနိပါတဓမ္မော၊ အပါယ်၌ကျခြင်း သဘောမရှိသော။ နိယတော၊ မဂ္ဂဓမ္မ နိယာမအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာ ရှိသော။ သောတာပန္နောတိ၊ သောတာပန်တည်း" ဟူ၍။ ဗျာကတော၊ ပြောကြားတော်မူအပ်၏။ တတြ၊ ထိုသို့ ပြောကြားရာ၌။ (သုဒ် နိပါတ်မျှ။) သမ္ဗဟုလာ၊ များစွာကုန်သော။ သက္ကာ၊ သာကီဝင်တို့သည်။ သင်္ဂမ္မ၊ အညီအညွတ်ရောက်ကုန်၍။ သမာဂမ္မ၊ အညီအညွတ် လာကုန်၍။ (စည်းဝေးကုန်၍ ဟူလို၊ ၂-ပုဒ်လုံး ပရိယာယ်တူ ကြံ။) "ဘော၊ အို-လူအပေါင်းတို့။ အစ္ဆရိယံ ဝတ၊ လက်ဖျစ်ခတ်ထိုး အံ့ချီးထိုက်ပေစွတကား။ ဘော၊ တို့။ အဗ္ဘုတံ ဝတ၊ အဦးအသစ် အထူးဖြစ်ပေစွတကား။ ယတြ(ယော)သရဏာနိ သက္ကော၊ အကြင်သရဏာနိ

---

[၁]။ အညတြကလျာဏာ အညတြကုသလာတိ ကလျာဏမေဝ ကုသလမေဝ ဝဒါမိ န ကလျာဏကုသလ-ဝိမုတ္တန္တိ၊ အပိ စဿ အနုဝဏ္ဏနဒေါရသော ဧသောတိ။ ဋီ ။

ကလျာဏကုသလဝိမုတ္တန္တိ အကလျာဏံ အကုသလံ၊ တဒိဒံ ယထာဝုတ္တအဝဏ္ဏဿာဒေန အပနီတအတ္တာဿ-နုတ္တံ။-- အနုဝဏ္ဏနဒေါသောတိ စတုသု ဓမ္မေသု ဧကေနပိ သမန္နာဂတော သောတာပန္နော ဟောတီတိ အနုဇာနိတွာ ဝတ္တုဟိပိ သမန္နာဂတေန အာစိက္ခိတဗ္ဗန္တိ ယထာဝုတ္တော အနုဝဏ္ဏနဒေါသောတိ အဓိပ္ပါယော။ ဋီ။

၃-ပါးနှင့်ပြည့်စုံသူလည်း သောတာပန်၊ ၄-ပါးနှင့်ပြည့်စုံသူလည်း သောတာပန် ဖြစ်၏၊ သို့သော် ဂေါဓသ် စကား၌ သီလပါ၍ မနံ့ပေ။ ၄-ပါးတည်းမှ တပါးပါးနှင့် ပြည့်စုံသူလည်း သောတာပန်ဖြစ်၏ဟူလို၊ အထက် လာလတ္တံ့ သုတ်များကို ထောက်။

သာကီဝင်သည်။ ကာလင်္ကတော၊ ၏။ သော၊ ထိုသရဏာနိသာကီဝင်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ 'အဝိနိပါတဓမ္မော။ပ။ သောတာပန္နောတိ၊ သောတာပန်'ဟု။ ဗျာကတော ဟိ နာမ၊ ပြောကြားတော်မူအပ်ချေသေး၏။ တတ္ထ၊ ဤသို့ သရဏာနိသာကီဝင် သောတာပန်ဖြစ်သည်ရှိသော်။ ဒါနိ၊ ယခုအခါ၌။ ကော၊ အဘယ်သူသည်။ သောတာပန္နော၊ သောတာပန်သည်။ န ဘဝိဿတိတိ၊ မဖြစ်ဘဲ ရှိပါအံ့နည်း။ သရဏာနိ သက္ကော၊ သည်။ သိက္ခာဒုဗ္ဗလျံ၊ သီလသိက္ခာအားနည်းသည်၏အဖြစ်သို့။ အာပါဒိ၊ ရောက်ပြီ။ မဇ္ဇပါနံ၊ သေအရက်သောက်ခြင်းကို။ အပါယီတိ၊ သောက်ပြီ"ဟူ၍။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့ကြကုန်၏ (အောက်ငုံ့ကြည့်ကြသည်ကို ကဲ့ရဲ့ကြသည်ဟု ဆိုလို၏။ အဝ+ဈေဓာတ်။) ခီယန္တိ၊ ရှုတ်ချကြကုန်၏။ ဝိပါစေန္တိ၊ ဖရိုဖရဲ ကျဲစေကြကုန်၏။ ..

💬 အထ ခေါ၊ ဦ၌။ မဟာနာမော သက္ကော၊ သည်။ပ။ ဘဂဝန္တံ၊ ကို။ ဧတ၊ ဘဏ္ဍေ။ပ။ အပါယီတိ၊ အပါယိဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။

မဟာနာမ၊ နာမ်။ ယော သော ဥပါသကော၊ အကြင် ဥပါသကာသည်။ ဒီဃရတ္တံ၊ ကြာရှည်စွာ ကာလပတ်လုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ ဓမ္မံ၊ တရားကို။ သရဏံ၊ ဟူ၍။ ဂတော၊ ၏။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ဟူ၍။ ဂတော၊ ၏။ သော၊ ထိုဥပါသကာသည်။ ကထံ၊ အဘယ်သို့လျှင်။ ဝိနိပါတံ၊ အပါယ်၌ ကျခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာအံ့နည်း။ (မရောက်နိုင်ဟူလို။) မဟာနာမ၊ နာမ်။ "ဒီဃရတ္တံ။ပ။ သံဃံ သရဏံ ဂတောတိ၊ ဂတော"ဟူသော။ ယံ ဟိ တံ၊ အကြင်စကားကို။ သမ္မာ၊ ကောင်းစွာ။ (ရိုးသားစွာ)ဝဒမာနော၊ ပြောဆိုသည်ရှိသော်။ ဝဒေယျ၊ ပြောဆိုရာ၏။ (တံ၊ ထိုစကားကို။) သရဏာနိ သက္ကံ၊ ကို။ သမ္မာ၊ စွာ။ ဝဒမာနော၊ သော်။ ဝဒေယျ၊ ရာ၏။ မဟာနာမ၊ နာမ်။ သရဏာနိ သက္ကော၊ သော။ (ယော) ဥပါသကော၊ သည်။ ဒီဃရတ္တံ၊ ပတ်လုံး။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ဟူ၍။ ဂတော၊ ၏။ ဓမ္မံ၊ ကို။ သရဏံ၊ ဟူ၍။ ဂတော၊ ၏။ သံဃံ၊ ကို။ သရဏံ၊ ဟူ၍။ ဂတော၊ ၏။ သော၊ ထိုသရဏာနိသက္ကမည်သော ဥပါသကာသည်။ ကထံ၊ အဘယ်သို့လျှင်။ ဝိနိပါတံ၊ အပါယ်၌ကျခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာအံ့နည်း။

မဟာနာမ၊ နာမ်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ "ဣတိပိ သော ဘဂဝါ အရဟံ။ပ။ ဘဂဝါတိ၊ ဘဂဝါ"ဟူ၍။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ ဓမ္မေ၊ ၌။ပ။ သံဃေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ ဟာသပညော၊ ရွှင်သော ပညာရှိသည်။ ဇဝနပညော၊ လျင်သောပညာရှိသည်။ (ဟောတိ၊ ၏။) ဝိမုတ္တိယာ၊ ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ (ဟောတိ၊ ၏။) သော၊ ထိုပုဂ္ဂိုလ်သည်။ အာသဝါနံ၊ အာသဝတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝမရှိသော။ စေတောဝိမုတ္တိံ၊ ကိလေသာတို့မှလွတ်ရာ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို။ ပညာဝိမုတ္တိံ၊ ကိလေသာတို့မှလွတ်ရာ အရဟတ္တဖိုလ်ပညာကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ မဟာနာမ၊ နာမ်။ အယမ္ပိ ခေါ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်လည်း။ နိရယာ၊ ငရဲမှ။ ပရိမုတ္တော၊ လွတ်ပြီ။ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်မျိုးမှ။ ပရိမုတ္တော၊ လွတ်ပြီ။ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏နေရာအရပ်မှ။

ပရိမုစ္စတော၊ လွတ်ပြီ။ အပါယဒုဂ္ဂတိဝိနိပါတာ၊ အပါယ်ဒုဂ္ဂတိ၌ ကျခြင်းမှ။ ပရိမုစ္စတော၊ လွတ်ပြီ။ (ရဟန္တာပုဂ္ဂိုလ်တည်း။)

မဟာနာမ၊ နာမ်။ ဣဓ ပန၊ ၌ကား။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ပ။ ဇဝနပညော၊ သည်။ (ဟောတိ၊ ၏။) ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်နှင့်။ သမန္နာဂတော၊ သည်။ န စ ဟောတိ၊ မဖြစ်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ ဩရမ္ဘာဂိယသံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ တတ္ထ၊ ထိုသုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌။ ဩပပါတိကော၊ ဥပပါတ်ပဋိသန္ဓေနေသည်။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်ပြုလေ့ရှိသည်။ ဟောတိ၊ ၏။ တသ္မာ လောကာ၊ ထိုသုဒ္ဓါဝါသဗြဟ္မာ့လောကမှ။ အနာဝတ္တိဓမ္မော၊ ဆုတ်နစ်ပြန်လာခြင်းသဘော မရှိသည်။ (ဟောတိ၊ ၏။ အယမ္ပိ ခေါ်-စသည် ပေးမြဲပေး။ အနာဂါမ်ပုဂ္ဂိုလ်တည်း။)

မဟာနာမ၊ နာမ်။ ဣဓ ပန၊ ၌ကား။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ပ။ ဟာသပညော၊ သည်။ န ဟောတိ၊ မဖြစ်။ ဇဝနပညော၊ သည်။ န ဟောတိ၊ မဖြစ်။ ဝိမုတ္တိယာ၊ နှင့်။ သမန္နာဂတော၊ သည်။ န စ ဟောတိ၊ မဖြစ်။ သော၊ ထိုပုဂ္ဂိုလ်သည်။ တိဏ္ဏံ၊ ၃-ပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ ရာဂဒေါသမောဟာနံ၊ ရာဂဒေါသမောဟတို့၏။ တနုတ္တာ၊ နည်းပါးသည်၏အဖြစ်ကြောင့်။ သကဒါဂါမီ၊ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။ သကိဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤကာမဘုံသို့။ အာဂန္တွာ၊ ပဋိသန္ဓေအားဖြင့်လာ၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးဖြစ်သောအပိုင်းအခြားကို။ ကရောတိ၊ ပြု၏။ (အယမ္ပိ ခေါ်-စသည်လည်း ပေးမြဲပေး။ သကဒါဂါမ်တည်း။)

မဟာနာမ၊ နာမ်။ ဣဓ ပန၊ ၌ကား။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ပ။ ဟာသပညော၊ သည်။ န ဟောတိ၊ မဖြစ်။ ဇဝနပညော၊ သည်။ န ဟောတိ၊ မဖြစ်။ ဝိမုတ္တိယာ၊ နှင့်။ သမန္နာဂတော၊ သည်။ န စ ဟောတိ၊ မဖြစ်။ သော၊ ထိုပုဂ္ဂိုလ်သည်။ တိဏ္ဏံ၊ ၃-ပါးကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အဝိနိပါတဓမ္မော၊ သော။ နိယတော၊ သော။ သမ္ဗောဓိပရာယဏော၊ သော။ သောတာပန္နော၊ သည်။ ဟောတိ၊ ၏။ (အယမ္ပိ ခေါ်-စသည်လည်း ပေးမြဲပေး။ သောတာပန်တည်း။)

မဟာနာမ၊ နာမ်။ ဣဓ ပန၊ ၌ကား။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ န ဟောဝ ခေါ ဟောတိ၊ မဖြစ်သည်သာတည်း။ ဓမ္မေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ န ဟောတိ၊ မဖြစ်။ သံဃေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ န ဟောတိ၊ မဖြစ်။ ဟာသပညော၊ သည်။ န ဟောတိ၊ မဖြစ်။ ဇဝနပညော၊ သည်။ န ဟောတိ၊ မဖြစ်။ ဝိမုတ္တိယာ၊ နှင့်။ သမန္နာဂတော၊ သည်။ န စ ဟောတိ၊ မဖြစ်။ အပိ စ၊ ထိုသို့မဖြစ်သော်လည်း။ အဿ၊ ထိုပုဂ္ဂိုလ်၏ (သန္တာန်၌။) သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေရင်း။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေရင်း။ သတိန္ဒြိယံ၊ သတိန္ဒြေရင်း။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေရင်း။ ပညိန္ဒြိယံ၊ ပညိန္ဒြေရင်း။ ဣတိ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏ (သန္တာန်၌။) တထာဂတပ္ပဝေဒိတာ၊ မြတ်စွာဘုရားသည် အပြားအားဖြင့် သိစေအပ်ကုန်သော။ ဓမ္မာ စ၊ သစ္စာ ၄-ပါး တရားတို့သည်လည်း။ ပညာယ၊ သောတာပတ္တိမဂ်ပညာဖြင့်။ မတ္တသော၊ အတိုင်းအရှည် (တစိတ်တဒေသ) အားဖြင့်။

နိဗ္ဗာန်၊ ထင်လင်းသိမြင် ရှုဆင်ခြင်၍။ ခမန္တိ၊ နှစ်သက်ကျေနပ်ကုန်၏[၁]။ မဟာနာမ၊ နာမ်၊ အယမ္ပိ ခေါ ပုဂ္ဂလော၊ ဤသောဘာသပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်လည်း။ နိရယံ၊ ငရဲသို့။ အဂန္တာ၊ မရောက် (ရောက်သူမည်သည် မဟုတ်)[၂]။ တိရစ္ဆာနယောနိ၊ သို့။ အဂန္တာ၊ မရောက်။ ပေတ္တိဝိသယံ၊ သို့။ အဂန္တာ၊ မရောက်။ ဒုဂ္ဂတိ၊ ဆင်းရဲ၏ လည်းလျောင်းရာ။ ဝါ၊ မကောင်းမှုပြုသူတို့၏ လားရောက်ရာဖြစ်သော။ ဝိနိပါတံ၊ အလိုအာသာကင်းလျက် ဖရိုဖရဲကျရာဖြစ်သော။ အပါယံ၊ အပါယ်သို့။ အဂန္တာ၊ မရောက်။

မဟာနာမ၊ နာမ်။ ဣဓ ပန၊ ဤကား။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ပ။ ဝိမုတ္တိယာ၊ နှင့်။ သမန္နာဂတော၊ သည်။ န စ ဟောတိ၊ မဖြစ်။ အပိ စ၊ သော်လည်း။ အဿ၊ ထိုပုဂ္ဂိုလ်၏ (သန္တာန်၌။) သဒ္ဓိန္ဒြိယံ၊ ၎င်း။ပ။ ပညိန္ဒြိယံ၊ ၎င်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ တထာဂတေ စ၊ မြတ်စွာဘုရား၌လည်း။ သဒ္ဓါမတ္တံ၊ ယုံကြည်ခြင်း ကြည်ညိုခြင်းမျှသည်။ ပေမမတ္တံ၊ မြတ်နိုးခြင်းမျှသည်[၃]။ ဟောတိ၊ ၏။ မဟာနာမ၊ နာမ်။ အယမ္ပိ ခေါ ပုဂ္ဂလော၊ သည်လည်း။ပ။ အပါယံ၊ သို့။ အဂန္တာ၊ မရောက်။

---

၁။ မဂ္ဂသော နိဗ္ဗာနံ ခမန္တီတိ ပမာဏေန စ ဩလောကနံ ခမန္တိ။ ဣမိနာ ဓမ္မာနုသာရိမဂ္ဂဋ္ဌပုဂ္ဂလံ ဒဿေတိ။ ဋ္ဌ။

ပမာဏေနာတိ ဧကေန ပမာဏေန, န သဗ္ဗသော။ ဩလောကနံ ခမန္တီတိ ဒဿနမဂ္ဂေန စတုသစ္စဓမ္မာ ပစ္စတ္တံ ပဿိတဗ္ဗာ ပဋိဝိဇ္ဈိတဗ္ဗာ။ ပဌမမဂ္ဂက္ခဏေ ဟိ စတုသစ္စဓမ္မာ ဧကဒေသဒေသတော ဒိဋ္ဌာ နာမ ဟောန္တိ။ ဋီ။ ဤ-ဋီအရ ဓမ္မာ၊ သစ္စာ ၄-ပါးတရားတို့သည်-ဟု ပေးသည်။

နိဗ္ဗာနံ ခမန္တိ၌ ဤ-ဋ္ဌ,ဋီတို့အဖွင့်ဝယ် အနက်အားဖြင့် မသိသာ၊ အဓိပ္ပါယ်သာ သိသာထင်ရှားသေးသည်။ သို့ဖြစ်သောကြောင့် "န နိဗ္ဗာနံ ခမန္တီတိ နိဗ္ဗာနပဒံ န ခမန္တိ၊ နိဗ္ဗာယိတွာ ပညာယ ဒိသွာ ရောစေတွာ န ဂဟေတဗ္ဗာ ဟောန္တီတိ အဓိပ္ပါယော" အဘိ-ဋီ ၁-၂၂-ကို ထောက်ရှု၍ နိဗ္ဗာန်ကို ထင်လင်းသိမြင် ရှုဆင်ခြင်၍ဟု ကြိယာဝိသေသန၊ ခမန္တိကို (ရောစေတွာ န ဂဟေတဗ္ဗာ ဟောန္တိ) နှစ်သက် ကျေနပ်ကုန်၏ဟု ခမုဓာတ် ရောစနတ္ထ သမ္ဗန်လိုက်၏။ သစ္စာ ၄-ပါး တရားတို့သည် သောတာပတ္တိမဂ်ပညာဖြင့် တစိတ်တဒေသ ရှုလို့ကောင်းကုန်၏၊ သိမြင်အားရကုန်၏ ဟူလို။

၂။ အဂန္တာ နိရယန္တိ မဂ္ဂဋ္ဌပုဂ္ဂလော ဟိ အပါယတော ပရိမုတ္တောတိ ဝါ ပရိမုစ္စိဿတီတိ ဝါ ဝတ္တုံ န ဝဋ္ဋတိ၊ ပရိမုစ္စတီတိ ပန ဝတ္တုံ ဝဋ္ဋတိ။ ယသ္မာ စ ပရိမုစ္စတိ၊ တသ္မာ ဂန္တာ နာမ န ဟောတီတိ "အဂန္တာ"တိ ဝုတ္တော၊ န ဂစ္ဆတီတိ အတ္ထော။ ဋ္ဌ။

ပရိမုစ္စတီတိ ပန ဝတ္တုံ ဝဋ္ဋတိ, ပဋိဝိဇ္ဈနကိရိယာယ ဝတ္တမာနတ္တာ။ အဂန္တာ, အပါယေသု အနုပ္ပတ္တိရဟတ္တာ၊ တေနာဟ "န ဂစ္ဆတီ"တိ၊ န ဥပ္ပဇ္ဇတီတိ အတ္ထော။ ဋီ။ ရဟန္တာ, အနာဂါမ်, သကဒါဂါမ်, သောတာပန်တို့၌ကဲ့သို့ "ပရိမုတ္တော နိရယာ"စသည်ဖြင့် မဟောပဲ "အဂန္တာ နိရယံ"စသည်ဖြင့် ဟောခြင်းကား— သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်သည် ရဟန္တာစသော ပုဂ္ဂိုလ်တို့ကဲ့သို့ ငရဲစသည်မှ လွတ်ပြီးမဟုတ်၊ ကလျာဏပုထုဇ္ဇဉ် ခေါ် စူဠသောတာပန်ပုဂ္ဂိုလ်ကဲ့သို့ လွတ်လတ္တံ့လည်းမဟုတ်၊ လွတ်ဆဲပုဂ္ဂိုလ်သာဖြစ်သောကြောင့် "အဂန္တာ နိရယံ" စသည်ဖြင့် ဟောတော်မူရခြင်း ဖြစ်၏။ ထင်ရှားအောင်ပြဦးအံ့— အဂန္တာ၌ ဂမုဓာတ် တုပစ္စည်း၊ ထိုတုပစ္စည်းသည် ပစ္စုပ္ပန်အနက်ကို ဟော၏။ သို့ဖြစ်၍ အဋ္ဌကထာ၌ န ဂစ္ဆတိ၊ ဋီကာ၌ န ဥပ္ပဇ္ဇတိ ဟု ဖွင့်ကြ၏။

၃။ သဒ္ဓါမတ္တံ ပေမမတ္တန္တိ ဣမိနာ သဒ္ဓါနုသာရိမဂ္ဂဋ္ဌပုဂ္ဂလံ ဒဿေတိ။ ဋ္ဌ။

ဤအဋ္ဌကထာအဖွင့်ဖြင့် သဒ္ဓါနုသာရိမဂ္ဂဋ္ဌ, ဓမ္မာနုသာရိမဂ္ဂဋ္ဌ ပုဂ္ဂိုလ်တို့သည် ဘုရား,တရား,သံဃာ၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် မပြည့်စုံ, ဟာသပညာ ဇဝနပညာလည်း မရှိစေကာမူ ဣန္ဒြေ ၅-ပါးရှိ၍ ဘုရား၌

မဟာနာမ၊ နာမ်၊ ဣမေ မဟာသာလာ၊ ဤမျှသောအနှစ်ရှိသော သစ်ပင်ကြီးတို့သည်။[၁] သုဘာသိတံ၊ ကောင်းစွာဆိုအပ်သော စကားကိုငြင်း။ ဒုဗ္ဘာသိတံ၊ မကောင်းသဖြင့် ဆိုအပ်သော စကားကိုငြင်း။ စေပိ အာဇာနေယျုံ၊ အကယ်၍သိကုန်ငြားအံ့။ အဟံ၊ ငါဘုရားသည်။ ဣမေ စ မဟာသာလေ၊ ဤမျှသော အနှစ်ရှိသော သစ်ပင်ကြီးတို့ကိုသော်လည်း။ "အဝိနိပါတ-ဓမ္မာ၊ အပါယ်ကျခြင်းသဘောမရှိကုန်သော။ နိယတာ၊ မဂ္ဂဓမ္မ နိယာမအားဖြင့် မြဲကုန်သော။ သမ္ဗောဓိပရာယဏာ၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိကုန်သော။ သောတာပန္နာတိ၊ သောတာပန်တို့တည်း" ဟူ၍။ ဗျာကရေယျံ၊ ပြောကြားရာအံ့။ သရဏာနိံ သက္ကံ ပန၊ သရဏာနိ သာကီဝင်ကိုကား။ ကိမင်္ဂ၊ (ဗျာကရေယျံ) အဘယ်မှာမပြောကြားပဲရှိရာအံ့နည်း။ မဟာနာမ၊ နာမ်၊ သရဏာနိ သက္ကော၊ သရဏာနိသာကီဝင်သည်။ မရဏကာလေ၊ သေခါနီးသောအခါ၌။ သိက္ခံ၊ ၃-ပါးသောသိက္ခာကို။ သမာဒိယိ၊ ဆောက်တည်ပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဒုတိယသရဏာနိသက္ကသုတ်

၁၀၂၁။ (ဤသုတ်၌ ရှေ့သုတ်နှင့်အနည်းငယ်မျှသာ ထူး၏။ သရဏာနိ၊ မည်သော။ သက္ကော၊ သည်။ သိက္ခာယ၊ ၃-ပါးသော သိက္ခာ၌။ အပရိပူရကာရီ၊ ပြည့်ကျင့်ခြင်းကို ပြုလေ့မရှိသည်။ အဟောသိ၊ ဖြစ်ပြီ ဟူ၍ငြင်း။ ။ ဗုဒ္ဓေ၊ ၌။ ဧကန္တဂတော၊ စင်စစ်အားဖြင့်။ အဘိပ္ပသန္နော၊ အလွန်ကြည်ညိုသည်။ ဟောတိ၊ ၏ ဟူ၍ငြင်း။ ပေးရှိသာ ထူး၏။ စာပိုဒ် ၅၂၀-အာပဏသုတ်၌ "ဧကန္တဂတော" ပုဒ် အဆုံးအဖြတ်ရေးခဲ့ပြီ၊ ရှုလေ။ သေယျထာပိ မဟာနာမ စသောပါဌ်များ၌ အားလုံးထူးခြား၍ ရေးသားဦးအံ့။)

မဟာနာမ၊ နာမ်။ သေယျထာပိ၊ ဖြစ်သင့်တန်ရာ ဥပမာသော်ကား—ဒုက္ခေတ္တံ၊ မကောင်းသော ဆားဆပ်ပျာပေါက်သော မြေရှိသော။ အဝိဟတခါဏုကံ၊ မနုတ်အပ်သော ပေါင်းငုတ်ရှိသော။ ဒုက္ခေတ္တံ၊ မကောင်းသော(ကျတ်တီးကုန်းပြင်အဆီမရှိသော)လယ်သည်။(အသားရှိရာ၏။)ခဏ္ဍာနိ၊ ကျိုးပဲ့ကုန်သော။ ပူတီနိ၊ (ရေစွတ်သောကြောင့်) ပုပ်ဆွေးကုန်သော။ ဝါတာတပဟတာနိ၊

---

သဒ္ဓါ၊ ပေမ, ခေါ် ယုံကြည်မြတ်နိုးခြင်းမျှရှိ၍ (သဒ္ဓါနုသာရီ) သစ္စာ ၄-ပါးတရားကို တစိတ်အားဖြင့် ထိုးထွင်းသိမြင်၍ (ဓမ္မာနုသာရီ) အပါယ်သို့မရောက် ဟု ပြသည်။

လုံးလုံးရတနာ ၃-ပါး၌ သက်ဝင်၍ ကြည်ညိုခြင်းမရှိ ဟု မဆိုလို။

အဋ္ဌကထာဖွင့် မရှုပဲ ပါဠိတော်လာအတိုင်း စဉ်းစားလျှင် ရတနာ ၃-ပါး၌ သက်ဝင်၍ ကြည်ညိုခြင်း မရှိသော်လည်း ဘုရားရှင်၌ ယုံကြည်မြတ်နိုးမှု သဒ္ဓါပေမ ရှိသူ, မြတ်စွာဘုရား ဟောကြားသိစေတော်မူအပ်သော တရားကို တစိတ်အားဖြင့် သိသူများလည်း အပါယ်၌ မဖြစ်ဟု ယုံကြည်သင့်၏။

၁။ မဟာသာလာတိ သမ်ပေ ဠိတေ၀ ဆတ္တာရော မဟာသာရရုက္ခေ ဒဿေန္တော အာဟ။ ဋ။

မဟာသာရရုက္ခေ ဒဿေန္တော အာဟ "ယော ကောဒိ ဝိညုဇာတိကော မမ စေ ဝါစရံ ဂစ္ဆတိ၊ တေသံ အာဂမနံ အဝန္ဓျ အမောဃ"န္တိ ဒဿေတုံ။ ဋီ။

"သစ်ပင်ကြီးတို့ကိုသော်မှ ကောင်းဆိုးသိပါက သောတာပန်ဟု ပြောကြားရာအံ့" ဟူသော စကားဖြင့် ပါရမီဉာဏ်ရှိသူသည် ငါဘုရား၏အာရုံအတွင်း ရောက်လာခဲ့လျှင် ငါဘုရားထံ လာကျိုးရှိ၍ အချည်းနှီးမဖြစ်ဟု ပြသည် ဟူလို။

လေ့ နေပူတို့သည် နှိပ်စက်အပ်ကုန်သော။ အသာရာဒါနိ၊ မယူအပ်သော အနှစ်ရှိကုန်သော။ (အနှစ်မရှိကုန်သော ဟူလို။ 'အ' ပဋိသေဓ ကို 'အာဒ' နှင့် စပ်၊ အယုတ္တသမာသ်တည်း။) အသုခ-သယိတာနိ၊ ချမ်းသာစွာ မကိန်းနေရကုန်သော။(သဒ္ဒတ္တ) (ကျီကျစသည်တို့၌) ကောင်းမွန်စွာ မသိမ်းထားအပ်ကုန်သော။ (ဘာဝတ္တ) ဗီဇာနိ စ၊ မျိုးစေ့တို့သည်လည်း။ အသုု၊ ရှိကုန်ရာ၏။ ဒေဝေါ စ၊ မိုးသည်လည်း။ သမ္မာ၊ ကောင်းစွာ။ ဓာရံ၊ ရေအယဉ်ကို။ န အနုပ္ပဝေစ္ဆေယျ၊ အစဉ်မပြတ် မသွန်းလောင်းရာ။ (မပေးရာနှင့်အတူတူပင်) တာနိ ဗီဇာနိ၊ ထိုမျိုးစေ့တို့သည်။ ဝုဒ္ဓိံ၊ ကြီးပွါးခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ အာပဇ္ဇေယျုံ အပိ နု၊ ရောက်နိုင်ကုန်ရာအံ့လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤစကားသည်။ နောဟိ၊ မသင့်ပါဘုရား။ မဟာနာမ၊ နာမ်။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤသာသနာ၌။ ဓမ္မော၊ တရားသည်။ ဒုရက္ခာတော၊ မကောင်းသဖြင့် ဟောကြားအပ်သည်။ ဒုပ္ပဝေဒိတော၊ မကောင်းသဖြင့် သိစေအပ်သည်။ အနိယျာနိကော၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သည်။ အနုပသမသံဝတ္တနိကော၊ ဝဋ်ဆင်းရဲ၏ ငြိမ်းအေးခြင်းကို မဖြစ်စေတတ်သည်။ အသမ္မာသမ္ဗုဒ္ဓပ္ပဝေဒိတော၊ မဖောက်မပြန် အမှန်ကိုယ်တိုင် တရားအားလုံးကို သိတော်မူသော ဘုရားမဟုတ်သောသူသည် အပြားအားဖြင့် သိစေအပ်သည်။' ဟောတိ၊ ၏။ ဣဒံ၊ ဤသာသနာကို။ ဒုက္ခေတ္တသို့၊ မကောင်းသောလယ်ဟူ၍။ (ဣဒမ္ပိ သီလသို့၌ သီလသို့ ဝယ် ပစ္စတ္တတ္ထ၌ သတ္တမီဖြစ်သကဲ့သို့ ဥပယောဂတ္ထ၌ သတ္တမီ ဟုကြံ။) အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ သာဝကော၊ တပည့်သည်။ တသ္မိံ စ ဓမ္မေ၊ ထိုတရား၌လည်း။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ တရားအားလျော်သော အကျင့်ကို ကျင့်သည်ဖြစ်၍။ သာမီစိပ္ပဋိပန္နော၊ ရိုသေစွာ ကျင့်သည်ဖြစ်၍။ အနုဓမ္မစာရီ၊ ဟောသည့်အတိုင်း မသွေမဖီ ကျင့်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဣဒံ၊ ဤသို့ကျင့်ခြင်းကို။ ဒုဗ္ဗီဇံ သို့၊ မကောင်းသောမျိုးစေ့ဟူ၍။ အဟံ၊ သည်။ ဝဒါမိ၊ ၏။

မဟာနာမ၊ နာမ်။ သေယျထာပိ၊ ကား။ သုဘူမံ၊ ကောင်းသောမြေရှိသော။ သုဝိဟတခါဏုကံ၊ ကောင်းစွာနုတ်အပ်သော ငေါင်းငုတ်ရှိသော။ သုခေတ္တံ၊ ကောင်းသောလယ်သည်။ (အဿ၊ ရှိရာ၏။) အခဏ္ဍာနိ၊ မကျိုးမပဲ့ကုန်သော။ အပူတိနိ၊ မပုပ်မဆွေးကုန်သော။ အဝါတာတပဟ-တာနိ၊ လေ့နေပူတို့သည် မနှိပ်စက်အပ်ကုန်သော။ သာရာဒါနိ၊ ယူအပ်သော အနှစ်ရှိကုန်သော။ သုခသယိတာနိ၊ ချမ်းသာစွာ ကိန်းနေကုန်သော။ ဝါ၊ ကောင်းမွန်စွာ သိမ်းထားအပ်ကုန်သော။ (သိမ်းထားရာအရပ်မှ လေးလပတ်လုံး မပြောင်းရွှေ့ အပ်ကုန်သော။ ဌ။) ဗီဇာနိ စ၊ မျိုးစေ့တို့သည်လည်း။ အဿု၊ ရှိကုန်ရာ၏။ ဒေဝေါ စ၊ မိုးသည်လည်း။ သမ္မာ၊ ကောင်းစွာ။ ဓာရံ၊ ရေအယဉ်ကို။ အနုပ္ပဝေစ္ဆေယျ၊ အစဉ်မပြတ် သွန်းလောင်းရာ၏။ တာနိ ဗီဇာနိ၊ ထိုမျိုးစေ့တို့သည်။ ဝုဒ္ဓိံ၊ ကြီးပွါးခြင်းသို့။ ဝိရူဠှိံ၊ စည်ပင် ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ အာပဇ္ဇေယျုံ အပိ နု၊ ရောက်ကုန်ရာသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ မှန်ပါသည်ဘုရား။ မဟာနာမ၊ နာမ်။ ဧဝမေဝ ခေါ၊ သာလျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဓမ္မော၊ တရားသည်။ သွာက္ခာတော၊ ကောင်းစွာဟောကြားအပ်သည်။ သုပ္ပဝေဒိတော၊ ကောင်းစွာသိစေအပ်သည်။ နိယျာနိကော၊ ဝဋ်ဆင်းရဲမှထွက်မြောက်တတ်သည်။ ဥပသမသံဝတ္တနိကော၊ ဝဋ်ဆင်းရဲ၏ငြိမ်းအေးခြင်းကိုဖြစ်စေတတ်သည်။ သမ္မာသမ္ဗုဒ္ဓပ္ပဝေဒိတော၊ မဖောက်မပြန် အမှန်ကိုယ်တိုင် တရားအားလုံးကိုသိသော ဘုရားရှင်သည် အပြားအားဖြင့် သိစေအပ်သည်။ ဟောတိ၊ ၏။ ဣဒံ၊ ဤသာသနာတော်ကို။ သုခေတ္တံသို့၊ ကောင်းသောလယ်ဟူ၍။

အတ္တံ၊ သည်။ ဝဒါမိ၊ ၏။ သာဝကော၊ တပည့်သည်။ တဿ ၈ ဓမ္မေ၊ ထိုတရား၌လည်း။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရား ကိုးပါးအား လျော်သောအကျင့် (မဂ္ဂင် ဂ-ပါး) ကို ကျင့်သည်ဖြစ်၍။ သာမီစိပ္ပဋိပန္နော၊ ရိုသေစွာကျင့်သည်ဖြစ်၍။ အနုဓမ္မစာရီ၊ ဟောတော်မူသည့်အတိုင်း မသွေမဖီ ကျင့်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဣဒံ၊ ဤကျင့်ခြင်းကို။ သုဗီဇဿ ၊ ကောင်းသော မျိုးစေ့ဟူ၍။ အဟံ၊ သည်။ ဝဒါမိ၊ ၏။ သရဏာနိ သက္ကံ၊ သရဏာနိသက်ဝင် (၏ ကျင့်ခြင်းကို)။ ကိမင်္ဂ ပန၊ အဘယ်မှာ ကောင်းသောမျိုးစေ့ဟု မဟောပဲ ရှိပါအံ့နည်း။ မဟာနာမ၊ နာမ်။ သရဏာနိ၊ မည်သော။ သက္ကော၊ သည်။ မရဏကာလေ၊ သေခါနီးအခါ၌။ သိက္ခာယ၊ ၃-ပါးသောသိက္ခာ၌။ ပရိပူရကာရီ၊ ပြည့်ကျင့်ခြင်းကိုပြုလေ့ရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ပဌမ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ပဌမအနာထပိဏ္ဍိကသုတ်

၁၀၂၂။ သာဝတ္ထိနိဒါနံ၊ တည်း။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အနာထပိဏ္ဍိကော၊ အနာထပိဏ်အမည်ရှိသော။ ဂဟပတိ၊ အိမ်ရှင်သူဌေးသည်။ အာဗာဓိကော၊ အနာရှိသည်။ ဒုက္ခိတော၊ ဆင်းရဲဝေဒနာရှိသည်။ ဗာဠ္ဟဂိလာနော၊ ပြင်းထန်စွာ နာဖျားသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ထိုအခါ၌။ အနာထပိဏ္ဍိကော၊ သော။ ဂဟပတိ၊ သည်။ အညတရံ၊ တဦးသော။ ပုရိသံ၊ ယောကျ်ားကို။ "အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ ဧဟိ၊ လာလော့။ ယေန၊ အကြင်အရပ်၌။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတြာသည်။ (အတ္ထိ၊ ၏။) တေန၊ ထိုအရပ်သို့။ ဥပသင်္ကမ၊ ချဉ်းကပ်လော့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ မမ၊ ငါ၏။ ဝစနေန၊ စကားဖြင့်။ အာယသ္မတော သာရိပုတ္တဿ၊ အရှင်သာရိပုတြာ၏။ ပါဒေ၊ ခြေတို့ကို။ 'ဘန္တေ၊ အရှင်ဘုရား။ အနာထပိဏ္ဍိကော၊ သော။ ဂဟပတိ၊ သည်။ အာဗာဓိကော၊ သည်။ ဒုက္ခိတော၊ သည်။ ဗာဠ္ဟဂိလာနော၊ သည်။ (ဟောတိ၊ ၏။) သော၊ ထိုအနာထပိဏ်သည်။ အာယသ္မတော သာရိပုတ္တဿ၊ ၏။ ပါဒေ၊ တို့ကို။ သိရသာ၊ ဦးဖြင့်။ ဝန္ဒတိ၊ ရှိခိုးပါ၏' ဟု ဆို၍။ သိရသာ၊ ဦးဖြင့်။ ဝန္ဒ၊ ရှိခိုးလော့။ 'ဘန္တေ၊ ရား။ သာဓု၊ တောင်းပန်ပါ၏။ အာယသ္မာ သာရိပုတ္တော၊ သည်။ ယေန၊ ၌။ အနာထပိဏ္ဍိကဿ၊ သော။ ဂဟပတိဿ၊ ၏။ နိဝေသနံ၊ နေအိမ်သည်။ (အတ္ထိ၊ ၏။) တေန၊ ထိုအရပ်သို့။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥပသင်္ကမတု ကိရာတိ၊ ချဉ်းကပ်တော်မူစေလိုပါသတဲ့' ဟု။ ဝဒေဟိ၊ ဤသို့လည်း။ ဝဒေဟိ၊ လျှောက်ချေ" ဟူ၍။ အာမန္တေသိ၊ ခိုင်းစေပြီ။ (သိစေပြီနှင့် အတူတူပင်။)

သော ပုရိသော၊ ထိုယောကျ်ားသည်။ 'ဧဝံ ဘန္တေတိ ခေါ၊ ကောင်းပါပြီ အရှင်' ဟူ၍။ အနာထပိဏ္ဍိကဿ၊ သော။ ဂဟပတိဿ၊ ၏ (စကားကို။) ပဋိဿုတွာ၊ ရှေးရှုနာယူ၍ ။ပ။ အာယသ္မန္တံ သာရိပုတ္တံ၊ ကို။ "အနာထပိဏ္ဍိကော ။ပ။ ဥပါဒါယာတိ၊ ဥပါဒါယ" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ အာယသ္မာ သာရိပုတ္တော၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေခြင်းဖြင့်။ အဓိဝါသေသိ ခေါ၊ လက်ခံတော်မူလိုက်ပြီ။

အထ ခေါ၊ ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ အာယသ္မတာ အာနန္ဒေန၊ အရှင် အာနန္ဒာ ဟူသော။ ပစ္ဆာသမဏေန၊ နောက်ပါ ရဟန်းနှင့်အတူ ။ပ။ နိသီဒိ၊ ထိုင်ပြီ။ နိသဇ္ဇ ,

ခေါ်၊ ထိုင်ပြီး၍။ အာယသ္မာ သာရိပုတ္တော၊ သည်။ အနာထပိဏ္ဍိကံ ဂဟပတိံ၊ ကို။ "ဂဟပတိ၊ အိမ်ရှင် သူဌေး ဒကာ။ တေ၊ သင်သည်။ ခမနီယံ ကစ္စိ၊ ဆင်းရဲ ဝေဒနာတို့ကို သည်းခံနိုင်၏လော။ ယာပနီယံ ကစ္စိ၊ ဣရိယာပုထ်တို့ကို ဖြစ်စေနိုင်၏လော။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ ပဋိက္ကမန္တိ ကစ္စိ၊ နောက်ဆုတ် ကုန်၏လော။ နော အဘိက္ကမန္တိ၊ ရှေ့မတိုးပဲ ရှိကုန်၏လော။ အာသာနံ၊ ထိုဆင်းရဲဝေဒနာတို့၏။ ပဋိက္ကမော၊ နောက်ဆုတ်ခြင်းကို။ ပညာယတိ၊ သိအပ်၏လော။ နော အဘိက္ကမော၊ ရှေ့မတိုးခြင်းကို။ ပညာယတိတိ၊ သိအပ်၏လော"ဟူသော။ တော်၊ ကို။ အဝေါစ၊ ပြီ။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ န ခမနီယံ၊ ဆင်းရဲ ဝေဒနာတို့ကို သည်းမခံနိုင်ပါ။ န ယာပနီယံ၊ ဣရိယာပုထ်တို့ကို မဖြစ်စေနိုင်ပါ။ မေ၊ တပည့်တော်၏။ ဗာဠှာ၊ ပြင်းထန်ကြီးမားကုန်သော။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ အဘိက္ကမန္တိ၊ ရှေ့သို့ တိုးကုန်၏။ နော ပဋိက္ကမန္တိ၊ နောက်သို့ မဆုတ်ကုန်။ အာသာနံ၊ ထို ဆင်းရဲဝေဒနာတို့၏။ အဘိက္ကမော၊ ရှေ့သို့ တိုးခြင်းကို။ ပညာယတိ၊ သိအပ်ပါ၏။ နော ပဋိက္ကမော၊ နောက်သို့ မဆုတ်ခြင်းကို။ ပညာယတိ၊ သိအပ်ပါ၏။ ဣတိ၊ ဤသို့ အနာထပိဏ်က လျှောက်၏။

ဂဟပတိ၊ အိမ်ရှင်သူဌေးဒကာ။ ယထာရူပေန ခေါ်၊ အကြင်သို့ သဘောရှိသော။ ဗုဒ္ဓေ အပ္ပသာဒေန၊ ဘုရား၌ မကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အဿုတဝါ၊ (အာဂမ အဓိဂမ) သုတမရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဝါ၊ ပျက်ခြင်းတည်းဟူသော။ မရဏာ၊ သေခြင်းမှ။ ပရံ၊ အထက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ ဆင်းရဲ၏ လည်းလျောင်းရာ ဖြစ်သော။ ဝါ၊ မကောင်းမှု ပြုသူတို့၏ လားရောက်ရာဖြစ်သော။ ဝိနိပါတံ၊ အလိုအာသာကင်းလျက် ဖရိုဖရဲ ကျရောက်ရာ ဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်၏။ တေ၊ သင်၏ (သန္တာန်၌။) တထာရူပေါ၊ ထိုသို့ သဘောရှိသော။ ဗုဒ္ဓေ အပ္ပသာဒေါ၊ ဘုရား၌ မကြည်ညိုခြင်းသည်။ နတ္ထိ၊ မရှိ။ ဂဟပတိ၊ အိမ်ရှင်ဒကာ။ တေ၊ သင်၏ (သန္တာန်၌။) "ဣတိပိ သော ဘဂဝါ ။ပ။ ဗုဒ္ဓေါ ဘဂဝါတိ၊ ဘဂဝါ"ဟူ၍။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေါ၊ သက်ဝင်၍ ကြည်ညိုခြင်းသည်။ အတ္ထိ ခေါ်၊ ရှိသည်သာလျှင်တည်း။ တဉ္စ ပန ဗုဒ္ဓေ အဝေစ္စပ္ပသာဒံ၊ ထိုဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းကို။ အတ္တနိ၊ မိမိ (သန္တာန်၌။) သမနုပဿတော၊ အဖန်ဖန် ရှုဆင်ခြင်သော။ တေ၊ သင်၏။ ဝေဒနာ၊ ဆင်းရဲဝေဒနာသည်။ ဌာနသော၊ တခဏခြင်း အားဖြင့်။ (ချက်ခြင်းဟူလို)။ ပဋိပ္ပဿမ္ဘေယျ၊ ငြိမ်းအေးပျောက်ကင်းရာ၏။

( ဓမ္မေ၊ သံဃေ ဝါကျတို့၌လည်း ဤနည်းပေး။ )

ဂဟပတိ၊ ကာ။ ယထာရူပေန ခေါ်၊ သော။ ဒုဿီလျေန၊ သီလမရှိသူ၏အဖြစ် အကုသိုလ်စေတနာနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ပ။ ဥပပဇ္ဇတိ၊ ၏။ တေ၊ သင်၏ (သန္တာန်၌။) တထာရူပံ၊ ထိုသို့သဘောရှိသော။ ဒုဿီလျံ၊ သီလမရှိသူ၏အဖြစ် အကုသိုလ်စေတနာသည်။ နတ္ထိ၊ မရှိ။ ဂဟပတိ၊ ကာ။ တေ၊ ၌။ အရိယကန္တာနိ၊ အရိယာတို့သည် နှစ်သက်အပ်ကုန်သော။ပ။ သမာဓိသံဝတ္တနိကာနိ၊ သမာဓိ ၂-ပါးကို ဖြစ်စေတတ်ကုန်သော။ သီလာနိ၊ သီလတို့သည်။ အတ္ထိ ခေါ်၊ ရှိကုန်သည်သာတည်း။ အရိယကန္တာနိ၊ ကုန်သော။ တာနိ စ ပန သီလာနိ၊ ထိုသီလတို့ကို။ အတ္တနိ၊ ၌။ သမနုပဿတော၊ သော။ တေ၊ သင်၏။ ဝေဒနာ၊ သည်။ ဌာနသော၊ အားဖြင့်။ ပဋိပ္ပဿမ္ဘေယျ၊ ရာ၏။

ဂဟပတိ၊ ကာ။ ယထာရူပေန ခေါ်၊ သော။ မိစ္ဆာဒိဋ္ဌိယာ၊ ဖောက်ပြန်မှားယွင်း (ကိလေသာတို့မှ ထွက်မြောက်ခြင်းမရှိ) သော အမြင်နှင့်။ သမန္နာဂတော၊ သော။ အဿုတဝါ၊ သော။

ပုထုဇ္ဇနော၊ သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ အပါယံ၊ သော။ ဒုဂ္ဂတိံ၊ သော။ ဝိနိပါတံ၊ သော။ နိရယံ၊ ၌။ ဥပပဇ္ဇတိ၊ ၏။ တော၊ သင်၏ (သန္တာန်၌။) ထထာရူပါ၊ သော။ မိစ္ဆာဒိဋ္ဌိ၊ သည်။ နတ္ထိ၊ မရှိ။ ဂဟပတိ၊ ကာ။ တော၊ သင်၏ (သန္တာန်၌။) သမ္မာဒိဋ္ဌိ၊ မဖောက်မပြန် မှန်ကန်လှစွာ (ကိလေသာတို့မှ ထွက်မြောက်တတ်) သော အမြင်သည်။ အတ္ထိ စ ခေါ၊ တည်း။ တဥ္စ ပန သမ္မာဒိဋ္ဌိံ၊ ကို။ အတ္တနိ၊ ၌။ သမနုပဿတော၊ သော။ (တော၊ သင်၏။) ဝေဒနာ၊ သည်။ ဌာနသော၊ အားဖြင့်။ ပဋိပ္ပဿမ္ဘေယျ၊ ရာ၏။

(မိစ္ဆာသင်္ကပ္ပ သမ္မာသင်္ကပ္ပ အစ မိစ္ဆာဝိမုတ္တိ သမ္မာဝိမုတ္တိ အဆုံး ၉-ဝါကျတို့ကိုလည်း နည်းမှီး၍ သမ္ဗန်လေ။ မိစ္ဆာကို မှားသော, သမ္မာကို မှန်သောဟု အထူးပြု၍ ပေးရသည်သာ ထူး၏[၁]။) ဣတိ၊ ဤသို့ အရှင်သာရိပုတြာက မိန့်တော်မူ၏။

အထ ခေါ၊ ထိုအခါ၌။ အနာထပိဏ္ဍိကဿ၊ သော။ ဂဟပတိဿ၊ ၏။ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ ဌာနသော၊ တခဏခြင်းအားဖြင့်။ ပဋိပ္ပဿမ္ဘိံသု၊ ငြိမ်းပျောက်ကုန်ပြီ။ အထ ခေါ၊ ၌။ အနာထပိဏ္ဍိကော၊ သော။ ဂဟပတိ၊ သည်။ အာယသ္မန္တဉ္စ သာရိပုတ္တံ၊ အရှင်သာရိပုတြာကိုလည်းကောင်း။ အာယသ္မန္တဉ္စ အာနန္ဒံ၊ အရှင်အာနန္ဒာကိုလည်းကောင်း။ သကေနေဝ ထာလိပါကေန၊ မိမိအို့ ချက်ထားအပ်သော ထမင်းအိုးမှ ဆွမ်းဖြင့်။ ပရိဝိသိ၊ လုပ်ကျွေးပြီ။ အထ ခေါ၊ ၌။ အနာထပိဏ္ဍိကော၊ သော။ ဂဟပတိ၊ သည်။ အာယသ္မန္တံ သာရိပုတ္တံ၊ အရှင်သာရိပုတြာကို။ ဘုတ္တာဝိံ၊ ဆွမ်းစားပြီးသည်ကို။ ဩနီတပတ္တပါဏိံ၊ သပိတ်မှ ဖဲအပ်ပြီးသော လက်ရှိတော်မူသည်ကို။ (ဥ တွာ၊ သိ၍။) အညတရံ၊ တခုသော။ နီစာသနံ၊ နိမ့်သော နေရာကို။ ဂဟေတွာ၊ ယူ၍။ ဧကမန္တံ၊ တခုသော အရပ်အဘို့၌။ နိသီဒိ၊ ထိုင်ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နံ ခေါ၊ ထိုင်နေသော။ အနာထပိဏ္ဍိကံ၊ သော။ ဂဟပတိံ၊ ကို။ အာယသ္မာ သာရိပုတ္တော၊ သည်—

"ယဿ၊ အကြင်သူ၏။ တထာဂတေ၊ မြတ်စွာဘုရား၌။ အစလာ၊ မတုန်မလှုပ်။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာ တည်သော။ သဒ္ဓါ၊ (မဂ္ဂါဂတ=မဂ်အားဖြင့်ရောက်သော) သဒ္ဓါသည်ရှိ၏။ ယဿ၊ အကြင်သူ၏။ အရိယကန္တံ၊ အရိယာတို့သည် နှစ်သက်အပ်သော။ ပသံသိတံ၊ အရိယာတို့သည် ချီးမွမ်းအပ်သော။ ကလျာဏံ၊ ကောင်းသော။ သီလဉ္စ၊ (ဘဝန္တရေပိ အပ္ပဟီန = ဘဝတပါး၌သော်လည်း မယုတ်လျော့သော) ငါးပါးသီလ သည်ရှိ၏။

---

၁။ မိစ္ဆာဉာဏောနာတိ မိစ္ဆာပစ္စဝေက္ခဏေန။ ဋီ။

နိယျာနိကန္တိ ပဝတ္တံ ဉာဏပဋိရူပကံ ပကတိပုရိသန္တရဇာနနာဒိမိစ္ဆာဉာဏံ၊ တံပန အနိယျာနိကံ "နိယျာ-နိက"န္တိ ပစ္စဝေက္ခဏဝသေန ပဝတ္တေယျာတိ အာဟ "မိစ္ဆာပစ္စဝေက္ခဏေနာ"တိ။ ဋီ။

မိစ္ဆာဉာဏေန၊ မှားသောဉာဏ်နှင့်။ ဟုပေး၊ ၎င်းဉာဏ်မှာ ဉာဏ်စစ်မဟုတ်၊ ပကတိ, ပုရိသ, အတ္တစသည်ကို ကြံစည်သိမြင်တတ်သော ဉာဏ်မှား ဉာဏ်တုတည်း။ ဆင်းရဲမှလွတ်ကြောင်းမဟုတ်သည်ကို လွတ်ကြောင်းဟု ကြံစည်သောအားဖြင့် ဖြစ်သည် ဟူလို။

မိစ္ဆာဝိမုတ္တိယာတိ အနိယျာနိကဝိမုတ္တိယာ။ ဋီ။

ဂုဏဝိမုတ္တသာ အတ္တနော သကတ္တနိ အဝဋ္ဌာနသညိတာ ဝိမုတ္တိ မိစ္ဆာဝိမုတ္တိ။ ဋီ။

မိစ္ဆာဝိမုတ္တိယာ၊ မှားသောလွတ်မြောက်ခြင်းနှင့် ဟုပေး။ မှားသောလွတ်မြောက်ခြင်းဟူသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းမဟုတ်သော ဂုဏ်ကင်းသော အတ္တ၏ မိမိ၌တည်ခြင်းဟူသော လွတ်မြောက်ခြင်းပင်တည်း။

ယဿ၊ အကြင်သူ၏။ သဒ္ဓါ၊ သဒ္ဓါသည်။ ပသာဒေါ၊ ကြည်ညိုခြင်းသည်လည်း။ ဥဇုဘူတံ၊ ဖြောင့်မတ်သည်ဖြစ်၍ ဖြစ်သော။ ဝါ၊ ဖြောင့်မတ်သည်၏အဖြစ်သို့ ရောက်သော။ ဒဿနဥ္စ၊ သစ္စာ ၄-ပါး တရားကို သိမြင်တတ်သော မဂ်ဉာဏ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသူကို။ အဒလိဒ္ဒေါတိ၊ လူဆင်းရဲမဟုတ် (လူချမ်းသာ) ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ တဿ၊ ထိုသူ၏။ ဇီဝိတံ၊ အသက်ရှည်ခြင်းကိုလည်း။ အမောဃံ၊ အချည်းနှီးမဟုတ် (အကျိုးရှိ၏) ဟူ၍။ (အာဟု၊ ဆိုကုန်ပြီ။)

တသ္မာ၊ ထို့ကြောင့်။ မေဓာဝီ၊ ပညာရှိသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်ကို။ သရံ၊ အောက်မေ့လျက်။ သဒ္ဓဥ္စ၊ သဒ္ဓါတရားကိုလည်း။ သီလဥ္စ၊ သီလကိုလည်း။ ပသာဒံ၊ သဒ္ဓါနှင့် ကြည်ညိုခြင်းကိုလည်း။ ဓမ္မဒဿနဥ္စ၊ သစ္စာ ၄-ပါးတရားကို မဂ်ဉာဏ်ဖြင့် သိမြင်ခြင်းကိုလည်း။ အနုယုဉ္ဇေထာတိ၊ အဖန်ဖန် အားထုတ်ရာ၏[၁]'' ဟူကုန်သော—

ဣမာဟိ ဂါထာဟိ၊ ဤဂါထာတို့ဖြင့်။ အနုမောဒိ၊ အနုမောဒနာပြုပြီ။

အထ ခေါ၊ ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ အနာထပိဏ္ဍိကံ၊ သော။ ဂဟပတိံ၊ ကို။ ဣမာဟိ ဂါထာဟိ၊ တို့ဖြင့်။ အနုမောဒိတွာ၊ အနုမောဒနာပြုပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကာမိ၊ ဖဲကြွပြီ။

အထ ခေါ၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ ပ ။ နိသီဒိ၊ ထိုင်ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နံ ခေါ၊ သော။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ ဘဂဝါ၊ သည်။ "အာနန္ဒ၊ အာနန္ဒာ။ တွံ၊ သင်သည်။ ဟန္ဒ၊ ယခု။ ဒိဝါဒိဝဿ၊ နေပူကျဲကျဲ မွန်းတည့်ချိန်၌။ ကုတော၊ ဘယ်အရပ်မှ။ အာဂစ္ဆသိ နုတိ၊ လာခဲ့သနည်း" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ အာယသ္မတာ သာရိပုတ္တေန၊ အရှင်သာရိပုတြာသည်။ အနာထပိဏ္ဍိကော ဂဟပတိ၊ အနာထပိဏ် အိမ်ရှင်သူဌေးကို။ ဣမိနာ စ ဣမိနာ စ ဩဝါဒေန၊ ဤမည် ဤမည်သော အဆုံးအမဩဝါဒဖြင့်။ ဩဝဒိတော၊ ဆုံးမတော်မူအပ်ပြီ။ (တတော အာဂစ္ဆာမိ။) ဣတိ၊ ဤသို့ အရှင်အာနန္ဒာက လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ ယတြ ဟိ နာမ (ယော နာမ)၊ အကြင် သာရိပုတြာ မည်သည်။ စတ္တာရိ၊ ၄-ပါးကုန်သော။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ပုဂ္ဂိုလ်၏ သိကြောင်း အင်္ဂါတို့ကို။ ဒသဟိ၊ ၁၀-မျိုးကုန်သော။ အာကာရေဟိ၊ (သမ္မာဒိဋ္ဌိ စသော) အပြားတို့ဖြင့်။ ဝိဘဇိဿတိ နာမ၊ ဝေဖန်နိုင်ဘိ၏။ သော သာရိပုတ္တော၊ ထို သာရိပုတြာသည်။ ပဏ္ဍိတော၊ ပညာရှိပေ၏။ အာနန္ဒ၊ အာနန္ဒာ။ သော သာရိပုတ္တော၊ သည်။ မဟာပညော၊ ကြီးသော ပညာရှိပေ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဒုတိယအနာထပိဏ္ဍိကသုတ်

၁၀၂၄။ (ဤသုတ်၌ "သာဝတ္ထိနိဒါန် မှ စ၍ နော ပဋိက္ကမောတိ" အထိ ရှေ့သုတ်နှင့် တူ၏။ အရှင်အာနန္ဒာတပါးတည်း ကွဲသည်သာ ထူး၏။)

ဂဟပတိ၊ အိမ်ရှင်ဒကာ။ စတူဟိ ခေါ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ အဿုတဝတော၊ (အာဂမ အဓိဂမ) သုတမရှိသော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်၏။

---

၁။ သံ-နိ ၁- ၁၀ပိုဒ် ၂၆၀-ဒလိဒ္ဒသုတ်၌လည်း- ရေးခဲ့ပြီ။

ဥတ္တာသော၊ ထိတ်လန့်ခြင်းသည်။ ဟောတိ၊ ၏။ ဆမ္ဘိတတ္တံ၊ ကိုယ်ခက်တုရောင်ရှိသူ၏ အဖြစ် သည်။ ဟောတိ၊ ၏။ သမ္ပရာယိကံ၊ တမလွန်လျှင်အကြောင်းရှိသော။ မရဏဘယံ၊ သေခြင်း၌ ကြောက်ခြင်းသည်[၁]။ ဟောတိ၊ ၏။ ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးတို့နှင့်နည်း။ ဂဟပတိ၊ ကာ။ ဣဓ၊ ဤလောက၌။ အဿုတဝါ၊ ပရိယတ်မဂ်ဖိုလ် သုတမရှိသော။ ပုထုဇ္ဇနော၊ သည်။ ဗုဒ္ဓေ၊ ဘုရား၌။ အပ္ပသာဒေန၊ မကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ တဉ္စ ပန ဗုဒ္ဓေ အပ္ပသာဒံ၊ ထိုဘုရား၌ မကြည်ညိုခြင်းကို။ အတ္တနိ၊ မိမိ၌။ သမနုပဿတော၊ အဖန်ဖန်ရှုမြင်သော။ အဿ၊ ထိုပုထုဇဉ်၏။ ဥတ္တာသော၊ သည်။ ဟောတိ၊ ၏။ ဆမ္ဘိတတ္တံ၊ သည်။ ဟောတိ၊ ၏။ သမ္ပရာယိကံ၊ သော။ မရဏဘယံ၊ သည်။ ဟောတိ၊ ၏။

(ဓမ္မေ, သံဃေ, ဒုဿီလျေန-တို့၌လည်း နည်းမှီး၍ ပေးလေ၊ ဣမေဟိ ခေါ စသော နိဂုံးလည်း နိဒါန်းအတိုင်း ပေး။)

ဂဟပတိ၊ ကာ။ စတူဟိ ခေါ၊ ကုန်သော။ ဓမ္မေဟိ၊ တို့နှင့်။ သမန္နာဂတဿ၊ သော။ သုတ-ဝတော၊ ပရိယတ်မဂ်ဖိုလ် သုတရှိသော။ အရိယသာဝကဿ၊ အရိယာဖြစ်သော တပည့်၏။ ဥတ္တာသော၊ သည်။ န ဟောတိ၊ မဖြစ်။ ဆမ္ဘိတတ္တံ၊ သည်။ န ဟောတိ၊ မဖြစ်။ သမ္ပရာယိကံ၊ သော။ မရဏဘယံ၊ သည်။ န ဟောတိ၊ မဖြစ်။ ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးတို့နှင့်နည်း။ ဂဟပတိ၊ ကာ။ ဣဓ၊ ဤသာသနာ၌။ သုတဝါ၊ ပရိယတ်မဂ်ဖိုလ် သုတရှိသော။ အရိယသာဝ-ကော၊ သည်။ "ဣတိပိ သော ဘဂဝါ အရဟံ။ပ။ ဘဂဝါ"တိ၊ ဘဂဝါ" ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပ-သာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ တဉ္စ ပန ဗုဒ္ဓေ အဝေစ္စပ္ပသာဒံ၊ ထိုဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းကို။ အတ္တနိ၊ ၌။ သမနုပဿတော၊ သော။ အဿ၊ ထိုအရိယာတပည့်၏။ ဥတ္တာသော၊ သည်။ န ဟောတိ၊ မဖြစ်။ ဆမ္ဘိတတ္တံ၊ သည်။ န ဟောတိ၊ မဖြစ်။ သမ္ပရာယိကံ၊ သော။ မရဏဘယံ၊ သည်။ န ဟောတိ၊ မဖြစ်။

(ဓမ္မေ, သံဃေ, အရိယကန္တေဟိ သီလေဟိ ဝါကျတို့၌လည်း နည်းမှီး၍ သမ္ဗန်။) ဣတိ၊ ဤသို့ အရှင်အာနန္ဒာက မိန့်တော်မူ၏။

ဘန္တေ အာနန္ဒ၊ အရှင်ဘုရားအာနန္ဒာ။ အဟံ၊ တပည့်တော်သည်။ န ဘာယာမိ၊ မကြောက်ပါ။ အဟံ၊ သည်။ ကိံ ဘာယိဿာမိ၊ အဘယ်မှာ ကြောက်ပါအံ့နည်း။ ဘန္တေ၊ အရှင်(အာနန္ဒာ)။ အဟံ ဟိ၊ တပည့်တော်သည်။ပ။ ဗုဒ္ဓေ၊ ဘုရား၌။ပ။ ဓမ္မေ၊ တရား၌။ပ။ သံဃေ၊ သံဃာ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောမိ၊ ဖြစ်၏။ ဘန္တေ၊ အရှင်(အာနန္ဒာ)။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဂိဟိသာမီစိကာနိ၊ လူတို့အား လျောက်ပတ်ကုန်သော။ (ဂိဟိ-သာမီစိကာနီတိ ဂိဟီနံ- အနုစ္ဆဝိကာနိ။ ဋ္ဌ။) ယာနိ စ ဣမာနိ သိက္ခာပဒါနိ၊ အကြင်သိက္ခာပုဒ်

---

၁။ သမ္ပရာယိကံ မရဏဘယန္တိ သမ္ပရာယဟေတုကံ မရဏဘယံ။ ဋ္ဌ။

ယထာကမ္မံ သမ္ပရေတဗ္ဗတော သမ္ပရာယော၊ ပေစ္စဘဝေါ၊ သမ္ပရာယဟေတုကံ သမ္ပရာယိကံ၊ မရဏဘယံ။ ဋီ။

သမ္ပရေတဗ္ဗောတိ သမ္ပရာယော၊ သမ္ပရာယော ဟေတု အဿာတိ သမ္ပရာယိကံ။ ယော၊ အကြင်တမလွန် ဘဝသည်။ သမ္ပရေတဗ္ဗော၊ ရောက်ထိုက်၏။ ဣတိ၊ ကြောင့်။ သော၊ သည်။ သမ္ပရာယော၊ မည်၏။ တဿ၊ ဤသေရမှာကြောက်ခြင်းအား။ သမ္ပရာယော၊ တမလွန်ဘဝ (ဟူသော အကြောင်း) သည်။ ဟေတု၊ ရှိ၏။ ဣတိ၊ ကြောင့်။ သမ္ပရာယိကံ၊ မည်၏။ အပါယ် ၄-ပါးတည်းဟူသော တမလွန်ဘဝ အကြောင်းရှိသော သေရမှာ ကြောက်ခြင်း ဟူလို။

တို့ကို။ ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်၏။ အဟံ၊ တပည့်တော်သည်။ တေသံ၊ ထိုသိက္ခာပုဒ် တို့တွင်။ ကိဉ္စိ၊ တစုံတခုသော သိက္ခာပုဒ်ကို။ အတ္တနိ၊ မိမိ၌။ ခဏ္ဍံ၊ ကျိုးသည်ကို။ န သမနု- ပဿာမိ၊ မမြင်ပါ။ ဣတိ၊ ဤသို့ အနာထပိဏ်ကသည် လျှောက်၏။ ဂဟပတိ၊ ကာ။ တေ၊ သင်၏။ လာဘာ၊ လာဘ်တို့တည်း။ ဂဟပတိ၊ ကာ။ တေ၊ ၏။ သုလဒ္ဓံ၊ ကောင်းစွာလှလှ ရအပ်သော လာဘ်တည်း။ ဂဟပတိ၊ ကာ။ တယာ၊ သင်သည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဗျာကတံ၊ ပြောကြားအပ်ပြီ။ ဣတိ၊ ဤသို့ အရှင်အာနန္ဒာက မိန့်တော်မူ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ပဌမဘယဝေရူပသန္တသုတ်

၁၀၂၄။ သာဝတ္ထိနိဒါနံ၊ တည်း။ ဧကမန္တံ၊ ၌။ နိသိန္နံ ခေါ၊ ထိုင်နေသော။ အနာထပိဏ္ဍိကံ၊ သော။ ဂဟပတိံ၊ ကို။ ဘဂဝါ၊ သည်—ဂဟပတိ၊ အိမ်ရှင်ဒကာ။ ယတော ခေါ အရိယသာဝ- ကဿ၊ အကြင်အရိယာဖြစ်သောတပည့်၏။ ပဉ္စ၊ ၅-ပါးကုန်သော။ ဘယာနိ၊ ဘေးတို့သည်။ ဝေရာနိ၊ ရန်တို့သည်။ ဝူပသန္တာနိ စ၊ ငြိမ်းအေးကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ယော အရိယသာဝကော၊ သည်။) စတူဟိ၊ ၄-ပါးကုန်သော။ သောတာပတ္တိယင်္ဂေဟိ စ၊ သောတာပန် ပုဂ္ဂိုလ်၏ (သောတာပန်-ဟု) သိကြောင်း အင်္ဂါတို့နှင့်လည်း။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ အဿ၊ ထိုအရိယာတပည့်သည်။ အရိယော၊ မှန်ကန်သော။ ဉာယော စ၊ (ပဋိစ္စသမုပ္ပါဒ်ဟူသော)အကြောင်းကိုလည်း။ ပညာယ၊ ပညာဖြင့်။ သုဒိဋ္ဌော၊ ကောင်းစွာ မြင်အပ်သည်။ သုပ္ပဋိဝိဒ္ဓေါ၊ ထိုးထွင်း၍သိအပ်သည်။ ဟောတိ၊ ၏။ သော၊ ထိုအရိယာတပည့် သည်။ အာကင်္ခမာနော၊ ဖြေလိုသည်ရှိသော်။ အတ္တနာဝ၊ ကိုယ်တိုင်သာလျှင်။ အတ္တာနံ၊ မိမိကိုယ် ကို။ "ခီဏနိရယော၊ ကုန်ပြီးသောငရဲရှိသူသည်။ ခီဏတိရစ္ဆာနယောနိ၊ ကုန်ပြီးသောတိရစ္ဆာန်မျိုး ရှိသူသည်။ ခီဏပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာတို့၏နေရာရှိသူသည်။ ခီဏာပါယဒုဂ္ဂတိ- ဝိနိပါတော၊ ကုန်ပြီးသော အပါယ်ဒုဂ္ဂတိကျခြင်းရှိသူသည်။ အမှိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ အဝိနိ- ပါတဓမ္မော၊ အပါယ်၌ကျခြင်းသဘောမရှိသော။ နိယတော၊ မဂ္ဂဓမ္မနိယာမအားဖြင့်မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော။ သောတာပန္နော၊ သောတာပန်သည်။ အသ္မိတိ၊ ဖြစ်၏"ဟူ၍။ ဗျာကရေယျ၊ ဖြေဆိုရာ၏။

ပဉ္စ၊ ၅-ပါးကုန်သော။ ကတမာနိ ဘယာနိ၊ အဘယ်ဘေးတို့သည်။ ကတမာနိ ဝေရာနိ၊ အဘယ်ရန်တို့သည်။ ဝူပသန္တာနိ၊ ငြိမ်းအေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဂဟပတိ၊ ကာ။ ပါဏာတိပါတီ၊ သူ့အသက်ကိုသတ်လေ့ရှိသူသည်။ ပါဏာတိပါတပစ္စယာ၊ သူ့အသက်ကို သတ်ခြင်းဟူသောအကြောင်းကြောင့်။ (ပါဏာတိပါတီ၊ သူ့အသက်ကိုလျင်စွာချလေ့ရှိသူသည်။ ပါဏာတိပါတပစ္စယာ၊ သူ့အသက်ကို လျင်စွာချခြင်းဟူသော အကြောင်းကြောင့်-ဟု သဒ္ဒတ္တ သော်လည်းပေး။) ဒိဋ္ဌဓမ္မိကမ္ပိ၊ မျက်မှောက်၌လည်းဖြစ်သော။ ယံ ဘယံ၊ အကြင်ဘေးကို။ ယံ ဝေရံ၊ အကြင်ရန်ကို။ ပသဝတိ၊ ပွါးစေ၏။ (ပွါး၏ဟူလို။) သမ္ပရာယိကမ္ပိ၊ တမလွန်၌လည်း ဖြစ်သော။ ယံ ဘယံ၊ ကို။ ယံ ဝေရံ၊ ကို။ ပသဝတိ၊ ၏။ စေတသိကမ္ပိ၊ စိတ်၌လည်းဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲကို။ ဒေါမနဿံ၊ စိတ်နှလုံးမသာယာခြင်းကို။ ပဋိသံဝေဒိယတိ၊ ခံစားရ၏။ ပါဏာတိ- ပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတဿ၊ ရှောင်ကြဉ်သောသူ၏။ ဧဝံ၊ ဤသို့ မျက်မှောက် တမလွန်၌ဖြစ်သော။ တံ ဘယံ၊ ထိုဘေးသည်။ တံ ဝေရံ၊ ထိုရန်သည်။ ဝူပသန္တံ၊ ငြိမ်းအေးသည်။

ဟောတိ၊ ၏။ (အဒိန္နာဒါယီ၊ အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်သော သူ့ဥစ္စာကို ခိုးယူလေ့ ရှိသူ သည်။ပ။ ကာမေသုမိစ္ဆာစာရီ၊ ဝတ္ထုကာမတို့၌ ယုတ်မာစွာ ကျင့်လေ့ရှိသူသည်။ပ။ မုသာဝါဒီ၊ မဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိသူသည်။ပ။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာယီ၊ မေ့လျော့ ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိသူသည်။ သုရာမေရယမဇ္ဇပ္ပမာ- ဒဋ္ဌာနုယုတ္တဿ၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းဟူသော အကြောင်းကြောင့်။ ဒိဋ္ဌေဝဓမ္မေ၊ သော။ ယံ ဘယံ၊ ကို။ ယံ ဝေရံ၊ ကို။ ပသဝတိ၊ ပွါးစေ၏။ စေတသိကမ္ပိ၊ စိတ်၌လည်းဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲကို။ ဒေါမနဿံ၊ စိတ်နှလုံးမသာယာခြင်းကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်ကိုသောက်ခြင်းမှ။ ပဋိဝိရတဿ၊ ရှောင်ကြဉ်သောသူ၏။ ဇဝံ၊ ဤသို့ မျက်မှောက်တမလွန်၌ဖြစ်သော။ တံ ဘယံ၊ ထိုဘေးသည်။ တံ ဝေရံ၊ ထိုရန်သည်။ ဝူပသန္တံ၊ သည်။ ဟောတိ၊ ၏။ ပဉ္စ၊ ၅-ပါးကုန်သော။ ဣမာနိ ဘယာနိ၊ ဤဘေးတို့သည်။ ဣမာနိ ဝေရာနိ၊ ဤရန်တို့သည်။ ဝူပသန္တာနိ၊ ငြိမ်းအေးကုန်သည်။ ဟောန္တိ၊ ကုန်၏။

စတူဟိ၊ ၄-ပါးကုန်သော။ ကတမေဟိ သောတာပတ္တိယင်္ဂေဟိ၊ အဘယ်သောတာပန်ပုဂ္ဂိုလ်၏ (သောတာပန် ဟု) သိကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်သနည်း။ (အကြွင်း ပေးခဲ့လှပြီ။)

အသာ၊ ထိုအရိယာသာဝကသည်။ အရိယော၊ မှန်ကန်သော။ ကတမော စ ဉာယော၊ အဘယ် အကြောင်းကိုလည်း။ ပညာယ၊ ပညာဖြင့်။ သုဒိဋ္ဌော၊ ကောင်းစွာမြင်အပ်သည်။ သုပ္ပဋိဝိဒ္ဓေါ၊ ကောင်းစွာထိုးထွင်း၍ သိအပ်သည်။ ဟောတိ၊ နည်း။ ဂဟပတိ၊ ကာ။ ဣဓ၊ ဤသာသနာ၌။ အရိယသာဝကော၊ အရိယာသာဝကသည်။ “အဝိဇ္ဇာပစ္စယာ; အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ (သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ယဒိဒံ အနက်မဲ့)။ပ။ ဇဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာမဘက် ဒုက္ခသက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ပေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဝိဇ္ဇာယတွေဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂ- နိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်သတ်၍ ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရတို့၏ ချုပ်ခြင်းသည်။ (ဟောတိ၊ ၏)။ပ။ ဇဝံ၊ ဤသို့။ ကေဝလဿ၊ သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဣမသ္မိံ၊ ဤအကြောင်း တရားသည်။ သတိ၊ ဖြစ်လတ်သော်။ ဣဒံ၊ ဤအကျိုးသည်။ ဟောတိ၊ ၏။ ဣမဿ၊ ဤအကြောင်း တရား၏။ ဥပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ ဣဒံ၊ ဤအကျိုးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣမသ္မိံ၊ ဤအကြောင်းတရားသည်။ အသတိ၊ မဖြစ်လတ်သော်။ ဣဒံ၊ ဤအကျိုးသည်။ န ဟောတိ၊ မဖြစ်။ ဣမဿ၊ ဤအကြောင်းတရား၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ ဣဒံ၊ ဤအကျိုး သည်။ နိရုဇ္ဈတိတိ၊ ချုပ်၏”ဟူသော။ ပဋိစ္စသမုပ္ပါဒညေဝ၊ ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင်။ သာဓုကံ၊ ကောင်းစွာ။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ မနသိကရောတိ၊ နှလုံးသွင်း၏။ အဿ၊ ထိုအရိယာသာဝကသည်။ အရိယော၊ သော။ အယံ ဉာယော၊ ဤပဋိစ္စသမုပ္ပါဒ်ဟူသော အကြောင်းကို။ ပညာယ၊ ဖြင့်။ သုဒိဋ္ဌော၊ သည်။ သုပ္ပဋိဝိဒ္ဓေါ၊ သည်။ ဟောတိ၊ ၏။ ၉

(ယတော ခေါ စသော နိဂုံးဝါကျလည်း နိဒါန်းဝါကျအတိုင်းပင် ပေးလေ။ ဣမာနိ, ဣမေဟိ, အယံ-ပုဒ်တို့ အထူးပြုရသည်သာ ထူး၏။)

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

၉-ဒုတိယဘယဝေရူပသန္တသုတ်

၁၀၂၅။ (ဤသုတ်လည်း ရှေးသုတ်နှင့် မထူးပြီ။)

နဝမ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-နန္ဒကလိစ္ဆဝိသုတ်

၁၀၂၆။ ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ သည်။ ဝေသာလိယံ၊ ဝေသာလီပြည်၌။ မဟာဝနေ၊ မဟာဝုန်တော၌။ ကူဋာဂါရသာလာယံ၊ အထွဋ်တပ်သောကျောင်း၌။ ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ နန္ဒကော၊ နန္ဒကမည်သော။ လိစ္ဆဝိမဟာမတ္တော၊ လိစ္ဆဝိမင်းတို့၏အမတ်ကြီး သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ဧကမန္တံ၊ ၌။ နိသိန္နံ ခေါ၊ သော။ နန္ဒကံ၊ နန္ဒကမည်သော။ လိစ္ဆဝိမဟာမတ္တံ၊ လိစ္ဆဝိမင်းတို့၏ အမတ်ကြီးကို။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်—

(စတူဟိ ခေါ နန္ဒက။ပ။ သမ္မာဝိမုတ္တိယာ စေ ဝါကျကို ပေးခဲ့လှပြီ။)

နန္ဒက၊ နန္ဒက။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ စ ပန ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ သည်။ ဒိဗ္ဗေနပိ၊ နတ်၌လည်းဖြစ်သော။ မာနုသေနပိ၊ လူ၌လည်းဖြစ်သော။ အာယုနာ၊ အသက်ရှည်ခြင်းနှင့်။ သံယုတ္တော၊ ယှဉ်သည်။ ဟောတိ၊ ၏။ပ။ ဝဏ္ဏေန၊ အဆင်းလှခြင်းနှင့်။ပ။ သုခေန၊ ချမ်းသာကြီးခြင်းနှင့်။ပ။ ယသေန၊ အခြံအရံများခြင်းနှင့်။ပ။ အာဓိပတေယျေန၊ အစိုးရသည်၏ အဖြစ်နှင့်။ သံယုတ္တော၊ သည်။ ဟောတိ၊ ၏။ နန္ဒက၊ နန္ဒက။ အဟံ၊ ငါဘုရားသည်။ တံ ခေါ ပန၊ ထိုအကျိုးကို။ အညဿ၊ တပါးသော။ သမဏဿ ဝါ၊ ရဟန်း၏ အထံမှသော်၎င်း။ ဗြာဟ္မဏဿ ဝါ၊ ပုဏ္ဏား၏ အထံမှ သော်၎င်း။ သုတွာ၊ ကြား၍။ န ဝဒါမိ၊ ဟောတော်မူသည်မဟုတ်။ အပိ စ၊ စင်စစ်သော်ကား။ မယာ၊ ငါဘုရားသည်။ ယဒေဝ၊ အကြင်အကျိုးကိုသာလျှင်။ သာမံ၊ ကိုယ်တိုင်။ ဉာတံ၊ သိအပ် ပြီ။ သာမံ၊ ကိုယ်တိုင်။ ဒိဋ္ဌံ၊ မြင်အပ်ပြီ။ သာမံ၊ ကိုယ်တိုင်။ ဝိဒိတံ၊ ထင်ရှားသိအပ်ပြီ။ တဒေဝ၊ ထိုအကျိုးကိုသာလျှင်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိတိ၊ ဟောတော်မူ၏ ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မိန့်တော်မူအပ်သည်ရှိသော်။ အညတရော၊ တယောက်သော။ ပုရိသော၊ ယောကျ်ားသည်။ နန္ဒကံ၊ သော။ လိစ္ဆဝိမဟာမတ္တံ၊ ကို။ "ဘန္တေ၊ အရှင်။ နှာနကာလောတိ၊ ရေချိုးရန် အချိန်ပါတည်း"ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြောဆိုပြီ။ ဘဏေ၊ အချင်း။ ဒါနိ၊ ယခုအခါ၌။ ဗာဟိရေန၊ အပြင်၌ဖြစ်သော။ ဧတေန နှာနေန၊ ဤရေချိုးခြင်းဖြင့်။ အလံ၊ အကျိုးမရှိ။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ ယဒိဒံ ပသာဒေါ၊ အကြင်ကြည်ညိုခြင်းသည်။ (အတ္ထိ၊ ၏။) အဇ္ဈတ္တံ၊ ကိုယ်တွင်း၌။ ဣဒံ နှာနံ၊ ဤဘုရား၌ ကြည်ညိုခြင်းဟူသော ရေချိုး ခြင်းသည်။ အလံ၊ သင့်လျော်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ နန္ဒက အမတ်ကြီးက ပြောဆို၏။

ဒသမ၊ ဆယ်ခုမြောက်သောသုတ်တည်း။

တတိယော၊ ၃-ဝဂ်မြောက်ဖြစ်သော။ သရဏာနိဝဂ္ဂေါ၊ သရဏာနိဝဂ်တည်း။

တဿ၊ ထိုသရဏာနိဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

မဟာနာမေန၊ မဟာနာမသဒ္ဒါဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ဒွေ၊ ပဌမမဟာနာမသုတ်၊ ဒုတိယမဟာနာမသုတ် ၂-သုတ်တို့ရင်း။ဂေါဓာ စ၊ ဂေါဓာသက္ကသုတ်ရင်း။ ဒုဝေ၊ ၂-သုတ်ကုန်သော။ သရဏာ၊ ပဌမသရဏာနိ သက္ကသုတ်၊ ဒုတိယ သရဏာနိ သက္ကသုတ်တို့ရင်း။ ဒုဝေ၊ ကုန်သော။ အနာထပိဏ္ဍိကာ၊ ပဌမ အနာထပိဏ္ဍိကသုတ်၊ ဒုတိယ အနာထပိဏ္ဍိကသုတ်တို့ရင်း။ ဝေရဘယေန စ၊ ဝေရဘယသဒ္ဒါဖြင့်။ (ဝုတ္တာ၊ ကုန်သော။) ဒုဝေ၊ ပဌမဘယဝေရူပသန္တသုတ်၊ ဒုတိယဘယဝေရူပသန္တသုတ် ၂-သုတ်တို့ရင်း။ ဒသမော၊ ၁၀-သုတ်မြောက်ဖြစ်သော။ ဝုတ္တော၊ ဟောတော်မူအပ်သော။ လိစ္ဆဝီ၊ နန္ဒကလိစ္ဆဝိသုတ်ရင်းတည်း။ တေန၊ ထို ၁၀-သုတ်အစုရှိသည်၏ အဖြစ်ကြောင့်။ ဝဂ္ဂေါ၊ ဝဂ် ယူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသည်တည်း။

---

## ၄-ပုညာဘိသန္ဒဝဂ်

### ၁-ပဌမပုညာဘိသန္ဒသုတ်

၁၀၂၇။ သာဝတ္ထိနိဒါနံ၊ သာဝတ္ထိနိဒါန်းတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သုခဿ၊ ချမ်းသာခြင်း၏။ အာဟာရာ၊ အကြောင်းဖြစ်ကုန်သော။ ပုညာဘိသန္ဒာ၊ ကောင်းမှုတည်းဟူသော အမြဲစီးသည့် မြစ်ကြီးတို့သည်။ ကုသလာဘိသန္ဒာ၊ ကုသိုလ်ဟူသော အမြဲစီးသည့် မြစ်ကြီးတို့သည်[၁]။ ဣမေ စတ္တာရော၊ ဤ ၄-မျိုး တို့တည်း။ ကတမေ စတ္တာရော၊ အဘယ် ၄-မျိုးတို့နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာ၌။ အရိယသာဝကော၊ အရိယာသာဝကသည်။ "ဣတိပိ။ပ။ ဘဂဝါတိ၊ ဘဂဝါ" ဟူ၍။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ အယံ၊ ဤသည်ကား။ ပဌမော၊ ရှေးဦးစွာသော။ သုခဿ၊ ချမ်းသာခြင်း၏။ အာဟာရော၊ အကြောင်းဖြစ်သော။ ပုညာဘိသန္ဒော၊ ကောင်းမှုတည်းဟူသော အမြဲစီးနေသည့် မြစ်ကြီးတည်း။ ကုသလာဘိသန္ဒော၊ ကုသိုလ်တည်းဟူသော အမြဲစီးဆင်းသည့်မြစ်ကြီးတည်း။

---

၁။ သုခဿာဟာရာတိ သုခဿ ပစ္စယာ။ ဋ္ဌ။

သုခဿ အာဟရဏတော အာနယနတော သုခဿာဟာရော။ ဋီ။

အာဟရန္တိ ဧတေဟီတိ အာဟာရာ။ ဧတေဟိ၊ ဤကုသိုလ်တို့ဖြင့်။ အာဟရန္တိ၊ (ချမ်းသာကို) ဆွဲဆောင်တတ်ကုန်၏။ ဣတိ၊ ထိုဆွဲဆောင်ကြောင်းဖြစ်သောကြောင့်။ အာဟာရာ၊ မည်ကုန်၏။ အကြောင်းဖြစ်သော ကုသိုလ်မြစ်တို့ကို ကောက်။

ပုညာဘိသန္ဒာတိ ပုညနဒိယော။ ဋ္ဌ။

အဝိစ္ဆေဒေန နိစ္စပ္ပဝတ္တိယမာနာနိ ပုညာနိ အဘိသန္ဒနဋ္ဌေန "ပုညာဘိသန္ဒာ"တိ ဝုတ္တာ၊ တေန ပုညနဒိယောတိ အတ္ထော ဝုတ္တော။ ဋီ။

နေ့စဉ်အမြဲထာဝရ ပြုအပ်သည့် ကုသိုလ်တို့သည် အလျဉ်မပြတ်စီးဆင်းနေသည့် မြစ်ကြီးနှင့် တူကုန်၏ ဟူလိုသည်။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ တဖန်ထို့ပြင်လည်း။ အရိယသာဝကော၊ သည်။ "သုဒ္ဓာဂမှာ တော။ ပ။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ၊ ဝိညူဟီ" ဟူ၍။ ဓမ္မေ၊ တရား၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ အယံ၊ ကား။ ဒုတိယော၊ ၂-ခုမြောက်သော။ သုခဿ၊ ၏။ အာဟာရော၊ သော။ ပုညာဘိသန္ဒော၊ တည်း။ ကုသလာဘိသန္ဒော၊ တည်း။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ "သုပ္ပဋိပန္နော။ ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ၊ လောကဿ" ဟူ၍။ သံဃေ၊ သံဃာ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ အယံ၊ ကား။ တတိယော၊ ၃-ခုမြောက်သော။ ပ။ ကုသလာဘိသန္ဒော၊ တည်း။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ အခဏ္ဍေဟိ၊ မကျိုးကုန်သော။ ပ။ သမာဓိသံဝတ္တနိကေဟိ၊ သမာဓိ ၂-ပါးကို ဖြစ်စေတတ်ကုန်သော။ အရိယကန္တေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည် နှစ်သက်အပ်ကုန်သော။ သီလေဟိ၊ မဂ်ဖိုလ်နှင့်ယှဉ်သည့် သီလတို့နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ အယံ၊ ကား။ စတုတ္ထော၊ ၄-ခုမြောက်သော။ သုခဿ၊ ၏။ အာဟာရော၊ သော။ ပုညာဘိသန္ဒော၊ တည်း။ ကုသလာဘိသန္ဒော၊ တည်း။ ဘိက္ခဝေ၊ တို့။ သုခဿ၊ ချမ်းသာခြင်း၏။ အာဟာရာ၊ အကြောင်းဖြစ်ကုန်သော။ ပုညာဘိသန္ဒာ၊ ကောင်းမှုတည်းဟူသော အမြဲစီးနေသည့် မြစ်ကြီးတို့သည်။ ကုသလာဘိသန္ဒာ၊ ကုသိုလ်တည်းဟူသော အမြဲစီးနေသည့် မြစ်တို့သည်။ ဣမေ ခေါ စတ္တာရော၊ ဤ ၄-မျိုးတို့တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဌမ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဒုတိယပုညာဘိသန္ဒသုတ်

၁၀၂၈။ (ဤသုတ်၌လည်း တဘိယပုညာဘိသန္ဒာအထိ မထူးပြီ။)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ ဝိဂတမလမစ္ဆေရေန၊ ကင်းသော ဝန်တိုခြင်းမစ္ဆေရအညစ်အကြေးရှိသော။ စေတသာ၊ စိတ်ဖြင့်။ မုတ္တစာဂေါ၊ (မငဲ့မကွက်)လွှတ်လွှတ် စွန့်ကြဲခြင်းရှိသည်ဖြစ်၍။ ပယတပါဏိ၊ (အလှူဝတ္ထုကို လှူအံ့သောငှါ အခါခပ်သိမ်း)ဆေးကြော အပ်ပြီးသော လက်ရှိသည်ဖြစ်၍။ ဝေါဿဂ္ဂရတော၊ စွန့်လွှတ်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ယာစယောဂေါ၊ သူတပါးတို့တောင်းခြင်းငှါ လျော်ကပ်သည်ဖြစ်၍။ ဒါနသံဝိဘာဂရတော၊ ပေးကမ်းခြင်း ဝေဘန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ အဂါရံအဇ္ဈာဝသတိ၊ အိမ်၌။ အဇ္ဈာဝသတိ၊ နေ၏။ အယံ၊ ကား။ စတုတ္ထော၊ သော။ သုခဿ၊ ၏။ အာဟာရော၊ သော။ ပုညာဘိသန္ဒော၊ တည်း။ ကုသလာဘိသန္ဒော၊ တည်း။ (ဣမေ ခေါ စသော နိဂုံး အထက်သုတ်အတိုင်း ပေး။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-တတိယပုညာဘိသန္ဒသုတ်

၁၀၂၉။ (ဤသုတ်၌လည်း တတိယပုညာဘိသန္ဒာအထိ မထူး။)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ အရိယသာဝကော၊ သည်။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ် အပျက်ကို ထိုးထွင်း၍ သိစွမ်းနိုင်သော။ အရိယာယ၊ စင်ကြယ်သန့်ရှင်းသော။ နိဗ္ဗေဓိကာယ၊

ကိလေသာအစိုင်အခဲတို့ကို ဖောက်ခွဲနိုင်သော။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ပညာယ၊ ဝိပဿနာပညာ, မဂ်ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ၏။ အယံ၊ ကား။ စတုတ္ထော၊ သော။ သုခဿ၊ ၏။ အာဟာရော၊ သော။ ပုညာဘိသန္ဒော၊ တည်း။ ကုသလာဘိသန္ဒော၊ တည်း။ (ဣမေ ခေါ စသော နိဂုံး ပဌမသုတ်အတိုင်း ပေး။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ပဌမဒေဝပဒသုတ်

၁၀၃၀။ သာဝတ္ထိနိဒါနံ၊ တည်း။ ဘိက္ခဝေ၊ တို့။ အဝိသုဒ္ဓါနံ၊ ကိလေသာမစင်ကြယ်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာစင်ကြယ်ခြင်းငှါ။ အပရိယောဒါတာနံ၊ ကိလေသာမဖြူစင်ကုန်သော။ သတ္တာနံ၊ တို့၏။ ပရိယောဒပနာယ၊ ကိလေသာဖြူစင်ခြင်းငှါ။ ဒေဝါနံ၊ ဖလဋ္ဌပုဂ္ဂိုလ်တည်းဟူသော ဝိသုဒ္ဓိနတ်တို့၏။ ဒေဝပဒါနိ၊ ထိုနတ်တို့၏ ပဋိဝေဓဉာဏ်ဖြင့် နင်းရာ ခြေရာတို့သည်။ ဝါ၊ မြတ်စွာဘုရားတည်းဟူသော ဝိသုဒ္ဓိနတ်မင်း၏ ပဋိဝေဓဉာဏ် ဒေသနာဉာဏ်ဖြင့် နင်းတော်မူရာ ခြေရာတို့သည်။ (ဤအနက်များ၏ မှီရာ ဋ္ဌ, ဋီကာကို ရှု။ ဒေဝါနံ၊ နတ်ဘို့၏။ ဒေဝပဒါနိ၊ နတ်ခြေရာတို့သည်-ဟု မချွတ္တသော်လည်း ပေး။) ဣမာနိ စတ္တာရိ၊ ဤ ၄-မျိုးတို့တည်း။

ကတမာနိ စတ္တာရိ၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ၊ တို့။ အရိယသာဝကော၊ သည်။ "ဣတိပိ သော ဘဂဝါ။ပ။ ဘဂဝါတိ၊ ဘဂဝါ" ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ ဣဒံ၊ ကား။ ပဌမံ၊ သော။ အဝိသုဒ္ဓါနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။ ဝိသုဒ္ဓိယာ၊ ငှါ။ အပရိယောဒါတာနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။ ပရိယောဒပနာယ၊ ငှါ။ ဒေဝါနံ၊ တို့၏။ ဒေဝပဒံ၊ နတ်ခြေရာတည်း။ (အကြွင်း ရှေ့သုတ်မှီး၍ ပေး။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဒုတိယဒေဝပဒသုတ်

၁၀၃၁။ (ဤသုတ်၌ ဗုဒ္ဓေ ဘဂဝါတိ အထိ ပေးပြီ။) သော၊ ထိုအရိယသာဝကသည်။ "ဒေဝါနံ၊ ဖလဋ္ဌပုဂ္ဂိုလ်တည်းဟူသော ဝိသုဒ္ဓိနတ်တို့၏။ ဒေဝပဒံ၊ ထိုနတ်တို့မဂ်ဉာဏ်ဖြင့် နင်းရာ ခြေရာသည်။ ဝါ၊ ဘုရားတည်းဟူသော ဝိသုဒ္ဓိနတ်၏ ပဋိဝေဓဉာဏ် ဒေသနာဉာဏ်ဖြင့် နင်းတော်မူရာ ခြေရာသည်။ ကိံ နု ခေါတိ၊ အဘယ်နည်း" ဟူ၍။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ သော၊ ထိုအရိယသာဝကသည်။ "အဟံ၊ ငါသည်။ ဧတရဟိ၊ ယခုအခါ၌။ အဗျာပဇ္ဈပရမေ ခေါ၊ မနှိပ်စက်ခြင်း အပိုင်းအခြား ရှိကုန်သော။ (မနှိပ်စက်သည်သာ ဖြင့်ကုန်သော ဟူလို။) ဒေဝေ၊ နတ်တို့ကို။ (ဖလဋ္ဌပုဂ္ဂိုလ်များတည်း။) သုဏာမိ၊ ကြားရ၏။ အဟံ၊ ငါသည်။ တသံ ဝါ၊ ထိတ်လန့်တတ်သည်လည်းဖြစ်သော။ ထာဝရံ ဝါ၊ မထိတ်မလန့် မြဲခိုင်ခံ့သည်လည်းဖြစ်သော။ ကိဉ္စိ၊ တစ်ဦး တယောက်သောသူကိုမျှ။န စ ခေါ ပန ဗျာဗာဓေမိ၊ မနှိပ်စက်။ အဟံ၊ ငါသည်။ အဒ္ဓါ၊ မချွတ်ကေန်။ ဒေဝပဒဓမ္မသမန္နာဂတော၊ နတ်ခြေရာ (ဝိသုဒ္ဓိနတ်တို့၏ ဉာဏ်ခြေဖြင့် နင်းရာခြေရာ) တရားနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရာမိတိ၊ နေ၏" ဟူ၍။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ဣဒံ၊ ကား။

ပဋ္ဌမံ၊ သော။ အဝိသုဒ္ဓါနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။ ဝိသုဒ္ဓိယာ၊ ငှါ။ အပရိယောဒါတာနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။ ပရိယောဒပနာယ၊ ငှါ။ ဒေဝါနံ၊ တို့၏။ ဒေဝပဒံ၊ နတ်ခြေရာတည်း။

(အကြွင်းဝါကျများလည်း နည်းမှီး၍ ပေးနိုင်လောက်ပြီ။)

ပဌမံ၊ ငါးခုမြောက်သောသုတ်တည်း။

### ၆-ဒေဝသဘာဂသုတ်

၁၀၃၂။ ဘိက္ခဝေ၊ တို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသောသူကို။ အတ္တမနာ၊ ပီတိသုခတို့သည် ယှဉ်အပ်သော စိတ်ရှိကုန်သော။ (ဝမ်းမြောက်ကုန်သော ဟူလို။) ဒေဝါ၊ အရိယာနတ်တို့သည်။ သဘာဂတံ၊ မိမိတို့နှင့် သဘောတူကုန်သည်၏ အဖြစ်ကို။ ကထေန္တိ၊ ပြောဆိုကုန်၏။ (ကတမေဟိ စတူဟိ မှစ၍ ဗုဒ္ဓေ ဘဂဝါတိ အထိ ပေးမြဲ။) ယာ တာ ဒေဝတာ၊ အကြင်နတ်တို့သည်။ ဗုဒ္ဓေ၊ ဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သည်၏အဖြစ်ကြောင့်။ ဣတော၊ ဤလူ့ပြည်မှ။ စုတာ၊ စုတေကုန်သည်ဖြစ်၍။ တတြ၊ ထိုနတ်ပြည်၌။ ဥပပန္နာ၊ ကပ်ရောက်ကြကုန်၏။ တာသံ၊ ထိုနတ်တို့၏။ "မယံ၊ ငါတို့သည်။ ယထာရူပေန ခေါ၊ အကြင်သို့သဘောရှိသော။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန၊ ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သည်၏အဖြစ်ကြောင့်။ တတော၊ ထိုလူ့ပြည်မှ။ စုတာ၊ စုတေကုန်သည်ဖြစ်၍။ ဣဓ၊ ဤနတ်ပြည်၌။ ဥပပန္နာ၊ ကပ်ရောက်ကြရကုန်၏။ အရိယသာဝကောပိ၊ သည်လည်း။ တထာရူပေန၊ သော။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ ဒေဝါနံ၊ နတ်တို့၏။ သန္တိကေ၊ အထံသို့။ ဧဟီတိ၊ ရောက်လတ္တံ့"ဟူသော။ ဧဝံ၊ ဤအကြံသည်။ ဟောတိ၊ ၏။

(ကြွင်းဝါကျများကို ပေးမြဲပေး။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

### ၇-မဟာနာမသုတ်

၁၀၃၃။ ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သက္ကေသု၊ သက္ကတိုင်း၌။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်မြို့၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရတိ၊ နေတော်မူ၏။ အထ ခေါ၊ ၌။ မဟာနာမော၊ မဟာနာမ်မည်သော။ သက္ကော၊ သာကီဝင်သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ထိုင်နေပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ မဟာနာမော၊ သော။ သက္ကော၊ သည်။ ဘဂဝန္တံ၊ ကို—

ဘန္တေ၊ မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ ဟောတိ နု ခေါတိ၊ ဖြစ်ပါသနည်းဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။

မဟာနာမ၊ မဟာနာမ်။ ယတော ခေါ၊ အကြင်မျှလောက်သော အတိုင်းအရှည်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊ ၏။ ဓမ္မံ၊

တရားကို။ သံရတ်၊ ဟူ၍။ ဂတော၊ သည်။ ဟောတိ၊ ၏။ သံဃံ၊ သံဃာကို။ သရဏံ၊ ဟူ၍။ ဂတော၊ သည်။ ဟောတိ၊ ၏။ မဟာနာမ၊ နာမ်။ တွော၀တာ ခေါ၊ ဤမျှလောက်သော အတိုင်းအရှည်ဖြင့်။ ဥပါသကော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘန္တေ၊ ရား။ ကိတ္တာ၀တာ ပန၊ ဖြင့်။ ဥပါသကော၊ သည်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့မေးလျှောက်၏။ မဟာနာမ၊ နာမ်။ ယတော ခေါ၊ ဖြင့်။ ဥပါသကော၊ သည်။ ပါဏာတိပါတာ၊ သူ့ အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ကာမေသုမိစ္ဆာစာရာ၊ ဝတ္ထုကာမတို့၌ ယုတ်မာစွာကျင့်ခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ပဋိဝိရတော၊သည်။ ဟောတိ၊ ၏။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကိုသောက်ခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ မဟာနာမ၊ နာမ်။ တွော၀တာ ခေါ၊ ဖြင့်။ ဥပါသကော၊ သည်။ သီလသမ္ပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။

ဘန္တေ၊ ရား။ ကိတ္တာ၀တာ ပန၊ ဖြင့်။ ဥပါသကော၊ သည်။ သဒ္ဓါသမ္ပန္နော၊ သဒ္ဓါနှင့်ပြည့်စုံသည်။ ဟောတိ၊ နည်း။ ဣတိ၊ ၏။ မဟာနာမ၊ နာမ်။ ဣဓ၊ ဤသာသနာ၌။ သဒ္ဓေါ၊ ယုံကြည်မှုရှိသည်။ ဟောတိ၊ ၏။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဗောဓိံ၊ စတုမဂ္ဂဉာဏ် သဗ္ဗညုတဉာဏ်ကို။ "ဣတိပိ။ပ။ ဘဂဝါတိ၊ ဘဂဝါ" ဟူ၍။ သဒ္ဒဟတိ၊ ယုံကြည်၏။ မဟာနာမ၊ နာမ်။ တွော၀တာ ခေါ၊ ဖြင့်။ ဥပါသကော၊ သည်။ သဒ္ဓါသမ္ပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။

ဘန္တေ၊ ရား။ ကိတ္တာ၀တာ ပန၊ ဖြင့်။ ဥပါသကော၊ သည်။ စာဂသမ္ပန္နော၊ စွန့်ကြဲခြင်းနှင့်ပြည့်စုံသည်။ ဟောတိ၊ နည်း။ ဣတိ၊ ၏။ မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤသာသနာ၌။ ဥပါသကော၊ သည်။ ဝိဂတမလမစ္ဆေရေန၊ ကင်းသော ဝန်တိုခြင်း မစ္ဆေရ အညစ်အကြေးရှိသော။ စေတသာ၊ စိတ်ဖြင့်။ မုတ္တစာဂေါ၊ (မငဲ့မကွက်) လွတ်လွတ်စွန့်ကြဲခြင်းရှိသည်ဖြစ်၍။ ပယတပါဏိ၊ (အလှူဝတ္ထုကို လှူအံ့သောငှါ အခါခပ်သိမ်း) ဆေးကြောအပ်ပြီးသော လက်ရှိသည်ဖြစ်၍။ ဝေါဿဂ္ဂရတော၊ စွန့်လွှတ်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ယာစယောဂေါ၊ သူတပါးတို့ တောင်းခြင်းငှါ လျောက်ပတ်သည်ဖြစ်၍။ ဒါနသံဝိဘာဂရတော၊ ပေးကမ်းခြင်း, ဝေဘန်ခြင်း၌ မွေ့လျော်သည်။ ဟောတိ၊ ၏။ မဟာနာမ၊ နာမ်။ တွော၀တာ ခေါ၊ ဖြင့်။ ဥပါသကော၊ သည်။ စာဂသမ္ပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။

ဘန္တေ၊ ရား။ ကိတ္တာ၀တာ ပန၊ ဖြင့်။ ဥပါသကော၊ သည်။ ပညာသမ္ပန္နော၊ သည်။ ဟောတိ၊ နည်း။ ဣတိ၊ ၏။ မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ၌။ ဥပါသကော၊ သည်။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ်အပျက်ကို ထိုးထွင်း၍ သိနိုင်သော။ အရိယာယ၊ စင်ကြယ်သန့်ရှင်းသော။ နိဗ္ဗေဓိကာယ၊ ကိလေသာအစိုင်အခဲကို ဖောက်ခွဲနိုင်သော။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ပညာယ၊ ဝိပဿနာပညာ, မဂ်ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ၏။ မဟာနာမ၊ နာမ်။ တွော၀တာ ခေါ၊ ဖြင့်။ ဥပါသကော၊ သည်။ ပညာသမ္ပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဝဿသုတ်

၁၀၃၄၊ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာသော်ကား။ ဥပရိပဗ္ဗတေ၊ တောင်ထိပ်၌။ ထုလ္လဖုသိတကေ၊ ကြီးသောမိုးပေါက်ရှိသော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ တံ ဥဒကံ၊ ထိုမိုးရေသည်။ ယထာ နိန္နံ၊ နိမ့်ရာ ချိုင့်ရှိရာအရပ်၌။ ပဝတ္တမာနံ၊ စီးသည်ရှိသော်။ ပဗ္ဗတကန္ဒရပဒရသာခါ၊ တောင် ချောက်ကြား ချောက်ကြီး သစ်ခက်တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ပဗ္ဗတကန္ဒရပဒရသာခါ၊ တောင် ချောက်ကြား ချောက်ကြီး သစ်ခက်တို့သည်။ ပရိပူရာ၊ ပြည့်ကုန်သည်ရှိသော်။ ကုသောဗ္ဘေ၊ ထုံးအိုင်ငယ်တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ ကုသောဗ္ဘာ၊ တို့သည်။ ပရိပူရာ၊ သော်။ မဟာသောဗ္ဘေ၊ ထုံးအိုင်ကြီးတို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ မဟာသောဗ္ဘာ၊ တို့သည်။ ပရိပူရာ၊ သော်။ ကုန္နဒိယော၊ မြစ်ငယ်တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ ကုန္နဒိယော၊ တို့သည်။ ပရိပူရာ၊ သော်။ မဟာနဒိယော၊ မြစ်ကြီးတို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ မဟာနဒိယော၊ တို့သည်။ ပရိပူရာ၊ သော်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အရိယသာဝကဿ၊ အရိယာဖြစ်သော တပည့်၏။ ဗုဒ္ဓေ၊ ဘုရား၌။ ယော စ အဝေစ္စပ္ပသာဒေါ၊ အကြောင်းသက်ဝင်၍ ကြည်ညိုခြင်းသည်ရှိ၏။ ဓမ္မေ၊ တရား၌။ ယော စ အဝေစ္စပ္ပသာဒေါ၊ သည်ရှိ၏။ သံဃေ၊ သံဃာ၌။ ယော စ အဝေစ္စပ္ပသာဒေါ၊ သည်ရှိ၏။ အရိယကန္တာနိ၊ အရိယာပုဂ္ဂိုလ်တို့သည် နှစ်သက်အပ်ကုန်သော။ ယာနိ စ သီလာနိ၊ အကြင် မင်္ဂဖိုလ်နှင့်ယှဉ်သည့် သီလတို့သည်ရှိ၏။ (အတ္ထိ၊ ရှိကုန်၏။) ဣမေ ဓမ္မာ၊ ဤ ၄-ပါးကုန်သော တရားတို့သည်။ သန္ဒမာနာ၊ စီးကုန်သည်ရှိသော်။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့။ ဂန္တွာ၊ ရောက်လျှက်။ အာသဝါနံ ခယာယ၊ အာသဝတို့၏ ကုန်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏[၁]။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ကာဠိဂေါဓသုတ်

၁၀၃၅။ ဧကံ သမယံ၊ တပါးသော အခါ၌။ ဘဂဝါ၊ သည်။ သက္ကေသု၊ သက္ကတိုင်း၌။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်မြို့၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ။ ၍။ ယေန၊ ၌။ ကာဠိဂေါဓာယ၊ သော။ သာကိယာနိယာ၊ ၏။ နိဝေသနံ၊ အိမ်သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်နေတော်မူ၏။ အထခေါ၊ ၌။ ကာဠိဂေါဓာ၊ သော။ သာကိယာနီ၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။

---

၁။ နိဗ္ဗာန်သို့ရောက်ဆဲသာလျှင်ဖြစ်၍ အာသဝတို့၏ ကုန်ခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ အာသဝက္ခယဉာဏ် အလို့ငှါ ဖြစ်ကုန်၏ ဟူလို။ နိဗ္ဗာန်သို့ ရှေးဦးစွာ ရောက်၍ နောက်မှ အာသဝတရားတို့ ကုန်ခြင်းငှါ ဖြစ်ကုန်သည် မဟုတ်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းကိစ္စ အာသဝတို့ကို ပယ်ခြင်းကိစ္စ ပြိုင်တူဖြစ်ကြ၏။ ဋ္ဌ.ဋီ၃။

အထ ဝါ ပါတိ ရက္ခတီတိ ပါရံ၊ နိဗ္ဗာနံ။ ယော ပဋိပဇ္ဇတိ၊ တံ ဝဋ္ဋဒုက္ခတော ပါတိ ရက္ခတိ၊ အစ္စန္တံ ဟိတေန စ ဝိမုတ္တိသုခေန စ ရမေတိ၊ တသ္မာ ပါရန္တိ ဝုစ္စတိ—ဟု ရှိ၍ ပါရသဒ္ဒါကို စောင့်ရှောက်တတ်သော နိဗ္ဗာန်ဟော တမျိုးကြံ၏။ ထိုအလို ပါရံ၊ ဝဋ်ဆင်းရဲမှ စောင့်ရှောက်တတ်သော နိဗ္ဗာန်သို့-ဟု သမွန်။

အဘိဝါဒေတွာ၊ ရှိ။ ကေမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ ကေမန္တံ၊ ၌။ နိသိန္နံ ခေါ၊ ထိုင်နေသော။ ကာဠိဂေါဓံ၊ ကာဠိဂေါဓာအမည်ရှိသော။ သာကိယာနိံ၊ သာကီဝင်မကို။ ဘဂဝါ၊ သည်။ ဧတဒဝေါစ၊ ပြီ။ (ငြိမ်းအာကာရဝါကျနက်ကို စာပိုဒ် ၁၀၂၈-မှီး၍ လိုင်ပြင် သမှန်။)

ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ စတ္တာရိ၊ ၄-ပါးကုန်သော။ ယာနိ ဣမာနိ သောတာပတ္တိယင်္ဂါနိ၊ အကြင်သောတာပန်ပုဂ္ဂိုလ်ဟု သိကြောင်း အင်္ဂါတို့ကို။ ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်၏။ ဧတေ ဓမ္မာ၊ ထိုသောတာပတ္တိအင်္ဂါတရားတို့သည်။ မယိ၊ တပည့်တော်မ၌။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အဟဉ္စ၊ တပည့်တော်မကိုလည်း။ တေသု-ဓမ္မေသု၊ ထိုသောတာပတ္တိအင်္ဂါတရားတို့၌။ သန္ဒိဿာမိ၊ တွေ့မြင်အပ်၏။ ဘန္တေ၊ ရှား။ အဟံ ဟိ၊ တပည့်တော်မသည်။ “ဣတိပိ။ပ။ ဘဂဝါတိ၊ ဘဂဝါ”ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတာ၊ ပြည့်စုံ၏။ပ။ ဓမ္မေ၊ ၌ ။ပ။ သံဃေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတာ၊ ၏။ (ငြိမ်းဝါကျများသည် စာပိုဒ် ၉၉၉-၌ လာ၏။) ကုလေ၊ အိမ်၌။ ယံ ခေါ ပန ကိဉ္စိ၊ တစုံတခုသော။ ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုသည်။ (အတ္ထိ၊ ၏။) သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုလှူဘွယ်ဝတ္ထုကို။ သီလဝန္တေဟိ၊ သီလရှိကုန်သော။ ကလျာဏဓမ္မေဟိ၊ ကောင်းသော သဘောရှိကုန်သော ပုဂ္ဂိုလ်တို့နှင့်။ အပ္ပဋိဝိဘတ္တံ၊ မခွဲခြမ်းအပ်။ (ပစ္စည်းအကောင်းအဆိုး မခွဲ ညီတူညီမျှ သုံးဆောင်အပ်၏ ဟူလို။ ငြိမ်းဝါကျလည်း စာပိုဒ် ၁၀၁၂-နှာ ၃၆၂-၌လည်း လာ၏။) ဣတိ၊ ဤသို့လျှောက်၏။ ဂေါဓေ၊ ကာဠိဂေါဓာ။ တေ၊ သင်၏။ လာဘာ၊ လာဘ်တို့တည်း။ ဂေါဓေ၊ ကာဠိဂေါဓာ။ တေ၊ ၏။ သုလဒ္ဓံ၊ ကောင်းစွာရအပ်သော လာဘ်ပေတည်း။ ဂေါဓေ၊ ကာဠိဂေါဓာ။ တယာ၊ သင်သည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဗျာကတံ၊ ပြောကြားအပ်ပြီ။ (ငြိမ်းဝါကျလည်း စာပိုဒ် ၁၀၂၃-အဆုံး၌လည်း လာ၏။) ဣတိ၊ ဤသို့ မိန့်တော်မူ၏။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-နန္ဒိယသက္ကသုတ်

၁၀၃၆။ ကော သမယံ၊ ၌။ပ။ နန္ဒိယော၊ နန္ဒိယမည်သော။ သက္ကော၊ သာကီဝင်သည်။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ မြတ်စွာဘုရား။ ယဿော အရိယသာဝကဿ၊ အကြင် ဘုရားရှင့် တပည့်၏ သန္တာန်၌ သာလျှင်။ စတ္တာရိ၊ လေးပါးကုန်သော။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ပုဂ္ဂိုလ်ဟု သိကြောင်း အင်္ဂါတို့သည်။ သဗ္ဗေန သဗ္ဗံ၊ အလုံးစုံ။ သဗ္ဗထာ သဗ္ဗံ၊ အစိတ်စိတ်။ နတ္ထိ၊ မရှိကုန်။ ဘန္တေ၊ ရှား။ သော ဝ အရိယသာဝကော၊ ထိုဘုရားရှင့် တပည့်သည်သာလျှင်။ ပမာဒဝိဟာရီ နု ခေါ ဟောတိ၊ မေ့မေ့လျော့လျော့ နေလေ့ရှိသူ ဖြစ်ပါသလော”ဟူသော။ (နု ခေါ တပုဒ် အနတ္ထ၊)• တော၊ ကို။ အဝေါစ၊ ပြီ။

နန္ဒိယ၊ နန္ဒိယ။ ယဿ ခေါ၊ အကြင်သူ၏(သန္တာန်၌။) စတ္တာရိ၊ ကုန်သော။ သောတာပတ္တိယင်္ဂါနိ၊ တို့သည်။ သဗ္ဗေန သဗ္ဗံ၊ အလုံးစုံ။ သဗ္ဗထာ သဗ္ဗံ၊ အစိတ်စိတ်။ နတ္ထိ၊ မရှိကုန်။ တံ၊ ထိုသူကို။ ဗာဟိရော၊ သာသနာမှအပဖြစ်သော။ ပုထုဇ္ဇနပက္ခေ၊ ပုထုဇဉ်အစု၌။ ဌိတော ဟောတိ၊ တည်သောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ နန္ဒိယ၊ နန္ဒိယ၊ အပိ စ။ စင်စစ်သော်ကား။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ အရိယသာဝကော၊ ငါဘုရား၏

တပည့်သည်။ ပမာဒဝိဟာရီ ဧဝ၊ မေ့မေ့လျော့လျော့ နေလေ့ရှိသည်လည်း။ ဟောတိ၊ ၏။ အပ္ပမာဒဝိဟာရီ စ၊ မမေ့မလျော့ နေလေ့ရှိသည်လည်း။ ဟောတိ၊ ၏။ တံ၊ ထိုအခြင်းအရာကို။ သုဏာဟိ၊ နာလော့။ သာဓုကံ၊ ကောင်းစွာ။ မနသိ ကရောဟိ၊ နှလုံးသွင်းလော့။ ဘာသိဿာမိ၊ ဟောတော်မူအံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ နန္ဒိယော၊ သော။ သက္ကော၊ သည်။ "ဧဝံ ဘန္တေတိ ခေါ၊ ကောင်းပါပြီအရှင်ဘုရား" ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏ (စကားတော်ကို။) ပစ္စဿောသိ၊ ရှေး႐ှုနာပြီ။ ဘဂဝါ၊ သည်——

နန္ဒိယ၊ နန္ဒိယ။ ကထဉ္စ၊ အဘယ်သို့လျှင်။ အရိယသာဝကော၊ သည်။ ပမာဒဝိဟာရီ၊ မေ့မေ့လျော့လျော့ နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်သနည်း။ နန္ဒိယ၊ ယ။ ဣဓ၊ ဤသာသနာ၌။ အရိယသာဝကော၊ သည်။ "ဣတိပိ ။ပ။ ဘဂဝါတိ၊ ဘဂဝါ" ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ သော၊ ထိုအရိယသာဝကသည်။ တေန ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန၊ ထိုဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲသည်ဖြစ်၍။ ဒိဝါ၊ နေ့အခါ၌။ ပဝိဝေကာယ၊ ဆိတ်ဆိတ်ငြိမ်ငြိမ် ချမ်းချမ်းသာသာ နေခြင်းအကျိုးငှါ။ (ပဝိဝေကသုခတ္ထာယ၊ ဋီ။) ရတ္တိံ[1]၊ ညဉ့်အခါ၌။ ပဋိသလ္လာနာယ၊ ကိန်းအောင်းတည်နေခြင်းအကျိုးငှါ[1]။ ဥတ္တရိ၊ အလွန်။ န ဝါယမတိ၊ အားမထုတ်။ ဧဝံ၊ ဤသို့။ ပမတ္တဿ၊ မေ့လျော့သည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုအရိယသာဝက၏။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ပါမောဇ္ဇေ၊ ဝမ်းမြောက်ခြင်းသည်။ အသတိ၊ မဖြစ်လတ်သော်။ ပီတိ၊ နှစ်သက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ပီတိယာ၊ နှစ်သက်ခြင်းသည်။ အသတိ၊ သော်။ ပဿဒ္ဓိ၊ ငြိမ်းအေးခြင်းသည်။ န ဟောတိ၊ မဖြစ်။ ပဿဒ္ဓိယာ၊ ငြိမ်းအေးခြင်းသည်။ အသတိ၊ သော်။ ဒုက္ခံ၊ ဆင်းရဲစွာ။ ဝိဟရတိ၊ နေရ၏။ ဒုက္ခိနော၊ ဆင်းရဲခြင်းရှိသောသူ၏။ စိတ္တံ၊ စိတ်သည်။ န သမာဓိယတိ၊ မတည်ကြည်။ စိတ္တေ၊ စိတ်သည်။ အသမာဟိတေ၊ မတည်ကြည်သည်ရှိသော်။ ဓမ္မာ၊ သမထဝိပဿနာ တရားတို့သည်။ န ပါတုဘဝန္တိ၊ ထင်ရှားမဖြစ်ပေါ်ကုန်။ ဓမ္မာနံ၊ သမထဝိပဿနာတရားတို့၏။ အပါတုဘာဝါ၊ ထင်ရှားမဖြစ်ပေါ်လာခြင်းကြောင့်။ ပမာဒဝိဟာရီ တွေဝ၊ မေ့မေ့လျော့လျော့ နေလေ့ရှိသူဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

(ဓမ္မေ, သံဃေ, သီလေဟိ တို့၌လည်း ဤနည်း သမွန်လေ။)

နန္ဒိယ၊ ယ။ ဧဝံ ခေါ၊ ဤသို့လျှင်။ အရိယသာဝကော၊ သည်။ ပမာဒဝိဟာရီ၊ မေ့မေ့လျော့လျော့နေလေ့ရှိသည်။ ဟောတိ၊ ၏။

နန္ဒိယ၊ ယ။ ကထဉ္စ၊ လျှင်။ အရိယသာဝကော၊ သည်။ အပ္ပမာဒဝိဟာရီ၊ မမေ့မလျော့ နေလေ့ရှိသည်။ ဟောတိ၊ နည်း။ နန္ဒိယ၊ ယ။ ဣဓ၊ ၌။ ပ။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ သော၊ ထိုအရိယသာဝကသည်။ တေန ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန၊ ဖြင့်။ အသန္တုဋ္ဌော၊ မရောင့်ရဲသည်ဖြစ်၍။ ဒိဝါ၊ ၌။ ပဝိဝေကာယ၊ ငှါ။ ရတ္တိံ၊ ၌။ ပဋိသလ္လာနာယ၊ ငှါ။ ဥတ္တရိ၊ အလွန်။ ဝါယမတိ၊ ၏။ ဧဝံ၊ ဤသို့။ အပ္ပမတ္တဿ၊ မမေ့လျော့သည်ဖြစ်၍။ ဝိဟရတော၊ သော။ တဿ၊ ထိုအရိယသာဝက၏။ ပါမောဇ္ဇံ၊ သည်။ ဇာယတိ၊ ဖြစ်၏။ ပမုဒိတဿ၊ ဝမ်းမြောက်သောသူ၏။

---

၁။ ပဟိတ္တဲ့ နာနာရမ္မဏတော စိတ္တံ ပဋိနိဝတ္တေတွာ ကမ္မဋ္ဌာနေ သမ္မဒေဝ လီနတ္ထာယ။ ဋီ။ ဗဟိဒ္ဓအာ အမျိုးမျိုးမှ စိတ်ကို တားမြစ်၍ ကမ္မဋ္ဌာန်း၌ ကောင်းစွာသာလျှင် ခိုဝင်နေခြင်းအကျိုးငှါ ဟူလို။

ပီတိ၊ သည်။ ဇာယတိ၊ ၏။ ပီတိမနဿ၊ နှစ်သက်သောစိတ်ရှိသောသူ၏။ ကာယော၊ ကိုယ်သည်။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ ပဿဒ္ဓကာယော၊ ငြိမ်းအေးသော ကိုယ်ရှိသောသူသည်။ သုခံ၊ ချမ်းသာကို။ ဝေဒိယတိ၊ ခံစားရ၏။ သုခိနော၊ ချမ်းသာခြင်းရှိသောသူ၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ ၏။ စိတ္တေ၊ စိတ်သည်။ သမာဟိတေ၊ တည်ကြည်သည်ရှိသော်။ ဓမ္မာ၊ တို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ဓမ္မာနံ၊ တို့၏။ ပါတုဘာဝါ၊ ထင်ရှား ဖြစ်ခြင်းကြောင့်။ အပ္ပမာဒဝိဟာရီ တွေဝ၊ မမေ့မလျော့နေလေ့ရှိသူဟူ၍။ သင်္ချံ၊ သို့။ ဂစ္ဆတိ၊ ၏။

(ဓမ္မေ့, သံဃေ, သီလေဟိ တို့၌လည်း ဤနည်း ပေးလေ။)

နန္ဒိယ၊ ယ။ ဧဝံ ခေါ၊ ဤသို့လျှင်။ အရိယသာဝကော၊ သည်။ အပ္ပမာဒဝိဟာရီ၊ မမေ့မလျော့ နေလေ့ရှိသည်။ ဟောတိတိ၊ ဖြစ်၏ဟူသော။ တော်၊ ကို။ အဝေါစ၊ မိန့်တော်မူပြီ။ (သုတ်အစ တေဒဝေါစ၌ စပ်။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

စတုတ္ထော၊ ၄-ဝဂ်မြောက် ဖြစ်သော။ ပုညာဘိသန္ဒဝဂ္ဂေါ၊ တည်း။

တဿ၊ ထိုပုညာဘိသန္ဒဝဂ်၏။ ဥဒ္ဒါနံ၊ ကား—

ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ တယော၊ ၃-သုတ်ကုန်သော။ အဘိသန္ဒာ၊ ပဌမ ပုညာဘိသန္ဒသုတ်, ဒုတိယ ပုညာဘိသန္ဒသုတ်, တတိယ ပုညာဘိသန္ဒသုတ်တို့ငှါး။ ဒုဝေ၊ ၂-သုတ်ကုန်သော။ ဒေဝပဒါနိ စ၊ ပဌမဒေဝပဒသုတ်, ဒုတိယဒေဝပဒသုတ်တို့ငှါး။ သဘာဂတံ၊ ဒေဝသဘာဂသုတ်ငှါး။ မဟာနာမော၊ မဟာနာမသုတ်ငှါး။ ဝဿံ၊ ဝဿသုတ်ငှါး။ ကာဠိ စ၊ ကာဠိဂေါဓသုတ်ငှါး။ နန္ဒိယော၊ နန္ဒိယသုတ်ငှါးတည်း။ ဣတိ၊ ဤသည်တည်း။

### ၅-သဂါထကပုညာဘိသန္ဒဝဂ်

### ၁-ပဌမအဘိသန္ဒသုတ်

၁၀၃၇။ (စတ္တာရောမေ မှစ၍ ဣမေ ခေါ။ ပ။ သုခဿာဟာရာအထိ စာပိုဒ် ၁၀၂၇-ပဌမ ပုညာဘိသန္ဒသုတ်အတိုင်း ပေး။) ဘိက္ခဝေ၊ တို့။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣမေဟိ ခေါ ပုညာဘိသန္ဒေဟိ၊ ဤကောင်းမှုတည်းဟူသော စီးနေသည့် မြစ်တို့နှင့်။ ဣမေဟိ ခေါ ကုသလာဘိသန္ဒေဟိ၊ ဤကုသိုလ်တည်းဟူသော စီးနေသည့် မြစ်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ အရိယသာဝကဿ၊ ၏။ ပုညဿ၊ ကောင်းမှု၏။ ပမာဏံ၊ အတိုင်း အရှည် အရေအတွက်ကို။ "ဧတ္တကော၊ ဤမျှ အတိုင်းအရှည်ရှိသော။ သုခဿ၊ ချမ်းသာခြင်း၏။ အာဟာရော၊ အကြောင်းဖြစ်သော။ ပုညာဘိသန္ဒော၊ ကောင်းမှု တည်းဟူသော စီးနေသည့် မြစ်တည်း။ ကုသလာဘိသန္ဒောတိ၊ ကုသိုလ်တည်းဟူသော စီးနေသည့်မြစ်တည်း"ဟူ၍။ ဂဏေတုံ၊ ရေတွက်ခြင်းငှါ။ န သုကရံ၊ မလွယ်။ အထ ခေါ၊ စင်စစ်သော်ကား။ အသင်္ချေယျော၊ မရေတွက်နိုင်သော။ အပ္ပမေယျော၊ မတိုင်းတာနိုင်သော။ ဝါ၊ အတိုင်းအရှည် မရှိသော။ မဟာပုညက္ခန္ဓော တွေဝ၊ ကြီးစွာသော ကောင်းမှု အစုအပုံဟူ၍။ သင်္ချံ၊ သို့။ ဂစ္ဆတိ၊ ရောက်၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာသော်ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ဥဒကဿ၊ ရေ၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ "ဧတ္တကာနိ၊ ဤမျှ အတိုင်းအရှည် ရှိကုန်သော။ ဥဒကာဠှကာ- နီတိ ဝါ၊ တပြည်သော ရေတို့" ဟူ၍ သော်၎င်း။ "ဧတ္တကာနိ၊ ကုန်သော။ ဥဒကာဠှကသတာနီတိ ဝါ၊ ပြည်တရာသော ရေတို့" ဟူ၍ သော်၎င်း။ "ဧတ္တကာနိ၊ ကုန်သော။ ဥဒကာဠှကသဟဿာ- နီတိ ဝါ၊ ပြည်တထောင်သော ရေတို့" ဟူ၍ သော်၎င်း။ "ဧတ္တကာနိ၊ ကုန်သော။ ဥဒကာဠှက- သတသဟဿာနီတိ ဝါ၊ ပြည်တသိန်းသော ရေတို့" ဟူ၍ သော်၎င်း။ ဣတိ၊ ဤသို့။ ဂဏေတုံ၊ ရေတွက်ခြင်းငှါ။ န သုကရံ၊ မလွယ်။ အထ ခေါ၊ စင်စစ်သော်ကား။ အသင်္ချေယျော[၁] မရေ တွက်နိုင်သော ။ အပ္ပမေယျော၊ မတိုင်းတာနိုင်သော။ ဝါ၊ အတိုင်းအရှည်မရှိသော။ မဟာ- ဥဒကက္ခန္ဓောတွေဝ၊ ကြီးစွာသော ရေအစုဟူ၍သာလျှင်။ သင်္ချံ၊ သို့။ ဂစ္ဆတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ ဤအတူသာလျှင်။ ပ။ ဂစ္ဆတိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ သုဂတော၊ မြတ်စွာ ဘုရားသည်။ ဣဒံ၊ ကို။-ဝတ္វာန၊ မိန့်တော်မူပြီး၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အထာပရံ၊ ထိုမှ တပါးသော—

အပရိမိတံ၊ မတိုင်းတာနိုင်သော။ ဝါ၊ အတိုင်းအရှည်မရှိသော။ မဟာသရံ၊ အိုင်ကြီးဟု ခေါ်အပ်သော။ ဗဟုဘေရဝံ၊ သက်ရှိ သက်မဲ့ များသောကြောက်ဘွယ်ရှိသော။ (ငါး- မကာရ်း စသော သက်ရှိ အန္တရာယ်,ဗလဝါမုခဲ စသော သက်မဲ့ အန္တရာယ် ပေါ်သော ဟူလို။) ရတနဂဏာနံ၊ ရတနာအပေါင်းတို့၏။ အာလယံ၊ တည်ရာဌာနဖြစ်သော။ မဟော- ဒဓိံ၊ များသော ရေအစုကို ဆောင်ထားသော။ သာဂရံ၊ မဟာသမုဒ္ဒရာသို့။ နရဂဏသံဃ- သေဝိတာ၊ လူအပေါင်းတို့သည် မှီဝဲ သုံးဆောင်အပ်ကုန်သော။ ပုထူ၊ များစွာကုန်သော။ နဒ္ဒော၊ မြစ်တို့သည်။ သဝန္တိ၊ စီးကုန်လျက်။ ဥပယန္တိ ယထာ၊ ကပ်ရောက်ရကုန်သကဲ့သို့။

ဝါရိဝဟာ၊ ရေကို ဆောင်ထားကုန်သော။ (ဣဝ=အနက်မဲ့။) နဒ္ဒော၊ မြစ်တို့သည်။ သာဂရံ၊ မဟာသမုဒ္ဒရာသို့။ ဥပယန္တိ ယထာ၊ ကပ်ရောက်ရကုန်သကဲ့သို့။ (ဤကဲ့သို့ ပါဠိ တော် ဂါထာတို့ဝယ် ဥပမာ ဥပမေယျပြုရာ၌ အချို့နေရာမှာ ဥပမာကို ၂-ခါထပ်ရိုးထုံးစံ ရှိသည်။) ဧဝံ၊ ဤအတူ။ အန္နပါနဝတ္ထဒံ၊ ထမင်း, အဖျော်, အဝတ်တို့ကို ပေးတတ်သော။ သေယျာနိ၊ အိပ်ရာအခင်းတို့ကို၎င်း။ ပစ္စတ္ထရဏဿ၊ ထိုင်ရာ အခင်းကို၎င်း။ ဒါယကံ၊ ပေး တတ်သော။ (ဏျ ပစ္စည်း၏ကံကို ဒုတိယာ, ဆဋ္ဌီ ၂-မျိုး သုံးထားသည်။) ပဏ္ဍိတံ၊ ပညာ

---

၁။ အသင်္ချေယျောတိ အာဠှကဂဏနာဝသေန အသင်္ချေယျော၊ ယောဇနဝသေန ပနဿ သင်္ချာ အတ္ထိ ။ ဋီ။

သင်္ချာ အတ္ထိ ဟေဋ္ဌာ မဟာပထဝိယာ, ဥပရိ အာကာသေန, ပရိတော စက္ကဝါဠပဗ္ဗတေန, မဇ္ဈေ တတ္ထ တတ္ထ ဌိတေဟိ ဒီပပဗ္ဗတပရိယန္တေဟိ ပရိစ္ဆိန္နတ္တာ။ ဇာနန္တေန ယောဇနတော သင်္ခါတုံ သက္ကာတိ အဓိပ္ပါယော။ ဋီ ။

မဟာသမုဒ္ဒရာ၌ အတိမ်ဆုံး အကျဉ်းဆုံးနေရာမှာ တယူဇနာမျှနက်၍ တယူဇနာမျှ ကျယ်သည်။ ဒီ-ဋ္ဌ ၂-၁၃၂၊ ဥဒါန်-ဋ္ဌ-၁၈၂။

မြင်းမိုရ်တောင်သည် မဟာသမုဒ္ဒရာ၌ ယူဇနာပေါင်း ရှစ်သောင်း လေးထောင် မြှုပ်နေသည်ဟု (အဘိ-ဋ္ဌ ၁- ၃၃၆။) ဆိုသဖြင့် အနက်အားဖြင့် မဟာသမုဒ္ဒရာသည် ယူဇနာပေါင်း ရှစ်သောင်း လေးထောင်နက်သည်ဟု ဆိုသင့်၏။

ရှိသော။ နရံ၊ အသုံ့၊ ရှင်ပုဂ္ဂိုလ်သို့။ ပုညာ၊ ကောင်းမှု အထူးတို့သည်။ ဥပယန္တိ၊ ကပ်ရောက်ကုန်၏" ဟူသော။ တော်၊ ကို။ အဝေါစ၊ ပြီ။

ပဉ္စမံ၊ ရှေးဦးစွာသောသုတ်တည်း။

၂-ဒုတိယ အဘိသန္ဒသုတ်

၁၀၃၇။ (ဤသုတ်၌ ဥပမာသာ ထူး၏။)

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ယတ္ထ၊ အကြင်ရေနှောပေါင်းဆုံရာ မဟာသမုဒ္ဒရာ၌။ ဣမာ မဟာနဒီယော၊ ဤမြစ်ကြီးတို့သည်။ သံသန္ဒန္တိ၊ ရောနှောကုန်၏။ သမေန္တိ၊ ပေါင်းဆုံကုန်၏။ ဣဒံ၊ ဤမြစ်တို့သည်။ သေယျထာ၊ အဘယ်တို့နည်း။ ဂင်္ဂါ၊ ဂင်္ဂါမြစ်ငှင်း။ ယမုနာ၊ ယမုနာမြစ်ငှင်း။ အစိရဝတီ၊ အစိရဝတီမြစ်ငှင်း။ သရဘူ၊ သရဘူမြစ်ငှင်း။ မဟီ၊ မဟီမြစ်ငှင်းတည်း။ တတ္ထ၊ ထိုရေနှောပေါင်းဆုံရာ မဟာသမုဒ္ဒရာ၌။ ဥဒကဿ၊ ၏။ ပမာဏံ၊ ကို။ ပ။ ဂဏေတုံ၊ ငှါ။ န သုကရံ၊ မလွယ်။ အထ ခေါ၊ ကား။ ပ။ ဂစ္ဆတိ၊ ရောက်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ပ။ ဂစ္ဆတိ၊ ၏။ ဣတိ၊ ၏။ (ဤမျှသာ ထူး၏။ အကြွင်းပဉ္စမသုတ်နှင့် တူ၏။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

၃-တတိယ အဘိသန္ဒသုတ်

၁၀၃၈။ (ဤသုတ်၌လည်း ဂါထာမျှသာ ထူး၏။ အကြွင်း ပဉ္စမသုတ်နှင့် တူ၏။)

ပုညကာမော၊ အထက်မဂ်ကုသိုလ်ကို အလိုရှိသော။ ကုသလေ၊ အောက်မဂ်ကုသိုလ်၌။ ပတိဋ္ဌိတော၊ တည်ပြီးသော။ ယော၊ အကြင် အရိယာပုဂ္ဂိုလ်သည်။ (ဋီ-ရှု။) အမတဿ၊ (အထက်မဂ်၏ အာရုံဖြစ်သော) အမြိုက်နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ မဂ္ဂံ၊ အထက်မဂ်ကို။ (ဌ-၌ ဥက္ကဋ္ဌနည်းအားဖြင့် အရဟတ္တမဂ်ကို ဖွင့်၏။) ဘာဝေတိ၊ ပွါး၏။ ဓမ္မသာရာဓိဂမော၊ ရအပ်ပြီးသော အရိယာ ဖိုလ်ဟူသော တရားမြတ်ရှိသော။ သော၊ ထိုအရိယာပုဂ္ဂိုလ်သည်။ ခယေ၊ ကိလေသာတို့၏ကုန်ရာနိဗ္ဗာန်၌။ ရတော၊ မွေ့လျော်သည် ဖြစ်၍။ မစ္စုရာဇဿ၊ သေမင်းသည်။ အာဂမနသ္မိံ၊ လာသည်ရှိသော်။ န ဝေဓတိ၊ မတုန်လှုပ် (မကြောက်) ဟူသော။ တော်၊ ကို။ အဝေါစ၊ ပြီ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

၄-ပဉ္စမ မဟာဓနသုတ်

၁၀၄၀။ ဘိက္ခဝေ၊ တို့။ စတူဟိ၊ ကုန်သော။ ဓမ္မေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သော။ အရိယသာဝကော၊ ကို။ အဍ္ဍောတိ၊ အရိယာဥစ္စာ ခုနစ်ပြာဟူသော ကြွယ်ဝသူဟူ၍။ မဟဒ္ဓနောတိ၊ အရိယာဥစ္စာ ခုနစ်ပြာဟူသော များသောဥစ္စာရှိသူဟူ၍။ မဟာဘောဂေါတိ၊ အရိယာဥစ္စာ ခုနစ်ပြာဟူသော များသော စည်းစိမ်ရှိသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးတို့နှင့်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ အရိယသာဝကော၊ သည်။ "ဣတိပိ သော ဘဂဝါ။ ပ။ ဘဂဝါတိ၊ ဘဂဝါ"ဟူ၍။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပ္ပသာဒေန၊ နှင့်။

ဘိက္ခဝေ၊ တို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိအပ်သော။ စက္ခု-ကရဏီ၊ သစ္စာ ၄-ပါးကိုမြင်သည့် ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာ ၄-ပါးကို သိသည့် မဂ်ဉာဏ်ကိုပြုတတ်သော။ မဇ္ဈိမာ၊ အစု ၂-ပါးတို့၏ အလယ်၌ဖြစ်သော။ ယာ ပဋိပဒါ၊ အကြင်(အရိယမဂ်)အကျင့်သည်။ ဥပသမာယ၊ ကိလေသာမီးငြိမ်းခြင်း၄ါ။ အဘိညာယ၊ သစ္စာ ၄-ပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း၄ါ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးကို ကောင်းစွာ သိခြင်း၄ါ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၄ါ။ သံဝတ္တတိ၊ ဖြစ်၏။ သာ ပဋိပဒါ၊ ထို (အရိယမဂ်)အကျင့်သည်။ ကတမာ စ၊ အဘယ်နည်း။ အရိယော၊ မြတ်စွာဘုရား၏ဥစ္စာဖြစ်သော။ ဝါ၊ အရိယာ၏အဖြစ်ကိုပြုတတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအစိတ်အပိုင်း အင်္ဂါရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်သာလျှင်တည်း။ (ဧဝ သဒ္ဒါဖြင့် ဤမဂ်မှတပါး နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းမရှိဟု ပြသည်။) ဣဒံ၊ ဤမဂ်သည်။ (မဂ်နှင့်မဂ်၏အင်္ဂါအတူပြု၍ ဆိုသည်။) ဤမဂ်၏ရှစ်ပါးသောအင်္ဂါသည်။ သေယျထာ၊ အဘယ်နည်း။ (ဤသေယျထာ ဣဒံကား နိပါတ် ပုဒ် လိန် ၃-ပါး, ဝိဘတ် ၇-သွယ် ဝုစ် ၂-ပါးနှင့် ဆိုင်သည်။) သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာသိမြင်တတ်သော ပညာဒုင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်ကန်စွာ ကြံစည်တတ်သော ဝိတက်ဒုင်း။ သမ္မာဝါစာ၊ မှန်ကန်စွာပြောဆိုကြောင်း သမ္မာဝါစာဝိရတီဒုင်း။ သမ္မာကမ္မန္တော၊ မှန်ကန်စွာပြုလုပ်ကြောင်း သမ္မာကမ္မန္တဝိရတီဒုင်း။ သမ္မာအာဇီဝေါ၊ မှန်ကန်စွာအသက်မွေးကြောင်း သမ္မာအာဇီဝဝိရတီဒုင်း။ သမ္မာဝါယာမော၊ မှန်ကန်စွာအားထုတ်တတ်သော ဝီရိယဒုင်း။ သမ္မာသတိ၊ မှန်ကန်စွာ ရှုမှတ် အောက်မေ့တတ်သော သတိဒုင်း။ သမ္မာသမာဓိ၊ မှန်ကန်စွာ စိတ်ကိုထားကြောင်း ဧကဂ္ဂတာ ဒုင်းတည်း။ ဘိက္ခဝေ၊ တို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိအပ်သော။ စက္ခုကရဏီ၊ သစ္စာ ၄-ပါးကိုမြင်သည့် ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာ ၄-ပါးကိုသိသည့် မဂ်ဉာဏ်ကိုပြုတတ်သော။ မဇ္ဈိမာ၊ အစု ၂-ပါးတို့၏ အလယ်၌ဖြစ်သော။ ယာ ပဋိပဒါ၊ အကြင်(အရိယမဂ်)အကျင့်သည်။ ဥပသမာယ၊ ကိလေသာမီးငြိမ်းခြင်း၄ါ။ အဘိညာယ၊ သစ္စာ ၄-ပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း၄ါ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးကို ကောင်းစွာသိခြင်း၄ါ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၄ါ။ သံဝတ္တတိ၊ ဖြစ်၏။ သာ ပဋိပဒါ၊ ထို(အရိယမဂ်)အကျင့်သည်။ အယံ ခေါ၊ ဤသည်သာတည်း။

ဘိက္ခဝေ၊ တို့။ ဣဒံ ခေါ ပန၊ ဤဆိုအပ်လတ္တံ့သော သဘောတရားသည်။ ဒုက္ခံ၊ ဆင်းရဲအစစ် ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ ဘုရားစသော အရိယာတို့သိအပ်သော သစ္စာမည်၏။ ဝါ၊ အရိယာ ပုဂ္ဂိုလ်အဖြစ်ကို ပြုတတ် ပြီးစေတတ်သော သစ္စာမည်၏။ ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဝါ၊ ဘဝသစ်၌ ခန္ဓာတို့၏ ရှေးဦးဖြစ်ခြင်းသည်လည်း။ ဒုက္ခာ၊ (ဆင်းရဲအပေါင်း၏တည်ရာဖြစ်၍) ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်

မဇ္ဈေ ဘဝါ မဇ္ဈိမာ။ မဇ္ဈေ၊ အစု ၂-ပါးတို့၏ အလယ်၌။ ဘဝါ၊ ဖြစ်သောအကျင့်တည်း။ မဇ္ဈိမာ၊ အစု ၂-ပါးတို့၏ အလယ်၌ဖြစ်သော အကျင့်။ အရိယမဂ်ကို ကောက်။ ပဋိပဇ္ဇတိ ဧတာယာတိ ပဋိပဒါ၊ ဝဋ္ဋဒုက္ခနိဿရဏတ္ထိ-ကေဟိ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသောသူတို့သည်။ ပဋိပဇ္ဇတဗ္ဗာ၊ ကျင့်ထိုက်၏။ ဣတိ၊ ကြောင့်။ ပဋိပဒါ၊ မည်၏။ ယင်းအရိယမဂ်ကိုပင် ကောက်။

အပ်ကုန်သော သတ္တဝါ့သခါရဝတ္ထုတို့နှင့်။ သမ္ပယောဂေါပိ၊ ပေါင်းယှဉ်နေရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်ခင်နှစ်သက်အပ်ကုန်သော သတ္တဝါ့သခါရဝတ္ထုတို့နှင့်။ ဝိပ္ပယောဂေါ၊ ဘေ့ကွင်းကွဲကွာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ယမ္ပိ၊ အကြင်မရနိုင်သည်၏ အဖြစ် မရနိုင်ခြင်းဟူသော အကြောင်းဖြင့်။ ဣစ္ဆံ (ဣစ္ဆန္တော)၊ (မရနိုင်သောအရာကို) လိုလား တောင့်တပါလျက်။ န လဘတိ၊ မရ။ တမ္ပိ၊ ထိုမရနိုင်သော အရာ၌ လိုလားတောင့်တခြင်းသည် လည်း။ ဒုက္ခံ၊ ဆင်းရဲ၏ ၁။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါ-နက္ခန္ဓာ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့သည်။ ဒုက္ခာ၊ (ဆင်းရဲအပေါင်းတို့၏ တည်ရာ အကြောင်းဖြစ်၍) ဆင်းရဲကုန်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ ခေါ ပန၊ ဤဆိုအပ်လတ္တံ့သော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏အကြောင်းအစစ်ဖြစ်သော။ အရိယသစ္စံ၊ ဘုရား စသော အရိယာတို့သိအပ်သော သစ္စာမည်၏။ ဝါ၊ အရိယာပုဂ္ဂိုလ်အဖြစ်ကိုပြုတတ် ပြီးစေတတ် သော သစ္စာမည်၏။ ယာ အယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝ (ဘဝသစ်)ကိုပြုလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်တပ်မက်သည်၏အဖြစ်သို့ရောက်၏။ တတြ တတြ၊ ထိုထိုခန္ဓာကိုယ်ဖြစ်ရာ ဘုံဘဝ၌။ ဝါ၊ ထိုထို အာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏ ၂။

---

၁။ ယမ္ပိစ္ဆံ ယေနပိ ဓမ္မေန အလဗ္ဘနေယျံ ဝတ္ထုံ ဣစ္ဆန္တော န လဘတိ၊ တံ အလဗ္ဘနေယျဝတ္ထုဣစ္ဆနံ ဒုက္ခန္တိ ဝေဒိတဗ္ဗံ။ အဘိ-ဋ္ဌ ၂။ ဒီ-ဋ္ဌ ၂- ၌ "အလဗ္ဘနေယျဝတ္ထုမှိ ဣစ္ဆန်"သာ ထူး၏။ ဤဋ္ဌကထာတို့နှင့် အညီပေးအပ်သော အနက်တည်း။

မူလ-ဋီ ၂-၆၈ ၌-ယံသဒ္ဒါကို ဣစ္ဆံ၌ စပ်လျှင် "မရနိုင်တာကို တောင့်တခြင်းသည် ဆင်းရဲ၏"ဟု ဆိုအပ်သည်။

ယံ သဒ္ဒါကို န လဘတိ ၌ စပ်လျှင် "တောင့်တတာကို မရခြင်းသည် ဆင်းရဲ၏"ဟု ဆိုအပ်သည်။ တောင့်တတာကို မရခြင်းမှာလည်း တခြားမဟုတ် တဏှာသာဖြစ်၍ မရနိုင်သောအရာ၌ တောင့်တခြင်းကိုသာ ဆိုအပ်၏ ဟူ၍ မိန့်သည်။

ယမ္ပိဝယ် ယံ၌ ယသဒ္ဒါကား ဟေတုတ္ထ သိဝိဘတ်ကား ကရဏတ္ထ၊ အလဗ္ဘနေယျဘာဝ=မရနိုင်သည်၏ အဖြစ်=မရနိုင်ခြင်းသည် ဟေတု မည်၏ဟု ဒီ-ဋီ ၂-၃၄၀။ ၌ ဖွင့်၏။ တန္တိ ဝါ ဣစ္ဆိတဿ ဝတ္ထုနော အလဗ္ဘနံ၊ ဟု ဖွင့်သော ယင်း ဒီ-ဋီ ၂-၃၄၀။ အလို—ဣစ္ဆံ (ဣစ္ဆိတံ)၊ အလိုရှိအပ်သောအရာကို။ ယံ န လဘတိ၊ အကြင် မရ။ တမ္ပိ၊ ထိုအလိုရှိအပ်သောအရာကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏-ဟု တနည်းပေးနိုင်၏။ (မူလ ပဏ္ဏာသနိဿယ စာမျက်နှာ ၆၇-၌လည်း ရှု။)

၂။. ပုနဘဝကရဏံ ပုနဗ္ဘဝေါ။ (ကရဏ နောက်ပုဒ်ကျေ ပုနနောင် ဒွေလာ။) ပုနဗ္ဘဝေါ သီလံ အဿာတိ ပေါနောဗ္ဘဝိကာ။ (ဣကပစ္စယ-သီလတ္ထ။) ဟူပြု၊ တဖန်ဘဝ (ဘဝသစ်)ကို ပြုလေ့ရှိသော တဏှာ ကောက်။

နန္ဒီ စ သာ ရာဂေါ စာတိ နန္ဒီရာဂေါ၊ နန္ဒီရာဂဘာဝံ ဂတာ နန္ဒီရာဂသဟဂတာဟု ပြု။ (သဟသဒ္ဒါ တဗ္ဘာဝတ္ထ ကြံ။) နန္ဒီ စ၊ နှစ်သက်တတ်သည်လည်း ဟုတ်၏။ သာ၊ ထိုနှစ်သက်တတ်သည်ဟူသည်။ ရာဂေါ စ၊ တပ်မက်တတ် သည်လည်းဟုတ်၏။ ဣတိ၊ ကြောင့်။ နန္ဒီရာဂေါ၊ မည်၏။ နန္ဒီရာဂဘာဝံ၊ နှစ်သက် တပ်မက်သည်၏ အဖြစ်သို့။ ဂတာ၊ ရောက်သော တဏှာတည်း။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်တပ်မက်သည်၏အဖြစ်သို့ ရောက်သောတဏှာ။

နှစ်သက် တပ်မက်တတ်သော နန္ဒီရာဂတရားနှင့် ဆာသေ ၈ တတ်သောတရား ၂ ပါး အတူတူတည်း။ အခိုက် အတန့်ဟူသမျှ၌ နန္ဒီရာဂအဖြစ်ကို မစွန့်ပဲ ဖြစ်ခြင်းကြောင့် နန္ဒီရာဂနှင့် ဂတာအရ တဏှာအတူတူဟု ဆိုလိုသည်။

တတြ တတြ အရ ဘဝ၊ သို့မဟုတ် အာရုံကို ယူ။ ဒီ-ဋ္ဌ ၂-၃၀၉။ ဒီ-ဋီ ၂-၃၄၀။ တို့ကိုမှီ၍ ဤ ၃-ပုဒ်ကို မှတ်ချက်ပြုလိုက်သည်။

(သာ၊ ထိုတဏှာတည်း။) ဣဒံ၊ ဤတဏှာသည်။ သေယျထာ၊ အဘယ်နည်း။ ကာမတဏှာ၊ အာရုံကို နှစ်သက်သာယာသည်၏ အစွမ်းဖြင့်ဖြစ်သော တဏှာရင်း။ ဝါ၊ ကာမဘုံ၌ တပ်မက်သော တဏှာရင်း။ ဘဝတဏှာ၊ အာရုံအမြဲဖြစ်၏ဟု ယူသည်၏ အစွမ်းဖြင့်ဖြစ်သော တဏှာရင်း။ ဝါ၊ ရူပ အရူပဘုံ, ရူပ အရူပဈာန်၌ တပ်မက်သော တဏှာရင်း။ ဝိဘဝတဏှာ၊ အာရုံအမြဲမဖြစ် (ပြတ်သည်)ဟု ယူသည်၏အစွမ်းဖြင့် ဖြစ်သောတဏှာရင်း။ ဝါ၊ ဘဝပြတ်သည်၌ တပ်မက်သော တဏှာရင်းတည်း[၁]။ ဘိက္ခဝေ၊ တို့။ ဣဒံ ခေါ ပန၊ ဤဆိုအပ်လတ္တံ့သော တရားသည်။ ဒုက္ခနိရောဓံ၊ ဆင်းရဲ၏ချုပ်ရာအစစ်ဖြစ်သော။ အရိယသစ္စံ၊ ဘုရားစသော အရိယာတို့သိအပ်သော သစ္စာမည်၏။ ဝါ၊ အရိယာအဖြစ်ကိုပြုတတ် ပြီးစေတတ်သော သစ္စာမည်၏။ ယော၊ အကြွင်းမဲ့ ချုပ်ရာဖြစ်၏။ ဝါ၊ အကြွင်းမဲ့ပယ်ရာ ချုပ်ရာဖြစ်၏။ (ဝိရာဂ၌ မဂ်ကောက်၊ တနည်း နိမ္ဗာန်သည်။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသဝိရာဂနိရောဓော၊ မဂ်ဖြင့် အကြွင်းမဲ့ချုပ်ရာဖြစ်၏။ ဝါ၊ အကြွင်းမဲ့ပယ်ရာ ချုပ်ရာဖြစ်၏။ (ဝိရာဂ၌ မဂ်ကောက်၊ တနည်း ပဟာနတ္ထ ကြံ။) စာဂေါ၊ စွန့်ပယ်ရာဖြစ်၏။ ပဋိနိဿဂ္ဂေါ၊ စွန့်လွှတ်ရာဖြစ်၏။ မုတ္တိ၊ လွတ်မြောက်ရာဖြစ်၏။ အနာလယော၊ မကပ်ငြိရာဖြစ်၏။ (သော၊ ထိုနိဗ္ဗာန်တည်း။) ဘိက္ခဝေ၊ တို့။ ဣဒံ ခေါ ပန၊ ဤဆိုအပ်လတ္တံ့သော တရားသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဆင်းရဲ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ ဘုရားစသော အရိယာတို့သိအပ်သော သစ္စာမည်၏။ ဝါ၊ အရိယာအဖြစ်ကိုပြုတတ် ပြီးစေတတ်သော သစ္စာမည်၏။ အရိယော၊ မြတ်စွာဘုရား၏ ဥစ္စာဖြစ်သော။ ဝါ၊ အရိယာအဖြစ်ကို ပြုတတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အစိတ်အပိုင်းအင်္ဂါရှိသော။ အယမေဝ မဂ္ဂေါ၊ ဤ မဂ်သည်သာလျှင်တည်း။ ဣဒံ၊ ဤမဂ်သည်။ ဝါ၊ ဤရှစ်ပါးသော အင်္ဂါသည်။ သေယျထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာ မြင်တတ်သော ပညာရင်း။ (သမ္မာသင်္ကပ္ပေါ၊ မှန်ကန်စွာကြံစည်တတ်သော ဝိတက်ရင်း။ သမ္မာဝါစာ၊ မှန်ကန်စွာ ပြောဆိုကြောင်း သမ္မာဝါစာဝိရတီရင်း။ သမ္မာကမ္မန္တော၊ မှန်ကန်စွာပြုလုပ်

၁။ ကာမဝသေန ပဝတ္တာ တဏှာ ကာမတဏှာ၊ ဘဝဝသေန ပဝတ္တာ တဏှာ ဘဝတဏှာ၊ ဝိဘဝဝသေန ပဝတ္တာ တဏှာ ဝိဘဝတဏှာ-ဟု ပြု။ ရူပတဏှာဒိဘေဒေန ဆဗ္ဗိဓာယေဝ တဏှာ ပဝတ္တိအာကာရဘေဒတော ကာမတဏှာဒိဝသေန တိဝိဓာ ဝုတ္တာ။ သာရတ္ထ-ဋီ ၃-၁၇၆။

ကာမဝသေန၊ အာရုံကိုတပ်မက်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ တဏှာ၊ တဏှာတည်း။ ကာမတဏှာ၊ အာရုံကိုတပ်မက်သည်၏ အစွမ်းအားဖြင့်ဖြစ်သော တဏှာ။

ဘဝဝသေန၊ အာရုံ၏အမြဲဖြစ်သည်၏ အစွမ်းအားဖြင့်။ ဝိဘဝဝသေန၊ အာရုံ၏အမြဲမဖြစ်(ပြတ်)သည်၏ အစွမ်းအားဖြင့်ဟု ပေးသည်သာ ထူး၏၊

အာရုံ ၆-ပါး၌ တပ်မက်သော တဏှာ ၆-ပါးကိုပင် သာယာခြင်း, အမြဲဖြစ်ခြင်း, မဖြစ်ခြင်းဟူသော အခြင်းအရာပြားသောအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု ခွဲခြားသည်၊ ဘဝတဏှာ=သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ၊ ဝိဘဝတဏှာ=ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာဟု မှတ်။

တနည်း—ကာမေ တဏှာ ကာမတဏှာ၊ ဘဝေ တဏှာ ဘဝတဏှာ၊ ဝိဘဝေ တဏှာ ဝိဘဝတဏှာ-ဟုပြု။ ကာမေ၊ ကာမဘုံ၌။ တဏှာ၊ တပ်မက်တတ်သော တဏှာတည်း။ ကာမတဏှာ၊ ကာမဘုံ၌ တပ်မက်တတ်သော တဏှာ။ ဘဝေ၊ ရူပ အရူပဘုံ ရူပ အရူပဈာန်၌။ ဝိဘဝေ၊ ဘဝပြတ်သည်၌-ဟု ပေးသည်သာ ထူး၏။ ကာမတဏှာ အရ=ကာမဘုံ၌ဖြစ်သောအာရုံ ကာမဂုဏ်၌ တပ်မက်သော တဏှာကို ကောက်။

ဘဝတဏှာအရ=ရူပ, အရူပဘုံကို တောင့်တသော သဿတဒိဋ္ဌိနှင့်ယှဉ်သော ရူပါရူပ ဘဝ ရာဂနှင့် ဈာန်၌ တပ်မက်သော ရာဂကို ကောက်။

ဝိဘဝတဏှာ=ဘဝပြတ်သည်ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော တဏှာကို ကောက်။

ကြောင်း သမ္မာကမ္မန္တ ဝိရတိငင်း။ သမ္မာအာဇီဝေါ၊ မှန်ကန်စွာအသက်မွေးကြောင်း သမ္မာအာဇီဝ ဝိရတိငင်း။ သမ္မာဝါယာမော၊ မှန်ကန်စွာ အားထုတ်တတ်သော ဝီရိယငင်း။ သမ္မာသတိ၊ မှန်ကန်စွာ အောက်မေ့တတ်သော သတိငင်း။) သမ္မာသမာဓိ၊ မှန်ကန်စွာ စိတ်ကိုထားကြောင်း ဧကဂ္ဂတာ ငင်းတည်း။

ဘိက္ခဝေ၊ တို့။ ဣဒံ၊ "ဤတဏှာမှတပါးသော လောကီတရားသည်။ ဒုက္ခံ၊ ဆင်းရဲအစစ်ဖြစ်သော။ အရိယသစ္စန္တိ၊ ဘုရားစသောအရိယာတို့ သိအပ်သော သစ္စာမည်၏" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေးအခါ၌။ အနနုဿုတေသု၊ မကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကိုမြင်သည့် ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်လာပြီ။ ဉာဏံ၊ ဒုက္ခသစ္စာကိုသိသည့် ဉာဏ်သည်။ ဥဒပါဒိ၊ ပြီ။ ပညာ၊ ဒုက္ခသစ္စာကို အပြားအားဖြင့် သိသည့် ပညာသည်။ ဥဒပါဒိ၊ ပြီ။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍သိသည့် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ပြီ၊ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းသော မောဟအမိုက်မှောင်ကို ဖျက်ဆီး၍ ထွန်းလင်း တောက်ပြောင်သည့် ဉာဏ်ရောင်သည်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခံ အရိယ-သစ္စံ၊ ထိုဒုက္ခသစ္စာသည်။ ပရိညေယျန္တိ၊ ပိုင်းခြား၍ သိဖွယ်တည်း" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေးအခါ၌။ အနနုဿုတေသု၊ မကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ပြီ။ ပ ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခံ အရိယသစ္စံ၊ ကို။ ပရိညာတန္တိ၊ ပိုင်းခြား၍ သိအပ်ပြီ" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ပြီ။ ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ပြီ။

ဘိက္ခဝေ၊ တို့။ "ဣဒံ၊ ဤတဏှာသည်။ ဒုက္ခသမုဒယံ၊ ဆင်းရဲ၏ဖြစ်ကြောင်းအစစ်ဖြစ်သော။ အရိယသစ္စန္တိ၊ အရိယာတို့ သိအပ်သော သစ္စာမည်၏" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ မကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာ ၄-ပါး တရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်သည့် ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ သမုဒယသစ္စာကို သိသည့် ဉာဏ်သည်။ ဥဒပါဒိ၊ ပြီ။ ပညာ၊ သမုဒယသစ္စာကို အပြားအားဖြင့်သိသည့် ပညာသည်။ ဥဒပါဒိ၊ ပြီ။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍သိသည့် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ပြီ။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းသော မောဟအမိုက်မှောင်ကို ဖျက်ဆီး၍ ထွန်းလင်းတောက်ပြောင်သည့် ဉာဏ်ရောင်သည်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထို သမုဒယသစ္စာသည်။ ပဟာတဗ္ဗန္တိ၊ ပယ်စွန့်ဖွယ်တည်း" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ပြီ။ ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုသမုဒယ သစ္စာကို။ ပဟီနန္တိ၊ ပယ်စွန့်အပ်ပြီ" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ပြီ။ ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ပြီ။

ဘိက္ခဝေ၊ တို့။ "ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဆင်းရဲ၏ချုပ်ရာ အစစ်ဖြစ်သော။ အရိယသစ္စန္တိ၊ ဘုရားစသော အရိယာတို့သိအပ်သော သစ္စာမည်၏" ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေးအခါ၌။ အနနုဿုတေသု၊ မကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာ ၄-ပါး တရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်သည့် ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ နိရောဓသစ္စာကိုသိသည့် ဉာဏ်သည်။ ဥဒပါဒိ၊ ပြီ။ ပညာ၊ နိရောဓသစ္စာကို အပြား

အားဖြင့်သိသည့် ပညာသည်။ ဥဒပါဒိ၊ ပြီ။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍သိသည့် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ပြီ။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းသော မောဟအမိုက်မှောင်ကို ဖျက်ဆီး၍ ထွန်းလင်းတောက်ပြောင်သည့် ဉာဏ်ရောင်သည်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုနိရောဓသစ္စာသည်။ သစ္ဆိကာတဗ္ဗန္တိ၊ မျက်မှောက်ပြုဖွယ်တည်း"ဟူ၍။ပ။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုနိရောဓသစ္စာကို။ သစ္ဆိကတန္တိ၊ မျက်မှောက်ပြုအပ်ပြီ"ဟူ၍။ပ။ ဥဒပါဒိ၊ ပြီ။

ဘိက္ခဝေ၊ တို့။ "ဣဒံ၊ ဤအင်္ဂါရှစ်ပါးရှိသော မဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် အစစ်ဖြစ်သော။ အရိယသစ္စန္တိ၊ ဘုရားစသော-အရိယာတို့ သိအပ်သော သစ္စာမည်၏"ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာ ၄-ပါး တရားတို့၌။ စက္ခု၊ မဂ္ဂသစ္စာကို မြင်သည့် ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မဂ္ဂသစ္စာကို သိသည့် ဉာဏ်သည်။ ဥဒပါဒိ၊ ပြီ။ ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့်သိသည့် ပညာသည်။ ဥဒပါဒိ၊ ပြီ။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိသည့် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ပြီ။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းသော မောဟအမိုက်မှောင်ကို ဖျက်ဆီး၍ ထွန်းလင်းတောက်ပြောင်သည့် ဉာဏ်ရောင်သည်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုမဂ္ဂသစ္စာသည်။ ဘာဝေတဗ္ဗန္တိ၊ ပွါးများဖွယ်တည်း"ဟူ၍။ပ။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ "တံ ခေါ ပန ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုမဂ္ဂသစ္စာကို။ ဘာဝိတန္တိ၊ ပွါးများအပ်ပြီ"ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခု၊ သည်။ ဥဒပါဒိ၊ ပြီ။ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ပြီ။

ဘိက္ခဝေ၊ တို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ မေ၊ ငါဘုရား၏။ စတူသု၊ ၄-ပါးကုန်သော။ ဣမေသု အရိယသစ္စေသု၊ ဤအရိယာတို့ သိအပ်သော သစ္စာတို့၌။ ဧဝံ၊ ဤဆိုအပ်ပြီးသည့်အတိုင်း။ တိပရိဝဋ္ဋံ၊ (သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်အားဖြင့်) ၃-ပါးသော အပြန်(၃-ပါးသော စက်)ရှိသော။ ဒွါဒသာကာရံ၊ (သစ္စာ ၄-ပါးတည်း ဉာဏ် ၃-ပါးဖြင့်လည်းစေ၍) ၁၂-ပါးသော အပြားရှိသော။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်းဖြစ်သော။ ဉာဏဒဿနံ၊ အရဟတ္တမဂ်ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ အလွန်စင်ကြယ်သည်။ န အဟောသိ၊ မဖြစ်သေး။ ဘိက္ခဝေ၊ တို့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဟံ၊ ငါသည်။ သဒေဝကေ၊ ကာမာဝစရနတ်ပြည်ငါးထပ်နှင့်တကွဖြစ်သော။ သမာရကေ၊ ဝသဝတ္တီ မာရ်နတ်ပြည်နှင့် တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့် တကွဖြစ်သော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ သာသနာတွင်း,ပ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်ခေါ်သော လူမင်း, ကြွင်းသော လူအပေါင်းနှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်ထက် မြတ်သော တရားမရှိသော။ ဝါ၊ အမြတ်ဆုံးဖြစ်သော။ သမ္မာသမ္ဗောဓိံ*၊ အရဟတ္တမဂ်ဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိပြီဟူ၍။ (သမ္မာသမ္ဗောဓိံ*၊ အရဟတ္တမဂ်ဉာဏ်သို့။ အဘိသမ္ဗုဒ္ဓေါတိ၊ ရောက်ပြီဟူ၍။ ဗုဓဓာတ်-ဂတျတ္ထကြံ။) နေဝ ပစ္စညာသိံ*၊ ဝန်မခံသေး။

ဘိက္ခဝေ၊ တို့။ ယတော စ ခေါ၊ အကြင်အခါ၌ကား။ မေ၊ ငါဘုရား၏။ စတူသု၊ ၄-ပါးကုန်သော။ ဣမေသု အရိယသစ္စေသု၊ ဤအရိယာတို့သိအပ်သော သစ္စာတို့၌။ ဧဝံ၊ ဤဆိုအပ်ပြီးသည့်

အတိုင်း။ တိပရိဝဋ္ဋံ၊ ၃-ပါးသော အပြန်(စက်)ရှိသော။ ဒွါဒသာကာရံ၊ ၁၂-ပါးသော အပြားရှိသော။ ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်းဖြစ်သော။ ဉာဏဒဿနံ၊ အရဟတ္တမဂ်ဉာဏ် အမြင်သည်။ သုဝိသုဒ္ဓံ၊ အလွန်စင်ကြယ်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဘိက္ခဝေ၊ တို့။ အထ၊ ထိုအခါ၌။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရနတ်ပြည် ၅-ထပ်နှင့်တကွဖြစ်သော။ သမာရကေ၊ ဝသဝတ္တီ မာရ်နတ်ပြည်နှင့်တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာပြည် ၂၀-နှင့်တကွ ဖြစ်သော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ သာသနာတွင်း,ပ ရဟန်း ပုဏ္ဏားနှင့်တကွဖြစ်သော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်ခေါ်သော လူမင်း, ကြွင်းသော လူအပေါင်းနှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်ထက် မြတ်သော တရားမရှိသော။ ဝါ၊ အမြတ်ဆုံးဖြစ်သော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ ဣတိ၊ ထိုးထွင်း၍သိပြီဟူ၍။ (သမ္မာသမ္ဗောဓိံ၊ အရဟတ္တ·မဂ်ဉာဏ်သို့။ အဘိသမ္ဗုဒ္ဓေါ ဣတိ၊ ရောက်ပြီဟူ၍။) ပစ္စညာသိံ၊ ဝန်ခံပြီ။ "မေ၊ ငါ၏။ ဝိမုတ္တိ၊ ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သည့် ဉာဏ်သည်။ အကုပ္ပါ၊ မပျက်စီးနိုင်။ ဝါ၊ မည်သည့်ဆန့်ကျင်ဘက်မှ မဖျက်ဆီးနိုင်။ အယံ၊ ဤဘဝသည်။ အန္တိမာ၊ နောက်ဆုံး၌ဖြစ်သော။ ဇာတိ၊ ဘဝတည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသည်။ ဝါ၊ ဘဝသစ်သည်။ နတ္ထိ ဣတိ၊ မရှိ"ဟူ၍။ မေ၊ ငါ၏။ ဉာဏဉ္စ ပန ဒဿနံ၊ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ ဣဒံ၊ ဤဓမ္မစကြာတရားစကားကို။ အဝေါစ၊ ဟောတော်မူပြီ။ ပဉ္စဝဂ္ဂိယာ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိအားဖြင့် ငါးယောက်အစုရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ သည်။ အတ္တမနာ၊ ပီတိ သုခတို့ဖြင့် ယူအပ်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဝါ၊ နှစ်သက်ဝမ်းသာ စိတ်ချမ်းသာကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ် သော ဓမ္မစကြာတရားတော်ကို။ အဘိနန္ဒုံ၊ အလွန်ရှိသေစွာ ဦးထိပ်ဖြင့် ခံယူပန်ဆင်ကုန်ပြီ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤစုဏ္ဏိယဖြစ်သော တရားဒေသနာတော်ကို။ ဘညမာနေ၊ ဟောတော်မူအပ်ဆဲသည်ရှိသော်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍည၏။ ဝိရဇံ၊ ကင်းသောအပါယ်လားကြောင်းကိလေသာမြူမှုန်ရှိသော။ ဝီတမလံ၊ ကင်းသော ဒိဋ္ဌိ ဝိစိ- ကိစ္ဆာအညစ်အကြေးရှိသော။ "ယံ ကိဉ္စိ၊ အကြင်တရားသဘောသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်း သဘောရှိ၏။ သဗ္ဗံ တံ၊ ထိုသဘောတရား ဟူသမျှသည်။ နိရောဓဓမ္မန္တိ၊ ချုပ်ပျက်ခြင်း သဘောရှိ၏"ဟူ၍ သိသော။ ဓမ္မစက္ခုံ၊ သစ္စာ ၄-ပါးကိုမြင်သည့် သောတာပတ္တိမဂ် ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဒွေမေ ဘိက္ခဝေ စသော ဓမ္မစကြာတရားတော်ကို[၁]။ ပဝတ္တိတေ စ ပန၊ ဖြစ်စေတော်မူအပ် ဟောတော်မူအပ်သည်ရှိသော်။ ဘုမ္မာ၊ မြေ၌တည်ကုန်

---

၁။ ဓမ္မစက္ကေတိ ပဋိဝေဓဉာဏေ စေဝ ဒေသနာဉာဏေ စ။ ဗောဓိပလ္လင်္ကေ နိသိန္နဿ ဟိ စတူသု သစ္စေသု ဉပ္ပန္နံ ဒွါဒသာကာရံ ပဋိဝေဓဉာဏမ္ပိ, ဣသိပတနေ နိသိန္နဿ ဒွါဒသာကာရာယ သစ္စဒေသနာယ ပဝတ္တိတံ ဒေသနာဉာဏမ္ပိ ဓမ္မစက္ကံ နာမ၊ ဉဘယမ္ပိ ဟေတံ ဒသဗလဿ ဉရေ ပဝတ္တဉာဏမေဝ။ ဋ္ဌ။

ဤ၌ အလို—ဓမ္မစက္ကေ၊ မြတ်စွာဘုရား၏ သစ္စာ ၄-ပါးကို ထိုးထွင်း၍သိသော ပဋိဝေဓဉာဏ်, သစ္စာ ၄-ပါးကို ဟောကြားသော ဒေသနာဉာဏ်ကို။ ပဝတ္တိတေ၊ ဖြစ်စေအပ်သည်ရှိသော်- ဟု ပေး။ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ၌လည်း—ဓမ္မစက္ကံ၊ ပဋိဝေဓဉာဏ် ဒေသနာဉာဏ်ကို။ ပဝတ္တိတံ၊ ဖြစ်စေအပ်ပြီ- ဟု ပေး။

သော။ ဒေဝါ၊ ဘုမ္မစိုးနတ်တို့သည်။ "ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီမြို့၌။ ဣသိပတနေ၊ ဘုရား ပစ္စေကဗုဒ္ဓါတို့၏ ဆင်းရာတက်ရာဖြစ်၍ ဣသိပတနမည်သော။ မိဂဒါယေ၊ သားကောင်တို့အား ဘေးမဲ့ပေးရာဖြစ်၍ မိဂဒါဝုန် ခေါ်သော တောဌ်။ (ပဝတ္တိတံ ၌ စပ်။) လောကသ္မိံ၊ လောက၌။ သမဏေန ဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေန ဝါ၊ နတ်သည်၎င်း။ မာရေန ဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်၎င်း။ ကေနစိ ဝါ၊ ယင်းတို့မှတပါး တစုံတယောက်သောသူသည်၎င်း။ အပ္ပဋိဝတ္တိယံ၊ ဘုရားဟောသည့်အတိုင်း မဟုတ်ဟူ၍ မတားမြစ် မကန့်ကွက်နိုင်သော။ (အပ္ပဋိဝတ္တိယန္တိ အပ္ပဋိသေဓနီယံ။ နေတ္တိ-ဌ-၅၇။ အပ္ပဋိဝတ္တိယန္တိ 'နယိဒံ တထာ'တိ ပဋိလောမံ ဝတ္တေတုံ အသက္ကုဏေယျံ။' ပဋိ-သံ-ဌ ၂။ ၂၁၈။) အနုတ္တရံ၊ ဤတရားထက်မြတ်သော တရားမရှိသော။ ဓော် ဓမ္မစက္ကံ၊ ဤဓမ္မစကြာတရားတော်ကို။ ပဝတ္တိတန္တိ၊ ဖြစ်စေတော်မူအပ် ဟောတော်မူအပ်ပြီ" ဟူ၍။ သဒ္ဒံ၊ သာဓု သာဓု ကောင်းချီးပြုသော အသံကို။ အနုသာဝေသုံ၊ အဆင့်ဆင့်ကြားစေကုန်ပြီ။ (သဒ္ဒမနုသာဝေသုံ၊ သံပြိုင်ဟစ်ကြွေး ကောင်းချီးပေးကာ ကြွေကြော်ကုန်ပြီ-ဟု သော်လည်း ပေး။) ဘုမ္မာနံ၊ မြေ၌ တည်ကုန်သော။ ဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြားကုန်၍။ စာတုမဟာရာဇိကာ၊ စတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ "ဘဂဝတာ၊ မြတ်စွာဘုရားသည်။ပ။ ပဝတ္တိတန္တိ၊ ဟောတော်မူအပ်ပြီ"ဟူ၍။ သဒ္ဒံ၊ ကို။ အနုသာဝေသုံ၊ ကုန်ပြီ။ စာတုမဟာရာဇိကာနံ၊ ကုန်သော။ ဒေဝါနံ၊ တို့၏။ သဒ္ဒံ၊ ကို။ သုတွာ၊ ၍။ တာဝတိံသာ၊ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ပ။ ယာမာ၊ ယာမာဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ပ။ တုသိတာ၊ တုသိတာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ပ။ နိမ္မာနရတီ၊ နိမ္မာနရတိဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တီ၊ ပရနိမ္မိတဝသဝတ္တိဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ပ။ ဗြဟ္မကာယိကာ၊ ပဌမဈာန်ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်သော။ ဝါ၊ ဗြဟ္မာအပေါင်း၌ ယှဉ်ကုန် ပါဝင်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ "ဘဂဝတာ၊ မြတ်စွာဘုရားသည်။ပ။ ပဝတ္တိတန္တိ၊ ဖြစ်စေအပ် ဟောတော်မူအပ်ပြီ"ဟူ၍။ သဒ္ဒံ၊ ကို။ အနုသာဝေသုံ၊ ကုန်ပြီ။

---

ဤ၌ အဖွင့်ကို ဋီ၌ ပဋိဝေဓဉာဏမှ ဒေသနာဉာဏမှ ဓမ္မစက္ကန္တိ ဣဒံ တတ္ထ ဉာဏကိစ္စံ ပဓာနန္တိ ကတွာ ဝုတ္တံ-ဟု ဉာဏ်ကိစ္စကို ပဓာနထား၍ဆိုသော အဖွင့်စကားဖြစ်ကြောင်း မိန့်တော်မူသည်။

ဓမ္မစက္ကံ၊ ဓမ္မစကြာတရားတော်ကို-ဟု ပေးရာ၌—ဓမ္မော စ သော စက္ကဉ္စာတိ ဓမ္မစက္ကံ-ဟု ပြု။ ဓမ္မော စ၊ သစ္စာ ၄-ပါး တရားလည်းဟုတ်၏။ သော၊ ထိုသစ္စာ ၄-ပါးတရားဟူသည်။ စက္ကဉ္စ၊ မဂ်ဖိုလ်ကို ဖြစ်စေတတ်သည်လည်းဟုတ်၏။ ဣတိ၊ ကြောင့်။ ဓမ္မစက္ကံ၊ မည်၏။ မဂ်ဖိုလ်ကိုဖြစ်စေတတ်သော သစ္စာ ၄-ပါးတရားကို ကောက်။ ထိုကြောင့် ဣဒံ ဓမ္မစက္ကန္တိ ယာယံ ဘဂဝတော စတုသစ္စဒေသနာ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ ဣဒံ ဓမ္မစက္ကံ-ဟု နေတ္တိ-ဌ ၅၇ ၌ မိန့်သည်။ ဓမ္မနှင့် ဓမ္မဒေသနာ အတူတူပင်။ သံ-ဋီ ၂-၅၄၁။ နေတ္တိ-ဋ ၅၇-တို့၌ အကျယ်ရှု။

(စတုမဟာရာဇ်ဘုံ၌ ပါဝင်သော်လည်း သီးခြားဟောထား၏။ ထိုနတ်မှစ၍ သာဓုခေါ်သော နတ်ဗြဟ္မာအားလုံး ဤတရားပွဲ၌ မပါဝင်။ ပဋိ-သံ-ဌ ၂-၂၁၈ ရှု။)

၁။ စာတုမဟာရာဇိကာစသော ပုဒ်တို့၏ ဝဇနတ္ထကို ပဋိ-သံ-ဌ ၂-၂၁၈-၌ ဆို၏။ ဤ၌ ဘုံဖြင့် အထူးပြု၍ သာမည ပေးလိုက်သည်။ စာတုမဟာရာဇိကာ ဒေဝါ၊ စတုမဟာရာဇ်နတ်တို့သည်-ဟု ဒသည်ဖြင့်သော်လည်း ပေးလေ။

ဣတိပိ ဟ၊ ဤသို့။ တေန ခဏေန၊ ထိုတခဏချင်းဖြင့်။ (တေန လယေန၊ ထိုတလယချင်းဖြင့်။)[1] တေန မုဟုတ္တေန၊ ထိုတမုဟုတ်ချင်းဖြင့်။ ယာဝ ဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ သာဓု သာဓု ကောင်းချီးပြုသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆိ၊ လွှမ်းမိုး၍ တက်ပြီ။ (ကျော်စောပြီ ဟူလို။) ဒသသဟဿီ၊ တသောင်းသော စကြဝဠာရှိသော။ (ဒသသဟဿီတိ ဒသသဟဿ စက္ကဝါဠဝတီ။ ပဋိ-သံ-ဋ္ဌ ၂-၂၁၈။) အယဉ္စ လောကဓာတု၊ ဤလောကဓာတ်သည်လည်း။ (အယဉ္စ ဒသသဟဿီလောကဓာတု၊ ဤတသောင်းသော လောကဓာတ်သည်လည်း-ဟု သော်လည်း ဣတ္ထိဝေဘာက ဤပစ္စည်းကြံ၍ ပေး။) သင်္ကမ္ပိ၊ တက်၍ တက်၍ လှုပ်ပြီ။ သမ္ပကမ္ပိ၊ တက်ချီ သက်ချီလှုပ်ပြီ။ သမ္ပဝေဓိ၊ အရှေ့ အနောက် တောင် မြောက်လေးထွေ ပြေးကာ ပြေးကာ (အေးယာဉ်လှဲသကဲ့သို့) လှုပ်လေပြီ။ အပ္ပမာဏော၊ တိုးပွါးသော အတိုင်းအရှည်ရှိသော။ (အပ္ပမာဏောတိ ဝုဍ္ဎပ္ပမာဏော။ ပဋိ-သံ-ဋ္ဌ ၂-၂၁၉။) ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော၊ သဗ္ဗညုတဉာဏ်ကြောင့် ဖြစ်ပေါ်သော အလင်းရောင်သည်[2]။ လောကေ၊ တသောင်းသော လောကဓာတ်၌။ ဒေဝါနံ၊ နတ်ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာ့အာနုဘော် (၁၂-ယူဇနာစီ သင်းနိုင်သော ကိုယ်ခန္ဓာ, ဝတ်စား, တန်ဆာ, ဗိမာန်ရောင်)ကို။ အတိက္ကမ္မ၊ သာလွန်၍သာလျှင်။ ပါတုရဟောသိ၊ ထင်ရှားစွာ ဖြစ်ပေါ်လာလေပြီ။

အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ ဝတ၊ (သစ္စာ ၄-ပါး မြတ်တရားကို) ထင်ရှားသိပြီတကား။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ ဝတာတိ၊ (သစ္စာ ၄-ပါး မြတ်တရားကို) ထင်ရှားသိပြီတကား"ဟူသော။ ဣမံ ဥဒါနံ၊ (သောမနဿဝေဒနာယှဉ်သည့် ဉာဏ်ကြောင့်ဖြစ်သော) ဤဥဒါန်းစကားကို။ ဥဒါနေသိ၊ (တသောင်းတိုက်သား ကုန်လုံးကြားအောင်) ကျူးရင့်မြွက်ဆိုတော်မူပြီ။ ဣတိ ဟိ၊ ဤသို့သောအကြောင်းကြောင့်သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍည၏။ အညာသိကောဏ္ဍညောတွေဝ၊ အညာသိကောဏ္ဍညဟူ၍သာလျှင်ဖြစ်သော။ ဣဒံ နာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

---

၁။ တေန ခဏေနာတိ ဝစနံ ဝိသေသေတွာ "တေန မုဟုတ္တေနာ"တိ ဝုတ္တံ၊ မုဟုတ္တသင်္ခါတေန ခဏေန၊ န ပရမတ္ထခဏေနာတိ ဝုတ္တံ ဟောတိ။ ပဋိ-သံ-ဋ္ဌ ၂-၂၁၈။ ဤအလို "တေန လယေန" မရှိသင့်။

ဤနိဿယ်ကား ဧကပ္ပဟာရေနာတိ ဧကေနေဝ ပဟာရသညိတေန ကာလေန။ ဝိဝဿဿ ဟိ တတိယော ဘာဂေါ ပဟာရော နာမ၊ ပါဠိယံ ပန "တေန ခဏေန တေန လယေန တေန မုဟုတ္တေနာ"တိ ဝုတ္တံ၊ တံ ပဟာရက္ခဏသလ္လက္ခဏမေဝ ဟု မိန့်၏။ ဤဋီကာအလို တေန ခဏေန၊ ထိုတပဟိုရ်ခဏဖြင့်- ဟု သည်ပေး။ တေန လယေန လည်း ရှိသင့်၏။

၂။ ဩဘာသောတိ သဗ္ဗညုတညာဏောဘာသော။ ဋ္ဌ။ သဗ္ဗညုတညာဏောဘာသောတိ သဗ္ဗညုတညာဏာနု-ဘာဝေန ပဝတ္တော ဩဘာသော စိတ္တံ ပဋိစ္စ ဥတုသမုဋ္ဌာနော ဝေဒိတဗ္ဗော။ ဋီ။ ဤ၌ ဤဋ္ဌ-ဋီအတိုင်း သမ္ဗန် သည်။

ဩဘာသောတိ ဒေဝါနုဘာဝေန ပ ဒေဝတာနုဘာဝေန စ ဇာတဩဘာသော။ ပဋိ-သံ-ဋ္ဌ ၂-၂၁၉။

ဤဋ္ဌ အလို- -ဩဘာသော၊ ဒေဝါနုဘာဝ် နတ်ဗြဟ္မာတို့၏ အာနုဘော်ကြောင့်ဖြစ်သော အလင်းရောင်သည်-ဟု ပေး။

## ၂-တထာဂတသုတ်

၁၀၈၂။ (ဤသုတ်သည် ဓမ္မစက္ကပ္ပဝတ္တနသုတ် "ဣဒံ ဒုက္ခံ အရိယသစ္စံ"နှင့် မေ ဘိက္ခဝေ စသည်နှင့် တူ၏။ မေ နေရာ၌ တထာဂတာနံ ပြောင်း၍ ဟောသည်သာ ထူး၏။ တထာဂတာနံ၊ ဘုရားရှင်တို့သည်-ဟု ပေး။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ခန္ဓသုတ်

၁၀၈၃။ ဘိက္ခဝေ၊ တို့။ ဣမာနိ အရိယသစ္စာနိ၊ ဤအရိယသစ္စာတို့သည်။ စတ္တာရိ၊ ၄-ပါးတို့တည်း။ ကတမာနိ စတ္တာရိ၊ အဘယ် ၄-ပါးတို့နည်း။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခအရိယသစ္စာငှင်း။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ သမုဒယအရိယသစ္စာငှင်း။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ နိရောဓအရိယသစ္စာငှင်း။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ မဂ္ဂအရိယသစ္စာငှင်းတည်း။

ဘိက္ခဝေ၊ တို့။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်း။ "ပဉ္စ၊ ၅-ပါးကုန်သော။ ဥပါဒါနက္ခန္ဓာတိ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့တည်း"ဟူ၍။ ဝစနီယံ၊ ဖြေဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဣဒံ၊ ဤဥပါဒါနက္ခန္ဓာတို့သည်။ သေယျထာ၊ အဘယ်သည်တို့နည်း။ ရူပုပါဒါနက္ခန္ဓော၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရူပုပါဒါနက္ခန္ဓာငှင်း။ပ။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ဝိညာဏုပါဒါနက္ခန္ဓာငှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာ ၅-ပါးကို။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခအရိယသစ္စာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ သမုဒယအရိယသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်း။ ယာ အယံ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝ (ဘဝသစ်)ကို ပြုလေ့ရှိ၏။ နန္ဒိရာဂသဟဂတာ၊ နှစ်သက် တပ်မက်သည်၏အဖြစ်သို့ရောက်၏။ တတြ တတြ၊ ခန္ဓာကိုယ်ဖြစ်ရာ ထိုထိုဘဝ၌။ ဝါ၊ ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ (သာ၊ ထိုတဏှာတည်း။) ဣဒံ၊ ဤတဏှာသည်။ သေယျထာ၊ အဘယ်နည်း။ ကာမတဏှာ၊ အာရုံကိုသာယာသည်၏ အစွမ်းဖြင့်ဖြစ်သော တဏှာငှင်း။ ဝါ၊ ကာမဘုံ၌ တောင့်တသော တဏှာငှင်း၊ ဘဝတဏှာ၊ အာရုံ အမြဲဖြစ်သည်ဟု ယူသည်၏အစွမ်းဖြင့်ဖြစ်သော တဏှာငှင်း။ ဝါ၊ ရူပ အရူပဘုံ ဈာန်တို့၌ တောင့်တသော တဏှာငှင်း။ ဝိဘဝတဏှာ၊ အာရုံအမြဲမဖြစ် (ပြတ်သည်)ဟု ယူသည်၏အစွမ်းဖြင့် ဖြစ်သောတဏှာငှင်း။ ဝါ၊ ဘဝပြတ်သည်၌ တောင့်တသော တဏှာငှင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤတဏှာကို။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ သမုဒယအရိယသစ္စာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ နိရောဓအရိယသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်း။ ယော၊ အကြင်နိဗ္ဗာန်သည်။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသဝိရာဂနိရောဓော၊ မဂ်ဖြင့်အကြွင်းမရှိ ချုပ်ရာဖြစ်၏။ ဝါ၊ အကြွင်းမရှိပယ်ရာ ချုပ်ရာဖြစ်၏။ စာဂေါ၊ စွန့်ပယ်ရာဖြစ်၏။ ပဋိနိဿဂ္ဂေါ၊ စွန့်လွှတ်ရာဖြစ်၏။ မုတ္တိ၊ လွတ်မြောက်ရာဖြစ်၏။ အနာလယော၊ မကပ်ငြိရာဖြစ်၏။ (သော၊ ထိုနိဗ္ဗာန်တည်း။) ဘိက္ခဝေ၊ တို့။ ဣဒံ ဤနိဗ္ဗာန်ကို။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ နိရောဓအရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ မဂ္ဂအရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ အရိယော၊ မြတ်စွာဘုရား၏ဥစ္စာဖြစ်သော။ ဝါ၊ ဖြူစင်မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအစိတ်အင်္ဂါရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်သာလျှင်တည်း။ (နိဗ္ဗာန်ရောက်ကြောင်း အခြားနည်းလမ်းမရှိဟု ဧဝသဒ္ဒါဖြင့် ပြသည်။) ဣဒံ၊ ဤမဂ်သည်။ (မဂ်နှင့်မဂ္ဂင် အတူပြု၍ ဆိုသည်။) ဝါ၊ ဤရှစ်ပါးသော အင်္ဂါတို့သည်။ သေယျထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိရင်း။ပ။ သမ္မာသမာဓိ၊ သမ္မာသမာဓိရင်းတည်း။ ဣဒံ၊ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ မဂ္ဂအရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ တို့။ ဣမာနိ အရိယသစ္စာနိ၊ ဤအရိယသစ္စာတို့သည်။ စတ္တာရိ၊ ၄-ပါးတို့တည်း။

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထိုကြောင့်။ ဣဓ၊ ဤသာသနာ၌။ "ဣဒံ၊ ဤတဏှာမှတပါးသော လောကီတရားသည်။ ဒုက္ခံ၊ ဆင်းရဲအစစ် ဒုက္ခသစ္စာမည်၏"ဟူ၍။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ပ။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်။ ဒုက္ခနိရောဓ-ဂါမိနီ ပဋိပဒါတိ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်အစစ် မဂ္ဂသစ္စာ မည်၏"ဟူ၍။ ယောဂေါ၊ ကို။ ကရဏီယော၊ အပ်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-အဇ္ဈတ္တိကာယတနသုတ်

၁၀၈၄။ (စတ္တာရိမာနိ စသောဝါကျ ပေးမြဲ။)

ဘိက္ခဝေ၊ တို့။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခအရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ "ဆ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနိ၊ ကိုယ်ခန္ဓာ၌အသုံးဝင်၍ အတွင်း၌ဖြစ်ကုန်သော။ အာယတနာနီတိ၊ အာယတနတို့တည်း"ဟူ၍။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ကတမာနိ ဆ၊ အဘယ်ခြောက်ပါးတို့နည်း။ စက္ခာယတနံ၊ စက္ခာယတနရင်း။ပ။ မနာယတနံ၊ မနာယတနရင်းတည်း။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤခြောက်ပါးသော အာယတနကို။ ဒုက္ခံ အရိယ-သစ္စံ၊ ဒုက္ခ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(အကြွင်းဝါကျများ အထက်သုတ်အတိုင်း ပေး။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပဌမဓာရဏာသုတ်

၁၀၈၅။ ဘိက္ခဝေ၊ တို့။ တုမှေ၊ သင်တို့သည်။ မယာ၊ ငါဘုရားသည်။ ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်သော။ စတ္တာရိ၊ ၄-ပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဓာရေထ နော၊ ဆောင်ကြကုန်၏လော။ ဣတိ၊ ဤသို့ ဘုရားရှင်က မိန့်တော်မူ၏။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မိန့်တော်မူအပ်သည် ရှိသော်။ အညတရော၊ အမှတ်မထား တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ မြတ်စွာဘုရား။ အဟံ ခေါ၊ ဘုရားတပည့်တော်သည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်သော။ စတ္တာရိ၊ ၄-ပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဓာရေမိတိ၊ ဆောင်ပါ၏"ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ယထာ ကထံ ပန၊

အဘာယ်သို့လျှင်။ မယာ၊ သည်။ ဒေသိတာနိ၊ ကုန်သော။ စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ တို့ကို။ ဓာရေသိ၊ ဆောင်သနည်း။ ဣတိ၊ ဤသို့ ဘုရားရှင်က မေးတော်မူ၏။ ဘန္တေ၊ ရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဒုက္ခံ ခေါ၊ ဆင်းရဲအစစ်ဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ အရိယသစ္စံ၊ အရိယသစ္စာကို။ ဓာရေမိ၊ ဆောင်ပါ၏။ ဘန္တေ၊ ရား။ အဟံ၊ သည်။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ သော။ ဒုက္ခသမုဒယံ ခေါ၊ ဆင်းရဲ၏ ဖြစ်ကြောင်း အစစ်ဖြစ်သော။ ဒုတိယံ၊ ၂-ခုမြောက်ဖြစ်သော။ အရိယသစ္စံ၊ ကို။ ဓာရေမိ၊ ၏။ ဘန္တေ၊ ရား။ အဟံ၊ သည်။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ သော။ ဒုက္ခနိရောဓံ ခေါ၊ ဆင်းရဲ၏ ချုပ်ရာအစစ် ဖြစ်သော။ တတိယံ၊ ၃-ခုမြောက်ဖြစ်သော။ အရိယသစ္စံ၊ ကို။ ဓာရေမိ၊ ၏။ ဘန္တေ၊ ရား။ အဟံ၊ သည်။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ သော။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒံ ခေါ၊ ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်အစစ်ဖြစ်သော။ စတုတ္ထံ၊ ၄-ခုမြောက်ဖြစ်သော။ အရိယသစ္စံ၊ ကို။ ဓာရေမိ၊ ၏။ ဘန္တေ၊ ရား။ ဧဝံ ခေါ၊ ဤသို့။ အဟံ၊ သည်။ ဘဂဝတာ၊ သည်။ ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်သော။ စတ္တာရိ၊ ၄-ပါး ကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဓာရေမိ၊ ဆောင်ပါ၏။ ဣတိ၊ ဤသို့ လျှောက်ထား၏။

ဘိက္ခု၊ ရဟန်း။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ သာဓု ခေါ၊ ကောင်းစွာသာလျှင်။ မယာ၊ ငါဘုရားသည်။ ဒေသိတာနိ၊ ကုန်သော။ စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ တို့ကို။ ဓာရေသိ၊ ဆောင်၏။ ဘိက္ခု၊ ရဟန်း။ မယာ၊ သည်။ ဒုက္ခံ ခေါ၊ ဆင်းရဲ အစစ် ဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ အရိယသစ္စံ၊ အရိယသစ္စာကို။ ဒေသိတံ၊ ဟောတော်မူအပ်ပြီ။ တထာ၊ ထိုသို့ ငါဘုရား ဟောတော်မူအပ်သည့် အတိုင်း။ နံ၊ ထို ဒုက္ခအရိယသစ္စာကို။ ဓာရေဟိ၊ ဆောင်လော့။ ဘိက္ခု၊ ရဟန်း။ မယာ၊ သည်။ ဒုက္ခသမုဒယံ ခေါ၊ သော။ ဒုတိယံ၊ သော။ အရိယသစ္စံ၊ ကို။ ဒေသိတံ၊ ပြီ။ တထာ၊ အတိုင်း။ နံ၊ ထိုဒုက္ခသမုဒယအရိယသစ္စာကို။ ဓာရေဟိ၊ လော့။ ဘိက္ခု၊ ရဟန်း။ မယာ၊ သည်။ ဒုက္ခနိရောဓံ ခေါ၊ သော။ တတိယံ၊ သော။ အရိယသစ္စံ၊ ကို။ ဒေသိတံ၊ ပြီ။ တထာ၊ အတိုင်း။ နံ၊ ထိုဒုက္ခနိရောဓသစ္စာကို။ ဓာရေဟိ၊ လော့။ ဘိက္ခု၊ ရဟန်း။ မယာ၊ သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒံ၊ သော။ စတုတ္ထံ၊ သော။ အရိယသစ္စံ၊ ကို။ ဒေသိတံ၊ ပြီ။ တထာ၊ အတိုင်း။ နံ၊ ထို မဂ္ဂသစ္စာကို။ ဓာရေဟိ၊ လော့။ (တသ္မာတိဟ စသည်လည်း ပေးမြဲ။)

ပဌမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ဒုတိယ ဓာရဏသုတ်

၁၀၈၆။ (ဓာရေထ နော မှ စ၍ ဒေသိတာနီတိ စသည် အထက်သုတ်အတိုင်း ပေး။) ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဒုက္ခံ ခေါ၊ ဆင်းရဲအစစ်ဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ အရိယသစ္စံ၊ အရိယသစ္စာကို။ ဓာရေမိ၊ ဆောင်၏။ ဘန္တေ၊ ရား။ သမဏော ဝါ၊ ရဟန်းပင် ဖြစ်စေ။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားပင် ဖြစ်စေ။ ယော ဟိ ကောစိ၊ အကြင် သူသည်။ "ယံ၊ အကြင် ပဌမ ဒုက္ခအရိယသစ္စာကို။ သမဏေန ဂေါတမေန၊ ရဟန်းဂေါတမသည်။ ဒေသိတံ၊ ဟောတော်မူအပ်ပြီ။ ဧတံ၊ ဤရဟန်းဂေါတမ ဟောသော ပဌမ ဒုက္ခအရိယသစ္စာသည်" န ဒုက္ခံ ပဌမံ အရိယသစ္စံ၊ ပဌမ ဒုက္ခ အရိယသစ္စာ မဟုတ်နိုင်။

အဟံ၊ ငါသည်။ ဝေါ ဒုက္ခံ ပဌမံ အရိယသစ္စံ၊ ထိုပဌမ ဒုက္ခ အရိယ သစ္စာကို။ ပစ္စက္ခာယ၊ ပယ်၍။ အညံ၊ တပါးသော။ ဒုက္ခံ ပဌမံ အရိယသစ္စံ၊ ပဌမ ဒုက္ခအရိယ သစ္စာကို။ ပညပေဿာမိတိ၊ ပညပ်ပေအံ့”ဟူ၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ ဧတံ ဌာနံ၊ ဤဆိုနိုင်သော အကြောင်းသည်။ န ဝိဇ္ဇတိ၊ မဖြစ်။ (ကြွင်းသစ္စာတို့၌ ဆိုင်ရာသစ္စာကိုပင် သွင်း၍ ပေးရိုးသာ ထူးတော့၏။) ဣတိ၊ ဤသို့ လျှောက်၏။

ဘိက္ခု၊ ရဟန်း။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ သာဓု ခေါ၊ ကောင်းစွာသာလျှင်။ မယာ၊ သည်။ ဒေသိတာနိ၊ ကုန်သော။ စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ တို့ကို။ ဓာရေသိ၊ ဆောင်၏။ ဘိက္ခု၊ ရဟန်း။ မယာ၊ ငါဘုရားသည်။ ဒုက္ခံ ခေါ၊ သော။ ပဌမံ၊ သော။ အရိယသစ္စံ၊ ကို။ ဒေသိတံ၊ ဟောတော်မူအပ်ပြီ။ တထာ၊ ထိုငါဘုရား ဟောတော်မူသည့်အတိုင်း။ နံ၊ ထိုဒုက္ခအရိယသစ္စာကို။ ဓာရေဟိ၊ ဆောင်လော့။ (ယော ဟိ ကောစိ မှ စ၍ ဒေသိတာနီတိ အထိ ပေးမြဲ၊ မြတ်စွာဘုရားက ထောက်ခံ ဟောတော်မူသည်သာ ထူး၏၊ တဿ္ဘတိဟ စသည်လည်း ပေးမြဲ။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-အဝိဇ္ဇာသုတ်

၁၀၈၇။ ဧကမန္တံ၊ တခုသော အရပ်အဖို့၌။ နိသိန္နော ခေါ၊ ထိုင်သော။ သော ဘိက္ခု၊ ထို ရဟန်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ “ဘန္တေ၊ မြတ်စွာဘုရား။ အဝိဇ္ဇာ အဝိဇ္ဇာတိ၊ အဝိဇ္ဇာ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ ရား။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ကတမာ နု ခေါ၊ အဘယ်နည်း။ ကိတ္တာဝတာ စ၊ အဘယ်မျှ အတိုင်းအရှည်ဖြင့်ကား။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာသို့ ရောက်သူသည်။ ဟောတိတိ၊ ဖြစ်ပါသနည်း”ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ ဘိက္ခု၊ ရဟန်း။ ဒုက္ခေ၊ ဆင်းရဲအစစ် ဒုက္ခသစ္စာ၌။ ယံ အညာဏံ၊ အကြင် မသိခြင်းသည်။ ဒုက္ခသမုဒယေ၊ ဆင်းရဲ၏ ဖြစ်ကြောင်းအစစ် သမုဒယသစ္စာ၌။ ယံ အညာဏံ၊ သည်။ ဒုက္ခနိရောဓေ၊ ဆင်းရဲ၏ ချုပ်ရာအစစ် နိရောဓသစ္စာ၌။ ယံ အညာဏံ၊ သည်။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်အစစ် မဂ္ဂသစ္စာ၌။ ယံ အညာဏံ၊ သည်။ (အတ္ထိ၊ ၏။) ဘိက္ခု၊ ရဟန်း။ အယံ၊ ဤသစ္စာ ၄-ပါး၌မသိခြင်းကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧတ္တာဝတာ စ၊ ဤသစ္စာ ၄-ပါး၌ မသိခြင်းအတိုင်းအရှည်ဖြင့်။ (အညာဏော၊ သစ္စာ ၄-ပါး၌ မသိသောသူသည်။) အဝိဇ္ဇာဂတော၊ အဝိဇ္ဇာသို့ရောက်သူသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ (တဿ္ဘတိဟ စသည် ပေးမြဲ။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဝိဇ္ဇာသုတ်

၁၀၈၈။ အထ ခေါ၊ ၌။ အညတရော၊ အမှတ်မထား တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ပ။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ ရား။ ဝိဇ္ဇာ ဝိဇ္ဇာတိ၊ ဝိဇ္ဇာ ဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ ရား။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ကတမာ နု ခေါ၊ အဘယ်နည်း။ ကိတ္တာဝတာ စ၊ အဘယ်မျှ အတိုင်းအရှည်ဖြင့်ကား။ ဝိဇ္ဇာဂတော၊ ဝိဇ္ဇာသို့ရောက်သူသည်။ ဟောတိတိ၊ ဖြစ်ပါသနည်း”ဟူသော။ ဧတံ၊ ကို။

အဝေါစ၊ ပြီ။ ဘိက္ခု၊ ရဟန်း။ ဒုက္ခေ၊ ၌။ ယံ ဉာဏံ၊ အကြင်သိခြင်းသည်။ ဒုက္ခသမုဒယေ၊ ၌။ ယံ ဉာဏံ၊ သည်။ ဒုက္ခနိရောဓေ၊ ၌။ ယံ ဉာဏံ၊ သည်။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ၌။ ယံ ဉာဏံ၊ သည်။ (အတ္ထိ၊ ရှိ၏။) ဘိက္ခု၊ ရဟန်း။ အယံ၊ ဤသစ္စာ ၄-ပါး၌ သိခြင်းကို။ ဝိဇ္ဇာ၊ ဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧတ္တာဝတာ စ၊ ဤသစ္စာ ၄-ပါး၌ သိခြင်း အတိုင်းအရှည်ဖြင့်။ (ဉာဏော၊ သစ္စာ ၄-ပါး၌သိသူသည်။) ဝိဇ္ဇာဂတော၊ ဝိဇ္ဇာသို့ရောက်သူသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ (တသ္မာတိဟ စသည် ပေးမြဲ။)

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-သင်္ကာသနသုတ်

၁၀၇၉။ ဘိက္ခဝေ၊ တို့။ မယာ၊ ငါဘုရားသည်။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားအပေါင်းသည်။ ဒုက္ခံ အရိယသစ္စန္တိ၊ ဒုက္ခအရိယသစ္စာမည်၏"ဟူ၍။ ပညတ္တံ၊ ပညတ်တော်မူအပ်ပြီ။ တတ္ထ၊ ထိုသို့ ပညတ်တော်မူရာ၌။ ဣတိပိ၊ ဤအကြောင်းကြောင့်လည်း။ ဒုက္ခံ အရိယသစ္စန္တိ၊ ဒုက္ခ အရိယသစ္စာမည်၏ဟူ၍ (ခွဲအပ်သည်ရှိသော်။) အပရိမာဏာ၊ အတိုင်းအရှည်မရှိကုန်သော။ ဝဏ္ဏာ၊ အက္ခရာတို့သည်။ အပရိမာဏာ၊ ကုန်သော။ ဗျဉ္ဇနာ၊ ဗျည်းတို့သည်။ အပရိမာဏာ၊ ကုန်သော။ သင်္ကာသနာ၊ ဝေဖန်ခြင်းတို့သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။ ကျန်သစ္စာတို့၌လည်း ဤနည်း သမ္ဘန်လေ။ တသ္မာတိဟ စသည်ကိုလည်း ပေးမြဲ ပေးပါလေ။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-တထသုတ်

၁၀၈၀။ ဘိက္ခဝေ၊ တို့။ စတ္တာရိ၊ ၄-ပါးကုန်သော။ ဣမာနိ၊ ဤအရာတို့သည်။ တထာနိ၊ မှန်ကန်ကုန်၏။ အဝိတထာနိ၊ မချွတ်မလွဲကုန်။ အနညထာနိ၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်။[၁] ကတမာနိ စတ္တာရိ၊ အဘယ် ၄-ပါးတို့နည်း။ ဘိက္ခဝေ၊ တို့။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားသည်။ဒုက္ခန္တိ တော်၊ ဆင်းရဲအစစ် ဒုက္ခသစ္စာမည်၏"ဟူသော ဤအရာသည်။ တထံ၊ မှန်ကန်၏။ အဝိတထံ၊ မချွတ်မလွဲ ဖြစ်၏။ အနညထံ၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ "အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယောတိ တော်၊ ဆင်းရဲ၏ ဖြစ်ကြောင်း အစစ် သမုဒယသစ္စာမည်၏"ဟူသော ဤအရာသည်။ တထံ၊ ၏၊ အဝိတထံ၊ ၏။ အနညထံ၊ မဖြစ်။ "အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ တော်၊ ဆင်းရဲ၏ ချုပ်ရာအစစ် နိရောဓသစ္စာမည်၏"ဟူသော ဤအရာသည်။ တထံ၊ ၏။ အဝိတထံ၊ ၏။ အနညထံ၊ မဖြစ်။ "အယံ၊ ဤအင်္ဂါ ရှစ်ပါးရှိသော မဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ တော်၊ ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်အစစ် မဂ္ဂသစ္စာမည်၏"ဟူသော ဤအရာသည်။ တထံ၊ မှန်ကန်၏။ အဝိတထံ၊ မချွတ်မလွဲဖြစ်၏။ အနညထံ၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။

---

၁။ ဒုက္ခသဘော ဒုက္ခသမုဒယသဘော ဒုက္ခနိရောဓသဘော ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသဘောကို မစွန့်ခြင်းသည် တထ၊

ဒုက္ခသဘော စသည်၏ အချည်းနှီးမဖြစ်ခြင်းသည် အဝိတထ၊

ဒုက္ခသဘော စသည်မှ တပါးသော သဘောသို့မရောက်ခြင်းသည် အနညထ မည်၏။ ဋ္ဌ, ဋီ ၌။

ဘိက္ခဝေ၊ တို့။ စတ္တာရိ၊ ၄-ပါးကုန်သော။ ဣမာနိ ခေါ၊ ဤအရာတို့သည်။ တထာနိ၊ မှန်ကန်ကုန်၏။ အဝိတထာနိ၊ မချွတ်မလွဲကုန်။ အနညထာနိ၊ တပါးသော အခြင်းအရာ အားဖြင့်။ မဖြစ်ကုန်။

(တသ္မာတိဟ စသည် ၂ပါးမြဲ။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ဒုတိယော၊ ၂-ဝဂ်မြောက်ဖြစ်သော။

ဓမ္မစက္ကပ္ပဝတ္တနဝဂ္ဂေါ၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ်တည်း။

တဿ၊ ထိုဓမ္မစက္ကပ္ပဝတ္တနဝဂ်၏။ ဥဒ္ဒါန်၊ ဥဒ္ဒါန်းကား—

ဓမ္မစက္ကံ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်ရင်း။ တထာဂတံ၊ တထာဂတသုတ်ရင်း။ ခန္ဓာ၊ ခန္ဓသုတ်ရင်း။ အာယတနေန စ၊ အဇ္ဈတ္တိကာယတနသုတ်ရင်း၊ ဒွေ ဓာရဏာ စ၊ ပဌမဓာရဏသုတ်, ဒုတိယဓာရဏသုတ် ၂-သုတ်တို့ရင်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသုတ်ရင်း။ ဝိဇ္ဇာ၊ ဝိဇ္ဇာသုတ်ရင်း။ သင်္ကာသနာ၊ သင်္ကာသနသုတ်ရင်း။ တထာ၊ တထသုတ်ရင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၃-ကောဋိဂါမဝဂ်

### ၁-ပဌမကောဋိဂါမသုတ်

၁၀၉၁။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝဇ္ဇီသု၊ ဝဇ္ဇီတိုင်း၌။ ကောဋိဂါမေ၊ ကောဋိရွာ၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ၄-ပါးကုန်သော။ အရိယသစ္စာနံ၊ ဘုရားစသော အရိယာတို့ သိအပ်သော သစ္စာတို့ကို။ အနနုဗောဓာ၊ ဝိပဿနာဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်[၁]။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်သော။ အဒ္ဓါနံ၊ ဤကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်ရင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်ရင်း။ သန္ဓာဝိတံ၊ အဖန်ဖန် ပြေးသွားဘူးလှလေပြီ။ သံသရိတံ၊ အဖန်ဖန် ကျင်လည်ဘူးလှလေပြီ။ ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့ကိုနည်း။ ဘိက္ခဝေ၊ တို့။ ဒုက္ခဿ၊ ဆင်းရဲအစစ်ဖြစ်သော။ အရိယသစ္စဿ၊ ဘုရားစသော အရိယာတို့သိအပ်သော သစ္စာကို။ အနနုဗောဓာ၊ ကြောင့်။ အပ္ပဋိဝေဓာ၊ ကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်သော။ ဣဒံ အဒ္ဓါနံ၊ ဤကာလပတ်လုံး။ မမဉ္စေဝ၊ သည်ရင်း။ တုမှာကဉ္စ၊ တို့သည်ရင်း။ သန္ဓာဝိတံ၊ ပြီ။ သံသရိတံ၊ ပြီ။ ဒုက္ခသမုဒယဿ၊ ဆင်းရဲ၏ဖြစ်ကြောင်း အစစ်ဖြစ်သော။ အရိယသစ္စဿ၊ ကို။ ပ။ ဒုက္ခနိရောဓဿ၊ ဆင်းရဲ၏ချုပ်ရာအစစ်ဖြစ်သော။ အရိယသစ္စဿ၊ ကို။ ပ။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်အစစ်ဖြစ်သော။ အရိယသစ္စဿ၊ ကို။ အနနုဗောဓာ၊ ကြောင့်။ အပ္ပဋိဝေဓာ၊ ကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊

---

[၁]။ အနနုဗောဓာတိ ပဋိဝေဓသာ အနနုဗုဇ္ဈနဘာဝေန။ အပ္ပဋိဝေဓာတိ သစ္စာနံ ပဋိမုခံ ဝေဓာဘာဝေန။ ၌။ အနနုဗောဓာ၊ မဂ်ဉာဏ်အားလျော်သော သိခြင်း၏မရှိသောကြောင့်။ အပ္ပဋိဝေဓာ၊ သစ္စာတို့ကို ရှေးရှု ထိုးထွင်း၍သိခြင်း၏ မရှိခြင်းကြောင့်-ဟု ဤရှိ အတိုင်းသော်လည်း သမွန်။

သော။ ဤသို့ အဓွါနံ၊ ဤကာလပတ်လုံး။ မမဉ္စေဝ၊ သည်ငါ့ငါး။ တုမှာကဉ္စ၊ တို့သည်ငါး။ သန္ဓာဝိတံ၊ ပြီ။ သံသရိတံ၊ ပြီ။ ဘိက္ခဝေ၊ တို့။ တယိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခအရိယသစ္စာကို။ (မမဉ္စေဝ၊ သည်ငါ့ငါး။ တုမှာကဉ္စ၊ တို့သည်ငါး။) အနုဗုဒ္ဓံ၊ ဝိပဿနာဉာဏ်ဖြင့် လျော်စွာသိအပ်ပြီ။ ပဋိဝိဒ္ဓံ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ တယိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုသမုဒယအရိယသစ္စာကို။ပ။ တယိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုနိရောဓအရိယသစ္စာကို။ပ။ တယိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုမဂ္ဂအရိယသစ္စာကို။ (မမဉ္စေဝ၊ သည်ငါ့ငါး။ တုမှာကဉ္စ၊ တို့သည်ငါး။) အနုဗုဒ္ဓံ၊ ပြီ။ ပဋိဝိဒ္ဓံ၊ ပြီ။ ဘဝတဏှာ၊ ဘဝ၌ တွယ်တာသော တဏှာကို။ ဥစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်အပ်ပြီ။ ဘဝနေတ္တိ၊ ယန္တရားကြိုးနှင့်တူသော သတ္တဝါတို့ကို ဘဝသို့ဆွဲဆောင်တတ်သော တဏှာသည်။ ခီဏာ၊ ကုန်ပြီ[၁]။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဘဝ (ဘဝသစ်) သည်။ နတ္ထိတိ၊ မရှိ" ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤတရားစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ သုဂတော၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤတရားစကားကို။ ဝတွာန၊ မိန့်တော်မူပြီး၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အထာပရံ၊ ထိုမှတပါးသော—

"စတုန္နံ၊ ၄-ပါးကုန်သော။ (ယေသံ) အရိယသစ္စာနံ၊ အကြင်အရိယသစ္စာတို့ကို။ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဒဿနာ၊ မသိမမြင်ခြင်းကြောင့်။ (မမဉ္စေဝ၊ ငါဘုရားသည်ငါး။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်ငါး။) တာသု တာသွေဝ ဇာတီသု၊ ထိုထိုဘဝတို့၌သာလျှင်။ ဒီဃံ၊ ရှည်သော။ အဒ္ဓါနံ၊ ကာလပတ်လုံး။ သံသိတံ၊ ကျင်လည်ဘူးလှလေပြီ။

တာနိ ဧတာနိ၊ ထိုအရိယသစ္စာ ၄-ပါးတို့ကို။ (မမဉ္စေဝ၊ ငါဘုရားသည်ငါး။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်ငါး။) ဒိဋ္ဌာနိ၊ သိမြင်အပ်ကုန်ပြီ။ ဘဝနေတ္တိ၊ ယန္တရားကြိုးနှင့်တူသော သတ္တဝါတို့ကို ဘဝသို့ ဆွဲဆောင်တတ်သော တဏှာကို။ သမူဟတာ၊ ပယ်နုတ်အပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ မူလံ၊ အကြောင်းရင်းတဏှာကို။ ဥစ္ဆိန္နံ၊ အကြွင်းမဲ့ဖြတ်အပ်ပြီ။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဘဝ(ဘဝသစ်)သည်။ နတ္ထိတိ၊ မရှိ" ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဒုတိယကောဋိဂါမသုတ်

၁၀၉၂။ ဘိက္ခဝေ၊ တို့။ ယေ ဟိ ကေစိ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်ငါး။ ယေ ဟိ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်ငါး။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားအပေါင်းသည်။ ဒုက္ခန္တိ၊ ဒုက္ခသစ္စာမည်၏" ဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ နပ္ပဇာနန္တိ၊ မသိကုန်။ "အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယောတိ၊ သမုဒယသစ္စာမည်၏" ဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ နပ္ပဇာနန္တိ၊ မသိကုန်။ "အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ၊ နိရောဓသစ္စာမည်၏" ဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ နပ္ပဇာနန္တိ၊

၁။ ဘဝံ (သဗ္ဗေ) နေတိတိ-ဘဝနေတ္တိ ဟု ပြု။ ဘဝနေတ္တိတိ ဘဝရဇ္ဇု၊ သံ-ဋ္ဌ ၂-၃၁၈။ ယန္တရဇ္ဇု ဝိယ ဘဝပဗန္ဓဿ နယနတော ဘဝရဇ္ဇူတိ တဏှာ ဝုတ္တာ။ သံ-ဋီ ၂-၂၆၂။

မသိကုန်။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသော မဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ မဂ္ဂသစ္စာမည်၏" ဟူ၍။ ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ နပ္ပဇာနန္တိ၊ မသိကုန်။ ဘိက္ခဝေ၊ တို့။ မေ၊ ငါဘုရားသည်။ တေ သမဏာ ဝါ၊ ထိုရဟန်းတို့ကိုရင်း။ တေ ဗြာဟ္မဏာ ဝါ၊ ထိုပုဏ္ဏားတို့ကိုရင်း။ သမဏေသု ဝါ၊ ရဟန်းတို့၌မူလည်း။ န သမဏသမ္မတာ၊ ရဟန်းဟု မသမုတ်အပ်ကုန်။ ဗြာဟ္မဏေသု ဝါ၊ ပုဏ္ဏားတို့၌မူလည်း။ န ဗြာဟ္မဏသမ္မတာ၊ ပုဏ္ဏားဟု မသမုတ်အပ်ကုန်။ တေ အာယသ္မန္တော၊ ဤအရှင်တို့သည်။ သာမညတ္ထံ ဝါ၊ ရဟန်း၏အဖြစ် မဂ်၏အကျိုးဖြစ်သော ဖိုလ်ကိုရင်း။ ဗြဟ္မညတ္ထံ ဝါ၊ မြတ်သည်၏အဖြစ် မဂ်ဖြင့်ကပ်ရောက်အပ် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကိုရင်း။ ဒိဋ္ဌေဝ ဓမ္မေ၊ ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ န စ ပန ဝိဟရန္တိ၊ မနေကြရကုန်။

ဘိက္ခဝေ၊ တို့။ ယေ စ ခေါ ကေစိ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်ရင်း။ ယေ စ ခေါ ကေစိ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်ရင်း။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရား အပေါင်းသည်။ ဒုက္ခန္တိ၊ ဒုက္ခသစ္စာမည်၏" ဟူ၍။ ယထာဘူတံ၊ အတိုင်း။ ပဇာနန္တိ၊ ကုန်၏။ "အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယောတိ၊ သမုဒယသစ္စာမည်၏"ဟူ၍။ ယထာဘူတံ၊အတိုင်း။ ပဇာနန္တိ။ ကုန်၏။ "အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ၊ နိရောဓသစ္စာမည်၏"ဟူ၍။ ပဇာနန္တိ၊ ကုန်၏။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသောမဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ မဂ္ဂသစ္စာမည်၏"ဟူ၍။ ပဇာနန္တိ၊ သိကုန်၏။ ဘိက္ခဝေ၊ တို့။ မေ၊ ငါဘုရားသည်။ တေ ခေါ သမဏာ ဝါ၊ ထိုရဟန်းတို့ကိုရင်း။ တေ ခေါ ဗြာဟ္မဏာ ဝါ၊ ထိုပုဏ္ဏားတို့ကိုရင်း။ သမဏေသု စေဝ၊ ရဟန်းတို့၌မူလည်း။ သမဏသမ္မတာ၊ ရဟန်းဟု သမုတ်အပ်ကုန်၏။ ဗြာဟ္မဏေသု စ၊ ပုဏ္ဏားတို့၌မူလည်း။ ဗြာဟ္မဏသမ္မတာ၊ ပုဏ္ဏားဟု သမုတ်အပ်ကုန်၏။ တေ စ ပန အာယသ္မန္တော၊ ထိုအရှင်တို့သည်။ သာမညတ္ထဉ္စ၊ ရဟန်းအဖြစ် မဂ်၏အကျိုးဖြစ်သော ဖိုလ်ကိုရင်း။ ဗြဟ္မညတ္ထဉ္စ၊ မြတ်သည်၏အဖြစ် မဂ်ဖြင့် ကပ်ရောက်အပ် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကိုရင်း။ပ။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရန္တိ၊ နေရကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ (ဤသုတ် သမဏသမ္မတာ ဗြာဟ္မဏသမ္မတာတို့၌=ရဟန်းပုဏ္ဏားဟူသည် အရိယာပုဂ္ဂိုလ်တည်း။)

(ဣဒမဝေါစ စသည် ပေးမြဲ။) သတ္ထာ၊ သည်။ အထာပရံ၊ ထိုမှတပါးသော—

ယေ၊ အကြင်ရဟန်းပုဏ္ဏားတို့သည်။ ဒုက္ခံ၊ ဆင်းရဲကိုရင်း။ အထော၊ ထို့ပြင်။ ဒုက္ခဿ၊ ဆင်းရဲ၏။ သမ္ဘဝံ၊ ဖြစ်ကြောင်းကိုရင်း။ ယတ္ထ စ၊ အကြင်နိဗ္ဗာန်၌လည်း။ အသေသံ၊ အကြွင်းမရှိသော။ ဒုက္ခံ၊ ဆင်းရဲသည်။ သဗ္ဗသော၊ အလုံးစုံသောအားဖြင့်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။ တဉ္စ၊ ထိုနိဗ္ဗာန်ကိုရင်း။ ဒုက္ခူပသမဂါမိနံ၊ ဆင်းရဲ၏ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ မဂ္ဂဉ္စ၊ လမ်းကိုရင်း။ နပ္ပဇာနန္တိ၊ မသိကုန်။

တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ စေတောဝိမုတ္တိဟီနာ၊ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိ (ဖလသမာပတ်)မှ ယုတ်ကုန်၏။ အထော၊ ထို့ပြင်။ ပညာဝိမုတ္တိယာ၊ အရဟတ္တဖိုလ်နှင့် ယှဉ်သောပညာမှ။ ဟီနာ၊ ယုတ်ကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ အန္တကိရိယာယ၊ ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ။ အဘဗ္ဗာ၊ မထိုက်ကုန်။ တေ၊ ထို ရဟန်းပုဏ္ဏားတို့သည်။ ဝေ စင်စစ်။ ဇာတိဇရူပဂါ၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ ကပ်ရောက်ရကုန်၏။

ယေ စ၊ အကြင်ရဟန်းပုဏ္ဏားတို့သည်ကား။ ဒုက္ခံ၊ ဆင်းရဲကိုငှင်း။ အဘော၊ ထိုးဖြင်း။ ဒုက္ခဿ၊ ဆင်းရဲ၏။ သမ္ဘဝံ၊ ဖြစ်ကြောင်းကိုငှင်း။ ယတ္ထ စ၊ အကြင် နိဗ္ဗာန်၌လည်း။ အသေသံ၊ အကြွင်းမရှိသော။ ဒုက္ခံ၊ ဆင်းရဲသည်။ သဗ္ဗသော၊ အလုံးစုံသောအားဖြင့်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။ တဉ္စ၊ ထိုနိဗ္ဗာန်ကိုငှင်း။ ဒုက္ခူပသမဂါမိနံ၊ ဆင်းရဲ၏ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ မဂ္ဂံ၊ လမ်းကိုငှင်း။ ပဇာနန္တိ၊ သိကုန်၏။

တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ စေတောဝိမုတ္တိသမ္ပန္နာ၊ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိနှင့် ပြည့်စုံကုန်၏။ အထော၊ ထိုပြင်။ ပညာဝိမုတ္တိယာ၊ အရဟတ္တဖိုလ်နှင့် ယှဉ်သောပညာနှင့်။ (သမ္ပန္နာ၊) ပြည့်စုံကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ အန္တကိရိယာယ၊ ဆင်းရဲ၏အဆုံးကိုပြုခြင်းငှါ။ ဘဗ္ဗာ၊ ထိုက်ကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ န ဇာတိဇရူပဂါတိ၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မကပ်ရောက်ကုန်ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-သမ္မာသမ္ဗုဒ္ဓသုတ်

၁၀၉၃။ (သာဝတ္ထိနိဒါန်-မှ စ၍ ဣမာနိ ခေါ။ပ။ အရိယသစ္စာနိ-အထိ ပေးမြဲ။) ဘိက္ခဝေ၊ တို့။ စတ္တာရိ၊ ၄-ပါးကုန်သော။ ဣမာနိ ခေါ အရိယသစ္စာနိ၊ ဤအရိယသစ္စာတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဘိသမ္ဗုဒ္ဓတ္တာ၊ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်သိတော်မူသည်၏ အဖြစ်ကြောင့်။ တထာဂတော၊ ငါဘုရားကို။ အရဟံ၊ ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(တဿာတိဟ-စသည် ပေးမြဲ။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-အရဟန္တသုတ်

၁၀၉၄။ သာဝတ္ထိနိဒါန်၊ တည်း။ ဘိက္ခဝေ၊ တို့။ အတီတံ အဒ္ဓါနံ၊ အတိတ်အခါ၌။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ ယေ ဟိ ကေစိ သမ္မာသမ္ဗုဒ္ဓါ၊ အကြင် ဘုရားရှင်တို့သည်။ ယထာဘူတံ၊ အတိုင်း။ အဘိသမ္ဗုဇ္ဈိံသု၊ ထူးသောဉာဏ်ဖြင့်သိကုန်ပြီ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုဘုရားရှင်တို့သည်။ စတ္တာရိ၊ ၄-ပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ယထာဘူတံ၊ အတိုင်း။ အဘိသမ္ဗုဇ္ဈိံသု၊ ကုန်ပြီ။ (အနာဂတ်ဝါကျ ပစ္စုပ္ပန်ဝါကျများနှင့် ကြွင်းဝါကျဟူသမျှသည် တူပြီ။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-အာသဝက္ခယသုတ်

၁၀၉၅။ ဘိက္ခဝေ၊ တို့။ အဟံ၊ ငါဘုရားသည်။ ဇာနတော၊ သိသောသူ၏။ ပဿတော၊ မြင်သောသူ၏။ အာသဝါနံ ခယံ၊ အာသဝတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို။

ဝဒါမိ၊ ဟောတော်မူ၏။ အဇာနတော၊ မသိသောသူ၏။ အပဿတော၊ မမြင်သောသူ၏။ အာသဝါနံ ခယံ၊ အာသဝတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို။ နော ဝဒါမိ၊ ဟောတော်မမူ၊ ဘိက္ခဝေ၊ တို့။ ကိဉ္စ၊ အဘယ်သို့လျှင်။ ဇာနတော၊ သိသောသူ၏။ ပဿတော၊ မြင်သောသူ၏။ အာသဝါနံ ခယော၊ အာသဝတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ တို့။ "ဣဒံ၊ ဤလောကမှ တပါးသော လောကီတရားအပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲအစစ်ဒုက္ခသစ္စာမည်၏" ဟူ၍။ ဇာနတော၊ ၏။ ပဿတော၊ ၏။ အာသဝါနံ ခယော၊ သည်။ ဟောတိ၊ ၏။ (ကြွင်း သစ္စာ ၃-ပါးတို့၌လည်း နည်းမှီး၍ ပေးလေ။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့။ ဇာနတော၊ ၏။ ဧဝံ၊ ဤသို့။ ပဿတော၊ ၏။ အာသဝါနံ ခယော၊ သည်။ ဟောတိ၊ ၏။ (တသ္မာတိဟ စသည် ပေးမြဲ။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

### ၆-မိတ္တသုတ်

၁၀၉၆။ ဘိက္ခဝေ၊ တို့။ ယေ ဟိ ကေစိ၊ အကြင် သူတို့ကို။ အနုကမ္ပေယျာထ၊ အစဉ်သနားစောင့်ရှောက်လိုကုန်ငြားအံ့။ မိတ္တာ ဝါ၊ အာမိသသုံးရန် တဦးအိမ်၌ တဦးကို ခေါ်ဖိတ်သည့် မိတ်ဆွေလည်းဖြစ်ကုန်သော။ အမစ္စာ ဝါ၊ ခေါ်ဝေါ်ပြောဆိုနေထိုင်သွားလာ အရာရာကိစ္စ အတူတကွဖြစ်နေသည့် မိတ်ဆွေလည်းဖြစ်ကုန်သော။ ဉာတီ ဝါ၊ လက်ထပ်ထိမ်းမြား သွေးသား ရောရှက် ယောက္ခမဘက်တိုး ဆွေမျိုးလည်းဖြစ်ကုန်သော။ သာလောဟိတာ ဝါ၊ သွေးတူ သားချင်းလည်းဖြစ်ကုန်သော။ ဝါ၊ ယောနိဆက်သွယ် သွေးနွှယ်မကင်း တအူတုံဆင်းလည်းဖြစ်ကုန်သော။ ယေ ဧ၊ အကြင်သူတို့သည်လည်း။ သောတဗ္ဗံ၊ နားထောင်ထိုက်၏ ဟူ၍။ မညေယျုံ၊ မှတ်ထင်ကုန်ငြားအံ့။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်ချစ်သားတို့သည်။ တေ၊ ထိုသူတို့ကို။ (စာပိုဒ် ၁၀၁၂-ပဉ္စမ မိတ္တာမစ္စသုတ်၌--ဝေါ သဒ္ဒါမပါ၊ ဤနှင့်အလားတူပင်။) စတုန္နံ၊ ၄-ပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ အဘိသမယာယ၊ ထိုးထွင်း၍ သိခြင်းငှါ။ သမာဒပေတဗ္ဗာ၊ ~ ဆောက်တည်စေအပ် တိုက်တွန်းအပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ သက်ဝင်၍နေစေအပ်ကုန်၏။ ပတိဋ္ဌာပေတဗ္ဗာ၊ တည်စေအပ်ကုန်၏။

ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့ကိုနည်း။ ဒုက္ခဿ၊ ဆင်းရဲအစစ်ဖြစ်သော။ အရိယသစ္စဿ၊ အရိယသစ္စာကိုငှင်း။ ဒုက္ခသမုဒယဿ အရိယသစ္စဿ၊ သမုဒယ အရိယသစ္စာကိုငှင်း။ ဒုက္ခနိရောဓဿ အရိယသစ္စဿ၊ နိရောဓ အရိယသစ္စာကိုငှင်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အရိယသစ္စဿ၊ မဂ္ဂအရိယသစ္စာကိုငှင်းတည်း။ (အကြွင်း နိဒါန်းနှင့် တူ၏။ တသ္မာတိဟ စသည် ပေးလေ။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

### ၇-တထသုတ်

၁၀၉၇။ (စတ္တာရိမာနိ မှစ၍ ပဋိပဒါ အရိယသစ္စံအထိ ပေးမြဲ။)

ဘိက္ခဝေ၊ တို့။ စတ္တာရိ၊ ၄-ပါးကုန်သော။ ဣမာနိ ခေါ အရိယသစ္စာနိ၊ ဤအရိယသစ္စာတို့သည်။ တထာနိ၊ မှန်ကုန်၏။ အဝိတထာနိ၊ မချွတ်ယွင်းကုန်။ အနညထာနိ၊ တပါးသော အခြင်း

အရာအားဖြင့် မဖြစ်ကုန်။ တသ္မာ၊ ထိုကြောင့်။ အရိယသစ္စာနိတိ၊ ဘုရားရှင်တို့၏သစ္စာတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ (တသ္မာတိဟ စသည် ပေးမြဲ။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-လောကသုတ်

၁၀၉၈။ (စတ္တာရိမာနိ မှစ၍ ပဋိပဒါ အရိယသစ္စံအထိ ပေးမြဲ။)

သဒေဝကေ၊ အရူပါဝစရဗြဟ္မာပြည်နှင့်တကွဖြစ်သော။ သမာရကေ၊ နတ်ပြည် ၆-ထပ်နှင့်တကွဖြစ်သော။ သဗြဟ္မကေ၊ ရူပါဝစရဗြဟ္မာပြည်နှင့်တကွဖြစ်သော။ လောကေ၊ နတ်ဗြဟ္မာလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်းပုဏ္ဏားတို့နှင့်တကွဖြစ်သော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်ဟူသော လူမင်းကြွင်းသောလူနှင့်တကွ ဖြစ်သော။ ပဇာယ၊ မနုဿလောက၌။ တထာဂတော၊ ငါဘုရားသည်။ အရိယော၊ အရိယမည်၏။ တသ္မာ၊ ထိုကြောင့်။ အရိယသစ္စာနီတိ၊ (ဘုရားရှင်သည် သိအပ် ဟောအပ်သော သစ္စာတို့ဖြစ်ခြင်းကြောင့်)၊ ဘုရားရှင်၏ဥစ္စာဖြစ်သော သစ္စာတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ (တသ္မာတိဟ စသည် ပေးမြဲ။)

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ပရိဉ္ဉေယျသုတ်

၁၀၉၉။ (စတ္တာရိမာနိ မှစ၍ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိ အထိ ပေးမြဲ။) ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ၄-ပါးကုန်သော။ ဣမေသံ ခေါ အရိယသစ္စာနံ၊ ဤအရိယသစ္စာတို့တွင်။ ပရိဉ္ဉေယျံ၊ ပိုင်းခြား၍သိထိုက်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ အတ္ထိ၊ ရှိ၏။ ပဟာတဗ္ဗံ၊ ပယ်ထိုက်သော။ အရိယသစ္စံ၊ သည်။ အတ္ထိ၊ ၏။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုထိုက်သော။ အရိယသစ္စံ၊ သည်။ အတ္ထိ၊ ၏။ ဘာဝေတဗ္ဗံ၊ ပွါးထိုက်သော။ အရိယသစ္စံ၊ သည်။ အတ္ထိ၊ ၏။

ဘိက္ခဝေ၊ တို့။ ကတမဥ္စ အရိယသစ္စံ၊ အဘယ်အရိယသစ္စာသည်။ ပရိဉ္ဉေယျံ၊ ပိုင်းခြား၍ သိထိုက်သနည်း။ ဘိက္ခဝေ၊ တို့။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခအရိယသစ္စာသည်။ ပရိဉ္ဉေယျံ၊ ပိုင်းခြား၍ သိထိုက်၏။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ သည်။ ပဟာတဗ္ဗံ၊ ပယ်ထိုက်၏။ (ဤ၌ ကတမဥ္စ ဘိက္ခဝေ အရိယသစ္စံ ပဟာတဗ္ဗံ ဟူသော အမေးဝါကျလိုမည်ထင်၏။ နောက် သစ္ဆိကာတဗ္ဗံ ဘာဝေတဗ္ဗံ တို့၌လည်း ထိုအတူပင် လိုမည်ထင်၏။) ဒုက္ခနိရောဓံ အရိယသစ္စံ၊ သည်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုထိုက်၏။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ သည်။ ဘာဝေတဗ္ဗံ၊ ပွါးထိုက်၏။ (တသ္မာတိဟစသည် ပေးမြဲ။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

---

၁။ အရိယာနံ သစ္စာနိ အရိယသစ္စာနိဟူ၍၊ အရိယာနံ၊ ဘုရားရှင်တို့၏။ သစ္စာနိ၊ သစ္စာတို့သည်။ အရိယသစ္စာနိ၊ ဘုရားရှင်တို့၏ သစ္စာတို့။ အရိယသစ္စာနီတိ အရိယာနံ သစ္စာနိ။ ဌ။ အရိယာနဉ္စ ဖုဒ္ဓါနံ အရိယာနံ။ ဋီ။

## ၁၀-ဂဝမ္ပတိသုတ်

၁၁၀၀။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ ထေရာ၊ မထေရ်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ စေတေသု၊ စေတတိုင်း၌။ သဟဉ္စနိကေ၊ သဟဉ္စနိက မြို့၌။ ဝိဟရန္တိ၊ နေကုန်၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ သမ္ဗဟုလာနံ၊ များစွာကုန်သော။ ထေရာနံ၊ မထေရ်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့သည်။ ပစ္ဆာဘတ္တံ၊ ဆွမ်းဘုဉ်းပေးပြီးသည်မှ နောက်အဖို့၌။ ပိဏ္ဍပါတပဋိက္ကန္တာနံ၊ ဆွမ်းစားရာအရပ်မှ ဖဲကုန်သည်ဖြစ်၍။ မဏ္ဍလမာဠေ၊ ညီမှုခံရာ တန်ဆောင်းဝန်း၌။ သန္နိသိန္နာနံ၊ အညီအညွတ် ထိုင်နေကုန်စဉ်။ သန္နိပတိတာနံ၊ အညီအညွတ် စည်းဝေးနေကုန်စဉ်။ (ပိဏ္ဍပါတပဋိက္ကန္တာနံ၊ ကုန်သော။ သန္နိသိန္နာနံ၊ ကုန်သော။ သန္နိပတိတာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့၏။ ဟူ၍သော်လည်း ပေး။)"အာဝုသော၊ ငါ့ရှင်တို့။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ ဒုက္ခသမုဒယမ္ပိ၊ ဆင်းရဲ၏ဖြစ်ကြောင်းကိုလည်း။ ပဿတိ နု ခေါ၊ မြင်နိုင်ပါသလော။ ဒုက္ခနိရောဓမ္ပိ၊ ဆင်းရဲ၏ ချုပ်ရာကိုလည်း။ ပဿတိ နု ခေါ၊ မြင်နိုင်ပါသလော။ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒမ္ပိ၊ ဆင်းရဲ၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်း။ ပဿတိ နု ခေါတိ၊ မြင်နိုင်ပါသလော"ဟူသော။ အယံ အန္တရာကထာ၊ ဤစကားအမျိုးမျိုးတို့၏ ကြား၌ဖြစ်ပေါ်လာသော စကားသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

၁၁၁၈။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ အယံ မဟာပထဝီ၊ ဤစကြဝဠာတိုက်အတွင်းရှိ မြေကြီးသည်။ ဧကောဒကာ၊ တပြင်တည်းသောရေရှိသည်။ အဿ၊ ဖြစ်ရာ၏။ (ဤမဟာပထဝီ မြေကြီးသည် ရေပြင်ချည်းသာ ဖြစ်ငြားအံ့ ဟူလို။) တတြ၊ ထိုရေပြင်ကြီးထဲ၌။ ပုရိသော၊ သည်။ ဧကစ္ဆိဂ္ဂဠံ၊ အပေါက်တပေါက်သာရှိသော။ ယုဂံ၊ ထမ်းပိုးကို။ ပက္ခိပေယျ၊ ပစ်ချရာ၏။ တမေနံ၊ ထိုထမ်းပိုးကို။ ပုရတ္ထိမော၊ အရှေ့မှလာသော။ ဝါတော၊ လေသည်။ ပစ္ဆိမေန၊ အနောက်အရပ်၌။ သံဟရေယျ၊ စုရာ၏။ ပစ္ဆိမော၊ အနောက်မှလာသော။ ဝါတော၊ လေသည်။ ပုရတ္ထိမေန၊ အရှေ့ အရပ်၌။ သံဟရေယျ၊ စုရာ၏။ ဥတ္တရော၊ မြောက်မှလာသော။ ဝါတော၊ လေသည်။ ဒက္ခိဏေန၊ တောင်အရပ်၌။ သံဟရေယျ၊ စုရာ၏။ ဒက္ခိဏော၊ တောင်အရပ်မှလာသော။ ဝါတော၊ လေသည်။ ဥတ္တရေန၊ မြောက်အရပ်၌။ သံဟရေယျ၊ စုရာ၏။ တတြ၊ ထိုရေပြင်ကြီး၌။ ကာဏော၊ မျက်စိ ၂-ဘက်ကန်းသော။ ကစ္ဆပေါ၊ လိပ်သည်။ အဿ၊ ရှိရာ၏။ သော၊ ထိုလိပ်ကန်းသည်။ ဝဿ-သတဿ ဝဿသတဿ၊ အနှစ်တရာ အနှစ်တရာ၏။ အစ္စယေန၊ လွန်သောအခါ၌။ သကိံ သကိံ၊ တကြိမ်တကြိမ်။ ဥမ္မုဇ္ဇေယျ၊ ပေါ်ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ထိုဝါဒရား မိန့်မည့်စကားကို။ ကိံ မညထ၊ အဘယ်သို့ မှတ်ထင်ဖြေဆိုကြမည်နည်း။ ကာဏော၊ မျက်စိ ၂-ဘက်ကန်းသော။ ကစ္ဆပေါ၊ လိပ်သည်။ ဝဿသတဿ ဝဿသတဿ၊ အနှစ်တရာ အနှစ်တရာ၏။ အစ္စယေန၊ လွန်သောအခါ၌။ သကိံ သကိံ၊ တကြိမ်တကြိမ်။ ဥမ္မုဇ္ဇန္တော၊ ပေါ်သည်ရှိသော်။ ဧကစ္ဆိဂ္ဂဠေ၊ အပေါက် တပေါက်သာရှိသော။ အမုသ္မိံ ယုဂေ၊ ထိုထမ်းပိုး၌။ ပဝေသေယျ အပိ နု ခေါ၊ သွင်းနိုင် စွပ်နိုင်ရာသလော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ သော ကာဏော ကစ္ဆပေါ၊ ထို လိပ်ကန်းသည်။ ဝဿသတဿ ဝဿသတဿ၊ ၏။ အစ္စယေန၊ ၌။ သကိံ သကိံ၊ ကြိမ်။ ဥမ္မုဇ္ဇန္တော၊ သော်။ ဧကစ္ဆိဂ္ဂဠေ၊ သော။ အမုသ္မိံ ယုဂေ၊ ၌။ ဂီဝံ၊ ကို။ ယံ ပဝေသေယျ၊ အကြင် သွင်းနိုင် စွပ်နိုင်ရာ၏။ ဣဒံ၊ (အနှစ်တရာ တရာရှိမှ ပေါ်လာသော လိပ်ကန်း၏ တပေါက်သာရှိသော ထမ်းပိုးပေါက်ထဲဝင်အောင်) ဤသွင်းနိုင် စွပ်နိုင်ခြင်းသည်။ အဓိစ္စံ၊ (ထမ်းပိုးမဆွေးခြင်း, ရေ-မခြောက်ခန်းခြင်း, လိပ်ကန်းမသေခြင်း ဟူသော) အကြောင်းညီညွတ်မှုဖြစ်နိုင်၏[၁]။ ဘိက္ခဝေ၊ တို့။ မနုဿတ္တံ၊ လူ၏အဖြစ်ကို။ ယံ လဘတိ၊ အကြင်ရ၏။ ဣဒံ၊ ဤလူ့အဖြစ်ကို ရခြင်းသည်။ ဧဝံ၊ ဤလိပ်ကန်း၏ထမ်းပိုးပေါက်တွင်း စွပ်မိခြင်းထက်။ အဓိစ္စံ၊ (အဓိစ္စတရံ)၊ သာ၍အကြောင်း ညီညွတ်မှုဖြစ်နိုင်၏။ ဘိက္ခဝေ၊ တို့။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊

၁။ အဓိစ္စန္တိ အဓိစ္စုပ္ပတ္တိကံ ။ ၄။ အဓိစ္စုပ္ပတ္တိကန္တိ ယဒိစ္ဆာဝသေန ဥပ္ပဇ္ဇနကံ ။ ၄ ။ အဓိစ္စ ဥပ္ပတ္တိကံ အာဓိစ္စံ။ အာကို အရှည်ပြု အဓိစ္စံ ပြီး၏။ အကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော အရာ ဟူလို။

ခပ်သိမ်းသော တရားတို့ကို အမှန်ကိုယ်တိုင်သိတော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ လောကေ၊ ၌။ ယံ ဥပ္ပင္နတိ၊ အကြင် ပွင့်တော်မူ၏။ ဣဒံ၊ ဤဘုရားပွင့်ခြင်းသည်။ ဧဝံ၊ ဤလိပ်ကန်း၏ ထမ်းပိုးပေါက်ထဲ စွပ်မိခြင်းထက်။ အဓိစ္စံ (အဓိစ္စတရံ)၊ သာ၍ အကြောင်းညီညွတ်မှ ဖြစ်နိုင်၏။ ဘိက္ခဝေ၊ တို့။ တထာဂတပ္ပဝေဒိတော၊ မြတ်စွာဘုရားသည် သိစေအပ် ဟောတော်မူအပ်သော။ ဓမ္မဝိနယော၊ သုတ်အဘိဓမ္မာဝိနည်းသည်။ လောကေ၊ ၌။ ယံ ဒိဗ္ဗတိ၊ အကြင်တောက်ပ၏။ ဣဒံ၊ ဤတရားတောက်ပခြင်းသည်။ ဧဝံ၊ ဤလိပ်ကန်း၏ ထမ်းပိုးပေါက်ထဲ စွပ်မိခြင်းထက်။ အဓိစ္စံ (အဓိစ္စတရံ)၊ သာ၍အကြောင်းညီညွတ်မှ ဖြစ်နိုင်၏။ (ဧဝံ သဒ္ဒါ ၃-ခု ဧဝံ၊ ဤနည်း အတူ။ဟု သော်လည်း ပေးနိုင်၏။ သို့သော် မလေးနက်။) ဘိက္ခဝေ၊ တို့။ တယိဒံ မနုဿတ္တံ၊ ထိုလူ့အဖြစ်ကို။ (တဿိဒံ ၌ တဿကား သင့်မည်မထင်။) လဒ္ဓံ၊ ရအပ်ပြီ။ အရဟံ၊ သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သော။ တထာဂတော၊ သည်။ လောကေ၊ ၌။ ဥပ္ပန္နော၊ ပွင့်တော်မူပြီ။ တထာဂတပ္ပဝေဒိတော၊ သော။ ဓမ္မဝိနယော စ၊ သည်လည်း။ လောကေ၊ ၌။ ဒိဗ္ဗတိ၊ တောက်ပ၏။

(တသ္မာတိဟ စသည် ပေးမြဲ။ ဣတိ၊ ဤသို့မိန့်တော်မူ၏။)

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ပဌမသိနေရုပဗ္ဗတရာဇသုတ်

၁၁၃၉။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပုရိသော၊ ယောကျ်ားသည်။ သိနေရုဿ ပဗ္ဗတရာဇဿ၊ မြင်းမိုရ်တောင်မင်း၏။ မုဂ္ဂမတ္တိယော၊ ပဲနောက်မျှ ပမာဏရှိကုန်သော။ သတ္တ၊ ခုနစ်လုံးကုန်သော။ ပါသာဏသက္ခရာ၊ ကျောက်စရစ်ခဲတို့ကို။ ဥပနိက္ခိပေယျ၊ အနီး၌ ချထားရာ၏။ (တံ ကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ဥပနိက္ခိတ္တာ၊ အနီး၌ ချထားအပ်ကုန်သော။ မုဂ္ဂမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ယာ ဝါ ပါသာဏသက္ခရာ၊ အကြင် ကျောက်စရစ်ခဲ တို့သည်လည်း။ (သန္တိ၊ ရှိကုန်၏။) ယော ဝါ သိနေရုပဗ္ဗတရာဇာ၊ အကြင် မြင်းမိုရ်တောင်မင်း သည်လည်း။ (အတ္ထိ၊ ရှိ၏။ တေသု၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ ခေါ၊ သာ၍ ကျောက်စရစ် များသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရှား။ ယဒိဒံ သိနေရုပဗ္ဗတရာဇာ၊ အကြင် မြင်းမိုရ်တောင်မင်းသည်။ (အတ္ထိ၊ ရှိ၏။) ဧတဒေဝ၊ ဤ မြင်းမိုရ် တောင်သည်သာလျှင်။ ဗဟုတရံ၊ ကျောက်စရစ်များ၏။ ဥပနိက္ခိတ္တာ၊ ကုန်သော။ မုဂ္ဂမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ အပ္ပမတ္တိကာ၊ အနည်းငယ်မျှ ပမာဏ ရှိကုန်၏။ ဥပနိက္ခိတ္တာ၊ ကုန်သော။ မုဂ္ဂမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ပါသာဏ-သက္ခရာ၊ တို့သည်။ သိနေရုံ ပဗ္ဗတရာဇာနံ၊ မြင်းမိုရ်တောင်မင်းကို။ ဥပနိဓာယ၊ ထောက်ဆသည် ရှိသော်။ သင်္ချံ၊ ရေတွက်အပ်သည်၏ အဖြစ်သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓံ၊ ထောက်ဆအပ်သည်၏ အဖြစ်သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ကလဘာဂမ္ပိ၊ တစိတ်အဖို့ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဣတိ၊ ဤသို့ ဖြေဆိုလျှောက်ထားကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အရိယသာဝကဿ၊ အရိယာသာဝကဖြစ်သော။ ဒိဋ္ဌိသမ္ပန္နဿ၊ မဂ်ပညာနှင့် ပြည့်စုံသော။ အဘိသမေတာဝိနော၊ သစ္စာ ၄-ပါးကို သိပြီးသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ယဒိဒံ (ဒုက္ခံ)၊ အကြင် ဆင်းရဲသည်။ ပရိက္ခီဏံ၊ ကုန်ပြီ။ ပရိယာဒိန္နံ၊ ခန်းပြီ။ ဧတဒေဝ ဒုက္ခံ၊ ဤကုန်ခန်းပြီးသော ဆင်းရဲသည်သာလျှင်။ ဗဟုတရံ၊ သာ၍များ၏။ အဝသိဋ္ဌံ၊ မကုန် ကြွင်းကျန်သော ဆင်းရဲသည်။ အပ္ပမတ္တကံ၊ အနည်းငယ်မျှသာရှိ၏။ ယဒိဒံ သတ္တက္ခတ္တုပရမံ၊

ခုနစ်ကြိမ် (၇-ဘ၀) အတိုင်း အရှည်ရှိသော သောတာပန်၏ အဖြစ်ဟူသော ဆင်းရဲသည်။ (ယဒိဒံ-ကား အနက်မဲ့။) ပုရိမံ၊ ရှေး (ပုထုဇဉ်ဘ၀) ၌ ဖြစ်သော။ ပရိက္ခီဏံ၊ ကုန်ပြီးသော။ ပရိယာဒိန္နံ၊ ခန်းပြီးသော။ ဒုက္ခက္ခန္ဓံ၊ ဆင်းရဲအစုကို။ ဥပနိဓာယ၊ သော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်။ ယော၊ ယင်းသောတာပန်သည်။ "ဣဒံ၊ သည်။ ဒုက္ခန္တိ၊ တည်း"ဟူ၍။ ပဇာနာတိ၊ ၏။ပ။ "အယံ၊ သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ တည်း"ဟူ၍။ ပဇာနာတိ၊ သိ၏။-

(တသ္မာတိဟ စသည် ပေးမြဲ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဒုတိယသိနေရုပဗ္ဗတရာဇသုတ်

၁၁၂၀။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ မုဂ္ဂမတ္တိယော၊ ပဲနောက်စေ့မျှ ပမာဏရှိကုန်သော။ သတ္တ၊ ၇-လုံးကုန်သော။ ပါသာဏသက္ခရာ၊ ကျောက်စရစ်ခဲတို့ကို။ ဌပေတွာ၊ ထား၍။ အယံ့ သိနေရုပဗ္ဗတရာဇာ၊ ဤမြင်းမိုရ်တောင်မင်းသည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ခန်းခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ (တံ ကိံ မညထ ဘိက္ခဝေ ပေးမြဲ။) သိနေရုဿ ပဗ္ဗတရာဇဿ၊ ၏။ ယံ ဝါ၊ အကြင်ကျောက်စရစ်ခဲသည်လည်း။ ပရိက္ခီဏံ၊ ကုန်ပြီ။ ပရိယာဒိန္နံ၊ ခန်းပြီ။ မုဂ္ဂမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ယာ ဝါ ပါသာဏသက္ခရာ၊ အကြင်ကျောက်စရစ်ခဲတို့သည်လည်း။ အဝသိဋ္ဌာ၊ ကြွင်းကျန်ကုန်၏။ (တေသု၊ ထိုကုန်ပြီးသော ကျောက်ခဲနှင့် ကျန်သော ကျောက်ခဲတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ သာ၍ များသနည်း။ ဘန္တေ၊ ဘုရား။ သိနေရုဿ ပဗ္ဗတရာဇဿ၊ ၏။ ယဒိဒံ၊ အကြင်ကျောက်စရစ်ခဲသည်။ ပရိက္ခီဏံ၊ ကုန်ပြီ။ ပရိယာဒိန္နံ၊ ခန်းပြီ။ ဧတဒေဝ၊ ဤကုန်ပြီးသော ကျောက်ခဲသည်သာလျှင်။ ဗဟုတရံ၊ သာ၍များ၏။ အဝသိဋ္ဌာ၊ ကြွင်းကျန်ကုန်သော။ မုဂ္ဂမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ အပ္ပမတ္တိကာ၊ အနည်းငယ်မျှသာရှိကုန်၏။ အဝသိဋ္ဌာ၊ ကုန်သော။ မုဂ္ဂမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ သိနေရုဿ ပဗ္ဗတရာဇဿ၊ ၏။ ပရိက္ခီဏံ၊ ကုန်ပြီးသော ကျောက်ခဲကို။ ပရိယာဒိန္နံ၊ ခန်းပြီးသော ကျောက်ခဲကို။ ဥပနိဓာယ၊ သော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ (ဧဝမေဝ ခေါ စသည် ပေးမြဲ။)

(တသ္မာတိဟ စသည်လည်း ပေးမြဲ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

### ပဌမော၊ ငါးဝဂ်မြောက်ဖြစ်သော။ ပပါတဝဂ္ဂေါ၊ ပပါတဝဂ်တည်း။

တဿ၊ ထိုပပါတဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

စိန္တာ၊ လောကစိန္တာသုတ်ငှင်း။ ပပါတော၊ ပပါတသုတ်ငှင်း။ ပရိဠာဟော၊ မဟာပရိဠာဟသုတ်ငှင်း။ ကူဋံ၊ ကူဋာဂါရသုတ်ငှင်း။ ဝါလံ၊ ဝါလသုတ်ငှင်း။ အန္ဓကာရော စ၊ အန္ဓကာရသုတ်ငှင်း။ ဆိဂ္ဂဠေန စ၊ ဆိဂ္ဂဠသဒ္ဒါဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်

ကုန်သော။ ဒွေ၊ ပဌမဆိဂ္ဂဋ္ဌယုဂသုတ်, ဒုတိယဆိဂ္ဂဋ္ဌယုဂသုတ် ၂-သုတ်တို့ရင်း။ အပရေ၊ တပါးကုန်သော။ ဒွေ၊ ပဌမ သိနေရုပဗ္ဗတရာဇသုတ်, ဒုတိယ သိနေရုပဗ္ဗတ-ရာဇသုတ် ၂-သုတ်တို့ရင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၆-အဘိသမယဝဂ်

### ၁-နခသိခသုတ်

၁၁၂၁။ အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိတ္တံ၊ အနည်းငယ်သော။ ပံသုံ၊ မြေမှုန့်(သဲ)ကို။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပေတွာ၊ တင်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ တို့။ တံ၊ ထိုငါဘုရားမိန့်မည့်စကားကို။ ကိံ မညထ၊ အဘယ်သို့ မှတ်ထင်ဖြေဆိုကြမည်နည်း။ မယာ၊ ငါဘုရားသည်။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပိတော၊ တင်ထားအပ်သော။ ပရိတ္တော၊ အနည်းငယ်သော။ ယော ဝါ အယံ ပံသု၊ အကြင် မြေမှုန့်(သဲ)သည်လည်း။ (အတ္ထိ၊ ရှိ၏။) အယံ ဝါ မဟာပထဝီ၊ ဤမြေကြီးသည်လည်း။ (အတ္ထိ၊ ၏။ တေသုံ၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ်တိ၊ များသနည်း"ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ ယဒိဒံ မဟာပထဝီ၊ အကြင်မြေကြီးသည်။ (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤမြေကြီးသည်သာလျှင်။ ဗဟုတရံ၊ သာ၍ များပါ၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နခသိခါယံ၊ ၌။ အာရောပိတော၊ သော။ ပရိတ္တော၊ သော။ အယံ ပံသု၊ ဤမြေမှုန့်သည်။ အပ္ပမတ္တကော၊ အနည်းငယ်မျှသာရှိ၏။ ဘဂဝတာ၊ သည်။ နခသိခါယံ၊ ၌။ အာရောပိတော၊ သော။ ပရိတ္တော၊ သော။ ပံသု၊ မြေမှုန့်သည်။ မဟာပထဝိံ၊ မြေကြီးကို။ ဥပနိဓာယ၊ ထောက်ဆသည်ရှိသော်။ သင်္ခမ္ပိ၊ ရေတွက်အပ်သည်၏အဖြစ်သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဥပနိမ္ပိ၊ ထောက်ဆအပ်သည်၏အဖြစ်သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ကလဘာဂမ္ပိ၊ တစိတ်အဖို့သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အရိယသာဝကဿ၊ အရိယာတပည့် ဖြစ်သော။ ဒိဋ္ဌိသမ္ပန္နဿ၊ မဂ်ပညာနှင့်ပြည့်စုံသော။ အဘိသမေတာဝိနော၊ သစ္စာ ၄-ပါးကို သိပြီးသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ယဒိဒံ(ဒုက္ခံ)၊ အကြင်ဆင်းရဲသည်။ ပရိက္ခီဏံ၊ ကုန်ပြီ။ ပရိယာ-ဒိန္နံ၊ ခန်းပြီ။ ဧတဒေဝ ဒုက္ခံ၊ ဤဆင်းရဲသည်သာလျှင်။ ဗဟုတရံ၊ သာ၍များ၏။ အဝသိဋ္ဌံ၊ ကြွင်းကျန်သော ဆင်းရဲသည်။ အပ္ပမတ္တကံ၊ အနည်းငယ်မျှသာရှိ၏။ ယဒိဒံ သတ္တက္ခတ္တုံပရမတာ၊ ၇-ကြိမ် (၇-ဘဝ) အတိုင်းအရှည်ရှိသော သောတာပန်၏အဖြစ် ဆင်းရဲသည်။ ပုရိမံ၊ ရှေး (ပုထုဇဉ်ဘဝ) ၌ဖြစ်သော။ ပရိက္ခီဏံ၊ ကုန်ပြီးသော။ ပရိယာဒိန္နံ၊ ခန်းပြီးသော။ ဒုက္ခက္ခန္ဓံ၊ ဆင်းရဲအစုကို။ ဥပနိဓာယ၊ ထောက်ဆသည်ရှိသော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်။ ဥပနိမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်။ ယော၊ ယင်းသောတာပန်သည်။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားအပေါင်းသည်။ ဒုက္ခန္တိ၊ ဆင်းရဲမည်၏" ဟု။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ပ။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသောမဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်မည်၏"ဟု။ ယထာဘူတံ၊ အတိုင်း။ ပဇာနာတိ၊ သိ၏။

(တသ္မာတိဟ စသည်ပေးမြဲ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။)

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ပေါက္ခရဏီသုတ်

၁၁၂၂။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ အာယာမေန၊ အလျားအားဖြင့်။ ပညာသ-ယောဇနာနိ၊ ယူဇနာ ၅၀-တိုင်အောင်။ ဝိတ္ထာရေန၊ အနံအားဖြင့်။ ပညာသယောဇနာနိ၊ ယူဇနာ ၅၀-တိုင်အောင်။ ဥဗ္ဗေဓေန၊ အစောက် (အနက်) အားဖြင့်။ ပညာသယောဇနာနိ၊ ယူဇနာ ၅၀-တိုင်အောင်။ ဥဒကဿ၊ ရေဖြင့်။ ပုဏ္ဏာ၊ ပြည့်သော။ သမတိတ္တိကာ၊ ညီမျှသောကမ်းရှိသော။ (ကမ်းနှင့်အညီ ရေပြည့်သော ဟူလို။) ကာကပေယျာ၊ ကျီးသည်သောက်နိုင်သော။ ပေါက္ခရဏီ၊ ရေကန်သည်။ (အဿ၊ ရှိရာ၏။) တတော၊ ထိုရေကန်မှ။ ပုရိသော၊ ယောကျ်ားသည်။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဥဒကံ၊ ရေကို။ ဥဒ္ဓရေယျ၊ ထုတ်ဆယ်ရာ၏။ (မြက်ဖျားရေနှစ်၍ ဆယ်ရာ၏ ဟူလို။ တံ ကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ကုသဂ္ဂေန၊ မြက်ဖျားဖြင့်။ ဥဗ္ဘတံ၊ ထုတ်ဆယ်အပ်သော။ ယံ ဝါ၊ အကြင်ရေသည်လည်း။ (အတ္ထိ၊ ရှိ၏။) ပေါက္ခရဏိယာ၊ ရေကန်ထဲ၌။ ယံ ဝါ ဥဒကံ၊ အကြင်ရေသည်လည်း။ (အတ္ထိ၊ ၏။ တေသု၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ သာ၍များသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရား။ ပေါက္ခရဏိယာ၊ ရေကန်ထဲ၌။ ယဒိဒံ ဥဒကံ၊ အကြင်ရေသည်။ (အတ္ထိ၊ ၏။) တဒေဝ၊ ဤရေကန်ထဲရှိရေသည်သာလျှင်။ ဗဟုတရံ၊ သာ၍များပါ၏။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဥဗ္ဘတံ၊ ထုတ်ဆယ်အပ်သော။ ဥဒကံ၊ ရေသည်။ အပ္ပမတ္တကံ၊ အနည်းငယ်မျှသာရှိပါ၏။ ကုသဂ္ဂေန၊ ဖြင့်။ ဥဗ္ဘတံ၊ သော။ ဥဒကံ၊ သည်။ ပေါက္ခရဏိယာ၊ ၌။ ဥဒကံ၊ ကို။ ဥပနိဓာယ၊ သော်။ သင်္ချမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဥပနိဓိမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဣတိ၊ ဤသို့ လျှောက်ထားကုန်၏။ (အကြွင်းပေးမြဲ။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ပဌမသံဘေဇ္ဇသုတ်

၁၁၂၃။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ယတ္ထ၊ အကြင်အရပ်၌။ ဣမာ မဟာနဒိယော၊ ဤမြစ်ကြီးတို့သည်။ သံသန္ဒန္တိ၊ ရောနှောမိကုန်၏။ သမေန္တိ၊ ပေါင်းဆုံမိကုန်၏။ ဣဒံ၊ ဤမြစ်ကြီးတို့သည်။ သေယျထာ၊ အဘယ်တို့နည်း။ ဂင်္ဂါ၊ ဂင်္ဂါမြစ်ရင်း။ ယမုနာ၊ ယမုနာမြစ်ရင်း။ အစိရဝတီ၊ အစိရဝတီမြစ်ရင်း။ သရဘူ၊ သရဘူမြစ်ရင်း။ မဟီ၊ မဟီမြစ်ရင်းတည်း။ တတော၊ ထိုအရပ်မှ။ ပုရိသော၊ ယောကျ်ားသည်။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ နှစ်ပေါက်သုံးပေါက်သော ရေပေါက်တို့ကို။ ဥဒ္ဓရေယျ၊ ထုတ်ဆယ်ရာ၏။ (တံ ကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ဥဗ္ဘတာနိ၊ ထုတ်ဆယ်အပ်ကုန်သော။ ယာနိ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ အကြင် နှစ်ပေါက်သုံးပေါက်သော ရေပေါက်တို့သည်လည်း။ (သန္တိ၊ ရှိကုန်၏။) ယံ ဝါ သံဘေဇ္ဇဥဒကံ၊ အကြင်ရောနှောအပ်သော (မြစ်ကြီးငါးစင်းမှ) ရေသည်လည်း။ (အတ္ထိ၊ ရှိ၏။ တေသု၊ ထိုဆယ်ထားသော ရေနှစ်ပေါက် သုံးပေါက်နှင့် မြစ်ကြီးငါးစင်းမှ ရောနှောသော ရေတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ သာ၍ များသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရား။ ယဒိဒံ သံဘေဇ္ဇဥဒကံ၊ အကြင် ရောနှောအပ်သော ရေသည်။ (အတ္ထိ၊ ၏။) တဒေဝ၊ ဤရေသည်သာလျှင်။ ဗဟုတရံ၊ သာ၍များပါ၏။ ဥဗ္ဘတာနိ၊ ထုတ်ဆယ်အပ်ကုန်သော၊ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ နှစ်ပေါက် သုံးပေါက်သော ရေပေါက်တို့သည်။ အပ္ပမတ္တကာနိ၊ အနည်းငယ်မျှသာ ရှိကုန်၏။ ဥဗ္ဘတာနိ၊ ကုန်သော။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ တို့သည်။ သံဘေဇ္ဇ-

ဥဒကာ၊ ရောနှောအပ်သော ရေကို။ ဥပနိဓာယ၊ သော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ (အကြွင်း ပေးမြဲ။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ဒုတိယသံဘေဇ္ဇသုတ်

၁၁၂၄။ (သေယျထာပိ မှစ၍ မဟီ အထိ ရှေးသုတ်အတိုင်းပေး။) တံ (တတော)၊ ထို အရပ်၌။ (ယတ္ထ အနိယမ၏ နိယမ။) ဥဒကာ၊ ရေသည်။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ ရေပေါက် ၂-ပေါက် ၃-ပေါက်တို့ကို။ ဌပေတွာ၊ ထား၍။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ခန်းခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ (တံ ကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ပရိက္ခီဏံ၊ ကုန်ပြီးသော။ ပရိယာဒိန္နံ၊ ခန်းပြီးသော။ ယံ ဝါ သံဘေဇ္ဇဥဒကံ၊ အကြင် ရောနှောအပ်သော ရေသည်လည်း။ (အတ္ထိ၊ ၏။) အဝသိဋ္ဌာနိ၊ ကြွင်းကျန်ကုန်သော။ ယာနိ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊အကြင်ရေနှစ်ပေါက် သုံးပေါက်တို့သည်လည်း။(သန္တိ၊ ကုန်၏။ တေသု၊ ထိုကုန်ပြီးသော ရေများနှင့် ကျန်သော ရေ ၂-ပေါက် ၃-ပေါက်တို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ရား။ ပရိက္ခီဏံ၊ သော။ ပရိယာဒိန္နံ၊ သော။ ယဒိဒံ (သံဘေဇ္ဇဥဒကံ)၊ အကြင် ရောနှောမိသော ရေသည်။ (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤရောနှောမိသော ရေသည်သာလျှင်။ ဗဟုတရံ၊ သာ၍ များ၏။ အဝသိဋ္ဌာနိ၊ ကုန်သော။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ တို့သည်။ အပ္ပမတ္တကာနိ၊ အနည်း ငယ်မျှသာ ရှိကုန်၏။ အဝသိဋ္ဌာနိ၊ ကုန်သော။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ တို့သည်။ ပရိက္ခီဏံ၊ သော။ ပရိယာဒိန္နံ၊ သော။ သံဘေဇ္ဇဥဒကံ ကို။ ဥပနိဓာယ၊ သော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ (အကြွင်း ပေးမြဲ။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပဌမမဟာပထဝီသုတ်

၁၁၂၅။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပုရိသော၊ သည်။ မဟာပထဝိယာ၊ မြေကြီး ပေါ်၌။ ကောလဋ္ဌိမတ္တိယော၊ ဆီးစေ့ ပမာဏရှိကုန်သော။ သတ္တ၊ ခုနစ်လုံးကုန်သော။ ဂုဠိကာ၊ အလုံးတို့ကို။ ဥပနိက္ခိပေယျ၊ အနီး၌ ချထားရာ၏။ (တံ ကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ဥပနိက္ခိတ္တာ၊ အနီး၌ ချထားအပ်ကုန်သော။ ကောလဋ္ဌိမတ္တိယော၊ ဆီးစေ့ ပမာဏရှိကုန်သော။ သတ္တ၊ ကုန်သော။ ဂုဠိကာ၊ အလုံးတို့သည်။ (သန္တိ၊ ရှိကုန်၏။) အယံ ဝါ မဟာပထဝီ၊ ဤမြေကြီး သည်လည်း။ (အတ္ထိ၊ ၏။ တေသု၊ ထိုမြေလုံးခုနစ်လုံးနှင့် မြေကြီးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ရား။ ယဒိဒံ မဟာပထဝီ၊ အကြင် မြေကြီးသည်။ (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤမြေကြီး သည်သာလျှင်။ ဗဟုတရံ၊ သာ၍ များပါ၏။ ဥပနိက္ခိတ္တာ၊ ကုန်သော။ ကောလဋ္ဌိမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဂုဠိကာ၊ အလုံးတို့သည်။ အပ္ပမတ္တိကာ၊ အနည်းငယ်မျှသာ ရှိကုန်၏။ ဥပနိက္ခိတ္တာ၊ ကုန်သော။ ကောလဋ္ဌိ-မတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဂုဠိကာ၊ တို့သည်။ မဟာပထဝိံ၊ မြေကြီးကို။

ဉပနိဓာယ၊ သော်။ သခ်မ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ (အကြွင်း ပေးမြဲ။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ဒုတိယမဟာပထဝီသုတ်

၁၁၂၆။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ မဟာပထဝီ၊ မြေကြီးသည်။ ကောလဋ္ဌိမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဂုဠိကာ၊ အလုံးတို့ကို။ ဌပေတွာ၊ ထား၍။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ခန်းခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ (တံ ကိ မညထ ဘိက္ခဝေ ပေးမြဲ။) ပရိက္ခီဏာ၊ ကုန်ပြီးသော။ ပရိယာဒိန္နာ၊ ခန်းပြီးသော။ ယာ ဝါ မဟာပထဝီ၊ အကြင် မြေကြီးသည်လည်း။ (ယာ ဝါ မဟာပထဝီ ပရိက္ခီဏာ ပရိယာဒိန္နာ ဟု ရှိသင့်၏။ မဟာပထဝိယာ၊ မြေကြီး၏။ ပရိက္ခီဏာ၊ ကုန်ပြီးသော။ ပရိယာဒိန္နာ၊ ခန်းပြီးသော။ ယံ ဝါ၊ အကြင်မြေသည်လည်း။ အတ္ထိ၊ ရှိ၏။ဟု ပေးပြီး, မြေကြီးနှင့် မြေ မနုဿသောဝ တေ သီသံ ကဲ့သို့ အစိတ်အပေါင်း ကြံက ဖြစ်နိုင်သော်လည်း ကျေ့ ကောက်သဖြင့် ပြင်လိုက်သည်။) (အတ္ထိ၊ ၏။)အဝသိဋ္ဌာ၊ ကြွင်း ကျန်ကုန်သော။ ကောလဋ္ဌိမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ယာ ဝါ ဂုဠိကာ၊ အကြင်အလုံးတို့သည်လည်း။ (သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုကုန်ပြီးသော မြေနှင့် ကျန်သော မြေလုံး ခုနစ်လုံးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ပရိက္ခီဏာ၊ သော။ ပရိယာဒိန္နာ၊ သော။ ယဒိဒံ မဟာပထဝီ၊ အကြင်မြေသည်။ (ဤ၌လည်း မဟာပထဝီ ယဒိဒံ ပရိက္ခီဏာ ပရိယာဒိန္နာ ဟု ရှိသင့်၏။) (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤမြေသည်သာလျှင်၊ ဗဟုတရံ၊ သာ၍ များပါ၏။ အဝသိဋ္ဌာ၊ ကုန်သော။ ကောလဋ္ဌိမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဂုဠိကာ၊ တို့သည်။ အပ္ပမတ္တကာ၊ အနည်းငယ်မျှသာ ရှိကုန်၏။ အဝသိဋ္ဌာ၊ ကုန်သော။ ကောလဋ္ဌိမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဂုဠိကာ၊ တို့သည်။ ပရိက္ခီဏာ၊ ကုန်ပြီးသော။ ပရိယာဒိန္နံ၊ ခန်းပြီးသော။ မဟာပထဝီ၊ မြေကြီးကို။ (ဤ၌လည်း မဟာပထဝိံ ဟု ရှိသင့်၏။) ဥပနိဓာယ၊ သော်။ သခ်မ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ (အကြွင်း ပေးမြဲ။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ပဌမမဟာသမုဒ္ဒသုတ်

၁၁၂၇။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပုရိသော၊ သည်။ မဟာသမုဒ္ဒတော၊ မဟာသမုဒြာမှ။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ နှစ်ပေါက် သုံးပေါက်သော ရေပေါက်တို့ကို။ ဥဒ္ဓရိတာနိ၊ ထုတ်ဆယ်အပ်ကုန်၏။ (တံ ကိ မညထ ဘိက္ခဝေ ပေးမြဲ။) ဥဗ္ဘတာနိ၊ ထုတ်ဆယ်အပ်ကုန်သော။ ယာနိ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ အကြင် နှစ်ပေါက် သုံးပေါက်သော ရေပေါက်တို့သည်။ (သန္တိ၊ ရှိကုန်၏။) မဟာသမုဒ္ဒေ၊ မဟာသမုဒြာ၌။ ယံ ဝါ ဥဒကံ၊ အကြင်ရေသည်လည်း။ (အတ္ထိ၊ ၏။ တေသု၊ ထိုရေနှစ်ပေါက် သုံးပေါက်နှင့် သမုဒြာ

ရှိ ရေတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ရား။ မဟာသမုဒ္ဒေ၊ ၌။ ယဒိဒံ ဥဒကံ၊ အကြင်ရေသည်။ (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤသမုဒ္ဒရာရှိ ရေသည်သာလျှင်။ ဗဟုတရံ၊ သာ၍များ၏။ ဥဗ္ဗတာနိ၊ ထုတ်ဆယ်အပ်ကုန်သော။ ဒွေ ဝါ တိဏိ ဝါ ဥဒကဖုသိတာနိ၊ နှစ်ပေါက် သုံးပေါက်သော ရေပေါက်တို့သည်။ အပ္ပမတ္တကာနိ၊ အနည်းငယ်သာ ရှိကုန်၏။ ဥဗ္ဗတာနိ၊ ကုန်သော။ ဒွေ ဝါ တိဏိ ဝါ ဥဒကဖုသိတာနိ၊ တို့သည်။ မဟာသမုဒ္ဒေ၊ ၌။ ဥဒကံ ကို။ ဥပနိဓာယ၊ သော်။ သင်္ချမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ (အကြွင်းပေးမြဲ။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဒုတိယ မဟာသမုဒ္ဒသုတ်

၁၁၂၈။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ဥဒကံ၊ ရေသည်။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ ၂-ပေါက်, ၃-ပေါက်သော ရေပေါက်တို့ကို။ ဌပေတွာ၊ ချန်ထား၍။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ခန်းခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ (တံကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ပရိက္ခီဏံ၊ ကုန်ပြီးသော။ ပရိယာဒိန္နံ၊ ခန်းပြီးသော။ မဟာသမုဒ္ဒေ၊ ၌။ ယံ ဝါ ဥဒကံ၊ အကြင်ရေသည်။ (အတ္ထိ၊ ၏။) အဝသိဋ္ဌာနိ၊ ကြွင်းကျန်ကုန်သော။ ယာနိ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ အကြင် ၂-ပေါက်, ၃-ပေါက်သော ရေပေါက်တို့သည်။ (သန္တိ၊ ကုန်၏။ တေသု၊ ထိုရေတို့တွင်။) ကတမံ၊ အဘယ်ရေသည်။ ဗဟုတရံ နု ခေါ၊ သာ၍များသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ပရိက္ခီဏာ၊ သော။ ပရိယာဒိန္နေ၊ သော။ မဟာသမုဒ္ဒေ၊ ၌။ ယဒိဒံ ဥဒကံ၊ အကြင်ရေသည်။ (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤရေသည်သာလျှင်။ ဗဟုတရံ၊ သာ၍များပါ၏။ အဝသိဋ္ဌာနိ၊ ကြွင်းကျန်ကုန်သော။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ ၂-ပေါက်, ၃-ပေါက်သော ရေပေါက်တို့သည်။ အပ္ပမတ္တကာနိ၊ အနည်းငယ်သာရှိကုန်၏။ အဝသိဋ္ဌာနိ၊ ကုန်သော။ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ တို့သည်။ ပရိက္ခီဏံ၊ သော။ ပရိယာဒိန္နံ၊ သော။ မဟာသမုဒ္ဒေ၊ ၌။ ဥဒကံ ကို။ ဥပနိဓာယ၊ သော်။ သင်္ခမ္ပိ၊ ရေတွက်အပ်သည်၏ အဖြစ်သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ ထောက်ဆအပ်သည်၏ အဖြစ်သို့လည်း။ န ဥပေန္တိ၊ ကုန်။ ကလဘာဂမ္ပိ၊ တစိတ်အဖို့သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ (အကြွင်းပေးမြဲ။)။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ပဌမပဗ္ဗတူပမသုတ်

၁၁၂၉။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ဟိမဝတော ပဗ္ဗတရာဇဿ၊ ဟိမဝန္တာတောင်မင်း၏။ သာသပမတ္တိယော၊ မုံညင်းစေ့မျှပမာဏရှိကုန်သော။ သတ္တ၊ ခုနစ်လုံးကုန်သော။ ပါသာဏသက္ခရာ၊ ကျောက်စရစ်ခဲတို့ကို။ ဥပနိက္ခိပေယျ၊ အနီး၌ချထားရာ၏။ (တံကိံ မညထ ဘိက္ခဝေ ပေးမြဲ။) ဥပနိက္ခိတ္တာ၊ အနီး၌ချထားအပ်ကုန်သော။ သာသပမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ယာ ဝါ ပါသာဏသက္ခရာ၊ အကြင်ကျောက်စရစ်ခဲတို့သည်လည်း။ (သန္တိ၊ ကုန်၏။) အယံ ဝါ ဟိမဝါ ပဗ္ဗတရာဇာ၊ အကြင်ဟိမဝန္တာတောင်မင်းသည်လည်း။ (အတ္ထိ၊ ၏။ တေသု၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ သည်။ ဗဟုတရံ နု ခေါ၊ နည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ယဒိဒံ ဟိမဝါ ပဗ္ဗတရာဇာ၊

အကြောင် ဟိမဝန္တာ တောင်မင်းသည်။ (အတ္တို၊ ၏။) တေဒေဝ၊ ဤ ဟိမဝန္တာ တောင်မင်းသည် သာလျှင်။ ဗဟုတရံ၊ သာ၍ များပါ၏။ ဥပနိက္ခိတ္တာ၊ ကုန်သော။ သာသပမတ္တိယော၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ အပ္ပမတ္တကာ၊ အနည်းငယ်သာရှိကုန်၏။ ဥပနိက္ခိတ္တာ၊ ကုန်သော။ သာသပမတ္တိယော၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ ဟိမဝန္တံ ပဗ္ဗတရာဇာနံ၊ ဟိမဝန္တာ တောင်မင်းကို။ ဥပနိဓာယ၊ ထောက်ဆသည်ရှိသော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဧဝမေဝ၊ ဤသို့ လျော့ကုန်၏။ (အကြောင်း ပေးမြဲ။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဒုတိယပဗ္ဗတူပမသုတ်

၁၁၃၀။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ဟိမဝါ ပဗ္ဗတရာဇာ၊ ဟိမဝန္တာတောင်မင်းသည်။ သာသပမတ္တိယော၊ မုံညင်းစေ့မျှ ပမာဏရှိကုန်သော။ သတ္တ၊ ခုနစ်လုံးကုန်သော။ ပါသာဏသက္ခရာ၊ ကျောက်စရစ်ခဲတို့ကို။ ဌပေတွာ၊ ချန်ထား၍။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ခန်းခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ (တံ ကိ° မညထ ဘိက္ခဝေ ပေးမြဲ။) ပရိက္ခီဏော၊ ကုန်ပြီးသော။ ပရိယာဒိန္နော၊ ခန်းပြီးသော။ ယော ဝါ ဟိမဝါ ပဗ္ဗတရာဇာ၊ အကြောင် ဟိမဝန္တာတောင်မင်းသည်။ (အတ္တို၊ ၏။) အဝသိဋ္ဌာ၊ ကုန်သော။ သာသပမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ယာ ဝါ ပါသာဏသက္ခရာ၊ အကြောင် ကျောက်စရစ်ခဲတို့သည်လည်း။ (သန္တိ၊ ရှိကုန်၏။ တေသု၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ သာ၍ များသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ရား။ ပရိက္ခီဏော၊ သော။ ပရိယာဒိန္နော၊ သော။ ယဒိဒံ ဟိမဝါ ပဗ္ဗတရာဇာ၊ အကြောင် ဟိမဝန္တာတောင်မင်းသည်။ (အတ္တို၊ ၏။) တေဒေဝ၊ ဤ ဟိမဝန္တာ တောင်မင်းသည်သာလျှင်။ ဗဟုတရံ၊ သာ၍များပါ၏။ အဝသိဋ္ဌာ၊ ကုန်သော။ သာသပမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ အပ္ပမတ္တကာ၊ အနည်းငယ်မျှသာရှိကုန်၏။ အဝသိဋ္ဌာ၊ ကုန်သော။ သာသပမတ္တိယော၊ ကုန်သော။ သတ္တ၊ ကုန်သော။ ပါသာဏသက္ခရာ၊ တို့သည်။ ပရိက္ခီဏံ၊ သော။ ပရိယာဒိန္နံ၊ သော။ ဟိမဝန္တံ ပဗ္ဗတရာဇာနံ၊ ဟိမဝန္တာတောင်မင်းကို[1]။ ဥပနိဓာယ၊ သော်။ သင်္ခမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ မရောက်ကုန်။ ဥပနိဓမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ကလဘာဂမ္ပိ၊ သို့လည်း။ န ဥပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ လျော့ကုန်၏။ (ဧဝမေဝ ခေါ စသည်ကိုလည်း ဤဝဂ် အစ နခသိခသုတ် ရှုလေ။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

## ဆဋ္ဌော၊ ခြောက်ဝဂ်မြောက်ဖြစ်သော။ အဘိသမယဝဂ္ဂေါ၊ အဘိသမယဝဂ်တည်း။

---

၁။ ကတမံ နု ခေါ ဗဟုတရံ ယော ဝါ ဟိမဝါ ပဗ္ဗတရာဇာ ပရိက္ခီဏော ပရိယာဒိန္နော-ဟုရင်း၊ ဧတဒေဝ ဘန္တေ ဗဟုတရံ ဟိမဝါ ပဗ္ဗတရာဇာ ယဒိဒံ ပရိက္ခီဏော ပရိယာဒိန္နော-ဟုရင်း၊

ဟိမဝန္တံ ပဗ္ဗတရာဇာနံ ပရိက္ခီဏံ ပရိယာဒိန္နံ ဥပနိဓာယ ဟုရင်း ရှိသင့်၏။ / သို့သော် နိဒါနဝဂ္ဂသံယုတ် အဘိသမယသံယုတ်အဋ္ဌကထာ ဤပါဠိတော်အတိုင်း ရှိပြီး, မြင်းမိုရ်တောင်နှင့် ပရိက္ခီဏအရ မြေကို "မနုဿာနေဿဝ တေ ဘိသံ"ကဲ့သို့ အစိတ်အပေါင်း,ကြံ၏။ ဒုတိယမဟာပဏ္ဏာသဋ္ဌကထာလည်း ဤနည်း မှာခဲ့၏။ ဤအဘိသမယဝဂ် တဝဂ်လုံးသည် နိဒါနဝဂ္ဂသံယုတ် အဘိသမယသံယုတ် နှာ-၃၅၂-ဝသည်နှင့် တူ၏။

တသ်၊ ထိုအဘိသမယဝင်၏။ ဥဒ္ဒါန်၊ ဥဒ္ဒါန်းကား—

နခသိခါ၊ နခသိခသုတ်ငှင်း။ ပေါက္ခရဏီ၊ ပေါက္ခရဏီသုတ်ငှင်း။ အပရေ၊ တပါးကုန်သော။ ဒုဝေ သံဘေဇ္ဇာ၊ ပဌမသံဘေဇ္ဇသုတ်, ဒုတိယသံဘေဇ္ဇသုတ် ၂-သုတ်တို့ငှင်း။ ဒွေ ပထဝီ၊ ပဌမပထဝီသုတ်, ဒုတိယပထဝီသုတ် ၂-သုတ်တို့ငှင်း။ ဒွေ သမုဒ္ဒါ၊ ပဌမသမုဒ္ဒသုတ်, ဒုတိယသမုဒ္ဒသုတ် ၂-သုတ်တို့ငှင်း။ ဒွေ ဣမာ စ ပဗ္ဗတူပမာ၊ ပဌမပဗ္ဗတူပမသုတ်, ဒုတိယပဗ္ဗတူပမသုတ် ၂-သုတ်တို့ငှင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၇-ပဌမအာမကဓညပေယျာလဝဂ်

### ၁-အညတြသုတ်

၁၁၃၁။ အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိတ္တံ၊ အနည်းငယ်သော။ ပံသုံ၊ မြေမှုန့်ကို။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပေတွာ၊ တင်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုငါဘုရားမေးမည့်စကားကို။ ကိံ မညထ၊ အဘယ်သို့ မှတ်ကာ ဖြေကြမည်နည်း။ မယာ၊ ငါဘုရားသည်။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပိတော၊ တင်ထားအပ်သော။ ပရိတ္တော၊ အနည်းငယ်သော။ ယော ဝါ အယံ ပံသု၊ အကြင်မြေမှုန့်သည်လည်း။ (အတ္ထိ၊ ရှိ၏။) အယံ ဝါ မဟာပထဝီ၊ ဤမြေကြီးသည်လည်း။ (အတ္ထိ၊ ၏။ တေသု၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ယဒိဒံ မဟာပထဝီ၊ အကြင်မြေကြီးသည်။ (အတ္ထိ၊ ၏။) ဧတဒေဝ၊ ဤမြေကြီးသည်သာလျှင်။ ဗဟုတရံ၊ သာ၍များပါ၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပိတော၊ တင်ထားအပ်သော။ ပရိတ္တော၊ အနည်းငယ်သော။ အယံ ပံသု၊ ဤမြေမှုန့်သည်။ အပ္ပမတ္တကော၊ မပြောလောက်ဖွယ် အနည်းငယ်မျှသာ ရှိပါ၏။ ဘဂဝတာ၊ သည်။ နခသိခါယံ၊ ၌။ အာရောပိတော၊ သော။ ပရိတ္တော၊ သော။ ပံသု၊ မြေမှုန့်သည်။ မဟာပထဝိံ၊ မြေကြီးကို။ ဥပနိဓာယ၊ ထောက်ဆသည်ရှိသော်။ သင်္ချမ္ပိ၊ ရေတွက်အပ်သည်၏ အဖြစ်သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဥပနိဓမ္ပိ၊ ထောက်ဆအပ်သည်၏အဖြစ်သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ကလဘာဂမ္ပိ၊ တစိတ်အဖို့သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ၊ အကြင်သတ္တဝါတို့သည်။ မနုဿေသု၊ လူတို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ မပြောလောက်ဖွယ် အနည်းငယ်မျှသာ ရှိကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သတ္တဝါတို့သည်။ မနုဿေဟိ၊ လူတို့မှ။ အညတြ၊ တပါးသောအပါယ်တို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ တံ၊ ထိုလူ့ဘဝ အဖြစ်နည်း၍ အပါယ်၌ အဖြစ်များခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အဒိဋ္ဌတ္တာ၊ မမြင်အပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။ ကတမေသံ စတုန္နံ၊ အဘယ်လေးပါးတို့ကိုနည်း။ ဒုက္ခဿ အရိယသစ္စဿ၊ ဒုက္ခအရိယသစ္စာကိုငှင်း။ပ။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အရိယသစ္စဿ၊ မဂ္ဂအရိယသစ္စာကိုငှင်းတည်း။

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထိုကြောင့်။ (တုမှေဟိ၊ သင်တို့သည်။) ဣဓ၊ ဤသာသနာ၌။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားအပေါင်းသည်။ ဒုက္ခန္တိ၊ ဆင်းရဲအစစ် ဒုက္ခသစ္စာမည်၏"ဟု။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ပ။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသောမဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအစစ် မဂ္ဂသစ္စာမည်၏"ဟု။ ယောဂေါ၊ကို။ ကရဏီယော၊ အပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ပစ္စန္တသုတ်

၁၁၃၂။ (ဥပမာနဝါကျကို အထက်သုတ်အတိုင်း ပေး။ လာမည့်သုတ်တို့၌လည်း ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ၊ အကြင်သတ္တဝါတို့သည်။ မဇ္ဈိမေသု ဇနပဒေသု၊ မဇ္ဈိမတိုက် ဇနပုဒ်တို့၌။ (အဝိညာတာရေသု၊ သစ္စာ ၄-ပါးကို မသိနိုင်ကုန်သော။ မိလက္ခေသု၊ ကိလေသာ အညစ်အကြေးရှိသော မျက်စိရှိသူတို့၌။) ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပမတ္တကာ၊ အနည်းငယ်မျှသာရှိကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သတ္တဝါတို့သည်။ ပစ္စန္တိမေသု ဇနပဒေသု၊ အစွန်အဖျား ဇနပုဒ်တို့၌။ အဝိညာတာရေသု၊ သစ္စာ ၄-ပါးကို မသိနိုင်ကုန်သော။ မိလက္ခေသု၊ ကိလေသာအညစ်အကြေးရှိသော မျက်စိရှိသူတို့၌။ ပစ္စာဇာယန္တိ၊ ကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ သာ၍ များကုန်၏။ (တံ ကိဿ ဟေတု-စသည် ပေးမြဲ။ လာမည့်သုတ်တို့၌လည်း တံ ကိဿ ဟေတု-စသည် ပေးမြဲ။ မမှာတော့ပေ။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ပညာသုတ်

၁၁၃၃။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ယေ ပန၊ အကြင်သတ္တဝါတို့သည်။ အရိယေန၊ စင်ကြယ်သော။ ပညာစက္ခုနာ၊ ဝိပဿနာပညာ, မဂ်ပညာမျက်စိနှင့်[၁]။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ တေ သတ္တာ၊ တို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင် သတ္တဝါတို့သည်။ အဝိဇ္ဇာဂတာ၊ အဝိဇ္ဇာသို့ရောက်ကုန်၏။ ဝါ၊ ရောက်အပ်သော အဝိဇ္ဇာ ရှိကုန်၏။ သမ္မူဠှာ၊ တွေဝေကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ပ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-သုရာမေရယသုတ်

၁၁၃၄။ ဘိက္ခဝေ၊ တို့။ ယေ၊ အကြင် သတ္တဝါတို့သည်။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ၊ မူးယစ်ခြင်း၏အကြောင်းဖြစ်သော သေရည်,သေရက်, မေ့ကြောင်းဖြစ်သော အရက်အပေါင်းမှ။ ပဋိဝိရတာ၊ ရှောင်ကြဉ်ကုန်၏။ တေ သတ္တာ၊ တို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်

---

၁။ အရိယေန ပညာစက္ခုနာအရ ဝိပဿနာပညာမျက်စိကိုအစပြု၍ လောကီလောကုတ် ဉာဏ်စက္ခုကိုယူ။ ဋ္ဌ။ အရိယေန၌ လောကီပညာမျက်စိရရန် အရိယ-သဒ္ဒါ ဝိသုဒ္ဓ အနက်ဟောကြ၏။ ဋီ။

သော်ကား။ ယေ၊ တို့သည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မှ။ အပ္ပဋိဝိရတာ၊ မရှောင်ကြဉ်ကုန်။ ဧတေဝ သတ္တာ၊ တို့သည်သာလျှင်။ ဗဟုတရာ၊ ကုန်၏။ပ။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဩဒကသုတ်

၁၁၃၅။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ သာလျှင်။ ယေ၊ တို့သည်။ ထလဇာ၊ ကုန်း၌ဖြစ်ကုန်၏။ တေ သတ္တာ၊ တို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ ကား။ ယေ၊ တို့သည်။ ဥဒကဇာ၊ ရေ၌ဖြစ်ကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ ကုန်၏။ပ။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-မတ္တေယျသုတ်

၁၁၃၆။ (ဤသုတ်မှစ၍ ထူးရာမျှကိုသာ ပေးပေအံ့။ ရှေးသုတ်များအတိုင်း အကျယ်ချဲ့၍ သိမှန်လေ။) မတ္တေယျာ၊ အမိ၏ အစီးအပွါးကို ဆောင်သူတို့ဖြစ်ကုန်၏။ ဝါ၊ အမိ၌ ကောင်းစွာ ကျင့်ကုန်၏[၁]။

အမတ္တေယျာ၊ အမိ၏ အစီးအပွါးကို ဆောင်သူတို့မဟုတ်ကုန်။ ဝါ၊ အမိ၌ ကောင်းစွာမကျင့်ကုန်။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ပေတ္တေယျသုတ်

၁၁၃၇။ ပေတ္တေယျာ၊ အဖ၏အစီးအပွါးကိုဆောင်ကုန်၏။ ဝါ၊ အဖ၌ကောင်းစွာ ကျင့်ကုန်၏။ အပေတ္တေယျာ၊ အဖ၏ အစီးအပွါးကိုဆောင်သူတို့ မဟုတ်ကုန်။ ဝါ၊ အဖ၌ ကောင်းစွာမကျင့်ကုန်။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-သာမညသုတ်

၁၁၃၈။ သာမညာ၊ ရဟန်းတို့၏ အစီးအပွါးကို ဆောင်ကုန်၏။ ဝါ၊ ရဟန်းတို့၌ ကောင်းစွာ ကျင့်ကုန်၏[၂]။ အသာမညာ၊ ရဟန်းတို့၏ အစီးအပွါးကို ဆောင်သူတို့ မဟုတ်ကုန်။ ဝါ၊ ရဟန်းတို့၌ ကောင်းစွာမကျင့်ကုန်။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

---

၁။ မာတု ဟိတာ မတ္တေယျာ။ (မာတု+ဏေယျ။ ဏေယျပစ္စည်း ဟိတ အနက်ဟော။) မာတု၊ အမိ၏။ ဟိတာ၊ အစီးအပွါးကိုဆောင်သူတို့တည်း။ မတ္တေယျာ၊ အမိ၏အစီးအပွါးကိုဆောင်သူတို့။ အမိ၌ ကောင်းမွန်စွာ ကျင့်သူများကို ကောက်။ ပေတ္တေယျာ (ပိတု ဟိတာ)၌လည်း ဤနည်း။ နံ မတ္တေယျာ အမတ္တေယျာ-ဟု တွဲ။ အပေတ္တေယျာ၌လည်း ဤနည်းတွဲ။ ဋ။

၂။ သာမဏာနံ ဟိတာ သာမညာ။ (သမဏ+ဏျ။) ဗြဟ္မညာ၌လည်း ဤနည်းပြု။ ဋ။

## ၉-မြဟ္မညသုတ်

၁၁၃၉။ မြဟ္မညာ၊ ပုဏ္ဏားတို့၏ အစီးအပွါးကို ဆောင်ကုန်၏။ ဝါ၊ ပုဏ္ဏားတို့၌ ကောင်းစွာ ကျင့်ကုန်၏။ ဤ၌ (သာသနုဗြာဟ္မဏကို ယူ။)

အမြဟ္မညာ၊ ပုဏ္ဏားတို့၏ အစီးအပွါးကို ဆောင်သူတို့ မဟုတ်ကုန်။ ဝါ၊ ပုဏ္ဏားတို့၌ ကောင်းစွာ မကျင့်ကုန်။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ပစာယိကသုတ်

၁၁၄၀။ ကုလေ၊ အမျိုး၌။ ဇေဋ္ဌာပစာယိနော၊ ကြီးသူတို့ကို အရိုအသေ ပြုလေ့ရှိကုန်၏ [၁]။

ကုလေ၊ အမျိုး၌။ အဇေဋ္ဌာပစာယိနော၊ ကြီးသူတို့ကို အရိုအသေပြုသူတို့ မဟုတ်ကုန်။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

သတ္တမော၊ ခုနစ်ဝဂ်မြောက်ဖြစ်သော။ ပဌမ အာမကစေညပေယျာလဝဂ္ဂေါ၊ ပဌမအာမကစေညပေယျာလဝဂ်တည်း။

တဿ၊ ထိုဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

အညတြ၊ အညတြသုတ်ငှင်း။ ပစ္စန္တံ၊ ပစ္စန္တသုတ်ငှင်း။ ပညာ၊ ပညာသုတ်ငှင်း။ သုရာမေရယ ဩဒကာ၊ သုရာမေရယသုတ်, ဩဒကသုတ်တို့ငှင်း။ မတ္တေယျပေတ္တေယျာ စာပိ၊ မတ္တေယျသုတ်, ပေတ္တေယျသုတ်တို့ငှင်း။ သာမညံ၊ သာမညသုတ်ငှင်း။ မြဟ္မပစာယိကံ၊ မြဟ္မညသုတ်, ပစာယိကသုတ်ငှင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ဂ-ဒုတိယအာမကစေညပေယျာလဝဂ်

## ၁-ပါဏာတိပါတသုတ်

၁၁၄၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ၊ အကြင်သတ္တဝါတို့သည်။ ပါဏာတိပါတာ၊ သတ္တဝါတို့၏အသက်ကို လျင်စွာချ(သတ်)ခြင်းမှ။ ပဋိဝိရတာ၊ ရှောင်ကြဉ် ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သတ္တဝါတို့သည်။ ပါဏာတိပါတာ၊ သတ္တဝါတို့၏အသက်ကို လျင်စွာချ(သတ်) ခြင်းမှ။ အပ္ပဋိဝိရတာ၊ မရှောင်ကြဉ်ကုန်။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ပ။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

---

၁။ အမျိုးထဲက ကြီးသူတို့ကို ရိုသေခြင်းဟူသည် ဘကြီး ဘထွေး မိကြီး မိထွေး အကို အမ စသူတို့ကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း စသည်ပင်။

## ၂-အဒိန္နာဒါနသုတ်

၁၁၄၂။ (ဤသုတ်မှစ၍ ထူးရာကိုသာပေးအံ့။ အကျယ်ချဲ့၍ သမ္ဗန်ပါ။) အဒိန္နာဒါနာ၊ သူတပါးမပေးအပ်(သိမ်းဆည်းထားအပ်)သော ဥစ္စာကို ခိုးယူခြင်းမှ။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ကာမေသုမိစ္ဆာစာရသုတ်

၁၁၄၃။ ကာမေသုမိစ္ဆာစာရာ၊ ကာမတို့၌ ယုတ်မာစွာ ကျင့်ခြင်းမှ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-မုသာဝါဒသုတ်

၁၁၄၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပေသုညသုတ်

၁၁၄၅။ ပိသုဏာယ ဝါစာယ၊ ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ဖရုသဝါစာသုတ်

၁၁၄၆။ ဖရုသာယ ဝါစာယ၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-သမ္ဖပ္ပလာပသုတ်

၁၁၄၇။ သမ္ဖပ္ပလာပါ၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ဗီဇဂါမသုတ်

၁၁၄၈။ ဗီဇဂါမဘူတဂါမသမာရမ္ဘာ၊ မျိုးစေ့အပေါင်း, အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဝိကာလဘောဇနသုတ်

၁၁၄၉။ ဝိကာလဘောဇနာ၊ နေလွဲသောအခါ စားခြင်းမှ။ (နေလယ်မွန်းတည့်သော အခါမှစ၍ နံနက် အရုဏ်မတက်မီအတွင်း ယာဝကာလိကဘောဇဉ်ကို စားခြင်းမှ။ ဟူလို)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဂန္ဓဝိလေပနသုတ်

၁၁၅၀။ မာလာဂန္ဓဝိလေပနဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနာ၊ (မွေ့လျော်ခြင်း၏ အကြောင်း ဖြစ်သော စေတနာဖြင့်) ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အပြေအပြစ် ပြုခြင်းမှ။ (မာလာဓာရဏ, ဂန္ဓမဏ္ဍန, ဝိလေပနဝိဘူသန အစဉ်လိုက်တွဲ၍ သမွန်သည်။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

အဋ္ဌမော၊ ရှစ်ဝဂ်မြောက်ဖြစ်သော။ ဒုတိယအာမကဓညပေယျာလဝဂ္ဂေါ၊ ဒုတိယအာမကဓညပေယျာလဝဂ်တည်း။

တဿ၊ ထိုဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ပါဏံ၊ ပါဏာတိပါတသုတ်ငှင်း။ အဒိန္နံ၊ အဒိန္နာဒါနသုတ်ငှင်း။ ကာမေသု၊ ကာမေ- သုမိစ္ဆာစာရသုတ်ငှင်း။ မုသာဝါဒဥ္စ၊ မုသာဝါဒသုတ်ငှင်း။ ပေသုညံ၊ ပေသုညသုတ်ငှင်း။ ဖရုသံ၊ ဖရုသသုတ်ငှင်း။ သမ္ဖပ္ပလာပံ၊ သမ္ဖပ္ပလာပသုတ်ငှင်း။ ဗီဇဥ္စ၊ ဗီဇဂါမသုတ်ငှင်း။ ဝိကာလံ၊ ဝိကာလဘောဇနသုတ်ငှင်း။ ဂန္ဓံ၊ ဂန္ဓဝိလေပနသုတ်ငှင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၉-တတိယအာမကဓညပေယျာလဝဂ်

## ၁-နစ္စဂီတသုတ်

၁၁၅၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ယေ၊ အကြင်သတ္တဝါတို့သည်။ နစ္စဂီတဝါ- ဒိတဝိသူကဒဿနာ၊ ကခြင်း, ကစေခြင်း, သီခြင်း, သီစေခြင်း, တီးမှုတ်ခြင်း, တီးမှုတ်စေခြင်း, သာသနာတော်၏ ဆူးငြောင့်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ။ (ဒဿနဖြင့် သဝနကို လည်းယူ။)[၁] ပဋိဝိရတာ၊ ရှောင်ကြဉ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်း ကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သတ္တဝါတို့သည်။ နစ္စဂီတဝါဒိတဝိသူက- ဒဿနာ၊ မှ။ အပ္ပဋိဝိရတာ၊ မရှောင်ကြဉ်ကုန်။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ပ။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဥစ္စာသယနသုတ်

၁၁၅၂။ (ဤသုတ်မှစ၍ ထူးရာကိုသာ ပေးအံ့၊ ချဲ၍သမွန်။) ဥစ္စာသယနမဟာသယနာ၊ မြင့်သောအိပ်ရာနေရာ, မြတ်သောအိပ်ရာနေရာတို့၌ အိပ်ခြင်းနေခြင်းမှ။ (သယနဖြင့် အာသနကို လည်းယူ။ ဥစ္စာ=ဥစ္စ အနက်တူ။ ဋီ။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

---

၁။ သာသနာ၏ဆူးငြောင့်သဖွယ်မဟုတ်သော သီချင်းသံကို တရံတခါ၌ နားထောင်ကောင်း၏။ "ဓမ္မူပသံ- ဟိတံ ဂီတံ ဝဋ္ဋတိ၊ ဂီတူပသံဟိတော ဓမ္မော န ဝဋ္ဋတိ" ခုဒ္ဒကပါဌ-ဋ္ဌ-၂၆။

### ၃-ဇာတရူပရဇတသုတ်

၁၁၅၃။ ဇာတရူပရဇတပဋိဂ္ဂဟဏာ၊ ရွှေငွေကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်း, ကိုင်တွယ်ခြင်းမှ။ (ဤအနက်များ အဓိပ္ပါယ် ဋ္ဌ-ဋီ-ရှု။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

### ၄-အာမကဓညသုတ်

၁၁၅၄။ အာမကဓည ပဋိဂ္ဂဟဏာ၊ စပါးစိမ်း(၇)မျိုးကို ခံယူခြင်း,ခံယူစေခြင်း,သာယာခြင်း, ကိုင်တွယ်ခြင်းမှ[၁]။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

### ၅-အာမကမံသသုတ်

၁၁၅၅။ အာမကမံသ ပဋိဂ္ဂဟဏာ၊ အသားစိမ်း ငါးစိမ်းတို့ကိုခံယူခြင်း, ခံယူစေခြင်း, သာယာခြင်းမှ။ (ကိုင်ရုံကား ကိုင်ကောင်း၏။ ဋ္ဌ။ ငါးဆိတ်သော အဆိုင်ါးမျိုးကို ခံယူကောင်း၏။ ဋီ။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

### ၆-ကုမာရိကသုတ်

၁၁၅၆။ ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ၊ မိန်းမအို, မိန်းမပျိုတို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်း, ကိုင်တွယ်ခြင်းမှ။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

### ၇-ဒါသိဒါသသုတ်

၁၁၅၇။ ဒါသိဒါသပဋိဂ္ဂဟဏာ၊ ကျွန်မ ကျွန်ယောက်ျားတို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်း, ကိုင်တွယ်ခြင်းမှ။ (ကျွန်သဘောဖြင့်သာ မခံယူရ၊ "ကပ္ပိယကာရကကို လှူပါသည်, အာရာမ်စောင့်ကို လှူပါသည်"ဆို၍ လှူက ခံယူရ၏။ ဋ္ဌ။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

### ၈-အဇေဠကသုတ်

၁၁၅၈။ အဇေဠကပဋိဂ္ဂဟဏာ၊ ဆိတ် သိုးတို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်း, ကိုင်တွယ်ခြင်းမှ။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

---

၁။ စပါးစိမ်း (၇) မျိုး။ ၁-သလေး (ကောက်ကြီး)၊ ၂-ကောက်လတ် (ကောက်ကြမ်း)၊ ၃-လူး၊ ၄-နတ်ကောက် (ဂျုံ)၊ ၅-ပြောင်း၊ ၆-မုယော(ဗာလီ)၊ ၇-ဆပ်၊ ဤစပါးခုနစ်မျိုးတည်း။

## ၉-ကုက္ကုဋသူကရသုတ်

၁၁၅၉။ ကုက္ကုဋသူကရာ၊ ကြက် ဝက်တို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်း, ကိုင်တွယ်ခြင်းမှ။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဟတ္ထိဂဝဿသုတ်

၁၁၆၀။ ဟတ္ထိဂဝဿဝဠဝပဋိဂ္ဂဟဏာ၊ ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်း, ကိုင်တွယ်ခြင်းမှ။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

နဝမော၊ ကိုးဝဂ်မြောက်ဖြစ်သော။ တတိယ အာမကဓညပေယျာလဝဂ္ဂေါ၊
တတိယ အာမကဓညပေယျာလဝဂ်တည်း။

တဿ၊ ထိုဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

နစ္စံ၊ နစ္စဂီတသုတ်ဝင်း။ သယနံ၊ ဥစ္စာသယနသုတ်ဝင်း။ ရဇတံ၊ ဇာတရူပရဇတသုတ်ဝင်း။ ဓညံ၊ အာမကဓညသုတ်ဝင်း။ မံသံ၊ အာမကမံသသုတ်ဝင်း။ ကုမာရိကာ၊ ကုမာရိကသုတ်ဝင်း။ ဒါသီ၊ ဒါသိဒါသသုတ်ဝင်း။ အဇေဠကဥ္စ၊ အဇေဠကသုတ်ဝင်း။ ကုက္ကုဋသူကရဟတ္ထိ၊ ကုက္ကုဋသူကရသုတ်, ဟတ္ထိဂဝဿသုတ်တို့ဝင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၁၀-စတုတ္ထအာမကဓညပေယျာလဝဂ်

## ၁-ခေတ္တဝတ္ထုသုတ်

၁၁၆၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ၊ အကြင် သတ္တဝါတို့သည်။ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ လယ်, ယာတို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်းမှ[၁]။ ပဋိဝိရတာ၊ ရှောင်ကြဉ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သတ္တဝါတို့သည်။ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ လယ်, ယာတို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်းမှ။ အပ္ပဋိဝိရတာ၊ မရှောင်ကြဉ်ကုန်။ တေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ ပ။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

---

၁။ "အဇေဋ္ဌက အစ ခေတ္တဝတ္ထုအဆုံးရှိသော အရာတို့၌ ကပ္ပိယ, အကပ္ပိယ အဆုံးအဖြတ်ကို ဝိနည်းဆိုင်ရာ၌" ဟု အဋ္ဌကထာ၌ မှာ၏။ "ရေတွင်း ရေကန် စသည်တို့ကို ခံယူခြင်း, ခံယူစေခြင်း, သာယာခြင်းတို့ကိုလည်း ခေတ္တဝတ္ထုပဋိဂ္ဂဟဏသဒ္ဒါဖြင့် ယူ" ဟု ဋီ-၌ ပြသည်။

## ၂-ကာယဝိက္ကယသုတ်

၁၁၆၂။ (ဤသုတ်မှစ၍ ထူးရာကိုသာ ရေးအံ့၊ ချဲ့ထွင်၍ ပေးလေ။) ကာယဝိက္ကယာ၊ ဝယ်မှု ရောင်းမှုမှ။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ဒူတေယျသုတ်

၁၁၆၃။ ဒူတေယျပဟိနဂမနာနုယောဂါ၊ တမန်မှု, အစေအပါးခံ၍ သွားလာမှုတို့ကို အားထုတ်ခြင်းမှ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-တုလာကူဋသုတ်

၁၁၆၄။ တုလာကူဋကံသကူဋမာနကူဋာ၊ ချိန်စဉ်းလဲ, ခွက်စဉ်းလဲ, ချင့်စဉ်းလဲခြင်းမှ။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဥက္ကောဋနသုတ်

၁၁၆၅။ ဥက္ကောဋန ဝဉ္စန နိကတိ သာစိယောဂါ၊ တံစိုးယူခြင်း ဟူသော ကောက်ကျစ်ခြင်း, လှည့်ပတ်ခြင်းဟူသော ကောက်ကျစ်ခြင်း, လိမ်လည်ခြင်း ဟူသော ကောက်ကျစ်ခြင်းမှ။ (သာစိယောဂေါတိ ကုဋိလယောဂေါ။ ဋ္ဌ။ ဥက္ကောဋနသာစိယောဂ, ဝဉ္စနသာစိယောဂ, နိကတိသာစိယောဂ ဟု အသီးသီးတွဲ။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-၁၁-ဆေဒနာဒိသုတ်

၁၁၆၆-၁၁၇၁။ ဆေဒန ဝဓ ဗန္ဓန ဝိပရာမောသ အာလောပ သဟသာကာရာ၊ ဖြတ်ခြင်း, ညှဉ်းဆဲခြင်း(ဝဓ=ဟိံသနတ္ထ။ ဋီ။), နှောင်ဖွဲ့ခြင်း, (ခရီးသွားတို့ကို)လုယက်ခြင်း, (ရွာ, နိဂုံးတို့ကို)တိုက်ဖျက်ခြင်း, (နိုင်ထက်စီးနင်းပြုခြင်း)ဓားပြတိုက်ခြင်းမှ[၁]။ (ဝိပရာမောသ၌ ဝိ+ပရိ+အာ+မုသဓာတ်+ဏ ပစ္စည်း၊ မုသဓာတ် ထေယျတ္ထ ကြံ။ အကြွင်းပေးမြဲ။)

ကောဒသမံ၊ တဆယ့်တခုမြောက်သောသုတ်တည်း။

ဧသမော၊ ဆယ်ဝဂ်မြောက်ဖြစ်သော။ စတုတ္ထအာမကဓညပေယျာလဝဂ္ဂေါ၊

စတုတ္ထအာမကဓညပေယျာလဝဂ်တည်း။

---

၁။ ဤသုတ်၌ ဆေဒန တသုတ်, ဝဓ တသုတ်, ဗန္ဓန တသုတ်, ဝိပရာမောသ တသုတ်, အာလောပ တသုတ်, သဟသာကာရ တသုတ်ဟု ၆-သုတ်ခွဲ၍ ပြထားသည်။

တဿ၊ ထိုဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ခေတ္တံ၊ ခေတ္တူပမသုတ်ရင်း။ ကယံ၊ ကယဝိက္ကယသုတ်ရင်း။ ဒူတေယျဉ္စ၊ ဒူတေယျသုတ်ရင်း။ တုလာကူဋံ၊ တုလာကူဋသုတ်ရင်း။ ဥက္ကောဋနံ၊ ဥက္ကောဋနသုတ်ရင်း။ ဆေဒနံ၊ ဆေဒနသုတ်ရင်း။ ဝဓဗန္ဓနံ၊ ဝဓသုတ်, ဗန္ဓနသုတ်ရင်း။ ဝိပရာလောပံ၊ ဝိပရာမောသသုတ်, အာလောပသုတ်ရင်း။ သာဟသံ၊ သဟသာကာရသုတ်ရင်းတည်း။ ဣတိ၊ ဤသည်တည်း။

---

## ၁၁-ပဉ္စဂတိပေယျာလဝဂ်

### ၁-မနုဿစုတိနိရယသုတ်

၁၁၇၂။ အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိတ္တံ၊ အနည်းငယ်သော။ ပံသုံ၊ မြေမှုန့်ကို။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပေတွာ၊ တင်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုငါဘုရားမိန့်မည့်စကားကို။ ကိံ မညထ၊ အဘယ်သို့ မှတ်ထင်ကာ ဖြေဆိုကြမည်နည်း။ မယာ၊ ငါဘုရားသည်။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပိတော၊ တင်ထားအပ်သော။ ပရိတ္တော၊ အနည်းငယ်သော။ ယော ဝါ အယံ ပံသု၊ အကြင်မြေမှုန့်သည်လည်း။ (အတ္ထိ၊ ရှိ၏။) အယံ ဝါ မဟာပထဝီ၊ ဤမြေကြီးသည်လည်း။ (အတ္ထိ၊ ၏။ တေသု၊ ထို ၂-မျိုးတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ယဒိဒံ မဟာပထဝီ၊ အကြင်မြေကြီးသည်။ (အတ္ထိ၊ ရှိ၏။) ဧတဒေဝ၊ ဤမြေကြီးသည်သာလျှင်။ ဗဟုတရံ၊ သာ၍ များပါ၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နခသိခါယံ၊ လက်သည်းထိပ်ပေါ်၌။ အာရောပိတော၊ တင်ထားအပ်သော။ ပရိတ္တော၊ အနည်းငယ်သော။ အယံ ပံသု၊ ဤမြေမှုန့်သည်။ အပ္ပမတ္တကော၊ အနည်းငယ်မျှသာရှိ၏။ ဘဂဝတာ၊ သည်။ နခသိခါယံ၊ ၌။ အာရောပိတော၊ သော။ ပရိတ္တော၊ သော။ ပံသု၊ မြေမှုန့်သည်။ မဟာပထဝိံ၊ မြေကြီးကို။ ဥပနိဓာယ၊ ထောက်ဆသည်ရှိသော်။ သင်္ခံပိ၊ ရေတွက်အပ်သည်၏အဖြစ်သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဥပနိဓံပိ၊ ထောက်ဆအပ်သည်၏အဖြစ်သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ကလဘာဂမ္ပိ၊ တစိတ်အဖို့သို့လည်း။ န ဥပေတိ၊ မရောက်ပါ။ ဣတိ၊ ဤသို့ လျှောက်ထားကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ မနုဿာ၊ လူဖြစ်ကုန်သော။ ယေ၊ အကြင်သတ္တဝါတို့သည်။ စုတာ၊ စုတေကုန်သည်ရှိသော်။ မနုဿေသု၊ လူတို့၌။ ပစ္စာဇာယန္တိ၊ တဖန်ဖြစ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ မနုဿာ၊ လူဖြစ်ကုန်သော။ ယေ၊ အကြင်သတ္တဝါတို့သည်။ စုတာ၊ စုတေကုန်သည်ရှိသော်။ နိရယေ၊ ငရဲ၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ (တံ၊ ထိုသို့ လူဘဝမှ သေ၍ ငရဲ၌ဖြစ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း။) ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ၄-ပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အဒိဋ္ဌတ္တာ၊ မမြင်ကုန်သည်၏အဖြစ်ကြောင့်တည်း။ ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့ကိုနည်း။ ဒုက္ခဿ အရိယသစ္စဿ၊ ဒုက္ခအရိယသစ္စာကိုရင်း။ ဒုက္ခသမုဒယဿ အရိယသစ္စဿ၊ သမုဒယ အရိယသစ္စာကိုရင်း။ ဒုက္ခနိရောဓဿ အရိယသစ္စဿ၊ နိရောဓအရိယသစ္စာကိုရင်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အရိယသစ္စဿ၊ မဂ္ဂအရိယသစ္စာကိုရင်းတည်း။

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထိုကြောင့်။ (တုမှေဟိ၊ သင်တို့သည်။) ဣဓ၊ ဤသာသနာ၌။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားသည်။ ဒုက္ခန္တိ၊ ဆင်းရဲအစစ် ဒုက္ခသစ္စာမည်၏"ဟူ၍ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ "အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယောတိ၊ ဆင်းရဲဖြစ်ကြောင်းအစစ် သမုဒယသစ္စာမည်၏"ဟူ၍ ယောဂေါ၊ ကို။ ကရဏီယော၊ အပ်၏။ "အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ၊ ဆင်းရဲ ချုပ်ရာအစစ် နိရောဓသစ္စာမည်၏" ဟူ၍ ယောဂေါ၊ ကို။ ကရဏီယော၊ အပ်၏။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသော မဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဆင်းရဲ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်အစစ် မဂ္ဂသစ္စာမည်၏"ဟူ၍ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ မိန့်တော်မူ၏။)

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-မနုဿစုတိတိရစ္ဆာနသုတ်

၁၁၇၃။ (ဤသုတ်မှစ၍ ထူးရာကိုသာ ရေးအံ့၊ ချဲ့ထွင်၍ ပေးလေ။ နိရယေ၊ နေရာ၌ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်တို့၏အမျိုး၌။ ဟု ထည့်ရုံသာ ထူး၏။ နောက်သုတ်များ၌ ဤနည်းတူပင်။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-မနုဿစုတိပေတ္တိဝိသယသုတ်

၁၁၇၄။ ပေတ္တိဝိသယေ၊ ပြိတ္တာတို့၏နေရာ အရပ်၌။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-၅-၆-မနုဿစုတိဒေဝနိရယာဒိသုတ်

၁၁၇၅-၁၁၇၇။ (ဤသုံးသုတ်တို့၌ ဆိုခဲ့ပြီး သုံးသုတ် မနုဿာသုအရာ၌ ဒေဝေသု၊ နတ်တို့၌။ ဟု ထည့်ရုံသာ ထူး၏။ လူ့ဘဝမှ စုတေလျှင် နတ်တို့၌ အဖြစ်နည်း၍ ငရဲ,တိရစ္ဆာန်,ပြိတ္တာတို့၌ အဖြစ်များ၏။ ဟူလို။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-၉-ဒေဝစုတိနိရယာဒိသုတ်

၁၁၇၈-၁၁၈၀။ (ဤသုံးသုတ်တို့၌ မနုဿာ နေရာ၌ ဒေဝါ၊ နတ်ဖြစ်ကုန်သော။ ဟု ထည့်၍ မနုဿေသု နေရာ၌လည်း ဒေဝေသု၊ နတ်တို့၌။ ဟု ထည့်ရုံသာ ထူး၏။ နတ်ဘဝမှ စုတေလျှင် နတ်တို့၌ အဖြစ်နည်း၍ ငရဲ,တိရစ္ဆာန်,ပြိတ္တာတို့၌ အဖြစ်များ၏။ ဟူလို။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-၁၂-ဒေဝမနုဿနိရယသုတ်

၁၁၈၁-၁၁၈၃။ (ဤ ၃-သုတ်တို့၌ အနက်လွယ်၏။ နတ်ဘဝမှစုတေလျှင် လူ့ဘဝ၌ အဖြစ်နည်း၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၌ အဖြစ်များ၏။ ဟူလို။)

ဒွါဒသမံ၊ တဆယ့်နှစ်ခုမြောက်သောသုတ်တည်း။

## ၁၃-၁၅-နိရယမနုဿနိရယာဒိသုတ်

၁၁၈၄-၁၁၈၆။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ၊ အကြင် သတ္တဝါတို့သည်။ နိရယာ၊ ငရဲမှ။ စုတာ၊ စုတေကုန်သည်ရှိသော်။ မနုဿေသု၊ လူတို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင် သတ္တဝါတို့သည်။ နိရယာ၊ ငရဲမှ။ စုတာ၊ စုတေကုန်သည်ရှိသော်။ နိရယေ၊ ငရဲ၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ (တိရစ္ဆာန်, ပြိတ္တာ တို့၌လည်း ဤနည်းပေးလေ။)

ပန္နရသမံ၊ တဆယ့်ငါးခုမြောက်သောသုတ်တည်း။

## ၁၆-၁၈-နိရယဒေဝနိရယာဒိသုတ်

၁၁၈၇-၁၁၈၉။ (ဤသုံးသုတ်၌ ဒေဝေသု ပုဒ်သာ ထူး၏။ ငရဲဘဝမှ စုတေလျှင် နတ်ဘဝ၌ အဖြစ်နည်း၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၌သာ အဖြစ်များ၏။ ဟူလို။)

အဋ္ဌာရသမံ၊ တဆယ့်ရှစ်ခုမြောက်သောသုတ်တည်း။

## ၁၉-၂၁-တိရစ္ဆာနမနုဿနိရယာဒိသုတ်

၁၁၉၀-၁၁၉၂။ (ဤ သုံးသုတ်၌ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်မျိုးမှ။ ဤမျှသာ ထူး၏။ တိရစ္ဆာန်ဘဝမှ စုတေလျှင် လူ့ဘဝ၌ အဖြစ်နည်း၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၌သာ အဖြစ်များ၏။ ဟူလို။)

ဧကဝီသတိမံ၊ နှစ်ဆယ့်တခုမြောက်သောသုတ်တည်း။

## ၂၂-၂၄-တိရစ္ဆာနဒေဝနိရယာဒိသုတ်

၁၁၉၃-၁၁၉၅။ (ဤသုံးသုတ်၌လည်း ဒေဝေသုသာ ထူး၏။ တိရစ္ဆာန်ဘဝမှ စုတေလျှင် နတ်ဘဝ၌ အဖြစ်နည်း၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၌ အဖြစ်များ၏။ ဟူလို။)

စတုဝီသတိမံ၊ နှစ်ဆယ့်လေးခုမြောက်သောသုတ်တည်း။

## ၂၅-၂၇-ပေတ္တိမနုဿနိရယာဒိသုတ်

၁၁၉၆-၁၁၉၈။ (ဤသုံးသုတ်၌ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏ နေရာအရပ်မှ။ ဤမျှသာ ထူး၏။ ပြိတ္တာဘဝမှ စုတေလျှင် လူ့ဘဝ၌ အဖြစ်နည်း၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၌သာ အဖြစ်များ၏။ ဟူလို။)

သတ္တဝီသတိမံ၊ နှစ်ဆယ့်ခုနစ်ခုမြောက်သောသုတ်တည်း။

## ၂၈-၂၉- ပေတ္တိဒေဝနိရယာဒိသုတ်

၁၁၉၉-၁၂၀၀။ (ဤနှစ်သုတ်တို့၌ အထူးမရှိ။ အထက်သုတ်များကိုမှီး၍ ပေးလေ။ ပြိတ္တာဘဝမှ စုတေလျှင် နတ်ဘဝ၌ အဖြစ်နည်း၍ ငရဲ, တိရစ္ဆာန်တို့၌သာ အဖြစ်များ၏။ ဟူလို။)

ဧကူနတိံသတိမံ၊ နှစ်ဆယ့်ကိုးခုမြောက်သောသုတ်တည်း။

## ၃၀-ပေတ္တိဒေဝပေတ္တိဝိသယသုတ်

၁၂၀၁။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ၊ အကြင်သတ္တဝါတို့သည်။ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏နေရာအရပ်မှ။ စုတာ၊ စုတေကုန်သည်ရှိသော်။ ဒေဝေသု၊ နတ်တို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ တေ-သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သတ္တဝါတို့သည်။ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏နေရာအရပ်မှ။ စုတာ၊ စုတေကုန်သည်ရှိသော်။ ပေတ္တိဝိသယေ၊ ၌။ ပစ္စာဇာယန္တိ၊ ဖြစ်ကုန်၏။ ဧတေဝ သတ္တာ၊ ဤသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ တံ၊ ထိုသို့ ပြိတ္တာဘဝမှစုတေ၍ ပြိတ္တာ၌ဖြစ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ ၄-ပါးကုန်သော။ အရိယ-သစ္စာနံ၊ အရိယသစ္စာတို့ကို။ အဒိဋ္ဌတ္တာ၊ မမြင်အပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။ ကတမေသံ စတုန္နံ၊ အဘယ် ၄-ပါးတို့ကိုနည်း။ ဒုက္ခဿ အရိယသစ္စဿ၊ ဒုက္ခအရိယသစ္စာကိုင်း။ ဒုက္ခသမုဒယဿ အရိယသစ္စဿ၊ သမုဒယအရိယသစ္စာကိုင်း။ ဒုက္ခနိရောဓဿ အရိယသစ္စဿ၊ နိရောဓအရိယသစ္စာ-ကိုင်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အရိယသစ္စဿ၊ မဂ္ဂအရိယသစ္စာကိုင်းတည်း။

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထိုကြောင့်၊ (တုမှေဟိ၊ သင်တို့သည်။) ဣဓ၊ ဤသာသနာ၌။ "ဣဒံ၊ ဤလောဘမှတပါးသော လောကီတရားအပေါင်းသည်။ ဒုက္ခန္တိ၊ ဆင်းရဲအစစ် ဒုက္ခသစ္စာမည်၏"ဟု။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ "အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယောတိ၊ ဆင်းရဲဖြစ်ကြောင်းအစစ် သမုဒယသစ္စာမည်၏"ဟု။ ယောဂေါ၊ ကို။ ကရဏီယော၊ ၏။ "အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ၊ ဆင်းရဲချုပ်ရာအစစ် နိရောဓသစ္စာမည်၏"ဟု။ ယောဂေါ၊ ကို။ ကရဏီယော၊ ၏။ "အယံ၊ ဤအင်္ဂါရှစ်ပါးရှိသော မဂ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း အကျင့်အစစ် မဂ္ဂသစ္စာမည်၏"ဟု။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤတရားစကားတော်ကို။ အဝေါစ၊ ဟောတော်မူပြီ။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တမနာ၊ ပီတိသုခတို့သည် ယူအပ်သောစိတ်ရှိကုန်သည်ဖြစ်၍။ ဝါ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားစကားတော်ကို။ အဘိနန္ဒုံ၊ ဦးဖြင့်ခံယူကုန်ပြီ။ (သိရသာ သမ္ပဋိစ္ဆိံသု။ ဋ္ဌ။) ဣတိ၊ ဤသို့။ (သုတ်၊ ကြားဘူးပါ၏။)

တိံသတိမံ၊ သုံးဆယ်မြောက်သောသုတ်တည်း။

### ကောဒသမော၊ တဆယ့်တဝဂ်မြောက်ဖြစ်သော။

### ပဉ္စဂတိပေယျာလဝဂ္ဂေါ၊ ပဉ္စဂတိပေယျာလဝဂ်တည်း။

တဿ၊ ထိုဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

မနုဿတော၊ လူ့ဘဝမှ။စုတာ၊ စုတေကုန်သော။ ဆဲ့ပီ၊ မြောက်သုတ်တို့ငှင်း။ ဒေဝါ၊ နတ်ဘဝမှ။ စုတာ၊ ကုန်သော။ ဆ၊ မြောက်သုတ်တို့ငှင်း။ နိရယတော၊ ငရဲမှ။ စုတာ၊ ကုန်သော။ ဆ၊ မြောက်သုတ်တို့ငှင်း။ တိရစ္ဆာနပေတ္တိဝိသယာ၊ တိရစ္ဆာန်, ပြိတ္တာဘဝမှ။

ဇုတာ၊ ကုန်သော။ ဆ၊ ခြောက်သုတ်စီတို့ရင်းတည်း။ တိံ သမတ္တော၊ သုတ်သုံးဆယ်အရေအတွက်ပမာဏရှိသော။ ဂတိဝဂ္ဂေါ၊ ပဉ္စဂတိပေယျာလဝဂ်တည်း။ ဣတိ၊ စကားတရပ်အပြီးသတ်သတည်း။

## ဒွါဒသမံ၊ တဆယ့်နှစ်ခုမြောက်ဖြစ်သော။ သစ္စသံယုတ္တံ၊ သစ္စသံယုတ်တည်း။

ပဉ္စမော၊ ငါးခုမြောက်ဖြစ်သော။ မဟာဝဂ္ဂေါ၊ မဟာဝဂ်တည်း။

တဿ၊ ထိုမဟာဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

မဂ္ဂဗောဇ္ဈင်္ဂံ၊ မဂ္ဂသံယုတ်, ဗောဇ္ဈင်္ဂသံယုတ်ရင်း။ သတိယာ၊သတိပဋ္ဌာနသံယုတ်ရင်း။ ဣန္ဒြိယံ၊ ဣန္ဒြိယသံယုတ်ရင်း။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာနသံယုတ်ရင်း။ ဗလိဒ္ဓိပါဒါနုရုဒ္ဓါ၊ ဗလသံယုတ်, ဣဒ္ဓိပါဒသံယုတ်, အနုရုဒ္ဓသံယုတ်တို့ရင်း။ ဈာနာနာပါနသံယုတံ၊ ဈာနသံယုတ်, အာနာပါနသံယုတ်ရင်း။ သောတာပတ္တိ သစ္စဉ္စ၊ သောတာပတ္တိသံယုတ်, သစ္စသံယုတ်ရင်း။ ဣတိ၊ ဤဆယ့်နှစ်သံယုတ်အပေါင်းကို။ မဟာဝဂ္ဂေါတိ၊ မဟာဝဂ္ဂသံယုတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ အလုံးစုံပြီးသတည်း။

## မဟာဝဂ္ဂသံယုတ္တပါဠိ၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။